


B.I.N.A
မမကြီးစာပေ

# ရန်သူနှင့်စကားပြောခြင်း

မင်ဒဲလား

ဂါမဏီ ဘာသာပြန်ဆိုသည်။



# မင်ဒဲလား

# ရန်သူနှင့် စကားပြောခြင်း

ဂါမဏိ ဘာသာပြန်ဆိုသည်။

■ မူရင်းစာအုပ်အမည် ■
Long Walk to Freedom

■ မူရင်းစာရေးသူ ■
Nelson Mandela

■ ဘာသာပြန် ■
ဂါမဏိ

■ ပုံနှိပ်ခြင်း ■
ပထမအကြိမ်

■ အုပ်ရေ ■
၅၀၀

■ ပုံနှိပ်ရက်စွဲ ■
၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ

■ မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းအပြင်အဆင် ■
အောင်ထက်

■ ကွန်ပျူတာစာစီ ■
စောဒီထူး၊ အောင်ထက်

■ ထုတ်ဝေ/ဖြန့်ချိ ■
မမကြီးစာပေ
( မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ )
P.O. Box 91
Mae Sot, Tak
61130
Thailand

■ တန်ဖိုး ■
ဘတ် ၁၀၀

# မာတိကာ


- ထုတ်ဝေသူ၏ စေတနာ — စာမျက်နှာ ၄
- ဖဒိုမန်းရှာလဖန်း၏ အမှာစာ — စာမျက်နှာ ၅
- ဒေါ်စန်းစန်း၏ အမှာစာ — စာမျက်နှာ ၇
- ဘာသာပြန်သူ့စကား — စာမျက်နှာ ၉


ရန်သူနှင့် စကားပြောခြင်း
- အပိုင်း ၁၀၊ ရန်သူနှင့်စကားပြောခြင်း — စာမျက်နှာ ၁၀
- အပိုင်း ၁၁။ လွတ်လပ်ရေး — စာမျက်နှာ ၇၆

- တောင်အာဖရိကမြေပုံ — စာမျက်နှာ ၁၅
- ဓာတ်ပုံများ — စာမျက်နှာ ၁၅ – ၁၆
  စာမျက်နှာ ၃၉ – ၄၅
  စာမျက်နှာ ၇၉ – ၈၆
  စာမျက်နှာ ၁၁၇ – ၁၂၄
  စာမျက်နှာ ၁၆၉

# “ထုတ်ဝေသူ၏ စေတနာ”

မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီ (BINA) မမကြီးစာပေ၏ ပထမဆုံးပွဲဦးထွက်ခြေလှမ်းအဖြစ် ဆရာဂါမဏိဘာသာပြန်ဆိုသည့် “ရန်သူနှင့်စကားပြောခြင်း” စာအုပ်ကို ထုတ်ဝေခွင့်ရသည်မှာ သမိုင်းရေးရာလိုအပ်ချက်တရပ်ကို တထောင့်တနေရာမှ အုတ်တချပ်၊ သဲတပွင့်အဖြစ် ဖြည့်စွက်ခွင့်ရသည်ဟု ယူဆလျက် များစွာဂုဏ်ယူဝမ်းမြောက်ခြင်းဖြစ်ရသည်။

မိတ်ဆွေများနှင့် စကားပြောသည်ဖြစ်စေ၊ ရန်သူနှင့်စကားပြောသည်ဖြစ်စေ အဓိကရည်ရွယ်ချက်မှာ ယနေ့ကာလ ပြည်သူလူထု၏ မျှော်မှန်းချက်များကို ဖြည့်စွက်နိုင်ရေး ဖြစ်သည်။ ဤစာအုပ်သည် ယင်းရည်ရွယ်ချက်အောင်မြင်စေရေးအတွက် လိုအပ်နေသော ရပ်တည်ချက်၊ အတွေးအမြင်နှင့် နည်းနာတို့ကို ဖော်ထုတ်၍ မြန်မာပြည်လက်တွေ့နှင့် ကိုက်ညီစေရေးအတွက် ကြီးမားစွာ အထောက်အကူပြုသည်ဟု ယုံကြည်ပါသည်။



သန်းထွန်း

ဥက္ကဋ္ဌ

( မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီ )

၁၉ ဩဂုတ်လ၊ ၂၀၀၅။

# အမှာစာ

မင်ဒဲလား၏ "ရန်သူနှင့် စကားပြောခြင်း" ဘာသာပြန်စာအုပ်လေးအတွက် အမှာစာရေးပေးရန် ကိုသန်းထွင့် အကူအညီတောင်းလာသည့်အခါ ကျနော်အနေနှင့် ဝမ်းသာစွာဖြင့် လက်ခံခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤစာအုပ်ငယ်လေးသည် မျက်မှောက် မြန်မာပြည်၏ ပြဿနာကို ကိုင်တွယ်ဖြေရှင်းရာတွင် တနည်းမဟုတ် တနည်းနည်းနှင့် အထောက်အကူ ဖြစ်စေနိုင်မည်ဟု ယုံကြည်သောကြောင့်ဖြစ်သည်။

ANC ခေါင်းဆောင် မင်းဒဲလားနောက်ဆုံးအကြိမ် အကျဉ်းကျခံခဲ့ရသည့် (၁၉၆၂) ခုနှစ် ကာလသည် ထိုကာလ၏ စကားအရ အရှေ့လေ၏ တိုက်ခတ်မှုပြင်းထန်နေသော ကာလဖြစ်သည်။ ဖက်ဆစ်ဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးတိုက်ပွဲများ ပြင်းထန်နေခဲ့သည်။ ထိုတိုက်ပွဲ သူရဲကောင်းများ၏ အဖြစ်အပျက်ပုံရိပ်များသည် ထိုခေတ် လူငယ်နိုင်ငံရေးသမားများအပေါ် ရိုက်ခတ်မှု ကြီးမားခဲ့ပါသည်။

ဒီမီထရော့၏ "နိုင်ငံရေးအစီရင်ခံစာ"၊ ဖူးချစ်၏ "ကြိုးစင်ပေါ်ကမှတ်တမ်း"၊ နေရူး၏ "သမီးထံပေးစာ"၊ ကတ်စထရို၏ "တရားရုံး လျှောက်လဲချက်" များကို လူငယ်နိုင်ငံရေးသမားများ များစွာ စိတ်ဝင်စား လေ့လာခဲ့ကြသည်။ တချိန်တည်းတွင် တောင်အာဖရိကမှ အသား အရောင်ခွဲခြားဆန့်ကျင်ရေး တိုက်ပွဲသူရဲကောင်းကြီး မင်ဒဲလားအပေါ် တကမ္ဘာလုံးက အာရုံရောက်ခဲ့ကြသည်။

မင်ဒဲလားသည် (၆၂) ခုနှစ်၊ အသက် (၄၄) နှစ်အရွယ်တွင် အကျဉ်းကျခံရပြီး၊ အသက် (၇၁) နှစ်တွင် အကျဉ်းထောင်မှ ပြန်လွတ်လာခဲ့သည်။ အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာခြင်းသည် ရှောင်တခင်ကိစ္စမဟုတ်ချေ။ မင်ဒဲလားကိုယ်တိုင်၏ ကြံ့ခိုင်သော စိတ်ဓာတ်၊ ကြံ့ခိုင်သော နိုင်ငံရေးရပ်တည်ချက်၊ မိမိမူအပေါ် အလံမလှဲသည့် ရပ်တည် ကြိုးပမ်းမှု၊ ANC ၏ လက်နက်ကိုင်တိုက်ပွဲ၊ တောင်အာဖရိလူမည်းလူထု၏ စည်းရုံးတိုက်ပွဲ ဝင်မှု၊ အနောက်နိုင်ငံ၏ဖိအားပေးမှု စသည်အကြောင်းအချက်များသည် အရေးပါသော နေရာတွင် ရှိခဲ့သည်။ တောင်အာဖရိကတွင် မင်ဒဲလား လွတ်မြောက်လာခြင်း တွေ့ဆုံဆွေး နွေးရေးအဖြစ် ပေါ်လာခြင်းသည် လူဖြူအစိုးရ၏ အမျှော်အမြင်ရှိမှုမှ အစပြုခဲ့ခြင်း မဟုတ်ချေ။ ပြည်တွင်းပြည်ပ ပြင်းထန်သော ဖိအားကြောင့် ဖြစ်သည်။ ANC ၏ မလျှော့သော ဇွဲသတ္တိနှင့် တိုက်ပွဲများ၊ ပြည်သူလူထု၏ မလျှော့သောဇွဲသတ္တိနှင့် တိုက်ပွဲများသည် ဒီကလပ် လူဖြူ အစိုးရကို စားပွဲပေါ်သို့ တွန်းပို့ခဲ့ရာက အနှစ်သာရရှိသည့် တွေ့ဆုံဆွေးနွေးပွဲများ ဖြစ်ပေါ်ခဲ့ရာမှ နိုင်ငံရေးအပြောင်းအလဲများကို လူထု၏ဆန္ဒနှင့်အညီ လုပ်ဆောင်နိုင်ခဲ့ကြသည်။

မင်ဒဲလားနှင့် ANC ၏ ကြိုးပမ်းမှု၊ ရပ်တည်မှုကိုကြည့်လျှင် မင်ဒဲလားက လက်နက် ကိုင်တော်လှန်ရေးသည် အကြမ်းဖက်မှုမဟုတ်ကြောင်း၊ အကြမ်းဖက်မှုသည် အာဏာရှင်

အစိုးရတို့၏ အမူအကျင့်သာဖြစ်ကြောင်း ရှင်းလင်းညွှန်ပြခဲ့သည်။ ၁၉၉၀ ခုနှစ်၊ ဖေဖော်ဝါရီ (၂) ရက်နေ့တွင် လူဖြူအစိုးရ သမတဒီကလပ်က ပါလီမန်အစည်းအဝေးတွင် ANC, PAC, SAC အပါအဝင် မတရားသင်းကြေညာထားသည့်အဖွဲ့ (၃၁) ဖွဲ့အပေါ် မတရားပိတ်ပင်မှုများကို ရုပ်သိမ်းခြင်း၊ နိုင်ငံရေးအကျဉ်းသားများအား ထောင်များမှလွှတ်ပေးခြင်း၊ သေဒဏ်ပေးမှုများကို ဆိုင်းထားခြင်း၊ မတရားအမိန့်အာဏာများကို ရုပ်သိမ်းခြင်း ပြုလုပ်ကြောင်း ကြေညာခဲ့သည်။ တောင်အာဖရိကပြဿနာကို ဆွေးနွေးဖြေရှင်းရန် အချိန်ရောက်ပြီဟုလည်း အတိအလင်းကြေညာခဲ့သည်။ ဤသည်မှာ တောင်အာဖရိကတွင် အပြုသဘောဆောင်သည့် အလှည့်အပြောင်းသို့ ဆိုက်ရောက်ခြင်းဖြစ်သည်။ (၇) ရက်အကြာ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင်မှ ဒီကလပ်ကိုယ်တိုင် မင်ဒဲလားနှင့် တွေ့ဆုံနှုတ်ဆက်ပြီးနောက် နောက်တရက်တွင် မင်ဒဲလားကို အကျဉ်းထောင်မှ ပြန်လွှတ်မည်ဖြစ်ကြောင်း ပြောကြားလိုက်ရာက မင်ဒဲလားလွတ်မြောက်လာပြီး အပြုသဘောဆောင်သည့် နိုင်ငံရေးဆွေးနွေးပွဲများ တဆင့်ပြီးတဆင့် ဖြစ်ပေါ်လာပြီး နောက်ဆုံးအနေဖြင့် တောင်အာဖရိကနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲကို ဖြစ်ပေါ်စေခဲ့လေသည်။

မင်ဒဲလားထောင်မှ လွတ်မြောက်လာစဉ် သူ၏အသက်မှာ (၇၁) နှစ် ရှိပြီးဖြစ်သည်။ ထောင်မှလွတ်မြောက်လာပြီးနောက်တွင် သူ၏ ပထမဆုံးသောမိန့်ခွန်း (၁၉၉၀ ဖေဖော်ဝါရီ ၁၁ရက်) တွင် "ခင်ဗျားတို့ရဲ့မလျှော့တမ်း စွန့်လွှတ်မှုတွေနဲ့ သူရဲကောင်းပီသ အနစ်နာခံမှုတွေက ကျနော့်ကို ဒီနေရာ ရောက်လာစေတာဖြစ်တယ်။ ဒါကြောင့်မို့ ကျနော့် ဘဝတသက်တာရဲ့ ကြွင်းကျန်နေသေးတဲ့ နှစ်ကာလတွေကို ခင်ဗျားတို့လက်ထဲအပ်ပါတယ်"ဟု ပြောကြားခဲ့သော စကားများသည် တောင်အာဖရိကပြည်သူများကိုသာမက ကမ္ဘာ့ပြည်သူများကိုလည်း ကြီးစွာရိုက်ခတ်စေခဲ့သည်။

ယခုအခါ မြန်မာပြည်ရှိ လူမျိုးပေါင်းစုံများ၏ အာဏာရှင်ကြီးစိုးမှု ဖျက်သိမ်းပစ်ရေး၊ လူမျိုးကြီးဝါဒကြီးစိုးမှု ဖျက်သိမ်းရေးတိုက်ပွဲကြီးသည် အလွန်အရေးကြီးသည့်အပိုင်းသို့ ဆိုက်ရောက်လာပြီးဖြစ်သည်။ ဤအခြေအနေတွင် မင်းဒဲလားကိုလည်းကောင်း၊ ANC နှင့် အခြားတော်လှန်ရေးအဖွဲ့အစည်းများကိုလည်းကောင်း၊ အာဖရိကပြည်သူများကိုလည်းကောင်း၊ လေ့လာအတုယူသင့်သည့် အချက်များစွာရှိပါသည်။ တဖက်မှာလည်း နအဖစစ်အာဏာရှင်များအနေဖြင့် ဂုဏ်သိက္ခာရှိသည့်ထွက်လမ်းကို ရွေးချယ်မည်ဆိုပါက ဒီကလပ်အစိုးရ၏ ရဲရင့်သော အပြုသဘောခြေလှမ်းများကို လေ့လာအတုယူရန်လိုမည်ဖြစ်သည်။ ထို့ကြောင့် ဤဘာသာပြန်စာအုပ်လေးသည် ကောင်းကျိုးပြုလိုသူများအတွက် တနည်းမဟုတ် တနည်းနည်းနှင့် အထောက်အကူပြုစေနိုင်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

မန်းရှာလားဖန်း (၁၉၊ ၃၊ ၂၀၀၅)
(ကေအဲန်ယူအထွေထွေအတွင်းရေးမှူး)

## အမှာစာ

မင်ဒဲလားကို ကျမစိတ်အဝင်စားဆုံးအချက်က ထောင်ထဲမှာ (၂၇) နှစ် နေနိုင်တဲ့ အချက်ပဲ။ ကျမ ထောင်ထဲမှာ (၄) နှစ်ခန့်နေခဲ့တုန်းက တနေ့တနေ့ကို ရှည်ရှည်လျားလျား ဖြတ်ကျော်ခဲ့တယ်။ ပညာမရ၊ စာမရေးနိုင်၊ စာမဖတ်နိုင်ဘဲ အခန်းကျဉ်းလေးထဲမှာ အလဟဿအချိန်ဖြုန်းခဲ့ရတယ်။ အချိန်တွေကို ရက်တွေလတွေက စားစားပြီး ဖြုန်းပစ်နေရတယ်။ ပြန်မရတဲ့အချိန်တွေ တနေ့လွတ်မှာပဲဆိုတဲ့ မျှော်မှန်းချက်က ကျမတို့ကို ခွန်အားတွေပေးခဲ့တယ်။ အသက်ရှင်စေခဲ့တယ်။

မင်ဒဲလားက ဒီလိုအချိန်တွေကို စာရေးတယ်။ စာဖတ်နိုင်တယ်။ အချင်းချင်းဆွေးနွေးနိုင်တယ်။ အသားအရောင်ခွဲခြားမှုကြောင့် ဖြစ်ပေါ်လာရတဲ့အကျိုးဆက်တွေပပျောက်ဖို့ လွတ်လပ်ငြိမ်းချမ်းတဲ့ လူမည်းကမ္ဘာတည်ဆောက်ဖို့ ဘယ်လိုကြိုးပမ်းရမယ်ဆိုတဲ့ အတွေးကွန်ယက်ကို ဖြန့်ကျက်နိုင်တဲ့အခွင့်အရေးကို သူရရှိခဲ့တာက ကျမတို့ထက်သာတယ်။

ထောင်ဝါဒါတွေနဲ့သူ့ဆက်ဆံရေးမှာလည်း သူဟာ နိုင်ငံရေးခေါင်းဆောင်အဖြစ်လေးလေးစားစားဆက်ဆံခံခဲ့ရတယ်။

အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေး လှုပ်ရှားမှုခေါင်းဆောင်ဖြစ်တဲ့ မင်ဒဲလားနှင့်ထောင်အုပ်ချုပ်သူများအား လေးစားစွာဆက်ဆံခံရသူဖြစ်တယ်။ သူထောင်အတွင်းအကျဉ်းကျစဉ်က ရေးသားခဲ့တဲ့စာများကိုလည်း နောင်တချိန်မှာ ဝါဒါတွေက ပြန်ပေးတဲ့အတွက် သူ့ရဲ့မျှော်လင့်ချက်ကို ကိုယ်စားပြုတဲ့၊ အသားအရောင်ခွဲခြားတတ်တဲ့ အာဏာရှင်တွေရဲ့ ဖိနှိပ်မှုကို မှတ်တမ်းတင်စေတဲ့၊ သူရဲ့စာများကို ကျမတို့ ဖတ်ရှုလေ့လာခွင့်ရကြပါတယ်။

သူရဲ့ရန်သူတော်တွေ၊ သူ့ကိုအကျဉ်းကျစေတဲ့ အာဏာပိုင်တွေအပေါ် သူဟာမေတ္တာမပျက်ဘူး။ သူရဲ့စိတ်ရှည်မှု၊ ခံနိုင်ရည်ရှိမှု၊ ခေါင်းဆောင်ပီသတဲ့ အရည်အချင်းရှိမှုတွေက အာဏာပိုင်တွေရဲ့သဘောထားကို ပြောင်းစေနိုင်တယ်။ သူ့ရဲ့ ထောင်သက်တမ်းမှာ တနေရာက တနေရာကို ပြောင်းရွှေ့ပေးတဲ့နေရာမှာ အကောင်းဘက်ကိုရွေးပေးတယ်။ နောက်ဆုံးမှာ သူ့ရဲ့တောင်းဆိုချက်အတိုင်း အာဏာပိုင်တွေက လိုက်လျောကြတယ်။ သမတဘိုသာနဲ့လည်း တွေ့ခွင့်ရတယ်။ သူဟာ သူနဲ့တွေ့မယ့် အတိုက်အခံရဲ့အကြောင်းကိုလေ့လာပြီးမှ ပေါ့ပေါ့ပါးပါးယဉ်ကျေးမှုအကြောင်း၊ ဖတ်ခဲ့ရတဲ့စာအုပ်အကြောင်းတွေဆွေးနွေးပြီး တင်းမားမှုလျော့ပါးချိန်ကြမှ သူလိုချင်တဲ့ နိုင်ငံရေးသမားတွေခြွင်းချက်မရှိလွှတ်ပေးဖို့ ပြောခဲ့တယ်။ မလိုက်လျောနိုင်ပေမဲ့ တဦးနှင့်တဦး လေးစားကြတယ်လို့ ယူဆရမယ်။

မင်ဒဲလားရဲ့ အကြမ်းမဖက်ရေး၊ စေ့စပ်ဆွေးနွေးပြီး ငြိမ်းချမ်းစွာအဖြေရှာဖို့

ဆိုတဲ့ သူ့ရဲ့ ရပ်တည်ချက်မှုဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့မှုအတိုင်းဖြစ်ပြီး ဒီ အကြမ်းမဖက်မှုကြောင့် နိုင်ငံတကာက အလေးထားကူညီမယ်လို့ဆိုတယ်။

နောက်ဆုံးစေ့စပ်ဆွေးနွေးဖို့ ကမ်းလှမ်းလာတာ အောင်မြင်မှုကို ရရှိခဲ့တယ်။ ဒီနေရာ စေ့စပ်ဆွေးနွေးရေးစားပွဲဝိုင်းကို ရောက်အောင်ကြိုးပမ်းမှုတွေ တဖြေးဖြေးနဲ့ အထွဋ်အထိပ်ပိုင်း ရောက်လာပုံတွေဟာ ဒီမင်ဒဲလားရဲ့ “လွတ်လပ်ရေးသို့ခရီးရှည်” စာအုပ်ရဲ့ ဆွဲဆောင်မှုအရှိဆုံးအပိုင်းတွေပါဘဲ။

ဆွေးနွေးပွဲရဲ့တဖက်လူတွေကလည်း ဆွေးနွေးညှိနှိုင်းမှုအပေါ်မှာ ယုံကြည်ချက်ရှိနေလာပေမယ့်လည်း နအဖရဲ့မသိကျိုးကျွံမှုဝါဒ မကောင်းကျိုးကို အများကြီးဖော်ညွှန်းနေပါတယ်။

၁၉၉၃ ခုနှစ် မင်ဒဲလားဟာ ငြိမ်းချမ်းရေးနိုဗယ်ဆုကို သူ့ရဲ့ဆွေးနွေးပွဲတဖက်က ပုဂ္ဂိုလ်ဖြစ်တဲ့ မစ္စတာဒီကလပ်နဲ့အတူ တွဲရခဲ့ပါတယ်။ မတူကွဲပြားတဲ့ (၂) ဦး ငြိမ်းချမ်းစွာ အတူယှဉ်တွဲပြီးရခဲ့တဲ့ ဒီဆုကိုယူရင်း သူက မစ္စတာဒီကလပ်ကို “အသားအရောင်ခွဲခြားရေး စနစ်ကို ချမှတ်ခြင်းအားဖြင့် တိုင်းပြည်နဲ့ပြည်သူလူထုအပေါ် ဆိုးဆိုးဝါးဝါး အမှားကြီး ကျူးလွန်ခဲ့မိပြီဆိုတာကို ဝန်ခံဖို့ သူဟာ သတ္တိရှိခဲ့တယ်။ ပြည်သူတွေအားလုံးဟာ စေ့စပ်ဆွေးနွေးမှုတွေကတဆင့် တန်းတူဆွေးနွေးဖက်တွေအဖြစ်နဲ့ မိမိတို့အနာဂတ်ကို မိမိတို့ ဘယ်လိုလုပ်ချင်သလဲဆိုတာ အတူတကွ ဆုံးဖြတ်ပြဌာန်းရေးကို နားလည်သဘောပေါက်တဲ့ အမြော်အမြင်သူ့မှာရှိတယ်” လို့ ချီးကျူးဂုဏ်ပြုခဲ့တယ်။

မစ္စတာမင်ဒဲလားက “ရန်သူနဲ့ ငြိမ်းချမ်းရေးလုပ်ဖို့အတွက် အဲဒီရန်သူနဲ့ အတူအလုပ်လုပ်ရမည်။ အဲဒီရန်သူဟာ ကိုယ့်အဖော်ဖြစ်လာစေမည်” လို့ ထောက်ပြခဲ့တယ်။

ဒါဟာ မြန်မာနိုင်ငံက လူထုအပေါ်မှာ ငြိမ်းချမ်းစေချင်တဲ့၊ သာယာဝပြောစေချင်တဲ့စေတနာသာ နအဖမှာရှိခဲ့ရင်၊ နအဖနဲ့အလုပ်အတူတွဲလုပ်ဖို့၊ ဒီမိုကရေစီဘက်တော်သားတွေကို လုံခြုံမှုပေးမယ့်အဖော် မလွဲမသွေဖြစ်လာရမှာပါလို့ စဉ်းစားမိရင်း ဒီမိုကရေစီရမယ့် အရိပ်အရောင်လေး ပေါ်ထွန်းလာပါစေလို့ ဆုတောင်းပြီး ဒီစာအုပ်ကို အထပ်ထပ်အခါခါဖတ်ပါ။ သူများကို ငှားရင် ပြန်ပေးမှာမဟုတ်လို့ တအုပ်လောက်လက်ဆောင်ပေးလိုက်ပါလို့ တိုက်တွန်းပါတယ်။

ဒေါ်စန်းစန်း

( ဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

# ■ ဘာသာပြန်သူ့စကား ■

နယ်လ်ဆင်မင်ဒဲလားဟာ ၁၉၆၂ ခု၊ ဩဂုတ်လ (၅) ရက်နေ့မှာ တောင်အာဖရိကလူဖြူအစိုးရရဲ့ တတိယအကြိမ်မြောက် ဖမ်းဆီးမှုကို ခံရပါတယ်။ ဒါဟာ သူ့ဘဝမှာ နောက်ဆုံးအကြိမ် အဖမ်းခံရတာလည်းဖြစ်တယ်။ ဒီတခါ အဖမ်းခံရတဲ့အခါ ထောင်ဒဏ်တသက် ပြစ်ဒဏ်ချမှတ်ခံရပြီး အဲဒီကစလို့ ကာလတိုအချိန်ပိုင်းတချို့ကလွဲရင် ရော်ဘင်ကျွန်း အကျဉ်းစခန်းမှာပဲ အကျဉ်းကျခံခဲ့ရတယ်။ ၁၉၈၂ ခု၊ မတ်လ (၃၁) ရက်မှာတော့ တခြား နိုင်ငံရေးအကျဉ်းသားသုံးဦးနဲ့အတူ ရော်ဘင်ကျွန်းအကျဉ်းစခန်းကနေ ပြည်မမှာရှိတဲ့ ပိုးလ်စမိုးအကျဉ်းထောင်ကို ပြောင်းရွှေ့ခဲ့ရတယ်။

မင်ဒဲလားရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ အပိုင်း (၁၀) ဟာ ပိုးလ်စမိုး အကျဉ်းထောင်ကို စရောက်တာကနေ စတင်ထားတယ်။ ဒီဆောင်းပါးမှာ မင်ဒဲလားကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ "လွတ်လပ်ရေးသို့ ခရီးရှည်" စာအုပ် (LONG WALK TO FREEDOM) ရဲ့ နောက်ဆုံးနှစ်ခန်းဖြစ်တဲ့ အပိုင်း (၁၀) "ရန်သူနဲ့ စကားပြောခြင်း" နဲ့ အပိုင်း (၁၁) "လွတ်လပ်ရေး" တို့ကို အပြည့်အစုံ ဘာသာပြန်ထားပါတယ်။

ဒီစာအုပ်ဖတ်ပြီးရင် *ရန်သူ၊ နိုင်ငံတကာဒဏ်ခတ်အရေးယူမှု၊ လက်နက်ကိုင်တော်လှန်ရေး၊ အကြမ်းဖက်မှု၊ နိုင်ငံရေးအံ့တုမှု၊ လူထုတိုက်ပွဲ၊ ဟစ်တိုင်၊ ကွန်မြူနစ်ပါတီ၊ ဒိုင်ယာလော့၊ စားပွဲဝိုင်းတိုက်ပွဲ၊ နှစ်ပွင့်ဆိုင်– သုံးပွင့်ဆိုင်၊ အမျိုးသားညီလာခံ* စတဲ့ အယူအဆများနဲ့ပတ်သက်ပြီး အမြင်ရှင်းသွားမယ်လို့ မျှော်လင့်ပါတယ်။

ဂါမဏိ

# ရန်သူနှင့်စကားပြောခြင်း

မင်းဒဲလား

## အပိုင်း ၁၀။ ရန်သူနဲ့စကားပြောခြင်း

၈၇

ပိုးလ်စမိုး အဆင့်မြင့်လုံခြုံရေးအကျဉ်းထောင်ဟာ ကိပ်တောင်းမြို့ အရှေ့တောင်ဘက် မိုင်အနည်းငယ်အကွာမှာရှိတဲ့၊ တိုကိုင်လို့ခေါ်တဲ့ လူဖြူဆင်ခြေဖုံးရပ်ကွက်ရဲ့အစွန်မှာ တည်ရှိတယ်။ ဒီရပ်ကွက်ဟာ ကြွယ်ဝချမ်းသာတဲ့ လူဖြူတွေနေထိုင်ရာဖြစ်ပြီး မြက်ခင်းစိမ်းစိမ်း ခြံဝင်းတွေနဲ့ သပ်ရပ်တဲ့အိမ်တွေရှိတယ်။ အကျဉ်းထောင်ကိုယ်၌ကလည်း ကိပ်ကျွန်းဆွယ်အငူရဲ့ ထူးထူးခြားခြားလှပတဲ့ ရှုမျှော်ခင်းအလယ်မှာရှိနေတယ်။ မြောက်ဖက်က ကွန်စတန်ရှာဂ်တောင်တွေနဲ့ တောင်ဖက်က ဖေရာပေါင်းများစွာရှိတဲ့ စပျစ်ခြံတွေကြားမှာဖြစ်တယ်။ ဒါပေမဲ့ ပိုးလ်စမိုးရဲ့ မြင့်မားလှတဲ့ ကွန်ကရစ်တံတိုင်းတွေနောက်ရောက်နေတဲ့ ကျနော်တို့အတွက်တော့ ဒီသဘာဝအလှကို မမြင်ရပါဘူး။ အကျဉ်းသားတွေမြင်ရတဲ့ မိုးကောင်းကင်ကို အပြာရောင် ရွက်ဖျင်တဲအဖြစ် စာဆိုအော်စကာဝိုင်းလ်ဒ် ဖွဲ့ဆိုထားတဲ့ စိတ်ထိခိုက်စရာစာသားတွေရဲ့ အမှန်တရားကို ပိုးလ်စမိုးမှာ ကျနော် ပထမဆုံးနားလည်သဘောပေါက်လာခဲ့တယ်။

ပိုးလ်စမိုးဟာ ခေတ်ဆန်တဲ့ အပြင်ပန်းသဏ္ဍာန်ရှိပေမဲ့ အတွင်းနှလုံးသားကတော့ ဟောင်းအိုနေတယ်။ အဆောက်အအုံတွေ၊ အထူးသဖြင့် ထောင်ဝန်ထမ်းတွေအတွက် အဆောက်အအုံတွေဟာ သန့်ရှင်းပြီးခေတ်မှီတယ်။ ဒါပေမဲ့ အကျဉ်းသားတွေနေတဲ့ အဆောက်အအုံတွေကတော့ ရှေးကျပဟောင်းနွမ်းပြီး ညစ်ပတ်လှတယ်။ ကျနော်တို့ကလွဲရင် ပိုးလ်စမိုးမှာရှိတဲ့ အကျဉ်းသားအားလုံးဟာ ရိုးရိုးရာဇဝတ်အကျဉ်းသားတွေဖြစ်ပြီး သူတို့အပေါ် အာဏာပိုင်တွေကိုင်တွယ်ဆက်ဆံမှုဟာ ဖိနှိပ်ချုပ်ချယ်လှတယ်။ ကျနော်တို့ကိုတော့ အဲဒီ အကျဉ်းသားတွေနဲ့ သီးခြားထားတယ်။ ဆက်ဆံပုံလည်းကွာခြားတယ်။

ကျနော်တို့ဟာ နောက်တနေ့မနက်ကျမှာပဲ ကိုယ့်ပတ်ဝန်းကျင်အနေအထားတွေကို သေသေချာချာသိရတယ်။ ကျနော်တို့လေးယောက်ကို ထောင်ရဲ့ထိပ်ဆုံးထပ် အဆင့်မြင့် အထူးတိုက်ခန်းမှာ နေရာချထားတာ ဖြစ်တယ်။ အဲဒါဟာ လေးထပ်အဆောက်အအုံရဲ့ အပေါ်ဆုံးထပ်က အတော်ကျယ်ဝန်းတဲ့ အခန်းတခန်းဖြစ်တယ်။ လေးထပ် (အပေါ်ဆုံးထပ်) တထပ်လုံးမှာ အကျဉ်းသားဆိုလို့ ကျနော်တို့လေးယောက်ပဲရှိတယ်။ ပင်မအခန်းကြီးဟာ သန့်ရှင်းသပ်ရပ်ခေတ်မှီပြီး (ပေ ၅၀ × ပေ ၃၀ ) အကျယ် လေးထောင့်ကျကျအခန်းကြီးဖြစ်တယ်။ သီးခြားအခန်းငယ်တခုမှာတော့ အိမ်သာ၊ ဆီးစွန့်ခွက်၊ မျက်နှာသစ်ကြွေခွက်နှစ်ခုနဲ့ ရေချိုးရေပန်းနှစ်ခုရှိတယ်။ ကုတင်အိပ်ရာ ပီပီသသ လေးလုံးရှိပြီး အိပ်ရာခင်းတွေ၊ တဘက်

တွေ့လည်းရှိတယ်။ ဒါဟာဆိုရင် လွန်ခဲ့တဲ့ (၁၈) နှစ်လုံးလုံး သံမံတလင်းကြမ်းပြင်ပေါ်မှာ ဖျာပါးပါး လေးတွေခင်းအိပ်ခဲ့ရတဲ့လူတွေအတွက် ကြီးကျယ်လှတဲ့စည်းစိမ်ဖြစ်ပါတယ်။ ရော်ဘင်ကျွန်းနဲ့ ယှဉ်လိုက်ရင်တော့ ကျနော်တို့ဟာ ကြယ်ငါးပွင့်ဟော်တယ်တခုမှာ ရောက်နေသလိုပါပဲ။

အဲဒါအပြင် ကျနော်တို့မှာ (L) ပုံစံ လေဟာပြင်အမိုးဖွင့်ကွင်းတခု သီးသန့်ရှိသေးတယ်။ အဲဒီကွင်းဟာ ဘောလုံးကွင်းတဝက်လောက်ကျယ်ပြီး နေ့ဘက်မှာ ကျနော်တို့ သွားလာ လှုပ်ရှားဖို့ ဖွင့်ပေးထားတယ်။ အဲဒီကွင်းကို (၁၂) ပေ အမြင့်ရှိတဲ့ အဖြူရောင်ကွန်ကရစ်နံရံတွေ ကာထားလို့ ကျနော်တို့ဟာ မိုးကောင်းကင်ပဲတွေ့ရတယ်။ ဒေါင့်တဒေါင့်မှာတော့ ဆင်မျက် လုံးလို့ခေါ်တဲ့ ကွန်စတန်ရှာဂ်တောင်တန်းတွေရဲ့ အစိတ်အပိုင်းတခုကိုမြင်ရတယ်။ အဲဒီတောင် ထိပ်ဖျားလေးကို ရေခဲမျောတုံးကြီးနဲ့တူတဲ့၊ ကျန်တဲ့ကမ္ဘာကြီးရဲ့အဖျားလေးအဖြစ် ကျနော် တခါတလေစဉ်းစားမိတယ်။

ဘာအကြောင်းပြချက်မှမပေးပဲ အခုလိုပြုန်းစားကြီး ကိုယ်အခြေကျနေတဲ့ဆီကနေ အရွှေ့ခံရတာဟာ အင်မတန်ကို ဂယိမ်းဂယိုင်ဖြစ်သွားစေပါတယ်။ ထောင်ကျနေတဲ့ လူတယောက် ဟာ ဘာမှန်းမသိတဲ့ ရုတ်တရက်အပြောင်းအလဲတွေ၊ လှုပ်ရှားမှုတွေကို ရင်ဆိုင်ဖို့အသင့်ပြင် ထားရပါတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲပြင်ထားပြင်ထား ဘယ်တော့မှအသားကျသွားတယ် မရှိပါဘူး။ အခု ကျနော်တို့ဟာ ပြည်မမှာရောက်နေပေမဲ့ အရင်ထက်ပိုပြီး အထီးကျန် နေသလိုခံစားရတယ်။ ကျနော်တို့အတွက် တကျွန်းဟာ တိုက်ပွဲရဲ့အချက်အချာနေရာ ဖြစ်လာ ခဲ့တယ်။ ကျနော်တို့ဟာ အချင်းချင်းအပြန်အလှန်အားပေးကြပြီး ထောင်ပြောင်းစ ရက်သတ္တပတ်တွေမှာ ကျနော့်တို့ ဘာကြောင့်အပြောင်းခံရသလဲဆိုတာကို ခန့်မှန်းတွက် ချက်ရင်း အချိန်ဖြုန်းခဲ့တယ်။ လူငယ်အကျဉ်းသားတွေအပေါ် ကျနော်တို့ ဩဇာလွှမ်းတာကို စောစောပိုင်းကတည်းက အာဏာပိုင်တွေ မကျေနပ်ကြ၊ စိုးရိမ်ကြတာ ကျနော်တို့သိခဲ့တယ်။ ဒါပေမဲ့ ထောင်ပြောင်းရတဲ့အကြောင်းရင်းက မဟာဗျူဟာပိုင်းအရ ပိုပြီးဖြစ်ပုံရတယ်။ အာဏာပိုင်တွေဟာ ကျွန်းပေါ်ကအေအင်စီ (အာဖရိကအမျိုးသားကွန်ဂရက်) ခေါင်းဆောင် ပိုင်းတွေ ဖယ်ရှားပစ်ခြင်းအားဖြင့် အေအင်စီကို ခေါင်းဖြတ်ဖို့ကြိုးစားတာလို့ ကျနော်တို့ယူဆ ကြတယ်။ ရော်ဘင်ကျွန်းကိုယ်၌က ရေရှည်တည်တံ့နေတဲ့ တိုက်ပွဲမော်ကွန်းတခုဖြစ်လာနေပြီး အာဏာပိုင်တွေဟာ ကျနော်တို့ကိုရွှေ့ပစ်ခြင်းအားဖြင့် ရော်ဘင်ကျွန်းရဲ့အရေးပါတဲ့သင်္ကေတ လက္ခဏာကို ပပျောက်သွားစေချင်တယ်။ ဝေါလ်တာ၊ ရေးမွန်နဲ့ကျနော်ဟာ အဆင့်မြင့် ခေါင်းဆောင်အဖွဲ့ဝင်တွေ ဖြစ်ကြတယ်။ ဒါပေမဲ့ အံချော်နေတာတခုကတော့ [အရွှေ့ခံရတဲ့ အထဲမှာ] အမ်လန်ဂင်နီပါနေတာဖြစ်တယ်။ အင်ဒရူးအမ်လန်ဂင်နီဟာ အဆင့်မြင့် ခေါင်းဆောင်အဖွဲ့ဝင်လည်းမဟုတ်၊ တကျွန်းခေါင်းဆောင်ပိုင်းရဲ့ ရှေ့တန်းမှာပါတာလည်း မဟုတ်ပါ။ ဒါပေမဲ့ အာဏာပိုင်တွေဟာ ဒါကိုမသိတာလည်းဖြစ်နိုင်တယ်လို့ ကျနော်တို့ ယူဆကြတယ်။ အဖွဲ့အစည်းအကြောင်း သူတို့ ထောက်လှမ်းရရှိထားတဲ့သတင်းတွေဟာ အများအားဖြင့် မတိမကျ မမှန်ကန်တာတွေဖြစ်တယ်။

ကျနော်တို့တွေးဆချက် မှန်ပုံရကြောင်း နောက်လအနည်းငယ်အကြာမှာ အတည်ပြုနိုင်ခဲ့တယ်။ အဆင့်မြင့်ခေါင်းဆောင်အဖွဲ့ဝင် အမှန်တကယ်ဖြစ်တဲ့ ကက်သီဟာ ကျနော်တို့ဆီ ရောက်လာလို့ဖြစ်ပါတယ်။ ပိုအရေးကြီးတဲ့အချက်ကတော့ ကက်သီဟာ ကျနော်တို့ရဲ့ ဆက်သွယ်ရေးတာဝန်ခံဖြစ်ပြီး သူလုပ်ပေးခဲ့လို့ ကျနော်တို့ဟာ လူငယ်အကျဉ်းသားသစ်တွေနဲ့ ဆက်သွယ်နိုင်ခဲ့တာဖြစ်တယ်။

ကက်သီရောက်ပြီး ရက်သတ္တပတ်အနည်းငယ်အကြာမှာ ရော်ဘင်ကျွန်းကလာတာ မဟုတ်တဲ့၊ ကျနော်တို့မသိတဲ့လူတယောက်လည်း ထပ်ရောက်လာတယ်။ သူ့နာမည်က ပက်ထရစ်မာကူဘီလားဖြစ်ပြီး လူငယ်ရှေ့နေတယောက်၊ အရှေ့ပိုင်းကိပ်ပြည်နယ်က အေအင်စီအဖွဲ့ဝင်တယောက်ဖြစ်တယ်။ သူဟာ ဂရစ်ဖစ်အမ်ဇင်ဂီလက်အောက်မှာ အလုပ်သင်ရှေ့နေလုပ်ခဲ့ဖူးတယ်။ အမ်ဇင်ဂီဟာ အင်မတန်ကိုလေးစားခံရတဲ့ ရှေ့နေတယောက်ဖြစ်ကာ ထိမ်းသိမ်းခံ အေအင်စီအဖွဲ့ဝင်တွေအများအပြားအတွက် ရှေ့နေလိုက်ပေးခဲ့ဖူးပြီး မနှစ်က ဒါဘန်မြို့နားမှာ လုပ်ကြံသတ်ဖြတ်ခံခဲ့ရတယ်။ မာကူဘီလားဟာ နိုင်ငံတော်သစ္စာဖောက်မှုနဲ့ ထောင်ဒဏ်အနှစ် (၂၀) ချခံရပြီး ဂျိုဟန်နစ္စဘက်မြို့ ဒီယက်ပ်ကလူ့ဖ်အကျဉ်းထောင်ကနေ ပိုးလ်စမိုးထောင်ကို ပြောင်းခံရတာဖြစ်တယ်။ ဒီယက်ပ်ကလူ့ဖ်ထောင်မှာ သူဟာ အကျဉ်းသားတွေကို စည်းရုံးရာမှာ အင်မတန်တက်ကြွ လှုပ်ရှားနိုင်ခဲ့တယ်။

ပထမတော့ ကျနော်တို့ဟာ ဒီလူသစ်ရောက်လာတာနဲ့ပတ်သက်ပြီး သံသယရှိခဲ့ကြတယ်။ အာဏာပိုင်တွေက လုံခြုံရေးအတွက် မြှုပ်သွင်းထားတာများဖြစ်မလားလို့ စဉ်းစားမိကြတယ်။ ဒါပေမဲ့ သိပ်မကြာခင်မှာပဲ ဒီလိုမဟုတ်ဘူးဆိုတာတွေ့ခဲ့တယ်။ ပက်ထရစ်ဟာ ထက်မြက်ပြီး ခင်မင်စရာကောင်းတဲ့၊ ခံယူချက်ခိုင်မာတက်ကြွသူတယောက်ဖြစ်ပြီး ကျနော်တို့နဲ့ အင်မတန်အတွဲမိသွားတယ်။ ကိုယ့်အကျင့်စရိုက်နဲ့ကိုယ် အရိုးစွဲနေတဲ့၊ ပြီးခဲ့တဲ့ အနှစ် (၂၀) လုံးလုံး အတူတူနေခဲ့ကြတဲ့ အဖိုးကြီးတစုနဲ့ တခန်းထဲ အတူတူအိပ်ရနေရတာ သူ့အတွက်တော့ သိပ်လွယ်လှမှာမဟုတ်ပါဘူး။

အခုဆိုရင် ကွန်ကရစ်ကမ္ဘာကြီးထဲ နေနေရတော့ ကျနော်ဟာ ရော်ဘင်ကျွန်းရဲ့သဘာဝအလှကို တမ်းတမိတယ်။ ဒါပေမဲ့လည်း ကျနော်တို့ရဲ့နေအိမ်သစ်မှာ စိတ်ဖြေသိမ့်စရာတွေ အတော်များများရှိပါတယ်။ ဥပမာတခုအနေနဲ့ပြောရရင် ပိုးလ်စမိုးမှာ အစားအသောက်က အများကြီးပိုကောင်းတယ်။ နှစ်ပေါင်းများစွာ ယာဂုပြုတ် တနေ့သုံးခါစားခဲ့ရပြီးနောက် ပိုးလ်စမိုးက အသားနဲ့ဟင်းသီးဟင်းရွက် ပီပီပြင်ပြင်ပါတဲ့ညစာတွေဟာ ဧည့်ခံထမင်းစားပွဲနဲ့တူနေတယ်။ ကျနော်တို့ဟာ သတင်းစာနဲ့မဂ္ဂဇင်းတွေ အတော်လေးစုံစုံဖတ်ခွင့်ရပြီး အရင်ကပိတ်ပင်ခံရတဲ့ **"တိုင်းမ်"** TIME မဂ္ဂဇင်းနဲ့ လန်ဒန်မြို့ထုတ် **"ဂါးဒီးယန်းအပတ်စဉ်"**တို့လို စာစောင်မျိုးတွေ တောင်ရတယ်။ အဲဒါဟာ ကျနော်တို့အတွက် ပိုကျယ်ပြန့်တဲ့ကမ္ဘာကြီးကိုကြည့်ဖို့ ပြတင်းပေါက်တပေါက်ရတာပါပဲ။ ကျနော်တို့မှာ ရေဒီယိုတလုံးလည်းရှိတယ်။ ဒါပေမဲ့ အဲဒါဟာ ပြည်တွင်း

အသံလွှင့်ရုံတွေပဲဖမ်းလို့ရပြီး ကျနော်တို့ အင်မတန်နားထောင်ချင်တဲ့ ဘီဘီစီကမ္ဘာ့တလွှား အစီအစဉ်ကို ဖမ်းလို့မရပါ။ ကျနော်တို့ကို ဝါဒါတွေထမင်းစားချိန် နေ့ခင်း (၁၂) နာရီမှ (၂) နာရီအထိကလွဲရင် လေဟာပြင်ကွင်းထဲ တနေ့လုံးထွက်ခွင့်ပေးထားတယ်။ ဟန်ပြစတိသဘော အလုပ်လုပ်ရမယ်ဆိုတာမျိုးတောင် မရှိပါဘူး။ ကျနော်ဟာ အခန်းကြီးနားက အခန်းလေးတခုကို စာကြည့်ခန်းအဖြစ်သုံးခဲ့တယ်။ အဲဒီမှာ ကုလားထိုင်တလုံး၊ စားပွဲတလုံးနဲ့ စာအုပ်စင်တွေရှိပြီး နေ့ဘက်ဆို ကျနော် စာရေးစာဖတ်လုပ်နိုင်ခဲ့တယ်။

ရော်ဘင်ကျွန်းတုန်းက ကျနော်ဟာ ကျဉ်းကျဉ်းကြပ်ကြပ်အခန်းလေးထဲမှာပဲ ကျန်းမာရေး လေ့ကျင့်ခန်းတွေ လုပ်ခဲ့တယ်။ ဒါပေမဲ့ ခုတော့ လေ့ကျင့်ခန်းအားရပါးရလုပ်ဖို့ နေရာကျယ်ကျယ်ရှိနေပါပြီ။ ပိုးလ်စမိုးမှာ ကျနော်ဟာ မနက်ငါးနာရီအိပ်ရာထပြီး ကျနော်တို့အခန်းထဲမှာ တနာရီခွဲကြာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်တယ်။ နေရာမရွေ့ဘဲပြေးတာ၊ ကြိုးခုန်တာ၊ ထိုင်–ထနဲ့ လက်ချောင်းထိပ်တွေနဲ့ထောက်ပြီး ဒိုက်ထိုးတာ ပုံမှန်လုပ်တယ်။ ကျနော့်ရဲဘော်တွေဟာ စောစောထတတ်သူတွေ မဟုတ်ကြတော့ ကျနော့်လုပ်ငန်းစဉ်တွေကြောင့် သိပ်မကြာခင်ပဲ ကျနော့်ကို အခန်းထဲမှာ အင်မတန်အမြင်ကတ်စရာပုဂ္ဂိုလ် ဖြစ်လာစေခဲ့တယ်။

ပိုးလ်စမိုးရောက်ပြီး သိပ်မကြာခင် [ဇနီးသည်]ဝင်နီ ထောင်ဝင်စာလာတွေ့တယ်။ ထောင်ဝင်စာတွေ့ရတဲ့နေရာဟာ ရော်ဘင်ကျွန်းတုန်းကနေရာထက် အများကြီးပိုကောင်းပြီး ခေတ်မီတာတွေ့ရလို့ ကျေနပ်ဝမ်းမြောက်မိတယ်။ ထောင်ဝင်စာခန်းမှာ မှန်ချပ်ကြီးကြီးတချပ်ကာထားလို့ တယောက်ကိုတယောက် ခါးအထက်ပိုင်းမြင်နိုင်ပြီး ပိုအဆင့်မြင့်တဲ့မိုက်ကရိုဖုန်းတွေ တပ်ထားတဲ့အတွက် ကျနော်တို့ဟာ တယောက်ပြောတာကိုတယောက် မနည်းအာရုံစိုက်နားထောင်ဖို့မလိုတော့ပါဘူး။ မှန်ပြတင်းကြီးဟာ အနိမ့်ဆုံးအားဖြင့် တယောက်နဲ့တယောက် ပိုပြီးနီးစပ်မှုရှိတယ်လို့ ထင်ယောင်ထင်မှားဖြစ်စေတယ်။ ထောင်ထဲမှာ ဒီလိုထင်ယောင်မှားမှုမျိုးတွေဟာ စိတ်သက်သာရာရစေပါတယ်။

ကျနော့်ဇနီးနဲ့မိသားစုအတွက် ရော်ဘင်ကျွန်းကိုလာတွေ့ရတာထက် ပိုးလ်စမိုးကို လာတွေ့ရတာက အများကြီးပိုလွယ်ကူတယ်။ ဒါကိုက ရောမကွာခြားမှုဖြစ်သွားတယ်။ ထောင်ဝင်စာတွေ့တာတွေကို ကြီးကြပ်မှုကလည်း ပိုပြီးလိုက်လိုက်လျောလျော ပြေပြေလည်လည်းဖြစ်လာတယ်။ ဝင်နီ ထောင်ဝင်စာတွေ့တာတွေကို အများအားဖြင့်ကြီးကြပ်ရတာက အရာခံဗိုလ် ဂျိမ်းစ်ဂရက်ဂရီ ဖြစ်တယ်။ သူဟာ ရော်ဘင်ကျွန်းတုန်းက [စာပေးစာယူ] ဆင်ဆာသမားတယောက်ဖြစ်တယ်။ ကျနော် သူ့ကိုကောင်းကောင်းမသိပါ။ ဒါပေမဲ့ သူကတော့ ကျနော်တို့ရဲ့ စာအဝင်အထွက်တွေ စစ်ဆေးရတဲ့တာဝန်ရှိတော့ ကျနော်တို့ကိုကောင်းကောင်းသိနေပါတယ်။

ပိုးလ်စမိုးမှာ ကျနော်ဟာ ဂရက်ဂရီနဲ့ပိုရင်းနှီးလာတယ်။ သူဟာ တခြားပုံစံကျဝါဒါတွေနဲ့ စာရင် နှစ်လိုဖွယ်ရာဖြစ်တာတွေ့ရတယ်။ သူဟာ အရည်အချင်းရှိပြီး စကားအေးအေးဆေးဆေး ပြောတတ်တယ်။ ဝင်နီ့ကို ယဉ်ယဉ်ကျေးကျေး လေးလေးစားစားဆက်ဆံတယ်။ **“အချိန်စေ့ပြီဟော့”** လို့ ဟောက်မဲ့အစား **“မစ္စစ်မင်ဒဲလားရေ၊ နောက်ထပ်ငါးမိနစ်ပဲ ကျန်တော့တယ်ခင်ဗျ”**

လို့ ပြောတတ်တယ်။

သမ္မာကျမ်းစာမှာပြောထားတာက ဥယျာဉ်တွေဟာ ဥယျာဉ်မှူးတွေရဲ့အရင်ပေါ်တယ်လို့ ဆိုထားပေမဲ့ ပိုးလ်စမိုးမှာတော့ အဲသလိုမဟုတ်ခဲ့ဘူး။ ပိုးလ်စမိုးမှာ ကျနော်ဟာ ဥယျာဉ်တခု ပြုစုပျိုးထောင်ခဲ့ရာမှာ အဲဒါဟာ ကျနော့်ရဲ့အပျော်မွေ့ဆုံး စိတ်ဖြေရာတခုဖြစ်လာခဲ့တယ်။ ဥယျာဉ်စိုက်ခြင်းဟာ ကျနော့်တို့ကို ပိတ်လှောင်ဝိုင်းရံထားတဲ့ ပျင်းရိငြီးငွေ့ဖွယ်ရာ ကွန်ကရစ်ကမ္ဘာကြီးကနေ ကျနော် ထွက်ပြေးတဲ့နည်းတခုပါပဲ။ အဆောက်အအုံရဲ့ အမိုးပေါ်မှာရှိတဲ့ နေရာလွတ်အားလုံးနဲ့ အဲဒီနေရာတွေ တနေကုန်နေရောင်ရနေပုံကို စူးစမ်းလေ့လာပြီး ရက်သတ္တပတ်အနည်းငယ်အတွင်း ကျနော်ဟာ ဥယျာဉ်ခြံတခုစလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ထောင်မှူးဆီက အဲဒီဥယျာဉ်လုပ်ခွင့်လည်း တောင်းခံရရှိခဲ့တယ်။ (၄၄) ဂါလံဆံ့ ဆီပီပါခွံ (၁၆) လုံးကို နှစ်ခြမ်းစီပိုင်းပြီး ကျနော့်ထောက်ပံ့ပေးဖို့ ထောင်အာဏာပိုင်တွေကို ပန်ကြားခဲ့တယ်။ အာဏာပိုင်တွေက ဒီပီပါခွံအပိုင်းတွေကို မြေသြဇာကြွယ်ဝစိုစွတ်တဲ့မြေကြီးနဲ့ ဖြည့်ပေးတယ်။ ဒီလိုနဲ့ ရောမပန်းအိုးကြီး (၃၂) လုံး ရလာတယ်။

ကျနော်ဟာ ကြက်သွန်နီ၊ ခရမ်းသီး၊ ဂေါ်ဖီထုပ်၊ ဂေါ်ဖီပွင့်၊ ပဲတောင့်ရှည်၊ ဟင်းနုနွယ်၊ ခါဂျက်ဥ၊ သခွားသီး၊ ပန်းဂေါ်ဖီစိမ်း၊ သကြားမုံလာ၊ ဆလပ်ရွက်၊ ခရမ်းချဉ်သီး၊ ငြုတ်ကောင်း၊ စထရော်ဘယ်ရီနဲ့ တခြားသီးနှံတွေ အများကြီးစိုက်တယ်။ အဖြစ်ထွန်းဆုံးအချိန်မှာ ကျနော့်ဥယျာဉ်ထဲ အပင်ပေါင်း (၉၀၀) နီးပါးရှိခဲ့တယ်။ ဒီဥယျာဉ်ဟာ ကျနော် ရော်ဘင်ကျွန်းမှာစိုက်ခဲ့တဲ့ဥယျာဉ်ထက် ပိုကြီးကျယ်ပါတယ်။

တချို့မျိုးစေ့တွေကို ကျနော်ဝယ်ယူပြီး တချို့ကိုတော့ ထောင်ပိုင် ဗိုလ်မှူးချုပ်မန်ရိုးကပေးတယ်။ ဥပမာအားဖြင့် ပန်းဂေါ်ဖီစိမ်းနဲ့ ခါဂျက်ဥတို့ဆိုရင် သူပေးတာဖြစ်တယ်။ သူဟာ အဲဒီသီးနှံတွေကို အတော့်ကိုကြိုက်တဲ့လူဖြစ်တယ်။ ဝါဒါတွေကလည်း သူတို့ကြိုက်တဲ့ ဟင်းသီးဟင်းရွက်တွေရဲ့မျိုးစေ့တွေ ပေးကြတယ်။ မြေသြဇာအဖြစ်သုံးဖို့ နွားချေးအကောင်းစားလည်း ထောက်ပံ့ပေးတယ်။

ကျနော်ဟာ မနက်တိုင်း မြက်ဦးထုပ်တလုံးဆောင်း၊ လက်အိတ်ကြမ်းတွေစွပ်ပြီး ဥယျာဉ်ထဲနှစ်နာရီလောက် အလုပ်လုပ်တယ်။ တနင်္ဂနွေနေ့တိုင်း ကျနော်က ဖိုကြီးကို ဟင်းသီးဟင်းရွက်တွေသွင်းပေးတယ်။ သာမန်ရာဇဝတ်အကျဉ်းသားတွေအတွက် အထူးဟင်းလျာတခွက် ချက်ပေးနိုင်အောင်လို့ ဖြစ်ပါတယ်။ ကျနော့်ဥယျာဉ်ခြံထွက်အတော်များများ ဝါဒါတွေကိုလည်း ပေးကမ်းခဲ့တယ်။ သူတို့ဟာ ရတဲ့ဟင်းသီးဟင်းရွက်လတ်လတ်ဆတ်ဆတ်တွေသယ်သွားဖို့ ကျောပိုးအိတ်တွေ ယူယူလာတတ်တယ်။

ပိုးလ်စမိုးမှာတွေ့ရတဲ့ပြဿနာတွေဟာ ရော်ဘင်ကျွန်းမှာ ကျနော်တို့ကြုံခဲ့တဲ့ ပြဿနာတွေလောက် အရေးမပါလှပါဘူး။ ဗိုလ်မှူးချုပ်မန်ရိုးဟာ လူကြီးလူကောင်းဆံပြီး ကူညီချင်စိတ်



တောင်အာဖရိက မြေပုံ။


ရော်ဘင်ကျွန်း။



ရော်ဘင်ကျွန်း အကျဉ်းထောင်။

မင်ဒဲလား အကျဉ်းတိုက်ခန်း။



ရှိသူတယောက်ဖြစ်တယ်။ ကျနော်တို့ လိုအပ်တာတွေ အသေအချာရစေဖို့ အတော့်ကို ဂရုတစိုက်ဆောင်ရွက်ပေးတယ်။ ဒါပေမဲ့လည်း တခါတရံ ပြဿနာလေးတွေဟာ ထိန်းမနိုင် သိမ်းမရ ကြီးမားပေါက်ကွဲလာတတ်တယ်။ ၁၉၈၃ ခုနှစ်မှာ ဝင်နီနဲ့ [သမီး] ဇင်ဇီ ထောင်ဝင်စာလာတွေ့တုန်း ကျနော်က ထောင်ကထုတ်ပေးတဲ့ ရှူးဖိနပ်တွေ ဆိုက်ငယ်နေတဲ့အတွက် ဖိနပ်ပေါက်နေတယ်လို့ ဇနီးသည်ကိုပြောလိုက်မိတော့ ဝင်နီဟာ စိုးရိမ်ပူပန်သွားခဲ့တယ်။ သိပ်မကြာခင် ကျနော့်ခြေချောင်းတချောင်း ဖြတ်လိုက်ရတယ်ဆိုပြီး သတင်းစာတွေထဲပါလာတယ်လို့ သိရတယ်။ ဆက်သွယ်ရေးအခက်အခဲကြောင့် ထောင်ထဲကသတင်းဟာ အပြင်လောကမှာ မကြာခဏကားချဲ့သွားတတ်တယ်။ အကယ်၍သာ ကျနော်ဟာ ဇနီးသည်ဆီဖုန်းဆက်ပြီး ကျနော့်ခြေထောက် ကောင်းတဲ့အကြောင်းလောက်ကို ပြောပြနိုင်ခဲ့ရင် အဲသလိုအရှုပ်အရှင်းတွေ ပေါ်လာမှာမဟုတ်ပါဘူး။ သိပ်မကြာခင်မှာ **ဟယ်လင်စွတ်ဇမင်း***ထောင်ဝင်စာလာတွေ့ခွင့်ရပြီး ကျနော့်ခြေချောင်းအကြောင်းမေးတယ်။ အကောင်းဆုံးအဖြေကတော့ လက်တွေ့ပြတာပဲလို့ ကျနော်စဉ်းစားပြီး ခြေအိတ်ချွတ်၊ ခြေထောက်တွေကို မှန်ပြူတင်းရောက်အောင်မြှောက်ပြီး ခြေချောင်းတွေလှုပ်ပြလိုက်တယ်။

ကျနော်တို့တိုက်ခန်းရဲ့စိုထိုင်းမှုကို ကျနော်တို့ မကျေမနပ်တိုင်ကြားခဲ့ကြတယ်။ ဒီစိုထိုင်းမှုကြောင့် ကျနော်တို့ မကြာမကြာအအေးမိတတ်တယ်။ နောက်ပိုင်းကျတော့ တောင်အာဖရိက သတင်းစာတွေထဲမှာ ကျနော်တို့တိုက်ခန်းထဲ ရေတွေလျှံနေတယ်လို့ ရေးကြတဲ့အကြောင်း ကျနော်သတင်းကြားရတယ်။ ကျနော်တို့ဟာ တခြားအကျဉ်းသားတွေနဲ့ ထိတွေ့ဆက်သွယ်ခွင့်ရဖို့လည်း တောင်းဆိုခဲ့တယ်။ နောက်ပြီး ကျနော်တို့အမြဲပူညံပူညံလုပ်နေတဲ့ အခြေခံမကျေနပ်ချက်ကိုလည်း ယေဘုယျအားဖြင့် တိုင်တန်းတောင်းဆိုခဲ့ကြတယ်။ အဲဒါကတော့ ကျနော်တို့ကို နိုင်ငံရေးအကျဉ်းသားတွေအဖြစ် အသိအမှတ်ပြုဆက်ဆံရေးဖြစ်ပါတယ်။

၁၉၈၄ ခု၊ မေလမှာတော့ အဆင်မပြေမှုတွေအားလုံးကနေ ဖြေသိမ့်စရာတစုံတရာရခဲ့တယ်။ ကြိုတင်ချိန်းဆိုထားတဲ့အတိုင်း ဝင်နီ၊ ဇင်နီနဲ့ ဇင်နီ့အငယ်ဆုံးသမီးတို့ ထောင်ဝင်စာလာတွေ့တဲ့အခါ ကျနော့်ကို အရာခံဗိုလ်ဂရက်ဂရီက ခါတိုင်းထောင်ဝင်စာတွေ့နေကျနေရာကို ခေါ်သွားမယ့်အစား သီးခြားအခန်းတခန်းထဲသွင်းလိုက်တယ်။ အဲဒီအခန်းထဲမှာ စားပွဲငယ်လေးတလုံးပဲရှိပြီး ဘာအကာအရံမှ ခြားထားတာမရှိပါ။ အာဏာပိုင်တွေဟာ အပြောင်းအလဲတခု လုပ်လိုက်တယ်လို့ သူက ကျနော့်ကို အလွန်တရာအေးဆေးစွာပြောပြတယ်။ အဲဒီနေ့ဟာ နောင်မှာ **'ထိတွေ့'** ထောင်ဝင်စာလို့ခေါ်တဲ့ ထောင်ဝင်စာတွေ့မှုတွေရဲ့အစဖြစ်ပါတယ်။

ဒီနောက် ဂရက်ဂရီဟာ အခန်းပြင်ထွက်သွားပြီး ကျနော့်ဇနီးနဲ့သမီးကိုသွားတွေ့တယ်။ ဝင်နီနဲ့နှစ်ဦးချင်းစကားပြောဖို့ ခွင့်တောင်းတယ်။ ဂရက်ဂရီက ဝင်နီ့ကိုသီးသန့်ခေါ်တဲ့အခါ ဝင်နီက ကျနော်နေမကောင်းလို့များလားထင်ပြီး တကယ့်ကိုလန့်သွားတယ်။ ဒါပေမဲ့ ဂရက်ဂရီက သူမကို တံခါးပေါက်ကခေါ်သွင်းလာတော့ ကျနော်တို့နှစ်ယောက်လုံး ကိုယ့်ကိုယ်ကို မသိလိုက်ဘဲ

*သဘောထားပျော့ပြောင်းတဲ့ တိုးတက်ရေးပါတီက ပါလီမန်အမတ်

တခန်းထဲမှာ အတူတူရောက်နေကြပြီး တယောက်ကိုတယောက် ဖက်ထားမိကြ တယ်။ ကျနော်ဟာ ဒီလောက်နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျနော့်ဇနီးကို နမ်းခဲ့၊ ဖက်ခဲ့ရတယ်။ ဒါဟာ ကျနော် အကြိမ်တထောင်လောက် စိတ်ကူးယဉ်အိပ်မက်မက်ခဲ့တဲ့ အဖြစ်ပါပဲ။ ကြည့်ရတာ အခုလည်း စိတ်ကူးယဉ်အိပ်မက် မက်နေဆဲလိုပါပဲ။ ကျနော်ဟာ သူမကိုဖက်ထားမိတာ တကမ္ဘာလောက်ကြာမယ်လို့ ထင်ရတယ်။ ကျနော်တို့ရဲ့ နှလုံးခုန်သံတွေကလွဲရင် ကျနော်တို့နှစ်ယောက်ဟာ ငြိမ်သက်ပြီးတိတ်ဆိတ်နေတယ်။ ကျနော်ဟာ သူမကို ဖက်ထားရာကနေ မလွှတ်ချင်ပေမဲ့ လွှတ်လိုက်ပြီး သမီးကိုဖက်လိုက်တယ်။ ဒီနောက် သမီးရဲ့ ကလေးကို ကျနော့်ပေါင်ပေါ်တင်လိုက်တယ်။ ကျနော့်ဇနီးရဲ့ လက်ကလေးကိုတောင် မထိရတာ (၂၁) နှစ် ရှိသွားခဲ့ပါပြီ။

၈၈

ပိုးလ်စမိုးမှာ ကျနော်တို့ဟာ အပြင်ကအဖြစ်အပျက်တွေနဲ့ ပိုဆက်စပ်မိကြတယ်။ တိုက်ပွဲဟာပြင်းထန်လာနေပြီး ရန်သူ့လုံးပမ်းရှန်းကန်မှုတွေဟာလည်း အလားတူတိုးမြင့်နေတာ ကျနော်တို့ သတိထားမိတယ်။ ၁၉၈၁ ခုမှာ တောင်အာဖရိကကာကွယ်ရေးတပ်ဖွဲ့က မိုဇမ်ဘစ်နိုင်ငံ မာပူတိုမှာရှိတဲ့ အေအင်စီရုံးတွေကိုဝင်စီးရာမှာ မိန်းမတွေနဲ့ကလေးတွေအပါအဝင် ကျနော်တို့လူ (၁၃) ယောက်ကို သတ်ပစ်ခဲ့တယ်။ ၁၉၈၂ ခု၊ ဒီဇင်ဘာလမှာ **အမ်ကေ (MK)***က ကိပ်တောင်းမြို့ပြင်က ဆောက်လက်စ ကိုးဘာဂ် နျူကလီးယားဓာတ်အားပေးစက်ရုံကို ဗုံးခွဲခဲ့တယ်။ တိုင်းပြည်တဝှမ်းက တခြားစစ်ဖက်ပစ်မှတ်တွေနဲ့ အသားအရောင်ခွဲခြားရေးပစ်မှတ် အများအပြားကိုလည်း ဗုံးတွေထောင်ခဲ့တယ်။ အဲဒီတလထဲမှာပဲ တောင်အာဖရိကစစ်တပ်က လီဆိုသိုနိုင်ငံ၊ မာစာရူမှာရှိတဲ့ အေအင်စီစခန်းတခုကိုတိုက်ခိုက်ခဲ့ရာမှာ အမျိုးသမီးတွေနဲ့ ခလေးတွေတဒါဇင်အပါအဝင် လူ (၄၂) ယောက်ကို သတ်ခဲ့တယ်။

၁၉၈၂ ခု၊ ဩဂုတ်လမှာ တက်ကြွလှုပ်ရှားသူ [လူဖြူ] ရုသ်ဖာတ်စ်ဟာ သူမပြည်ပြေးဘဝနဲ့ နေနေရတဲ့မာပူတိုမြို့မှာ အဝေးကပို့လာတဲ့စာအိတ်တွေ ဖောက်ဖတ်နေစဉ် စာအိတ်ဗုံးတလုံးကြောင့် အသက်ဆုံးခဲ့ရတယ်။ သူမဟာ **ဂျိုးဆလိုဗို****ရဲ့ ဇနီးဖြစ်ပြီး သတ္တိရှိတဲ့၊ အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေး လှုပ်ရှားတက်ကြွသူတယောက်ဖြစ်တယ်။ လပေါင်းအတော်ကြာကြာလည်း ထောင်ကျဘူးတယ်။ သူမဟာ စည်းရုံးရေးကောင်းတဲ့ အမျိုးသမီးလည်းဖြစ်ပြီး ကျနော် **ဝစ်တ်စ်**❖ တက်တုန်းက သူမကိုပထမဆုံးစသိကျွမ်းခဲ့တယ်။ သူမအသတ်ခံရမှုဟာ ကျနော်တို့တိုက်ပွဲကို နိုင်ငံတော်အစိုးရကတိုက်ဖျက်ရာမှာ ဘယ်လောက်အတိုင်းအတာအထိ ရက်စက်ယုတ်မာနေတယ်ဆိုတာကို ဖော်ပြလိုက်တာပဲဖြစ်တယ်။

---

***အေအင်စီရဲ့ လက်နက်ကိုင်တပ်**

****လူဖြူ ဂျူးလူမျိုးကွန်မြူနစ်ပါတီခေါင်းဆောင်**

**❖တက္ကသိုလ်**

အမ်ကေရဲ့ ပထမဆုံးကားဖုံးခွဲမှုက ၁၉၈၃ ခု၊ မေလမှာဖြစ်ခဲ့တယ်။ အဲဒီကားဖုံးဟာ ပရီတိုးရီးယားမြို့လယ်က လေတပ်နဲ့ စစ်ထောက်လှမ်းရေးရုံးကို ရည်ရွယ်ခဲ့တာဖြစ်တယ်။ ဒါဟာ မာစာရုနဲ့ တခြားနေရာတွေမှာ အေအင်စီကို စစ်တပ်က အသားလွတ်ကြီးတိုက်ခိုက်တာတွေကို လက်တုန့်ပြန်ဖို့ ကြိုးပမ်းချက်တရပ်ဖြစ်ပြီး လက်နက်ကိုင်တိုက်ပွဲ အရှိန်မြင့်လာတာကို ရှင်းရှင်း လင်းလင်းပြနေတယ်။

အရပ်သားတွေထိခိုက်သေဆုံးတာဟာ ဝမ်းနည်းစရာမတော်တဆမှုတခုဖြစ်ပြီး အသေ အပျောက်စာရင်းကြောင့် ကျနော်အင်မတန်တုန်လှုပ်ချောက်ချားမိပါတယ်။ ဒီထိခိုက်မှုတွေ ကြောင့် စိတ်မကောင်းဖြစ်ရပေမဲ့ ဒီလိုမတော်တဆမှုတွေဟာ စစ်ရေးတိုက်ပွဲဆင်နွှဲဖို့ ဆုံးဖြတ်ချက်ရဲ့ ရှောင်လွှဲမရနိုင်တဲ့ အကျိုးဆက်ဖြစ်တယ်လို့ သဘောပေါက်မိတယ်။ လူသားတွေရဲ့ မှားယွင်းနိုင်မှုဟာ အမြဲတမ်းပဲ စစ်ပွဲရဲ့ အစိတ်အပိုင်းတခုဖြစ်နေပြီး အဲဒီအတွက်ပေးဆပ်ရတဲ့ တန်ဖိုးဟာ အမြဲမြင့်မားနေတာပါပဲ။ ဒီလိုအဖြစ်အပျက်တွေ ဖြစ်လာနိုင်တယ်ဆိုတာ ကျနော်တို့ သိတဲ့အတွက်ကြောင့် လက်နက်ကိုင်ဖို့ဆုံးဖြတ်ချက်ကို အလွန်တရာမှ အလေးအနက်ထားပြီး ဆုတ်ဆိုင်းဆိုင်းနဲ့ ချခဲ့တာဖြစ်တယ်။ ဒါပေမဲ့ ဖုံးပေါက်တဲ့အချိန်မှာ **အော်လီဗာ** *ပြောခဲ့သလို လက်နက်ကိုင်တိုက်ပွဲဟာ အသားအရောင်ခွဲခြားရေးအစိုးရရဲ့အကြမ်းဖက်မှုက ကျနော်တို့ကို တွန်းပို့ချမှတ်လို့ ပေါ်လာတာဘဲဖြစ်ပါတယ်။

အစိုးရရော၊ အေအင်စီရော စစ်ရေးနဲ့နိုင်ငံရေးဆိုတဲ့ လမ်းကြောင်းနှစ်ကြောင်းပေါ်မှာ လျှောက်နေကြတယ်။ နိုင်ငံရေးမျက်နှာစာမှာ အစိုးရဟာ [လူမည်း] အာဖရိကတိုက်သားတွေကို ကပြားတွေ၊ ကုလားတွေနဲ့ ခွဲပစ်ဖို့ကြိုးစားတဲ့အနေနဲ့ ထုံးစံအတိုင်း သွေးခွဲအုပ်ချုပ်ရေးမဟာဗျူ ဟာကို ကျင့်သုံးနေတယ်။ ၁၉၈၃ ခု နိုဝင်ဘာလမှာ လုပ်တဲ့ဆန္ဒခံယူပွဲတခုမှာ လူဖြူမဲဆန္ဒရှင်တွေက **ဘိုသာ****ရဲ့ လွှတ်တော်သုံးရပ်ပါလီမန်ဆိုတဲ့ဟာ ထူထောင်ဖို့စီမံကိန်းကို ထောက်ခံအတည်ပြုခဲ့ ကြတယ်။ လွှတ်တော်သုံးရပ်ဆိုတာကတော့ လူဖြူလွှတ်တော်အပြင် ကုလားလွှတ်တော်နဲ့ ကပြားလွှတ်တော်ကိုထောင်ဖို့ ဆိုလိုတာဖြစ်တယ်။ ဒါဟာ ကုလားတွေနဲ့ကပြားတွေကို စနစ်ထဲဆွဲဆောင်ခေါ်ယူပြီး၊ အာဖရိကတိုက်သားတွေနဲ့ ခွဲခြားပစ်ဖို့ ကြိုးပမ်းတာဖြစ်တယ်။ ဒါပေမဲ့ ဒီကမ်းလှမ်းချက်ဟာ **'ကလေးကစားစရာ တယ်လီဖုန်းရုပ်'** သက်သက်ပဲဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ကုလားတွေနဲ့ကပြားတွေရဲ့ ပါလီမန်လှုပ်ရှားမှုအားလုံးဟာ လူဖြူ ဗီတိုအောက်မှာရှိနေလို့ဖြစ်တယ်။ ဒါဟာ အစိုးရက အသားအရောင်ခွဲခြားရေးကို ပြုပြင်ပြောင်း လဲနေပါတယ်လို့ ပြင်ပကမ္ဘာကထင်အောင် လှည့်စားတာလည်းဖြစ်တယ်။ ဘိုသာ့လှည့်ကွက် ဟာ ပြည်သူတွေကို မလှည့်ဖျားနိုင်ခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ မဲဆန္ဒပေးခွင့်ရှိတဲ့ကုလားနဲ့ ကပြား မဲဆန္ဒရှင် (၈၀) ရာခိုင်နှုန်းကျော်က ၁၉၈၄ ခု ပါလီမန်လွှတ်တော်သစ်ရွေးကောက်ပွဲကို သပိတ်မှောက်ကြလို့ဖြစ်ပါတယ်။

---

* **အေအင်စီဥက္ကဋ္ဌ**

** **ဝန်ကြီးချုပ် (နောင်မှာ သမတ)**

အင်အားကောင်းတဲ့ အောက်ခြေလူထုနိုင်ငံရေးလှုပ်ရှားမှုတွေ တိုင်းပြည်ထဲမှာ ထူထောင်ဖွဲ့စည်းလာကြပြီး အဲဒီအဖွဲ့တွေဟာ အေအင်စီနဲ့ ခိုင်မာတဲ့ချိတ်ဆက်မှုတွေထား ရှိကြတယ်။ အဲဒီထဲမှာ အဓိကအဖွဲ့ကတော့ ဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစု **(UDF ယူဒီအက်ဖ်)** ဖြစ်ပြီး ဒီအဖွဲ့ဟာ ကျနော့်ကို နာယကအဖြစ် ကြေညာထားတယ်။ ယူဒီအက်ဖ် တည်ထောင်တာဟာ ၁၉၈၃ ခု၊ အသားအရောင်ခွဲခြားရေး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို ဆန့်ကျင်ကန့်ကွက်မှုနဲ့ ၁၉၈၄ ခု၊ သီးခြားခွဲထားတဲ့ ပါလီမန်လွှတ်တော်သုံးရပ်အတွက် ပထမဆုံးရွေးကောက်ပွဲတွေကို ဆန့်ကျင်ကန့်ကွက်မှုတွေ ဆက်စပ်ညှိနှိုင်းပေးဖို့ တည်ထောင်တာဖြစ်တယ်။ ယူဒီအက်ဖ်ဟာ မကြာမီအတွင်းမှာ အသားအရောင်ခွဲခြားမှုဆန့်ကျင်ရေး အဖွဲ့အစည်း (၆၀၀) ကျော်ကိုစုစည်းထားတဲ့ အင်အားကောင်းအဖွဲ့ကြီးတခုအဖြစ် တိုးတက်ထွန်းကားလာပြီး အလုပ်သမားသမဂ္ဂတွေ၊ အကျိုးတူအဖွဲ့တွေ၊ ဘာသာရေးအသင်းအဖွဲ့တွေနဲ့ ကျောင်းသားအသင်းအပင်းတွေ ပါဝင်ခဲ့ကြတယ်။

အေအင်စီဟာ လူထုထောက်ခံမှုအသစ်တဖန်ပြန်ရနေတယ်။ သဘောထားအမြင်ကောက်ယူချက်တွေအရ အေအင်စီဟာ ရာစုနှစ်တခုရဲ့ လေးပုံတပုံ (၂၅ နှစ်) လောက် မတရားသင်းကြေညာခံထားရတာတောင်မှ အာဖရိကတိုက်သားတွေကြား လူထုထောက်ခံမှုအရဆုံး နိုင်ငံရေးအဖွဲ့အစည်းဖြစ်နေတာကို ပြနေတယ်။ အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးတိုက်ပွဲတခုလုံးကိုလည်း ကမ္ဘာက အာရုံစိုက်နေပြီဖြစ်တယ်။ ၁၉၈၄ ခုမှာ ဘုန်းတော်ကြီးဒက်စ်မွန်တူးတူး ငြိမ်းချမ်းရေးနိုဗယ်လ်ဆု ချီးမြှင့်ခံရတယ်။ **(ဘုန်းတော်ကြီးတူးတူးဆီ ချီးကျူးဂုဏ်ပြုကြောင်း ကျနော့်ပေးစာကို အာဏာပိုင်တွေက ပို့ပေးဖို့ငြင်းဆန်ခဲ့တယ်။)** တောင်အာဖရိက အစိုးရဟာ တနေ့တခြားကြီးမားလာနေတဲ့ နိုင်ငံတကာ့ဖိအားကို ခံနေရတယ်။ တကမ္ဘာလုံးကနိုင်ငံတွေဟာ ပရီတိုးရီးယားအစိုးရအပေါ် စီးပွားရေးဒဏ်ခတ်အရေးယူမှုတွေ စတင်ချမှတ်လာကြတယ်။

အစိုးရဟာ ကျနော့်ကို **‘အကဲစမ်းမှုတွေ’** နှစ်ပေါင်းများစွာ လုပ်ခဲ့တယ်။ စတာကတော့ [အကျဉ်းထောင်]ဝန်ကြီး ကရူးဂါးကနေ ကျနော့်ကို **ထရန်စကေးနယ်*** မှာသွားနေဖို့ နားချတာတွေက စစမ်းခဲ့တယ်။ ဒါတွေဟာ စေ့စပ်ဆွေးနွေးဖို့ ကြိုးပမ်းမှုတွေမဟုတ်ဘဲ ကျနော့်ကို ကျနော့်အဖွဲ့အစည်းနဲ့ ကင်းကွာသွားအောင် ကြိုးပမ်းတာပဲဖြစ်တယ်။ ကရူးဂါးက ကျနော့်ကို တခြားအကြိမ်အတော်များများမှာလည်း **“မင်ဒဲလား၊ ခင်ဗျားနဲ့ဆိုရင်တော့ ကျနော်တို့ တွဲလုပ်လို့ရနိုင်တယ်။ ဒါပေမဲ့ ခင်ဗျားအပေါင်းအသင်းတွေနဲ့တော့ မဖြစ်ဘူးဗျ။ ဦးနှောက်သုံးပါဗျာ”** လို့ ပြောခဲ့တယ်။ ဒီရှေ့ပြေးချဉ်းကပ်မှုတွေကို ကျနော်မတုံ့ပြန်ခဲ့ပေမဲ့ သူတို့ဟာ တိုက်ခိုက်မယ့်အစား စကားပြောနေတယ်ဆိုတဲ့အချက်ကိုက စစ်မှန်တဲ့စေ့စပ်ဆွေးနွေးပွဲတွေအတွက် နိဒါန်းအဖြစ် ကြည့်မြင်လို့ရနိုင်ပါတယ်။

အစိုးရဟာ ရေအတိမ်အနက်စမ်းနေတယ်။ ၁၉၈၄ ခု နှောင်းပိုင်းနဲ့ ၁၉၈၅ ခု အစပိုင်းမှာ

*ဟန်ပြလူမည်းကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်တခု

ထင်ရှားတဲ့ အနောက်နိုင်ငံခေါင်းဆောင်နှစ်ယောက် ကျနော့်ကို ထောင်ဝင်စာလာတွေ့တယ်။ တယောက်က ဗြိတိသျှအထက်လွှတ်တော်အမတ်လည်းဖြစ်၊ ဥရောပပါလီမန်အမတ်လည်း ဖြစ်တဲ့ နိကိုးလပ်စ်ဘဲသဲလ်ဖြစ်ပြီး နောက်တယောက်ကတော့ ဂျော့တောင်းတက္ကသိုလ် ဥပဒေ ပါမောက္ခလည်းဖြစ်၊ အမေရိကန်အထက်လွှတ်တော် ဝါးတားဂိတ်ကော်မတီ အတိုင်ပင်ခံဟောင်း တယောက်လည်းဖြစ်တဲ့ ဆင်မြူယယ်ဒက်ရှ်ဖြစ်တယ်။ ဒီထောင်ဝင်စာတွေ့မှုနှစ်ခုလုံးကို တရားရေးဝန်ကြီးအသစ် ကိုဘီကိုအက်ဆီးကခွင့်ပြုတာဖြစ်တယ်။ ဒီဝန်ကြီးသစ်ဟာ **အာဖရိကန်းနားလူမျိုး***ခေါင်းဆောင် အမျိုးအစားသစ်ဖြစ်ပုံရတယ်။

ကျနော်ဟာ အမတ်ကြီးဘဲသဲလ်နဲ့ ထောင်ပိုင်ရုံးခန်းမှာတွေ့ရတယ်။ ရုံးခန်းထဲမှာ သမတဘိုသာရဲ့ ရှုသိုးသိုးစုအောင့်အောင့်ဓာတ်ပုံကြီးတပုံက လွှမ်းမိုးနေတယ်။ ဘဲသဲလ်ဟာ ပျော်ပျော်နေတတ်ပြီး ဝဝဖိုင့်ဖိုင့်ဖြစ်တယ်။ ကျနော် သူနဲ့ပထမဆုံးအကြိမ်တွေ့တဲ့အခါ သူ့ရဲ့ ဝဖိုင့်မှုနဲ့ပတ်သက်ပြီး နောက်ခဲ့တယ်။ ကျနော်က သူနဲ့လက်ဆွဲနှုတ်ဆက်ရင်း **"ခင်ဗျားကြည့်ရတာ ချာချီနဲ့ ဆွေမျိုးတော်ပုံရတယ်"** လို့ ပြောတော့ သူကရယ်တယ်။

အမတ်ကြီးဘဲသဲလ်က ပိုလ်စမိုးထောင်တွင်း ကျနော်တို့အခြေအနေတွေ သိချင်တာကို ကျနော်ပြောပြလိုက်တယ်။ ကျနော်တို့ဟာ လက်နက်ကိုင်တိုက်ပွဲအကြောင်း ဆွေးနွေးကြရာမှာ ကျနော်က အကြမ်းဖက်မှု (Violence) စွန့်လွှတ်ရေးဟာ ကျနော်တို့ပေါ်မူမတည်ဘဲ အစိုးရပေါ် မူတည်ကြောင်း သူ့ကိုရှင်းပြခဲ့တယ်။ ကျနော်တို့ဟာ စစ်ရေးပစ်မှတ်အစစ်အမှန်တွေကိုပဲ ဦးတည်ပြီး ပြည်သူတွေကိုဦးမတည်ကြောင်း ထပ်လောင်းအာမခံခဲ့တယ်။ **"ကျနော့်အနေနဲ့ ကျနော်တို့လူတွေက၊ ဥပမာအားဖြင့် ဟောဒီကဗိုလ်မှူးကို လုပ်ကြံသတ်ဖြတ်စေဖို့ မလိုလားပါဘူး"** လို့ ပြောရင်း ကျနော်တို့ထောင်ဝင်စာတွေ့ စကားပြောတာတွေကို နားထောင်မှတ်ယူနေတဲ့ ဗိုလ်မှူးဖရစ်ဇ်ဝန်စစ်တတ်ကို လက်ညှိုးထိုးပြလိုက်တယ်။ ဝန်စစ်တတ်ဟာ စကားနည်း ပြီးသဘောကောင်းတဲ့ လူတယောက်ဖြစ်ပေမဲ့ ကျနော်မှတ်ချက်ပေးလိုက်တာကြားတော့ တွန့်သွားတယ်။

အမတ်ကြီးဘဲသဲလ်နဲ့တွေ့ပြီး ဘာမှသိပ်မကြာခင် ပါမောက္ခဒက်ရှ်နဲ့တွေ့ရတဲ့အခါ ကျနော်က လူမျိုးမခွဲခြားတဲ့ အနာဂတ်တောင်အာဖရိကနိုင်ငံအတွက် အနိမ့်ဆုံးလိုအပ်ချက် အဖြစ် ကျနော်မြင်ထားတာတွေကို ရှင်းလင်းချပြခဲ့တယ်။ အဲဒါတွေကတော့ **ဇာတိပြည်နယ်** (Homeland)** တွေမရှိတဲ့ တပြည်ထောင်စနစ်၊ အမျိုးသားလွှတ်တော်အတွက် လူမျိုးမခွဲတဲ့ ရွေးကောက်ပွဲနဲ့ လူတကိုယ်မဲတမဲတို့ဖြစ်ပါတယ်။ အစိုးရက လူမျိုးကွဲလက်ထပ်ထိမ်းမြားရေး [ပိတ်ပင်ထားတဲ့] ဥပဒေတွေနဲ့ တခြားအသားအရောင်ခွဲခြားရေးဥပဒေစည်းမျဉ်းတချို့ ပယ်ဖျက်ဖို့ရည်ရွယ်ကြောင်း ကြေညာတာအပေါ် ကျနော့်အနေနဲ့ စိတ်အားတက်ကြွ ကျေနပ်မှုဖြစ်မဖြစ် ပါမောက္ခဒက်ရှ်ကမေးတယ်။ ကျနော်က **"ဒါဟာ အာပလာပါဘဲ။ ကျနော့်**

---

*ဒတ်ချ်အနွယ်ဝင်လူဖြူ

**ဟန်ပြ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်

**ရည်မှန်းချက်က လူဖြူမတယောက်နဲ့လက်ထပ်နိုင်ဖို့၊ ဒါမှမဟုတ် လူဖြူသီးသန့်ရေကူးကန်မှာ ရေကူးရဖို့မဟုတ်ဘူး။ ကျနော်တို့လိုချင်တာက နိုင်ငံရေးအရတန်းတူမှုပဲဖြစ်တယ်"** လို့ ပြန်ပြောလိုက်တယ်။ ကျနော်တို့ဟာ အစိုးရကို စစ်မြေပြင်မှာ အနိုင်ရဖို့မဖြစ်နိုင်ဘူး။ ဒါပေမဲ့ အစိုးရအနေနဲ့ အုပ်ချုပ်ရေးလုပ်ငန်းတွေလုပ်ကိုင်ရာမှာ အခက်အခဲဖြစ်အောင်တော့ လုပ်နိုင်တယ်လို့ ကျနော်ကဒက်ရှ်ကို အတော်ပွင့်ပွင့်လင်းလင်းပဲ ပြောပြလိုက်တယ်။

အဲသလောက်အဆင်မချောတဲ့ ထောင်ဝင်စာတွေ့မှုကိုတော့ ရှေးရိုးစွဲသတင်းစာဖြစ်တဲ့ **"ဝါရှင်တန်တိုင်းမ်"** ရဲ့အယ်ဒီတာ အမေရိကန်နှစ်ယောက်နဲ့ကြုံခဲ့တယ်။ သူတို့ကြည့်ရတာ ကျနော့် သဘောထားတွေ၊ အမြင်တွေကိုစူးစမ်းဖို့ထက် ကျနော်ဟာ ကွန်မြူနစ်တယောက်၊ အကြမ်းဖက်သမားတယောက် (Terrorist) ဖြစ်တယ်ဆိုတာ သက်သေပြဖို့ ပိုစိတ်သန်ပုံရတယ်။ သူတို့မေးသမျှမေးခွန်းတွေဟာ အဲဒီဖက်ကိုဇောင်းပေးနေတယ်။ ကျနော်ဟာ ကွန်မြူနစ်လည်း မဟုတ်ဘူး။ အကြမ်းဖက်သမားလည်းမဟုတ်ဘူးလို့ ကျနော်က ထပ်လောင်းပြောတဲ့အခါ သူတို့က ကျနော်ဟာ ခရစ်ယာန်ဘာသာဝင်တယောက်လည်းမဟုတ်ဘူးလို့ သက်သေပြဖို့ ကြိုးစားကြပြန်တယ်။ သူတို့ပြောတာက သင်းအုပ်ဆရာ မာတင်လူသာကင်းဟာ အကြမ်းဖက်မှုကို ဘယ်တုန်းကမှမကျင့်သုံးခဲ့ဘူးလို့ ပြောတယ်။ ကျနော်က သူတို့ကို မာတင်လူသာကင်း တိုက်ပွဲဝင်ခဲ့ရတဲ့အခြေအနေတွေဟာ ကျနော်တို့အခြေအနေတွေနဲ့ လုံးလုံးလျားလျားကွဲပြားတဲ့ အကြောင်း၊ အမေရိကန်နိုင်ငံဟာ အကြမ်းမဖက်တဲ့ ကန့်ကွက်ဆန္ဒပြမှုတွေကို အကာအကွယ်ပေးတဲ့အခြေခံဥပဒေအရ တန်းတူအခွင့်အရေးတွေအာမခံတဲ့ ဒီမိုကရေစီနိုင်ငံဖြစ်ကြောင်း **(ဒါပေမဲ့လည်း လူမည်းတွေအပေါ် အာဃာတတွေရှိနေဆဲပါ)**။ တောင်အာဖရိကနိုင်ငံကတော့ တန်းမတူရေးကို အခြေခံဥပဒေနဲ့အမှန်းတင် ပစားပေးထားတဲ့ အာဏာရှင်နိုင်ငံဖြစ်ပြီး အကြမ်းမဖက်မှုကို အင်အားသုံးတုံ့ပြန်တဲ့ စစ်တပ်ရှိကြောင်း ပြန်ပြောလိုက်တယ်။ ကျနော်ဟာ ခရစ်ယာန်ဘာသာဝင်တယောက်ဖြစ်ပြီး တလျှောက်လုံး ခရစ်ယာန်ဖြစ်ခဲ့တယ်လို့ ပြောလိုက်တယ်။ ကျနော်က ခရစ်တော်တောင်မှ တခြားရွေးစရာနည်းလမ်းမရှိတော့တဲ့အခါ ဘုရားကျောင်းတော်ထဲက ငွေတိုးချေးစားသမားတွေမောင်းထုတ်ဖို့ အင်အားသုံးခဲ့ရသေးတယ်၊ ခရစ်တော်ဟာ အကြမ်းဖက်မှု (Violence) လိုလားသူမဟုတ်ပေမဲ့ မကောင်းမှုကိုဆန့်ကျင်ဖို့ မလွှဲမရှောင်သာ အင်အားသုံးခဲ့ရတယ်လို့ ပြောလိုက်တယ်။ အဲဒီနှစ်ယောက်ဟာ ကျနော့်အမြင်တွေကို သဘောပေါက်လက်ခံသွားလိမ့်မယ်လို့တော့ ကျနော်မထင်မိပါ။

ပြည်တွင်းမှာလည်း ပြဿနာတွေကြုံနေ၊ ပြည်ပကလည်း ဖိအားပေးတာခံနေရတဲ့ ဘိုသာဟာ ဟိုမရောက်ဒီမရောက်ခြေလှမ်းနဲ့ အလျှော့ပေးကမ်းလှမ်းလာတယ်။ ၁၉၈၅ ခု ဇန်နဝါရီလ (၃၁) ရက်နေ့မှာ သမတဘိုသာက ပါလီမန်တွင်းဆွေးနွေးရင်းနဲ့ အကယ်၍ ကျနော်ဟာ **'အကြမ်းဖက်မှု (Violence) ကို နိုင်ငံရေးလက်နက်တခုအဖြစ်သုံးတာ ခြွင်းချက်မရှိ စွန့်လွှတ်ရင်'** ကျနော့်ကို ပြန်လွှတ်ပေးမယ်လို့ လူသိရှင်ကြားကမ်းလှမ်းခဲ့တယ်။ ဒီကမ်းလှမ်းချက်ကို

နိုင်ငံရေးအကျဉ်းသားအားလုံးအပေါ်လည်း တိုးချဲ့ကမ်းလှမ်းခဲ့တယ်။ နောက်ပြီး သူကကျနော့်ကို အများပြည်သူရှေ့မှာ စိန်ခေါ်တဲ့ပုံစံနဲ့ **"ဒါကြောင့် အခုဆိုရင် မစ္စတာမင်ဒဲလားရဲ့ လွတ်မြောက်မှုကို အဟန့်အတားပြုနေတာက တောင်အာဖရိကအစိုးရမဟုတ်တော့ပါဘူး။ မင်ဒဲလား ကိုယ်တိုင်ပဲ ဖြစ်တော့တယ်"** လို့ ထပ်ပြောလိုက်သေးတယ်။

အစိုးရဟာ ကျနော့်လွတ်မြောက်ရေးနဲ့ပတ်သက်ပြီး အဆိုပြုချက်တခုလုပ်ဖို့ရှိတယ်ဆိုတာ အာဏာပိုင်တွေက ကျနော့်ကိုကြိုတင်သတိပေးထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒါကို နိုင်ငံတော်သမတက ပါလီမန်လွှတ်တော်တွင်းမှာ လုပ်လိမ့်မယ်လို့တော့ ကျနော်မျှော်လင့်မထားခဲ့ဘူး။ ကျနော်မှတ်သားမိသလောက်ဆိုရင် အဲဒါဟာ ပြီးခဲ့တဲ့ဆယ်နှစ်အတွင်း ကျနော့်ကို လွှတ်ပေးဖို့ အစိုးရက ခြောက်ကြိမ်မြောက်ခြွင်းချက်နဲ့ ကမ်းလှမ်းတာဖြစ်တယ်။ [ဘိုသာ့] မိန့်ခွန်းကို ရေဒီယိုကနေ နားထောင်ပြီးတာနဲ့ ကျနော်က ထောင်ပိုင်ထံ ကျနော့်ဇနီးနဲ့ ကျနော့်ရှေ့နေ အီစမိုင်အယ့်ဗ်တို့ အရေးတကြီးထောင်ဝင်စာလာတွေ့စေဖို့ ပန်ကြားခဲ့တယ်။ သူတို့လာတွေ့မှ သမတရဲ့ ကမ်းလှမ်းမှုအပေါ် ကျနော့်တုံ့ပြန်ချက်ကို ရေးမှတ်ယူခိုင်းလို့ရမှာဖြစ်ပါတယ်။

ဝင်နီနဲ့အီစမိုင်တို့ဟာ တပတ်လောက်ကြာတဲ့အထိ ထောင်ဝင်စာလာတွေ့ခွင့်မရခဲ့ဘူး။ ဒီအတောအတွင်း ကျနော်က နိုင်ငံခြားရေးဝန်ကြီး ပစ်ဘိုသာဆီ စာတစောင်ရေးပြီး ကျနော့်လွတ်မြောက်ရေးအတွက် ခြွင်းချက်အနေအထားတွေကို ပယ်ချခဲ့တယ်။ အများပြည်သူသိ တုံ့ပြန်ချက်တခုလုပ်ဖို့လည်း ပြင်ဆင်နေခဲ့တယ်။ အဲဒီတုံ့ပြန်ရေးနဲ့ပတ်သက်ပြီး ကျနော်ဟာ ကိစ္စရပ်အတော်များများလုပ်ဖို့ စိတ်ထက်သန်နေတယ်။ ဘာလို့လဲဆိုတော့ ဘိုသာ့ကမ်းလှမ်းချက်ဟာ ကျနော့်ကို အေအင်စီကပယ်ချထားတဲ့ပေါ်လစီတခု လက်ခံဖို့သွေးဆောင်ခြင်းအားဖြင့် ကျနော်နဲ့ ကျနော့်လုပ်ဖော်ကိုင်ဖက်တွေအကြား သပ်လျှိုဖို့ကြိုးပမ်းချက်တခုဖြစ်လို့ပါပဲ။ ကျနော်ဟာ အဖွဲ့အစည်းအပေါ် သံသယဖြစ်စရာမလိုအောင် သစ္စာရှိတယ်ဆိုတာ ယေဘုယျအားဖြင့် အေအင်စီတဖွဲ့လုံးကိုရော၊ အထူးသဖြင့် [ဥက္ကဋ္ဌ] အော်လီဗာတမ်ဗိုကိုပါ ထပ်မံအာမခံချင်တယ်။ ထို့အပြင် အစိုးရဆီကို သူတို့ရဲ့ကမ်းလှမ်းချက်ကို ပူးတွဲပါ ခြွင်းချက်တွေကြောင့်ပယ်ချရပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ပြဿနာအဖြေရှာဖို့လမ်းကြောင်းဟာ စစ်ပွဲမဟုတ်ဘဲ စေ့စပ်ဆွေးနွေးရေးဖြစ်တယ်လို့ ကျနော်ယူဆကြောင်း သတင်းစကားပါးဖို့လည်း ဆန္ဒရှိတယ်။

ဘိုသာက ကျနော်တို့ပခုံးပေါ်ကို အကြမ်းဖက်မှုနဲ့ပတ်သက်ပြီး တာဝန်ရှိတယ်လို့ ပုံချချင်နေတယ်။ ကျနော်ကတော့ ကျနော်တို့အပေါ်ကျူးလွန်တဲ့အကြမ်းဖက်မှုကို ကျနော်တို့က ပြန်တုံ့ပြန်တာသာဖြစ်တယ်လို့ ကမ္ဘာကိုထပ်မံအတည်ပြုကြေညာလိုတယ်။ အကယ်၍ ကျနော်ထောင်ကထွက်လာတဲ့အခါ ကျနော်စအဖမ်းခံခဲ့ရတုန်းက အခြေအနေတွေပဲပြန်ကြုံရရင် ကျနော် အဖမ်းခံရစေခဲ့တဲ့လှုပ်ရှားမှုတွေကိုပဲ မဖြစ်မနေပြန်လုပ်ရလိမ့်မယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိမြင်ကြစေဖို့ ရည်ရွယ်တယ်။

ကျနော်ဟာ သောကြာနေ့မှာ ဝင်နီနဲ့ အီစမိုင်တို့ကို တွေ့ရတယ်။ တနင်္ဂနွေနေ့မှာ ဆိုဝီတိုမြို့ ဂျာဘူလာနီအားကစားကွင်းမှာ ယူဒီအက်ဖ်လူထုစည်းဝေးပွဲလုပ်ဖို့ရှိတယ်။ အဲဒီမှာ

ကျနော့်တို့ပြန်ချက်ကို လူသိရှင်ကြားထုတ်ပြန်ဖို့ဖြစ်တယ်။ အဲဒီထောင်ဝင်စာတွေ့မှုကို ကြီးကြပ်နေတာက ကျနော်အကျွမ်းတဝင်မရှိတဲ့ ဝါဒါတချို့ဖြစ်တယ်။ သမတဆီ ကျနော့်ပြန်ကြားချက်ကိစ္စ စဆွေးနွေးကြတဲ့အခါ ခပ်ငယ်ငယ်ဝါဒါတယောက်ကကြားဝင်ပြီး မိသားစုကိစ္စတွေပဲဆွေးနွေးပြောဆိုခွင့်ရှိတယ်လို့ ဝင်ပြောတယ်။ ကျနော်က သူ့ကိုဂရုမစိုက်ဘဲ ဆက်ပြောနေတဲ့အခါ သူကမိနစ်အနည်းငယ်အကြာမှာ ကျနော်ကောင်းကောင်းမသိတဲ့၊ နည်းနည်းရာထူးပိုကြီးတဲ့ဝါဒါတယောက် သွားခေါ်လာတယ်။ အဲဒီဝါဒါက ကျနော့်ကို နိုင်ငံရေးဆွေးနွေးတာရပ်ဖို့ပြောတော့ ကျနော်က ဒါဟာ တမျိုးသားလုံးနဲ့ချီပြီး အရေးကြီးတဲ့ကိစ္စဆွေးနွေးနေတာ ဖြစ်တယ်။ နိုင်ငံတော်သမတဆီက ကမ်းလှမ်းချက်နဲ့ ပတ်သက်တယ်လို့ ပြန်ပြောလိုက်တယ်။ တကယ်လို့သူ ဒီဆွေးနွေးမှုကို ဟန့်တားချင်ရင် သမတကိုယ်တိုင်ဆီက အမိန့်တိုက်ရိုက်ယူဖို့လိုတယ်လို့ ကျနော် သူ့ကိုသတိပေးလိုက်တယ်။ **"တကယ်လို့ အဲဒီအမိန့်ရဖို့ သမတဆီ မင်းဖုန်းမဆက်ချင်ရင် ကျေးဇူးပြုပြီး ငါတို့ကို နောက်ထပ်မနှောင့်ယှက်ပါနဲ့"** လို့ ကျနော် ခပ်အေးအေးပြောလိုက်တယ်။ သူ ထပ်မနှောင့်ယှက်တော့ပါ။

ကျနော်ကြိုတင်ပြင်ဆင်ရေးသားထားတဲ့မိန့်ခွန်းကို အီစမိုင်နဲ့ဝင်နီ့ကိုပေးလိုက်တယ်။ အဲဒီထဲမှာ အစိုးရဆီပြန်ကြားချက်အပြင် ယူဒီအက်ဖ်ကို ကောင်းကောင်းလှုပ်ရှား အလုပ်လုပ်နိုင်တဲ့အတွက် ကျေးဇူးတင်ချီးကျူးကြောင်း နိုင်ငံသိပြောကြားထားပြီး ဂိုဏ်းချုပ်ကြီးတူးတူးကို [နိုဘယ်လ်] ဆုရတဲ့အတွက် ချီးကျူးဂုဏ်ပြုလိုက်တယ်။ ဒီဆုဟာ ပြည်သူတရပ်လုံးနဲ့ဆိုင်တယ်ဆိုတာကိုပါထည့်ပြောထားတယ်။ ၁၉၈၅ ခု၊ ဖေဖော်ဝါရီ (၁၀) ရက်၊ တနင်္ဂနွေနေ့မှာ ကျနော့်သမီးဇင်ဇီက ကျနော့်ပြန် ကြားချက်ကို လက်ခုပ်တီးသြဘာပေးနေတဲ့ လူအုပ်ကြီးကိုဖတ်ပြတယ်။ ဒီပြည်သူတွေဟာ ကျနော့်စကားတွေကို တောင်အာဖရိကနိုင်ငံထဲ ဘယ်နေရာမှာမဆို တရားဝင်နားမထောင်နိုင်ခဲ့တာ အနှစ် (၂၀) ကျော်ပြီဖြစ်တယ်။

ဇင်ဇီဟာ သူ့အမေလိုပဲ စကားပြောတာမာန်ပါတယ်။ သူမက အခုစကားတွေပြောဖို့ ဒီအားကစားကွင်းထဲ အဖေကိုယ်တိုင်ရောက်နေသင့်တယ်လို့ပြောတယ်။ ကျနော့်မိန့်ခွန်းဖတ်ပြတာ သူမဖြစ်တယ်ဆိုတာသိရလို့ ကျနော်ဂုဏ်ယူမိတယ်။

*ကျနော်ဟာ အာဖရိကအမျိုးသားကွန်ဂရက်ရဲ့ အဖွဲ့ဝင်တယောက်ဖြစ်ပါတယ်။ ကျနော်ဟာ အာဖရိကအမျိုးသားကွန်ဂရက်ရဲ့အဖွဲ့ဝင်တယောက်အမြဲဖြစ်ခဲ့ပြီး သေတဲ့အထိ အဖွဲ့ဝင်ဆက်ဖြစ်နေပါလိမ့်မယ်။ အော်လီဗာတမ်ဗိုဟာ ကျနော့်အတွက် အကိုတယောက်မကပါဘူး။ သူဟာ နှစ်ပေါင်းငါးဆယ်နီးပါး ကျနော့်ရဲ့အကောင်းဆုံးမိတ်ဆွေသူငယ်ချင်းလည်းဖြစ်၊ ရဲဘော်ရဲဘက်လည်းဖြစ်တယ်။ ခင်ဗျားတို့အထဲမှာ ကျနော့်လွတ်မြောက်ရေးကို အထူးလိုလားမျှော်လင့်သူ ဘယ်သူ့ထက်မဆို အော်လီဗာတမ်ဗိုက ကျနော့်လွတ်မြောက်ရေးကိုပိုပြီး မျှော်မှန်းလိုလားတာဖြစ်တယ်။ ကျနော်လွတ်ဖို့အတွက်ဆိုရင် သူ့အသက်တောင်စွန့်မယ်ဆိုတာ ကျနော်သိတယ်။ ...*

*အစိုးရက ကျနော့်အပေါ်ချမှတ်လိုတဲ့ ခြွင်းချက်တွေကို ကျနော်အံ့သြမိတယ်။ ကျနော်ဟာ လူကြမ်းတယောက်မဟုတ်ပါဘူး။ ... ကျနော်တို့အတွက် တခြားခုခံဆန့်ကျင်ရေးသဏ္ဌာန်လမ်းကြောင်းတွေအားလုံး ပိတ်သွားတော့တဲ့အခါမှ ကျနော်တို့ဟာ လက်နက်ကိုင်တိုက်ပွဲဘက်လှည့်တာ*

*ဖြစ်တယ်။ ဘိုသာဟာ [ယခင်ဝန်ကြီးချုပ်တွေဖြစ်ခဲ့တဲ့] မာလန်၊ စထရီဒွမ်၊ ဗားဝုဒ်တို့နဲ့ မတူကြောင်း ပြပါ။ အကြမ်းဖက်မှု စွန့်လွှတ်ကြောင်း ကြေညာလိုက်စမ်းပါ။ အသားအရောင်ခွဲခြားရေးဝါဒ ဖျက်သိမ်းမယ်လို့ ပြောလိုက်ပါ။ ပြည်သူလူထုရဲ့အဖွဲ့အစည်းဖြစ်တဲ့ အာဖရိကအမျိုးသားကွန်ဂရက်ကို မတရားသင်းကြေညာတာ ရုပ်သိမ်းပစ်ပါ။ အသားအရောင်ခွဲခြားရေးဝါဒ ဆန့်ကျင်မှုကြောင့် ထောင်ကျခံနေရသူတွေ၊ နယ်နှင်ဒဏ်ခံနေရသူတွေ၊ ပြည်နှင်ဒဏ်ခံနေရသူတွေအားလုံးကို လွှတ်လပ်ခွင့်ပေးလိုက်ပါ။ ပြည်သူလူထုက ကိုယ့်အုပ်ချုပ်မယ့်သူကို ရွေးချယ်ဆုံးဖြတ်နိုင်ဖို့ လွှတ်လပ်စွာနိုင်ငံရေးလှုပ်ရှားခွင့်ကို အာမခံလိုက်စမ်းပါ။ …*

*ကျနော်ဟာ ကိုယ့်လွှတ်လပ်မှုကို အင်မတန်တန်ဖိုးထားလိုလားပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့ရဲ့လွှတ်လပ်မှုကို ပိုလို့တောင်တန်ဖိုးထားလိုလားတယ်။ ကျနော် ထောင်ထဲရောက်တဲ့ အခါသမယနောက်ပိုင်း လူပေါင်းများစွာသေကြေခဲ့ကြရပြီး လွှတ်လပ်မှုကိုမြတ်နိုးလို့ လူပေါင်းများစွာ ဒုက္ခခံစားခဲ့ကြရပါပြီ။ အဲဒီသေဆုံးဒုက္ခရောက်သူတွေအတွက် ပူဆွေးငိုကြွေးခဲ့ကြတဲ့ ကျန်ရစ်သူမုဆိုးမတွေ၊ ကျန်ရစ်သူဖတဆိုး မိတဆိုးတွေ၊ ကျန်ရစ်သူမိခင်နဲ့ ဖခင်တွေအပေါ် ကျနော်အကြွေးတင်နေပါတယ်။ ဒီရှည်ကြာပြီး အထီးကျန်နိုင်တဲ့၊ အလဟဿဖြစ်သွားတဲ့ နှစ်ကာလများအတွင်း ကျနော်တယောက်ထဲသာ ဒုက္ခခံစားခဲ့ရတာမဟုတ်ပါဘူး။ ကျနော်ဟာ ကိုယ့်ဘဝကိုယ်ခင်တွယ်ရာမှာ ခင်ဗျားတို့ထက် မလျော့ပါဘူး။ ဒါပေမဲ့ ကျနော်ဟာ ကိုယ်လွှတ်ဖို့အတွက် ကိုယ့်မွေးရာပါအခွင့်အရေးကို ရောင်းမစားပစ်နိုင်ပါဘူး။ အလားတူပဲ ပြည်သူတွေရဲ့မွေးရာပါအခွင့်အရေးကိုလည်း ရောင်းစားဖို့အတွေးအခေါ် မရှိပါဘူး။ …*

*ပြည်သူလူထုရဲ့အဖွဲ့အစည်း ပိတ်ပင်ခံနေရတဲ့အချိန်မှာ ကျနော့်ကိုကမ်းလှမ်းလာတာဟာ ဘာလွှတ်လပ်မှုလဲ။ ကျနော့်ကို ခရီးသွားခွင့်လက်မှတ်ပြစ်မှုနဲ့ အဖမ်းခံရနိုင်စရာရှိတဲ့အခြေအနေမှာ ကျနော့်ကိုကမ်းလှမ်းလာတာ ဘာလွှတ်လပ်မှုလဲ။ ဘရင်းဖို့မြို့ကို နယ်နှင်ဒဏ်ခံနေရတဲ့ ကျနော့်ရဲ့ချစ်လှစွာသောဇနီးသည်နဲ့အတူ မိသားစုဘဝခံစားရဖို့ ကျနော့်ကိုကမ်းလှမ်းလာတာ ဘာလွှတ်လပ်မှုလဲ။ မြို့ထဲနေရဖို့ ခွင့်ပြုချက်လျှောက်ရတဲ့အခြေအနေမှာ ကျနော့်ကမ်းလှမ်းလာတာ ဘာလွှတ်လပ်မှုလဲ။ … ကျနော့်ရဲ့ တောင်အာဖရိကနိုင်ငံသားဖြစ်မှုကိုယ်၌က မလေးစားခံရတဲ့အခြေအနေမှာ ကျနော့်ကို ကမ်းလှမ်းလာတာ ဘာလွှတ်လပ်မှုလဲ။ …*

*လွှတ်လပ်တဲ့လူတွေသာ စေ့စပ်ဆွေးနွေးနိုင်ပါတယ်။ အကျဉ်းသားတွေဟာ ဆွေးနွေးသဘောတူချက်တွေ လုပ်လို့မရနိုင်ပါဘူး။ … ကျနော်နဲ့တကွ ခင်ဗျားတို့ပြည်သူတွေ လွှတ်လပ်မှုမရှိချိန်မှာ ကျနော့်အနေနဲ့ ဘာကိုမှကတိပေးသဘောတူမှု မလုပ်နိုင်ပါဘူး။ လုပ်လိမ့်မှာလည်း မဟုတ်ပါဘူး။ ခင်ဗျားတို့ရဲ့လွှတ်လပ်မှုနဲ့ ကျနော့်လွှတ်လပ်မှု ခွဲခြားမရနိုင်ပါဘူး။ ကျနော် ပြန်ကိုလာမှာပါ။ …”*

## ၈၉

၁၉၈၅ ခုမှာ ထောင်ဆရာဝန်က ပုံမှန်ဆေးစစ်မှုလုပ်ပြီးတော့ ကျနော့်ကို ဆီးရောဂါပါရဂူထံ ညွှန်လိုက်တယ်။ ဆီးရောဂါပါရဂူက ကျနော့်မှာ ပရောစတိတ်ဂလင်း (ဆီးအကြိတ်) ကြီးနေတယ်လို့ ရောဂါစစ်ချက်ပေးပြီး ခွဲစိတ်ကုသဖို့ ထောက်ခံတိုက်တွန်းတယ်။ သူက ဒါဟာ သာမန်လုပ်ရိုးလုပ်စဉ်ပါပဲလို့ ပြောတယ်။ ကျနော်ဟာ မိသားစုနဲ့တိုင်ပင်ပြီး ခွဲစိတ်မှုခံယူဖို့ ဆုံးဖြတ်လိုက်တယ်။

ကျနော့်ကို ကိပ်တောင်းမြို့မှာရှိတဲ့ ဖော့လ်က်ဆေးရုံကို လုံခြုံရေးထူထပ်စွာနဲ့ ခေါ်သွား

တယ်။ ခွဲစိတ်မှုမလုပ်ခင် ဝင်နီကလေယာဉ်နဲ့လာပြီး ကျနော့်ကိုတွေ့ခွင့်ရခဲ့တယ်။ ဒါပေမဲ့ ကျနော့်ကိုလာတွေ့သူ တခြားတယောက်ရှိသေးတယ်။ မျှော်လင့်မထားသူ၊ အံ့အားသင့်စရာကောင်းသူဖြစ်ပါတယ်။ သူကတော့ တရားရေးဝန်ကြီးကိုဘီကိုအက်ဆီးပါပဲ။ သိပ်မကြာခင်တုန်းက ကျနော် သူ့ဆီစာရေးပြီး အေအင်စီနဲ့အစိုးရ ဆွေးနွေးပွဲလုပ်ရေးကိစ္စပြောဖို့ သူနဲ့တွေ့ခွင့်တောင်းခဲ့တယ်။ သူက ဘာမှမပြန်ကြားခဲ့ပါ။ ဒါပေမဲ့ ဒီမနက်မှာတော့ သူဟာ ဆိုင်းမဆင့်ဗုံမဆင့် ဆေးရုံကိုရောက်ချလာတယ်။ မမာမကျန်းဖြစ်လို့ ရက်တချို့အိပ်ယာထဲလဲနေတဲ့ မိတ်ဆွေဟောင်းတယောက်ဆီ လူနာလာမေးတဲ့ ပုံစံမျိုးပါပဲ။ သူဟာလုံးလုံးကြီးကို ယဉ်ကျေးပျူငှာနေ ရင်းနှီးဖော်ရွေနေတယ်။ ကျနော်တို့ဟာ အဓိကအားဖြင့် အာလာပသလ္လာပတွေပဲ ပြောကြတယ်။ ကျနော်က အခုအဖြစ်ကို အင်မတန့်ဖြစ်ရိုးဖြစ်စဉ်လို၊ မထူးဆန်းသလိုပုံစံမျိုး သရုပ်ဆောင်နေပေမဲ့ စိတ်ထဲမှာတော့ အံ့သြနေမိတယ်။ အစိုးရဟာ အေအင်စီနဲ့ တစုံတရာ သဘောတူညီချက်ရဖို့လိုတယ်ဆိုတာကို ၎င်းတို့ပုံစံအတိုင်း ဖြေးဖြေးလေးလေး၊ တွန့်ဆုတ်တွန့်ဆုတ်နဲ့ စဉ်းစားတွက်ချက်မိနေပြီဖြစ်တယ်။ ကိုအက်ဆီးရဲ့ လာရောက်လည်ပတ်မှုဟာ သံလွင်ခက်တခက်ပါပဲ။

ကျနော်တို့ဟာ နိုင်ငံရေးမဆွေးနွေးခဲ့ပေမဲ့ အကဲဆတ်တဲ့ပြဿနာတခုတော့ ကျနော်တင်လိုက်သေးတယ်။ အဲဒါကတော့ ကျနော့်ဇနီးရဲ့အနေအထားဖြစ်တယ်။ ဩဂုတ်လထဲ ကျနော် ဆေးရုံမတက်ခင်လေးမှာ ဝင်နီဟာ ဂျိုဟန်နစ္စဘာဂ်မြို့ကို ဆေးကုခံဖို့သွားခဲ့တယ်။ **ဘရင်းဖို့မြို့**[*]ကနေ တခြားကိုခရီးသွားခွင့်ဆိုတာ ကျနော့်ဆီလာတွေ့တာ၊ ဒါမှမဟုတ် ဆရာဝန်ဆီသွားတာပဲ အခွင့်ရတယ်။ သူမ ဂျိုဟန်နစ္စဘာဂ်မြို့ရောက်နေစဉ် ဘရင်းဖို့မှာရှိတဲ့ သူမအိမ်နဲ့ အိမ်အနောက်ဖက်က ဆေးခန်းဟာ မီးလောင်ပုံးခွဲဖျက်ဆီးခံရတယ်။ ဝင်နီမှာ တခြားနေစရာအိမ်လည်းမရှိတော့ ဂျိုဟန်နစ္စဘာဂ်မှာပဲ ဆက်နေဖို့ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ တကယ်ကတော့ ဂျိုဟန်နစ္စဘာဂ်မြို့ဟာ သူမကိုကန့်သတ်ခွင့်ပြုထားတဲ့ နယ်မြေအပြင်ဘက်မှာဖြစ်တယ်။ ရက်သတ္တပတ်အနည်းငယ်အတွင်းမှာတော့ ဘာမှမဖြစ်ခဲ့ဘူး။ ဒီနောက်မှာတော့ လုံခြုံရေးပုလိပ်က သူမကို ဘရင်းဖို့ကအိမ်ကို ပြင်ပြီးပြီဖြစ်တဲ့အကြောင်းနဲ့ သူမပြန်ရမယ့်အကြောင်း စာရေးအကြောင်းကြားလာတယ်။ ဒါပေမဲ့ သူမက ပြန်ဖို့ငြင်းခဲ့တယ်။ ဝင်နီကို ဂျိုဟန်နစ္စဘာဂ်မှာပဲ ဆက်နေခွင့်ပေးဖို့နဲ့ ဘရင်းဖို့ကို အတင်းအကြပ်မပြန်ခိုင်းဖို့ ကိုအက်ဆီးကို ကျနော်ပန်ကြားခဲ့တယ်။ ကိုအက်ဆီးက သူ့အနေနဲ့ဘာကိုမှ ကတိမပေးနိုင်ကြောင်း၊ ဒါပေမဲ့ စုံစမ်းလေ့လာကြည့်ပေးမယ့်အကြောင်း ပြောတယ်။ ကျနော် သူ့ကို ကျေးဇူးတင်ကြောင်း ပြောလိုက်တယ်။

ကျနော်ဟာ ခွဲစိတ်ကုသပြီးနောက် ဆေးရုံမှာပဲ နာလန်ထရင်း ရက်တချို့ကြာခဲ့တယ်။ ဆေးရုံကဆင်းတဲ့အခါ ကျနော့်ကို ဗိုလ်မှူးချုပ်မန်ရိုးကလာခေါ်တယ်။ ထောင်မှူး၊ ထောင်ပိုင်

---

[*] **နယ်နှင်ဒဏ်ခံနေရသောနေရာ**

တွေ့ဟာ ဆေးရုံဆင်းအကျဉ်းသားတွေကို လာကြိုရိုးထုံးစံမရှိပါဘူး။ ဒါကြောင့် ကျနော် ချက်ခြင်းပဲ မသင်္ကာဖြစ်မိတယ်။

အပြန်ကားစီးလာရင်း ဗိုလ်မှူးချုပ်မန်ရိုးက သာမန်စကားစမြည်ပြောနေသလိုမျိုး အမှုမဲ့ အမှတ်မဲ့ပုံစံနဲ့ **"မင်ဒဲလား၊ အခု ခင်ဗျားကို ခင်ဗျားမိတ်ဆွေတွေဆီ ပြန်ခေါ်မသွားတော့ဘူး"** လို့ ပြောလိုက်တယ်။ သူဘာဆိုလိုသလဲလို့ ကျနော်မေးလိုက်တယ်။ **"အခုကစပြီး ခင်ဗျား တယောက် ထဲပဲ နေရတော့မယ်။"** ဘာကြောင့်လဲလို့ ကျနော်ကမေးတယ်။ သူခေါင်းခါပြတယ်။ **"ကျနော် လည်း မသိဘူးဗျ။ ခုနလေးတင်ပဲ ရုံးချုပ်က ဒီညွှန်ကြားချက်ကိုပေးလာတာ"** လို့ ပြန်ပြောတယ်။ [ခါတိုင်းလိုပဲ] အခုတခါလည်း ကြိုတင်သတိပေးမှုမရှိ၊ အကြောင်းပြချက်မရှိပါ။

ပိုးလ်စမိုး ပြန်ရောက်တော့ ကျနော့်ကို ထောင်ရဲ့မြေညီထပ်က အခန်းတခန်းကိုခေါ်သွား တယ်။ အရင်နေခဲ့တဲ့အခန်းရဲ့အောက် သုံးထပ်နိမ့်ပြီး အဆောင်ချင်းလည်း လုံးဝမတူတော့ပါ။ ကျနော့်နေရာက အခန်းသုံးခန်းနဲ့ သီးသန့်အိမ်သာ၊ ရေချိုးခန်းပါတယ်။ တခန်းကိုအိပ်ခန်း၊ တခန်းကိုစာကြည့်ခန်းနဲ့ နောက်တခန်းကို ကျန်းမာရေးလေ့ကျင့်ရာအဖြစ်သုံးလိုက်တယ်။ အကျဉ်းထောင်စံနှုန်းတွေအရဆိုရင် ဒီနေရာဟာ နန်းတော်တမျှပါပဲ။ ဒါပေမဲ့ အခန်းတွေက စိုထိုင်းပြီး မှိုစော်နံတယ်။ သဘာဝအလင်းရောင်လည်း နည်းနည်းလေးပဲရတယ်။ ကျနော်က ဗိုလ်မှူးချုပ်ကို ဘာမှမပြောတော့ဘူး၊ ဘာလို့လဲဆိုတော့ [ဒီလိုပြောင်းရွှေ့ဖို့] ဆုံးဖြတ်ချက်ကို သူပေးတာမဟုတ်မှန်း ကျနော်သိလို့ဖြစ်ပါတယ်။ ဒီပြောင်းရွှေ့မှုရဲ့ အလားအလာတွေ၊ အကျိုး ဆက်တွေကို ကျနော်အချိန်ယူပြီး စဉ်းစားချင်သေးတယ်။ ဘာကြောင့် အစိုးရဟာ ဒီခြေလှမ်းကို လှမ်းလိုက်သလဲ။

ဒါကို လမ်းပေါက်ဖွင့်ပြမှုတခုအဖြစ်ပြောဖို့တော့ တော်တော့်ကိုလိုပါသေးတယ်။ ဒါပေမဲ့ နောက်ထပ်ရက်သတ္တပတ်အနည်းငယ်အတွင်းမှာတော့ ကျနော့်အနေအထားသစ်နဲ့ ပတ်သက်ပြီး သဘောပေါက်သိမြင်မှုတခုရလာတယ်။ အပြောင်းအလဲဟာ ပြဿနာဝန်ထုပ် ဝန်ပိုးမဟုတ်ဘူး။ အခွင့်အလမ်းတခုဖြစ်တယ်လို့ ကျနော်ဆုံးဖြတ်လိုက်တယ်။ ကျနော့်လုပ်ဖော် ကိုင်ဖက်တွေနဲ့ခွဲရတာကို ကျနော်စိတ်မကောင်းဖြစ်မိတယ်။ ကျနော့်ဥယျာဉ်ခြံနဲ့ တတိယထပ်က နေရောင်ရတဲ့ ကွင်းပြင်လေးကိုလည်း လွမ်းမိတယ်။ ဒါပေမဲ့ ကျနော်ရဲ့ တကိုယ်တော်ဘဝဟာ ကျနော့်အတွက် တစုံတရာလွတ်လပ်မှုဖြစ်စေတယ်။ အဲဒါနဲ့ ကျနော်ဟာ ကိုယ်စဉ်းစားဆင်ခြင် နေတာကြာပြီဖြစ်တဲ့ ကိစ္စရပ်တခုဆောင်ရွက်နိုင်အောင် ဒီတကိုယ်တော်ဘဝကို အသုံးချဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီကိစ္စရပ်ကတော့ အစိုးရနဲ့ဆွေးနွေးပွဲတွေစတင်ရေးပါပဲ။ [ကျနော်တို့] တိုက်ပွဲဟာ စေ့စပ်ဆွေးနွေးပွဲတွေကတဆင့်သာ ရှေ့ကို အကောင်းဆုံးတွန်းတင်နိုင်မယ့်အချိန် ရောက်လာပြီလို့ ကျနော်နိဂုံးချုပ် ကောက်ချက်ဆွဲထားတယ်။ အကယ်၍ ကျနော်တို့ဟာ တွေ့ဆုံဆွေးနွေးမှု အမြန်စမလုပ်ရင် နှစ်ဘက်လုံးဟာဖိနှိပ်မှု၊ အကြမ်းဖက်မှုနဲ့ စစ်ပွဲဆိုတဲ့ အမိုက် မှောင်ထဲ မကြာခင်နစ်မြုပ်သွားကြလိမ့်မယ်။ ကျနော့်ရဲ့ တကိုယ်တော်ဘဝဟာ အဲဒီ [ဆွေးနွေးရေး] ဦးတည်ချက်သွားဖို့ ခြေလှမ်းစလှမ်းနိုင်မယ့်အခွင့်အရေးပေးနေပြီး ဒီလို

ကြိုးပမ်းချက်တွေကို ပျက်ပြားစေနိုင်လေ့ရှိတဲ့ ဘေးကမျက်လုံးဒေါက်ထောက်ကြည့်မှုမျိုးတွေလည်းမရှိဖြစ်နေတယ်။

ကျနော်တို့ဟာ လူဖြူလူနည်းစုအုပ်ချုပ်ရေးကို ရာစုနှစ်တခုရဲ့ လေးပုံသုံးပုံ (၇၅ နှစ်) ကြာအောင် တိုက်ပွဲဝင်နေခဲ့ကြတယ်။ ကျနော်တို့ဟာ လက်နက်ကိုင်တိုက်ပွဲကို ဆယ်စုနှစ်နှစ်ခု (အနှစ် ၂၀) ကျော်ဆင်နွှဲနေခဲ့တယ်။ နှစ်ဖက်လုံးက လူပေါင်းများစွာသေခဲ့ကြပြီ။ ရန်သူဟာ အင်အားကြီးပြီး ကြံ့ခိုင်ပြတ်သားတယ်။ ဒါပေမဲ့ သူတို့ဗုံးကြဲလေယာဉ်တွေ၊ တင့်ကားတွေ တပုံကြီးရှိနေတာတောင်မှ သူတို့ဟာ သမိုင်းရဲ့အမှားဘက်ခြမ်းမှာရောက်နေတယ်ဆိုတာ သိမြင်ခံစားလာပုံရတယ်။ ကျနော်တို့ဖက်မှာတော့ အမှန်တရားရှိနေတယ်။ ဒါပေမဲ့ အင်အားတော့မရှိသေးပါဘူး။ စစ်ရေးအရ အောင်ပွဲခံဖို့ဆိုတာမဖြစ်နိုင်ဘူးလို့ မပြောနိုင်တောင်မှ အတော်အလှမ်းဝေးတဲ့ အိပ်မက်ဖြစ်တယ်ဆိုတာ ကျနော့်အတွက်ရှင်းနေပါတယ်။ မလိုအပ်ဘဲနဲ့ ပဋိပက္ခတခုထဲမှာ နှစ်ဘက်လုံးက အသက်တွေသန်းချီပြီးမဟုတ်တောင် ထောင်ချီပြီး အဆုံးခံဖို့ဆိုတာ ဘယ်လိုမှအဓိပ္ပါယ်မရှိပါဘူး။ သူတို့လည်း ဒါကို ကောင်းကောင်းသိပုံရတယ်။ စကားပြောဖို့အချိန်ကျနေပါပြီ။

ဒီကိစ္စဟာ အင်မတန့်ကို အကဲဆတ်တဲ့ကိစ္စဖြစ်တယ်။ ဆွေးနွေးတယ်ဆိုတာကို အားနည်းတဲ့လက္ခဏာအဖြစ်၊ သစ္စာဖောက်တဲ့လက္ခဏာအဖြစ် နှစ်ဘက်စလုံးက သဘောထားကြတယ်။ တဖက်ဖက်က ထင်ရှားတဲ့အလျှော့ပေးမှုတွေမလုပ်မချင်း နောက်တဖက်က စားပွဲဝိုင်းဆီလာမှာ မဟုတ်ပါဘူး။ အစိုးရက ကျနော်တို့ဟာ ကွန်မြူနစ်တွေရဲ့အကြမ်းဖက် (Terrorist) အဖွဲ့အစည်းဖြစ်တယ်။ အစိုးရဟာ အကြမ်းဖက်သမားတွေ (သို့မဟုတ်) ကွန်မြူနစ်တွေနဲ့ ဘယ်တော့မှစကားပြောမှာမဟုတ်ဘူးလို့ ထပ်ခါထပ်ခါအခိုင်အမာပြောထားတယ်။ ဒါဟာ **အမျိုးသားပါတီ***ရဲ့ တရားသေခံယူချက်ဖြစ်တယ်။ အေအင်စီကလည်း အစိုးရဟာ ဖက်ဆစ်ဖြစ်တယ်၊ လူမျိုးခွဲခြားရေးသမားဖြစ်တယ်၊ အစိုးရဟာ အေအင်စီကို မတရားသင်းကြေညာထားတာမပယ်ဖျက်မချင်း၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ ပြန်မလွှတ်မချင်း၊ **မြို့သစ်တွေ****ကနေ စစ်တပ်တွေပြန်မရုပ်မချင်း၊ အစိုးရနဲ့စကားပြောဖို့မရှိဘူးလို့ ထပ်ခါထပ်ခါ အခိုင်အမာပြောထားတယ်။

အစိုးရနဲ့ စကားပြောရေးဆုံးဖြတ်ဖို့ဆိုတာ အလွန့်ကိုအရေးကြီးတဲ့အတွက် ဒီဆုံးဖြတ်ချက်ဟာ **လူဆာကာမြို့**❖မှာပဲ ဆုံးဖြတ်ရမယ့်ကိစ္စဖြစ်တယ်။ ဒါပေမဲ့ [စကားပြောရေး] ဖြစ်စဉ်ဟာ စဖို့လိုနေပြီလို့ ကျနော်ယူဆတယ်။ နောက်ပြီး အော်လီဗာနဲ့ သေသေချာချာဆက်သွယ်ဖို့ ကျနော့်မှာ အချိန်လည်းမရှိ၊ နည်းလမ်းလည်းမရှိဖြစ်နေတယ်။ ကျနော်တို့ဘက်က တယောက်ယောက်က ပထမဆုံးခြေလှမ်းကိုစလှမ်းဖို့လိုနေပြီး ကျနော့်ရဲ့ သီးသန့်တကိုယ်တော်အနေ

---

* အသားအရောင်ခွဲခြားရေးဝါဒီ လူဖြူပါတီ

** လူမည်းများအတွက် သီးသန့်သတ်မှတ်ထားသောမြို့နယ်များ

❖ အေအင်စီဗဟိုရုံရာ ဇမ်ဘီယာနိုင်ငံမြို့တော်

အထားသစ်က အဲသလိုလုပ်နိုင်ဖို့ လွှတ်လပ်မှုကိုရော၊ ကျနော့်ကြိုးပမ်းချက်တွေ မပေါက်ကြားရေးအတွက် အနိမ့်ဆုံးအားဖြင့် ကာလတခု အာမခံချက်ကိုပါ အခွင့်အလမ်းပေးနေပါတယ်။

ကျနော်ဟာအခုဆိုရင် အင်မတန်ကောင်းတဲ့၊ တကိုယ်တည်း သီးသန့်ချုပ်နှောင်ခံရမှုမျိုး ခံနေရတယ်။ ကျနော့်လုပ်ဖော်ကိုင်ဖက်တွေဟာ ကျနော့်အပေါ်သုံးထပ်မှာသာရှိနေပေမဲ့ သူတို့ဟာ ဂျိုဟန်နစ္စဘာဂ်မှာ ရောက်နေသလိုပါပဲ။ သူတို့ကိုတွေ့ဖို့ဆိုရင် ကျနော်ဟာ တရားဝင် ပန်ကြားချက်တခု တင်ပြရတယ်။ အဲဒီပန်ကြားစာကို ပရီတိုးရီးယားရုံးချုပ်က ခွင့်ပြုထောက်ခံဖို့ လိုတယ်။ အဲသလို ခွင့်ပြုကြောင်းပြန်ကြားချက်ရဖို့ ရက်သတ္တပတ်ပေါင်းများစွာ ကြာလေ့ရှိပါတယ်။ ခွင့်ပြုချက်ရတဲ့အခါ ကျနော်ဟာ သူတို့နဲ့ ထောင်ဝင်စာတွေ့တဲ့နေရာမှာ တွေ့ရတယ်။ ဒါဟာဖြင့် ထူးခြားသစ်ဆန်းတဲ့ အတွေ့အကြုံတခုပါပဲ။ ကျနော့်ရဲဘော်တွေနဲ့ ဘဝတူအကျဉ်းသားတွေဟာ အခုဆိုရင် ကျနော့်ကို တရားဝင်ထောင်ဝင်စာတွေ့သူတွေ ဖြစ်နေပြီ။ ကျနော်တို့ဟာ အရင်က နှစ်ပေါင်းများစွာအတူနေခဲ့ပြီး တရက်ကို နာရီပေါင်းများစွာ စကားပြောနိုင်ခဲ့တယ်။ အခုတော့ တရားဝင်လျှောက်လွှာတွေတင်၊ ချိန်းဆိုချက်တွေလုပ်မှရပြီး ပြောစကားတွေလည်း ဘေးကစောင့်နားထောင်ခံရတယ်။

ကျနော်ဟာ အခန်းသစ်ရောက်ပြီး ရက်အနည်းငယ်အကြာမှာ အဲသလိုတွေ့ဆုံမှုတခု စီစဉ်ပေးဖို့ ထောင်ပိုင်ကိုပန်ကြားခဲ့တယ်။ သူစီစဉ်ပေးလို့ ကျနော်တို့လေးယောက်တွေ့ရပြီး ကျနော်နေရာပြောင်းခံရတဲ့ကိစ္စ ဆွေးနွေးကြတယ်။ ဝေါလ်တာ၊ ကက်သီနဲ့ ရေးတို့ဟာ ကျနော်နဲ့ လူချင်းကွဲသွားလို့ ဒေါသထွက်နေကြတယ်။ သူတို့က ပြင်းပြင်းထန်ထန်ကန့်ကွက်မှုတရပ် လုပ်ချင်ကြပြီး ကျနော်တို့ကို ပြန်ပေါင်းထားဖို့ တောင်းဆိုချင်ကြတယ်။ ကျနော့်တုံ့ပြန်ချက်ဟာ သူတို့မျှော်လင့်ထားသလို မဟုတ်ခဲ့ပါ။ ကျနော်က **"ဒီမှာကိုယ့်လူတို့၊ ကျနော့်အနေနဲ့ ဒါကို ဆန့်ကျင်သင့်တယ်လို့ မထင်ဘူး"** လို့ ပြောလိုက်တယ်။ ကျနော့်ကိုထားတဲ့နေရာသစ်ဟာ အဆင့်မြင့်တယ်။ ဒါကို နိုင်ငံရေးအကျဉ်းသားအားလုံးအတွက် အစဉ်အလာဖြစ်အောင်လုပ်သွားနိုင်မယ်လို့ ကျနော်က ပြောပြတယ်။ ပြီးတော့ ကျနော်က **"ဒီကိစ္စကနေ ကောင်းတာတခုခု ဖြစ်ချင်ဖြစ်လာနိုင်တယ်။ အခုဆိုရင် အစိုးရက ကျနော်တို့ကို ချဉ်းကပ်နိုင်ဖို့အနေအထားမှာ ကျနော် ရှိနေပြီ"** လို့ ခပ်ဝါးဝါးထပ်ဖြည့်ပြောလိုက်တယ်။ ဒီနောက်ဆုံးရှင်းပြချက်ကို သူတို့ သိပ်ဂရုမမူမိကြပါ။ ဂရုမူမှာ မဟုတ်ဘူးဆိုတာလည်း ကျနော်သိပါတယ်။

ကျနော် ဘာလုပ်မယ်ဆိုတာ ဘယ်သူ့မှမပြောဖို့ ဆုံးဖြတ်ထားတယ်။ အပေါ်ထပ်က ကျနော့် လုပ်ဖော်ကိုင်ဖက်တွေရော၊ လူဆာကာက ရဲဘော်တွေရော မပြောဖို့ဖြစ်တယ်။ အေအင်စီဟာ အစုအပေါင်းတခုဖြစ်ပေမဲ့ ဒီနေရာမှာ အစိုးရက စုပေါင်း [ဆွေးနွေးတိုင်ပင်] မှုကို မဖြစ်နိုင်အောင်လုပ်ထားတယ်။ ကျနော့်အဖွဲ့အစည်းနဲ့ ဒီကိစ္စတွေဆွေးနွေးဖို့ ကျနော့်မှာ လုံခြုံမှုလည်းမရှိ၊ အချိန်လည်းမရှိ ဖြစ်နေတယ်။ အပေါ်ထပ်က ကျနော့်အဖော်တွေဟာ ကျနော့် အဆိုပြုချက်ကို ရှုတ်ချပြစ်တင်ကြမှာ ကျနော်သိတယ်။ အဲသလိုဆိုရင် ကျနော့်ရဲ့ ရှေ့ဆောင်

ရှေ့ရှုက်မှုဟာ လျှော့မွေးဖြစ်သွားလိမ့်မယ်။ ခေါင်းဆောင်တယောက်ဟာ ကိုယ့်လူတွေကို လမ်းမှန်အတိုင်းဦးဆောင်နေတယ်ဆိုတာ ယုံကြည်မှုအပြည့်နဲ့ ကိုယ့်အုပ်ရှေ့ကို ထိုးထွက်သွားပြီး ဦးတည်ချက်အသစ်အတိုင်း ထွက်သွားရမယ့်အချိန်အခါတွေရှိတယ်။ နောက်ဆုံးအချက် အနေနဲ့ တကယ်လို့ အရာကိစ္စတွေ မျှော်လင့်စီစဉ်ထားသလိုဖြစ်မလာရင် ကျနော့်ရဲ့ တကိုယ်တော်သီးသန့် အကျဉ်းခံဘဝကို ကျနော့်အဖွဲ့အစည်းအနေနဲ့ အကြောင်းပြချက်ပေးစရာလည်း ရတယ်။ ဘယ်လိုလဲဆိုတော့ အဖိုးကြီးက တယောက်ထဲနေနေရပြီး အကုန်လုံးနဲ့ အဆက်ပြတ်နေတယ်၊ သူ့လုပ်ရပ်တွေဟာ သူ့တဦးချင်းပဲဆိုင်တယ်၊ အေအင်စီကို ကိုယ်စားမပြုဘူးလို့ ဆင်ခြေပေးနိုင်တယ်လေ။

## ၉၀

နေရာပြောင်းပြီး ရက်သတ္တပတ်အနည်းငယ်အတွင်း ကျနော်ဟာ ကိုဘီကိုအက်ဆီးထံ စကားပြောရေးကိစ္စနဲ့ပတ်သက်ပြီး စကားပြောဆိုဆွေးနွေးဖို့ အဆိုပြုကမ်းလှမ်းစာ ရေးလိုက်တယ်။ ခါတိုင်းလိုပဲ ဘာပြန်ကြားချက်မှမရပါ။ ကျနော် နောက်တခါ စာထပ်ရေးတယ်။ ဒါလည်း ဘာမှ တုံ့ပြန်မှုမရှိပြန်ပါဘူး။ ဒါဟာထူးဆန်းပြီး စိတ်ဓာတ်ကျစရာပါပဲ။ ကျနော်ပြောတာကို ကြားအောင် တခြားအခွင့်အလမ်းရှာဖို့လိုတယ်ဆိုတာ ကျနော့်အနေနဲ့ သဘောပေါက်လာတယ်။ အဲဒီ အခွင့်အလမ်းက ၁၉၈၆ ခု နှစ်ဦးပိုင်းမှာ ပေါ်လာတယ်။

၁၉၈၅ ခု၊ အောက်တိုဘာလက နာဆောမှာကျင်းပတဲ့ ဗြိတိသျှနေသဟာယအဖွဲ့ အစည်းအဝေးတခုမှာ ခနသဟာယခေါင်းဆောင်တွေဟာ တောင်အာဖရိကနိုင်ငံအပေါ် နိုင်ငံတကာစီးပွားရေးဒဏ်ခတ်မှုတွေထဲ ပါဝင်ရေး၊ မပါဝင်ရေး သဘောတူညီမှုမရနိုင်ဘဲ ဖြစ်ခဲ့တယ်။ ဒါဟာ အဓိကအားဖြင့် ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာက ခေါင်းမာမာနဲ့ [ဒဏ်ခတ်ရေးကို] ဆန့်ကျင်နေလို့ ဖြစ်ပါတယ်။ လိပ်ခဲတည်းလည်းအခြေအနေ ဖြေရှင်းဖို့အတွက်၊ စည်းဝေးနေကြတဲ့နိုင်ငံတွေက တောင်အာဖရိကနိုင်ငံကို **'ထင်ရှားသောပုဂ္ဂိုလ်များ'** ပါဝင်တဲ့ ကိုယ်စားလှယ်တဖွဲ့လွှတ်ပြီး အသားအရောင်ခွဲခြားရေးဝါဒ အဆုံးသတ်စေဖို့ရာမှာ ဒဏ်ခတ်အရေးယူမှုတွေဟာ သင့်လျော်တဲ့အထောက်အကူလက်နက်ဖြစ်မဖြစ် ပြန်အစီရင်ခံစေဖို့ သဘောတူလိုက်ကြတယ်။ ၁၉၈၆ ခုနှစ်စမှာ နိုင်ဂျီးရီးယားနိုင်ငံ စစ်ခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်ကြီး အိုလူစီဂန်အိုဘာစန်ဂျိုနဲ့ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မယ်လ်ကွမ်ဖရေဇာတို့ ခေါင်းဆောင်တဲ့ အဖွဲ့ဝင် (၇) ဦးပါ ထင်ရှားသောပုဂ္ဂိုလ်များအဖွဲ့ဟာ အချက်အလက်ရှာဖွေရေး ခရီးစဉ်အဖြစ် တောင်အာဖရိကနိုင်ငံကို ရောက်လာတယ်။

ဖေဖော်ဝါရီလမှာ ကျနော့်ကို ဗိုလ်ချုပ်ကြီး အိုဘာစန်ဂျိုလာတွေ့ပြီး ကိုယ်စားလှယ်အဖွဲ့ရဲ့ သတ်မှတ်ထားတဲ့ တာဝန်ပိုင်းသဘောသဘာဝကို ဆွေးနွေးခဲ့တယ်။ သူဟာ ကျနော်နဲ့ ကိုယ်စားလှယ်တဖွဲ့လုံး တွေ့ဆုံဆွေးနွေးပွဲလုပ်ရေးဖြစ်နိုင်စေဖို့ စိတ်ထက်သန်နေတယ်။ အစိုးရရဲ့ ခွင့်ပြုချက်နဲ့ မေလထဲမှာ အဲဒီတွေ့ဆုံဆွေးနွေးပွဲလုပ်ဖို့ စီစဉ်လိုက်တယ်။ ကျနော်နဲ့တွေ့ပြီးရင် ဒီအဖွဲ့

ဟာ အစိုးရအဖွဲ့နဲ့ ဆွေးနွေးဖို့ရှိတယ်။ ဒီတော့ ကျနော်က ဒါကို စေ့စပ်ဆွေးနွေးပွဲကိစ္စအကောင်အထည်ဖော်ဖို့ အခွင့်အရေးတခုအဖြစ် သဘောထားခဲ့တယ်။

အစိုးရက ကျနော်နဲ့အဲဒီအဖွဲ့ တွေ့ဆုံစကားပြောကြမယ့်ကိစ္စကို ထူးခြားမှုကြီးတခုအဖြစ် သဘောထားတယ်။ တွေ့ဆုံပွဲမတိုင်ခင် နှစ်ရက်အလိုမှာ ကျနော့်ကို ဗိုလ်မှူးချုပ် မန်ရိုးလာတွေ့တယ်။ သူနဲ့အတူ အဝတ်ချုပ်သမားတယောက်ခေါ်လာတယ်။ ထောင်ပိုင်က **"မင်ဒဲလား၊ ကျနော်တို့က ခင်ဗျား ဒီလူတွေနဲ့တွေ့တဲ့အခါ အောက်ကျနောက်ကျမဖြစ်စေချင်ဘူး။ အဲဒီ ထောင်အဝတ်အစားဟောင်းတွေ မဝတ်စေချင်ဘူး။ ဒါကြောင့် ဒီအဝတ်ချုပ်ဆရာက ခင်ဗျားကိုယ်တိုင်းတွေယူပြီး သင့်တော်တဲ့ဝတ်စုံတထည်ချုပ်ပြီး ဆင်ပေးလိမ့်မယ်"** လို့ ပြောတယ်။ အဝတ်ချုပ်သမားဟာ အတော်ထူးချွန်တဲ့ ပညာရှင်ဖြစ်ပုံပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ နောက်တနေ့မှာ [သူပို့လာတဲ့] ဒေါင်လိုက်အစင်းနဲ့ အနောက်တိုင်းဝတ်စုံကိုဝတ်ကြည့်တဲ့အခါ တကယ့်ကို အံကိုက်ဖြစ်နေလို့ပါ။ ကျနော့်ကို ရှပ်အင်္ကျီတထည်၊ လည်စီး၊ ရှူးဖိနပ်၊ ခြေစွပ်နဲ့ အတွင်းခံဘောင်းဘီတွေလည်း ထုတ်ပေးတယ်။ ထောင်ပိုင်က ကျနော့်ဝတ်စားဆင်ယင်မှုအသစ်ကို သဘောကျပြီး **"မင်ဒဲလား၊ ခင်ဗျားအခု အကျဉ်းသားနဲ့မတူတော့ဘူး၊ ဝန်ကြီးချုပ်နဲ့ တူနေပြီဗျ"** လို့ ပြောပြီးပြုံးတယ်။

ကျနော်နဲ့ ထင်ရှားသောပုဂ္ဂိုလ်များအဖွဲ့တွေ့ဆုံပွဲမှာ ထူးခြားထင်ရှားတဲ့ လေ့လာသူနှစ်ယောက်လည်း လာတက်တယ်။ သူတို့ကတော့ ကိုဘီကိုအက်ဆီးနဲ့ အကျဉ်းထောင်မင်းကြီးဒု ဗိုလ်ချုပ်ကြီးဝီလမ်စီတို့ ဖြစ်တယ်။ ဒီနှစ်ယောက်ကလည်း အဝတ်ချုပ်ဆရာလို ကျနော့်ကိုယ်တိုင်းလာယူတာ [လာအကဲခတ်တာ] ဖြစ်ပေမဲ့ ထူးထူးဆန်းဆန်းပဲ သူတို့ဟာ အစည်းအဝေးစပြီး သိပ်မကြာခင်ပြန်ထွက်သွားကြတယ်။ ကျနော်က သူတို့ကို ကျနော့်မှာ ဘာမှဖုံးကွယ်စရာမရှိဘူးလို့ပြောပြီး အတင်းဆက်နေခိုင်းပေမဲ့လည်း သူတို့က ထွက်သွားကြတယ်။ သူတို့ထွက်မသွားခင် ကျနော်ကသူတို့ကို အခုအချိန်ဟာ စစ်တိုက်ဖို့အချိန်မဟုတ်တော့ဘဲ စေ့စပ်ဆွေးနွေးဖို့ အချိန်ရောက်လာပြီဖြစ်တဲ့အကြောင်းနဲ့၊ အစိုးရနဲ့အေအင်စီတို့ဟာ ထိုင်ပြီးစကားပြောသင့်ပြီလို့ ပြောလိုက်တယ်။

ထင်ရှားသောပုဂ္ဂိုလ်များအဖွဲ့ဟာ အကြမ်းဖက်မှု (Violence) ကိစ္စ၊ စေ့စပ်ဆွေးနွေးရေးကိစ္စ၊ နိုင်ငံတကာဒဏ်ခတ်အရေးယူမှုကိစ္စတွေနဲ့ပတ်သက်ပြီး မေးခွန်းတွေ အများကြီးမေးကြတယ်။ စစချင်းမှာပဲ ကျနော်က ကျနော်တို့ဆွေးနွေးမှုတွေအတွက် အခြေခံဘောင်ကိုချထားလိုက်တယ်။ ကျနော်က သူတို့ကို **"ကျနော်ဟာ လှုပ်ရှားမှုရဲ့ခေါင်းဆောင်မဟုတ်ပါဘူး။ လှုပ်ရှားမှုရဲ့ခေါင်းဆောင်ဟာ လူဆာကာမြို့မှာရှိတဲ့ အော်လီဗာတမ်ဗို ဖြစ်တယ်။ ခင်ဗျားတို့ သူ့ကိုသွားတွေ့သင့်တယ်။ ခင်ဗျားတို့ သူ့ကို ကျနော့်အမြင်တွေ ပြောပြနိုင်ပါတယ်။ ဒါပေမဲ့ ဒီအမြင်တွေဟာ ကျနော့်တယောက်တည်းရဲ့ တဦးချင်းအမြင်တွေဖြစ်ပါတယ်။ ဒီအမြင်တွေဟာ ဒီထောင်ထဲမှာရှိတဲ့ ကျနော့်အဖော်တွေရဲ့ အမြင်တွေကိုတောင် ကိုယ်စားမပြုပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကျနော့်အနေနဲ့ အေအင်စီနဲ့အစိုးရ ဆွေးနွေးပွဲတွေစတင်ရေးကို လိုလားပါတယ်"** လို့ ပြောလိုက်

တယ်။

အဖွဲ့ဝင်အများအပြားက ကျနော့်ရဲ့ နိုင်ငံရေးအယူအဆနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေရှိကြတယ်။ အေအင်စီခေါင်းဆောင်မှုအောက်မှာ တောင်အာဖရိကနိုင်ငံ ဘယ်လိုပုံထွက်မလဲဆိုတာကိုလည်း စိုးရိမ်ကြတယ်။ ကျနော်ကသူတို့ကို ကျနော်ဟာ တောင်အာဖရိက အမျိုးသားရေးဝါဒီတယောက်ဖြစ်ကြောင်း၊ ကွန်မြူနစ်တယောက်မဟုတ်ကြောင်း၊ အမျိုးသားရေးဝါဒီတွေဟာ အရောင်အသွေးမျိုးစုံရှိကြောင်းနဲ့ ကျနော်ဟာ လူမျိုးမခွဲခြားတဲ့ လူ့ဘောင်တရပ်ထူထောင်ရေးကို ခိုင်ခိုင်မာမာခံယူထားကြောင်း ပြောလိုက်တယ်။ ကျနော်ဟာ **လွတ်လပ်ရေးကြေညာစာတမ်း***(Freedom Charter) ကို ယုံကြည်ကြောင်း၊ ကြေညာစာတမ်းဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအခြေခံမှုတွေကို ဖော်ပြညွှန်းဆိုထားပြီး ဆိုရှယ်လစ်စနစ်ပုံစံကြမ်း ဆွဲထားတာ မဟုတ်ကြောင်း သူတို့ကို ကျနော်ပြောပြတယ်။ လူဖြူလူနည်းစုဟာ တောင်အာဖရိကနိုင်ငံသစ်မှာ မလွဲမသွေ လုံခြုံမှုခံစားရစေဖို့ ကျနော်အလေးထားကြောင်းပြောပြတယ်။ ကျနော်တို့ ပြဿနာအတော်များများဟာ အစိုးရနဲ့အေအင်စီကြား ဆက်သွယ်မှုမရှိလို့ ပေါ်လာတာဖြစ်တယ်လို့ ကျနော်ယူဆကြောင်းနဲ့ ဒီပြဿနာတချို့ဟာ လက်တွေ့ဆွေးနွေးပြောဆိုရင်းနဲ့ ဖြေရှင်းနိုင်ကြောင်း သူတို့ကို ကျနော်ပြောလိုက်တယ်။

သူတို့က ကျနော့်ကို အကြမ်းဖက်မှု (Violence) ကိစ္စနဲ့ပတ်သက်ပြီး စေ့စေ့စုံစုံမေးကြတယ်။ ကျနော်က အကြမ်းဖက်မှုကိစ္စနဲ့လွတ်ဖို့ ဆန္ဒမရှိသေးပေမဲ့ အကြမ်းဖက်မှုဟာ တောင်အာဖရိကနိုင်ငံရဲ့အခြေအနေကို အဆုံးစွန်ဖြေရှင်းချက်တော့ ဘယ်တော့မှမဖြစ်နိုင်တဲ့အကြောင်းနဲ့ လူသားတွေဟာ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ပင်ကိုယ်သဘာဝအရ စေ့စပ်ဆွေးနွေးပြီး နားလည်မှုတစုံတရာရယူဖို့လိုအပ်တယ်လို့ ခိုင်ခိုင်မာမာပြောလိုက်တယ်။ အခုပြောနေတာတွေဟာ ကျနော့်အမြင်တွေပဲဖြစ်ပြီး အေအင်စီအဖွဲ့အစည်းရဲ့အမြင်တွေ မဟုတ်ဘူးဆိုတာကို နောက်ထပ်တကြိမ် အသေအချာပြောရင်းနဲ့ ကျနော်က အကယ်၍ အစိုးရက မြို့သစ်တွေမှာချထားတဲ့ စစ်တပ်နဲ့ပုလိပ်ကိုရုပ်သိမ်းပေးရင် အေအင်စီကလည်း ဆွေးနွေးပွဲရှေ့ပြေးအဖြစ် လက်နက်ကိုင်တိုက်ပွဲရပ်ဆိုင်းထားဖို့ သဘောတူနိုင်စရာရှိတယ်လို့ အကြံပြုလိုက်တယ်။ ကျနော့်ကို လွတ်ရုံသက်သက်နဲ့ တိုင်းပြည်ထဲကအကြမ်းဖက်မှုတွေ ရပ်တန့်စေမှာမဟုတ်သလို စေ့စပ်ဆွေးနွေးပွဲတွေကို အစပျိုးပေါ်ပေါက်စေမှာလည်းမဟုတ်ဘူးလို့ သူတို့ကို ကျနော်ပြောလိုက်တယ်။

ကျနော်နဲ့ကိစ္စပြီးသွားတဲ့အခါ အဖွဲ့က လူဆာကာမှာရှိတဲ့ အော်လီဗာကိုရော၊ ပရီတိုးရီးယားက အစိုးရအရာရှိတွေကိုရော တွေ့ဆုံဖို့အစီအစဉ်ရှိတယ်။ ကျနော်တို့ဟာ သင့်တော်တဲ့ အခြေအနေတွေအောက်မှာ အစိုးရနဲ့စကားပြောမယ်ဆိုတာကို အစိုးရဘက်က သိစေချင်တယ်။ ကျနော့်ရပ်တည်ချက်နဲ့ အော်လီဗာ့ရပ်တည်ချက် အတူတူပဲဆိုတာကိုလည်း အော်လီဗာကို သိစေချင်တယ်။

မေလမှာ ထင်ရှားသောပုဂ္ဂိုလ်များအဖွဲ့က ကျနော့်ကို နောက်ဆုံးတကြိမ်တွေ့ဆုံဖို့ စီစဉ်

*၁၉၅၅ ခု အေအင်စီ ပြည်သူ့ညီလာခံက ချမှတ်ခဲ့တဲ့စာတမ်း

ထားတယ်။ ကျနော်ကတော့ အကောင်းမြင်စိတ်ရှိနေတယ်၊ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ လူဆာကာလည်းရောက်၊ ပရီတိုးရီးယားလည်းရောက်ခဲ့တဲ့အတွက် စေ့စပ်ဆွေးနွေးရေးမျိုးစေ့ကို ချခဲ့ပြီလို့ ကျနော်မျှော်လင့်မိတာကြောင့်ဖြစ်တယ်။ ဒါပေမဲ့ ကျနော်နဲ့ အဖွဲ့တွေ့မယ့်နေ့မတိုင်မီရက်မှာ နေသပဟာယအဖွဲ့ကညွှဲသည်တော်တွေ ဖန်တီးဖော်ထုတ်ထားသမျှ ခံစားချက်ကောင်းအားလုံးကို ဖျက်ဆီးပစ်တဲ့ခြေလှမ်းတလှမ်း တောင်အာဖရိကအစိုးရက လှမ်းလိုက်တယ်။ ထင်ရှားသောပုဂ္ဂိုလ်များအဖွဲ့က အစိုးရအဖွဲ့ဝန်ကြီးတွေနဲ့တွေ့ဆုံဖို့ စီစဉ်ထားတဲ့နေ့မှာ တောင်အာဖရိကကာကွယ်ရေးတပ်ဖွဲ့ဟာ သမတဘိုသာရဲ့အမိန့်အရ ဘော့စဝါနာ၊ ဇမ်ဘီယာနဲ့ ဇင်ဘာဘွေတို့မှာရှိတဲ့ အေအင်စီစခန်းတွေကို လေကြောင်းကတိုက်ခိုက်မှုတွေနဲ့ ကွန်မန်ဒိုတိုက်ခိုက်မှုတွေပြုလုပ်ခဲ့တယ်။ ဒါဟာ ဆွေးနွေးပွဲတွေကို လုံးဝထိခိုက်အောင်ထိုးနှက်ပစ်လိုက်ပြီး ထင်ရှားသောပုဂ္ဂိုလ်များအဖွဲ့ဟာ တောင်အာဖရိကနိုင်ငံကနေ ချက်ခြင်းပဲထွက်ခွာသွားတော့တယ်။ စေ့စပ်ဆွေးနွေးရေး ရှေ့တဆင့်တက်စေဖို့ ကျနော့်ကြိုးပမ်းချက်တွေ ဟန့်တားခံလိုက်ရပြန်ပြီလို့ ကျနော်ခံစားမိတယ်။

အော်လီဗာတမ်ဗိုနဲ့အေအင်စီက တောင်အာဖရိကနိုင်ငံမှာ အစိုးရအုပ်ချုပ်လို့ မရနိုင်အောင်လုပ်ဖို့ ပြည်သူလူထုကိုလှုံ့ဆော်ထားပြီး ပြည်သူတွေကလည်း လှုံ့ဆော်မှုအတိုင်း လိုက်နာလုပ်ဆောင်နေကြတယ်။ မငြိမ်သက်မှုအခြေအနေနဲ့ နိုင်ငံရေးအကြမ်းဖက်မှုဟာ မြင့်မားတဲ့အဆင့်သစ်တခုရောက်လာတယ်။ လူထုတွေရဲ့ဒေါသဟာ မထိန်းနိုင်မသိမ်းနိုင်ဖြစ်နေတယ်။ မြို့သစ်တွေဟာ အုံကြွနေကြတယ်။ နိုင်ငံတကာ့ဖိအားဟာ တနေ့တခြား ပိုအားကောင်းလာတယ်။ ၁၉၈၆ ခု၊ ဇွန်လ (၁၂) ရက်မှာ အစိုးရဟာ ကန့်ကွက်ဆန္ဒပြမှုကို ချုပ်ထိန်းဖို့ ကြိုးပမ်းချက်အဖြစ် အရေးပေါ်အခြေအနေကြေညာခဲ့တယ်။ အပြင်ပန်းကနေ ဘယ်လိုပဲကြည့်ကြည့် ဒီအချိန်ဟာ စေ့စပ်ဆွေးနွေးပွဲလုပ်ဖို့ မသင့်တဲ့အချိန်လို့ထင်ရတယ်။ ဒါပေမဲ့ စိတ်ပျက်စရာအကောင်းဆုံးအချိန်အခါတွေဟာ ရှေ့ဆောင်ရှေ့ရွက်ထိုးထွင်းမှုတရပ်စလုပ်ဖို့ အချိန်အတိအကျလည်း မကြာခဏဖြစ်တတ်တယ်။ အဲဒီလိုအချိန်မျိုးမှာ လူတွေဟာဝေခွဲရခက်တဲ့ အကျဉ်းအကြပ်ထဲက ထွက်ပေါက်ကိုရှာဖွေကြတယ်။ အဲဒီလမှာပဲ ကျနော်က ထောင်မင်းကြီး ဗိုလ်ချုပ်ဝီလမ်စီထံကို ရိုးရိုးလေးပဲ စာတစောင်ရေးလိုက်တယ်။ **"ကျနော် ခင်ဗျားကို တနိုင်ငံလုံးနဲ့ဆိုင်တဲ့ အရေးကြီးကိစ္စတခုအတွက် တွေ့ချင်တယ်"** လို့ပဲ ရေးလိုက်တယ်။ ဗုဒ္ဓဟူးနေ့တနေ့မှာ စာကို ဗိုလ်မှူးချုပ်မန်ရိုးလက်ထဲ ထည့်လိုက်တယ်။

အဲဒီအပတ်စနေနေ့မှာတော့ ကျနော့်ကို ပရီတိုးရီးယားကဆင်းလာနေပြီဖြစ်တဲ့ ဗိုလ်ချုပ်ကြီးဝီလမ်စီနဲ့ တွေ့ရအောင်ပြင်ထားဖို့ ထောင်ပိုင်ကပြောလာတယ်။ ဒီတွေ့ဆုံမှုကို ထုံးတမ်းစဉ်လာပုံစံနဲ့မဆောင်ရွက်ပါ။ ထောင်ဝင်စာတွေ့ရာနေရာမှာ ဗိုလ်ချုပ်နဲ့ တွေ့ဆုံဆွေးနွေးတာလုပ်မယ့်အစား ကျနော့်ကို ပိုးလ်စမိုးထောင်ဝင်းထဲမှာရှိတဲ့ သူတည်းခိုနေထိုင်ရာဆီခေါ်သွားတယ်။

ဝီလမ်စီဟာ ပွင့်လင်းတဲ့လူတယောက်ဖြစ်ပြီး ကျနော်တို့ဟာ ချက်ခြင်းပဲ လိုရင်းကိစ္စ

ဆွေးနွေးကြတယ်။ ကျနော် တရားရေးဝန်ကြီး ကိုဘီကိုအက်ဆီးနဲ့ တွေ့ချင်တယ်လို့ သူ့ကို ပြော လိုက်တယ်။ သူက ဘာကိစ္စတွေ့ချင်တာလဲလို့မေးတယ်။ ကျနော်က နိုင်ငံရေးကိစ္စတွေကို ထောင်ဝန်ထမ်းတယောက်နဲ့ မဆွေးနွေးချင်လို့အဖြေပေးရမှာ တွန့်ဆုတ်နေမိတယ်။ ဒါပေမဲ့ ကျနော်နောက်တော့ ပွင့်ပွင့်လင်းလင်းပဲ ပြန်ပြောလိုက်တယ်။ **"ကျနော် ဝန်ကြီးကိုတွေ့ချင်တဲ့ အကြောင်းကတော့ အစိုးရနဲ့အေအင်စီကြား ဆွေးနွေးပွဲပြုသနာကို တင်ချင်လို့ပါ။"**

သူတခဏစဉ်းစားပြီးနောက် **"မင်ဒဲလား၊ ခင်ဗျားသိတဲ့အတိုင်းပဲ ကျနော်က နိုင်ငံရေး သမားမဟုတ်ဘူးဗျ။ အဲဒီလိုကိစ္စမျိုးတွေ ကျနော်မဆွေးနွေးနိုင်ဘူး။ ဘာလို့လဲဆိုတော့ ကျနော့် လုပ်ပိုင်ခွင့်အပြင်မှာ ဖြစ်နေတယ်ခင်ဗျ"** လို့ ပြောတယ်။ သူက ခဏစကားပြောရပ်ပြီး အခုမှ တစုံတရာကိုသွားစဉ်းစားမိပုံမျိုးနဲ့ **"ကြုံကြိုက်ချင်တော့ တရားရေးဝန်ကြီးက ကိပ်တောင်းမြို့မှာ ရောက်နေတယ်ဗျ။ ခင်ဗျားသူနဲ့ တွေ့ချင်တွေ့ရနိုင်တယ်။ ကျနော် မေးကြည့်ဦးမယ်လေ"** လို့ ပြော တယ်။

ဗိုလ်ချုပ်က ဝန်ကြီးဆီဖုန်းဆက်ပြီး သူတို့နှစ်ယောက် ခဏစကားပြောကြတယ်။ ဖုန်းချပြီး တဲ့အခါ ဗိုလ်ချုပ်ကြီးက ကျနော့်ဘက်လှည့်ပြီး **"ဝန်ကြီးက 'ခေါ်လာခဲ့' လို့ ပြောတယ်ဗျ"** လို့ ပြောတယ်။ မိနစ်တချို့ကြာပြီးနောက် ကျနော်တို့ဟာ ဗိုလ်ချုပ်ရဲ့ကားနဲ့ သူတည်းခိုရာကထွက် လာပြီး ကိပ်တောင်းမြို့က ဝန်ကြီးအိမ်ကို ဦးတည်ခဲ့တယ်။ လုံခြုံရေးက မတင်းကြပ်လှပါ။ ဗိုလ်ချုပ်ရဲ့ကားကို တခြားကားတစီးတည်းပဲ အစောင့်လိုက်ပါလာတယ်။ အခုတွေ့ဆုံပွဲပေါ် ပေါက်လာတဲ့ လွယ်ကူမှုနဲ့မြန်ဆန်မှုတို့ကြောင့် အစိုးရဟာ ဒီတွေ့ဆုံမှုကို ကြိုတင်စီစဉ်ထား တာများလားလို့တောင် ကျနော်သံသယဖြစ်မိတယ်။ သူတို့ကြိုတင်စီစဉ်တာ ဟုတ်မဟုတ် အရေးမကြီးပါ။ အရေးကြီးတာက စေ့စပ်ဆွေးနွေးပွဲများဆီ ပထမဆုံးခြေလှမ်းစလှမ်းဖို့ အခွင့် အရေးပဲဖြစ်ပါတယ်။

မြို့ထဲက ကိုအက်ဆီးနေတဲ့ အစိုးရဂေဟာရောက်တော့ ကိုအက်ဆီးက ကျနော့်ကို လိုက် လိုက်လှဲလှဲကြိုဆိုပြီး သူ့နားနေခန်းထဲက သက်တောင့်သက်သာရှိတဲ့ ကုလားထိုင်တွေပေါ်ထိုင်ကြ တယ်။ ကျနော် ထောင်အဝတ်အစားတွေလဲလာဖို့ အခွင့်အရေးမရလိုက်တဲ့အတွက် သူက တောင်းပန်စကားပြောတယ်။ ကျနော်ဟာ သူနဲ့သုံးနာရီကြာစကားပြောဆိုခဲ့ပြီး သူ့ရဲ့ကျွမ်း ကျင်နှံ့စပ်မှု၊ တဖက်သားစကားနားထောင်ဖို့ စိတ်ပါလက်ပါရှိမှုတို့ကို အသိအမှတ်ပြုမိတယ်။ သူက အသိအမြင်ကြွယ်ကြွယ်ဝဝနဲ့ လိုအပ်သလိုဆက်စပ်ပတ်သက်တဲ့ မေးခွန်းတွေမေးတယ်။ ဒီမေးခွန်းတွေဟာ အစိုးရနဲ့အေအင်စီတို့ကို ပိုင်းခြားထားတဲ့ကိစ္စရပ်တွေနဲ့ သူအကျွမ်းတဝင်ဖြစ်မှု ကိုထင်ဟပ်ပြနေတယ်၊ သူက ကျနော့်ကိုဘယ်အခြေအနေတွေအောက်မှာ ကျနော်တို့ဟာ လက်နက် ကိုင်တိုက်ပွဲရပ်စဲမလဲလို့ မေးတယ်။ ကျနော်ဟာ အေအင်စီတဖွဲ့လုံးကို ကိုယ်စားပြုပြောတာ ဟုတ်မဟုတ်မေးတယ်။ တောင်အာဖရိကနိုင်ငံသစ်မှာ လူနည်းစုတွေအတွက် အခြေခံဥပဒေအရ အာမခံချက်တွေတမျိုးမျိုးပေးဖို့ မျှော်မှန်းစိတ်ကူးထားတာရှိသလားမေးတယ်။ သူ့မေးခွန်းတွေ ဟာ အစိုးရနဲ့အေအင်စီကွဲလွဲစေတဲ့ ကိစ္စရပ်တွေရဲ့အနှစ်ကို ဆုပ်မိတယ်။

ထင်ရှားသောပုဂ္ဂိုလ်များအဖွဲ့နဲ့တုန်းကပုံစံအတိုင်း ကျနော်ပြန်ရှင်းပြီးနောက်မှာ ကိုအက်ဆီးဟာ တစုံတရာဆုပ်ဆုပ်ကိုင်ကိုင်အချက်အလက်ရချင်ပုံရတယ်လို့ ကျနော်ထင်မိတယ်။ သူက **"နောက်ခြေလှမ်းကဘာလဲ"** လို့ မေးတယ်။ ကျနော်က နိုင်ငံတော်သမတနဲ့ နိုင်ငံခြားရေးဝန်ကြီးပစ်ဘိုသာတို့နဲ့တွေ့ချင်တယ်လို့ ဖြေလိုက်တယ်။ ကိုအက်ဆီးက သူ့ဘေးမှာရှိတဲ့ စာရွက်ပိုင်းအုပ်ကလေးပေါ်မှာ အဲဒါကိုရေးမှတ်လိုက်ပြီး ကျနော့်ပန်ကြားချက်ကို လမ်းကြောင်းအတိုင်း ပို့ပေးမယ်လို့ ပြောတယ်။ ဒီနောက်မှာ ကျနော်တို့ လက်ဆွဲနှုတ်ဆက်ကြပြီး ကျနော့်ကို ပိုးလ်စမိုးထောင်မြေညီထပ်က တယောက်တည်းသီးသန့်ထားရာတိုက်ခန်းဆီ ကားမောင်းပြန်ပို့ပေးတယ်။

ကျနော်ဟာ အင်မတန့်ကို စိတ်အားတက်မိတယ်။ အစိုးရဟာ တိုင်းပြည်ထဲက သောင်မတင် ရေမကျအနေအထားကိုကျော်လွှားဖို့ စိတ်အားထက်သန်နေပြီး၊ ရပ်တည်ချက်ဟောင်းတွေကို စွန့်ခွာလိုတယ်ဆိုတာ အခုအခါ သိမြင်ခံယူလာပြီလို့ ကျနော်ထင်မိတယ်။ အပေးအယူအလျှော့အတင်းလုပ်စေ့စပ်မှုရဲ့ နိဒါန်းအစကို ကျနော် ခပ်ရေးရေးမြင်နေမိတယ်။

ကျနော့်တွေ့ဆုံမှုကို ဘယ်သူ့မှမပြောပြခဲ့ပါ။ ကျနော် တယောက်ယောက်ကို အသိမပေးသေးခင် [ဆွေးနွေးပွဲ] ဖြစ်စဉ် ကောင်းကောင်းလည်ပတ်သွားစေချင်တယ်။ တခါတလေကျ ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေကို ခူးပြီးခပ်ပြီးအသင့်ဖြစ်တဲ့ပေါ်လစီပေးဖို့လိုတာရှိတယ်။ ပိုးလ်စမိုးနဲ့ လူဆာကာမှာရှိတဲ့ ကျနော့်ရောင်းရင်းတွေဟာ အခြေအနေကို သေသေချာချာစူးစမ်းလေ့လာပြီးရင် ကျနော့်ကို ထောက်ခံကြမယ်ဆိုတာ ကျနော်သိတယ်။ ဒါပေမဲ့ ဒီအလားအလာကောင်းပုံရတဲ့ အစချီမှုအပြီးမှာ ဘာမှထပ်မဖြစ်တော့ပဲနေပြန်တယ်။ ရက်သတ္တပတ်ပေါင်းများစွာ၊ ဒီနောက် လပေါင်းများစွာကြာတဲ့အထိ ကိုအက်ဆီးထံက ဘာစကားတခွန်းမှမကြားရပါ။ ကျနော်ဟာ နေမထိထိုင်မသာဖြစ်ပြီး သူ့ထံ နောက်ထပ်စာတစောင်ရေးလိုက်တယ်။

## ၉၁

ကျနော် ကိုဘီကိုအက်ဆီးထံက တိုက်ရိုက်တုံ့ပြန်ချက်မရပေမဲ့ အစိုးရဟာ ကျနော့်ကို နေထိုင်မှုဘဝပုံစံ နောက်တမျိုးနဲ့ထားဖို့ ပြင်ဆင်နေတဲ့လက္ခဏာတွေတော့တွေ့ရတယ်။ ခရစ္စမတ်မတိုင်ခင်အကြိုရက်မှာ ပိုးလ်စမိုးဒုထောင်ပိုင် ဒုဗိုလ်မှူးကြီး ဂေါ်ဝီမာ့က်စ်က ကျနော် မနက်စာစားအပြီး ကျနော့်အခန်းဘေးက လျှောက်သွားရင်းနဲ့ **"မင်းဒါလား၊ ခင်ဗျားမြို့ထဲ လျှောက်မကြည့်ချင်ဘူးလား"** လို့ ခပ်ပေ့ါပေ့ါပဲမေးလိုက်တယ်။ သူ့စိတ်ထဲ ဘာရည်ရွယ်တယ်ဆိုတာ ကျနော်ရေရေရာရာမသိပေမဲ့ **'အင်း'** ဖြေလိုက်လို့ ပြဿနာမရှိနိုင်ဘူး ယူဆမိတယ်။ ကောင်းပြီ၊ ဒါဆိုလိုက်ခဲ့ပေ့ါလို့ သူကပြောတယ်။ ကျနော်ဟာ ဗိုလ်မှူးကြီးနဲ့အတူ ကျနော့်အကျဉ်းခန်းကနေ ထောင်ဗူးဝရောက်တဲ့အထိ သော့ခတ်ထားတဲ့ သတ္တုတံခါး (၁၅) ချပ်ကို ဖြတ်ကျော်ပြီးနောက် ထောင်အပြင်ရောက်တဲ့အခါ သူ့ကားက ကျနော်တို့ကိုစောင့်နေတာ တွေ့ရတယ်။

ကျနော်တို့ဟာ ပင်လယ်ကမ်းခြေနဲ့အပြိုင်သွားတဲ့၊ သာယာတဲ့လမ်းအတိုင်း ကိပ်တောင်း

မြို့ထဲကို ကားမောင်းသွားကြတယ်။ သူ့ခေါင်းထဲ ဦးတည်ချက်သတ်သတ်မှတ်မှတ်မရှိဘဲ ကျနော့်တို့ဟာ စိတ်အေးလက်အေးပုံစံနဲ့ မြို့ထဲရောက်ပတ်မောင်းကြတယ်။ ပြင်ပကမ္ဘာလောကကြီးထဲကလူတွေရဲ့ ရိုးရိုးသာမန်လှုပ်ရှားမှုတွေကြည့်ရတာ အင်မတန့်ကိုကြည့်ကောင်းနေတယ်။ အဖိုးအိုတွေက နေစာလှုံနေ၊ မိန်းမတွေက ဈေးဝယ်နေ၊ လူတွေက ကိုယ့်အိမ်မွေးခွေးနဲ့ လမ်းလျှောက်ထွက်နေကြတာတွေ၊ အဲသလို ဘာမှအဆန်းတကြယ်မဟုတ်တဲ့ နေ့စဉ်ဘဝလှုပ်ရှားမှုတွေကိုပဲ ထောင်ကျနေသူတယောက်က သတိရအတမ်းတဆုံးဖြစ်တယ်။ ကျနော်ဟာ ထူးခြားဆန်းကြယ်တဲ့ နယ်မြေတခုကိုရောက်နေတဲ့၊ သိချင်မြင်ချင်စိတ်ပြင်းပြနေတဲ့ ကမ္ဘာလှည့်ခရီးသည်တယောက်လို ခံစားမိတယ်။

တနာရီလောက်ကြာတော့ ဗိုလ်မှူးကြီးမာ့က်စ်က လူရှင်းတဲ့လမ်းကလေးတလမ်းက ဆိုင်ကလေးတဆိုင်ရှေ့ ကားရပ်လိုက်တယ်။ **"ခင်ဗျား အအေးသောက်မလား"** လို့ သူကမေးတယ်။ ကျနော်ခေါင်းညိတ်လိုက်တော့ သူဆိုင်ထဲဝင်သွားတယ်။ ကားပေါ်မှာ ကျနော်တယောက်ထဲ ထိုင်ကျန်နေခဲ့တယ်။ အစပိုင်းမှာတော့ ကိုယ့်အခြေအနေကိုယ် မစဉ်းစားမိပါဘူး။ ဒါပေမဲ့ အချိန်ကြာလာတာနဲ့အမျှ ကျနော် ပို၍ပို၍ စိတ်လှုပ်ရှားလာတော့တယ်။ ကျနော်ဟာ (၂၂) နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ထောင်အပြင်မှာ အစောင့်အကြပ်မရှိဘဲရောက်နေတယ်။ ကျနော်ဟာ တံခါးကိုဖွင့်၊ ကားထဲကခုန်ထွက်ပြီး အဝေးမှာပျောက်သွားတဲ့အထိ ထွက်ပြေးဖို့ စိတ်ကူးပေါ်မိတယ်။ ကျနော့်ကိုယ်တွင်း တစုံတခုကနေ အဲသလိုသာလုပ်လိုက်ဖို့ တိုက်တွန်းနေတယ်။ ကျနော်ပုန်းလို့ရနိုင်တဲ့၊ သစ်ပင်တွေထူတဲ့နေရာတခုကို လမ်းဘေးနားမှာ ကျနော်သတိပြုမိတယ်။ ကျနော့်စိတ်ထဲ တအားတင်းကြပ်နေပြီး ချွေးစီးတွေပြန်စပြုလာတယ်။ ဗိုလ်မှူးကြီးက ဘယ်သွားနေတာတုံး။ ဒါပေမဲ့ အဲဒီအခိုက်မှာပဲ ကျနော် ကိုယ့်ကိုယ်ကိုယ်ထိန်းချုပ်လိုက်နိုင်တယ်။ ခုနကပြောသလိုလုပ်လိုက်ရင် အဆင်ခြင်မဲ့ရာ တာဝန်မဲ့ရာကျလိမ့်မယ်။ ဒ့ါအပြင် အန္တရာယ်ရှိမှာကတော့ ပြောစရာမလိုပါ။ ဒီအခြေအနေတခုလုံးဟာ ကျနော်ထွက်ပြေးချင်အောင် ကြံစည်ဖန်တီးထားတာလည်းဖြစ်နိုင်တယ်။ ဒါပေမဲ့ အဲသလိုတော့ ကျနော်မထင်မိပါ။ အချိန်အနည်းငယ်အကြာမှာ ဗိုလ်မှူးကြီးက ကိုကာကိုလာသံဗူးနှစ်ဗူးကိုင်ပြီး ကားဆီပြန်လျှောက်လာတာ တွေ့လိုက်ရတော့မှ ကျနော် အလွန့်ကို စိတ်သက်သာရာရသွားတယ်။

ကိပ်တောင်းမြို့က အဲဒီတနေ့တာဟာ လေ့လာရေးခရီးများစွာရဲ့အစဖြစ်တယ်ဆိုတာ သိလာရတယ်။ နောက်လအနည်းငယ်အတွင်းမှာ ကျနော်ဟာ ဗိုလ်မှူးကြီးနဲ့အတူ ကိပ်တောင်းမြို့ကိုသာမကပဲ မြို့ပြင်ကရှုခင်းရှုကွက်တွေ၊ သာယာလှပတဲ့ပင်လယ်ကမ်းခြေတွေနဲ့ အေးချမ်းကြည်နူးဖွယ်တောင်တန်းတွေဆီ ထပ်သွားရတယ်။ နောက်မကြာခင် ရာထူးပိုငယ်တဲ့အရာရှိတွေက ကျနော့်ကိုခေါ်လည်ခွင့်ရတယ်။ ဒီအရာရှိငယ်တွေနဲ့အတူ ကျနော်ပုံမှန်သွားလည်တဲ့နေရာတခုကတော့ **'ဥယျာဉ်'** လို့ ခေါ်တဲ့နေရာဖြစ်တယ်။ အဲဒီနေရာက ထောင်ရဲ့စားဖို့အတွက် သီးနှံတွေစိုက်ပျိုးထားရာ ထောင်ဝင်းအစွန်က မြေကွက်လေးတွေအစုလိုက်ရှိတဲ့နေရာ ဖြစ်တယ်။ ကျနော်ဟာ သဘာဝလောကထဲထွက်ရတာကို နှစ်သက်မိတယ်။ မိုးကုပ်စက်ဝိုင်း

မြင်ရတာ၊ နေရဲ့အပူရှိန် ကျနော့်ပခုံးပေါ်ခံစားရတာကို နှစ်သက်မိတယ်။

တနေ့မှာ ကျနော်ဟာ ဗိုလ်ကြီးတယောက်နဲ့အတူ ဥယျာဉ်တွေဆီသွားခဲ့တယ်။ ယာခင်းတွေထဲလျှောက်ကြည့်ပြီးနောက် ကျနော်တို့ဟာ မြင်းဇောင်းတွေဆီသွားခဲ့ကြတယ်။ မြင်းဇောင်းတွေထဲမှာ လူဖြူလူငယ်နှစ်ယောက် အလုပ်ကြမ်းဝတ်စုံတွေဝတ်ပြီး မြင်းတွေကိုင်တွယ်နေတယ်။ ကျနော်က သူတို့ဆီလျှောက်သွားပြီး မြင်းတကောင်ကို သဘောကျကြောင်းစကားပြောရင်း **“ဟေ့၊ ဒီမြင်းနာမည် ဘာလဲ”** လို့ မေးလိုက်တယ်၊ အဲဒီလူငယ်ဟာ နည်းနည်းဂယောင်ချောက်ချားနိုင်ပြီး ကျနော့်ကိုလည်း ပြန်မကြည့်ပါ။ ဒီနောက် မြင်းနာမည်ကို ဗလုံးဗထွေးနဲ့ပြောတယ်။ ဒါပေမဲ့ ကျနော့်ကိုပြောတာမဟုတ်ဘဲ ဗိုလ်ကြီးကိုပြောတာဖြစ်တယ်။ ဒါနဲ့ကျနော်က နောက်တယောက်ကို သူ့မြင်းနာမည်ဘာလဲလို့ တလှည့်မေးတော့လည်း ခုနကလိုတုံ့ပြန်မှုမျိုးပဲရတယ်။

ကျနော်ဟာ ဗိုလ်ကြီးနဲ့အတူ ထောင်ဆီပြန်လျှောက်လာရင်း လူငယ်နှစ်ယောက်ရဲ့ ထူးထူးဆန်းဆန်းအပြုအမူလို့ ကျနော်ထင်တာကို ဗိုလ်ကြီးကိုပြောမိတယ်။ ဗိုလ်ကြီးကရယ်တယ်။ **“မင်းဒဲလား၊ အဲဒီနှစ်ယောက်ကဘာလဲဆိုတာ ခင်ဗျားမသိဘူးလား။”** ကျနော်က မသိကြောင်းပြောလိုက်တယ်။ **“သူတို့က လူဖြူအကျဉ်းသားတွေလေ။ လူဖြူအရာရှိတယောက်ရှေ့မှာ တိုင်းရင်းသားအကျဉ်းသားတယောက်က သူတို့ကိုမေးခွန်းတွေမေးတာ တခါမှမခံခဲ့ဖူးဘူးခင်ဗျ။”**

တချို့ဝါဒါယ်တွေက ကျနော့်ကို တော်တော်ဝေးဝေးတွေအထိ ခေါ်သွားကြတယ်။ ကျနော်တို့ဟာ ပင်လယ်ကမ်းခြေ မှာ လမ်းလျှောက်ကြတယ်။ လဖက်ရည်ဆိုင်တဆိုင်ဝင်ပြီး လဖက်ရည်တောင်သောက်ကြသေးတယ်။ အဲဒီနေရာတွေမှာ ကျနော့်ကို လူတွေမှတ်မိသလားဆိုတာ မကြာခဏစမ်းကြည့်မိတယ်။ ဒါပေမဲ့ ဘယ်သူမှမမှတ်မိကြပါ။ သတင်းစာထဲပါတဲ့ ကျနော့်နောက်ဆုံးဓာတ်ပုံက ၁၉၆၂ ခုတုန်းကဖြစ်တယ်။

ဒီခရီးစဉ်တွေဟာ ပုံစံအမျိုးမျိုးနဲ့ပညာရစေပါတယ်။ ကျနော် ထောင်ထဲရောက်နေစဉ် လောကကြီးမှာ ဘယ်လိုပြောင်းလဲသွားခဲ့သလဲဆိုတာကို တွေ့ရတယ်။ ကျနော်တို့ဟာ အဓိကအားဖြင့် လူဖြူနယ်မြေတွေကိုပဲသွားခဲ့တဲ့အတွက် လူဖြူတွေခံစားနေရတဲ့ အလွန်အကျူးချမ်းသာကြွယ်ဝမှုနဲ့ သက်တောင့်သက်တာအဆင်ပြေမှုကို တွေ့ရတယ်။ တိုင်းပြည်ဟာ ဆူပွက်အုံကြွနေပြီး မြို့သစ်တွေဟာ စစ်မီးအတိအလင်းတောက်လောင်ခါနီးဖြစ်နေပေမဲ့ လူဖြူလောကကတော့ အေးဆေးငြိမ်သက်ပြီး ဘာမှမဖြစ်သလိုပါပဲ။ သူတို့ရဲ့ဘဝတွေဟာ ထိခိုက်မှုမရှိပါဘူး။ တခါကတော့ အတော့်ကိုဖော်ရွေယဉ်ကျေးတဲ့ လူငယ်ဝါဒါ အရာခံဗိုလ်ဘရန်းက ကျနော့်ကို သူ့မိသားစုနေတဲ့တိုက်ခန်း ခေါ်ချသွားပြီး သူ့ဇနီးသားသမီးတွေနဲ့ မိတ်ဆက်ပေးခဲ့တယ်။ အဲဒီနောက်ပိုင်းမှာတော့ ကျနော်က သူ့ခလေးတွေဆီ ခရစ္စမတ်နှုတ်ခွန်းဆက်ကဒ်ပြားတွေ နှစ်တိုင်းပို့ပေးခဲ့တယ်။

ဒီစွန့်စားခန်းလေးတွေကို ကျနော်သဘောကျနှစ်ခြိုက်မိတာနဲ့အမျှ အာဏာပိုင်တွေဟာ ကျနော့်ကိုအာရုံလွှဲပေးဖို့အပြင် တခြားရည်ရွယ်ချက်တခုရှိတယ်ဆိုတာလည်း ကျနော်ကောင်းကောင်းသိမိတယ်။ သူတို့ဟာ ကျနော့်ကို တောင်အာဖရိကနိုင်ငံရဲ့ နေ့စဉ်ဘဝနဲ့ အသားကျ

ကျွမ်းဝင်သွားစေချင်တယ်လို့ ကျနော်ထင်မိတယ်။ တချိန်တည်းမှာ ကျနော်ထောင်ကလုံးလုံးလွတ်မြောက်ဖို့အတွက် အလျှော့ပေးစေ့စပ်ချင်စိတ်တွေပေါ်လာအောင် လွတ်လပ်မှုအသေးစားလေးတွေရဲ့အရသာမှာ တအားယစ်မူးသွားစေချင်ပုံလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ကျနော်ထင်မိပါတယ်။

## ၉၂

၁၉၈၇ ခုမှာ ကျနော်ဟာ ကိုဘီကိုအက်ဆီးနဲ့ အဆက်အသွယ်ပြန်ဖြစ်ခဲ့တယ်။ ကျနော်ဟာ သူနဲ့ သူ့နေအိမ်မှာ သီးသန့်တွေ့ဆုံဆွေးနွေးမှုတွေ အတော်များများလုပ်ခဲ့တယ်။ အဲဒီနှစ်ကုန်ပိုင်းလောက်မှာ အစိုးရက ပထမဆုံးသော အခိုင်အမာကမ်းလှမ်းချက်လုပ်လာတယ်။ ကိုအက်ဆီးပြောတာက အစိုးရဟာ ကျနော်နဲ့ သီးသန့်ဆွေးနွေးပွဲတွေလုပ်ဖို့ အထက်တန်းအရာရှိကြီးတွေပါဝင်တဲ့ ကော်မတီတရပ်ခန့်အပ်ဖွဲ့စည်းမယ့် သဘောထားရှိတယ်လို့ ဆိုတယ်။ ဒါဟာ နိုင်ငံတော်သမတရဲ့ ရာနူန်းပြည့်သိရှိခွင့်ပြုမှုနဲ့ လုပ်မှာဖြစ်တယ်လို့ ကိုအက်ဆီးကပြောတယ်။ ကော်မတီအကြီးအကဲက ကိုအက်ဆီးကိုယ်တိုင်ဖြစ်ပြီး ကော်မတီအဖွဲ့ဝင်တွေက အကျဉ်းထောင်မင်းကြီး ဗိုလ်ချုပ်ကြီးဝီလမ်စီ၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဖင်နီဗန်ဒါမာဝီနဲ့ အမျိုးသားထောက်လှမ်းရေးဌာနအကြီးအကဲဖြစ်သူ ပညာတံခွန်အသင်းသားဟောင်း ဒေါက်တာနီးလ်ဘားနာ့ဒ်တို့ဖြစ်တယ်။ ပထမသုံးယောက်က အကျဉ်းထောင်ယန္တရားနဲ့ပတ်သက်နေသူတွေဖြစ်တဲ့အတွက် တကယ်လို့ ဆွေးနွေးပွဲတွေ မအောင်မမြင်ဖြစ်ရင် ဒါမှမဟုတ်သတင်းစာတွေကို ပေါက်ကြားသွားရင် ဆွေးနွေးတဲ့နှစ်ဖက်လုံးက ဖုံးဖိနိုင်မှာဖြစ်ပြီး ကျနော်တို့ဟာ အကျဉ်းထောင်အခြေအနေတွေ ဆွေးနွေးနေကြတာပဲဖြစ်တယ်။ တခြားဘာမှ ဆွေးနွေးတာမဟုတ်ဘူးလို့ ပြောနိုင်မှာဖြစ်တယ်။

ဒါပေမဲ့ ဒေါက်တာဘားနာ့ဒ်ပါဝင်နေတာကြောင့် ကျနော်စိတ်စနိုးစနောင့်ဖြစ်မိတယ်။ သူဟာ တောင်အာဖရိကနိုင်ငံက စီအိုင်အေလိုအဖွဲ့မျိုးရဲ့အကြီးအကဲဖြစ်ပြီး စစ်ထောက်လှမ်းရေးနဲ့လည်း ပတ်သက်နေတယ်။ ကျနော်ဟာ တခြားအရာရှိတွေနဲ့ဆိုရင် ဆွေးနွေးပွဲတွေ လျော်ကန်မှုရှိကြောင်း ကျနော့်အဖွဲ့အစည်းကိုဖြေရှင်းနိုင်ပေမဲ့ ဘားနာ့ဒ်နဲ့ဆွေးနွေးတာ လျော်ကန်ကြောင်းကိုတော့ ရှင်းပြဖို့မလွယ်ပါဘူး။ ဘားနာ့ဒ်ပါနေတာဟာ ဆွေးနွေးပွဲတွေကို ပို၍ပြဿနာရှုပ်စေပြီး ပိုကျယ်ပြန့်တဲ့ ဆွေးနွေးပွဲအစီအစဉ်ကို ညွှန်းဆိုနေတယ်။ ကျနော်က ကမ်းလှမ်းချက်ကို တညစဉ်းစားချင်တယ်လို့ ကိုအက်ဆီးကို ပြောလိုက်တယ်။

အဲဒီညမှာ ကျနော်က ဖြစ်နိုင်စရာအကျိုးဆက်အားလုံးကို ဆင်ခြင်ကြည့်တယ်။ သမတဘိုသာဟာ လုံခြုံရေးကျွမ်းကျင်သူတွေနဲ့ ထောက်လှမ်းရေးအရာရှိတွေပါဝင်တဲ့၊ လျှို့ဝှက်ဌာနတခုဖြစ်တဲ့ နိုင်ငံတော်လုံခြုံရေးကောင်စီလို့ခေါ်တဲ့ဟာတခု ဖွဲ့စည်းထူထောင်ထားတယ်ဆိုတာ ကျနော်သိထားတယ်။ သတင်းစာတွေအဆိုအရ အဲဒါကိုလုပ်တာဟာ သူ့အနေနဲ့ ဝန်ကြီးအဖွဲ့ရဲ့ အခွင့်အာဏာကို ကျော်လွန်ရှောင်ကွင်းပြီး သူ့ကိုယ်ပိုင်အာဏာ ကြီးထွားစေဖို့ဖြစ်တယ် လို့ဆိုပါတယ်။ ဒေါက်တာဘားနာ့ဒ်ဟာ ဒီအတွင်းစည်းကောင်စီမှာ အဓိကကျသူ




မင်ဒဲလား (၁၉) နှစ်သားအရွယ်။

၁၉၅၂ ဂျိုဟန်နစ္စဘာဂ့်မြို့တွင် အော်လီဗာနှင့်အတူ တောင်အာဖရိကရှိ ပထမဆုံး လူမည်းရှေ့နေရုံးဖွင့်စဉ်။





အာဏာဖီဆန်ရေး လှုပ်ရှားမှုကာလ၊ ဒေါက်တာမိုရိုကာ၊ ယူစွတ်ဖ်ဒါဒူးတို့ နှင့်အတူ တရားရုံး အပြင်၌။



ဆိုင်းငံ့ထောင်ဒဏ် ကိုးလ စီရင်ခံရပြီး နောက် ထရန်စဗားလ် တရားရုံး ချုပ်တွင် ပက်ထရစ် မိုလိုဝါ။ ရောဘတ် ရီရှာတို့နှင့် အတူ။

အေအင်စီဥက္ကဋ္ဌ ရာထူးကို ဒေါက်တာ မိုရိုကာမှ စော်ဘွား အဲလ်ဘတ် လူသူလီသို့ လွှဲပြောင်းပေးအပြီး။



(၄၁) ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံ၌ ကိုယ်စားလှယ်များကို စော်ဘွား လူသူလီက 'အာဖရိကား' အလေးပြုနည်းဖြင့် အလေးပြုနေစဉ်။



၁၉၅၅ ၌ လူငယ်ခေါင်းဆောင် ပီတာအင်သီတီနှင့် အတူ။



အုပ်စုလိုက်နယ်မြေများ ဥပဒေအရ အရေးပါသော ဆိုဖီယာမြို့ကို 'အမည်းရောင်နယ်မြေ' အဖြစ် ကြေညာခဲ့ပြီး ၁၉၅၅ ၌ စားကျက်ကွင်းဒေသများသို့ ပြောင်းရွှေ့ရန် စီစဉ်ခဲ့သည်။





အနောက်ပိုင်းဒေသများ အဝမ္ပပြောင်းရွှေ့မှု ဆန့်ကျင်ရေး မအောင်မြင်ခြင်းမှ ကျနော်ရသည့် သင်ခန်းစာ တခုမှာ တိုက်ပွဲ၏ သဘောသဘာဝကို သတ်မှတ်ပြဌာန်းသူမှာ ဖိနှိပ်သူလူတန်းစားဖြစ်သည်ဟူသော သင်ခန်းစာဖြစ်သည်။ အဆုံးတွင် ကျနော်တို့မှာ လက်နက်ကိုင် ခုခံတော်လှန်ရန်မှတပါး အခြားရွေးချယ်စရာ မရှိ။



ခရီးသွားလက်မှတ် ဥပဒေကို ဆန့်ကျင်ကန့်ကွက်ရန် ပရီတိုးရီးယားပြည်ထောင်စုရုံးသို့ ချီတက်ဆန္ဒပြနေ သော အမျိုးသမီးတဖွဲ့ကို စကားပြောနေစဉ်။



၁၉၅၆၊ အခြေအနေ တင်းမာနေချိန်။

၁၉၅၆၊ နိုင်ငံတော်ပုန်ကန်မှု တရားရုံးတင်စစ်ဆေးမှု။ တရားခံများကို ဂျိုဟန်နစ္စဘာဂ်မှ ပရီတိုးရီးယားသို့ နေ့စဉ် ဘတ်စ်ကားများဖြင့် ပို့ဆောင်ရုံးထုတ်သည်။



ကျနော်တို့သည် နိုင်ငံရေး စုဝေးပွဲများကို လုံးဝမတက်ရောက်ရန် ပိတ်ပင်ခံထားရသော်လည်း နိုင်ငံတော်ပုန်ကန်မှု စစ်ဆေးရုံးထုတ်ရာ၌ ခေါင်းဆောင်အများ စုဝေးမိသဖြင့် နေ့လည်ထမင်းစားချိန်များမှာ နိုင်ငံလုံးဆိုင်ရာ အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးများနှင့် တူနေလေ့ရှိသည်။



၁၉၅၈၊ ပရီတိုးရီးယား တရားရုံးအပြင်၌ ထောက်ခံသူများနှင့်အတူ သီချင်းဆိုနေကြစဉ်။



တယောက်ဖြစ်ပြီး သမတရဲ့ လက်ရင်းလူယုံတော်ဖြစ်တယ်လို့ ပြောကြတယ်။ ကျနော်က ဘားနာ့ဒ်ကို လက်မခံဘဲငြင်းလိုက်ရင် ဘိုသာကို စိမ်းကားလိုက်ရာကျသွားလိမ့်မယ်လို့ တွေးမိတယ်။ အဲသလိုနည်းလမ်းဟာ အင်မတန့်ကို အန္တရာယ်များတယ်လို့ ဆုံးဖြတ်လိုက်တယ်။ နိုင်ငံတော်သမတကို ဝိုင်းထဲဆွဲမထည့်ရင် ဘာမှဖြစ်လာနိုင်မှာမဟုတ်ပါ။ မနက်မိုးလင်းတော့ ကျနော် ကိုအက်ဆီးထံ သူ့ကမ်းလှမ်းချက် လက်ခံကြောင်းစကားပါးလိုက်တယ်။

ကျနော်ကိုင်တွယ်ဆောင်ရွက်ဖို့လိုတဲ့ အချက်အချာကိစ္စသုံးခုရှိတယ်ဆိုတာ ကျနော်သိတယ်။ ပထမကိစ္စအနေနဲ့ ကျနော်ရှေ့ဆက်မတိုးခင် သုံးထပ်မှာရှိတဲ့ ကျနော့်အဖော်တွေ သဘောထားတီးခေါက်ကြည့်ချင်တယ်။ ဒုတိယကိစ္စက အခုဖြစ်နေတာတွေကို လူဆာကာမြို့မှာရှိတဲ့ အော်လီဗာထံ ဆက်သွယ်သတင်းပို့ဖို့ အရေးကြီးတယ်။ နောက်ဆုံးကိစ္စကတော့ တိုင်းပြည်ရဲ့ အဓိကကိစ္စရပ်တွေနဲ့ပတ်သက်တဲ့ ကျနော့်အမြင်တွေနဲ့ အေအင်စီရဲ့သဘောထားတွေကို ဖော်ထုတ်ရှင်းပြတဲ့ အဆိုပြုစာလွှာတစောင်ရေးဆွဲပြီး ဘိုသာဆီပို့ဖို့ရည်ရွယ်တယ်။ ဒီအဆိုပြုစာလွှာဟာ အနာဂတ်ဆွေးနွေးပွဲတိုင်းအတွက် စကားပြောစရာအချက်အလက်တွေပေးလိမ့်မယ်။

ကျနော်က လုပ်ဖော်ကိုင်ဖက်တွေနဲ့ တွေ့ခွင့်တောင်းတဲ့အခါ အာဏာပိုင်တွေက ခပ်မြန်မြန်ပဲငြင်းလိုက်တာ အံ့သြစွာတွေ့ရတယ်။ ဒီလိုငြင်းတာ အတော်ထူးခြားတယ်။ ဒါဟာ ကျနော်နဲ့အစိုးရကြား လျှို့ဝှက်စကားပြောပွဲတွေရဲ့ အလားအလာနဲ့ပတ်သက်ပြီး အစိုးရဘက်က အတော်ကြီးကို စိတ်ဂယောက်ဂယက်ဖြစ်နေတာကိုပြတယ်လို့ ကျနော်ယူဆမိတယ်။ ကျနော်က ပိုအဆင့်မြင့်တဲ့ အထက်အရာရှိတွေဆီ ထပ်တင်တဲ့အခါ နောက်ဆုံးမှာ ကျနော့် ပန်ကြားချက်ကို ခွင့်ပြုလိုက်တယ်။ ဒါပေမဲ့ ခြွင်းချက်ကတော့ ကျနော်ဟာ ကျနော့်အဖော်တွေကို တယောက်ချင်းပဲတွေ့နိုင်ပြီး အားလုံးတပြိုင်နက်တွေ့ခွင့်မရပါ။

ကျနော် သူတို့နဲ့ ထောင်ဝင်စာခန်းမှာတွေ့ရတယ်။ အသေးစိတ်အချက်တချို့မပြောဘဲ ချန်ထားဖို့ ကျနော်ဆုံးဖြတ်ထားတယ်။ ဆွေးနွေးဘက်ကော်မတီတရပ် လက်တွေ့ဖွဲ့စည်းထားပြီးပြီဆိုတာမပြောဘဲ အစိုးရနဲ့စကားပြောရေးအယူအဆအပေါ် သူတို့အကြံဉာဏ်ရယူဖို့ဖြစ်တယ်။ ဝေါလ်တာနဲ့ ပထမဆုံးတွေ့ရတယ်။ သူ့ကို ကျနော်က အကျဉ်းထောင်မင်းကြီးဆီရေးတဲ့ စာအကြောင်းနဲ့ ကိုအက်ဆီးနဲ့ကျနော် တွေ့ဆုံခဲ့တဲ့အကြောင်း ပြောပြလိုက်တယ်။ အစိုးရနဲ့ ဆွေးနွေးပွဲတွေစဖို့စိတ်ကူးကို ကိုအက်ဆီးနဲ့ဆွေးနွေးခဲ့ပြီး အစိုးရကလည်း စိတ်ဝင်စားပုံရတယ်လို့ ကျနော်ပြောပြတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့အမြင်ဘယ်လိုရှိသလဲ။

ကျနော်ဟာ ဝေါလ်တာနဲ့အတူ အခက်အခဲအမျိုးမျိုးဖြတ်သန်းခဲ့ဘူးတယ်။ သူဟာ ဆင်ခြင်တုံတရားနဲ့ပြည့်စုံပြီး ဉာဏ်ပညာရှိသူဖြစ်တယ်။ ကျနော့်အကြောင်းလည်း သူ့ထက် ပိုသိသူမရှိပါ။ သူ့သဘောထားထက်ပိုပြီး ကျနော်ယုံကြည်အားကိုးတဲ့ ဒါမှမဟုတ် တန်ဖိုးထားတဲ့ သူမရှိပါ။ ကျနော်ပြောတာကို ဝေါလ်တာ စဉ်းစားဆင်ခြင်ကြည့်တယ်။ သူဟာ စိတ်စနိုး စနောင့်ဖြစ်နေတာ ကျနော်တွေ့ရပြီး အလွန်ဆုံးပြောရရင် သိပ်လိုက်လိုက်လှဲလှဲမရှိဘူးလို့

ပြောနိုင်ပါတယ်။ သူက **"မူအားဖြင့် ကျနော်ဟာ စေ့စပ်ဆွေးနွေးရေးကို မဆန့်ကျင်ပါဘူး။ ဒါပေမဲ့ ကျနော့်ဆန္ဒကတော့ ဆွေးနွေးမှုတွေကို ကျနော်တို့က အစိုးရဆီ အစပြုကမ်းလှမ်းတာမဟုတ်ဘဲ အစိုးရက ကျနော်တို့ဆီ အစပြုကမ်းလှမ်းတာဖြစ်စေချင်တယ်"** လို့ပြောတယ်။

ကျနော်က တကယ်လို့ သူဟာ စေ့စပ်ဆွေးနွေးရေးကို မူအားဖြင့် မဆန့်ကျင်ဘူးဆိုရင် ဒီဆွေးနွေးပွဲကို ဘယ်သူကပဲအစပြုကမ်းလှမ်းတာဖြစ်ဖြစ် ဘာအရေးလဲလို့ ပြန်ပြောလိုက်တယ်။ အရေးကြီးတာက ဆွေးနွေးပွဲတွေဘယ်လိုစတယ်ဆိုတာမဟုတ်ဘဲ ဘာရလဒ်တွေထွက်သလဲ ဆိုတာဖြစ်တယ်။ ကျနော်တို့ဟာ စေ့စပ်ဆွေးနွေးရေးကို ရှေ့ဆက်လုပ်သင့်တယ်။ ဘယ်သူ အရင်တံခါးခေါက်သလဲဆိုတာ ပူပင်မနေသင့်ဘူးလို့ ကျနော် ဝေါလ်တာကိုပြောလိုက်တယ်။ ကျနော်ဟာ ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာချထားပြီးပြီဆိုတာ ဝေါလ်တာသိမြင်ပြီး သူကကျနော့်ကို ဟန့်တားမှာမဟုတ်ကြောင်း ပြောတယ်။ ဒါပေမဲ့ ကျနော်ဟာ ကိုယ်ဘာလုပ်နေတယ်ဆိုတာ ကိုယ့်ဟာကိုယ်သိဖို့ သူမျှော်လင့်ကြောင်းပြောတယ်။

နောက်ထပ်တွေ့ရသူက ရေးမွန်အမ်လှားဘားဖြစ်တယ်။ ကျနော် ဝေါလ်တာ့ကို ရှင်းပြခဲ့ သလိုပဲ သူ့ကိုအခြေအနေတခုလုံးရှင်းပြတယ်။ ရေးဟာ အမြဲပဲစကားနည်းသူဖြစ်တယ်။ သူက ကျနော်ပြောပြတာတွေကို အချိန်ယူစဉ်းစားတယ်။ ဒီနောက် ကျနော့်ကို လှမ်းကြည့်ပြီး ပြော လိုက်တယ်။ **"မာဒီဘား၊[*] ခင်ဗျား ဘာကိုစောင့်နေတာတုန်း။ ကျနော်တို့ဟာ ဒါကို နှစ် အတော်ကြာကတည်းက စသင့်ခဲ့တာဖြစ်တယ်။"** အင်ဒရူးအမ်လန်ဂင်နီရဲ့ တုံ့ပြန်မှုကလည်း ရေးနဲ့ဆင်တူဖြစ်တယ်။ နောက်ဆုံးတွေ့ရသူက ကက်သီဖြစ်တယ်။ သူ့တုံ့ပြန်မှုက ဆန့်ကျင်ဘက်က ဖြစ်ပါတယ်။ ကျနော်အကြံပြုတာကို ရေးမွန်နဲ့အင်ဒရူးတို့ကထောက်ခံသလောက် သူကတော့ ပြတ်ပြတ်သားသားဆန့်ကျင်တယ်။ သူက ဝေါလ်တာထက်တောင်ပိုပြင်းထန်နေပြီး ကျနော်တို့က ဆွေးနွေးပွဲတွေကို အစပြုကမ်းလှမ်းခြင်းအားဖြင့် အရှုံးပေးအညံ့ခံရာရောက်တယ်လို့ သူယူဆ တယ်။ ဝေါလ်တာလိုပဲ သူကစေ့စပ်ဆွေးနွေးရေးကို မူအားဖြင့်မဆန့်ကျင်ဘူးလို့ပြောတယ်။ ကျနော်ကလည်း ဝေါလ်တာကိုပြန်ပြောခဲ့တဲ့အတိုင်းပဲ သူ့ကိုပြန်ပြောလိုက်တယ်။ ဒါပေမဲ့ ကက်သီက ခေါင်းမာလှတယ်။ သူက ကျနော်ဟာ လမ်းမှားအတိုင်း လျှောက်နေပြီလို့ ယူဆနေ တယ်။ ဒါပေမဲ့ သူဟာ စိုးရိမ်ကြောင့်ကြမှုတွေရှိနေသော်လည်း ကျနော်သွားမယ့်လမ်းကို ပိတ်ပင်ဟန့်တားမှာမဟုတ်ဘူးလို့ ပြောတယ်။

အဲသလိုတွေ့ပြီး သိပ်မကြာခင် ကျနော်ဟာ အော်လီဗာတမ်ဗိုဆီက စာကလေးတစောင် ရခဲ့တယ်။ အဲဒီစာကို ကျနော့်ရှေ့နေတယောက် ခိုးသွင်းပေးတာဖြစ်တယ်။ သူက ကျနော်ဟာ အစိုးရနဲ့လျှို့ဝှက်ဆွေးနွေးမှုတွေလုပ်နေတယ်လို့ သတင်းတွေကြားပြီး စိုးရိမ်နေတယ်။ ကျနော် ဟာ ကာလအတော်ကြာကြာ တယောက်ထဲနေရပြီး လုပ်ဖော်ကိုင်ဖက်တွေနဲ့ ခွဲထားခံနေရ တယ်ဆိုတာ သူသိကြောင်းပြောတယ်။ မင်ဒဲလား ဘာတွေဖြစ်နေပြီလဲဆိုတာ သူစဉ်းစားတွေး

[*] မာဒီဘားဆိုတာ မင်ဒဲလားရဲ့ ဆွေမျိုးစုနာမည်ဖြစ်တယ်

တောနေမိမှာပါပဲ။ အော်လီဗာရဲ့စာက တိုတိုနဲ့လိုရင်းရေးထားတယ်။ သူသိချင်တာက ကျနော် အစိုးရနဲ့ ဘာတွေဆွေးနွေးနေသလဲဆိုတာဖြစ်တယ်။ ကျနော် ဖောက်ပြန်သွားပြီလို့တော့ အော်လီဗာ ယူဆမှာမဟုတ်ပါဘူး။ ဒါပေမဲ့ ကျနော်ဟာ သုံးသပ်အကဲဖြတ်ချက်အမှား လုပ်နေတယ်လို့ သူတွေးကောင်းတွေးမိနိုင်တယ်။ တကယ်ပဲ သူ့စာရဲ့လေသံက အဲဒီပုံစံပေါက်နေတယ်။

ကျနော်က အော်လီဗာဆီကို အင်မတန်တိုတောင်းတဲ့စာတစောင် ပြန်လိုက်တဲ့အထဲမှာ ကျနော်ဟာ အစိုးရကို အကြောင်းကိစ္စတခုနဲ့ပတ်သက်ပြီး စကားပြောနေကြောင်း၊ အဲဒီ အကြောင်းကိစ္စတခုထဲကိုသာ ပြောနေကြောင်း၊ အဲဒါကတော့ အေအင်စီနိုင်ငံလုံးဆိုင်ရာ အမှုဆောင်ကော်မတီနဲ့ တောင်အာဖရိကအစိုးရတို့ တွေ့ဆုံဆွေးနွေးရေးကိစ္စဖြစ်ကြောင်း ရေးလိုက်တယ်။ ကျနော် အသေးစိတ်တွေတော့ မရေးလိုက်ပါ။ ဘာကြောင့်လဲဆိုတော့ ဆက်သွယ်ရေးလမ်းကြောင်းရဲ့ လျှို့ဝှက်မှုထိန်းသိမ်းနိုင်စွမ်းကို ကျနော်မယုံကြည်လို့ပါပဲ။ စာထဲမှာ အဲသလိုစကားပြောဆိုမှုတွေလုပ်ဖို့ အချိန်ကျလာပြီဖြစ်ကြောင်းနဲ့ ကျနော်ဟာ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် အဖွဲ့အစည်းနစ်နာအောင်လုပ်မှာမဟုတ်ကြောင်း ရိုးရိုးရှင်းရှင်းပဲပြောလိုက်တယ်။

အေအင်စီဟာ အစိုးရနဲ့ စကားပြောရေးကို ဆယ်စုနှစ်ပေါင်းများစွာ တောင်းဆိုခဲ့ပေမဲ့ ကျနော်တို့ဟာ ဒီလိုစကားပြောဆိုမှုတွေ တကယ်လက်တွေ့ဖြစ်ဖို့ အလားအလာနဲ့ တခါမှ မကြုံခဲ့ဖူးသေးပါ။ စကားပြောရေးကို သဘောတရားအရစဉ်းစားတာက တကဏ္ဍ၊ လက်တွေ့ ဆင်နွှဲတာကတော့ တကဏ္ဍဖြစ်ပါတယ်။ ကျနော်ဟာ အော်လီဗာ့ဆီစာပြန်နေစဉ်မှာပဲ သမတ ဘိုသာထံ အဆိုပြုစာလွှာကိုလည်း စရေးနေပါတယ်။ ဒီအဆိုပြုစာလွှာကို အော်လီဗာပါ မလွဲမသွေဖတ်ရအောင် ကျနော်လုပ်မှာဖြစ်တယ်။ အော်လီဗာနဲ့ နိုင်ငံလုံးဆိုင်ရာအမှုဆောင် ကော်မတီက ကျနော့်အဆိုပြုလွှာဖတ်ရတဲ့အခါ ကျနော်လမ်းဘေးချော်ထွက်သွားပြီလို့ သူတို့ စိုးရိမ်ပူပန်နေတာတွေ ပြေလျော့သွားလိမ့်မယ်ဆိုတာ ကျနော်သိတယ်။

## ၉၃

လျှို့ဝှက်အလုပ်အဖွဲ့ရဲ့ ပထမဆုံးတရားဝင်ဆွေးနွေးပွဲကို ၁၉၈၈ ခု၊ မေလထဲမှာ ပိုးလ်စမိုးဝင်းထဲက သားနားအဆင့်မြင့်တဲ့ အရာရှိရိပ်သာမှာလုပ်ခဲ့တယ်။ ကျနော်ဟာ ကိုအက် ဆီးကိုရော၊ ဝီလမ်စီကိုပါ သိကျွမ်းပေမဲ့ ဗန်ဒါမာဝီနဲ့ ဒေါက်တာဘားနာ့ဒ်တို့ကိုတော့ တခါမှ မတွေ့ခဲ့ဖူးပါဘူး။ ဗန်ဒါမာဝီဟာ အေးဆေးပြီး သမာသမတ်ရှိသူတယောက်ဖြစ်တယ်။ အရေး ကြီးတဲ့ကိစ္စရှိမှ စကားပြောတဲ့လူဖြစ်တယ်။ ဒေါက်တာဘားနာ့ဒ်ကတော့ အသက် သုံးဆယ့်ငါးနှစ် ဝန်းကျင်လောက်ရှိပြီး အင်မတန့်ကိုထက်မြက်သူဖြစ်တယ်။ တည်တည်ငြိမ်ငြိမ်နဲ့ အသိဉာဏ် ကြွယ်ဝသူ၊ ကိုယ့်ကိုယ်ကို ထိန်းချုပ်ကြပ်မတ်နိုင်စွမ်းရှိသူဖြစ်တယ်။

ကနဦးဆွေးနွေးပွဲက အတော်လေးတင်းတင်းတောင့်တောင့်ဖြစ်ပေမဲ့ နောက်ပိုင်း ဆွေးနွေးပွဲတွေမှာတော့ ကျနော်တို့ဟာ ပိုပြီးပွင့်ပွင့်လင်းလင်းနဲ့ တဲ့တိုးစကားပြောနိုင်ခဲ့တယ်။

ကျနော် သူတို့နဲ့ လတချို့ကြာအောင် တပတ်တခါနီးနီးတွေ့ခဲ့တယ်။ နောက်ပိုင်းမှာတော့ ဆွေးနွေးပွဲတွေဟာ အချိန်မှန်မဟုတ်တော့ဘူး။ တခါတလေ တလကြာတဲ့အထိ ဆွေးနွေးပွဲ မဖြစ်ဘဲနေပြီးနောက် ရုတ်တရက်ချက်ခြင်း အပတ်တိုင်း ဆွေးနွေးပွဲတွေလုပ်ပြန်တယ်။ ဆွေးနွေးပွဲတွေကို အများအားဖြင့် အစိုးရက စီစဉ်ကြီးမှူးတာဖြစ်ပေမဲ့ တခါတရံမှာတော့ ဆွေးနွေးပွဲ လုပ်ဖို့ ကျနော်ကစပန်ကြားတာလည်း ရှိတတ်တယ်။

ရှေ့ပိုင်းဆွေးနွေးပွဲတွေအတွင်း ကျနော့်ဆွေးနွေးဖော်အသစ်တွေဟာ ဒေါက်တာဘားနာ့ဒ်ကလွဲရင် အေအင်စီအကြောင်း ဘာမှသိပ်မသိကြဘူးဆိုတာ ကျနော်တွေ့ခဲ့ရတယ်။ သူတို့အားလုံးဟာ နံ့စပ်ပေါက်ရောက်တဲ့ **အာဖရိကန်းနားလူမျိုး***တွေဖြစ်ပြီး တခြား သူတို့လူမျိုးတွေအားလုံးနီးပါးထက် အများကြီးပိုပြီး အမြင်ကျယ်သူတွေဖြစ်ပေမဲ့ အကြီးအကျယ်ဝါဒဖြန့်မှုရဲ့ သားကောင်တွေဖြစ်နေတဲ့အတွက် တချို့အချက်အလက်တွေနဲ့ပတ်သက်ပြီး သူတို့ကို အမြင်ရှင်းသွားအောင် အရင်လုပ်ဖို့လိုတယ်။ အေအင်စီအကြောင်းလေ့လာထားတဲ့ ဒေါက်တာဘားနာဒ်တောင်မှ သူ့သတင်းအချက်အလက်အများစုကို ပုလိပ်နဲ့ထောက်လှမ်းရေးဖိုင်တွဲတွေကရတာဖြစ်တယ်။ ဒီ ပုလိပ်နဲ့ထောက်လှမ်းရေးမှတ်တမ်းမှတ်စုတွေဟာ ယေဘုယျအားဖြင့် မမှန်မကန်တွေဖြစ်ပြီး ဒီ သတင်းစုဆောင်းရယူခဲ့သူတွေရဲ့ အာဃာတဆန္ဒစွဲတွေစွန်းထင်းနေလို့ တန်ဖိုးလျော့ကျနေတာတွေဖြစ်တယ်။ ဒေါက်တာဘားနာ့ဒ်အနေနဲ့လည်း ဒီတဘက်သတ်ကျမှုအစွဲတွေ ကူးစက်ခံရယုံကလွဲပြီး ဘာမှမတတ်နိုင်ခဲ့ပါဘူး။

အစပိုင်းမှာ ကျနော်က အေအင်စီသမိုင်းကို အချိန်ယူအကြမ်းဖျင်းရှင်းပြပြီးနောက် အဖွဲ့အစည်းနဲ့အစိုးရကြား သဘောထားကွဲလွဲနေတဲ့ အခြေခံကိစ္စရပ်တွေအပေါ် ကျနော်တို့ရပ်တည်ချက်အနေအထားကို ရှင်းပြခဲ့တယ်။ ဒီပဏာမပြင်ဆင်မှုတွေပြီးတော့ ကျနော်တို့ဟာ ပင်မကိစ္စရပ်တွေကို အလေးပေးဆွေးနွေးကြတယ်။ ဒီကိစ္စတွေကတော့ လက်နက်ကိုင်တိုက်ပွဲကိစ္စ၊ အေအင်စီနဲ့ကွန်မြူနစ်ပါတီ မဟာမိတ်ဖွဲ့မှုကိစ္စ၊ လူများစုအုပ်ချုပ်ရေးပန်းတိုင်ကိစ္စနဲ့ လူမျိုးရေးအရ ရင်ကြားစေ့ရေးအယူအဆတို့ဖြစ်တယ်။

ပထမဆုံးတင်တဲ့ကိစ္စဟာ ဘက်အတော်များများကကြည့်ရင် အရေးကြီးဆုံးကိစ္စဖြစ်တဲ့ လက်နက်ကိုင်တိုက်ပွဲကိစ္စ ဖြစ်ပါတယ်။ ဒီအကြောင်းကို လတချို့အချိန်ယူပြီးဆွေးနွေးခဲ့တယ်။ သူတို့က အေအင်စီဟာ အကြမ်းဖက်မှု (violence) ကို စွန့်လွှတ်ပြီး လက်နက်ကိုင်တိုက်ပွဲ ရပ်စဲတာ အရင်လုပ်မှ အစိုးရကစေ့စပ်ဆွေးနွေးရေးကိုသဘောတူမယ်။ ကျနော်လည်း သမတဘိုသာနဲ့ တွေ့ခွင့်ရမယ်လို့ အတင်းရပ်ခံနေတယ်။ သူတို့ပေးတဲ့ဆင်ခြေကတော့ အကြမ်းဖက်မှုဆိုတာ နိုင်ငံတော်အစိုးရက လက်မခံနိုင်တဲ့ရာဇဝတ်မှုအပြုအမူပဲဖြစ်တယ်လို့ဆိုတယ်။

ကျနော်က အကြမ်းဖက်မှုအတွက်တာဝန်ရှိသူဟာ နိုင်ငံတော်အစိုးရဖြစ်တယ်။ တိုက်ပွဲသဏ္ဍာန်သတ်မှတ်သူဟာ ဖိနှိပ်သူသာအစဉ်အမြဲဖြစ်ပြီး အဖိနှိပ်ခံတွေက သတ်မှတ်ဆုံးဖြတ်တာ မဟုတ်ဘူးလို့ ပြန်ပြောခဲ့တယ်။ အကယ်၍ ဖိနှိပ်သူကအကြမ်းဖက်ရင် အဖိနှိပ်ခံတွေမှာ အကြမ်း

*ဒတ်ချ်အနွယ် တောင်အာဖရိကလူဖြူလူမျိုး

ဖက်တုံ့ပြန်ဖို့ကလွဲပြီး တခြားရွေးစရာနည်းလမ်းမရှိဘူး။ ကျနော်တို့ အရေးကိစ္စမှာဆိုရင် အကြမ်းဖက်မှုဟာ သင့်တော်မှန်ကန်တဲ့၊ တရားတဲ့၊ ကိုယ့်ကိုကိုယ်ကာကွယ်ဖို့ သဏ္ဍာန်တခုမျှသာဖြစ်တယ်။ တကယ်လို့ နိုင်ငံတော်အစိုးရကသာ ငြိမ်းချမ်းတဲ့နည်းနာတွေသုံးဖို့ ဆုံးဖြတ်လိုက်ရင် အေအင်စီကလည်း ငြိမ်းချမ်းတဲ့နည်းလမ်းတွေသုံးမှာဖြစ်တယ်လို့တောင် ကျနော်အရဲစွန့် ပြောလိုက်တယ်။ **"အကြမ်းဖက်မှုစွန့်လွှတ်ဖို့ဆိုတာ ခင်ဗျားတို့ရဲ့တာဝန်ဖြစ်တယ်။ ကျနော်တို့အပေါ် မတည်ဘူး"** လို့ ကျနော်ပြောလိုက်တယ်။

ဒီပြဿနာနဲ့ပတ်သက်ပြီး သူတို့နားလည်သဘောပေါက်မှုတိုးတက်အောင် ကျနော်လုပ်နိုင်ခဲ့တယ်လို့ ကျနော်ထင်မိပေမဲ့ ဒီကိစ္စဟာ မကြာခင်မှာပဲ ဒဿနပြဿနာအဖြစ်ကနေ လက်တွေ့ပြဿနာနယ်ပယ်ကို ရွှေ့လာတယ်။ ဝန်ကြီးကိုအက်ဆီးနဲ့ ဒေါက်တာဘားနာဒ်တို့ ထောက်ပြတာက **အမျိုးသားပါတီ** * ဟာ အကြမ်းဖက်မှုကို ထောက်ခံအားပေးတဲ့ ဘယ်အဖွဲ့အစည်းနဲ့မဆို စေ့စပ်ဆွေးနွေးမှာမဟုတ်ဘူးလို့ ထပ်ခါထပ်ခါကြေညာထားခဲ့တယ်၊ ဒါကြောင့် အစိုးရဟာ စကားဗလောင်းဗလဲလုပ်ရာမရောက်ဘဲနဲ့ အေအင်စီနဲ့ဆွေးနွေးမယ်လို့ ဘယ်လိုလုပ်ပြီး ဖြုန်းစားကြီးကြေညာနိုင်မှာလဲတဲ့။ သူတို့ဘက်က ဆွေးနွေးပွဲတွေစလုပ်နိုင်ဖို့ အေအင်စီက တစုံတရာ အလျှော့ပေးမှုလုပ်မှ အစိုးရဟာ သူ့ဘက်ကပြည်သူတွေကြား သိက္ခာမကျမှာဖြစ်တယ်လို့ သူတို့ကပြောကြ တယ်။

သူတို့ပြောတာ ဆီလျော်လျောက်ပတ်တဲ့အချက်ဖြစ်ပြီး ကျနော် ကောင်းကောင်းနားလည်ပေးနိုင်တဲ့အချက်လည်းဖြစ်တယ်။ ဒါပေမဲ့ ကျနော် သူတို့ကို ထွက်ပေါက်မပေးနိုင်ပါဘူး။ **"လူကြီးမင်းတို့ခင်ဗျား၊ ခင်ဗျားတို့ရဲ့အကျဉ်းအကျပ်ကို ဖြေရှင်းပေးဖို့ဟာ ကျနော့်အလုပ် မဟုတ်ပါဘူး"** လို့ ကျနော်ပြောလိုက်တယ်။ သူတို့ဟာ အေအင်စီနဲ့စားပွဲတဝိုင်းထဲ ထိုင်မဆွေးနွေးဘဲနဲ့ ငြိမ်းချမ်းရေးမရနိုင်ဘူး။ တောင်အာဖရိကနိုင်ငံရဲ့ အခြေအနေအတွက် အဖြေမရနိုင်ဘူးဆိုတာ သူတို့လူတွေကို ပြောပြရလိမ့်မယ်လို့ပဲ ကျနော်သူတို့ကို ရိုးရိုးရှင်းရှင်းပြောလိုက်တယ်။ **"ပြည်သူတွေ နားလည်သဘောပေါက်ကြမှာပါ"** လို့ ကျနော်ပြောလိုက်တယ်။

အေအင်စီက ကွန်မြူနစ်ပါတီနဲ့ မဟာမိတ်ဖွဲ့ထားမှုကလည်း လက်နက်ကိုင်တိုက်ပွဲလိုပဲ သူတို့ကိုအင်မတန် စိတ်ဒုက္ခပေးနေပုံရတယ်။ အမျိုးသားပါတီဟာ ၁၉၅၀ ခုနှစ်များက စစ်အေးတိုက်ပွဲဝါဒရေးရာတွေရဲ့ ရှေးရိုးစွဲတရားသေအကျဆုံးအယူအဆတွေကို လက်ခံထားပြီး ဆိုဗီယက်ပြည်ထောင်စုကို မိစ္ဆာအင်ပါယာကြီးအဖြစ်၊ ကွန်မြူနစ်ဝါဒကို မာရ်နတ်ဆိုးလုပ်ရပ်အဖြစ် သဘောထားနေတယ်။ ဒီအမြင်ကနေ အမှန်အတိုင်းပြောင်းလဲမြင်အောင် ဘယ်လိုမှ လုပ်လို့မရနိုင်ပါဘူး။ ကွန်မြူနစ်ပါတီဟာ အေအင်စီကိုလွှမ်းမိုးကြီးစိုးပြီး ထိန်းချုပ်ထားတယ်။ အဲဒါကြောင့် စေ့စပ်ဆွေးနွေးမှုတွေစနိုင်ဖို့အတွက် ကျနော်တို့ဟာ ပါတီနဲ့အဆက်ဖြတ်ရမယ်လို့ သူတို့က ထပ်တလဲလဲပြောနေတယ်။

---

* **အာဏာရလူဖြူပါတီ**

ကျနော်ပထမဆုံးပြန်ပြောတာက တော်လှန်ရေးမာနရှိတဲ့ ဘယ်လွတ်လပ်ရေးတိုက်ပွဲဝင် သမားကမှ သူဆန့်ကျင်တိုက်ခိုက်နေတဲ့အစိုးရရဲ့ အမိန့်ပေးစေခိုင်းမှုကို လိုက်နာမှာမဟုတ်ဘူး။ ဒါမှမဟုတ်လည်း ရန်ဘက်တယောက်ကျေနပ်စေဖို့အတွက် ကာလကြာရှည်လက်တွဲခဲ့တဲ့ မဟာမိတ်တယောက်ကို လက်တွဲဖြုတ်ဘေးဖယ်ထုတ်မှာမဟုတ်ဘူးလို့ ပြောလိုက်တယ်။ ဒီနောက်တော့ ကျနော်က ပါတီနဲ့အေအင်စီဟာ သီးခြားဖြစ်ပြီး မတူကွဲပြားတဲ့ အဖွဲ့အစည်းတွေဖြစ်တယ်။ လူမျိုးရေးဖိနှိပ်မှု ဖယ်ရှားရေးနဲ့ လူမျိုးမခွဲခြားတဲ့ တောင်အာဖရိကနိုင်ငံ ပေါ်ထွန်းရေးဆိုတဲ့ ရေတိုရည်မှန်းချက်တွေ နှစ်ဖွဲ့လုံးမှာတူညီကြပေမဲ့ ရေရှည်ရည်မှန်းချက်တွေကတော့ မတူကြဘူးလို့ ရှည်ရှည်ဝေးဝေးရှင်းပြခဲ့တယ်။

ဒီဆွေးနွေးမှုဟာ လနဲ့ချီကြာခဲ့တယ်။ အာဖရိကန်းနားလူမျိုးအများစုလိုပဲ သူတို့ကလည်း အေအင်စီထဲမှာရှိတဲ့ ကွန်မြူနစ်အများအပြားဟာ လူဖြူတွေ (သို့မဟုတ်) ကုလားတွေဖြစ်တဲ့ အတွက် အဲဒါတွေက အေအင်စီထဲကလူမည်းတွေ ကိုချုပ်ကိုင်နေတယ်လို့ထင်ကြတယ်။ ကျနော်က အေအင်စီနဲ့ ကွန်မြူနစ်ပါတီတို့ ပေါ်လစီပိုင်းမှာ သဘောထားကွဲလွဲခဲ့ပြီး အေအင်စီဘက်က အသာစီးရခဲ့တဲ့အခါသမယအများအပြားကို ထောက်ပြခဲ့ပေမဲ့ အဲဒါဟာ သူတို့အမြင်ကို မပြောင်းစေနိုင်ခဲ့ပါဘူး။ နောက်ဆုံးမှာတော့ ကျနော်ဟာကျွံမြီးတိုလာပြီး **"လူကြီးမင်းတို့ဟာ ကိုယ့်ကိုယ်ကို အသိဉာဏ်ပြည့်ဝတယ်လို့ ယူဆကြတယ်မဟုတ်လား။ ကိုယ့်ကိုယ်ကို စကားပြောကောင်းတယ်၊ သူများကိုဖြောင်းဖျနားချနိုင်စွမ်းရှိတယ်လို့ ယူဆကြတယ်မဟုတ်လား။ ကဲ ...အခု ခင်ဗျားတို့က လေးယောက်ရှိတယ်။ ကျနော်က တယောက်ထဲပဲရှိတယ်။ ဒါပေမဲ့ ခင်ဗျားတို့က ကျနော့်ကို မချုပ်ကိုင်နိုင်ဘူး။ ဒါမှမဟုတ် ကျနော့်စိတ်ကိုပြောင်းအောင်မလုပ်နိုင်ဘူး။ ခင်ဗျားတို့ မလုပ်နိုင်တာကို ကွန်မြူနစ်တွေကလုပ်နိုင်တယ်လို့ ဘယ်လိုလုပ်ပြီး ခင်ဗျားတို့စဉ်းစားကြတာလဲ"** လို့ သူတို့ကိုပြောလိုက်တယ်။

သူတို့ဟာ ပြည်သူပိုင်သိမ်းရေးအယူအဆကိုလည်း စိုးရိမ်ပူပန်ကြတယ်။ အေအင်စီနဲ့ လွတ်လပ်ရေးကြေညာစာတမ်းဟာ တောင်အာဖရိကစီးပွားရေးကို အုံလိုက်ကျင်းလိုက် ပြည်သူပိုင်သိမ်းရေး ထောက်ခံထားတယ်လို့ သူတို့ကစွပ်စွဲတယ်။ ကျနော်က တချို့သောစက်မှုလုပ်ငန်းတွေ၊ အခုကတည်းက လက်ဝါးကြီးအုပ်လုပ်ငန်းဖြစ်နေတဲ့ စက်မှုလုပ်ငန်းတွေရဲ့ အကျိုးအမြတ်တွေကို ပိုပြီးမျှမျှတတဖြန့်ခွဲရေး ကျနော်တို့လိုလားကြောင်း၊ အဲဒီလိုနယ်ပယ်တွေမှာတော့ ပြည်သူပိုင်သိမ်းတာဖြစ်ကောင်း ဖြစ်လာနိုင်ကြောင်း ရှင်းပြလိုက်တယ်။ ဒါပေမဲ့ ၁၉၅၆ ခုနှစ်က **"လွတ်မြောက်ရေး"** စာစောင်အတွက် ကျနော်ရေးတဲ့ဆောင်းပါးတပုဒ်ထဲမှာ လွတ်လပ်ရေးကြေညာစာတမ်းဟာ ဆိုရှယ်လစ်စနစ်တည်ဆောက်ဖို့ ပုံစံပြာမူကြမ်းဆွဲထားတာမဟုတ်ဘဲ အာဖရိကပုံစံအရင်းရှင်စနစ်တည်ဆောက်ဖို့ ပုံစံပြာမူကြမ်းသာဖြစ်တယ်လို့ပြောထားတာ သူတို့ကိုညွှန်းပြခဲ့တယ်။ ကျနော်ဟာ အဲဒီကတည်းက အခုထိအယူအဆမပြောင်းခဲ့ဘူးလို့ သူတို့ကိုပြောလိုက်တယ်။

တခြားအဓိကဆွေးနွေးစရာကဏ္ဍကတော့ လူများစုအုပ်ချုပ်ရေးကိစ္စဖြစ်ပါတယ်။ တကယ်လို့ လူများစုအုပ်ချုပ်ရေးဖြစ်ရင် လူနည်းစုအခွင့်အရေးတွေ နင်းချေခံရလိမ့်မယ်လို့ သူတို့ထင်ကြတယ်။ လူဖြူလူနည်းစုရဲ့ အခွင့်အရေးတွေကို အေအင်စီက ဘယ်လိုကာကွယ်စောင့်ရှောက်ပေးမလဲဆိုတာ သူတို့သိချင်ကြတယ်။ ကျနော်က တောင်အာဖရိကနိုင်ငံသမိုင်းမှာ တောင်အာဖရိကပြည်သူတွေအားလုံး လူမျိုးတွေအားလုံးကို စည်းလုံးညီညွတ်အောင်ကြိုးစားတဲ့နေရာမှာ အေအင်စီကိုမီတဲ့အဖွဲ့အစည်း မရှိဘူးလို့ ပြောလိုက်တယ်။ ကျနော်က လွတ်လပ်ရေးကြေညာစာတမ်းရဲ့ စကားချီးအခန်းကိုညွှန်းပြတယ်။ အဲဒီမှာ **"တောင်အာဖရိကနိုင်ငံကို နိုင်ငံတွင်းနေထိုင်သူ လူမည်းလူဖြူအားလုံးက ပိုင်ဆိုင်သည်"** လို့ ပါတယ်။ ကျနော်က လူဖြူတွေဟာလည်း အာဖရိကတိုက်သားတွေဖြစ်တယ်။ ဘယ်အနာဂတ်နိုင်ငံရေးစနစ်မှာမဆို လူများစုဟာ လူနည်းစုကို လိုအပ်မှာဖြစ်တယ်လို့ သူတို့ကိုပြောလိုက်တယ်။ **"ကျနော်တို့က ခင်ဗျားတို့ကို ပင်လယ်ထဲမောင်းချချင်စိတ်မရှိပါဘူး"** လို့ ကျနော်ပြောလိုက်တယ်။

## ၉၄

ဆွေးနွေးပွဲတွေက ကောင်းတဲ့အကျိုးသက်ရောက်မှု ပေါ်လာတယ်။ ဩဂုတ်လ မကုန်ခင် သမတဘိုသာက ကျနော်နဲ့တွေ့ဖို့စီစဉ်နေတယ်လို့ ၁၉၈၈ ခု၊ ဆောင်းရာသီအတွင်း ကျနော့်ကိုပြောလာတယ်။ တိုင်းပြည်ကတော့ ဆူပွက်အုံကြွနေဆဲဖြစ်တယ်။ အစိုးရဟာ ၁၉၈၇ ခုမှာရော၊ ၁၉၈၈ ခုမှာပါ အရေးပေါ်အခြေအနေ ပြန်လည်ချမှတ်ခဲ့တယ်။ နိုင်ငံတကာ့ဖိအားကလည်း မြင့်တက်လာပြီး တောင်အာဖရိကကထွက်ခွာတဲ့ကုမ္ပဏီတွေ များသထက်များလာတယ်။ အမေရိကန်ကွန်ဂရက်လွှတ်တော်က အရေးပါတဲ့ပြစ်ဒဏ်ခတ်အရေးယူရေး ဥပဒေကြမ်းတခု အတည်ပြုလိုက်တယ်။

၁၉၈၇ ခုမှာ အေအင်စီဟာ သက်တမ်း (၇၅) နှစ်မြောက်အခမ်းအနားဆင်နွှဲပြီး အဲဒီနှစ်အကုန် တန်ဇန်းနီးယားနိုင်ငံမှာ ကွန်ဖရင့်တခုကျင်းပခဲ့ရာ နိုင်ငံပေါင်း၅၀ဆယ်ကျော်က ကိုယ်စားလှယ်တွေ တက်ရောက်ကြတယ်။ အော်လီဗာက အစိုးရဟာ အသားအရောင်ခွဲခြားရေးစနစ်ဖျက်သိမ်းရေး ဆွေးနွေးဖို့မပြင်ဆင်မချင်း လက်နက်ကိုင်တော်လှန်ရေးကို အရှိန်မြှင့်သွားမယ်လို့ ကြေညာခဲ့တယ်။ လွန်ခဲ့တဲ့နှစ်နှစ်က လွတ်လပ်ရေးကြေညာစာတမ်း နှစ် (၃၀) မြောက်အဖြစ် ဇမ်ဘီယာနိုင်ငံမှာကျင်းပခဲ့တဲ့ အေအင်စီရဲ့ ကာဘဝီကွန်ဖရင့်မှာ တခြားလူမျိုးတွေထဲက ပုဂ္ဂိုလ်တွေကို ပထမဆုံးအကြိမ်အဖြစ် နိုင်ငံလုံးဆိုင်ရာအမှုဆောင်ကော်မတီထဲ ရွေးကောက်တင်မြှောက်ခဲ့ပြီး နိုင်ငံလုံးဆိုင် ရာအမှုဆောင်ကော်မတီက အေအင်စီခေါင်းဆောင်တွေအားလုံး ထောင်ကမလွတ်မချင်း အစိုးရနဲ့ ဆွေးနွေးပွဲတွေမကျင်းပနိုင်ဘူးလို့ ကတိခံဝန်ပြုခဲ့တယ်။

အကြမ်းဖက်မှုတွေ အပြန့်အနှံ့ရှိနေဆဲဖြစ်ပေမဲ့ အမျိုးသားပါတီဟာ အခုလောက် တခါမှ အင်အားမကောင်းခဲ့ဖူးဘူး။ ၁၉၈၇ ခု၊ မေလ လူဖြူအထွေထွေရွေးကောက်ပွဲမှာ အမျိုးသားပါတီသမားတွေ အပြတ်အသတ်နိုင်ခဲ့တယ်။ ဒီထက်ပိုဆိုးတာကတော့ တရားဝင်အတိုက်အခံ

အဖြစ် သဘောထားပျော့ပျောင်းတဲ့ တိုးတက်သောဖက်ဒရယ်ပါတီကို ကွန်ဆာဗေးတစ်ပါတီက ဖယ်ရှားအစားထိုးလိုက်တာဖြစ်တယ်။ ကွန်ဆာဗေးတစ်ပါတီဟာ အမျိုးသားပါတီသမားတွေထက် ပိုလက်ျာကျပြီး ရွေးကောက်ပွဲမဲဆွယ်ခဲ့တုန်းကလည်း အစိုးရဟာ လူမည်းအတိုက်အခံတွေအပေါ် ပျော့လွန်းအားကြီးတယ်ဆိုတဲ့ အာဘော်လွှင့်မဲဆွယ်ခဲ့တယ်။

လျှို့ဝှက်ဆွေးနွေးပွဲတွေအပေါ် ကျနော်အကောင်းမြင်ဝါဒထားပေမဲ့ ဒီကာလဟာ ခက်ခဲတဲ့ကာလဖြစ်ပါတယ်။ မကြာသေးခင်က ဝင်နီ ထောင်ဝင်စာလာတွေ့တဲ့အခါမှာ ကျနော်တို့မင်္ဂလာဆောင်ခဲ့ရာ၊ ကျနော် မိမိနေအိမ်လို့မှတ်ယူရာ အော်လင်းဒို အနောက်ရပ်ကွက် အိမ်အမှတ် (၈၁၁၅) မီးရှို့ခံရလို့ ပြာကျသွားပြီဆိုတာသိရတယ်။ ကျနော်တို့ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ မိသားစုမှတ်တမ်းတွေ၊ ဓာတ်ပုံတွေနဲ့ အမှတ်တရပစ္စည်းတွေ ဆုံးရှုံးသွားတယ်။ ကျနော်လွတ်လာရင်စားဖို့ ဝင်နီသိမ်းထားတဲ့ လက်ထပ်ကိတ်မုန့်တစိတ်ပါ ပါသွားတယ်။ ကျနော်ထောင်ကလွတ်လာတဲ့တနေ့မှာ အဲဒီဓာတ်ပုံတွေနဲ့ စာတွေကိုကြည့်ရင်း အတိတ်ကို ပြန်ခံစားကြည့်နိုင်ဖို့ အမြဲစဉ်းစားခဲ့ပေမဲ့ အခုတော့ အဲဒါတွေဆုံးသွားပါပြီ။ အကျဉ်းထောင်ဟာ ကျနော့်လွတ်လပ်မှုကို ဆုံးရှုံးစေခဲ့ပေမဲ့ ကျနော့်အမှတ်ရမှုတွေကိုတော့ ဆုံးရှုံးအောင် မလုပ်နိုင်ခဲ့ပါဘူး။ အခုတော့ ရန်သူတချို့ဟာ အဲဒီအမှတ်ရစရာတွေကိုတောင် ဆုံးရှုံးအောင် လုပ်ဖို့ ကြိုးစားခဲ့ကြပြီလို့ ခံစားမိတယ်။

ကျနော်ဟာ ပျောက်ကင်းအောင်လုပ်နိုင်ပုံမရတဲ့ ချောင်းဆိုးရောဂါတခုလည်း ဆိုးဆိုးဝါးဝါး ခံစားနေရပြီး ကျန်းမာရေးလေ့ကျင့်ခန်းမလုပ်နိုင်လောက်အောင် မကြာခဏပဲ အင်မတန်အားနည်းနေတတ်တယ်။ ကျနော့်အကျဉ်းခန်းရဲ့စိုထိုင်းမှုကို တောက်လျှောက်တိုင်တန်းကန့်ကွက်ခဲ့ပေမဲ့ ဘာမှလုပ်ပေးတာမရှိခဲ့ပါဘူး။ တနေ့မှာ ကျနော့်ရှေ့နေ အီစမိုင်အယွပ်ဗ်နဲ့ ထောင်ဝင်စာတွေ့နေတုန်း ကျနော်နေမကောင်းဖြစ်လာပြီး အန်ခဲ့တယ်။ ကျနော့်ကို အကျဉ်းခန်းဆီပြန်ခေါ်သွားပြီး ဆရာဝန်တယောက် စစ်ဆေးကြည့်ရှုပေးတယ်။ မကြာခင်ပဲ ပြန်ကောင်းလာခဲ့တယ်။ သို့ပေမဲ့လည်း နောက်ရက်အနည်းငယ်အကြာမှာ ကျနော်ညစာစားအပြီး အကျဉ်းခန်းထဲရှိနေစဉ် ဝါဒါတချို့နဲ့ ဆရာဝန်တယောက်ရောက်လာတယ်။ ဆရာဝန်က ကျနော့်ကို ခပ်သုတ်သုတ်စစ်ဆေးကြည့်ရှုပြီးတဲ့နောက် ဝါဒါတယောက်က ကျနော့်ကို အဝတ်လဲခိုင်းတယ်။ **"ခင်ဗျားကို ကိပ်တောင်းမြို့က ဆေးရုံခေါ်သွားမယ်"** လို့ ပြောတယ်။ လုံခြုံရေးက တင်းကြပ်လှပါတယ်။ ကျနော်ဟာ ရိုးရိုးကားတွေနဲ့ စစ်ကားတွေပါဝင်တဲ့ ယာဉ်တန်းတခုနဲ့သွားရပြီး အနည်းဆုံးဝါဒါ တဒါဇင်လောက်လိုက်လာတယ်။

ကျနော့်ကို တိုင်ဂါဘာ့ဂ်ဆေးရုံကိုခေါ်သွားတယ်။ အဲဒါဟာ ကိပ်ဒေသရဲ့ ချမ်းသာကြွယ်ဝပြီး စိမ်းစိုလန်းဆန်းတဲ့နယ်မြေရှိ စတယ်လင်ဘွတ်ရှ် တက္ကသိုလ်ဝင်းထဲမှာရှိတယ်။ ကျနော်နောက်ပိုင်းသိလာရတာက တက္ကသိုလ်ဆေးရုံဆိုရင် ကျနော့်အပေါ်စာနာစိတ်နဲ့ အာရုံစိုက်လာနိုင်မှာကို အာဏာပိုင်တွေစိုးရိမ်ပြီး တခြားဆေးရုံတခု ရွေးမလိုတောင်ဖြစ်ခဲ့သေးတယ်ဆိုတာ

သိခဲ့ရတယ်။ ဝါဒါတွေက ဆေးရုံထဲအရင်ဝင်သွားပြီး ဝင်ပေါက်နေရာက လူတွေအားလုံးကို ရှင်းလိုက်တယ်။ ဒီနောက် ကျနော့်ကို လူလုံးဝမရှိတဲ့ အထပ်တထပ်ဆီ ခေါ်တက်သွားတယ်။ ခန်းမထဲမှာ လက်နက်ကိုင်အစောင့် တဒါဇင်ကျော် တန်းစီစောင့်နေတယ်။

လူနာကြည့်ခန်းထဲက စားပွဲပေါ် ကျနော်ထိုင်ရပြီး ငယ်ရွယ်ဖော်ရွေတဲ့ ဆရာဝန်တယောက်က ကြည့်ရှုစစ်ဆေးတယ်။ ဒီဆရာဝန်ဟာ တက္ကသိုလ်ရဲ့ ဆေးကျောင်းမှာ ပါမောက္ခလည်း ဖြစ်တယ်။ သူက ကျနော့်လည်ချောင်းကို စစ်ဆေးတယ်။ ရင်ဘတ်ကိုခေါက်တယ်။ တံတွေး၊ သလိပ် နမူနာ တွေယူတယ်။ ဘာမှမကြာခင်မှာပဲ ကျနော့်ကို ကျန်းမာရေးကောင်းတယ်လို့ ဖော်ထုတ် ကြေညာလိုက်တယ်။ **"ခင်ဗျားမှာ ဘာရောဂါမှမရှိပါဘူး"** လို့ သူကပြုံးပြီးပြောတယ်။ **"နက်ဖြန် ဆိုရင် ကျနော်တို့ ခင်ဗျားကို ပြန်ပို့လို့ရနိုင်မှာပါ"** တဲ့။ ကျနော်ဟာ အစိုးရနဲ့စကားပြောနေတာ မပြတ်ချင်လို့ သူ့ရဲ့ရောဂါစစ်ချက်ကို ကျေနပ်ခဲ့မိတယ်။

စစ်ဆေးကြည့်ရှုပြီးတဲ့အခါ ဆရာဝန်က ကျနော့်ကို လက်ဖက်ရည်သောက်မလားမေး တယ်။ ကျနော်က သောက်မယ်လို့ပြောတဲ့အခါ ခဏနေတော့ အရပ်မြင့်မြင့်အသက်ငယ်ငယ် ကပြားသူနာပြုဆရာမတယောက် လင်ဗန်းတချပ်နဲ့ဝင်လာတယ်။ လက်နက်ကိုင်အစောင့်တွေနဲ့ ဝါဒါတွေတပြုံကြီးတွေ့လိုက်တော့ တအားကြောက်လန့်သွားလို့ ကျနော့်အိပ်ယာပေါ် လင်ဗန်း လွှတ်ကျသွားတဲ့အခါ လဖက်ရည်တွေဖိတ်ကုန်ပြီး သူမလည်း အခန်းထဲကထွက်ပြေးသွားတယ်။

ကျနော်ဟာ လူမရှိတဲ့ လူနာဆောင်ထဲ အစောင့်အကြပ်ထူထဲစွာနဲ့ ညအိပ်ရတယ်။ နောက်တနေ့မနက် ကျနော်မနက်စာတောင်မစားရသေးခင် ဆေးရုံရဲ့ဆေးပညာဌာနမှူးဖြစ်တဲ့ အသက်ကြီးကြီး ဆရာဝန်တယောက်လာကြည့်တယ်။ သူကတော့ အပိုဆာဒါးတွေမပြောတတ်၊ မလုပ်တတ်ဘဲ မနေ့ညကဖော်ရွေတဲ့လူငယ်ဆရာဝန်ရဲ့ လူနာကြည့်ပုံစံနဲ့စာရင် အမူအကျင့် အများကြီးဆိုးတယ်။ စကားချီးတွေ၊ အာလာပသလ္လာပတွေ ဘာမှပြောမနေဘဲ ကျနော့် ရင်ဘတ်ကို ကြမ်းကြမ်းတမ်းတမ်းခေါက်ပြီးနောက် စကားခပ်မာမာနဲ့ **"ခင်ဗျားအဆုတ်ထဲ ရေဝင်နေတယ်"** လို့ပြောတယ်။ ကျနော်က မနေ့က ဆရာဝန်လာ စမ်းသပ်စစ်ဆေးမှုတွေလုပ်ပြီး ကျနော့်ကျန်းမာရေးကောင်းကြောင်းပြောသွားတယ်လို့ ပြောလိုက်တယ်။ သူက မကျေမနပ် လေသံနဲ့ **"မင်ဒဲလား၊ ခင်ဗျား ရင်ဘတ်ကို ခင်ဗျားပြန်ကြည့်ဦး"** လို့ ပြောတယ်။ ကျနော့်ရင်အုံ တဖက်က နောက်တဖက်ထက် တကယ်ပဲကြီးနေတာကို သူကညွှန်ပြပြီး အဲဒါဟာ ရေနဲ့ပြည့် နေတာဖြစ်နိုင်တယ်လို့ ပြောတယ်။

သူက သူနာပြုဆရာမတယောက်ကို ဆေးထိုးဆလင်းတချောင်းယူလာခိုင်းပြီး ချက်ခြင်းပဲ ကျနော့်ရင်ဘတ်ထဲထိုးသွင်း ညိုညစ်ညစ်အရည်တချို့စုတ်ယူလိုက်တယ်။ သူက **"ခင်ဗျားမနက် စာ စားပြီးပလား"** မေးတယ်။ မစားရသေးဘူးလို့ ကျနော်ပြန်ပြောလိုက်တယ်။ **"ကောင်းတယ်"** လို့ သူကပြောတယ်။ **"ခင်ဗျားကို ကျနော်တို့ အခုချက်ချင်း ခွဲစိတ်ခန်းကိုခေါ်သွားမယ်။"** ကျနော့်အဆုတ်ထဲ အရည်အများကြီးရှိနေတယ်လို့ သူကပြောပြီး အဲဒါတွေကို သူကတခါထဲ

စုတ်ထုတ်ချင်နေတယ်။

ခွဲစိတ်ခန်းထဲမှာ ကျနော့်ကိုမေ့ဆေးပေးပြီး သတိပြန်ရတဲ့အခါ အခန်းတခန်းထဲမှာ ဆရာဝန်နဲ့အတူရှိနေတာတွေ့ရတယ်။ ကျနော်ဟာ နုံးခွေထုံထိုင်းနေပေမဲ့ သူပြောတဲ့စကားကို အာရုံစိုက်နားထောင်ခဲ့တယ်။ သူပြောတာက ကျနော့်ရင်ဘတ်ထဲက အရည်နှစ်လီတာကို ဖယ်ရှားထုတ်ယူခဲ့တယ်။ အဲဒီအရည်ကိုစစ်ဆေးတဲ့အခါ တီဘီပိုးတွေ့ရတယ်လို့ပြောတယ်။ သူက ဒါဟာ ရောဂါရဲ့ကနဦးအစပိုင်းအဆင့်တွေမှာပဲရှိသေးတယ်။ အဆုတ်ကိုမထိခိုက်သေးဘူးလို့ ပြောတယ်။ တီဘီ (အဆုတ်နာ) ရောဂါရင့်ရင် ပျောက်အောင်ကုဖို့ ပုံမှန်အားဖြင့် ခြောက်လလောက်ကြာတတ်ပေမဲ့ ကျနော်ကတော့ နှစ်လလောက်နဲ့ ကောင်းသွားနိုင်တယ်လို့ သူကပြောတယ်။ ကျနော့်ရောဂါဖြစ်လာစေတာ စိုထိုင်းတဲ့အကျဉ်းခန်းကြောင့် ဖြစ်နိုင်တယ်ဆိုတာ ဆရာဝန်က သဘောတူတယ်။

ကျနော်ဟာ တိုင်ဂါဘော့ဂ်မှာ နာလန်ထတာနဲ့ ကုသမှုခံယူတာ နောက်ထပ်ခြောက်ပတ်ကြာခဲ့တယ်။ ဒီဇင်ဘာလထဲမှာ ကျနော့်ကို ကွန်စတန်ရှာဘော့ဂ်ဆေးခန်းကို ရွှေ့လိုက်တယ်။ အဲဒီဆေးခန်းဟာ ပိုးလ်စမိုးနားမှာရှိတဲ့ အဆင့်မြင့်ဇိမ်ခံအဆောက်အအုံတခုဖြစ်ပြီး အရင်က တခါမှ လူမည်းလူနာလက်မခံဖူးဘူး။ အဲဒီကိုရောက်တဲ့ ပထမနေ့မနက်မှာ ကျနော့်ကို စောစောစီးစီး ကိုဘီကိုအက်ဆီးလာတွေ့တယ်။ သူနဲ့အတူ ဗိုလ်မှူးမာရာအစ်ဆိုတဲ့ ကျနော့်ကို ကြည့်ရှုစောင့်ရှောက်ဖို့ တာဝန်ယူထားတဲ့ ဒုထောင်ပိုင်တယောက်လိုက်လာတယ်။ ကျနော်တို့ဟာ အပြန်အလှန်နှုတ်ဆက်စကားဆိုပြီးရုံမှာပဲ ဆေးခန်းဝန်ထမ်းက ကျနော့်မနက်စာကိုယူလာတယ်။

လောလောလတ်လတ် ဖျားနာထားတာကြောင့်တကြောင်း၊ သွေးတိုးမှတ်တမ်းရှိထားလို့တကြောင်း ကျနော့်ကို ကိုလက်စထရောအဆီနည်းတဲ့ခေတ်စာ တင်းတင်းကြပ်ကြပ်ချမှတ်ထားတယ်။ အဲဒီညွှန်ကြားချက်ဟာ ဆေးခန်းစားဖိုဆောင်ကို ရောက်ပုံမပေါ်သေးပါ။ အကြောင်းကတော့ မနက်စာလင်ဗန်းထဲမှာ ကြက်ဥမွှေကြော်တွေရယ်၊ ဝက်သားခြောက်သုံးမြှောင်းနဲ့ ပေါင်မုန့်ထောပတ်သုတ်တချို့ပါလာလို့ပါပဲ။ ကျနော်ဟာ ဝက်သားခြောက်နဲ့ကြက်ဥကို ဘယ်တုန်းက နောက်ဆုံးစားခဲ့ရသလဲတောင် မမှတ်မိတော့ပါဘူး။ အင်မတန်မှလည်း ဆာလောင်မွတ်သိပ်နေပါတယ်။ ကျနော်ဟာ အရသာရှိတဲ့ကြက်ဥတဇွန်းစားမလို့လုပ်နေတုန်းမှာပဲ ဗိုလ်မှူးမာရာအစ်က **"မရဘူး မင်ဒဲလား။ ဒါ ခင်ဗျားဆရာဝန်ရဲ့ ညွှန်ကြားချက်နဲ့ ဆန့်ကျင်နေတယ် ခင်ဗျ"** လို့ပြောပြီး သူကလင်ဗန်းကိုယူဖို့ လက်လှမ်းလိုက်တယ်။ ကျနော်က လင်ဗန်းကိုမြဲမြဲဆုပ်ကိုင်ထားပြီး **"ဝမ်းနည်းပါတယ် ဗိုလ်မှူး၊ ဒီမနက်စာစားလိုက်လို့ ကျနော်သေမယ်ဆိုရင်လည်း ဒီကနေ့ အသေခံဖို့အသင့်ပါပဲဗျာ"** လို့ ပြောလိုက်တယ်။

ကျနော့်ကို ကွန်စတန်ရှာဘော့ဂ်မှာ လုံခြုံစိတ်ချစွာထားပြီးတာနဲ့ ကျနော်ဟာ ကိုဘီကို

အက်ဆီးတို့၊ လျှို့ဝှက်ကော်မတီတို့နဲ့ ပြန်လည်ပြီးဆွေးနွေးတာတွေ စလုပ်ရတယ်။ ကျနော် ဆေးခန်းမှာပဲရှိနေစဉ် ကိုအက်ဆီးကကျနော့်ကို အကျဉ်းကျမှုနဲ့လွတ်လပ်မှုကြား တဝက်လောက် အနေအထားမှာ ထားလိုတယ်လို့ပြောတယ်။ ဒါဘာဆိုလိုတယ်ဆိုတာ သူ မရှင်းပြပေမဲ့ ကျနော်သဘောပေါက်လိုက်ပြီး ခေါင်းပဲညိတ်ပြလိုက်တယ်။ လွတ်မြောက်ဖို့ သူ့ကမ်းလှမ်းချက်ကို လက်ခံစဉ်းစားလောက်အောက် ကျနော် မအ ပါဘူး။ ဒါပေမဲ့ ဒါဟာ အဲဒီကိုဦးတည်တဲ့ ခြေလှမ်းတလှမ်းဖြစ်တယ်ဆိုတာ ကျနော်သိတယ်။

လောလောဆယ်မှာတော့ ဆေးခန်းဟာ အင်မတန့်ကို သက်တောင့်သက်တာရှိပြီး ကျနော်ဟာ ပထမဆုံးအကြိမ်အဖြစ် ဆေးရုံနာလန်ထအရသာကို တကယ့်ကိုနှစ်နှစ်ခြိုက်ခြိုက် ခံစားနေမိတယ်။ လူဖြူ သို့မဟုတ် ကပြားတွေဖြစ်တဲ့ သူနာပြုဆရာမတွေ **(လူမည်းသူနာပြု ဆရာမတွေ ဒီဆေးရုံမှာလုပ်ခွင့်မရှိပါ)** က ကျနော့်ကို ဖျက်ဆီးကြတယ်။ သူတို့ဟာ နောက်ထပ် အချိုပွဲ၊ လိုက်ပွဲတွေနဲ့ ခေါင်းအုံးတွေယူလာပေးတယ်။ သူတို့အလုပ်ချိန်မဟုတ်ဘဲနဲ့တောင် ကျနော့်ဆီ အမြဲလာလည်နေကြတယ်။

တနေ့မှာ သူနာပြုဆရာမတယောက်လာပြီး **"မစ္စတာမင်ဒဲလား၊ သမီးတို့ ဒီည ပါတီပွဲ တခုပေးမလို့၊ အဲဒါ ဦး လာစေချင်ပါတယ်"** လို့ ပြောတယ်။ ကျနော်က ဖိတ်ကြားတဲ့အတွက် ဝမ်းသာဂုဏ်ယူပေမဲ့ အာဏာပိုင်တွေရဲ့အဆုံးအဖြတ် မလွဲမသွေလိုတယ်လို့ ပြောလိုက်တယ်။ ထောင်အာဏာပိုင်တွေက ကျနော့်ကိုသွားခွင့်မပေးပါ။ အဲဒါကြောင့် သူနာပြုဆရာမတွေ စိတ်ကွက်ကြပြီး ကျနော့်အခန်းမှာပဲ ပါတီပွဲကျင်းပဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ကျနော် မပါမဖြစ် ဘူးလို့ ပြောကြတယ်။

အဲဒီညမှာ အမျိုးသမီးငယ်တဒါဇင်လောက်ဟာ ပါတီပွဲထိုင်အဝတ်အစားတွေဆင်ယင်ပြီး ကျနော့်အခန်းထဲ ကိတ်မုန့်တွေ၊ ဝိုင်နဲ့သစ်သီးဖျော်ရည်တွေ၊ လက်ဆောင်ပစ္စည်းတွေနဲ့ ဝင်ချလာ ကြတယ်။ အစောင့်တွေဟာ ခေါင်းရှုပ်ကုန်တဲ့ပုံပါပဲ။ ဒါပေမဲ့ ဒီပျော်တတ်တဲ့ မိန်းကလေးငယ် တွေကို လုံခြုံရေးအန္တရာယ်တခုလို့ သူတို့မယူဆနိုင်ပါဘူး။ အစောင့်တယောက်က သူနာပြု ဆရာမတချို့ကို ကျနော့်အခန်းထဲမဝင်ဖို့တားတဲ့အခါ ကျနော်က သူ့ကို အဖိုးကြီးတယောက်က ဒီလောက်လှတဲ့ မိန်းမငယ်ငယ်လေးတွေရဲ့ဂရုစိုက်မှု အကြီးအကျယ်ခံနေရတာကို သူမနာလိုဖြစ် နေတယ်လို့ နောက်လိုက်တယ်။

## ၉၅

၁၉၈၈ ခု ဒီဇင်ဘာလ စောစောပိုင်းမှာ ကျနော့်အဆောင်က လုံခြုံရေးတွေ တင်းကြပ်ထားပြီး တာဝန်ကျအရာရှိတွေ ခါတိုင်းထက်ပိုနိုးကြားနေကြတယ်။ အပြောင်းအလဲတစုံတရာဖြစ် တော့မယ့် လက္ခဏာပါပဲ။ ဒီဇင်ဘာ (၉) ရက် ညနေမှာ ဗိုလ်မှူးမာရာအစ် ကျနော့်အခန်းထဲဝင် လာပြီး နေရာပြောင်းဖို့ပြင်ထားရန်ပြောတယ်။ **"ဘယ်ကိုလဲ"** လို့ ကျနော်မေးတယ်။ သူမပြော ပါ။ ကျနော့်ပစ္စည်းတွေထုပ်ပိုးပြီး ကျနော့်ဘက်တော်သား သူနာပြုဆရာမ တချို့တလေများ

ရှိမလားလို့ ဘေးဘီကြည့်မိတယ်။ သူတို့ကို ကျေးဇူးတင်ကြောင်းပြောပြီး နှုတ်ခွန်းမဆက်နိုင်ခဲ့တဲ့အတွက် ကျနော်စိတ်မကောင်းဖြစ်မိတယ်။

ကျနော်တို့ဟာ ခပ်သုတ်သုတ်ထွက်လာ၊ တနာရီလောက်ကားမောင်းပြီးနောက် ကျနော်နာမည်ကြားဖူးထားတဲ့ အကျဉ်းထောင်တခုထဲဝင်လာခဲ့တယ်။ အဲဒါဟာ ဇစ်တာဇာစတာဆိုတဲ့ထောင်ဖြစ်ပြီး ကိပ်ပြည်နယ်ထဲက သာယာလှပရေးကျတဲ့ ပါးလ်ဆိုတဲ့ ဒတ်ချ်မြို့ကလေးမှာတည်ရှိတယ်။ ကိပ်တောင်းမြို့ရဲ့ အရှေ့မြောက်ဖက် (၃၅) မိုင် အကွာ ဝိုင်အရက်ထုတ်လုပ်ရာဒေသထဲမှာဖြစ်တယ်။ ဒီထောင်ဟာ စံပြအဆောက်အအုံတခုအဖြစ် နာမည်ထင်ရှားတယ်။ ကျနော်တို့ဟာ ထောင်ဝင်းအဆုံးထိ ကားမောင်းဝင်သွားပြီးနောက် ထောင်နောက်ဖက်ချောင်ကျကျ သစ်ပင်ထူထူနေရာကိုဖြတ်သွားတဲ့ မြေလမ်းကွေ့ကွေ့ကောက်ကောက်အတိုင်း မောင်းသွားတယ်။ လမ်းအဆုံးမှာတော့ တသီးတသန့်တည်ရှိနေတဲ့ ဆေးဖြူသုတ်ထားတဲ့ တထပ်အိမ်တလုံးဆီ ရောက်လာတယ်။ ဒီအိမ်ကို ကွန်ကရစ်တံတိုင်းနဲ့ ဝင်းခတ်ထားပြီး ထင်းရှူးပင်မြင့်မြင့်ကြီးတွေမိုးနေတယ်။

ကျနော့်ကို ဗိုလ်မှူးမာရာအစ်က အိမ်ထဲခေါ်သွင်းသွားတယ်။ အိမ်ထဲမှာ နားနေဆောင်ကျယ်ကျယ်တခန်းနဲ့ ကပ်ရက်မီးဖိုဆောင်ကြီးကြီးတခုရှိပြီး နောက်ဖက်မှာ အဲဒါတွေထက်ပိုကျယ်တဲ့ အိပ်ခန်းတခန်းရှိတယ်။ အိမ်ထဲမှာ ပရိဘောဂအသုံးအဆောင်တွေ ကျဲကျဲပါးပါးပဲရှိပေမဲ့ သက်တောင့်သက်သာဖြစ်လောက်အောင်တော့ ထားပေးထားတယ်။ ကျနော်ရောက်မလာခင် ဒီနေရာကို သန့်ရှင်းလှည်းကျင်းတာ လုပ်မထားဘူး။ ဒီတော့ အိပ်ခန်းနဲ့ ဧည့်ခန်းတွေထဲအမျိုးမျိုးသော ထူးထူးဆန်းဆန်း ပိုးကောင်မွှားကောင်တွေ၊ ကင်းခြေများတွေ၊ ပင့်ကူတွေတရွရွနဲ့ ပြည့်နေကြတယ်။ တချို့အကောင်တွေဆိုရင် ကျနော် တခါမှမမြင်ဖူးဘူး။ အဲဒီညမှာကျနော်ဟာ အိပ်ရာနဲ့ ပြတင်းဘောင်ပေါ်က ပိုးကောင်တွေကိုရှင်းပစ်လိုက်ပြီး ကျနော့်ရဲ့ နေအိမ်သစ်ဖြစ်လာမယ့် ဒီနေရာမှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားခဲ့တယ်။

နောက်တနေ့မနက်မှာ ကျနော့်ဘုံဗိမာန်သစ်ကို လှည့်လည်ကြည့်ရှုခဲ့ရာမှာ အိမ်နောက်ဖက်ဝင်းထဲ ရေကူးကန်တကန်တွေ့ခဲ့ပြီး အိမ်ထဲမှာ အိပ်ခန်းငယ်ငယ်နှစ်ခန်းလည်းတွေ့ခဲ့တယ်။ ကျနော်ဟာ အိမ်ပြင်ထွက်လမ်းလျှောက်ရင်း အိမ်ကိုနေရောင်ကာပေးပြီး အေးမြစေတဲ့ သစ်ပင်ကြီးတွေကို သဘောကျစွာကြည့်မိတယ်။ ဒီနေရာတခုလုံးဟာ အရာရာနဲ့ အဆက်ပြတ်ပြီးတသီးတခြားအထီးကျန်ဖြစ်နေတယ်။ သာယာလှပလှတဲ့မြင်ကွင်းကို အကျည်းတန်နေစေတဲ့တခုတည်းသောအရာကတော့ ဝင်းထရံတံတိုင်းတွေထိပ်မှာ သံဆူးကြိုးတွေ တန်းထားတာဖြစ်တယ်။ နောက်ပြီး အိမ်အဝင်ဝမှာ အစောင့်တွေချထားတယ်။ အဲဒါတောင်မှ ဒီနေရာဟာအင်မတန်နှစ်သက်စရာနေရာတခု၊ အနေအထားတခုဖြစ်ပါတယ်။ အကျဉ်းထောင်နဲ့ လွတ်လပ်မှုကြားတဝက်မှာရှိတဲ့ အိမ်ဖြစ်တယ်။

အဲဒီနေ့ခင်းမှာ ကျနော့်ဆီကို ဘီကိုအက်ဆီးလာလည်တယ်။ သူက အိမ်သစ်တက်ပွဲလက်ဆောင်အဖြစ် ကိပ်နယ်ထွက် ဝိုင်တသေတ္တာယူလာခဲ့တယ်။ ထောင်ချသူက သူ့ထောင်

သားဆီ ဒီလိုလက်ဆောင်မျိုးယူလာပေးတဲ့ အဆီအငေါ်မတည့်မှုကို ကျနော်တို့နှစ်ယောက်လုံး သတိထားမိကြတယ်။ သူဟာ အလွန်တရာမှ အလေးထားဂရုတစိုက်ရှိပြီး ကျနော့်အနေနဲ့ နေရာသစ်ကိုကြိုက်အောင် အစွမ်းကုန်ကြိုးပမ်းပေးချင်နေတယ်။ သူကိုယ်တိုင် အိမ်ကိုလှည့်ပတ်ကြည့်တယ်။ သူလုပ်ခိုင်းတဲ့ တခုတည်းသောအရာကတော့ အိမ်ပြင်ကတံတိုင်းတွေကို ထပ်မြှင့်ဖို့ဖြစ်တယ်။ ဒါဟာ ကျနော့်အတွက် တသီးတသန့်လွတ်လွတ်လပ်လပ်ရှိအောင် လို့ ပြောတယ်။ ဗစ်တာဗာစတာက ယာတောပုံစံအိမ်ဟာ ကျနော်ထောင်ကမလွတ်မီ နောက်ဆုံးနေရတဲ့နေရာဖြစ်လိမ့်မယ်လို့ သူကပြောတယ်။ ဒီလိုထားတာရဲ့ နောက်ခံအကြောင်းရင်းကတော့ ကျနော့်အနေနဲ့ ဆွေးနွေးပွဲတွေကို တသီးတသန့် သက်တောင့်သက်သာလုပ်နိုင်မယ့် နေရာတခုရှိဖို့ ဖြစ်တယ်လို့ သူကပြောတယ်။

ယာတောအိမ် (cottage) လေးဟာ တကယ်ပဲ ကျနော့်ကို လွတ်လပ်မှုအာရုံယောင်ပေးခဲ့တယ်။ ကျနော်ဟာ ကြိုက်တဲ့အချိန်အိပ်၊ ကြိုက်တဲ့အချိန်ထ၊ ကြိုက်တဲ့အချိန်ရေကူး၊ ဆာတဲ့အချိန်စားနဲ့ ဒါတွေအားလုံးဟာ အတော်အရသာရှိတဲ့ အာရုံခံစားမှုတွေပါပဲ။ နေ့ခင်းဘက်မှာ ကိုယ်ဆန္ဒရှိတဲ့အချိန် အိမ်ပြင်ထွက်လမ်းလျှောက်နိုင်တာလေးကိုက ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာရှိလှပါတယ်။ ပြူတင်းပေါက်တွေမှာ သံတိုင်တွေမရှိ သော့တွဲတွေဂလောက် ဂလောက်မြည်တာမရှိ၊ သော့ခတ်စရာ (သို့မဟုတ်) သော့ဖွင့်စရာတံခါးမရှိ။ ဒါဟာ လုံးလုံးကိုနှစ်သက်ကျေနပ်စရာပါပဲ။ ဒါပေမဲ့ ရွှေကွပ်ထားတဲ့ လှောင်အိမ်တလုံးပဲဖြစ်တယ်ဆိုတာကိုတော့ ကျနော်ဘယ်တော့မှမမေ့ပါ။

အကျဉ်းထောင်အုပ်ချုပ်ရေးက ကျနော့်ကို ထမင်းချက်တယောက်ပေးတယ်။ သူကတော့ အရာခံဗိုလ်စဝဲ့တ်ဆိုတဲ့ အရပ်မြင့်မြင့်ခပ်အေးအေး အာဖရိကန်နားလူမျိုးတယောက်ဖြစ်ပြီး အရင်တုန်းက ရော်ဘင်ကျွန်းပေါ်မှာ ဝါဒါလုပ်ခဲ့ဘူးတယ်။ ကျနော် သူ့ကိုမမှတ်မိပါ။ ဒါပေမဲ့ သူဟာ တခါတရံကျနော်တို့ကို ကျောက်မိုင်းတွေဆီကားမောင်းပို့ရပြီး ကျနော်တို့ကားဆောင့်အောင် ကုန်တင်ကားကို တမင်တကာဖုတွေချိုင့်တွေပေါ် မောင်းခဲ့တယ်လို့ သူပြောပြတယ်။ **"ကျနော် ဆရာတို့ကို အဲသလိုလုပ်ခဲ့တယ်ဗျာ"** လို့ သူက ရှက်ရွံ့ရွံ့နဲ့ပြောတော့ ကျနော်ရယ်မိတယ်။ သူဟာ ရိုးသားပြီး စိတ်ထားကောင်းသူဖြစ်တယ်။ အာဃာတလည်းကင်းတယ်။ နောက်ပိုင်းမှာ ကျနော့်ညီတယောက်လို ဖြစ်လာခဲ့တယ်။

သူက မနက် (၇) နာရီမှာ ရောက်လာပြီး ညနေ (၄) နာရီဆို ပြန်တယ်။ ကျနော့်ရဲ့ မနက်စာ၊ နေ့လည်စာနဲ့ ညစာတွေစီစဉ်ချက်ပြုတ်တယ်။ ကျနော့်ကို ဆရာဝန်ညွှန်ကြားထားတဲ့ ဓာတ်စာ သတ်မှတ်ချက်ရှိပြီး စဝဲ့တ်ကချက်ပြုတ်ရာမှာ အဲဒီအတိုင်းလိုက်နာဆောင်ရွက်ပေးတယ်။ သူဟာ နှစ်လိုဖွယ်ရာကောင်းတဲ့ ထမင်းချက်တယောက်ဖြစ်တယ်။ သူ ညနေဘက် အိမ်ပြန်တဲ့အခါ ကျနော့် ညစာကိုနွေးအောင် မိုက်ကရိုဝေ့ဗ်မီးဖိုထဲ ထည့်ထားပေးခဲ့တယ်။ မိုက်ကရိုဝေ့ဗ်မီးဖိုကတော့ ကျနော့်အတွက် အသစ်အဆန်းဖြစ်နေတယ်။

အရာခံဗိုလ်စဝ့်ါတ်ဟာ ပေါင်မုန့်လည်းဖုတ်တယ်။ ဂျင်ဂျာဘီယာလည်း ကိုယ့်ဟာကိုယ် ဖောက်တယ်။ တခြား မုန့်အမျိုးမျိုးလည်းလုပ်တယ်။ ကျနော့်ဆီကို ဧည့်သည်တွေကလည်း မကြာခဏ ရောက်သထက်ရောက်လာတယ်။ အဲသလို ဧည့်သည်တွေလာတဲ့အခါ သူက အထူးစပါယ် ရှယ်ဟင်းလျာတွေ ပြင်ဆင်ချက်ပြုတ်ပေးတယ်။ ဧည့်သည်တွေက အစားအသောက်ကို အမြဲ ချီးကျူးကြတယ်။ စားဖို့မှူးကြောင့် ဧည့်သည်အားလုံး ကျနော့်ကို မနာလိုဖြစ်ကြတယ်လို့တောင် ကျနော်ပြောရဲတယ်။ အာဏာပိုင်တွေက ကျနော်ရဲ့ အေအင်စီရဲဘော်တွေ၊ ဒီမိုကရေစီ ညီညွတ်ရေးတပ်ပေါင်းစု (ယူဒီအက်ဖ်) နဲ့ ဒီမိုကရေစီလူထုလှုပ်ရှားမှုအဖွဲ့ (အမ်ဒီအမ်) အဖွဲ့ဝင် တွေကို ကျနော့်ဆီ လာတွေ့ခွင့်ပေးတဲ့အခါ ကျနော်က သူတို့ကို အစားကောင်းစားချင်လို့ပဲ လာတာ လို့နောက်ပြောခဲ့တယ်။

တနေ့မှာတော့ မစ္စတာစဝ့်ါတ်ချက်တဲ့၊ အရသာရှိလှတဲ့ ထမင်းတပွဲစားပြီးတဲ့နောက် ကျနော် မီးဖိုထဲဝင်ပြီး ပန်းကန်တွေဆေးပေးတယ်။ သူက **"မဟုတ်ဘူး၊ ဒါကျနော့်တာဝန်ပဲ။ ဆရာက အိမ်ရှေ့ခန်းပြန်ပါ"** လို့ ပြောတယ်။ ကျနော်က တခုခုတော့လုပ်ရမှဖြစ်မယ်။ သူ ထမင်း ဟင်းချက်ရင် ကျနော်ပန်းကန်ဆေးမှ တရားရာကျမယ်လို့ ဇွတ်အတင်းပြောတယ်။ မစ္စတာ စဝ့်ါတ်က ကန့်ကွက်ပေမဲ့ နောက်ဆုံးမှာတော့ လက်ခံလိုက်တယ်။ မနက်ဖက်မှာ ကျနော် အိပ်ရာသိမ်းတာကိုလည်း သူကန့်ကွက်တယ်။ အဲဒါလည်း သူ့တာဝန် လို့ပြောတယ်။ ဒါပေမဲ့ ကျနော်ဟာ အိပ်ရာသိမ်းတာ၊ အိပ်ရာခင်းတာကို နှစ်ပေါင်းများစွာ ကိုယ့်ဟာကိုယ်လုပ်နေခဲ့ တာမို့ အကျင့်ပါနေပြီ။

တခြားကိစ္စတခုမှာလည်း ကျနော်တို့ဟာ တယောက်ကိုတယောက် အပြန်အလှန် အကျိုးပြုကြတာရှိတယ်။ သူဟာ တခြားအာဖရိကန်းစကားပြောဝါဒါတွေလိုပဲ အင်္ဂလိပ်စကားကို ပိုပြီးကျွမ်းကျွမ်းကျင်ကျင်တတ်ဖို့ စိတ်ထက်သန်နေတယ်။ ကျနော်ကလည်း အာဖရိကန်းစကား ပိုပြီးကျွမ်းကျင်တတ်မြောက်ဖို့ အမြဲနည်းလမ်းရှာကြိုးစားနေတာဖြစ်တယ်။ ဒီတော့ ကျနော်တို့ နှစ်ယောက် သဘောတူချက်တခုချလိုက်တယ်။ သူကကျနော့်ကို အင်္ဂလိပ်စကားနဲ့ပြော၊ ကျနော်က အာဖရိကန်းစကားနဲ့ပြန်ဖြေ၊ ဒီနည်းနဲ့ ကျနော်တို့နှစ်ယောက်လုံး ကိုယ်အားနည်းတဲ့ ဘာသာစကားကို လေ့ကျင့်ရာရောက်ခဲ့တယ်။

တခါတရံမှာ ကျနော်ကသူ့ကို တချို့သောဟင်းလျာမျိုးတွေ ချက်ခိုင်းတယ်။ ကျနော် ကလေးဘဝတုန်းကစားလေ့ရှိခဲ့တဲ့ ပဲသီးဟင်းကို တခါတလေချက်ခိုင်းတယ်။ တရက်မှာ ကျနော်က **"လုံးတီးထမင်းချက်ပေးပါ"** လို့ တောင်းဆိုလိုက်တယ်။ သူက **"လုံးတီးထမင်း ဆိုတာဘာလဲ"** ပြန်မေးလို့ ကျနော်အံ့အားသင့်သွားတယ်။ စဝ့်ါတ်ဟာ လူငယ်ဖြစ်လို့ ကမ္ဘာ စစ်ကြီးကို မမှီလိုက်ပါဘူး။ ကျနော်က သူ့ကို လုံးတီးထမင်း၊ လုံးတီးဆန်ဆိုတာ ကမ္ဘာစစ်ကြီးတုန်းက ဆန်ဖြူမရနိုင်လို့စားရတဲ့၊ အချောကြိတ်မထားတဲ့ ဆန်ဖြစ်တယ်၊ ဆန်ဖြူထက်ပိုပြီး ကျန်းမာရေး နဲ့ညီညွတ်တယ်လို့ ရှင်းပြရတယ်။ သူက သိပ်အယုံအကြည်မရှိပါ။ ဒါပေမဲ့ နည်းနည်းပါးပါးတော့ ရှာလို့ရလာတယ်။ အဲဒါကို သူချက်ပေးပြီး ကျနော် အထူးနှစ်ခြိုက်စွာသုံးဆောင်ခဲ့တယ်။

သို့သော် မစ္စတာစဝ့်ါတ်ကတော့ အရသာမခံနိုင်ပဲ အဲဒါမျိုးနောက်ထပ်စားချင်ရင် ကိုယ့်ဟာကိုယ်ပဲချက်လို့ ရာဇသံပေးတယ်။

ကျနော်ဟာ အရက်မသောက်တတ်ပေမဲ့ သင့်လျော်စွာဧည့်ခံတတ်သူဖြစ်ချင်ပြီး ဧည့်သည်တွေကို ဝိုင်အရက်နဲ့ဧည့်ခံချင်တယ်။ ဧည့်သည်တွေ စိတ်အေးသက်သာဖြစ်အောင် ကျနော်ကိုယ်တိုင် မကြာခဏ တငုံလောက်သောက်တယ်။ ဒါပေမဲ့ ကျနော်လက်ခံနိုင်တဲ့ ဝိုင်အရက်ကတော့ တောင်အာဖရိကထွက် **'တဝက်ချို'** ဝိုင်ပဲ ဖြစ်ပါတယ်။ အဲဒီဝိုင်ဟာ တကယ့်တကယ်တော့ အလွန့်ကိုချိုပါတယ်။

ကျနော့်ဧည့်သည်တွေမလာခင် ကျနော်က မစ္စတာစဝ့်ါတ်ကို နီဒါဘာ့ဂ်ဝိုင်အမျိုးအစားတပုလင်းရှာဖို့ ပြောထားတယ်။ ဒီဝိုင်ကို ကျနော်မြည်းဖူးပြီး တဝက်ချိုဖြစ်မှန်းသိထားတယ်။ တနေ့မှာ ကျနော်ဟာ မိတ်ဆွေရှေ့နေတွေဖြစ်တဲ့ ဒါလာအိုမာ၊ ဂျော့ချ်ဘီဇော့နဲ့ အီစမိုင်အယ္ယုပ်ဗ် တို့ နေ့လည်စာလာစားဖို့ဖိတ်ထားပြီး မစ္စတာစဝ့်ါတ်ကို နီဒါဘာ့ဂ်ဝိုင်နည်းနည်းပါးပါး ဝယ်ထားဖို့ပြောလိုက်တယ်။ မူစလင်မဟုတ်တဲ့ ဂျော့ချ်ဘီဇော့ ထမင်းစားရင်းသောက်ချင်မလားဆိုပြီး ဝယ်ခိုင်းတာဖြစ်ပါတယ်။ ကျနော်ခိုင်းတဲ့အခါ စဝ့်ါတ်မျက်နှာရှုံ့မဲ့သွားတာ သတိထားမိလို့ ဘာပြဿနာရှိလဲ မေးကြည့်မိတယ်။

သူက **"မစ္စတာမင်ဒဲလား၊ ဆရာခိုင်းလို့ ကျနော်အဲဒီဝိုင်ကို ဆရာ့အတွက်အမြဲဝယ်ပေးခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီဝိုင်က အပေါ်စားကြီးခင်ဗျ။ ကောင်းလဲမကောင်းဘူး"** လို့ ပြောတယ်။ ကျနော်ကသူ့ကို ကျနော်ဝိုင်အပြင်းတွေမကြိုက်တဲ့အကြောင်းနဲ့ ဂျော့ချ်ကလည်း ခွဲခြားမသိမှာ သေချာကြောင်းပြောလိုက်တယ်။ မစ္စတာစဝ့်ါတ်က ပြုံးပြီး အလျှော့ပေးစေ့စပ်မှုတခု ကမ်းလှမ်းတယ်။ သူအပြင်ထွက်ပြီး ဝိုင်နှစ်ပုလင်းဝယ်လာမယ်။ ဝိုင်အပြင်းတပုလင်းနဲ့ ကျနော့်နီဒါဘာ့ဂ် တပုလင်းဝယ်လာပြီး ဧည့်သည်ကို ဘယ်ဟာသောက်ချင်လဲမေးမယ်တဲ့။ ကျနော်က **"ကောင်းပြီလေ၊ ခင်ဗျားစမ်းသပ်ချက်ကို လက်တွေ့ကြည့်ရအောင်"** လို့ ပြောလိုက်တယ်။

ကျနော်တို့လေးယောက် နေ့လည်စာစားဖို့ ဝိုင်းထိုင်ကြတဲ့အခါ စဝ့်ါတ်က ပုလင်းနှစ်လုံး ကိုင်ထွက်လာပြီး ဧည့်သည်တွေကို **"လူကြီးမင်းများ၊ ဘယ်ဝိုင်သုံးဆောင်ပါမလဲ"** လို့ မေးတယ်။ ဂျော့ချ်ဟာ ကျနော့်ကိုတောင်လှည့်မကြည့်ပဲ ဝိုင်အပြင်းပုလင်းကို လက်ညှိုးထိုးပြတယ်။ အရာခံဗိုလ်စဝ့်ါတ်ကတော့ ပြုံးရုံပဲပြုံးလိုက်ပါတယ်။

## ၉၆

ကော်မတီနဲ့ ဆွေးနွေးပွဲတွေဆက်လုပ်ခဲ့တယ်။ ဒါပေမဲ့ ကျနော်တို့ရှေ့ဆက်မတက်နိုင်အောင် အဟန့်အတားပြုခဲ့တဲ့ ကိစ္စရပ်တွေအပေါ်မှာသာ အမြဲ ထစ် ထစ်နေတယ်။ အဲဒါတွေကတော့ လက်နက်ကိုင်တိုက်ပွဲကိစ္စ၊ ကွန်မြူနစ်ပါတီကိစ္စနဲ့ လူများစုအုပ်ချုပ်ရေးကိစ္စတွေပါပဲ။ ကျနော်က [သမတ]ပီဒဗလျူဘိုသာနဲ့ တွေ့ဆုံဆွေးနွေးရဖို့လည်း ကိုအက်ဆီးကို အတင်းတောင်းဆို

နေဆဲဖြစ်တယ်။ အခုအချိန်မှာတော့ အာဏာပိုင်တွေက ကျနော့်ကို ပိုးလ်စမိုးထောင်နဲ့ ရော်ဘင်ကျွန်းထောင်မှာရှိတဲ့ ကျနော့်ရဲဘော်တွေနဲ့ရော၊ လူဆာကာမှာရှိတဲ့ အေအင်စီက ကျနော့်ရဲဘော်တွေနဲ့ရော အဆင့်နိမ့်ဆက်သွယ်မှုတွေ လုပ်ခွင့်ပေးခဲ့တယ်။ ကျနော်ဟာ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ရှေ့ကို ထိုးထွက်နေပြီဆိုတာ ကျနော်သိပေမဲ့ အလွန်အလှမ်းဝေးဝေး မထွက်ချင်ဘူး။ ဘယ်သူမှ ကိုယ့်နောက်ပါမလာဘဲ အထီးတည်းမဖြစ်ချင်ဘူး။

၁၉၈၉ ခု၊ ဇန်နဝါရီလထဲမှာ ပိုးလ်စမိုးထောင်က ရဲဘော်လေးယောက် ကျနော့်လာတွေ့တဲ့အခါ ကျနော် နိုင်ငံတော်သမတဆီပေးပို့ဖို့ရည်ရွယ်ထားတဲ့ စာလွှာနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ကြတယ်။ အဲဒီထဲမှာ ကျနော်တို့ရဲ့ လျှို့ဝှက်ကော်မတီဆွေးနွေးပွဲတွေမှာ ကျနော်ပြောခဲ့တဲ့ အချက်အများစုကိုပဲ ထပ်လောင်းပြောထားတယ်။ ဒါပေမယ့် ဒီအချက်တွေကို သမတအနေနဲ့ ကျနော့်ထံက အသေအချာတိုက်ရိုက်ကြားသိစေချင်တယ်။ ကျနော်တို့ဟာ ပရမ်းပတာ အကြမ်းဖက်သမားတွေမဟုတ်ပဲ စဉ်းစားဆင်ခြင်ဉာဏ်ရှိသူတွေဖြစ်တယ်ဆိုတာ တွေ့စေဖို့ ဖြစ်ပါတယ်။

မတ်လအတွင်း ဘိုသာ့ဆီပို့လိုက်တဲ့စာလွှာထဲမှာ **"ကျနော်ဟာ တခြားတောင်အာဖရိက နိုင်ငံသားအများအပြား သေချာပေါက်ခံစားနေရသလို အနိဋ္ဌာရုံနိမိတ်ဆိုးရဲ့နှောင့်ယှက်မှုကို ခံစားနေရတယ်။ အဲဒီနိမိတ်ဆိုးကတော့ တောင်အာဖရိကနိုင်ငံဟာ လူမည်းတွေတဖက်၊ လူဖြူတွေတဖက် အပြန်အလှန်သတ်ဖြတ်နေကြတဲ့ ရန်ဘက်အုပ်စုနှစ်စုအဖြစ် ကွဲသွားမယ့် နိမိတ်ဖြစ်ပါတယ်"** လို့ ကျနော်ရေးလိုက်တယ်။ ဒါကိုရှောင်လွှဲနိုင်ဖို့နဲ့ စေ့စပ်ဆွေးနွေးရေးအတွက် အခြေခံအုတ်မြစ်ချနိုင်ဖို့ ကျနော်ဟာ အစိုးရက အေအင်စီအပေါ် စေ့စပ်ဆွေးနွေးရေးကြိုတင်စည်းကမ်းသတ်မှတ်ချက်လုပ်ထားတဲ့ တောင်းဆိုချက်သုံးခုကို ကိုင်တွယ်ဖြေရှင်းတဲ့ကမ်းလှမ်းချက် လုပ်ခဲ့တယ်။ တောင်းဆိုချက်သုံးခုဆိုတာကတော့ အကြမ်းဖက်မှု (Violence) စွန့်လွှတ်ရန်၊ တောင်အာဖရိကကွန်မြူနစ်ပါတီနဲ့ အဆက်ဖြတ်ရန်နဲ့ လူများစုအုပ်ချုပ်ရေးတောင်းဆိုမှု စွန့်လွှတ်ရန် တို့ဖြစ်တယ်။

ကျနော်က အကြမ်းဖက်မှုပြဿနာနဲ့ပတ်သက်ပြီး အကြမ်းဖက်မှုစွန့်လွှတ်ရေးကို ငြင်းပယ်တာဟာ ပြဿနာမဟုတ်တဲ့အကြောင်း၊ **"တကယ့်အမှန်တရားကတော့ အစိုးရဟာ နိုင်ငံရေးအာဏာကို လူမည်းတွေနဲ့ခွဲဝေဖို့ အသင့်မဖြစ်သေးတာပဲဖြစ်တယ်"** လို့ ရေးလိုက်တယ်။ တောင်အာဖရိကကွန်မြူနစ်ပါတီကို ဘေးဖယ်ပစ်ဖို့ကျနော်တို့ဆန္ဒမရှိတာကို ရှင်းလင်းတင်ပြပြီး ကျနော်တို့ဟာ ကွန်မြူနစ်ပါတီရဲ့ချုပ်ကိုင်မှုအောက်မှာမဟုတ်ဘူးဆိုတာ ထပ်လောင်းပြောပြခဲ့တယ်။ **"ဘုံရန်ဖက်တဦးရဲ့ တောင်းဆိုမှုကြောင့် တသက်တာလက်တွဲခဲ့တဲ့ မိတ်ဆွေကိုစွန့်ပယ်ရင် ဘယ်ဂုဏ်သရေရှိပုဂ္ဂိုလ်မှ သူ့ပြည်သူတွေရဲ့ယုံကြည်ကိုးစားမှုကို ဆက်ရမှာမဟုတ်ဘူး"** လို့ကျနော် ရေးလိုက်တယ်။ အစိုးရက လူများစုအုပ်ချုပ်ရေးကို ငြင်းပယ်တာဟာ အာဏာဆက်ထိန်းထားဖို့ သိပ်ဖုံးဖိလို့မရတဲ့ ကြိုးပမ်းချက်တရပ်ဖြစ်တယ်လို့ ကျနော်ပြောလိုက်တယ်။ သူ့အနေနဲ့ ပကတိအရှိတရားကိုရင်ဆိုင်ဖို့ ကျနော်အကြံပေးလိုက်တယ်။ **"လူများစုအုပ်ချုပ်ရေးနဲ့**

**ပြည်တွင်းငြိမ်းချမ်းရေးဟာ ဒဂ်ါးပြားတပြားတည်းရဲ့ ခေါင်းနဲ့ပန်းလိုပဲ။ လူများစုအုပ်ချုပ်ရေးမူကို အပြည့်အဝမကျင့်သုံးမချင်း ဒီတိုင်းပြည်မှာ ဘယ်တော့မှ ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်မှုရှိမှာမဟုတ်ဘူး ဆိုတာ လူဖြူတောင်အာဖရိကက လက်ခံရုံပဲရှိတယ်"** လို့ ရေးလိုက်တယ်။

စာအဆုံးမှာ ကျနော်က စေ့စပ်ဆွေးနွေးရေးအတွက် အတော့်ကို အကြမ်းဖျင်းနိုင်တဲ့ အခြေခံဘောင်တခု တင်ပြခဲ့တယ်။

*နိုင်ငံရေးကိစ္စရပ်နှစ်ခုကို ကိုင်တွယ်ဖြေရှင်းရမယ်။ ပထမက တပြည်ထောင်စနစ်နိုင်ငံတော်အတွင်း လူများစုအုပ်ချုပ်ရေးတောင်းဆိုချက်။ ဒုတိယက ဒီတောင်းဆိုချက်အပေါ် လူဖြူတောင်အာဖရိကရဲ့စိုးရိမ်ပူပန်မှု။ ဒါ့အပြင် လူများစုအုပ်ချုပ်ရေးဟာ လူဖြူလူနည်းစုအပေါ် လူမည်းတွေကြီးစိုးလွှမ်းမိုးတာမဖြစ်စေဖို့ အဆောက်အအုံစနစ်ပိုင်းဆိုင်ရာအာမခံချက်တွေထားပေးဖို့ လူဖြူတွေရဲ့တောင်းဆိုချက်တို့ဖြစ်တယ်။ အစိုးရနဲ့ အေအင်စီရင်ဆိုင်ရမယ့် အရေးအကြီးဆုံး လုပ်ငန်းတာဝန်တွေကတော့ ဒီအနေအထားနှစ်ရပ်ကို ရင်ကြားစေ့ပေးဖို့ဖြစ်တယ်။*

ကျနော်က ဒီဟာကို နှစ်ဆင့်ခွဲလုပ်ဖို့ အဆိုပြုလိုက်တယ်။ ပထမဆင့်က စေ့စပ်ဆွေးနွေးပွဲအတွက် သင့်တော်တဲ့အခြေအနေတွေဖန်တီးဖို့ ဆွေးနွေးပွဲလုပ်ရေး၊ ဒုတိယဆင့်ကမှ တကယ့်စေ့စပ်ဆွေးနွေးပွဲကိုယ်၌ကို လုပ်ရေးဖြစ်တယ်။ **"ကျနော်လှမ်းလိုက်တဲ့ခြေလှမ်းဟာ လက်ရှိအကျဉ်းအကျပ်ကိုကျော်လွှားဖို့နဲ့ တိုင်းပြည်ရဲ့နိုင်ငံရေးအခြေအနေပုံမှန်ဖြစ်စေဖို့ အခွင့်အလမ်းပေးနေတယ်ဆိုတာ ထောက်ပြလိုပါတယ်။ ဒါကို ခင်ဗျားတို့အနေနဲ့ နှောင့်နှေးမှုမရှိဘဲ ဖမ်းဆုပ်ဖို့ ကျနော်မျှော်လင့်ပါတယ်"** လို့ ရေးလိုက်တယ်။

ဒါပေမဲ့ နှောင့်နှေးမှုဖြစ်နေခဲ့တာပါပဲ။ ဇန်နဝါရီလထဲမှာ ပီဒဗလျူဘိုသာ လေဖြတ်သွားခဲ့ တယ်။ အဲဒါက သမတကို လုံးလုံးကြီးသွက်ချာပါဒလိုက်မသွားစေပေမဲ့ သူ့ကို တကယ်ပဲအားနည်းချိနဲ့သွားစေခဲ့တယ်။ သူ့ဝန်ကြီးအဖွဲ့အဆိုအရ သူ့ကို အရင်ထက် ပိုဒေါသကြီးလာစေတယ်လို့ ဆိုတယ်။ ဖေဖော်ဝါရီလထဲမှာတော့ ဘိုသာဟာ အမျိုးသားပါတီခေါင်းဆောင်အဖြစ်ကနေ မမျှော်လင့်ဘဲ အနားယူလိုက်တယ်။ ဒါပေမဲ့ နိုင်ငံတော်သမတရာထူးတော့ ဆက်ယူထားတယ်။ ဒါဟာ တိုင်းပြည်သမိုင်းမှာ မရှိဖူးတဲ့အခြေအနေဖြစ်တယ်။ တောင်အာဖရိကပါလီမန်စနစ်မှာ အများစုမဲရတဲ့ ပါတီခေါင်းဆောင်က နိုင်ငံ့အကြီးအကဲလုပ်ရတယ်။ သမတဘိုသာဟာ အခု နိုင်ငံ့အကြီးအကဲဖြစ်ပေမဲ့ သူ့ပါတီရဲ့အကြီးအကဲမဟုတ်တော့ဘူး။ တချို့က ဒါကို အကောင်းဘက်ဖြစ်ပေါ်တိုးတက်မှုတခုအဖြစ် ရှုမြင်ကြတယ်။ ဆိုလိုတာက ဘိုသာဟာ တောင်အာဖရိကမှာ စစ်မှန်တဲ့အပြောင်းအလဲဖော်ဆောင်နိုင်ဖို့ **'ပါတီနိုင်ငံရေးရဲ့အထက်'** မှာ ရှိနေချင်တယ်လို့ ယူဆကြတယ်။

နိုင်ငံရေးအကြမ်းဖက်မှုနဲ့ နိုင်ငံတကာဖိအားကလည်း ဆက်လက်ပြီးအရှိန်မြင့်နေတယ်။ တိုင်းပြည်တဝှမ်းက နိုင်ငံရေးထိန်းသိမ်းခံအားလုံးက အစာငတ်ခံတိုက်ပွဲတပွဲ အောင်အောင်

မြင်မြင်ဆင်နွဲနိုင်ခဲ့လို့ တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်ဝပ်ပိပြားရေးဝန်ကြီးက ထိန်းသိမ်းခံ (၉၀၀) ကျော်ကို လွှတ်ပေးခဲ့ရတယ်။ ၁၉၈၉ ခုမှာ ယူဒီအက်ဖ်ဟာ တောင်အာဖရိကအလုပ်သမားသမဂ္ဂများကွန်ဂရက် (ကိုဆာတူး) နဲ့ မဟာမိတ်ဖွဲ့ပြီး ဒီမိုကရေစီလူထုလှုပ်ရှားမှုအဖွဲ့ (အမ်ဒီအမ်) ကိုဖွဲ့စည်းခဲ့တယ်။ ဒီနောက်မှာတော့ အမ်ဒီအမ်ဟာ အသားအရောင်ခွဲခြားဆက်ဆံရေးအဆောက်အအုံတွေကို အံတုစိန်ခေါ်ဖို့ နိုင်ငံအနှံ့အာဏာဖီဆန်ရေး **'အံတုလှုပ်ရှားမှု'** တခု စတင်စည်းရုံးဆောင်ရွက်ကြတယ်။ နိုင်ငံတကာ့မျက်နှာစာမှာတော့ အော်လီဗာတမ်ဘိုဟာ ဗြိတိန်၊ ဆိုဗီယက်ပြည်ထောင်စုအစိုးရများနဲ့ ဆွေးနွေးပွဲတွေကျင်းပခဲ့ပြီး ၁၉၈၇ ခု၊ ဇန်နဝါရီလမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျော့ချ်ရှုလ်ဇ်နဲ့ ဝါရှင်တန်မှာ တွေ့ဆုံခဲ့တယ်။ အမေရိကန်တွေက အေအင်စီဟာ တောင်အာဖရိကနိုင်ငံမှာ ဘယ်လိုအဖြေရှာမှုမျိုးမဆိုရဲ့ ပစ်ပယ်လို့မရတဲ့ အစိတ်အပိုင်းတခုဖြစ်တယ်လို့ အသိအမှတ်ပြုကြတယ်။ တောင်အာဖရိကနိုင်ငံအပေါ် စီးပွားရေးဒဏ်ခတ်မှုတွေကလည်း ဆက်အားကောင်းနေပြီး ပိုလို့တောင်တိုးမြှင့်လာတယ်။

နိုင်ငံရေးအကြမ်းဖက်မှုကလည်း ဝမ်းနည်းကြေကွဲစရာသရုပ်ကို လှစ်ပြနေတယ်။ ဆိုဝီတိုမြို့မှာ အကြမ်းဖက်မှုတွေပြင်းထန်လာတဲ့အခါ ကျနော့်ဇနီးက သူမြို့သစ်အတွင်း သွားလာလှုပ်ရှားရာမှာ သက်တော်စောင့်တွေအဖြစ်ဆောင်ရွက်ဖို့ လူငယ်တစုကို ခွင့်ပြုခဲ့တယ်။ ဒီလူငယ်တွေဟာ စနစ်တကျသင်တန်းပေးထားတာလည်းမရှိ၊ စည်းကမ်းကြပ်မတ်မှုလည်းမရှိတော့ လွတ်မြောက်ရေးတိုက်ပွဲအတွက် မလိုလားအပ်တဲ့လုပ်ဆောင်မှုတွေထဲ ပါဝင်ပတ်သက်လာကြတယ်။ အကျိုးဆက်အနေနဲ့ ဝင်နီဟာ သူ့သက်တော်စောင့်တယောက်က လူငယ်ရဲဘော်တယောက်ကို သတ်မှုနဲ့ တရားရုံးတင်ပြစ်ဒဏ်ချမှတ်တဲ့အမှုမှာ ဥပဒေရေးအရ ငြိတွယ်ပတ်သက်လာခဲ့တယ်။ ဒီအနေအထားဟာ ကျနော့်အတွက် အင်မတန်မှခေါင်းရှုပ်စေခဲ့တယ်။ ဘာလို့လဲဆိုတော့ ညီညွတ်ရေး အဓိကကျနေတဲ့အချိန်မှာ ဒီလိုအရှုပ်အထွေးမျိုးက လှုပ်ရှားမှုကိုသွေးကွဲစေဖို့သာ အကျိုးပြုလို့ ဖြစ်ပါတယ်။ ကျနော်ဟာ ကျနော့်ဇနီးကို လုံးဝဥဿုံထောက်ခံအားပေးခဲ့ပြီး သူမဟာ ဆင်ခြင်ဆုံးဖြတ်နိုင်မှု အားနည်းတာပြခဲ့ပေမဲ့ ဆိုးဆိုးဝါးဝါးပြစ်မှုကြီးတွေ မကျူးလွန်ခဲ့ဘူးလို့ ရပ်ခံခဲ့တယ်။

အဲဒီနှစ် ဇူလိုင်လမှာ ကျနော့် (၇၁) နှစ်မြောက်မွေးနေ့အတွက် ဗစ်တာဗာစတာကယာတောအိမ်ကို ကျနော့်မိသားစုတခုလုံးနီးပါး လာလည်ကြတယ်။ ဒါဟာ ပထမဆုံးအကြိမ် ကျနော့်မိန်းမရော၊ သားသမီးတွေရော၊ မြေးတွေရော အားလုံးကိုတနေရာထဲမှာ စုစုဝေးဝေး တွေ့ဆုံရတာဖြစ်ပြီး စည်စည်ကားကားနဲ့ ပျော်စရာကောင်းတဲ့ပွဲတပွဲဖြစ်ခဲ့တယ်။ အရာခံဗိုလ် စဝ့်ါတ်ဟာ အကျွေးအမွေးတွေစီစဉ်ရာမှာ ခါတိုင်းထက်ပိုထူးချွန်ခဲ့ပြီး ကျနော့်မြေးတချို့က ပင်မဟင်းပွဲတွေမလာခင် ပူတင်းမုန့်တွေနှိုက်စားတာကိုတောင် စိတ်မကွက်ခဲ့ဘူး။ စားသောက်ပြီးတဲ့အခါ မြေးတွေက ကျနော့်အိပ်ခန်းထဲဝင်ပြီး သရဲကားဗွီဒီယိုခွေ ကြည့်ကြတယ်။ လူကြီးတွေကတော့ ဧည့်ခန်းမှာပဲနေရစ်ခဲ့ပြီး သတင်းပလင်း အတင်းအဖျင်းတွေပြောကြတယ်။ ကျနော့်အနားမှာ မိသားစုတခုလုံးရောက်နေခြင်းဟာ အလွန့်အလွန်ကိုကြီးမားလှတဲ့ သာယာ

ချမ်းမြေ့မှုပေးခဲ့တယ်။ တခုတည်းသော စိတ်ဆင်းရဲနာကြင်မှုကတော့ ကျနော်ဟာ ဒီလို အခါသမယမျိုးတွေမကြုံတွေ့ခဲ့ရတာ နှစ်ပေါင်းများစွာကြာခဲ့ပြီဆိုတဲ့ အသိပဲဖြစ်ပါတယ်။

## ၆၇

ဇူလိုင် (၄) ရက်နေ့မှာ ကျနော့်ကို ဗိုလ်ချုပ်ဝီလမ်စီလာတွေ့ပြီး နောက်တနေ့ကျရင် သမတဘိုသာနဲ့တွေ့ဖို့ ကျနော့်ကိုခေါ်သွားမယ်လို့ အကြောင်းကြားတယ်။ သူက အဲဒီ တွေ့ဆုံမှုကို **'လေးစားသမှုတွေ့ဆုံပွဲ'** အဖြစ်ဖော်ပြပြီး ကျနော့်ကို မနက် (၅) နာရီခွဲမှာ အသင့်စောင့်နေဖို့ ပြောတယ်။ ကျနော် မစ္စတာဘိုသာနဲ့တွေ့ဖို့ အနောက်တိုင်းဝတ်စုံတစုံနဲ့ လည်စည်းတခု ဝတ်သွားသင့်တယ်လို့ ယူဆမိတယ်။ **(ထင်ရှားသောပုဂ္ဂိုလ်များအဖွဲ့လာတွေ့တုန်းက ဝတ်စုံကတော့ ကြာမြင့်စွာကတည်းက ဇာတ်သိမ်းသွားခဲ့ပြီဖြစ်တယ်။)** ဗိုလ်ချုပ်က သဘောတူလို့ တခဏကြာတဲ့အခါ အဝတ်ချုပ်သမားတယောက်ရောက်လာပြီး ကိုယ်တိုင်းတွေယူတယ်။ အဲဒီနေ့ခင်းမှာ ကျနော်ဟာ ဝတ်စုံသစ်တစုံ၊ လည်စည်း၊ ရှပ်အင်္ကျီနဲ့ ရှူးဖိနပ်အသစ်တွေရခဲ့တယ်။ မပြန်ခင် ဗိုလ်ချုပ်က ကျနော့်သွေးအမျိုးအစားကိုလည်း မေးတယ်။ နောက်တနေ့မှာ မမျှော်လင့်တဲ့ ဘေးဒုက္ခတခုခုဖြစ်လာရင် ကယ်နိုင်ဖို့ဖြစ်တယ်။

ကျနော်ဟာ တွေ့ဆုံပွဲအတွက် အစွမ်းကုန်ပြင်ဆင်ခဲ့တယ်။ တွေ့ဆုံပွဲအတွက် ပြုစုထားတဲ့ ကျနော့်စာလွှာနဲ့ မှတ်စုတွေတပုံကြီးကို ပြန်လှန်စစ်ဆေးခဲ့တယ်။ နောက်ဆုံးအခြေအနေတွေ ဆုပ်မိကိုင်မိဖြစ်အောင် သတင်းစာတွေနဲ့စာစောင်စာတမ်းတွေ ရနိုင်သလောက်များများ ဖတ်ထားခဲ့တယ်။ သမတဘိုသာ အမျိုးသားပါတီခေါင်းဆောင်အဖြစ်က နုတ်ထွက်ပြီးနောက် သူ့နေရာမှာ အက်ဖ်ဒဗလျူဒီကလပ် ရွေးကောက်ခံရတယ်။ သူတို့နှစ်ဦးဟာ တယောက်ကို တယောက် အသာစီးရအောင် အတော့်ကို ခြေပုန်းခုတ်ပြိုင်ဆိုင်နေကြတယ်လို့ သတင်းထွက်နေတယ်။ ဘိုသာက ကျနော်နဲ့တွေ့ချင်တာဟာ သူ့ပြိုင်ဘက်အပေါ်ကြောလိုက်တာဖြစ်တယ်လို့ တချို့က ကောက်ချက်ဆွဲကောင်းဆွဲလိမ့်မယ်။ ဒါပေမဲ့ အဲဒါကို ကျနော်ဂရုမမူပါ။ ကျနော်ဟာ နိုင်ငံတော်သမတဘက်ကပေးလာနိုင်တဲ့ ဆင်ခြေဆင်လက်တွေနဲ့ ကျနော်ပြန်လည်ချေပ တုံ့ပြန်မယ့်အဆိုတွေကို စမ်းသပ်လေ့ကျင့်ကြည့်မိတယ်။ ယှဉ်ဘက်တယောက်နဲ့ တွေ့ဆုံတဲ့အခါ တိုင်း ကိုယ်ရည်ရွယ်တဲ့သဘောထားအမြင်ကို သူတိတိကျကျ ရသွားအောင်လုပ်ရမှာ ဖြစ်ပါတယ်။

ကျနော်ဟာ မစ္စတာဘိုသာနဲ့ တွေ့ရမှာကို စိတ်လှုပ်ရှားပူပင်နေမိတယ်။ သူ့ကို **'ရောမ မိကျောင်းကြီး'** လို့ လူသိများပြီး ဒေါသကြီးရန်လိုတတ်တဲ့ သူ့စိတ်သဘောထားအကြောင်း ဇာတ်လမ်းအများအပြား ကျနော်ကြားခဲ့ဖူးတယ်။ သူ့ကိုကျနော်ကြည့်ရတာ ရှေးရိုးဆန်တဲ့၊ မာနကြီးခေါင်းမာတဲ့ အာဖရိကန်းနားလူမျိုးတွေရဲ့ စံနမူနာစစ်စစ်ဖြစ်ပုံရတယ်။ အဲဒီလိုလူမျိုးတွေဟာ လူမည်းခေါင်းဆောင်တွေနဲ့ တန်းတူရည်တူဆွေးနွေးတာထက် အမိန့်ပေးညွှန်ကြားတာကို ပိုလုပ်တတ်ကြတယ်။ မကြာသေးခင်က သူလေဖြတ်ခဲ့တာဟာ ဒီအားသန်မှုကို ပိုပြီး ဆိုးစေတာပဲ ဖြစ်စေခဲ့ပုံရတယ်။ အကယ်၍ သူက ကျနော့်ကို လက်ညှိုးတငေါက်ငေါက်နဲ့

အထက်စီးပုံစံဆက်ဆံရင် အဲသလိုအပြုအမူမျိုး ကျနော်လက်မခံနိုင်ကြောင်း တုံ့ပြန်အသိပေးဖို့နဲ့ တွေ့ဆုံဆွေးနွေးမှုကနေထထွက်ပြီး တွေ့ဆုံမှုရွှေ့ဆိုင်းပစ်ဖို့ ကျနော်ဆုံးဖြတ်ထားတယ်။

မနက် (၅) နာရီခွဲတိတိမှာ ဗစ်တာဗာစတာထောင်ပိုင် ဗိုလ်မှူးမာရာအစ်ဟာ ကျနော့်ယာတောအိမ်ရောက်လာတယ်။ သူညှော့ခန်းထဲဝင်လာတဲ့အခါ ဝတ်စုံသစ်ကိုစစ်ဆေးကြည့်ရှုဖို့ သူ့ရှေ့မှာ ကျနော် မတ်တပ်ရပ်နေပေးတယ်။ သူက ကျနော့်ကို လှည့်ပတ်ကြည့်ပြီးနောက် ခေါင်းခါတယ်။

**'မဟုတ်သေးဘူး၊ မင်းဒဲလား။ ခင်ဗျားလည်စည်းက မဟုတ်သေးဘူးဗျ'** လို့ သူပြောတယ်။ ကျနော်ဟာ ထောင်ထဲမှာ ကြောင်လျှာသီးလည်စည်းတွေ သိပ်မသုံးရပါဘူး။ ဒါကြောင့် အဲဒီမနက်က လည်စည်းစည်းတဲ့အခါ မှန်မှန်ကန်ကန်စည်းနည်းကို မေ့နေပြီဖြစ်တယ်။ ကျနော်ဟာ တတ်နိုင်သ၍ အကောင်းဆုံးကြိုးစားပြီး လည်စည်းစည်းခဲ့တာ ဘယ်သူမှ သတိထားမိမှာ မဟုတ်ဘူးလို့ မျှော်လင့်ခဲ့တယ်။ ဗိုလ်မှူးမာရာအစ်က ကျနော့်အင်္ကျီကော်လာကြယ်သီးကိုဖြုတ်၊ လည်စည်းကိုဖြေလိုက်ပြီးတဲ့နောက် ကျနော့်နောက်ကရပ်ပြီး ဝင်ဆာနှစ်ထပ်ချည်နည်းနဲ့ စည်းပေးတယ်။ ဒီနောက် သူက နောက်ဆုတ်ရပ်ကြည့်ပြီး သူ့လက်ရာကိုရှုစားတယ်။ **"အတော်ဟုတ်သွားပြီ"** လို့ဆိုတယ်။

ကျနော်တို့ဟာ ဗစ်တာဗာစတာကနေ ပိုးလ်စမိုးကို ကားနဲ့ထွက်လာတယ်။ ပိုးလ်စမိုးက ဗိုလ်ချုပ်ဝီလမ်စီအိမ်မှာ ဗိုလ်ချုပ်ကတော်က မနက်စာတည်ခင်းညှော့ခံတယ်။ မနက်စာစားပြီးတော့ ကျနော်တို့ဟာ ယာဉ်တန်းလေးတခုနဲ့ သမတရုံးရှိရာ တွင်ဟွေးစ် ကိုသွားပြီး တခြားသူတွေမတွေ့နိုင်တဲ့ မြေအောက်ကားဂိုဒေါင်မှာ ကားရပ်လိုက်တယ်။ တွင်ဟွေးစ် ဟာ အေးချမ်းလှပတဲ့ (၁၉) ရာစု ကိပ်နယ်ဒတ်ချ်ပုံစံအဆောက်အဦးဖြစ်တယ်။ ဒါပေမဲ့ အဲဒီနေ့က ကျနော်ဟာ အဆောက်အဦးကို သေချာမကြည့်ခဲ့ရပါဘူး။ တကယ်တော့ ကျနော့်ကို သမတရုံးခန်းထဲ ခိုးသွင်းတာဖြစ်ပါတယ်။

ကျနော်တို့ဟာ မြေညီထပ်ကို ဓာတ်လှေကားနဲ့တက်ပြီး သမတရုံးခန်းရှေ့က ခမ်းနားတဲ့ သစ်သားနံရံကပ် ခန်းဆောင်ထဲရောက်လာတယ်။ အဲဒီမှာ ကျနော်တို့ကို ကိုဘီကိုအက်ဆီး၊ နီးလ်ဘားနာ့ဒ်နဲ့ နောက်တော်ပါအကျဉ်းထောင်အရာရှိတစုက ကြိုတယ်။ ကျနော်ဟာ ဒီတွေ့ဆုံပွဲနဲ့ပတ်သက်လို့ ကိုအက်ဆီးနဲ့ရော၊ ဒေါက်တာဘားနာ့ဒ်နဲ့ရော ကျယ်ကျယ်ပြန့်ပြန့် စကားပြောခဲ့ပြီး သူတို့က ကျနော့်ကို သမတနဲ့အငြင်းပွားစရာကိစ္စတွေမပြောဖို့ အကြံပေးကြတယ်။ ကျနော်တို့စောင့်နေကြတုန်း ဒေါက်တာဘားနာ့ဒ်ကငုံ့ကြည့်မိရာမှာ ကျနော့်ရှူးဖိနပ်ကြိုးတွေ ကောင်းကောင်းချည်မထားတာ သတိထားမိတဲ့အတွက် သူခပ်မြန်မြန်ဒူးထောက်ထိုင်ပြီး ပြန်ချည်ပေးတယ်။ ဒီလူတွေ ဘယ်လောက်တောင် စိတ်လှုပ်ရှားပူပန်နေကြတယ်ဆိုတာ ကျနော် သိသွားသလို အဲဒီအတွက် ကျနော့်မှာလည်း စိတ်အေးဆေးတည်ငြိမ်မှု ပိုဖြစ်မသွားပါဘူး။ ဒီနောက်မှာ တံခါးပွင့်သွားပြီးတော့ ကျနော်ဟာ အဆိုးဆုံးကိုမျှော်လင့်ရင်း အခန်းထဲဝင်သွားတယ်။

ပီဒဗလျူဘိုသာဟာ ခမ်းနားလှတဲ့ သူ့ရုံးခန်းတဖက်ထိပ်ကနေ ကျနော့်ဆီလျှောက်လာ

တယ်။ သူ ဒီလိုလျှောက်လာဖို့ အသေအချာစီစဉ်ထားတဲ့အတွက် ကျနော်တို့နှစ်ယောက်ဟာ အလယ်ခေါင်တိတိကျကျမှာ ဆုံမိကြတယ်။ သူကလက်ဆန့်တန်းကမ်းပေးပြီး ဝမ်းသာအယ်လဲ ပြုံးနေတယ်။ တကယ့်ကိုပဲ အဲဒီပထမဆုံးအချိန်ပိုင်းကစလို့ သူကကျနော့်ကို လုံးလုံးစိတ်အေး သွားစေခဲ့တယ်။ သူဟာ ထာဝစဉ်ပဲ ယဉ်ကျေးပျူငှာနဲ့ ဂါရဝတရားရှိပြီး ရင်းနှီးဖော်ရွေလှတယ်။

ကျနော်တို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်နေကြတာကို ဓာတ်ပုံအမြန်ရိုက်ယူပြီးတော့ ကျနော်တို့ကို စားပွဲရှည်ကြီးတစ်လုံးမှာ ကိုဘီကိုအက်ဆီး၊ ဗိုလ်ချုပ်ဝီလမ်စီနဲ့ ဒေါက်တာဘားနာ့ဒ် တို့ လာရောက်ပူးပေါင်းဝိုင်းထိုင်ကြတယ်။ လဖက်ရည်ချပေးပြီးတော့ ကျနော်တို့စကားစပြောကြ တယ်။ စကားစပြောကတည်းက ကျနော်တို့ဟာ တင်းမာတဲ့နိုင်ငံရေးအငြင်းအခုံတွေနွဲ့နေတာ မဟုတ်ဘဲ ရှင်လန်းတက်ကြွပြီး စိတ်ဝင်စားဖွယ်ကောင်းတဲ့ ပညာရေးဆွေးနွေးခန်းလုပ်ရသလိုပါပဲ။ ကျနော်တို့ဟာ လေးလေးနက်နက်ကိစ္စရပ်တွေထက် သမိုင်းနဲ့တောင်အာဖရိကယဉ်ကျေးမှုအ ကြောင်းတွေ ပိုဆွေးနွေးကြတယ်။ ကျနော်က မကြာသေးမီကဖတ်ခဲ့ရတဲ့ အာဖရိကန်းဘာသာ မဂ္ဂဇင်းတစောင်ရဲ့ ဆောင်းပါးတပုဒ်ထဲက ၁၉၁၄ ခု အာဖရိကန်နားလူမျိုးတွေ သူပုန်ထမှု အကြောင်းအစဖော်ပြီး အဲဒီတုန်းက သူပုန်တွေ ဖရီးစတိတ်ပြည်နယ်က မြို့တွေကို သိမ်းတဲ့ အကြောင်း ပြောပြလိုက်တယ်။ ကျနော်တို့တိုက်ပွဲဟာ ဒီနာမည်ကျော်သူပုန်ထမှုနဲ့ အလားတူ တယ်လို့ပြောပြီး ဒီသမိုင်းအဖြစ်အပျက်အပေါ် အတော်လေးဆွေးနွေးကြတယ်။ တောင်အာ ဖရိကသမိုင်းကို လူမည်းတွေ ကြည့်မြင်မှုနဲ့ လူဖြူတွေကြည့်မြင်မှု မတူကြတာအမှန်ပါပဲ။ သူတို့ အမြင်က ဒီသူပုန်ထမှုကို ညီအကိုချင်းရန်ဖြစ်တာလို့မြင်ပြီး ကျနော်တို့တိုက်ပွဲကိုတော့ တော်လှန် ပုန်ကန်မှုလို့ မြင်ကြတယ်။ ကျနော်က ကျနော်တို့တိုက်ပွဲကိုလည်း အသားအရောင်ကွဲပြားနေရ တဲ့ ညီအကိုချင်းတိုက်ပွဲအဖြစ် ကြည့်မြင်နိုင်ကြောင်း ပြောလိုက်တယ်။

တွေ့ဆုံပွဲဟာ နာရီဝက်တောင်မကြာလိုက်ဘဲ ပြီးဆုံးတဲ့အထိ ရင်းရင်းနှီးနှီးအေးအေး ဆေးဆေးဖြစ်ခဲ့တယ်။ ပြီးမှပဲ ကျနော်ကအရေးကြီးတဲ့ကိစ္စရပ်တခု တင်လိုက်တယ်။ အဲဒါကတော့ ကျနော်ကိုယ်တိုင်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိလွှတ်ပေးဖို့ မစ္စတာ ဘိုသာကို ကျနော်တောင်းဆိုလိုက်တာပဲဖြစ်တယ်။ အဲဒါဟာ ဒီတွေ့ဆုံဆွေးနွေးပွဲမှာ အခြေ အနေတင်းမာသွားစေတဲ့ တခုတည်းသော အချိန်အခါဖြစ်ခဲ့တယ်။ မစ္စတာဘိုသာကတော့ အဲဒါ လုပ်မပေးနိုင်လို့ ဝမ်းနည်းကြောင်း ပြန်ပြောတယ်။

ဒီနောက်မှာ တကယ်လို့ တွေ့ဆုံမှုသတင်းတွေပေါက်ကြားခဲ့ရင် ဘယ်လိုရှင်းကြမလဲ ဆိုတာ ခပ်တိုတိုဆွေးနွေးကြတယ်။ ကျနော်တို့ဟာ တိုင်းပြည်မှာငြိမ်းချမ်းရေးရဖို့ ကြိုးပမ်းတဲ့ အနေနဲ့ လက်ဖက်ရည်အတူသောက်ဖို့ တွေ့ဆုံကြတဲ့အကြောင်း ခပ်ရိုးရိုးကြေညာချက်တခု ခပ်မြန်မြန်ရေးဆွဲလိုက်တယ်။ အဲဒါကို သဘောတူကြပြီးတဲ့အခါ မစ္စတာဘိုသာက ထိုင်ရာက ထပြီး ကျနော့်ကို လက်ဆွဲနှုတ်ဆက်တယ်။ တွေ့ဆုံရတဲ့အတွက် အင်မတန်ဝမ်းမြောက်ကြောင်း ပြောတယ်။ တကယ်ပဲ ဝမ်းမြောက်စရာပါ။ ကျနော် သူ့ကိုကျေးဇူးတင်ရှိကြောင်းပြောပြီး လာလမ်းအတိုင်းပြန်ခဲ့တယ်။

ဒီတွေ့ဆုံဆွေးနွေးပွဲဟာ စေ့စပ်ဆွေးနွေးရေးသဘောအရကြည့်ရင် ဘာကိုမှမပေါက်ရောက်ခဲ့ပါဘူး။ ဒါပေမဲ့တခြားအဓိပ္ပာယ်အရတော့ ပေါက်ရောက်ခဲ့တယ်။ မစ္စတာဘိုသာဟာ နယ်ခြားစည်းကျော်ဖို့လိုတဲ့အကြောင်း ပြောတာကြာလှပြီဖြစ်ပေမဲ့ သူကိုယ်တိုင်က အဲဒီ့ တွင်ပဟွေးစ် မနက်ပိုင်းထိ တခါမှမကျော်ခဲ့ပါဘူး။ အခုတော့ နောက်ပြန်လှည့်မရတော့ဘူးလို့ ကျနော်ထင်မြင်မိတယ်။

နောက်တလအကြာဖြစ်တဲ့ ၁၉၈၉ ခု၊ ဩဂုတ်လမှာ ပီဒဗလျူဘိုသာဟာ နိုင်ငံလုံးဆိုင်ရာ ရုပ်မြင်သံကြားကနေပြီး နိုင်ငံတော်သမတအဖြစ်ကနုတ်ထွက်ကြောင်း ကြေညာလိုက်တယ်။ သူ့ နောက်ဆုံးနှုတ်ဆက်မိန့်ခွန်းဟာ ထူးဆန်းအံ့သြဖွယ်ရာပဲ ဟိုရောက်သည်ရောက် ကပေါက်တိကပေါက်ချာ ပြောသွားတယ်။ အဲဒီထဲမှာ သူက အစိုးရဝန်ကြီးတွေဟာ ယုံကြည်မှုဖောက်ဖျက်တယ်၊ သူ့ကိုလျစ်လျူရှုတယ်၊ အာဖရိကအမျိုးသားကွန်ဂရက်ရဲ့ ကစားကွက်ထဲ ဝင်သွားခဲ့တယ်လို့စွပ်စွဲထားတယ်။ နောက်တနေ့မှာတော့ အက်ဖ်ဒဗလျူဒီကလပ်ဟာ ယာယီသမတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပြီး ပြုပြင်ပြောင်းလဲရေးအတွက်ပိုင်းဖြတ်ချက်ကို အတည်ပြုခဲ့တယ်။

ကျနော်တို့အတွက် မစ္စတာဒီကလပ်ဟာ အရေးမပါသူတယောက်လို့ မြင်ခဲ့မိတယ်။ သူ အမျိုးသားပါတီခေါင်းဆောင်ဖြစ်လာတဲ့အခါ သူဟာ ပုံစံကျပါတီဝန်ထမ်းသက်သက်အဖြစ်ထက် ပိုလဲမပို၊ လျော့လဲမလျော့ပုံရခဲ့တယ်။ သူ့အတိတ်ဘဝမှာ ပြုပြင်ပြောင်းလဲရေးစိတ်ဓာတ်ဖော်ပြ ချက် တစွန်းတစမှ ရှိပုံမရခဲ့ပါဘူး။ သူဟာ ပညာရေးဝန်ကြီးအဖြစ် လူဖြူတက္ကသိုလ်တွေမှာ လူမည်းကျောင်းသားတွေ တက်ခွင့်မရအောင် အားထုတ်ခဲ့တယ်။ ဒါပေမဲ့ သူ အမျိုးသားပါတီ ခေါင်းဆောင်ဖြစ်လာကတည်းက ကျနော် သူ့ကို သေသေချာချာ စောင့်ကြည့်လေ့လာခဲ့တယ်။ ကျနော် သူ့မိန့်ခွန်းအားလုံး ဖတ်ကြည့်ခဲ့တယ်။ သူပြောတာတွေ နားထောင်ခဲ့တယ်။ သူဟာ သူ့အရင်လူကနေ တကယ့်ကို ကွဲပြားခွဲထွက်လာမှုပြနေတာ စတွေ့လာရတယ်။ သူဟာ သဘောတရားသမားမဟုတ်ဘဲ လက်တွေ့သမားဖြစ်တယ်။ ပြောင်းလဲဖို့လိုအပ်တယ်၊ ရှောင်လွှဲမရဘူးလို့ မြင်တဲ့သူဖြစ်တယ်။ သူကျမ်းသစ္စာကျိန်ဆိုတဲ့နေ့မှာပဲ ကျနော် သူ့ထံတွေ့ဆုံဖို့ ပန်ကြားစာ တစောင် ရေးပို့လိုက်တယ်။

မစ္စတာဒီကလပ်က ရာထူးလက်ခံပွဲမိန့်ခွန်းမှာ သူ့အစိုးရဟာ ငြိမ်းချမ်းရေးရဖို့သံဓိဋ္ဌာန် ချထားကြောင်းနဲ့ ငြိမ်းချမ်းရေးအတွက် ပိုင်းဖြတ်ထားတဲ့ ဘယ်အဖွဲ့နဲ့မဆို စေ့စပ်ဆွေးနွေးမယ်လို့ ပြောသွားတယ်။ ဒါပေမဲ့အနေအထားပုံစံသစ်အတွက် သူ့ပိုင်းဖြတ်ချက်ကို လက်တွေ့ သက်သေပြတာကတော့ ကိပ်တောင်းမြို့မှာ ပုလိပ်ရဲ့ ရက်စက်ကြမ်းကြုတ်မှုကို ကန့်ကွက်တဲ့ ချီတက်ဆန္ဒပြပွဲတခု စီစဉ်တဲ့အခါ ပေါ်လာတယ်။ အဲဒီဆန္ဒပြပွဲကို ဂိုဏ်းချုပ်ဘုန်းတော်ကြီး တူးတူးနဲ့ ဆရာတော်အလန်ဘိုးဆက်တို့က ခေါင်းဆောင်မှာဖြစ်တယ်။ သမတဘိုသာ လက်အောက်မှာဆိုရင် ချီတက်ပွဲဟာ ပိတ်ပင်ခံရမှာဖြစ်ပြီး ဆန္ဒပြသူတွေကလည်း အဲဒီပိတ်ပင်မှု ကိုအာခံကြလို့ အကြမ်းဖက်မှုတွေပေါ်လာမှာဖြစ်တယ်။ သမတသစ်ကတော့ နိုင်ငံရေးစုဝေးပွဲ

တွေအပေါ် ကန့်သတ်ချုပ်ချယ်မှုတွေ လျှော့ပေးမယ်လို့ ပြောထားတဲ့အတိုင်း ကတိတည်ပြီး ချီတက်ပွဲကိုခွင့်ပြုခဲ့တယ်၊ ငြိမ်းငြိမ်းချမ်းချမ်း ဆန္ဒပြဖို့ပဲတောင်းဆိုခဲ့တယ်။ အရင်လူနဲ့မတူတဲ့ လူသစ်တယောက်က တက်မကိုင်နေပါပြီ။

၉၈

ဒီကလပ်သမတဖြစ်လာတဲ့အခါမှာလည်း ကျနော်ဟာ လျှို့ဝှက်စေ့စပ်ဆွေးနွေးရေး ကော်မတီနဲ့ ဆက်လက်တွေ့ဆုံနေခဲ့တယ်။ ကျနော်တို့ထဲမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဖွံ့ဖြိုးရေးဝန်ကြီး ဂဲရစ်ဝီလ်ယွင် ပါဝင်လာတယ်။ ဒီလူဟာ ဂန္ဓဝင်ဘာသာရပ်မှာ ဒေါက်တာ ဘွဲ့ရထားတဲ့ ထူးချွန်ထက်မြက်သူတဦးဖြစ်ပြီး သူ့အခန်းကဏ္ဍကတော့ ကျနော်တို့ဆွေးနွေးပွဲ တွေကို အခြေခံဥပဒေဘောင်ထဲဝင်အောင်လုပ်ဖို့ဖြစ်တယ်။ ကျနော်က အစိုးရစေတနာတွေကို သက်သေပြဖို့ ဖိအားပေးခဲ့တယ်။ ပိုးလ်စမိုးနဲ့ ရော်ဘင်ကျွန်းက ကျနော့်ဘဝတူ နိုင်ငံရေး အကျဉ်းသားတွေ လွှတ်ပေးခြင်းအားဖြင့် နိုင်ငံတော်ရဲ့အရင်းခံ စိတ်ကောင်းစေတနာကောင်း တွေပြဖို့ တိုက်တွန်းခဲ့တယ်။ ကျနော်က ကော်မတီကို ကျနော့်လုပ်ဖော်ကိုင်ဖက်တွေ ခြွင်းချက်မရှိ လွှတ်ပေးဖို့ပြောနေသလို သူတို့လွှတ်လာပြီးနောက် ဆူဆူပူပူအမူအကျင့်တွေ မလုပ်ဖို့ အစိုးရက မျှော်လင့်နိုင်ပါတယ်လို့လည်း ကျနော်ပြောခဲ့တယ်။ အဲဒါကို ၁၉၈၇ ခု နှစ်ကုန်ပိုင်းမှာ ခြွင်းချက် မရှိ လွှတ်ပေးလိုက်တဲ့ ဂိုဗန်အမ်ဘီကီရဲ့ အနေအထိုင်က သက်သေပြခဲ့တယ်။

၁၉၈၉ ခု၊ အောက်တိုဘာ (၁၀) ရက်နေ့မှာ သမတဒီကလပ်က ဝေါလ်တာစစ်စူးလူးနဲ့ ကျနော့်ရဲ့ ရော်ဘင်ကျွန်းရဲဘော်ဟောင်း (၇) ယောက်ဖြစ်တဲ့ ရေးမွန်အမ်လှာဘား၊ အာမက် ကက်သရားဒါး၊ အင်ဒရူးအမ်လန်ဂင်နီ၊ အဲလိယမုတ်ဆိုးအယ်လဒီ၊ ဂျက်ဖ်မာစီမိုလာ၊ ဝီလ်တန် အမ်ကွာယီနဲ့ အော်စကာအမ်ပီသာတို့ကို လွှတ်ပေးမယ်လို့ ကြေညာတယ်။ အဲဒီမနက်မှာ ပိုးလ်စမိုးထောင်မှာရှိနေဆဲဖြစ်တဲ့ ဝေါလ်တာ၊ ကက်သီ၊ ရေးနဲ့ အင်ဒရူးတို့က ကျနော့်ကို လာ တွေ့လို့ ကျနော် နှုတ်ဆက်စကားဆိုခွင့်ရခဲ့တယ်။ အဲဒါဟာ စိတ်လှုပ်ရှားစရာအဖြစ်ပါပဲ။ ဒါပေမဲ့ ကျနော်လည်း ထောင်ထဲအကြာကြီးထပ်နေရဦးမှာ မဟုတ်တော့ဘူးဆိုတာ သိနေပါတယ်။ ဒီလူတွေကို နောက်ငါးရက်အကြာမှာ ဂျိုဟန်နစ္စဘာဂ်ထောင်က လွှတ်ပေးလိုက်တယ်။ ဒီလုပ်ရပ် ဟာ ပြည်တွင်းကရော ပြည်ပကပါ ထိုက်တန်တဲ့ချီးကျူးမှုရရှိခဲ့ပြီး ကျနော်ဟာ မစ္စတာဒီကလပ် ကို အသိအမှတ်ပြုချီးကျူးကြောင်း စာရေးပို့လိုက်တယ်။

ဒါပေမဲ့ ကျနော် ဒီကလပ်ကိုကျေးဇူးတင်တာထက် ဝေါလ်တာနဲ့တခြားလူတွေ လွှတ် လာတာကို နှစ်နှစ်ကာကာဝမ်းသာတာက ပိုပါတယ်။ ဒါဟာ ကျနော်တို့ နှစ်ပေါင်း မြောက်မြားလှစွာ မျှော်လင့်စောင့်စားခဲ့ရတဲ့၊ တိုက်ပွဲဝင်ခဲ့ရတဲ့ နေ့ရက်တခုပါပဲ။ ဒီကလပ်ဟာ ကတိတည်ခဲ့ပြီး အဲဒီလူတွေကိုလွှတ်ရာမှာ ဘာကန့်သတ်ချုပ်ချယ်မှုမှမပါဘဲ လွှတ်ပေးတာ ဖြစ်ပါတယ်။ သူတို့ဟာ အေအင်စီနာမည်နဲ့ စကားပြောနိုင်ကြတယ်။ ကျနော်တို့အဖွဲ့အစည်း ကို ပိတ်ပင်ထားမှုဟာ လက်တွေ့အားဖြင့် လွန်မြောက်သွားပြီဆိုတာ ထင်ရှားနေတယ်။ ဒါဟာ

ကျနော်တို့ရဲ့ရေရှည်တိုက်ပွဲ တရားမျှတကြောင်းနဲ့ မူကိုကြံ့ကြံ့ခိုင်ကိုင်စွဲခဲ့မှု မှန်ကန်ကြောင်း ပြနေတယ်။

ဒီကလပ်က အသားအရောင်ခွဲခြားရေးစနစ်ရဲ့ အစိတ်အပိုင်းအများအပြားကို စနစ်တကျဖယ်ရှားဖျက်သိမ်းမှု စလုပ်ခဲ့တယ်။ သူက တောင်အာဖရိကပင်လယ်ကမ်းခြေတွေကို အသားအရောင်မရွေး လူတိုင်းအတွက်ဖွင့်ပေးခဲ့ပြီး အများပြည်သူဆိုင်ရာအဆောက်အဦးများ သီးသန့်ခွဲခြားရေးအက်ဥပဒေ မကြာခင်ဖျက်သိမ်းမယ်လို့ ပြောတယ်။ ဒီအက်ဥပဒေအရ ၁၉၅၃ ခုနှစ်ကတည်းကစပြီး **'အနိမ့်စား အသားအရောင်ခွဲခြားရေးစနစ်'** ကို အကောင်အထည်ဖော်ခဲ့တယ်။ အဲဒါကတော့ ပန်းခြံတွေ၊ ဇာတ်ရုံတွေ၊ စားသောက်ဆိုင်တွေ၊ ဘတ်စ်ကားတွေ၊ စာကြည့်တိုက်တွေ၊ အိမ်သာတွေနဲ့ တခြားအများပြည်သူဆိုင်ရာအဆောက်အဦး အသုံးအဆောင်တွေကို လူမျိုးအရခွဲခြမ်းတာဖြစ်တယ်။ နိုဝင်ဘာလမှာတော့ သူက ပီဒဗလျူဘိုသာ လက်ထက်က အသားအရောင်ခွဲခြားရေးစနစ်ဆန့်ကျင်သူတွေကို တိုက်ဖျက်ဖို့အတွက် ထူထောင်ဖွဲ့စည်းထားတဲ့ အမျိုးသားလုံခြုံရေးစီမံအုပ်ချုပ်မှုစနစ်ဆိုတဲ့ လျှို့ဝှက်အဆောက်အအုံ တခု ဖျက်သိမ်းတော့မယ်လို့ ကြေညာခဲ့တယ်။

ဒီဇင်ဘာလအစောပိုင်းမှာ ကျနော့်ကို ဒီကလပ်နဲ့ (၁၂) ရက်နေ့မှာ တွေ့ဆုံရဖို့ရှိတယ်လို့ အကြောင်းကြားလာတယ်။ ကျနော်ဟာ လုပ်ဖော်ကိုင်ဖက်အသစ်တွေရော၊ အဟောင်းတွေနဲ့ပါ တိုင်ပင်ညှိနှိုင်းနေနိုင်ပြီဖြစ်ပြီး ကျနော့်ယာတောအိမ်မှာ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေ၊ ဒီမိုကရေစီလူထုလှုပ်ရှားမှုအဖွဲ့နဲ့ ယူဒီအက်ဖ်ခေါင်းဆောင်တွေနဲ့ ဆွေးနွေးပွဲတွေလုပ်နိုင်နေပါပြီ။ ကျနော်ဟာ ဒေသပေါင်းစုံက အေအင်စီလူတွေအပြင် ယူဒီအက်ဖ်ကိုယ်စားလှယ်တွေ၊ **ကိုဆာတူး***ကိုယ်စားလှယ်တွေပါ လက်ခံတွေ့ဆုံခဲ့တယ်။ ဒီလူငယ်တွေထဲက တယောက်ကတော့ စီရင်းလ်ရာမားဖိုးစားဆိုတဲ့ နိုင်ငံလုံးဆိုင်ရာသတ္တုတွင်းအလုပ်သမားများသမဂ္ဂရဲ့ အထွေထွေအတွင်းရေးမှူးဖြစ်ပြီး မျိုးဆက်သစ်ခေါင်းဆောင်ပိုင်းထဲမှာ အစွမ်းအစအရှိဆုံးသူတယောက်ဖြစ်တယ်။ ကျနော့်ကို ရော်ဘင်ကျွန်းက လုပ်ဖော်ကိုင်ဖက်တွေလည်း လာတွေ့ကြတယ်။ အဲဒီထဲမှာ တယ်ရာလီကိုတာနဲ့တိုကျိုစီဆွာလီတို့ပါဝင်ပြီး နေ့လည်စာစားပြီးမှ ပြန်သွားတယ်။ သူတို့နှစ်ယောက်လုံးဟာ အတော်စားနိုင်သူတွေဖြစ်ပြီး သူတို့နဲ့ပတ်သက်လို့ ကျနော်ကြားရတဲ့ တခုတည်းသော မကျေမနပ်ပြောဆိုချက်ကတော့ အရာခံဗိုလ်စဝ့်ါတ်ဆီက **"အဲဟိုလူတွေဟာ ကျနော့်တို့ရိက္ခာတွေကို အကုန်တွယ်ပစ်လိမ့်မယ်"** လို့ပြောခြင်းပဲဖြစ်ပါတယ်။

လုပ်ဖော်ကိုင်ဖက်တွေရဲ့ ကူညီလမ်းညွှန်မှုနဲ့ ကျနော်ဟာ ဒီကလပ်ဆီ စာတစောင်ရေးခဲ့တယ်။ အရင်က ပီဒဗလျူဘိုသာဆီရေးတဲ့ စာလိုမျိုးပါပဲ။ ကိစ္စကတော့ အစိုးရနဲ့ အေအင်စီ စကားပြောကြဖို့ဖြစ်တယ်။ လက်ရှိပဋိပက္ခဟာ တောင်အာဖရိကပြည်ရဲ့ အသက်သွေးကြောကို ဖြတ်တောက်ပစ်နေပြီး တခုတည်းသောဖြေရှင်းချက်ကတော့ စေ့စပ်ဆွေးနွေးကြဖို့သာဖြစ်တယ်လို့ ကျနော် သမတကို စာရေးပြောလိုက်တယ်။ အေအင်စီဟာ စေ့စပ်ဆွေးနွေးပွဲအတွက်

*အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်

ဘယ်လိုကြိုတင်စည်းကမ်းသတ်မှတ်ချက်ကိုမှ လက်ခံမှာမဟုတ်။ အထူးသဖြင့် အစိုးရက အလိုရှိတဲ့ လက်နက်ကိုင်တိုက်ပွဲရပ်စဲရေးဆိုတဲ့ ကြိုတင်စည်းကမ်းသတ်မှုကို လက်ခံမှာမဟုတ်ဘူးလို့ ကျနော်ပြောလိုက်တယ်။ အစိုးရဟာ ကျနော်တို့ဆီက **'ငြိမ်းချမ်းရေးအတွက် ရိုးသားစွာပိုင်းဖြတ်ထားမှု'** ကို တောင်းဆိုထားပြီး ကျနော်တို့အနေနဲ့ စေ့စပ်ဆွေးနွေးဖို့ အဆင်သင့်ဖြစ်မှုဟာ အဲဒီပိုင်းဖြတ်မှုကို အသေအချာဖော်ပြနေတယ်လို့ ကျနော်ထောက်ပြခဲ့တယ်။

ရာထူးလက်ခံပွဲမိန့်ခွန်းမှာ ရှင်းရှင်းလင်းလင်းဖော်ပြထားတဲ့အတိုင်း အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ် မစ္စတာဒီကလပ်ရဲ့အလေးထားမှုကြောင့် ကျနော်အင်မတန်အထင်ကြီးကိုးစားမိကြောင်းပြောပြခဲ့တယ်။ သူ့စကားတွေဟာ တောင်အာဖရိကနိုင်ငံသား သန်းပေါင်းများစွာနဲ့ ကမ္ဘာတဝှမ်းက ပြည်သူတွေကို တောင်အာဖရိကနိုင်ငံသစ်တရပ် မကြာခင်မွေးဖွားလာတော့မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပြည့်လျှမ်းစေခဲ့တယ်။ ရင်ကြားစေ့ရေးလမ်းကြောင်းပေါ်က ပထမဆုံးခြေလှမ်းကတော့ အသားအရောင်ခွဲခြားရေးစနစ်နဲ့ ဒီစနစ်ကိုအသက်သွင်းတဲ့ ဆောင်ရွက်ချက်အားလုံး လုံးဝဖျက်သိမ်းပေးဖို့ဖြစ်လိမ့်မယ်လို့ ကျနော်ပြောခဲ့တယ်။

ဒါပေမဲ့ ခုနောက်ပိုင်းမှာ အဲဒီမိန့်ခွန်းပါစိတ်ဓာတ်ကို လက်တွေ့အကောင်အထည် သိပ်မမြင်ရဘူးလို့ ကျနော်ပြောလိုက်တယ်။ လူအတော်များများက အစိုးရရဲ့ ပေါ်လစီတွေဟာ အသားအရောင်ခွဲခြားရေးစနစ်ကို တခြားနည်းတွေနဲ့ ဆက်လုပ်တာလို့မြင်ကြတယ်။ အစိုးရဟာ လူမည်းဇာတိပြည်နယ်ခေါင်းဆောင်တွေ၊ [အသားအရောင်ခွဲခြားရေး] စနစ်ကြီးက လက်သပ်မွေးထားတဲ့ တခြားလူမည်းတွေနဲ့ စကားပြောတာကိုပဲ တအားအချိန်ကုန်ခံလုပ်နေတယ်လို့ ကျနော်ပြောလိုက်တယ်။ ဒီလူတွေဟာ လူမည်းတောင်အာဖရိကလူထုတွေက ဝိုင်းပယ်ထားတဲ့၊ အတိတ်ကာလဖိနှိပ်မှုရဲ့ လက်ပါးစေကိုယ်စားလှယ်တွေဖြစ်တယ်လို့ ကျနော်ပြောလိုက်တယ်။

စေ့စပ်ဆွေးနွေးမှုကို အဆင့်နှစ်ဆင့်ခွဲလုပ်ဖို့ ကျနော့်အဆိုပြုချက်ကို ထပ်တင်လိုက်တယ်။ ကျနော်ဟာ အေအင်စီကချမှတ်ခဲ့တဲ့ ၁၉၈၉ ခု ဟာရာရေကြေညာချက်ပါ လမ်းညွှန်မှုတွေကို အပြည့်အဝထောက်ခံတယ်လို့ ပြောလိုက်တယ်။ ဒီကြေညာချက်ထဲမှာ နိုင်ငံတော်အစိုးရကိုယ်တိုင်ဖန်တီးခဲ့တဲ့၊ စေ့စပ်ဆွေးနွေးရေးအတွက်အတားအဆီးတွေဖယ်ရှားဖို့ အစိုးရမှာတာဝန်ရှိတယ်လို့ ပြောထားတယ်။ အဲဒီတောင်းဆိုချက်တွေထဲမှာ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးရေး၊ ကန့်သတ်ချုပ်ချယ်ခံအဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်တွေအပေါ် ကန့်သတ်ချက်အားလုံးဖျက်သိမ်းရေး၊ အရေးပေါ်အခြေအနေအဆုံးသတ်ရေးနဲ့ မြို့သစ်တွေက စစ်တပ်အားလုံးဖယ်ရှားပေးရေးတို့ ပါဝင်တယ်။ တိုက်ခိုက်မှုတွေအဆုံးသတ်ဖို့ နှစ်ဦးနှစ်ဖက်သဘောတူအပစ်အခတ်ရပ်စဲရေးဟာ ပထမ ဦးစားပေးလုပ်ငန်းဖြစ်သင့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒါမရှိရင် ဘာအလုပ်မှလုပ်နိုင်မှာ မဟုတ်ဘူးလို့ အလေးပေးပြောလိုက်တယ်။ ကျနော် မစ္စတာဒီကလပ်နဲ့တွေ့ဖို့ တရက်အလိုမှာ သူ့ဆီစာပို့လိုက်တယ်။

ဒီဇင်ဘာ ၁၃ ရက်မနက်မှာ ကျနော့်ကို တွင်ပေ့ဇ်ကိုပဲ ထပ်ခေါ်သွားပြန်တယ်။ ဒီကလပ်

မတိုင်ခင်လူနဲ့ လက်ဖက်ရည်သောက်ခဲ့တဲ့အခန်းထဲမှာပဲ ဒီကလပ်နဲ့ကျနော်တွေ့ရတယ်။ သူနဲ့ အတူ ကိုဘီကိုအက်ဆီး၊ ဗိုလ်ချုပ်ဝီလမ်စီ၊ ဒေါက်တာဘားနာ့ဒ်နဲ့ သူ့လုပ်ဖော်ကိုင်ဖက် မိုက်လူး တို့ရှိတယ်။ ကျနော်က မစ္စတာဒီကလပ်ကို သမတဖြစ်လာလို့ ချီးကျူးဂုဏ်ပြုကြောင်းပြောပြီး ကျနော်တို့ အလုပ်တွဲလုပ်လို့ရနိုင်မယ်လို့ မျှော်လင့်ကြောင်းပြောပြခဲ့တယ်။ သူဟာ အလွန် တရာမှဖော်ရွေပြီး အဲဒီသဘောထားတွေကို ထောက်ခံကြောင်းတုံ့ပြန်ပါတယ်။

စတွေ့တွေ့ချင်း ကျနော်သတိထားမိတာက မစ္စတာဒီကလပ်ဟာ ကျနော်ပြောမယ့်ဟာ ကို အာရုံစိုက်နားထောင်တယ်ဆိုတာပါပဲ။ ဒါဟာ အင်မတန်သစ်ဆန်းတဲ့ အတွေ့အကြုံဖြစ် ပါတယ်။ အမျိုးသားပါတီခေါင်းဆောင်တွေဟာ လူမည်းခေါင်းဆောင်တွေနဲ့ ဆွေးနွေးရာမှာ သူတို့ကြားလိုတာကိုပဲ ယေဘုယျအားဖြင့် နားထောင်တတ်ကြပေမဲ့ မစ္စတာဒီကလပ်ကတော့ [တခြားအမြင်တွေကို]နားထောင်ဖို့နဲ့နားလည်ဖို့ တကယ်တမ်းကြိုးပမ်းနေပုံရတယ်။

အဲဒီနေ့က ကျနော်အလေးပေးပြောတဲ့ ကိစ္စရပ်တခုကတော့ မကြာသေးခင်က ချပြခဲ့တဲ့ အမျိုးသားပါတီရဲ့ (၅) နှစ် စီမံကိန်းဖြစ်တယ်။ အဲဒီထဲမှာ **'အုပ်စုအခွင့်အရေး'** ဆိုတဲ့ အယူအဆ ထည့်သွင်းထားတယ်။ **'အုပ်စုအခွင့်အရေး'** ရဲ့သဘောက ဘယ်လူမျိုး (သို့မဟုတ် ) ဘယ်တိုင်းရင်း သားအုပ်စုကမှ တခြားအုပ်စုတခုခုအပေါ် အသာစီးမရစေဖို့ဖြစ်တယ်။ သူတို့က **'အုပ်စုအခွင့် အရေး'** ဆိုတာ တောင်အာဖရိကနိုင်ငံသစ်မှာ လူနည်းစုတွေရဲ့လွတ်လပ်မှုကို ကာကွယ်ပေးတဲ့ နည်းလမ်းတခုအဖြစ် အဓိပ္ပာယ်ဖွင့်ကြပေမဲ့ တကယ့်လက်တွေ့မှာတော့ သူတို့အဆိုပြုချက်ဟာ လူဖြူကြီးစိုးမှုကို ဆက်လက်ထိန်းသိမ်းတဲ့နည်းလမ်းတခု ဖြစ်တယ်၊ ဒါကို အေအင်စီအနေနဲ့ လက်မခံနိုင်ဘူးလို့ ကျနော် မစ္စတာဒီကလပ်ကို ပြောလိုက်တယ်။

ဒီသဘောထားကို ဆက်ထိန်းထားလို့ သူ့မှာအကျိုးမရှိဘူးလို့ ကျနော်ထပ်ဖြည့်ပြော လိုက်တယ်။ အကြောင်းကတော့ သူဟာ အသားအရောင်ခွဲခြားရေးစနစ်ကို မစွန့်လွှတ်ဘဲ ခေတ်မီအောင် ပြင်ချင်တာသာဖြစ်တယ်လို့ ထင်မြင်ချက်ဖြစ်ပေါ်စေပြီး ဒီတိုင်းပြည်နဲ့ ကမ္ဘာ့အနှံ့က တိုးတက်တဲ့အင်အားစုတွေအမြင်မှာ သူ့ရုပ်ပုံနဲ့ အမျိုးသားပါတီရဲ့ရုပ်ပုံတွေကို ထိခိုက်စေမှာဖြစ်လို့ပါပဲ။ ဖိနှိပ်တဲ့စနစ်တခုကို ပြုပြင်ပြောင်းလဲပေးလို့ မရနိုင်ဘူး၊ လုံးဝဖယ်ရှားပစ် ရမယ်လို့ ကျနော်ပြောလိုက်တယ်။ ကိပ်ပြည်နယ်က အမျိုးသားပါတီအာဘော် *ဒိုင်းဘာဂါ* သတင်းစာထဲ မကြာသေးခင် ကျနော်ဖတ်ခဲ့ရတဲ့ ခေါင်းကြီးပိုင်းကို ထောက်ပြခဲ့တယ်။ အဲဒီ ခေါင်းကြီးပိုင်းထဲမှာ အုပ်စုအခွင့်အရေးအယူအဆဟာ အသားအရောင်ခွဲခြားရေးစနစ်ကို နောက်ဖေးပေါက်ကနေ လှည့်သွင်းဖို့ကြိုးစားချက်တခုအဖြစ် သဘောထားကြောင်း သွယ်ဝိုက် ဖော်ပြထားတယ်။ ကျနော်က မစ္စတာဒီကလပ်ကို သူ့ပါတီသတင်းစာက အုပ်စုအခွင့်အရေးကို အဲသလိုမြင်နေရင် ကျနော်တို့ကရော ဘယ်လိုသဘောထားကြမယ် သူထင်သလဲလို့ မေးလိုက် တယ်။ ဒါ့အပြင် အေအင်စီဟာ အသားအရောင်ခွဲခြားရေးစနစ်ကို (၇၅) နှစ်လုံးလုံးတိုက်လာခဲ့ပြီးမှ အဲဒါကိုရုပ်ဖျက်ထားတဲ့ပုံစံတခုကို လက်ခံမှာမဟုတ်ဘူးလို့ ကျနော်ပြောလိုက်တယ်။ အကယ်၍ သူ့ရဲ့ တကယ့်ရည်ရွယ်ချက်ဟာ အုပ်စုအခွင့်အရေး အရခြွပြီး အသားအရောင်ခွဲခြားရေး

စနစ် ဆက်လက်ထိန်းသိမ်းဖို့ဖြစ်ရင်တော့ သူဟာ အသားအရောင်ခွဲခြားရေးစနစ် အဆုံးသတ်ရေးကို တကယ်တမ်း လိုလားယုံကြည်တာမဟုတ်ဘူးလို့ ကျနော်ပြောလိုက်တယ်။

အဲဒီနေ့တုန်းက ကျနော်တွေ့တာကတော့ မစ္စတာဒီကလပ်ဟာ ဆတ်ဆတ်ထိမခံသူ မဟုတ်တာ တွေ့ရတယ်။ ကျနော်ပြောမယ့်ဟာကို နားထောင်ပြီး ကျနော်နဲ့မငြင်းခုံခြင်းဟာ သူ့အရည်အချင်းကောင်းတရပ်ပါပဲ။ သူက **"ကျနော့်ရည်ရွယ်ချက်က ခင်ဗျားဟာနဲ့ ဘာမှမကွာပါဘူး။ ပီဒဗလျူဘိုသာဆီရေးတဲ့ ခင်ဗျားစာလွှာထဲမှာ အေအင်စီနဲ့အစိုးရလက်တွဲပြီး လူမည်းကြီးစိုးမှုကို လူဖြူတွေစိုးရိမ်တာ ဖြေရှင်းကိုင်တွယ်ဖို့ ပြောထားတယ်လေ။ 'အုပ်စု အခွင့်အရေး အယူအဆ' ဆိုတာ အဲဒါကိုင်တွယ်ဖို့ ကျနော်တို့အဆိုပြုချက်ပါပဲ"** လို့ပြောတယ်။ ဒီတုံ့ပြန်မှုကို ကျနော်လေးစားမိတယ်။ ဒါပေမဲ့ **'အုပ်စုအခွင့်အရေး'** အယူအဆဟာ လူဖြူတွေရဲ့ စိုးရိမ်ကြောင့်ကြမှုတွေကို လျော့ပါးစေတာထက် လူမည်းတွေရဲ့စိုးရိမ်ကြောင့်ကြမှုတွေကို ပိုတိုးများလာစေတယ်လို့ ပြောလိုက်တယ်။ ဒီအခါမှာ ဒီကလပ်က **"ဒါဆိုလည်း ကျနော်တို့အနေနဲ့ ပြောင်းပစ်တာပေါ့"** လို့ပြောလိုက်တယ်။

ဒီနောက်မှာ ကျနော့်လွတ်ရေးပြဿနာကို ကျနော်တင်လိုက်တယ်။ တကယ်လို့ ကျနော့်လွှတ်ပေးပြီးနောက် ကျနော် အေးဆေးငြိမ်ဝပ်စွာပဲနေဖို့ သူမျှော်လင့်ထားရင်တော့ အကြီးအကျယ်မှားလိမ့်မယ်လို့ ပြောလိုက်တယ်။ အကယ်၍ ကျနော်ဟာ စအဖမ်းခံခဲ့ရတုန်းက [အပြင်လောက] အခြေအနေမျိုးတွေထဲကိုသာ ပြန်လွှတ်ပေးခံရရင် ကျနော့်ကိုထောင်ကျစေခဲ့တဲ့ အလုပ်တွေကိုပဲ ပြန်လုပ်မိမှာ သေချာတယ်လို့ထပ်ပြောလိုက်တယ်။ ရှေ့ဆက်လှမ်းဖို့ အကောင်းဆုံးနည်းလမ်းကတော့ အေအင်စီနဲ့ တခြားနိုင်ငံရေးအဖွဲ့အစည်းတွေကို ပိတ်ပင်ထားတာပယ်ဖျက်၊ အရေးပေါ်အခြေအနေရုပ်သိမ်း၊ နိုင်ငံရေးအကျဉ်းသားတွေလွှတ်၊ ပြည်ပရောက်တွေပြန်လာခွင့်ပေးဖို့ဖြစ်တယ်လို့ ကျနော် သူ့ကိုစောဒကတက်လိုက်တယ်။ တကယ်လို့ အစိုးရက အေအင်စီကိုပိတ်ပင်မှု မရုပ်သိမ်းရင် ကျနော်ဟာ ထောင်ကထွက်တာနဲ့ မတရားသင်းတခုအတွက် အလုပ်လုပ်တာဖြစ်နေလိမ့်မယ်။ **"အဲဒါဆိုရင် ကျနော် ဒီဗူးဝကထွက်သွားပြီးတာနဲ့ ခင်ဗျားတို့ ပြန်ဖမ်းလိုက်ပေတော့"**လို့ ကျနော်ပြောလိုက်တယ်။

စောစောကလိုပဲ သူက ကျနော်ပြောတာတွေကို ဂရုတစိုက်တနားထောင်တယ်။ ကျနော့်အကြံပြုချက်တွေကို သူ မအံ့သြတာ အသေအချာပါပဲ။ သူက ကျနော်ပြောတာတွေအားလုံးကို စဉ်းစားပါ့မယ်။ ဒါပေမဲ့ ဘာကတိမှတော့ ပေးနိုင်မှာမဟုတ်ဘူးလို့ ပြောတယ်။ ဒီတွေ့ဆုံဆွေးနွေးပွဲဟာ တဖက်နဲ့တဖက် သွေးတိုးစမ်းတဲ့ပွဲဖြစ်ပြီး ဒီနေ့မှာ ဘာဆုံးဖြတ်ချက်မှ ချဖြစ်မှာမဟုတ်ဘူးဆိုတာ ကျနော်သဘောပေါက်မိတယ်။ ဒါပေမဲ့ တွေ့ဆုံမှုဟာ အလွန့်အလွန် အကျိုးရှိခဲ့တယ်။ အကြောင်းကတော့ ကျနော်ဟာ ရော်ဘင်ကျွန်းပေါ်မှာတုန်းက ထောင်မှူး၊ ထောင်ပိုင်အသစ်တွေကို အကဲဖြတ်ခဲ့သလို မစ္စတာဒီကလပ်ကို အကဲဖြတ်နိုင်ခဲ့လို့ ဖြစ်ပါတယ်။ ကျနော်ဟာ လူဆာကာမြို့မှာရှိတဲ့ ကျနော်တို့လူတွေဆီကို မစ္စတာဒီကလပ်ဟာ အတိတ်ကာလ အမျိုးသားပါတီနိုင်ငံရေးသမားတွေနဲ့ လုံးလုံးလမ်းခွဲထွက်လာပုံရတယ်လို့ စာရေးလိုက်နိုင်ခဲ့တယ်။

မစ္စစ်သက်ချာရဲ့ မစ္စတာဂေါ်ဘာချော့ဗ်နဲ့ပတ်သက်ပြီး ကျော်ကြားလှတဲ့ သရုပ်ဖော်ချက်အတိုင်း လိုက်ပြောရရင်တော့ မစ္စတာဒီကလပ်ဟာ ကျနော်တို့ အလုပ်တွဲလုပ်လို့ရနိုင်တဲ့ လူတယောက် ဖြစ်ပါတယ်။

၉၉

၁၉၉၀ ခု၊ ဖေဖော်ဝါရီလ (၂) ရက်နေ့မှာ အက်ဖ်ဒဗလျူဒီကလပ်က ပါလီမန်ရှေ့မှောက်မှာ ထုံးတမ်းစဉ်လာ အဖွင့်မိန့်ခွန်းပြောရင်း တခြားဘယ်တောင်အာဖရိကနိုင်ငံအကြီးအကဲတဦး တယောက်က တခါမှမလုပ်ခဲ့ဖူးတာကို လုပ်လိုက်တယ်။ သူက အသားအရောင်ခွဲခြားရေးစနစ် ကို တကယ်တမ်းစတင်ဖျက်သိမ်းပြီး ဒီမိုကရေစီကျတဲ့ တောင်အာဖရိကနိုင်ငံအတွက် အခြေခံ ပန္နက်တွေချလိုက်တယ်။ သူက အေအင်စီ၊ ပီအေစီ (အာဖရိကလုံးဆိုင်ရာကွန်ဂရက်)၊ တောင် အာဖရိကကွန်မြူနစ်ပါတီ (အက်စ်အေစီပီ) နဲ့ တခြားမတရားသင်း (၃၁) ခုကို ပိတ်ပင်ထား တာတွေ ရုပ်သိမ်းတာ၊ အကြမ်းမဖက်တဲ့လုပ်ရပ်တွေအတွက် ထောင်ချထားတဲ့ နိုင်ငံရေး အကျဉ်းသားတွေလွှတ်ပေးတာ၊ သေဒဏ်စီရင်မှုရပ်ဆိုင်းတာနဲ့ အရေးပေါ်အခြေအနေအရ ချမှတ်ခဲ့တဲ့ ကန့်သတ်ချုပ်ချယ်မှုအမျိုးမျိုး ရုပ်သိမ်းတာတွေကို ထူးထူးခြားခြားကြေညာလိုက် တယ်။ သူက **“စေ့စပ်ဆွေးနွေးဖို့အချိန် ရောက်လာပြီ”** လို့ ပြောတယ်။

ဒါဟာ အင်မတန်စိတ်လှုပ်ရှားအံ့အားသင့်စရာ အခါသမယဖြစ်ပါတယ်။ ဘာလို့လဲဆို တော့ သူဟာ တချက်ထဲနဲ့ တောင်အာဖရိကနိုင်ငံအခြေအအနေကို လက်တွေ့အားဖြင့် ပုံမှန် အခြေအနေရောက်အောင် လုပ်လိုက်လို့ပါပဲ။ အေအင်စီဟာ နှစ်ပေါင်း (၄၀) ကြာ နှိပ်ကွပ်မှုနဲ့ ပြည်နှင်ခံရမှုတွေကြုံခဲ့ပြီးနောက် အခုအခါ တရားဝင်အဖွဲ့အစည်းတရပ်ဖြစ်သွားပါပြီ။ ကျနော် နဲ့တကွ ကျနော့်ရဲဘော်အားလုံးဟာ အေအင်စီအဖွဲ့ဝင်ဖြစ်မှုကြောင့်လည်းကောင်း၊ အေအင်စီ ရဲ့ အစိမ်း၊ အဝါနဲ့ အနက်ရောင်အလံ ကိုင်ဆောင်မှုကြောင့်လည်းကောင်း၊ အေအင်စီနာမည် ထုတ်ဖော်ပြောဆိုမှုကြောင့်လည်းကောင်း အဖမ်းမခံရနိုင်တော့ပါဘူး။ နှစ်ပေါင်း (၃၀) နီးပါး အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျနော့်ဓာတ်ပုံနဲ့ ပြောစကားတွေရော၊ ပိတ်ပင်ခံရတဲ့ ကျနော့် ရဲဘော်အားလုံးရဲ့ ဓာတ်ပုံနဲ့စကားတွေပါ တောင်အာဖရိကသတင်းစာတွေထဲမှာ ပါလာနိုင်ပါပြီ။ နိုင်ငံတကာအသိုင်းအဝိုင်းက ဒီကလပ်ရဲ့ ရဲဝံ့တဲ့လုပ်ရပ်တွေကို ဩဘာပေးကြတယ်။ ဒီလိုသတင်း ကောင်းတွေရှိနေပေမဲ့လည်း မစ္စတာဒီကလပ်က အရေးပေါ်အခြေအနေကို လုံးလုံးလျားလျား မရုပ်သိမ်းတာ ဒါမှမဟုတ် မြို့သစ်တွေထဲက စစ်တပ်တွေ မထွက်ခိုင်းတာကို အေအင်စီက ကန့်ကွက်ခဲ့တယ်။

မစ္စတာဒီကလပ်ရဲ့ ပါလီမန်အဖွင့်မိန့်ခွန်းပြောပြီး (၇) ရက်အကြာ ဖေဖော်ဝါရီ (၉) ရက် နေ့မှာတော့ ကျနော့်ကို တွင်ပျေးစ်ကိုထပ်သွားရမယ်လို့ အကြောင်းကြားလာတယ်။ ကျနော် အဲဒီကို ညနေ (၆) နာရီရောက်သွားတယ်။ ကျနော်ဟာ ပြုံးရွှင်နေတဲ့ မစ္စတာဒီကလပ်ကို သူ့ရုံးခန်းထဲမှာ တွေ့ပြီး လက်ဆွဲနှုတ်ဆက်ဆက်ရင်းနဲ့ သူကကျနော့်ကို နောက်တနေ့မှာ ထောင်ကလွှတ်တော့

မယ်လို့ အသိပေးခဲ့တယ်။ တောင်အာဖရိကနိုင်ငံနဲ့ ကမ္ဘာတလွှားက စာနယ်ဇင်းတွေက ကျနော် လွတ်ခါနီးနေပြီလို့ ရက်သတ္တပတ်ပေါင်းများစွာကတည်းက ခန့်မှန်းနေခဲ့ကြပေမဲ့ ဒီကြေညာချက်ဟာ ကျနော့်ကို အံ့အားသင့်သွားစေခဲ့ပါတယ်။ ကျနော့်ကို ဒီကလပ်တွေ့ချင်တဲ့အကြောင်းရင်းက လွတ်မယ့်အကြောင်း အသိပေးဖို့ဖြစ်တယ်လို့ ပြောမထားခဲ့ပါ။

ကျနော့်ရဲ့သွေးသားဆန္ဒနဲ့ ဦးနှောက်ပိုင်းအသိတို့ လွန်ဆွဲနေတာခံစားမိတယ်။ ကျနော့်အနေနဲ့ မြန်နိုင်သမျှအမြန်ဆုံး ထောင်ကထွက်ချင်စိတ် တအားဖြစ်နေတယ်။ ဒါပေမဲ့ အချိန်တိုလေးပဲ ကြိုသိရပြီးထွက်ဖို့ဟာ မသင့်တော်ပါဘူး။ ကျနော်က မစ္စတာဒီကလပ်ကို ကျေးဇူးတင်ကြောင်းပြောပြီး၊ ကျေးဇူးကန်းပုံပေါက်နိုင်ပေမဲ့ ကျနော့်လွတ်မြောက်မှုအတွက် ကျနော့်မိသားစုနဲ့ ကျနော့်အဖွဲ့အစည်းက ကြိုတင်ပြင်ဆင်မှုလုပ်နိုင်အောင် တပတ်လောက် အချိန်ရချင်တယ်လို့ ပြောလိုက်တယ်။ မနက်ဖြန်ကျ ဒီအတိုင်းထထွက်သွားရင် ဝရုန်းသုန်းကားဖြစ်ကုန်လိမ့်မယ်လို့ ပြောလိုက်တယ်။ ကျနော့်ကို အဲဒီနေ့ကနေ နောက်တပတ်အကြာမှ လွှတ်ပေးဖို့ ဒီကလပ်ကို ပန်ကြားလိုက်တယ်။ ကျနော်ဟာ (၂၇) နှစ် စောင့်ခဲ့ပြီးတဲ့နောက် နောက်ထပ် (၇) ရက်လောက်တော့ အေးအေးဆေးဆေးစောင့်နိုင်ပါတယ်။

ကျနော့်တုံ့ပြန်မှုကြောင့် ဒီကလပ်အံ့အားသင့်သွားတယ်။ သူက ကျနော့်ပန်ကြားချက်ကို ပြန်မဖြေဘဲ ကျနော့်လွှတ်ဖို့အစီအစဉ်တွေ ဆက်ပြောပြတယ်။ အစိုးရဟာ ကျနော့်ကို ဂျိုဟန်နစ္စဘာဂ်သို့ လေယာဉ်နဲ့ခေါ်သွားပြီး အဲဒီကျမှတရားဝင်လွှတ်ပေးမှာဖြစ်တယ်လို့ သူကပြောတယ်။ သူနောက်ထပ်စကားမဆက်ခင် ကျနော်က အဲဒီအစီအစဉ်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း ပြောလိုက်တယ်။ ကျနော့်အနေနဲ့ ဗစ်တာဗာစတာထောင်ဝိုးဝကပဲ လမ်းလျှောက်ထွက်ချင်ပြီး ကျနော့်အပေါ်ကြည့်ရှုစောင့်ရှောက်ခဲ့သူတွေကို ကျေးဇူးတင်စကားပြောချင်တယ်။ ကိပ်တောင်းမြို့က ပြည်သူတွေကို နှုတ်ဆက်ချင်တယ်။ ကျနော်ဟာ ဂျိုဟန်နစ္စဘာဂ်ကလာခဲ့သူ ဖြစ်ပေမဲ့ ကိပ်တောင်းဟာ ဆယ်စုနှစ်သုံးခုနီးပါး ကျနော့်နေရပ်ဖြစ်သွားခဲ့တယ်။ ကျနော်ကြိုက်တဲ့ အချိန်မှာမှ ကိုယ့်ဟာကိုယ် ဂျိုဟန်နစ္စဘာဂ်ပြန်မယ်။ အစိုးရပြန်စေချင်တဲ့အချိန် မပြန်ဘူး။ **"ကျနော်လွတ်လပ်သွားပြီဆိုရင် ကျနော် ကိုယ့်ဟာကိုယ်ကြည့် လုပ်မယ်"** လို့ ပြောလိုက်တယ်။

ဒီကလပ် ဦးနှောက်ခြောက်သွားပြန်တယ်။ သို့သော်လည်း ဒီတခါတော့ ကျနော့်ကန့်ကွက်မှုတွေကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။ သူ တွေ့ဆုံမှုကနေ ခဏအပြင်ထွက်ခွင့်ပန်ပြီး တခြားလူတွေနဲ့တိုင်ပင်ဖို့ ရုံးခန်းထဲကထွက်သွားတယ်။ (၁၀) မိနစ်အကြာမှာ မျက်နှာခပ်အိုအိုနဲ့ပြန်ဝင်လာပြီး **"မစ္စတာမင်ဒဲလားရေ၊ အခုကျမှ အစီအစဉ်ပြင်ဖို့ အချိန်မရှိတော့ဘူးဗျ"** လို့ ပြောတယ်။ ကျနော်ကတော့ အစီအစဉ်ကိုလက်မခံနိုင်ကြောင်း၊ နောက်တပတ်အကြာမှ လွတ်ချင်တဲ့အကြောင်းနဲ့ ဂျိုဟန်နစ္စဘာဂ်ကနေမလွတ်ချင်ဘဲ ဗစ်တာဗာစတာကနေပဲ လွတ်ချင်ကြောင်း ပြန်ပြောလိုက်တယ်။ အဲဒီအချိန်ဟာ တင်းမာတဲ့အချိန်တခုဖြစ်နေပြီး အကျဉ်းသားတယောက်က မိမိကိုမလွှတ်ဖို့တောင်းဆိုနေတာနဲ့ သူ့ကို ထောင်သွင်းအကျဉ်းချသူက သူ့ကို လွှတ်ဖို့ ဇွတ်ကြိုးပမ်းနေတာရဲ့ ဂွတီးဂွကျအခြေအနေကို အဲဒီတုန်းက ကျနော်တို့ နှစ်ယောက်

စလုံး သတိမပြုမိခဲ့ပါဘူး။

ဒီကလပ်က နောက်တခါထပ်ပြီး အခန်းပြင်ထွက်ခွင့်တောင်း ထွက်သွားပြန်တယ်။ (၁၀) မိနစ် အကြာမှာ အလျှော့ပေးစေ့စပ်မှုတခုနဲ့ ပြန်လာတယ်။ ကျနော်တောင်းဆိုတဲ့အတိုင်း ဗစ်တာဗာစတာကနေပဲ လွှတ်ပေးမယ်။ ဒါပေမဲ့ ကျနော်တောင်းဆိုသလို လွှတ်မဲ့ရက်တော့ မရွှေ့ဆိုင်းနိုင်ဘူးတဲ့။ အစိုးရဟာ ကျနော့်ကို နောက်တနေ့မှာလွှတ်မဲ့အကြောင်း နိုင်ငံခြားသတင်းဌာနတွေကို အသိပေးပြီးဖြစ်နေတော့ သူတို့စကားကို သူတို့ပြန်မဖျက်နိုင်ဘူးလို့ ယူဆနေတယ်။ အဲသလိုဆိုတော့ ကျနော့်အနေနဲ့လည်း ငြင်းအားမရှိဘူးလို့ ထင်မိတယ်။ နောက်ဆုံးမှာတော့ ကျနော်တို့ဟာ အပေးအယူလုပ်စေ့စပ်ချက်ကို သဘောတူလိုက်ကြပြီး မစ္စတာ ဒီကလပ်က ကျနော်တို့အားလုံးကို ဝီစကီတခွက်စီငှဲ့ပေးခါ ပျော်ရွှင်မှုအထိမ်းအမှတ်အဖြစ် သောက်စေတယ်။ ကျနော် ဖန်ခွက်မြှောက်ပြီး ဆုတောင်းလိုက်တယ်။ ဒါပေမဲ့ သောက်ဟန်ဆောင်ရုံပဲ လုပ်လိုက်ပါတယ်။ ဒီလိုအရက်တွေဟာ ကျနော့်အဖို့ ပြင်းလွန်းအားကြီးတယ်လေ။

ကျနော်ဟာ ယာတောအိမ်လေးကို ညသန်းခေါင်ထိုးခါနီးမှ ပြန်ရောက်ခဲ့ပြီး ကိပ်တောင်းက ကျနော့်လုပ်ဖော်ကိုင်ဖက်တွေဆီ ကျနော်နောက်တနေ့လွှတ်မယ့်အကြောင်း ချက်ချင်းသတင်းပို့လိုက်တယ်။ ကျနော်ဟာ ဝင်နီ့ဆီသတင်းစကားပါးနိုင်ခဲ့ပြီး ဂျိုဟန်နစ္စဘာဂ်က ဝေါလ်တာ့ဆီ ဖုန်းဆက်ပြောခဲ့တယ်။ သူတို့အားလုံး နောက်တနေ့ကျရင် စင်းလုံးငှားလေယာဉ်နဲ့ လာကြမှာဖြစ်တယ်။ အဲဒီညခင်းမှာပဲ နိုင်ငံလုံးဆိုင်ရာကြိုဆိုရေးကော်မတီ လို့ခေါ်တဲ့အဖွဲ့ထဲက အေအင်စီပါတီဝင်တွေ ယာတောအိမ်လာပြီး နောက်တနေ့မှာ ကျနော်ပြောဖို့ မိန့်ခွန်းရေးကြတယ်။ သူတို့ မနက်အရုဏ်တက်ခါနီးမှ ပြန်သွားကြတယ်။ ကျနော်ဟာ စိတ်လှုပ်ရှားနေပေမဲ့ အလွယ်တကူပဲ အိပ်ပျော်သွားခဲ့ပါတယ်။

❖ ❖ ❖ ❖ ❖

## အပိုင်း၁၁။ လွတ်လပ်ရေး

### ၁၀၀

ကျနော်ဟာ နာရီအနည်းငယ်ပဲအိပ်ရပြီး လွတ်မဲ့နေ့မနက် (၄) နာရီခွဲမှာ နိုးလာတယ်။ ဖေဖော်ဝါရီ (၁၁) ရက်နေ့ဟာ ကိပ်တောင်းမြို့ရဲ့ နွေရာသီကုန်ဆုံးချိန် တိမ်ကင်းစင်တဲ့ရက် တရက်ဖြစ်ပါတယ်။ ကျနော်ဟာ လုပ်နေကျ ကျန်းမာရေးလေ့ကျင့်ခန်းကို အကျဉ်းချုံးလုပ်လိုက်ပြီးတော့ ရေမိုးချိုး၊ မနက်စာစားတယ်။ ဒီနောက်မှာ ကိပ်တောင်းမြို့မှာရှိတဲ့ အေအင်စီနဲ့ ယူဒီအက်ဖ်လူတွေဆီဖုန်းဆက်ပြီး ကျနော့်လွတ်ရေးကိစ္စ စီစဉ်ပြင်ဆင်ဖို့နဲ့ ပြောမယ့်မိန့်ခွန်း အချောကိုင်ဖို့အတွက် ကျနော့်ယာတောအိမ်ကို လာရောက်ရန်ပြောလိုက်တယ်။ ထောင်ဆရာဝန်ရောက်လာပြီး ကျနော့်ကို ကျန်းမာရေးစစ်ဆေးမှု အကျဉ်းရုံးလုပ်ပေးတယ်။ ကျနော် ထောင်ကလွတ်ပြီးနောက် ကြုံရမှာတွေကို အချိန်ယူမစဉ်းစားအားဘဲ မလွတ်ခင်လုပ်ရမယ့်ကိစ္စ အမျိုးမျိုးကိုသာ စဉ်းစားခဲ့တယ်။ လူ့ဘဝမှာ အင်မတန်ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်း ဖြစ်ရပ်တခုရဲ့ အရေးပါကြီးကျယ်မှုဟာ ရှုပ်ရှက်ခတ်နေတဲ့ အသေးအဖွဲလေးတွေ တထောင်လောက်ကြားထဲ ပျောက်သွားတတ်တယ်။

ဆွေးနွေးဆုံးဖြတ်စရာကိစ္စတွေများပြီး အချိန်က အင်မတန့်ကိုနည်းနေတယ်။ စီရင်းလ်ရာမားဖိုးစားနဲ့ ထရီဗာမင်န်ျူယယ်အပါအဝင် ကြိုဆိုရေးကော်မတီက ရဲဘော်တချို့ဟာ မနက် အစောကြီးကတည်းက အိမ်မှာရောက်နေကြတယ်။ ကျနော်ဟာ မိမိထိန်းသိမ်းခံနေရတုန်း ကျနော့်အပေါ် အင်မတန်ကြင်နာခဲ့တဲ့ ပါးလ်မြို့လေးက ပြည်သူတွေကို အရင်ဆုံးမိန့်ခွန်းပြောချင်တယ်။ ဒါပေမဲ့ ကြိုဆိုရေးကော်မတီကတော့ အဲသလိုလုပ်တာ မသင့်ဘူးလို့ အပြင်းအထန်ကန့်ကွက်နေတယ်။ ကျနော့်ရဲ့ ပထမဆုံးမိန့်ခွန်းကို ချမ်းသာတဲ့လူဖြူ ပါးလ်မြို့သူမြို့သားတွေကို ပောရင် တမျိုးထင်ကြလိမ့်မယ်လို့ သူတို့ကယူဆတယ်။ အဲဒီအစား ကျနော်ဟာ ကိပ်တောင်းမြို့က မဟာစစ်ရေးပြကွင်းမှာ ကိပ်တောင်းမြို့လူထုကို အရင်ဆုံးစကားပြောဖို့ စီစဉ်ထားတယ်။

ပထမဆုံးရှင်းရမယ့် ပြဿနာတခုကတော့ ကျနော့်ရဲ့လွတ်လပ်မှုပထမညကို ဘယ်မှာ ကုန်ဆုံးစေမလဲဆိုတာ ဖြစ်တယ်။ ကျနော့်သဘောကတော့ ကိပ်တောင်းမြို့ကြီးထဲက ကိပ်ဖလက်လို့ခေါ်တဲ့ စည်ကားရှုပ်ထွေးလှတဲ့ လူမည်းနဲ့ကပြားမြို့သစ်တွေမှာ ညအိပ်ဖို့ဖြစ်တယ်။ ဒီလူထုတွေနဲ့ သွေးစည်းညီညွတ်မှုကိုပြဖို့ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျနော့်လုပ်ဖော်ကိုင်ဖက်တွေနဲ့ နောက်ပိုင်းမှာ ကျနော့်ဇနီးကပါ လုံခြုံရေးအကြောင်းတွေကြောင့် ဂိုဏ်းချုပ်ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးနဲ့အတူ ဘိရှော့ဝင်းမှာ ညအိပ်သင့်တယ်လို့ တိုက်တွန်းကြတယ်။ ဘိရှော့ဝင်းဆိုတာ လူဖြူဆင်ခြေဖုံးရပ်ကွက်က အဆင့်မြင့်နေရာဖြစ်တယ်။ ကျနော် ထောင်မကျခင်တုန်းကဆိုရင် အဲသလိုနေရာမျိုးမှာ ကျနော်နေခွင့်ရမှာမဟုတ်ပါ။ ကျနော် ထောင်ကလွတ်တဲ့ ပထမဆုံးညကို အထက်တန်းစားလူဖြူရပ်ကွက်တခုမှာ ကုန်ဆုံးစေခဲ့ရင် မကောင်းတဲ့ဖော်ပြချက်ဖြစ်သွားလိမ့်မယ်လို့ ယူဆမိတယ်။ ဒါပေမဲ့ ဘိရှော့ဝင်းဟာ တူးတူးရဲ့ သာသနာပိုင်သက်တမ်း

အတွင်း လူမျိုးပေါင်းစုံရောပြွမ်းနေထိုင်တဲ့နေရာဖြစ်လာပြီး ပွင့်လင်းသဘောထားပြည့်ဝတဲ့ လူမျိုးမခွဲခြားရေးဝါဒကို သင်္ကေတပြုနေပြီလို့ ကော်မတီကရှင်းပြခဲ့တယ်။

ထောင်အုပ်ချုပ်ရေးက ကျနော့်ပစ္စည်းတွေထုပ်ပိုးဖို့ သေတ္တာတွေ၊ ပုံးတွေထောက်ပံ့ပေးတယ်။ ကျနော့်ထောင်တွင်းကာလရဲ့ ပထမအနှစ် (၂၀) လောက်အတွင်း ကျနော်ဟာ ကိုယ်ပိုင်ပစ္စည်း အင်မတန့်ကို နည်းနည်းလေးပဲ စုမိခဲ့ပေမဲ့ နောက်ဆုံးနှစ်အနည်းငယ်အတွင်းမှာတော့ ကျနော်ဟာ အရင်ဆယ်စုနှစ်တွေအတွက်ပါ ကာမိလောက်အောင် ပိုင်ဆိုင်မှုတွေ စုမိဆောင်းမိဖြစ်သွားခဲ့တယ်။ အဓိကအားဖြင့် စာအုပ်စာတမ်းတွေဖြစ်ပြီး သေတ္တာတွေ၊ ပုံးတွေ တဒါဇင်ကျော်ကို ပြည့်သွားစေခဲ့ပါတယ်။

ကျနော့်ကို တကယ်လွှတ်မယ့်အချိန်က ညနေ (၃) နာရီသတ်မှတ်ထားပေမဲ့ ဂျိုဟန်နစ္စဘာဂ်က စင်းလုံးငှားလေယာဉ်နဲ့လာမယ့် ဝင်နီ၊ ဝေါလ်တာနဲ့ တခြားခရီးသည်တွေဟာ နေ့ခင်း (၂) နာရီကျော်တဲ့အထိ ရောက်မလာသေးပါဘူး။ အိမ်မှာတော့ လူတွေဒါဇင်နဲ့ချီပြီး ရောက်နေကြပါပြီ။ မြင်ကွင်းတခုလုံးဟာ ပျော်ပွဲရွှင်ပွဲအခမ်းအနားတခုပုံစံ ပေါက်နေပါတယ်။ အရာခံဗိုလ်စဝ့်ါတ်က ကျနော့်တို့အားလုံးအတွက် နောက်ဆုံးပိတ်အဖြစ် စားစရာသောက်စရာတွေပြင်ဆင်ချက်ပြုတ်ပေးတယ်။ ပြီးခဲ့တဲ့နှစ်နှစ်တာကာလ ချက်ပြုတ်ကျွေးမွေးခဲ့တာတွေအတွက် တင်မကဘဲ အဖော်သဟာပြုခွင့်ရတဲ့အတွက်ပါ ကျနော် သူ့ကို ကျေးဇူးတင်စကားဆိုခဲ့တယ်။ အရာခံဗိုလ်ဂျိမ်းဂရက်ဂိုရီလည်း အိမ်မှာရောက်နေပြီး ကျနော် သူ့ကို လှိုက်လှဲနွေးထွေးစွာ နှုတ်ဆက်ဖက်ယမ်းခဲ့တယ်။ ပိုးလ်စမိုးထောင်ကနေ ဗစ်တာဗာစတာထောင်ရောက်တဲ့အထိ ကျနော့်ကို ကြည့်ရှုစောင့်ရှောက်ခဲ့တဲ့ နှစ်ကာလတွေအတွင်း ကျနော်တို့ဟာ တခါမှ နိုင်ငံရေးမဆွေးနွေးခဲ့ကြပါဘူး။ ဒါပေမဲ့ ကျနော်တို့နှစ်ဦးကြား သံယောဇဉ်ကြိုးဟာ ပါးစပ်ကထုတ်မပြောဘဲ ရှိနေခဲ့ပြီး ကျနော်ဟာ သူ့ရဲ့အားပေးနှစ်သိမ့်တဲ့ဆက်ဆံမှုကို သတိတရဖြစ်နေခဲ့ပါတယ်။ စဝ့်ါတ်၊ ဂရက်ဂိုရီနဲ့ အရာခံဗိုလ်ဘရင်းတို့ဟာ လူသားဆံမှုအနှစ်သာရအပေါ် ကျနော့်ယုံကြည်ချက်ကို ထပ်လောင်းအားဖြည့်ပေးခဲ့တယ်။ ဒီလူသားဆံမှုဟာ ပြီးခဲ့တဲ့ (၂၇) နှစ်ခွဲလုံးလုံး ကျနော့်ကို သံတိုင်တွေနောက် ချုပ်ထားခဲ့သူတွေမှာတောင် ရှိနေတာဖြစ်တယ်။

ခွဲခါနီးနှုတ်ဆက်စကားတွေ အရှည်ကြီးပြောဖို့ အချိန်သိပ်မရပါ။ အစီအစဉ်အရ ကျနော်နဲ့ ဝင်နီက ထောင်ရှေ့ဂိတ်ဝကို ကားနဲ့သွားမှာဖြစ်ပါတယ်။ ကျနော့်ကို ကြည့်ရှုခဲ့ကြတဲ့ဝါဒါတွေ၊ အစောင့်တွေကို ကျနော်နှုတ်ဆက်စကားပြောချင်တယ်လို့ အာဏာပိုင်တွေကိုပြောထားတယ်။ ကျနော်က တယောက်ချင်းကျေးဇူးစကားပြောနိုင်အောင် ဝါဒါတွေနဲ့သူတို့မိသားစုတွေ ကျနော့်ကို ထောင်ပူးဝမှာလာစောင့်ကြဖို့ ပန်ကြားထားတယ်။ သုံးနာရီထိုးပြီး မိနစ်အနည်းငယ်အကြာမှာ ကျနော့်ကို ထင်ရှားတဲ့အက်စ်အေဘီစီ **(တောင်အာဖရိက ရုပ်သံလွှင့်ကော်ပိုရေးရှင်း)** တင်ဆက်သူတဦးက ဖုန်းဆက်ပြီး ကျနော် ထောင်ထဲကနေ လွတ်လပ်မှုဆီ လမ်းလျှောက်ထွက်လာတာကို ရုပ်မြင်သံကြားရိုက်နိုင်အောင် ဂိတ်ဝမရောက်ခင် ပေ (၂၀၀–၃၀၀) လောက်မှာ ကားထဲကဆင်း


လျှောက်ပေးဖို့ ပန်ကြားလာတယ်။ ဒါဟာ ကျိုးကြောင်းဆီလျော်လို့ ကျနော်သဘောတူလိုက်တယ်။ ကိုယ်စိတ်ကူးထားတဲ့အတိုင်း အရာရာ ရှောရှောရှူရှူ ဖြစ်ချင်မှဖြစ်မယ်ဆိုတာ ကျနော် ပထဆုံးအကြိမ်အဖြစ် ရိပ်စားမိလာတယ်။

(၃) နာရီခွဲမှာတော့ ကျနော်ဟာ နေမထိထိုင်မသာဖြစ်လာတယ်။ ဘာလို့လဲဆိုတော့ စီစဉ်ထားတာထက် အချိန်တွေနောက်ကျနေလို့ဖြစ်ပါတယ်။ ကျနော်က ကြိုဆိုရေးကော်မတီဝင်တွေကို ကျနော့်လူတွေဟာ ကျနော့်ကို (၂၇) နှစ် တိုင်တိုင်စောင့်မျှော်နေခဲ့ပြီး ကျနော့်အနေနဲ့ သူတို့ကို နောက်ထပ် စောင့်မနေစေချင်တော့ဘူးလို့ ပြောလိုက်တယ်။ (၄) နာရီ ထိုးခါနီးကျမှ ကျနော်တို့ဟာ ယာတောအိမ်ကနေ မော်တော်ကားတန်းလေးတခုနဲ့ ထွက်လာခဲ့တယ်။ ပူးဝမရောက်ခင် မိုင်တစိတ်လောက်မှာ ကားရပ်လိုက်ပြီး ကျနော်နဲ့ဝင်နီ ကားထဲကထွက်၊ ထောင်ပူးဝဆီ လမ်းစလျှောက်ကြတယ်။

ပထမတော့ ကျနော်တို့ရှေ့မှာ ဘာတွေဖြစ်နေတယ်ဆိုတာ ကျနော် သဲသဲကွဲကွဲမမြင်နိုင်သေးပါဘူး။ ဒါပေမဲ့ ပူးဝနဲ့ ပေ (၁၅၀) လောက်အကွာရောက်တော့ အကြီးအကျယ် ဆူညံရှုပ်ထွေးလှုပ်ရှားနေတဲ့ လူစုလူဝေးကြီးတခု တွေ့လိုက်ရတယ်။ ရာနဲ့ချီတဲ့ ဓာတ်ပုံသတင်းထောက်တွေ၊ ရုပ်မြင်သံကြားကင်မရာတွေနဲ့ သတင်းစာဆရာတွေရော၊ ထောင်နဲ့ချီတဲ့ ကောင်းကျိုးလိုလားနှုတ်ဆက်သူတွေပါ တွေ့ရတယ်။ ကျနော်ဟာ အံ့အားသင့်သွားပြီး အနည်းငယ်ထိတ်လန့်သွားတယ်။ ကျနော် ဒီလိုမြင်ကွင်းမျိုး တကယ့်ကို မျှော်လင့်မထားခဲ့ပါဘူး။ အလွန်ဆုံးအားဖြင့် ဝါဒါတွေနဲ့ သူတို့မိသားစုတွေ အဓိကပါဝင်တဲ့ လူဒါဇင်အချို့ပဲ ရှိလိမ့်မယ်လို့ စိတ်ကူးထားခဲ့ပါတယ်။ ဒါပေမဲ့ ဒါအစပဲရှိပါသေးတယ်။ ဒီလိုဖြစ်လာမှာတွေအားလုံးအတွက် ကျနော်တို့ဟာ စေ့စေ့စပ်စပ်ပြင်ဆင်မထားမိဘူးဆိုတာ ကျနော်သဘောပေါက်သွားခဲ့တယ်။

ပူးဝရောက်ခါနီး ပေ (၂၀) လောက်မှာတော့ ကင်မရာတွေ တဖျပ်ဖျပ်စရိုက်ကြတာဟာ သတ္တုသတ္တဝါကောင်တွေ အုပ်လိုက်ကြီးရဲ့အသံလိုပါပဲ။ သတင်းထောက်တွေက မေးခွန်းတွေအော်မေးကြတယ်။ ရုပ်သံရိုက်အဖွဲ့တွေက ပြုတိုးလာတယ်။ အေအင်စီထောက်ခံသူတွေက အော်ဟစ်ကြ၊ လက်ခုပ်တီးအားပေးကြတယ်။ နည်းနည်းတော့ မူးနောက်စရာကောင်းပေမဲ့ ပျော်စရာဗရုတ်သုကျွကြီးပါ။ ရုပ်သံအဖွဲ့သားတယောက်က ကျနော့်ဆီ မဲမဲရှည်ရှည်အမွေးပွပွ ပစ္စည်းတခုနဲ့ လှမ်းထိုးလိုက်တဲ့အခါ ကျနော် နောက်ကိုနည်းနည်းတွန့်သွားမိတယ်။ ကျနော် ထောင်ထဲရှိတုံး အသစ်အဆန်းပေါ်လာတဲ့ လက်နက်တမျိုးများလား ထင်လိုက်မိတယ်။ ဝင်နီက အဲဒါဟာ မိုက်ကရိုဖုံးဖြစ်တယ်လို့ ကျနော့်ကိုပြောပြတယ်။

ကျနော် လူအုပ်ထဲရောက်သွားတဲ့အခါ ကျနော့် လက်ျာဘက်လက်သီးကိုဆုပ်ပြီး မြှောက်ပြလိုက်တယ်။ လူအုပ်ကြီးက ဝေါကနဲဆူညံသွားတယ်။ ကျနော် အဲသလိုမလုပ်နိုင်တာ (၂၇) နှစ်ရှိခဲ့ပြီဖြစ်တယ်။ အဲသလို လုပ်ရလို့ အားအင်တွေတိုးပွားလာပြီး ဝမ်းသာပျော်ရွှင်မိတယ်။ ကျနော်တို့ဟာ လူအုပ်ထဲ မိနစ်အနည်းငယ်ပဲနေပြီးတော့ ကားပေါ် ပြန်တက်  ကိပ်တောင်းမြို့ဆီ မောင်းထွက်ခဲ့ကြတယ်။ ကျနော့်ကို အဲသလိုကြိုဆိုကြတာ ကျေနပ်မိပေမဲ့ ထောင်ထန်ထမ်းတွေကို



ဂျယ်ရီမိုလွိုင်နှင့် လက်ဝှေ့ထိုးလေ့ကျင့်နေစဉ်။



တရားရုံးအပြင်
ဘက်၌ ရှသ်ဖာ့စ်
နှင့်အတူ။



တရားရုံးအပြင်ဘက်၌
မိုးဇက်ကိုတာနီနှင့် အတူ
အောင်ပွဲရချိန်။ အစိုးရက
စွဲချက်ရုပ်သိမ်းလိုက်
ကြောင်း ခုလေးတင်ကြား
လိုက်ရသည်။ သို့သော်
အောင်ပွဲက ခဏသာ
ခံသည်။ (၃) လအကြာ
၁၉၅၉ ခုထဲတွင် ကျနော်
တို့ (၂၉) ယောက် နောက်
တခါ တရားရုံးတင်ခံရ
သည်။



၁၉၆၂၊ ပြည်ပမှ ပြန်လာပြီး နောက် ပုန်းကွယ်နေစဉ်။



ဒုတိယအမှုဖြစ်ပြီးနောက် ကျနော် မြေအောက်သို့ခဲ့သည်။ "လူမည်း မြတ်လေးရွှေခေးဗိုလ်" ဟု ကာလတခု နာမည်ကျော်သွားခဲ့သည်။



၁၉၆၂၊ အေအင်စီအဖွဲ့ ပိတ်ပင်ခံရပြီးနောက် ဒါရုစ္စလမ်လေဆိပ်၌ အော်လီဗာတမ်ဘိုနှင့် ရောဘတ်ရီရှာ။

ရော်ဘင်ကျွန်း အပို့မခံရမီ ပရီ
တိုးရီးယားအကျဉ်းထောင်၌
အဝတ်ချုပ်နေစဉ်။



ရော်ဘင်ကျွန်းတွင်ရှိစဉ် ကျနော့်အကျဉ်းတိုက်ခန်းထဲ ထိန်းသိမ်းထားသော
စာအုပ်များ။





၁၉၆၆၊ ထောင်ဝင်းအတွင်း ဝေါလ်တာနှင့်အတူ။

ရော်ဘင်ကျွန်း ထောင်ဝင်း။





၁၉၉၀၊ ဖေဖော်ဝါရီလ၊
လွတ်လပ်ပြီ။

အော်လန်ဒို နေအိမ်မှာ။





ဝေါ်လ်တာနှင့် ကျနော် ရော်ဘင်ကျွန်းမှာ အနှစ် (၂၀) နီးပါး အတူအကျဉ်းကျခဲ့သည်။ ကိပ်တောင်းမြို့ ဂိုဏ်းချုပ်ဘုန်းတော်ကြီးတူးတူး၏ ဘိရှော့ဝင်း ဥယျာဉ်နေအိမ်၌ "အာဖရိကား" အလေးပြုမှုလုပ်ပြီး အပြင်လောက၌ နောက်တကြိမ် ထပ်တိုက်ပွဲဝင်ဖို့ အသင့်ပြင်ခဲ့သည်။

၁၉၉၀၊ ဒီဇင်ဘာမှာ အော်လီဗာတမ်ဘိုသည် နှစ်သုံးဆယ်ကြာ ပြည်ပရောက်ဘဝမှနေစဉ် တောင်အာဖရိကသို့ ပြန်လာခဲ့သည်။





ရဲဘော်ဟောင်းတို့ကြား နှစ်ကိုယ်ကြားဆွေးနွေးမှု။



ဂျိုဟန်နစ္စဘာဂ်မြို့မှ အော်လီဗာ ပြည်တော်ပြန်ကြိုဆိုပွဲ။

နှုတ်ဆက်စကားပြောခွင့်မရခဲ့တဲ့အတွက် တော်တော့်ကို စိတ်မသက်မသာဖြစ်မိတယ်။ နောက်ဆုံးမှာတော့ ဗူးဝဂိတ်ပေါက်က လျှောက်ထွက်လာပြီး ထောင်အပြင်က ကားတစီးပေါ် တက်လိုက်တဲ့အခါ ကျနော်ဟာ အသက် (၇၁) နှစ်အရွယ်မှာ ဘဝကိုအသစ်တဖန်ပြန်စနေရပြီလို့ ခံစားလိုက်ရပါတယ်။ ကျနော်ရဲ့ အကျဉ်းခံကာလ ရက်ပေါင်းတသောင်းဟာ အဆုံးမှာတော့ ပြီးမြောက်သွားခဲ့ပါပြီ။

ကိပ်တောင်းမြို့ဟာ ထောင်ရဲ့အနောက်တောင်ဘက် (၃၅) မိုင်အကွာမှာ ရှိပါတယ်။ ဒါပေမဲ့ မြို့တော်ကို တခြားလမ်းက သွားဖို့ရွေးလိုက်တယ်။ ကျနော်တို့ဟာ ထောင်အနောက်ဘက်ကို ပတ်မောင်းခဲ့ပြီး လမ်းငယ်ကလေးတွေ၊ ချောင်ကြိုချောင်ကြားလမ်းမြောင်လေးတွေကနေ မြို့ကြီးဆီ ယာဉ်တန်းနဲ့သွားခဲ့တယ်။ ကျနော်တို့ဟာ သာယာလှပတဲ့စပျစ်ခြံ စိမ်းစိမ်းစိုစိုတွေ၊ သေသေချာချာပြုပြင်စိုက်ပျိုးထားတဲ့ ခြံယာတွေကို ဖြတ်မောင်းလာခဲ့ရာမှာ ကျနော်ဟာ ဘေးမှာတွေ့ရတဲ့ရှုခင်းတွေကို နှစ်သက်ကြည်နူးမိခဲ့တယ်။

ကျေးလက်ဒေသဟာ စိမ်းလန်းဝေဆာနေပြီး ကောင်းကောင်းထွန်ယက်စိုက်ပျိုးထားတယ်။ ဒါပေမဲ့ ကျနော်အံ့အားသင့်မိတာက ကျနော်တို့ မော်တော်ယာဉ်တန်းကိုကြည့်ဖို့ လမ်းဘေးမှာရပ်စောင့်နေတဲ့ လူဖြူအိမ်ထောင်စုတွေ များပြားလှတာကိုဖြစ်ပါတယ်။ ကျနော်တို့ဟာ တခြားလမ်းကသွားနေတယ်ဆိုတာ သူတို့ ရေဒီယိုကကြားခဲ့ကြတယ်။ တချို့တလေက **(လူတဒါဇင်လောက် ရှိနိုင်တယ်)** အေအင်စီရဲ့ အင်အားပြအလေးပြုနည်း ဖြစ်နေပြီဖြစ်တဲ့ ညာဘက်လက်သီးဆုပ်ပြီး မြှောက်ပြတာတောင် လုပ်ကြတယ်။ ဒါဟာ ကျနော့်ကိုအံ့သြစေခဲ့တယ်။ ရှေးရိုးစွဲ လယ်ယာစိုက်ပျိုးရေးဒေသတခုက ရဲရင့်သူတချို့ရဲ့ သွေးစည်းညီညွတ်မှု ဖော်ပြချက်ကြောင့် ကျနော်ဟာ အကြီးအကျယ်စိတ်အားတက်ကြွခဲ့ရတယ်။ တနေရာမှာတော့ ကျနော် ကားကိုရပ်၊ အောက်ဆင်းပြီး ခုနကလို လူဖြူမိသားစုတခုကို နှုတ်ဆက်စကားနဲ့ ကျေးဇူးတင်စကားပြောခဲ့တယ်၊ သူတို့ရဲ့ ထောက်ခံမှုကြောင့် ကျနော်ဘယ်လောက်အားတက်မိကြောင်း ပြောပြခဲ့တယ်။ ကျနော် အခုပြန်ရောက်လာနေတဲ့ တောင်အာဖရိကနိုင်ငံဟာ အရင် ကျနော်ထွက်သွားတုန်းကနိုင်ငံနဲ့ တအားကွာသွားပြီလို့ ကျနော်ထင်မိပါတယ်။

ကျနော်တို့ဟာ မြို့တော်အနားစပ်တွေထဲဝင်လာတဲ့အခါ လူတွေဟာ မြို့လယ်ခေါင်ကို တသောသောသွားနေကြတာ တွေ့ရတယ်။ ကြိုဆိုရေးကော်မတီက ကိပ်တောင်းမြို့ရဲ့ မဟာစစ်ရေးပြကွင်းကြီးမှာ လူထုစည်းဝေးပွဲတခု စီစဉ်စည်းရုံးထားတယ်။ မဟာစစ်ရေးပြကွင်းဆိုတာ မြို့တော်ခမ်းမဟောင်းရှေ့က ရင်ပြင်ကျယ်ကွက်လပ်ကြီးတခုဖြစ်တယ်။ ကျနော်ဟာ ကွင်းပြင်တခုလုံးကိုစီးမြင်နိုင်တဲ့ မြို့တော်ခမ်းမဟောင်း ဥပစာစင်မြင့်ပေါ်ကနေ လူအုပ်ကြီးကို စကားပြောရမှာ ဖြစ်ပါတယ်။ ရောမလူပင်လယ်ကြီးတခုဟာ ဒီမနက်ကတည်းက အဲဒီမှာစောင့်နေကြတယ်လို့ သတင်းအစအနတွေကြားခဲ့တယ်။ ကျနော်တို့မော်တော်ကားတန်းဟာ လူအုပ်ကို ရှောင်ပြီး မြို့တော်ခန်းမနောက်ဖက်ကို ပတ်မောင်းဖို့ စီစဉ်ထားတယ်။ အဲဒီမှာ ကျနော်က

အဆောက်အဦးထဲကို အသာလေးဝင်လိုက်ဖို့ဖြစ်တယ်။

ကိပ်တောင်းကို ကားနဲ့သွားတာ (၄၅) မိနစ်ကြာခဲ့ပြီး စစ်ရေးပြကွင်းကြီးနားရောက်တဲ့အခါ ကြီးမားများပြားလှတဲ့ လူအုပ်ကြီးကို တွေ့ရတယ်။ ကားမောင်းသမားက ညာဘက်ကွေ့ပြီး လူအုပ်ကြီးဘေးကပတ်ရမှာဖြစ်ပေမဲ့ ဘာကြောင့်မှန်းမသိ လူပင်လယ်ကြီးထဲ တည့်တည့်ထိုးဝင်သွားတယ်။ ချက်ခြင်းပဲ လူအုပ်ကြီးက ရှေ့တက်လာပြီး ကားကိုမျိုလိုက်တယ်။ ကျနော်တို့ဟာ တမိနစ်၊ နှစ်မိနစ်တော့ ရှေ့ကို နည်းနည်းတိုးမောင်းသွားနိုင်ပေမဲ့ လူတွေကကိုယ်လုံးနဲ့ ဖိတွန်းထားတာနဲ့ပဲ ရပ်သွားရတယ်။ လူတွေက ကားပြတင်းမှန်တွေကို ခေါက်ကြတယ်။ ဒီနောက် ကားအမိုးနဲ့ ဘောနက်ကိုခေါက်ကြတယ်။ ကားထဲကလူတွေအဖို့တော့ မိုးသီးတွေအကြီးအကျယ်ကျနေတဲ့ အသံလိုပါပဲ။ ဒီနောက်မှာတော့ လူတွေကစိတ်တက်ကြွပြီး ကားပေါ်တက်ခုန်ကြတယ်။ တခြားလူတွေက ကားကို ဝိုင်းလှုပ်ခါယမ်းကြတယ်။ ဒီအခါမှာတော့ ကျနော်စိုးရိမ်စပြုလာတယ်။ လူအုပ်ကြီးရဲ့ ချစ်ခင်ကြည်ညိုစိတ်နဲ့ပဲ ကျနော်တို့ကို အသက်ထွက်သွားစေနိုင်တယ်လို့တောင် ကျနော်ထင်မြင်မိတယ်။

ကားမောင်းသမားဟာ ကျနော်နဲ့ဝင်နီထက်တောင် ပိုစိုးရိမ်ကြောက်လန့်နေပြီး ကားထဲကထွက်ဖို့ အော်နေတယ်။ ကျနော်က သူ့ကိုစိတ်အေးအေးထားပြီး ကားထဲမှာပဲနေဖို့ ပြောလိုက်တယ်။ နောက်ကားတွေကလူတွေ ကျနော်တို့ကို လာကယ်လိမ့်မယ်လို့ ပြောလိုက်တယ်။ အလန်ဘိုးဆက်နဲ့ တခြားလူတွေက ကျနော်တို့ကားသွားဖို့ လမ်းရှင်းပေးပြီး ကားဘေးကလူတွေကို တွန်းဖယ်ဖို့ကြိုးစားတယ်။ ဒါပေမဲ့ သိပ်မအောင်မြင်ပါ။ ကျနော်တို့ဟာ တနာရီကျော်ကြာအောင် ကားထဲမှာပဲ ထိုင်နေရတယ်။ ကားတံခါးဖွင့်ဖို့ကြိုးစားလည်း မနည်းမနောလူအုပ်ကြီးက ကားတံခါးကိုဖိထားတာကြောင့် အချည်းနှီးဖြစ်မှာပါပဲ။ ကျနော်တို့ဟာ ကိုယ့်ကိုထောက်ခံသူ ထောင်ပေါင်းများစွာရဲ့ အကျဉ်းချမှုကိုခံနေရတယ်။ မိန့်ခွန်းစပြောဖို့ စီစဉ်သတ်မှတ်ထားတဲ့ အချိန်ကျော်သွားတာ အတော်ကြာခဲ့ပါပြီ။

နောက်ဆုံးမှာတော့ ရဲအရာရှိဒါဇင်တော်တော်များများလာကယ်ပြီး ကားထွက်ဖို့ လမ်းကြောင်းတခု ဖြေးဖြေးချင်းရှင်းပေးနိုင်ခဲ့တယ်။ ကျနော်တို့ဟာ လူအုပ်ကြီးထဲက အပြီးသတ်လွတ်သွားတဲ့အခါ ကားမောင်းသမားဟာ မြို့တော်ခန်းမနဲ့ဆန့်ကျင်ဘက်ဆီ အရှိန်မြှင့်ပြီးမောင်းတယ်။ ကျနော်က **"ဟေ့လူ၊ ဒါဘယ်ကို မောင်းနေတာလဲ"** လို့ သူ့ကို စိတ်လှုပ်ရှားပူပင်စွာနဲ့ မေးလိုက်တဲ့အခါ **"ကျနော်မသိဘူး"** လို့ စိုးရိမ်သောကပြင်းပြတဲ့အသံနဲ့ ပြန်ဖြေတယ်။ "ကျနော် ဒါမျိုး တခါမှမတွေ့ဖူးဘူး" လို့ သူကပြောပြီး ဦးတည်ချက်မဲ့ဆက်မောင်းနေတယ်။

သူစိတ်ငြိမ်သွားတော့မှ ကျနော်ကသူ့ကို ကျနော့်မိတ်ဆွေ ရှေ့နေဒူလာအိုမာရဲ့အိမ်ကို မောင်းဖို့ လမ်းညွှန်ပေးလိုက်တယ်။ ဒူလာအိုမာဟာ မြို့တော်ရဲ့ ကုလားရပ်ကွက်မှာနေတယ်။ ကျနော်တို့ အဲဒီသွားပြီး ခဏတဖြုတ်နားလို့ရတယ်လို့ ကျနော်ပြောတော့ ကားမောင်းသမားသဘောကျသွားတယ်။ ကံကောင်းထောက်မစွာပဲ ဒူလာနဲ့မိသားစုဟာ အိမ်မှာရှိနေပြီး ကျနော်တို့ကိုတွေ့ရတဲ့အခါ အံ့သြလွန်းမကအံ့သြသွားတယ်။ ကျနော်ဟာ (၂၇) နှစ်အတွင်း ပထမဆုံး

အကြိမ် လွတ်လပ်လာသူတယောက်ဖြစ်နေပေမဲ့ သူတို့ကကျနော့်ကို ကြိုဆိုနှုတ်ဆက်မယ့်အစား စိုးရိမ်ကြောင့်ကြစွာနဲ့ **"ခင်ဗျား စစ်ရေးပြကွင်းကြီးမှာ ရှိနေရမှာမဟုတ်ဘူးလား"** လို့မေးကြတယ်။

ကျနော်တို့ဟာ ဒူလာ့အိမ်မှာ အအေးလေးဘာလေးသောက်ရတယ်။ ဒါပေမဲ့ ရောက်ပြီး မိနစ်အနည်းငယ်အတွင်းမှာပဲ ဂိုဏ်းချုပ်ဘုန်းတော်ကြီးတူးတူးက ဖုန်းဆက်လာတယ်။ ကျနော်တို့ ဒီရောက်တာ သူဘယ်လိုသိသလဲ မပြောတတ်ပါ။ သူဟာ အတော်လေးစိတ်ညစ်နေပြီး **"နယ်လ်ဆင်၊ ခင်ဗျားစစ်ရေးပြကွင်းကြီးကို ချက်ခြင်းပြန်လာမှဖြစ်မယ်။ လူတွေက လှုပ်လှုပ်ရွရွဖြစ်နေပြီ။ ခင်ဗျား အခုချက်ခြင်းပြန်မလာရင်တော့ ဘာတွေဆူပူကုန်မလဲဆိုတာ ကျနော် အာမ မခံနိုင်ဘူး။ သူပုန်ထမှုဖြစ်နိုင်တယ်လို့ ကျနော်ထင်တယ်။"** ကျနော်က ချက်ခြင်းပြန်လာမယ့်အကြောင်း ပြောလိုက်တယ်။

ကျနော်တို့အတွက် ပြဿနာကတော့ ကားမောင်းသမားပဲဖြစ်ပါတယ်။ သူဟာ စစ်ရေးပြကွင်းကြီးကိုပြန်သွားဖို့ ရေရေလည်လည်တွန့်ဆုတ်နေတယ်။ ဒါပေမဲ့ ကျနော်သူ့ကို အတိုက်အခံပြောဆိုပြီး မကြာခင် ကျနော်တို့ဟာ မြို့တော်ခန်းမဆီ ပြန်ထွက်လာခဲ့တယ်။ မြို့တော်ခန်းမအဆောက်အဦးကို လေးဘက်လေးတန်က လူတွေဝိုင်းထားပေမဲ့ နောက်ဘက်မှာတော့ လူဒါလောက်မထူဘူး။ ဒါကြောင့် ကားမောင်းသမားဟာ အဆောက်အဦးရဲ့ နောက်ဘက်ဝင်ပေါက်ရောက်အောင် ကားမောင်းသွားနိုင်ခဲ့တယ်။ အမြဲပဲ လူဖြူအမှုထမ်းအရာထမ်းတွေသွားလာလှုပ်ရှားပြည့်နှက်နေတဲ့ ဒီခမ်းနားထယ်ဝါလှတဲ့ အဆောက်အဦးကြီးရဲ့ အပေါ်ဆုံးထပ်ကို ကျနော့်ခေါ်သွားချိန်မှာ နေဝင်ဆည်းဆာရောက်ခါနီးနေပါပြီ။ ကျနော် ဥပစာစင်မြင့်ပေါ်ထွက်လိုက်တဲ့အခါ အဆုံးအစမထင်တဲ့ လူပင်လယ်ကြီးဟာ အော်ဟစ်ကြွေးကြော်နေကြ၊ အလံတွေ တံခွန်တွေ ကိုင်ဆောင်ဝှေ့ယမ်းနေကြ၊ လက်ခုပ်တီးရယ်မောပျော်ရွှင်နေကြတာ တွေ့ရတယ်။

ကျနော်က လူအုပ်ကြီးကို လက်သီးဆုပ်မြှောက်ပြလိုက်တဲ့အခါ တခဲနက်အော်ဟစ်အားပေးသံကြီးနဲ့ တုံ့ပြန်တယ်။ အဲဒီဩဘာသံတွေဟာ ကျနော့်ကို တိုက်ပွဲဝင်စိတ်ဓာတ်အသစ်တဖန်မီးထိုးပေးလိုက်တယ်။ **"အမန်းဒလား"** လို့ ကျနော်က တိုင်လိုက်တယ်။ **"ငါ့ဝေသူး"** လို့ သူတို့က တုံ့ပြန်ကြွေးကြော်တယ်။ **"အိုင်းအာဖရိကား"** လို့ ကျနော်အော်လိုက်တယ်။ **"မာယီဘူယီ"** လို့ သူတို့က ဖြေကြတယ်။* နောက်ဆုံးမှာ လူအုပ်ကြီးငြိမ်စပြုလာတဲ့အခါ ကျနော်ဟာ မိန့်ခွန်းစာရွက်ထုတ်ပြီး ကျနော့်မျက်မှန်ယူဖို့ အင်္ကျီအိတ်ကပ်ထဲနှိုက်လိုက်တယ်။ အထဲမှာ မျက်မှန်မရှိ။ ဗစ်တာဗာစတာမှာ မေ့ကျန်ခဲ့ပြီဖြစ်ပါတယ်။ ဝင်နီ့မျက်မှန်တွေဟာ ကျနော်နဲ့ ပါဝါတူမှန်းသိတဲ့အတွက် သူမဆီက မျက်မှန်ခဏငှားလိုက်တယ်။

*မိတ်ဆွေတို့၊ ရဲဘော်တို့၊ တောင်အာဖရိကသားချင်းတို့။ ခင်ဗျားတို့အားလုံးကို ငြိမ်းချမ်းရေး၊*

---

***ဗမာပြည် ကိုလိုနီခေတ်တုန်းက *သခင်မျိုးဟေ့ ဒို့ဗမာ* ကြွေးကြော်သံသဘောမျိုးဖြစ်ပါတယ်။ "အာဏာ" "ငါတို့ပိုင်ရမယ်" "အာဖရိကခေတ်" "ပြန်ရောက်ရမယ်" လို့ အဓိပ္ပါယ်ရတယ်။**

*ဒီမိုကရေစီရေးနဲ့ လွတ်လပ်ရေးတို့ရဲ့နာမတော်အောက်ကနေ ကျနော်နှုတ်ခွန်းဆက်လိုက်ပါတယ်။ ကျနော် ဒီနေရာရောက်လာတာဟာ ကယ်တင်ရှင်တမန်တော်အနေနဲ့ လာတာမဟုတ်ပါဘူး။ ခင်ဗျားတို့ပြည်သူတွေရဲ့ ရိုကျိုးတဲ့အစေအပါးအဖြစ်လာတာဖြစ်တယ်။ ခင်ဗျားတို့ရဲ့ မလျှော့တမ်းစွန့်လွှတ်မှုတွေနဲ့ သူရဲကောင်းပီသတဲ့အနစ်နာခံမှုတွေက ကျနော့်ကို ဒီကနေ့ ဒီနေရာကို ရောက်လာစေနိုင်ခဲ့တာဖြစ်တယ်။ ဒါ့ကြောင့်မို့ ကျနော့်ဘဝတသက်တာရဲ့ ကြွင်းကျန်သေးတဲ့ နှစ်ကာလတွေကို ခင်ဗျားတို့လက်ထဲအပ်ပါတယ်။*

ရင်ထဲအသည်းထဲကနေ စကားပြောခဲ့တယ်။ ကျနော်ဟာ တန်ခိုးရှင်တမန်တော် မဟုတ်တဲ့အကြောင်း၊ ထူးခြားတဲ့အခြေအနေတွေအရ ခေါင်းဆောင်ဖြစ်လာတဲ့ သာမန်လူတယောက်မျှသာဖြစ်တဲ့အကြောင်း ပြည်သူလူထုကို အရင်ဆုံးပြောပြတယ်။ ကျနော့် လွတ်မြောက်ရေးအတွက်လှုပ်ရှားခဲ့ကြတဲ့ တကမ္ဘာလုံးကပြည်သူတွေကို ကျေးဇူးတင်ကြောင်း အရေးထားပြောတယ်။ ကိပ်တောင်းမြို့ကပြည်သူတွေကို ကျေးဇူးတင်ကြောင်းပြောခဲ့တယ်။ အော်လီဗာတမ်ဘိုနဲ့ အာဖရိကအမျိုးသားကွန်ဂရက်၊ **နိုင်ငံ့လုံခြုံရေးတပ်ဖွဲ့၊**** တောင်အာဖရိက ကွန်မြူနစ်ပါတီ၊ ယူဒီအက်ဖ်၊ တောင်အာဖရိကလူငယ်ကွန်ဂရက်၊ ကိုဆာတူ၊ ဒီမိုကရေစီ လူထုလှုပ်ရှားမှုအဖွဲ့၊ တောင်အာဖရိကနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂနဲ့ ကြာမြင့်စွာကတည်းက ယုံကြည်ချက်ရဲ့အသံဖြစ်ခဲ့တဲ့ သင်တိုင်းနက် (ခေါ်) အမျိုးသမီးအဖွဲ့တို့ကို အလေးပြုခဲ့တယ်။ ဒါ့အပြင် ကျနော့်ဇနီးနဲ့ မိသားစုကိုလည်း ကျေးဇူးတင်ကြောင်း လူသိရှင်ကြားထုတ်ပြောခဲ့တယ်။ **"သူတို့ရဲ့ ဝေဒနာနဲ့ဒုက္ခဟာ ကျနော့်ထက် အများကြီးပိုကြီးမယ်ဆိုတာ ကျနော် ယုံကြည်တယ်"** လို့ ပြောလိုက်တယ်။

အသားအရောင်ခွဲခြားရေးစနစ်ဟာ တောင်အာဖရိကမှာ အနာဂတ်မရှိတော့ဘူးဆိုတဲ့ အကြောင်းနဲ့ ပြည်သူတွေဟာ လူထုလှုပ်ရှားမှုအရှိန်ကို လျှော့ချလို့မရကြောင်း လူထုကြီးကို ကျနော် ရှင်းရှင်းပြတ်ပြတ်ပြောလိုက်တယ်။ **"မိုးကုပ်စက်ဝိုင်းမှာ ဝိုးတဝါးပြူထွက်နေတဲ့ လွတ်လပ်မှုမြင်ကွင်းဟာ ကျနော်တို့ကြိုးပမ်းချက်တွေကို နှစ်ဆတိုးဖို့တွန်းအား ဖြစ်သင့်တယ်။"** ကျနော်နဲ့ အစိုးရ စကားပြောတာတွေ အများပြည်သူကိုရှင်းပြဖို့ အရေးကြီးတယ်လို့ ကျနော်ယူဆမိတယ်။ **"ဒီကနေ့ ခင်ဗျားတို့ကို ကျနော်အစီရင်ခံချင်တာကတော့ အစိုးရနဲ့ ကျနော် စကားပြောတာတွေဟာ တိုင်းပြည်ရဲ့နိုင်ငံရေးအခြေအနေကို ပုံမှန်ပြန်ရောက်အောင် ရည်ရွယ်တာဖြစ်တယ်ဆိုတဲ့ အကြောင်းပါပဲ။ ကျနော်ဟာ အေအင်စီနဲ့အစိုးရ တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရေး တောင်းဆိုတာကလွဲလို့ ကျနော်တို့တိုင်းပြည်ရဲ့ အနာဂတ်နဲ့ပတ်သက်ပြီး ဘယ်လိုစေ့စပ်ဆွေးနွေးမှုမှ ကျနော့်အနေနဲ့ မလုပ်ခဲ့ဘူးဆိုတာ အထူးအလေးပေးပြောချင်ပါတယ်"** လို့ပြောခဲ့တယ်။

စေ့စပ်ဆွေးနွေးပြီး သဘောတူချက်ချမှတ်ဖို့ဖြစ်နိုင်စေမယ့်ရာသီဥတုကို မကြာမီရနိုင်လိမ့်မယ်။ လက်နက်ကိုင်တိုက်ပွဲလိုအပ်မှု အဆုံးသတ်သွားလိမ့်မယ်လို့ ကျနော်မျှော်လင့်ကြောင်း ပြောလိုက်တယ်။ အဲသလို ရာသီဥတုမျိုးဖြစ်မြောက်ဖို့ ခြေလှမ်းတွေကို အေအင်စီရဲ့ ၁၉၈၉ ခု

---

** အေအင်စီရဲ့လက်နက်ကိုင်တပ် အမ်ကေ

ဟာရာရေ ကြေညာချက်မှာ တချက်ချင်းဖော်ပြထားတယ်လို့ ကျနော်ပြောခဲ့တယ်။ စစ်မှန်တဲ့ စေ့စပ်ဆွေးနွေးပွဲတွေအတွက် အခြေအနေဖြစ်ဖို့ အစိုးရဟာ အရေးပေါ်အခြေအနေကို ချက်ချင်းအဆုံးသတ်ပြီး နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရမယ်လို့ ကျနော်ပြောလိုက်တယ်။

အခြေအနေပုံမှန်ပြန်ဖြစ်အောင်လုပ်ရာမှာ ဒီကလပ်ဟာ ဘယ်တခြားအမျိုးသားပါတီ ခေါင်းဆောင်ထက်မဆို ပိုပြီးခရီးပေါက်ခဲ့တယ်လို့ ကျနော်က ပြည်သူတွေကိုပြောခဲ့တယ်။ ဒီနောက် ကျနော်က မစ္စတာဒီကလပ်ကို **'ရိုးသားဖြောင့်မတ်သူတယောက်'** လို့ ခေါ်ဝေါ်လိုက်တယ်။ ဒီစကားလုံးတွေဟာ နောက်ပိုင်းမှာ ကျနော့်ကိုပြန်ချောက်လှန့်ခဲ့တော့တယ်။ မစ္စတာ ဒီကလပ်ဟာ ကျနော်ခေါ်ဝေါ်သတ်မှတ်လိုက်သလိုဖြစ်ပုံမရတဲ့ အခါပေါင်းများစွာမှာ ဒီစကားလုံးတွေနဲ့ ကျနော့်ကို ပြန်ပစ်ပေါက်ကြတယ်။

ကျနော်ဟာ ဦးကျိုးမသွားဘူး၊ ခေါင်းညွှတ်မသွားဘူးဆိုတာနဲ့ ကျနော့်အတွက် တိုက်ပွဲပြီးဆုံးသွားတာမဟုတ်ဘဲ အရင်နဲ့မတူတဲ့သဏ္ဌာန်နဲ့ အသစ်စတာဖြစ်တယ်ဆိုတာ ကျနော့်ပြည်သူတွေနဲ့ အစိုးရကိုပြသဖို့ ကျနော့်အတွက်အရေးကြီးတယ်။ ကျနော်ဟာ **"အာဖရိကအမျိုးသားကွန်ဂရက်ရဲ့ သစ္စာရှိတဲ့၊ စည်းကမ်းလိုက်နာတဲ့ အဖွဲ့ဝင်တယောက်"** ဖြစ်တယ်လို့ ကျနော်အာမခံခဲ့တယ်။ ကျနော်က ပြည်သူတွေကို လမ်းပိတ်ခံကတုတ်တွေထဲ ပြန်ဝင်ကြဖို့၊ တိုက်ပွဲကိုအရှိန်မြှင့်ဖို့ လှုံ့ဆော်လိုက်ပြီး ကျနော်တို့အားလုံးလက်တွဲကာ နောက်ဆုံးကျန်တဲ့ခရီးတာကို လျှောက်ကြမယ်လို့ ပြောလိုက်တယ်။

ကျနော့် မိန့်ခွန်းပြီးချိန်မှာ မိုးချုပ်သွားပြီဖြစ်တယ်။ ကျနော်တို့ဟာ ဘိရှော့ဝင်းကိုသွားဖို့ ကားတွေပေါ် ခပ်သုတ်သုတ်တွန်းပို့ခံရတယ်။ ဘိရှော့ဝင်းရဲ့ သန့်ရှင်းသစ်လွင်တဲ့ရပ်ဝန်းထဲ ကျနော်တို့ဝင်လာတဲ့အခါ ကျနော့်ကို ကြိုဆိုနှုတ်ဆက်ဖို့စောင့်နေကြတဲ့ လူမည်းရာပေါင်းများစွာရဲ့ မျက်နှာတွေကို တွေ့ရတယ်။ ကျနော်တို့ကိုတွေ့လိုက်တော့ သူတို့ဟာ သီချင်းတွေ အော်ဆိုကြတယ်။ ကျနော်က ဂိုဏ်းချုပ်ဘုန်းတော်ကြီးတူးတူးကို အားရပါးရဖက်ယမ်းပြီး နှုတ်ဆက်ခဲ့တယ်။ ဒီလူဟာ အမှောင်တကာ့အမှောင်မိုက်ဆုံးနှစ်ကာလတွေမှာ တနိုင်ငံလုံးကို သူရဲ့စကားတွေ၊ သူရဲ့သတ္တိတွေနဲ့ အားပေးခဲ့တယ်။ ပြည်သူတွေရဲ့ မျှော်လင့်ချက်ကို ပြန်လည်နိုးထစေခဲ့တယ်။ ကျနော်တို့ကို အိမ်ထဲခေါ်သွားတော့ အထဲမှာနောက်ထပ်မိသားစုဝင်တွေနဲ့ မိတ်ဆွေသူငယ်ချင်းတွေ စောင့်နေကြတယ်။ ဒါပေမဲ့ ကျနော့်အတွက် စိတ်အကျေနပ်အပျော်ရွှင်ဆုံးအချိန်ကတော့ [ဆွီဒင်နိုင်ငံ] စတော့ဟုမ်းမြို့က တယ်လီဖုန်းခေါ်တယ်လို့ ကျနော့်ကို လာပြောတဲ့အခါဖြစ်တယ်။ ဘယ်သူဖုန်းဆက်တယ်ဆိုတာ ကျနော်ချက်ချင်းသိလိုက်တယ်။ အော်လီဗာတမ်ဘိုရဲ့အသံဟာ တိုးညှင်းပေမဲ့ မှားစရာမရှိပါ။ ဒီလောက် နှစ်ကာလတွေကြာပြီးမှ သူ့အသံပြန်ကြားရတာ ကျနော့်ကို အင်မတန်မှ ဝမ်းသာပျော်ရွှင်စေပါတယ်။ အော်လီဗာဟာ ၁၉၈၉ ခု၊ ဩဂုတ်လတုန်းကဖြစ်ခဲ့တဲ့ လေဖြတ်ဝေဒနာကြောင့် ချိနဲ့သွားရာကနေ ဆွီဒင်နိုင်ငံမှာ

နာလန်ပြန်ထ အနားယူနေတာဖြစ်တယ်။ ကျနော်တို့နှစ်ယောက်ဟာ မြန်နိုင်သမျှအမြန်ဆုံး တွေ့ကြဖို့ သဘောတူလိုက်တယ်။

ကျနော် ထောင်ကထွက်လာတဲ့အခါ စိတ်ကူးယဉ်ထားမိတာက ထရန်စကေးနယ်ကို အေးအေးဆေးဆေး ကားမောင်းသွားပြီး ကိုယ့်ရဲ့ဇာတိချက်မြှုပ်နေရာ သွားလည်ဖို့၊ ကျနော် ကလေးဘဝက ကစားခဲ့တဲ့တောင်ကုန်းတွေနဲ့ စမ်းချောင်းတွေ၊ ကျနော် တခါမှမရောက်သေးတဲ့ အမေ့သင်္ချိုင်းမြေတို့ဆီ သွားလည်ဖို့ဖြစ်တယ်။ ဒါပေမဲ့ ကျနော့်စိတ်ကူးယဉ်အိပ်မက်ကို ရွှေ့ဆိုင်းထားလိုက်ရတယ်။ အကြောင်းကတော့ ကျနော့်အတွက် အေအအင်စီက အစီအစဉ်တွေ အများကြီးလုပ်ထားတဲ့အကြောင်း အင်မတန် မြန်မြန်ဆန်ဆန်နဲ့ ကျနော်သိလာပြီး ဒီအစီအစဉ် တွေထဲမှာ ထရန်စကေးနယ်ကို စိတ်အေးလက်အေးခရီးထွက်ဖို့ လုံးဝမပါလို့ ဖြစ်ပါတယ်။

## ၁၀၁

ကျနော်လွတ်ပြီး နောက်နေ့နေ့ခင်းမှာ သတင်းစာရှင်းလင်းပွဲလုပ်ဖို့ စီစဉ်ထားတယ်။ မနက်ပိုင်းမှာ ကျနော့် လုပ်ဖော်ကိုင်ဖက်တချို့နဲ့တွေ့ဆုံပြီး အစီအစဉ်ဆွဲရေးနဲ့ ဗျူဟာချရေးတွေ ဆွေးနွေးကြတယ်။ ချီးကျူးဂုဏ်ပြုကြောင်း ကြေးနန်းတွေနဲ့ သဝဏ်လွှာတွေလည်း တောင်ပူစာ တလုံးစာလောက်ရောက်လာပြီး ကျနော်ဟာ အဲဒါတွေကို တတ်နိုင်သမျှများများဖတ်ရှုခဲ့တယ်။ ဒီသဝဏ်လွှာတွေဟာ တကမ္ဘာလုံးကလာတာဖြစ်ပြီး သမတတွေ၊ ဝန်ကြီးချုပ်တွေဆီကဖြစ် တယ်။ ဒါပေမဲ့ ကျနော့်စိတ်ထဲ အထူးတလည် အမှတ်ထင်ထင်ဖြစ်စေခဲ့တဲ့ သဝဏ်လွှာကတော့ ကိပ်တောင်းမြို့ရဲ့ လူဖြူအိမ်ရှင်မတယောက်ဆီကဖြစ်ပြီး ကျနော့်ကို အင်မတန်မှရွှင်မြူးစေခဲ့ တယ်။ အဲဒီစာထဲမှာ **“ရှင်လွတ်လာတဲ့အတွက်၊ ရှင့်မိတ်ဆွေတွေ၊ မိသားစုတွေနဲ့ပြန်ဆုံစည်း ရတဲ့အတွက် ကျမဝမ်းသာပါတယ်။ ဒါပေမဲ့ မနေ့က ရှင့်မိန့်ခွန်းကတော့ အင်မတန်ပျင်းစရာ ကောင်းတယ်”** လို့ရေးထားတယ်။

ကျနော်ထောင်မကျခင်တုန်းက အဲဒီနေ့လုပ်တဲ့ သတင်းစာရှင်းလင်းပွဲမျိုး တခါမှမလုပ်ဖူး ခဲ့ပါ။ အရင်ကာလတွေတုန်းက ရုပ်မြင်သံကြားကင်မရာတွေမပေါ်သေးဘဲ အေအအင်စီသတင်းစာ ရှင်းလင်းပွဲအများစုဟာ လျှို့ဝှက်လုပ်ခဲ့ရတယ်။ အဲဒီနေ့ခင်းမှာတော့ တိုင်းပြည်ပေါင်းစုံက သတင်းစာဆရာတွေ အများကြီးရှိနေပြီး ကျနော် ဘယ်သူ့ကိုစကားပြောရမယ် မသိတော့ပါ။ ဒီလူစုထဲမှာ လူမည်းသတင်းစာဆရာတွေ ရာခိုင်နှုန်းများများတွေ့ရလို့ ကျနော်ကျေနပ်မိတယ်။ သတင်းစာရှင်းလင်းပွဲမှာ ခေါင်းစဉ်းတချို့ကို ခိုင်မာအောင်ထပ်ပြောဖို့ ကျနော် စိတ်အားထက် သန်ခဲ့ပြန်တယ်။ အဲဒီထဲမှာ ပထမတချက်က ကျနော်ဟာ အေအအင်စီရဲ့ သစ္စာရှိတဲ့၊ စည်းကမ်း စောင့်ထိန်းတဲ့ အဖွဲ့ဝင်တယောက်ဖြစ်တယ်ဆိုတာပါပဲ။ အေအအင်စီလူကြီးပိုင်း အများစုဟာ ကျနော်လွတ်လာတာကို ပြည်ပကနေစောင့်ကြည့်နေကြပြီး ကျနော့်ရဲ့သစ္စာစောင့်သိမှုကို အဝေးကနေ အကဲဖြတ်နေကြမယ်ဆိုတာ ကျနော်သိနေတယ်။ ကျနော်ဟာ အဖွဲ့အစည်းထဲ ကနေ ယိုင်ထွက်နေပြီ၊ ကျနော်ပျော့သွားပြီဆိုတဲ့ ကောလဟာလတွေ သူတို့ကြားကြတာကို

ကျနော်သိတယ်။ ဒါ့ကြောင့် အခွင့်ရတိုင်း ကျနော်ဟာ သူတို့စိတ်အေးအောင် ကြိုးပမ်းခဲ့တယ်။ ကျနော့်ကို အဖွဲ့အစည်းထဲ ဘာအခန်းကဏ္ဍကပါမလဲလို့မေးတဲ့အခါ ကျနော်က အေအင်စီ ညွှန်ကြားတဲ့ ဘာအခန်းကဏ္ဍကပဲဖြစ်ဖြစ် ပါဝင်မယ်လို့ စာနယ်ဇင်းတွေကို အဖြေပေးလိုက်တယ်။

ကျနော်က လက်နက်ကိုင်တိုက်ပွဲကို ဆက်လက်ထောက်ခံအားပေးတာနဲ့ ဆွေးနွေးပွဲတွေလုပ်ဖို့ရပ်ခံတာကြားမှာ ဘာပဋိပက္ခမှမရှိဘူးလို့ သတင်းထောက်တွေကို ပြောလိုက်တယ်။ လက်နက်ကိုင်တိုက်ပွဲရဲ့ အရှိတရားနဲ့ခြိမ်းခြောက်မှုကြောင့် အစိုးရဟာ ဆွေးနွေးရေးနှုတ်ခမ်းကို ရောက်လာတာဖြစ်တယ်။ နိုင်ငံတော်အစိုးရက အေအင်စီအပေါ် အကြမ်းဖက်မှုရပ်ဆိုင်းတဲ့အခါကျရင် အေအင်စီကလည်း ငြိမ်းချမ်းရေးနဲ့တုံ့ပြန်လိမ့်မယ်လို့ ဖြည့်စွက်ပြောလိုက်တယ်။ စီးပွားရေးဒဏ်ခတ်မှုတွေနဲ့ပတ်သက်ပြီးမေးတဲ့အခါ ကျနော်က အေအင်စီဟာ ဒဏ်ခတ်မှုတွေလျှော့ပေးဖို့ မတောင်းဆိုနိုင်သေးဘူး၊ ဘာကြောင့်လဲဆိုတော့ ဒဏ်ခတ်အရေးယူမှုတွေ ပထမဆုံးစဖြစ်စေခဲ့တဲ့၊ လူမည်းတွေအတွက် နိုင်ငံရေးအခွင့်အရေးတွေကင်းမဲ့နေမှုဟာ ဆက်ရှိနေလို့ဖြစ်တယ်လို့ဖြေလိုက်တယ်။ ကျနော် ထောင်ကထွက်ခဲ့ပြီဖြစ်ပေမဲ့ မလွတ်လပ်သေးဘူးလို့ ကျနော်ပြောလိုက်တယ်။

လူဖြူတွေရဲ့ စိုးရိမ်ကြောင့်ကြမှုတွေနဲ့ ပတ်သက်ပြီးတော့လည်း ကျနော့်ကိုမေးကြတယ်။ လူတွေကကျနော့်ကို လူဖြူတွေအပေါ်နာကျည်းဒေါသစိတ်မွေးထားဖို့ မျှော်လင့်ထားတာ ကျနော်သိတယ်။ ဒါပေမဲ့ ကျနော့်မှာ နာကျည်းဒေါသစိတ်မရှိပါ။ ထောင်ထဲရောက်နေချိန်မှာ လူဖြူတွေအပေါ် နာကျည်းမုန်းတီးစိတ် လျော့ပါးသွားခဲ့ပြီး စနစ်ကြီးအပေါ်မှာတော့ မုန်းတီးစိတ်တွေကြီးထွားလာခဲ့တယ်။ ကျနော်တို့ကို အချင်းချင်းရန်တိုက်ပေးတဲ့စနစ်ကြီးကို မုန်းတီးနေပေမဲ့ ကျနော်ဟာ ကိုယ့်ရန်သူတွေကိုတောင် မေတ္တာထားတယ်ဆိုတာ တောင်အာဖရိက နိုင်ငံသားတွေ မြင်စေချင်တယ်။

ဘာစနစ်သစ်ပဲလုပ်လုပ် လူဖြူတွေရဲ့အခန်းကဏ္ဍ အရေးပါပုံကို ကျနော် သတင်းထောက်တွေစိတ်ထဲ စွဲမှတ်သွားအောင်လုပ်ချင်တယ်။ ကျနော်ဟာ ဒီအချက်ကို တခါမှ မျက်ခြေမပြတ်ခဲ့ပါဘူး။ ကျနော်တို့ဟာ တိုင်းပြည်ကို မလွတ်မြောက်စေခင်မှာ ဖျက်ဆီးမပစ်ချင်ပါဘူး။ လူဖြူတွေကိုမောင်းထုတ်လိုက်ရင် နိုင်ငံလုံးလုံးပျက်သွားလိမ့်မယ်။ လူဖြူတွေရဲ့ စိုးရိမ်ကြောက်လန့်မှုတွေနဲ့ လူမည်းတွေရဲ့ မျှော်လင့်ချက်တွေကြားမှာ မဇ္ဈိမပဋိပဒါလမ်းကြောင်းရှိတယ်။ ဒါကို ကျနော်တို့ အေအင်စီက ရှာဖွေနိုင်လိမ့်မယ်လို့ ကျနော်ပြောခဲ့တယ်။ **“လူဖြူတွေဟာ တောင်အာဖရိက သားချင်းတွေဖြစ်တယ်။ ကျနော်တို့ဟာ သူတို့ကိုလုံခြုံစိတ်ချစေချင်တယ်။ ဒီတိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သူတို့အကျိုးပြုခဲ့တာကို ကျနော်တို့အသိအမှတ်ပြုဝမ်းမြောက်ကြောင်း သူတို့ သိစေချင်တယ်”** လို့ ကျနော်ပြောခဲ့တယ်။ အသားအရောင်ခွဲခြားရေးစနစ်ကိုစွန့်လွှတ်တဲ့ ဘယ်အမျိုးသား၊ အမျိုးသမီးမဆို ကျနော်တို့ရဲ့ လူမျိုးမခွဲတဲ့ ဒီမိုကရေစီတောင်အာဖရိကနိုင်ငံပေါ်ထွန်းရေးတိုက်ပွဲက လက်ကမ်းကြိုဆိုတယ်။ လူမျိုးမခွဲတဲ့တောင်အာဖရိကနိုင်ငံသစ်ဟာ လူတိုင်းအတွက် ပိုကောင်းတဲ့နေရာဖြစ်မယ်ဆိုတာ ကျနော်တို့ရဲ့ လူဖြူသားချင်းတွေ လက်ခံ

အောင် အစွမ်းကုန်ဖျောင်းဖျနားချရမှာဖြစ်တယ်။

ကျနော်ရဲ့ ဒီပထမဆုံးသတင်းစာရှင်းလင်းပွဲကစပြီး ကျနော်သတိထားမိတာကတော့ သတင်းစာဆရာတွေဟာ ကျနော့်နိုင်ငံရေးအတွေးအမြင်တွေကို သာမဟုတ်ဘဲ ကျနော့်ရဲ့ပုဂ္ဂလိက ခံစားမှုတွေနဲ့ ဆက်ဆံမှုတွေအကြောင်းလည်း သိချင်စိတ်ပြင်းပြကြတယ်ဆိုတာကိုပါပဲ။ ဒါဟာ ကျနော့်အတွက် အသစ်အဆန်းဖြစ်နေပါတယ်။ ကျနော်ထောင်ထဲစဝင်ချိန်တုန်းကဆိုရင် သတင်းစာဆရာတယောက်ဟာ ပုဂ္ဂိုလ်တဦးတယောက်ရဲ့ ဇနီးနဲ့မိသားစုအကြောင်း၊ စိတ်ခံစားမှုတွေအကြောင်း၊ ကိုယ်ရေးကိုယ်တာအဆန်းဆုံး အခါသမယတွေအကြောင်းမေးဖို့ တခါမှ စဉ်းစားမိမှာ မဟုတ်ပါ။ စာနယ်ဇင်းတွေက ဒီကိစ္စတွေစိတ်ဝင်စားတာကိုနားလည်ပေးနိုင်ပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ရဲ့ စူးစမ်းချင်စိတ်ကို ကျေနပ်အောင်ဖြည့်ဆည်းပေးဖို့ ကျနော့်မှာ ခက်နေတယ်။ ကျနော်ဟာ ကိုယ့်ခံစားမှုတွေကို လူအများရှေ့မှောက် ထုတ်ပြောလွယ်သူမဟုတ်၊ တခါမှလည်း ဒီလိုမလုပ်ခဲ့ဖူး။ ကျနော်လွတ်မြောက်လာတဲ့အတွက် ဘယ်လိုခံစားရသလဲလို့ ကျနော့်ကို သတင်းထောက်တွေက မကြာခဏမေးကြတယ်။ ကျနော်ကလည်း သရုပ်ဖော်လို့မရနိုင်တာကို သရုပ်ဖော်ပြဖို့ အစွမ်းကုန်ကြိုးစားပေးပါတယ်။ ဒါပေမဲ့ အများအားဖြင့် မအောင်မြင်ပါဘူး။

သတင်းစာရှင်းလင်းပွဲပြီးတဲ့အခါ ဂိုဏ်းချုပ်ဘုန်းတော်ကြီးတူးတူးရဲ့ဇနီးက ဂျိုဟန်နစ္စဘာ့ဂ်မြို့ကနေ လှမ်းဖုန်းဆက်ပြီး ကျနော်တို့ အဲဒီကိုချက်ချင်း လေယာဉ်နဲ့လာဖို့ပြောတယ်။ ကျနော်နဲ့ဝင်နီဟာ ကိပ်တောင်းမြို့မှာ ရက်အနည်းငယ်လောက်အနားယူနေထိုင်ဖို့ မျှော်လင့်ခဲ့ပေမဲ့ ရတဲ့သတင်းအရ ဂျိုဟန်နစ္စဘာ့ဂ်မြို့က ပြည်သူတွေဟာ နေမထိထိုင်မသာဖြစ်နေပြီး အကယ်၍ ကျနော်ချက်ချင်းပြန်မလာရင် ဝရုန်းသုန်းကားဖြစ်ကုန်နိုင်တယ်လို့ဆိုတယ်။ ကျနော်တို့ဟာ အဲဒီညနေမှာ ဂျိုဟန်နစ္စဘာ့ဂ်ကို လေယာဉ်နဲ့သွားလိုက်တယ်။ ဒါပေမဲ့ အမှတ် (၈၁၁၅) အော်လင်းဒို အနောက်ရပ်ကွက်က အသစ်ပြန်ဆောက်ထားတဲ့ ကျနော်တို့နေအိမ်ဟောင်းမှာတော့ ထောင်နဲ့ချီတဲ့ပြည်သူတွေအုံခဲနေတာကြောင့် ကျနော်တို့ အဲဒီသွားဖို့မသင့်ဘူးလို့ အကြောင်းကြားလာတဲ့အတွက် ကျနော်ဟာ စိတ်မပါတပါနဲ့ လက်ခံလိုက်ရတယ်။ ကျနော် လွတ်မြောက်ပြီးဒုတိယညကို ကိုယ့်အိမ်အမိုးအောက်မှာပဲ ကုန်ဆုံးရဖို့ တမ်းတမိပေမဲ့ အဲဒီအစား ကျနော်နဲ့ဝင်နီဟာ မြို့မြောက်ဘက် ဆင်ခြေဖုံးရပ်ကွက်မှာရှိတဲ့ အေအင်စီထောက်ခံသူ တယောက် အိမ်မှာပဲ တည်းလိုက်ရတယ်။

နောက်နေ့မနက်မှာ ကျနော်တို့ဟာ **ဆိုဝီတိုမြို့***က ပထမအမျိုးသားဘဏ် အားကစားကွင်းကို ရဟတ်ယာဉ်နဲ့ပျံသွားလိုက်တယ်။ ကျနော်တို့ဟာ ဆိုဝီတိုမြို့ကို ဝေဟင်မှ လေ့လာကြည့်ရှုနိုင်ခဲ့တယ်။ ဆိုဝီတိုဟာ မီးခြစ်ဗူးခွံပုံစံ ကချော်ကချွတ်အိမ်လေးတွေ၊ သွပ်ပြားအတိုအစတွေနဲ့ ဆောက်ထားတဲ့အိမ်စုတ်ကလေးတွေ ပြည့်ကျပ်နေတဲ့၊ မြေသားလမ်းတွေရှိတဲ့ မြို့သစ်ကြီး ဖြစ်ပြီး တောင်အာဖရိကလူမည်းမြို့ပြရဲ့ မိခင်မြို့တော်ဖြစ်တယ်။ ကျနော်ထောင်မကျခင်က

*လူမည်းမြို့သစ်

လူသားတယောက်အနေနဲ့ သိခဲ့ဖူးသမျှမှာ တခုတည်းသောနေရပ်ဌာနီ ဖြစ်တယ်။ ဆိုဝီတိုမြို့ဟာ ပိုကြီးမားကျယ်ဝန်းလာပြီး တချို့နေရာတွေမှာ ချမ်းသာကြွယ်ဝလာတာရှိပေမဲ့ ပြည်သူအများ တကာ့အများစုကြီးဟာ ဆိုးဆိုးဝါးဝါးဆင်းရဲမွဲတေနေဆဲ ဖြစ်တယ်။ လျှပ်စစ်မီးမရှိ၊ ပိုက်သွယ် ရေမရဘဲ အင်မတန်ချမ်းသာတဲ့ တောင်အာဖရိကလိုနိုင်ငံမျိုးမှာ ချို့ချို့တဲ့တဲ့နဲ့ ဘဝရပ်တည် နေရတာ ရှက်စရာကောင်းလှပါတယ်။ နေရာအတော်များများမှာဆိုရင် ဆင်းရဲမွဲတေမှုဟာ ကျနော်ထောင်မကျခင်ကထက် အများကြီးပိုဆိုးနေတယ်။

ကျနော်တို့ဟာ လူ (၁၂၀,၀၀၀) နဲ့ ပြည့်လျှံနေတဲ့ အားကစားကွင်းပေါ်ဝဲပြီးနောက် ကွင်းအလယ်မှာ ဆင်းသက်လိုက်တယ်။ လူတွေဟာ ရသမျှနေရာတိုင်းမှာ ထိုင်နေ (သို့မဟုတ်) မတ်တပ်ရပ်နေကြပြီး အားကစားကွင်းကြီးဟာ တအားပြည့်ကျပ်လွန်းတာကြောင့် ကွဲထွက် တော့မလား အောက်မေ့ရတယ်။ ကျနော်ဟာ သူတို့တွေကြားထဲပြန်ရောက်လာလို့ ဝမ်းမြောက်ကြောင်းဖော်ထုတ်ပြောပြီးနောက် လူမည်းမြို့ပြဘဝရဲ့ ထိခိုက်ပျက်စီးစေတဲ့ပြဿနာ ဆိုးတချို့နဲ့ပတ်သက်ပြီး ပြည်သူတွေကို အပြစ်ဆိုခဲ့တယ်။ ကျနော်က ကျောင်းသားတွေ ကျောင်း ပြန်တက်ရမယ်လို့ပြောခဲ့တယ်။ ရာဇဝတ်မှုတွေ ထိမ်းချုပ်ရမယ်၊ ရာဇဝတ်ကောင်တွေက လွတ်လပ်ရေးတိုက်ပွဲဝင်သူတွေအဖြစ် အယောင်ဆောင်ပြီး အပြစ်မဲ့ပြည်သူတွေကို အနှောင့် အယှက်ပေး၊ ကားတွေမီးရှို့ လုပ်နေကြတာ ကျနော်ကြားသိရကြောင်း ပြည်သူတွေကိုပြောခဲ့ တယ်။ ဒီလူဆိုးလူသွမ်းတွေအတွက် တိုက်ပွဲထဲမှာနေရာမရှိ၊ ယဉ်ကျေးမှုမရှိတဲ့လွတ်လပ်မှု၊ ငြိမ်းငြိမ်းချမ်းချမ်းမနေနိုင်တဲ့ လွတ်လပ်မှုဆိုတာ စစ်မှန်တဲ့လွတ်လပ်မှု လုံးဝမဟုတ်ပါဘူး။

*ဒီကနေ့ ကျနော် ဆိုဝီတိုပြန်လာတာ ကျနော့်နှလုံးသားကို ပျော်ရွှင်မှုတွေပြည့်လျှမ်းစေပါ တယ်။ တချိန်တည်းမှာပဲ အင်မတန်မှစိတ်မကောင်းခြင်းကြီးစွာနဲ့ ပြန်လာတာလည်းဖြစ်တယ်။ စိတ်မကောင်းတာက ခင်ဗျားတို့ဟာ လူမဆန်တဲ့စနစ်ကြီးအောက်မှာ ဒုက္ခခံနေရဆဲဖြစ်တယ်ဆို တာကို သိရလို့ဖြစ်တယ်။ အိုးအိမ်မလုံလောက်မှု၊ စာသင်ကျောင်းတွေရဲ့ အကြပ်အတည်း၊ အလုပ် လက်မဲ့ပြဿနာနဲ့ ရာဇဝတ်မှုနှုန်းထားမြင့်တာတွေဟာ ရှိနေဆဲပဲ။ ကျနော်ဟာ ဆိုဝီတိုအသိုင်းအဝန်း ရဲ့ အစိတ်အပိုင်းဖြစ်ရတာ ဂုဏ်ယူမိသလို သတင်းစာတွေထဲဖတ်ရတဲ့ ရာဇဝတ်မှုစာရင်းဇယားတွေ ကြောင့် အလွန်တရာမှ စိတ်မချမ်းမသာလည်းဖြစ်ရတယ်။ ကျနော်တို့ပြည်သူတွေခံစားနေရတဲ့ ဆင်းရဲ ချို့တဲ့မှုတွေကို ကျနော်နားလည်ပေမဲ့ မြို့သစ်ထဲက ရာဇဝတ်မှုအဆင့်အတန်းဟာ ဆိုးဝါးလွန်းလှတယ်။ ဒါဟာ အရေးတကြီးဖယ်ရှားပစ်ရမယ့် ကိစ္စဖြစ်တယ်ဆိုတာ ကျနော် ရှင်းရှင်းလင်းလင်းပြောမှဖြစ်မယ်။*

စိတ်ကောင်းစေတနာကောင်းရှိတဲ့ တောင်အာဖရိကပြည်သားအားလုံးကို လက်ကမ်း ကြိုဆိုတဲ့အကြောင်းပြောရင်းနဲ့ ကျနော့်မိန့်ခွန်းကိုနိဂုံးချုပ်လိုက်တယ်။ **"မဲစာရင်းတခုတည်း ပေါ်မှာ လူတကိုယ်မဲတမဲစနစ်အခြေခံတဲ့၊ လူမျိုးမခွဲခြားတဲ့၊ စည်းလုံးညီညွတ်တဲ့ ဒီမိုကရေစီ တောင်အာဖရိကနိုင်ငံဖြစ်ပေါ်ရေးအတွက် အသားအရောင်ခွဲခြားရေးစနစ်ကို စွန့်လွှတ်တဲ့ ဘယ် အမျိုးသား၊ အမျိုးသမီးမဆို ကျနော်တို့လှုပ်ရှားမှုထဲကနေ ဖယ်ထားမှာမဟုတ်ဘူး"** လို့ ပြောလိုက်

တယ်။ အဲဒါဟာ အေအင်စီရဲ့တာဝန်ဖြစ်ပါတယ်။ ဒါဟာ ကျနော်ထောင်ထဲ နှစ်ပေါင်းများစွာ အထီးကျန်နေခဲ့ရတဲ့ကာလအတွင်း ကျနော် အမြဲဦးထိပ်ထားခဲ့တဲ့ ရည်မှန်းချက်ဖြစ်တယ်။ ကျနော့်ဘဝတသက်တာရဲ့ ကြွင်းကျန်သေးတဲ့ နှစ်ကာလတွေအတွင်း အရောက်လှမ်းမယ့် ပန်းတိုင်ဖြစ်ပါတယ်။ ကျနော့်အသက် (၄၄) နှစ်အရွယ် ထောင်ထဲစဝင်ချိန်မှာ တသသမျှော်မှန်းခဲ့တဲ့ အိပ်မက်ဖြစ်ပါတယ်။ ဒါပေမဲ့ ကျနော်ဟာ အခုတော့ လူငယ်တယောက်မဟုတ်တော့ပဲ အသက် (၇၁) နှစ် ရှိနေပြီဖြစ်လို့ အချိန်ကုန်မခံနိုင်တော့ပါဘူး။

အဲဒီညမှာ ကျနော်ဟာ ဝင်နီနဲ့အတူ အိမ်အမှတ် (၈၁၁၅) အော်လင်းဒို အနောက် ရပ်ကွက်ကို ပြန်ခဲ့တယ်။ အဲဒီတော့မှပဲ ကျနော်ဟာ ငါ တကယ်ထောင်ကလွတ်ခဲ့ပါလားလို့ ရင်ထဲနှလုံးထဲက ခံစားမိလာတယ်။ ကျနော့်အတွက်တော့ အိမ်အမှတ် (၈၁၁၅) ဟာ ကမ္ဘာ့ ဗဟိုချက်မဖြစ်တယ်။ ကျနော့်ဦးနှောက်မြေပုံပေါ်မှာ အထူးအမှတ်အသားနဲ့ တံဆိပ်ခပ်နှိပ် ထားတဲ့နေရာဖြစ်ပါတယ်။ အခန်းလေးခန်းပါအိမ် မီးလောင်ခံရပြီးနောက် အခိုင်အခံ့ ပြန်ဆောက်ထားတယ်။ ကျနော့်အိမ်ကိုတွေ့လိုက်တဲ့အခါ ကျနော့်စိတ်ထဲမှတ်မိနေတာထက် အများကြီးပိုငယ်ပြီး ရိုးစင်းလှတာတွေ့ရလို့ အံ့အားသင့်မိတယ်။ ဇစ်တာဗာစတာက ကျနော့် ယာတောအိမ်နဲ့ယှဉ်လိုက်ရင် အိမ်အမှတ် (၈၁၁၅) ဟာ ယာတောအိမ်နောက်က အစေခံ တန်းလျားလောက်ပဲဖြစ်နိုင်မယ်။ ဒါပေမဲ့ လူတယောက် လွတ်လွတ်လပ်လပ်နဲ့နေရတဲ့ ဘယ်အိမ်ပဲဖြစ်ဖြစ် ဇိမ်အကျဆုံးထောင်နဲ့ယှဉ်လိုက်ရင် ရဲတိုက်တမျှပါပဲ။

အဲဒီညမှာ ကျနော်ဟာ ကိုယ့်အိမ်ပြန်ရောက်လာလို့ ဝမ်းသာပျော်ရွှင်မိတာနဲ့အမျှ ကျနော်အလိုချင်ဆုံး၊ အတောင့်တဆုံးအရာတခုကိုတော့ ရမှာမဟုတ်ဘူးဆိုတဲ့ အသိကိုလည်း ခံစားမိခဲ့တယ်။ ကျနော်ဟာ ရိုးရိုးသာမန်ဘဝတခုကို တောင့်တခဲ့တယ်၊ ကျနော့်ရဲ့ လူငယ်ဘဝက အစအနဟောင်းတချို့ကို ပြန်ကောက်ချင်ခဲ့တယ်၊ မနက်ဆို ရုံးသွား၊ ညနေ ရုံးဆင်း မိသားစုဆီ ပြန်လာ၊ အပြင်ခဏတဖြုတ်ထွက် စတိုးဆိုင်မှာ သွားတိုက်ဆေးတဗူးသွားဝယ်၊ ညနေခင်းမှာ မိတ်ဟောင်းဆွေဟောင်းတွေဆီ အလည်အပတ်သွား လုပ်ချင်ခဲ့တယ်။ ထောင်ထဲမှာ ဒီလို သာမန်အရာကိစ္စတွေကို အတမ်းတမိဆုံးဖြစ်ပြီး ထောင်ကလွတ်ရင်လုပ်ဖို့ စိတ်ကူးယဉ်ခဲ့တယ်။ သို့သော်လည်း ဒီလိုအရာကိစ္စတွေ ဖြစ်လာနိုင်တော့မှာမဟုတ်ဘူးဆိုတာ ကျနော်အလျင် အမြန်ပဲ သဘောပေါက်လာတယ်။ အဲဒီညမှာနဲ့ နောက်ညနောက်ညတွေ ရက်သတ္တပတ်ပေါင်း များစွာ၊ လပေါင်းများစွာကြာအောင် ကျနော့်အိမ်ကို အားပေးထောက်ခံသူရာပေါင်းများစွာက ဝိုင်းအုံခဲ့ကြတယ်။ ပြည်သူတွေဟာ သီချင်းတွေဆိုကြ၊ ကကြ၊ [ကျနော့်နာမည်]အော်ခေါ်ကြနဲ့ သူတို့ရဲ့ပျော်ရွှင်မှုဟာ ကူးစက်လွယ်လှပါတယ်။ ဒီလူတွေဟာ ကျနော့်ပြည်သူတွေ ဖြစ်ကြတယ်။ ဒီတော့ သူတို့ကို ငြင်းဆန်လက်မခံဖို့ ကျနော့်မှာ အခွင့်အရေးလည်းမရှိ၊ ဆန္ဒလည်းမရှိပါ။ ဒါပေမဲ့ ကျနော်ဟာ မိမိကိုယ်ကို ပြည်သူ့လက်ထဲအပ်ခြင်းအားဖြင့် ကိုယ့်ကိုယ်ကို ကိုယ့်မိသားစု ဆီကနေ ဆွဲထုတ်နေပြန်ပြီဆိုတာ ကျနော်မြင်နိုင်ခဲ့ပါတယ်။

မနက်အရုဏ်တက်အထိ သီချင်းတွေဆိုနေကြလို့ အဲဒီညက ကျနော်တို့ သိပ်မအိပ်လိုက်ရပါ။ အရုဏ်တက်ခါနီးမှပဲ အိမ်ကိုစောင့်ကြပ်ပေးနေတဲ့ အေအင်စီနဲ့ ယူဒီအက်ဖ်အဖွဲ့ဝင်တွေက ပရိသတ်ကို တိတ်တိတ်ဆိတ်ဆိတ်နေပြီး ကျနော်တို့ကို အနားယူခွင့်ပေးဖို့ တောင်းပန်လို့ ငြိမ်သွားတာဖြစ်ပါတယ်။ အေအင်စီထဲက အတော်များများက ဒီအိမ်ကနေ (၃–၄) ပြလောက်ဝေးတဲ့ ဒီယက်ကလုဖ် တိုးချဲ့ကွက်သစ်မှာ ကျနော်ထောင်ကျနေတုန်း ဝင်နီ ဆောက်ထားတဲ့ နေအိမ်ကိုပြောင်းဖို့ အကြံပေးကြတယ်။ အဲဒီနေရာဟာ ဆိုဝီတိုစံတွေနဲ့ကြည့်ရင် ခမ်းနားအဆင့်မြင့်တဲ့နေရာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီအိမ်ဟာ ကျနော့်အတွက်တော့ ဘာအဓိပ္ပါယ်မှမရှိ။ ဘာအမှတ်ရသတိရစရာမှ မပေးပါဘူး။ ဒ့ါအပြင် အဲဒီအိမ်ဟာ အရွယ်အစားရယ်၊ တန်ဖိုးကြီးမြင့်မှုရယ်ကြောင့် လူထုခေါင်းဆောင်တယောက်အတွက် သိပ်ပြီးသင့်တော်ပုံမရပါဘူး။ ကျနော်ဟာ အဲဒီအကြံပေးချက်ကို ငြင်းလို့ရနိုင်သမျှ ငြင်းနေခဲ့ပါတယ်။ ကျနော်ဟာ ကျနော့်ရဲ့ ပြည်သူတွေကြားမှာသာ နေချင်ရုံမက သူတို့နေသလိုပဲ နေချင် ပါတယ်။

## ၁၀၂

ကျနော့်ရဲ့ ပထမဆုံးတာဝန်ရှိမှုကတော့ အေအင်စီခေါင်းဆောင်ပိုင်းဆီ သတင်းပို့ဖို့ဖြစ်တယ်။ အဲဒါနဲ့ ထောင်ကလွတ်ပြီး နှစ်ပတ်ကျော်ကျော်လောက်ဖြစ်တဲ့ ဖေဖော်ဝါရီ (၂၇) ရက်နေ့မှာ ကျနော်ဟာ နိုင်ငံလုံးဆိုင်ရာ အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတက်ဖို့ လူဆာကာမြို့ကို လေယာဉ်နဲ့သွားခဲ့တယ်။ ကျနော် ဆယ်စုနှစ်တွေကြာအောင် မတွေ့ခဲ့ရတဲ့ ရဲဘော်ဟောင်းတွေနဲ့ ပြန်ဆုံစည်းရတာ အင်မတန်ပျော်စရာပါပဲ။ အာဖရိကတိုက်ရဲ့ နိုင်ငံ့ခေါင်းဆောင်တချို့လည်း အစည်းအဝေးလာတက်ကြလို့ ကျနော်ဟာ ဇင်ဘာဘွေနိုင်ငံက ရောဘတ်မူဂါဘီ၊ ဇမ်ဘီယာက ကင်းနက်ကွန်ဒါ၊ ဘော့စဝါနာက ကွက်မာစာယာ၊ မိုဇမ်ဘစ်က ဂျိုကင်းချစ္စနို၊ အင်ဂိုလာနိုင်ငံက ဂျိုဆေးအက်ဒွါဒိုဒေါ့စ်စန်တော့စ်နဲ့ ယူဂန္ဒာက ယိုဝါရီမူဆီဗင်နီတို့နဲ့ နည်းနည်းပါးပါးစကားပြောခဲ့ရတယ်။

အလုပ်အမှုဆောင်အဖွဲ့ဝင်တွေဟာ ကျနော်လွတ်လာတာကို ဝမ်းသာကျေနပ်နေကြသလို ထောင်ကထွက်လာသူတယောက်ကို အကဲဖြတ်ဖို့လည်း စိတ်ထက်သန်နေကြတယ်။ သူတို့မျက်လုံးတွေထဲမှာ မေးခွန်းတွေ ကျနော်မြင်ရတယ်။ လွန်ခဲ့တဲ့ (၂၇) နှစ်က ထောင်ထဲဝင်သွားတဲ့ မင်ဒဲလားနဲ့ အခုမင်ဒဲလား အတူတူပဲလား၊ ဒါမှမဟုတ် မတူတော့ဘူးလား၊ ပြောင်းလဲသွားပြီလား၊ သူ ကြံ့ကြံ့ခံနိုင်ခဲ့သလား၊ ဒါမှမဟုတ် သူဦးကျိုးသွားပြီးလား။ သူတို့ဟာ အစိုးရနဲ့ကျနော် စကားပြောဆိုဆွေးနွေးကြတဲ့ သတင်းတွေကြားခဲ့ကြပြီး ထိုက်သင့်စွာပဲ စိုးရိမ်ခဲ့ကြတယ်။ ကျနော်ဟာ လက်တွေ့အနေအထားတွေနဲ့ အဆက်ပြတ်နေခဲ့ရုံတင်မက ၁၉၈၄ ခုကတည်းက ထောင်ထဲက ကျနော့်လုပ်ဖော်ကိုင်ဖက်တွေနဲ့တောင် အဆက်အသွယ်မလုပ်နိုင်ခဲ့ပါဘူး။

ကျနော်က အစိုးရနဲ့စကားပြောဆိုခဲ့မှုတွေရဲ့ သဘောသဘာဝကို သေသေချာချာတည်

တည်ကြည်ကြည် ရှင်းလင်းပြခဲ့တယ်။ ကျနော်တောင်းဆိုခဲ့တာတွေနဲ့ ရရှိလာတဲ့တိုးတက်မှုကို ဖော်ပြခဲ့တယ်။ ကျနော် ဘိုသာနဲ့ဒီကလပ်ဆီရေးတဲ့ စာချွန်လွှာတွေကို သူတို့တွေ့ခဲ့ပြီး အဲဒီစာတမ်းတွေဟာ အေအင်စီပေါ်လစီကို ကိုင်စွဲထားတယ်ဆိုတာ သိသွားကြတယ်။ သိပ်မကြာသေးခင်နှစ်တွေအတွင်း ထောင်ကလွတ်လာသူတချို့ လူဆာကာကိုသွားပြီး **"မာဒီဘာ ပျော့သွားပြီ။ အာဏာပိုင်တွေဝယ်တာ ခံလိုက်ရပြီ။ အခုဆို သူဟာ သုံးထည်တွဲဥရောပဝတ်စုံ*တွေဝတ်၊ ဝိုင်အရက်သောက်ပြီး အစားကောင်းတွေစားနေတယ်"** လို့ တီးတိုးပြောကြတာ ကျနော်သိထားတယ်။ ဒီ တီးတိုးစကားတွေ ကျနော်သိထားလို့ ဒါတွေကိုငြင်းပယ်ဖို့ ကျနော်ရည်ရွယ်ခဲ့တယ်။ ဒါတွေကိုချေဖျက်ဖို့ အကောင်းဆုံးနည်းလမ်းကတော့ ကျနော်လုပ်ခဲ့သမျှအားလုံးနဲ့ပတ်သက်ပြီး မကွယ်မဝှက် ပွင့်ပွင့်လင်းလင်းပြောပြဖို့သာဖြစ်တယ်လို့ ကျနော်ခံယူထားတယ်။

အဲဒီ **အင်အီးစီ****အစည်းအဝေးမှာ ကျနော်ဟာ အဖွဲ့အစည်းရဲ့ ဒုဥက္ကဋ္ဌအဖြစ် ရွေးကောက်ခံရပြီး အော်လီဗာ နာလန်ထကာလအတွင်း အဖွဲ့အစည်းရဲ့အတွင်းရေးမှူးချုပ် အဲလ်ဖရက်အန်ဇို ကို ယာယီဥက္ကဋ္ဌခန့်ထားလိုက်တယ်။ အစည်းအဝေးပြီးလို့ သတင်းစာရှင်းလင်းပွဲလုပ်တဲ့အခါ ဇမ်ဘီယာနိုင်ငံသမတလည်းဖြစ်၊ အေအင်စီကို ကာလရှည်ကြာကတည်းက ထောက်ခံခဲ့သူလည်းဖြစ်တဲ့ ဒေါက်တာကွန်ဒါရဲ့ အကြံပြုချက်နဲ့ပတ်သက်ပြီး ကျနော့်ကို မေးကြတယ်။ သူ့အကြံပြုချက်ကတော့ အခု ကျနော်လွတ်လာပြီဖြစ်တဲ့အတွက် အေအင်စီဟာ တောင်အာဖရိကနိုင်ငံတွင်း လက်နက်ကိုင်စစ်ဆင်ရေးတွေ ရပ်ဆိုင်းထားသင့်တယ်ဆိုတာပဲဖြစ်ပါတယ်။ ကျနော်တို့ဟာ ဒေါက်တာကွန်ဒါရဲ့ ဉာဏ်အမြော်အမြင်နဲ့ထောက်ခံမှုကို လေးစားတန်ဖိုးထားပေမဲ့ လက်နက်ကိုင်တိုက်ပွဲ ရပ်ဆိုင်းထားဖို့ကတော့ သိပ်စောပါသေးတယ်။ ဘာလို့လဲဆိုတော့ ကျနော်တို့ကို လက်နက်ကိုင်စွဲရစေတဲ့ ရည်မှန်းချက်ကို မရသေးတဲ့အတွက်ဖြစ်တယ်လို့ ကျနော်ပြန်ဖြေလိုက်တယ်။ မစ္စတာဒီကလပ်က သူ့လက်ျာဂိုဏ်းသားထောက်ခံသူတွေ ကျေနပ်နှစ်သိမ့်အောင်လုပ်ရာမှာ ကူညီပေးဖို့ဟာ အေအင်စီရဲ့အလုပ်မဟုတ်ပါဘူးလို့ ကျနော်ပြောလိုက်တယ်။

ကျနော်ဟာ အာဖရိကတိုက်နိုင်ငံအများအပြားကို ခရီးလှည့်လည်ခဲ့တယ်။ ကျနော်လွတ်ပြီး ပထမခြောက်လအတွင်း ကျနော်ဟာ ပြည်တွင်းမှာထက် ပြည်ပမှာအချိန်ပိုကုန်ခဲ့တယ်။ ကျနော်ဘယ်သွားသွား စိတ်အားထက်သန်နေတဲ့ လူအုပ်ကြီးတွေတွေ့ရလို့ ကျနော်ပင်ပန်းနွမ်းနယ်နေရင်တောင် ပြည်သူလူထုတွေက ကျနော့်ကို အမောပြေအားတက်စေခဲ့တယ်။ [တန်ဇန်းနီးယားနိုင်ငံ]ဒါရက်စ္စလမ်မြို့မှာ ကျနော့်ကို ခန်းမှန်းခြေအားဖြင့် လူ (၅) သိန်းလောက်အင်အားရှိတဲ့ လူထုကြီးက ကြိုဆိုကြတယ်။

ကျနော့်ခရီးစဉ်တွေကို အင်မတန်မှ နှစ်သက်ကျေနပ်မိပါတယ်။ ကျနော်က မြင်ကွင်းအသစ်တွေရော၊ မြင်ကွင်းအဟောင်းတွေပါ ကြည့်ချင်တယ်။ အစားအသောက်အမျိုးမျိုး

---

*အပေါ်ဝတ်ကုတ်အင်္ကျီ၊ ဝေ့စ်ကုတ်၊ ဘောင်းဘီရှည်

**နိုင်ငံလုံးဆိုင်ရာ အလုပ်အမှုဆောင်ကော်မတီ

အရသာခံ မြည်းကြည့်ချင်တယ်။ လူအမျိုးမျိုးနဲ့ စကားပြောချင်တယ်။ ကျနော် ထွက်ခွာလာခဲ့တဲ့ကမ္ဘာနဲ့ အရင်းအမြစ်ကစပြီး ကွဲပြားခြားနားတဲ့ ကမ္ဘာလောကတခုထဲ ကျနော့်ကိုယ်ကျနော် အမြန်အသားကျအောင်လုပ်ရတယ်။ ခရီးသွားလာရေး၊ ဆက်သွယ်ရေးနဲ့ အများဆိုင်ရာမီဒီယာပိုင်း အပြောင်းအလဲတွေကြောင့် ကမ္ဘာကြီးဟာ [လှုပ်ရှားပြောင်းလဲမှုတွေ] အရှိန်မြင့်မားနေတယ်။ အရာကိစ္စတွေဟာ တအားမြန်မြန်ဆန်ဆန် ဖြစ်ပျက်နေတဲ့အတွက် တခါတလေမှာ လိုက်မမီဖို့ခက်ခဲနေတယ်။ ဝင်နီက ကျနော့်ကို ဖြေးဖြေးသက်သာလိုက်စေဖို့ ကြိုးစားတယ်။ ဒါပေမဲ့ လုပ်စရာတွေက တအားကိုများလွန်းနေတယ်။ အဖွဲ့အစည်းဟာ ကျနော့် လွတ်မြောက်မှုကြောင့်ပေါ်ထွက်လာတဲ့ ပျော်ရွှင်တက်ကြွမှုတွေကို သေသေချာချာအခွင့်ကောင်းယူစေချင်တယ်။

ကိုင်ရိုမြို့မှာ အီဂျစ်သမတဟောစ်နီမူဘာရတ်နဲ့ သီးသန့်ဆွေးနွေးပွဲလုပ်ပြီး နောက်တနေ့ ဒေသန္တရခန်းမဆောင်တခုမှာ ကျနော်ဟာ အစည်းအဝေးကြီးတခုကို မိန့်ခွန်းပြောဖို့ စီစဉ်ထားတယ်။ ကျနော်ရောက်တဲ့အခါ လူအုပ်ကြီးဟာ အဆောက်အဦးထဲကနေ လျှံထွက်နေပုံရပြီး လုံခြုံရေးကလည်း အတော့်ကိုအားနည်းလှတယ်။ ကျနော်က ရဲသားတယောက်ကို အင်အားဖြည့်ဖို့ လိုမယ်ထင်တယ်လို့ပြောပေမဲ့ သူကပခုံးတွန့်ရုံပဲတွန့်ပြတယ်။ ကျနော်နဲ့ဝင်နီက ခန်းမကြီးနောက်ဘက်က အခန်းတခန်းမှာစောင့်နေပြီး သတ်မှတ်ချိန်ရောက်တော့ ရဲသားတယောက်က ခန်းမကြီးထဲဝင်ဖို့ ခြေဟန်လက်ဟန်နဲ့ပြတယ်။ ကျနော်အထဲဝင်သွားရင် ရုတ်ရုတ်သဲသဲဖြစ်ကုန်ပြီး ကျနော်နဲ့ ကျန်တဲ့ကိုယ်စားလှယ်အဖွဲ့တွေ လူကွဲသွားမှာစိုးလို့ ရဲသားက ကျန်တဲ့ ကျနော့်ကိုယ်စားလှယ်အဖွဲ့ကို အစောင့်အရှောက်ပေးပြီး အရင်ခေါ်ဝင်သွားဖို့ ကျနော် ရဲသားကိုပြောတယ်။ ဒါပေမဲ့ ရဲသားက ကျနော့်ပဲ အရင်သွားခိုင်းတယ်။ တကယ်ပဲ ကျနော် ခန်းမထဲရောက်သွားတာနဲ့ လူအုပ်ကြီးက ရှေ့အတင်းတိုးလာပြီး ရဲတွေ ပိတ်စီရပ်နေတာကို ကျော်တက်လာတယ်။ လူအုပ်ကြီးရဲ့ စိတ်ထက်သန်မှုအောက်မှာ ကျနော်ဟာ တိုးဝှေ့တွန်းတိုက်ခံရပြီး နည်းနည်းပါးပါး လှုပ်ယမ်းခံရတယ်။ အထွေထွေရှုပ်ယှက်ခတ်မှုကြီးထဲမှာ ကျနော့်ရှူးဖိနပ်တဖက် ကျွတ်ပြီးပျောက်သွားတယ်။ မိနစ်အနည်းငယ်ကြာလို့ အခြေအနေတွေ နည်းနည်းအေးဆေးသွားတဲ့အခါ ကျနော့်ရှူးဖိနပ်ရော၊ ကျနော့်ဇနီးပါ ရှာမတွေ့တော့ပါဘူး။ နောက်ဆုံးမှာတော့ နာရီဝက်နီးပါးကြာမှ ဝင်နီဟာ စင်မြင့်ပေါ်ကကျနော့်နား ရောက်လာခဲ့တယ်။ သူမဟာ လူကွဲသွားလို့ အတော်စိတ်တိုနေတယ်။ ကျနော်ဟာ ပရိသတ်ကြီးကိုလည်း မိန့်ခွန်းမပြောနိုင်ခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ဟာ **"မင်ဒဲလား၊ မင်ဒဲလား"** လို့ နင်းကန်အော်နေကြတဲ့အတွက် ဒီဆူညံသံတွေထဲ ကျနော့်အသံ မတိုးနိုင်ဖြစ်ခဲ့တယ်။ ဒါနဲ့ နောက်ဆုံးမှာ ဖိနပ်တဘက်မပါဘဲ၊ ထူးထူးခြားခြားငြိမ်သက်စူပုပ်နေတဲ့ ဇနီးနဲ့အတူ ပြန်လာခဲ့တော့တယ်။

ကိုင်ရိုမှာ ကျနော်သတင်းစာရှင်းလင်းပွဲလုပ်တဲ့အခါ ကျနော်က အေအင်စီဟာ **"အတိုက်အခိုက်တွေရပ်စဲရေး စဉ်းစားဖို့ အသင့်ရှိနေတယ်"** လို့ပြောလိုက်တယ်။ ဒါဟာ အစိုးရကို အချက်ပြလိုက်တာဖြစ်ပါတယ်။ အေအင်စီနဲ့အစိုးရ နှစ်ဖက်စလုံးဟာ စေ့စပ်ဆွေးနွေးပွဲတွေ

အောင်မြင်နိုင်မယ့် ရာသီဥတုတရပ် ဖန်တီးဖော်ဆောင်နေကြတယ်။ အစိုးရဟာ အရေးပေါ် အခြေအနေ ရုပ်သိမ်း၊ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်၊ အသားအရောင်ခွဲခြားရေးဥပဒေတွေ အားလုံးပယ်ဖျက်ခြင်းတို့ဖြင့် တိုင်းပြည်အခြေအနေ ပုံမှန်ပြန်ဖြစ်အောင်လုပ်ဖို့ အေအင်စီက တောင်းဆိုနေချိန်မှာ အစိုးရကလည်း အေအင်စီဘက်က လက်နက်ကိုင်တိုက်ပွဲ ရပ်ဆိုင်းရေးကို အရင်တောင်းဆိုဖို့ ရည်ရွယ်ထားတယ်။ ကျနော်တို့ဟာ ဒီလိုရပ်ဆိုင်းမှုမျိုး ကြေညာဖို့အသင့် မဖြစ်သေးပေမဲ့ မစ္စတာဒီကလပ်အနေနဲ့ ပြုပြင်ပြောင်းလဲရေးဗျူဟာတွေဆက်လုပ်ဖို့ လုံလောက်တဲ့ အားပေးအားမြှောက်မှု လုပ်ပေးချင်တယ်။ ကျနော်တို့ဟာ နောက်ဆုံးမှာတော့ လက်နက်ကိုင်တိုက်ပွဲ ရပ်ဆိုင်းရမယ်ဆိုတာ သိထားတယ်။ ဒီလိုရပ်ဆိုင်းတာဟာ တစိတ်တပိုင်း အားဖြင့် ပိုပြီးလေးနက်တဲ့ စေ့စပ်ဆွေးနွေးမှုတွေ အဆင်ချောစေဖို့ဖြစ်သလို တစိတ်တပိုင်းအားဖြင့် မစ္စတာဒီကလပ်အနေနဲ့ သူ့ရဲ့ မဲဆန္ဒရှင်အဝန်းအဝိုင်းဖြစ်တဲ့ တောင်အာဖရိကလူဖြူမဲဆန္ဒရှင် တွေဆီသွားပြီး **“ကဲ ကြည့်၊ ဟောဒီမှာ ကျူပ်ပေါ်လစီရဲ့ အသီးအပွင့်တွေ”** လို့ ပြောခွင့်သာစေဖို့ လည်းဖြစ်ပါတယ်။

အာဖရိကခရီးစဉ် နောက်ဆုံးစခန်းသိမ်းပြီးတော့ ကျနော်ဟာ စတော့ဟုမ်းကို လေယာဉ်နဲ့ သွားပြီး အော်လီဗာနဲ့တွေ့ခဲ့တယ်။ ရှေ့နေအတူတွဲလုပ်ခဲ့ဘူးတဲ့ ကျနော့်မိတ်ဆွေဟောင်းကြီးကို ပြန်တွေ့ရတာဟာ ကျနော် အမျှော်လင့်အစောင့်စားခဲ့ရဆုံး ပြန်လည်ဆုံစည်းမှုပါပဲ။ အော်လီဗာဟာ နေသိပ်မကောင်းလှပါဘူး။ ဒါပေမဲ့ ကျနော်တို့ပြန်တွေ့ကြတဲ့အခါ ကျနော်တို့ဟာ အာဖရိက မြက်ခင်းပြင်ကျယ်ကြီးထဲက ကောင်လေးနှစ်ယောက်၊ တယောက်အပေါ်တယောက်ထားတဲ့ သံယောဇဉ်ကနေ ခွန်အားဖြစ်ကြတာနဲ့ တူနေခဲ့ပါတယ်။ ကျနော်တို့ဟာ ပြီးခဲ့တဲ့အတိတ် ကာလအကြောင်းတွေ စပြောကြတယ်။ ဒါပေမဲ့ ကျနော်တို့နှစ်ယောက်ထဲရှိတဲ့အခါမှာတော့ သူတင်တဲ့ပထမဆုံးအကြောင်းအရာက အဖွဲ့အစည်းရဲ့ ခေါင်းဆောင်မှုကိစ္စဖြစ်တယ်။ သူက **“နယ်လ်ဆင်၊ မင်းအခု အေအင်စီ ဥက္ကဋ္ဌလုပ်တော့။ ငါက ဥက္ကဋ္ဌရာထူးကို မင်းအတွက်ထိန်းထား ပေးရုံပဲလုပ်နေတာ”** လို့ ပြောတယ်။ ကျနော် ငြင်းလိုက်ပါတယ်။ သူ ပြည်ပကနေပြီး အဖွဲ့အစည်းကို ကောင်းကောင်းကြီးဦးဆောင်ခဲ့တာဟာ ကျနော်ဆိုရင် အဲသလောက်လုပ်နိုင်မှာ မဟုတ်ဘူးလို့ ကျနော်ပြောလိုက်တယ်။ ဒီလိုပုံစံမျိုးနဲ့ ရာထူးလွှဲပြောင်းပေးတာဟာ တရားမျှတမှုလည်းမရှိ၊ ဒီမိုကရေစီလည်းမကျပါ။ ကျနော်က **“မင်းကို အဖွဲ့အစည်းက ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ထားတာ။ ဒီတော့ ရွေးကောက်ပွဲရောက်အောင် စောင့်ကြတာပေ့ါ။ အဲဒီကျရင် အဖွဲ့ အစည်းက ဆုံးဖြတ်နိုင်မယ်”** လို့ ပြောလိုက်တယ်။ အော်လီဗာက ကန့်ကွက်ပေမဲ့ ကျနော်က လျှော့မပေးပါ။ သူကကျနော့်ကို ဥက္ကဋ္ဌခန့်ချင်တာဟာ သူ့ရဲ့နှိမ့်ချမှုနဲ့ အနစ်နာခံမှုကိုပြတဲ့ လက္ခဏာဖြစ်ပါတယ်။ ဒါပေမဲ့ ဒါဟာ အေအင်စီမူဝါဒတွေနဲ့ မကိုက်ညီပါဘူး။

၁၉၉၀ခု ဧပြီလမှာ ကျနော်ဟာ လန်ဒန်မြို့ကို လေကြောင်းနဲ့သွားပြီး ဝင်ဘလီမှာ ကျနော့်ကို ဂုဏ်ပြုတဲ့အနေနဲ့ ကျင်းပတဲ့ **ဂီတဖြေဖျော်ပွဲ***တခုကို သွားတက်ခဲ့ပါတယ်။ နိုင်ငံ

---

*__စတိတ်ရှိုး__

တကာဂီတပညာရှင်တွေအများကြီး ဖြေဖျော်ကြတယ်။ သူတို့ထဲက အများစုကို ကျနော်မသိပါ။ ဒီပွဲဟာ တကမ္ဘာလုံးကို ရုပ်မြင်သံကြားကနေ ထုတ်လွှင့်ပြသမှာဖြစ်ပါတယ်။ ကျနော်က ဒါကို အခွင့်ကောင်းယူပြီး အရေးယူဒဏ်ခတ်မှုတွေလုပ်ရေးနဲ့ ကျနော်ကိုယ်တိုင်နဲ့ ဘဝတူနိုင်ငံရေး အကျဉ်းသားတွေလွှတ်ပေးရေး ဖိအားပေးရာမှာ အင်မတန်ထိရောက်ခဲ့တဲ့အတွက်လည်းကောင်း၊ ကျနော့်တိုင်းပြည်က အဖိနှိပ်ခံပြည်သူတွေအတွက် စစ်မှန်တဲ့ထောက်ခံအားပေးမှုနဲ့ သွေးစည်း ညီညွတ်မှု ပြသခဲ့တဲ့အတွက်လည်းကောင်း၊ ကမ္ဘာပေါ်က အသားအရောင်ခွဲခြားရေးစနစ် ဆန့်ကျင်ရေးအင်အားစုတွေကို ကျေးဇူးတင်ကြောင်း ပြောခဲ့တယ်။

## ၁၀၃

ကျနော်ထောင်ကထွက်လာချိန်မှာ အင်ကာသာ လွတ်လပ်ရေးပါတီခေါင်းဆောင် ကွာဇူးလူးပြည်နယ်ဝန်ကြီးချုပ် စော်ဘွားမင်ဂိုဆူထူဘူသယ်လဇီဟာ တောင်အာဖရိက နိုင်ငံရေးစင်မြင့်ပေါ်မှာ အဓိကဇာတ်ဆောင်တယောက်ဖြစ်နေပါတယ်။ ဒါပေမဲ့ အေအင်စီ အဝန်းအဝိုင်းထဲမှာတော့ သူ့ကို အတော့်ကိုလူကြိုက်နည်းတယ်။ စော်ဘွားဘူသယ်လဇီဟာ ၁၈၇၉ ခုနှစ်တုန်းက အိစန္ဒလဝါးနားတိုက်ပွဲမှာ ဗြိတိသျှကိုအနိုင်တိုက်ခဲ့တဲ့၊ ကြီးကျယ်ထင်ရှား လှတဲ့ ဇူးလူးဘုရင် စေတီဝါယိုကနေ ဆင်းသက်လာသူဖြစ်တယ်။ သူဟာ လူငယ်ဘဝမှာ ဖို့တ်ဟာရေတက္ကသိုလ်တက်ခဲ့ပြီးနောက် အေအင်စီလူငယ်အဖွဲ့ချုပ်ကိုဝင်ခဲ့တယ်။ ကျနော်ဟာ သူ့ကို လှုပ်ရှားမှုရဲ့ တက်သစ်စခေါင်းဆောင်ငယ်တဦးအဖြစ် မြင်ခဲ့တယ်။ သူဟာ အေအင်စီရဲ့ သွယ်ဝိုက်ထောက်ခံမှုနဲ့ ကွာဇူးလူးဇာတိပြည်နယ်ရဲ့ ဝန်ကြီးချုပ်ဖြစ်လာခဲ့တယ်။ အင်ကာသာ အဖွဲ့ကို ဇူးလူးယဉ်ကျေးမှုအဖွဲ့အစည်းတခုအဖြစ် ထူထောင်တာကိုတောင် [အေအင်စီ]အဖွဲ့ အစည်းက ဆန့်ကျင်ကန့်ကွက်တာ မရှိခဲ့ပါဘူး။ ဒါပေမဲ့ နှစ်တွေကြာညောင်းလာတာနဲ့အမျှ စော်ဘွားဘူသယ်လဇီဟာ အေအင်စီနဲ့ကင်းကွာလာတယ်။ သူဟာ အသားအရောင်ခွဲခြားရေး စနစ်ကို ပြတ်ပြတ်သားသားဆန့်ကျင်ပြီး၊ ကွာဇူးလူးပြည်နယ်ကို အစိုးရဆန္ဒရှိသလို **'လွတ်လပ်တဲ့'** ဇာတိပြည်နယ် အဖြစ်ခံဖို့ ငြင်းဆန်ခဲ့ပေမဲ့ သူဟာ ဒီမိုကရေစီလှုပ်ရှားမှုဘက်ခြမ်းမှာ ဆူးတချောင်းဖြစ်နေတယ်။ သူဟာ လက်နက်ကိုင်တိုက်ပွဲကို ဆန့်ကျင်တယ်၊ ၁၉၇၆ ခု ဆိုဝီတို အုံကြွမှုကို ပြစ်တင်ရှုတ်ချတယ်၊ နိုင်ငံတကာဒဏ်ခတ်အရေးယူမှုတွေကို ဆန့်ကျင်လှုပ်ရှား ခဲ့တယ်၊ သူက တောင်အာဖရိကတပြည်ထောင်စနစ်အယူအဆကို စိန်ခေါ်ခဲ့တယ်။ ဒါပေမဲ့ စော်ဘွားဘူသယ်လဇီဟာ ကျနော့်လွတ်မြောက်ရေးကို တသမတ်တည်းတောင်းဆိုခဲ့ပြီး ကျနော်နဲ့ တခြားနိုင်ငံရေးအကျဉ်းသားတွေမလွတ်မချင်း အစိုးရနဲ့တွေ့ဆုံဆွေးနွေးဖို့ ငြင်းဆန်ခဲ့တယ်။

ကျနော်ထောင်ကလွတ်လာပြီးနောက် ကျနော့်ကို ကာလရှည်ကြာထောက်ခံမှုအတွက် ကျေးဇူးတင်ကြောင်း ကျနော်ပထမဆုံး တယ်လီဖုန်းဆက်ပြောခဲ့သူတွေထဲမှာ စော်ဘွားဘူသယ် လဇီလည်း တယောက်အပါအဝင်ဖြစ်တယ်။ ကျနော့်သဘောထားကတော့ စော်ဘွားနဲ့ မြန်နိုင် သမျှ အမြန်ဆုံးတွေ့ဆုံပြီး ကျနော့်တို့ကြားကွဲလွဲချက်တွေ ဖြေရှင်းဖို့ဖြစ်ပါတယ်။ ကျနော် လူဆာ

ကာကို ပထမဆုံးသွားခဲ့တုန်းက ဒီလိုတွေ့ဆုံဆွေးနွေးဖို့အယူအဆကို အဆိုတင်တာ မဲရှုံးသွားခဲ့တယ်။ ကျနော် ဗစ်တာဗာစတာမှာရှိတုန်း ဝေါလ်တာကို ဖူးလူးဘုရင်ဂွဒ်ဝီလ်ဇွယ်လစ်သင်နီက ကွာဖူးလူးနယ်မြို့တော် ယူလွန်ဒီမှာလာတွေ့ဖို့ ဖိတ်ကြားခံရတဲ့အခါ အဲဒါလက်ခံဖို့ ကျနော် သူ့ကိုတိုက်တွန်းခဲ့တယ်။ ကျနော်က ဒါဟာ တိုင်းပြည်မှာရှိတဲ့ တော်ဝင်မိသားစုတွေထဲက အလေးစားခံရဆုံးနဲ့ တန်ခိုးအကြီးဆုံးတော်ဝင်မိသားစုရဲ့ အကြီးအကဲတယောက်ကိုစည်းရုံးဖို့ အင်မတန်ကောင်းတဲ့ အခွင့်ကောင်းတရပ်အဖြစ်ယူဆခဲ့တယ်။ ဒီခရီးစဉ်ကို အင်အီးစီက စိတ်မပါ့တပါနဲ့အတည်ပြုခဲ့ရာမှာ ဝေါလ်တာဟာ နွန်ဂိုမာမှာရှိတဲ့ ဘုရင်နန်းတော်ကိုပဲသွားရမယ်လို့ ကန့်သတ်လိုက်တယ်။ ယူလွန်ဒီကိုသွားလိုက်ရင် ဇာတိပြည်နယ်ရဲ့အာဏာပိုင်ကို အသိအမှတ်ပြုရာကျမယ်လို့ ယူဆခဲ့ကြတယ်။

ကျနော်လူဆာကာကပြန်ရောက်တော့ စော်ဘွားဘူသယ်လဇီဆီရော၊ ဘုရင့်ဆီပါ ဖုန်းဆက်ပြီး ဝေါလ်တာက ဘုရင့်ဆီ ခစားလာမယ့်အကြောင်း၊ ယူလွန်ဒီကိုမလာဘဲ နွန်ဂိုမာကို လာမယ့်အကြောင်း ရှင်းပြခဲ့တယ်။ ဘုရင်က ဝေါလ်တာ သူ့ဆီလာတွေ့တဲ့အခါ မြို့တော်မှာ မဟုတ်ရင် ဘယ်နေရာကိုမှ လက်မခံဘူးလို့ပြောတယ်။ သူက **"ငါဟာ ဘုရင်ဖြစ်တယ်။ ငါ သူ့ကို ယူလွန်ဒီမှာလာခစားဖို့ ဖိတ်ကြားထားတာဖြစ်တယ်။ ကျနော်မျိုးက ဘုရင်မင်းမြတ်ကို တခြားတနေရာမှာ လာတွေ့မယ်လို့ သူပြောပိုင်ခွင့်မရှိဘူး"** လို့ပြောတယ်။ ကျနော်က **"အရှင်မင်းကြီး၊ ကျနော်မျိုးတို့ အဖွဲ့ဝင်တွေထဲမှာ မစ္စတာစစ်စူးလူးကို ကွာဖူးလူးနယ် လုံးလုံးမသွားစေချင်ကြသူတွေဆီက ဆန့်ကျင်မှုကြီးကြီးမားမားနဲ့ ရင်ဆိုင်နေရပါတယ်။ အခု ဒီအလျှော့ပေးစေ့စပ်မှုကျအောင် ကျနော်တို့ မနည်းလုပ်ထားရတာပါ။ မင်းကြီးဘက်ကလည်း နည်းနည်းလျှော့မပေးနိုင်ဘူးလား"** လို့ ကျနော်ပြောပေမဲ့ သူက လျှော့မပေးဘဲ ဝေါလ်တာကိုတွေ့ဖို့ ငြင်းဆန်လိုက်တော့တယ်။

ဒါဖြစ်ပြီးတဲ့နောက် ဆက်ဆံရေးတွေ ယိုယွင်းလာခဲ့တယ်။ မေလမှာ ကျနော့်အနေနဲ့ ဘုရင်ကြီးနဲ့ ဘူသယ်လဇီတို့ကို သွားတွေ့ဖို့လိုကြောင်း အေအင်စီကို ကျနော်နားချခဲ့တယ်။ ဘုရင်ကလည်း လက်ခံအတည်ပြုခဲ့ပေမဲ့ သွားမတွေ့ခင် တပတ်လောက်အလိုမှာတော့ ကျနော်လာရင် တယောက်ထဲလာဖို့ သူ့ဆီကစာတစောင်ရခဲ့တယ်။ အဲဒါဟာ အဆုံးစွန်သော စော်ကားမှု ဖြစ်သွားခဲ့ပြီး ဒီလိုတောင်းဆိုမှုမျိုးကို အင်အီးစီက လိုက်လျောမပေးနိုင်တော့ပါ။ ကျနော်က ဘုရင်ကြီးကို ကျနော့်လုပ်ဖော်ကိုင်ဖက်တွေ အတူမပါဘဲ မလာနိုင်ဘူးလို့ ပြောလိုက်တယ်။ ဘုရင်ကြီးက ဒါကို နောက်ထပ် သူ့ဂုဏ်သိက္ခာထိပါးမှုအဖြစ်ယူဆပြီး လာတွေ့ရေးကို ပယ်ဖျက်လိုက်တယ်။

ကျနော့်ရည်ရွယ်ချက်ကတော့ ဘုရင်ကြီးနဲ့ သီးခြားလွတ်လပ်တဲ့ဆက်ဆံမှုတရပ် ဖန်တီးထူထောင်ဖို့ ဖြစ်ပါတယ်။ အဲဒီဆက်ဆံမှုဟာ စော်ဘွားဘူသယ်လဇီနဲ့ ကျနော့်ဆက်ဆံမှုကနေ တသီးတခြားဖြစ်ဖို့ပါပဲ။ ဘုရင်ကြီးဟာ ဖူးလူးလူမျိုးတွေရဲ့ စစ်မှန်တဲ့ မျိုးရိုးစဉ်လာခေါင်းဆောင်ဖြစ်ပြီး ဖူးလူးတွေဟာ သူ့ကိုချစ်ခင်လေးစားကြတယ်။ ကွာဖူးလူးနယ်မှာ ဘုရင်ကို သစ္စာစောင့်သိမှုဟာ အင်ကာသာအဖွဲ့ကို ထောက်ခံအားပေးမှုထက် အများကြီးပိုပြီး အကျယ်အပြန့်ရှိတယ်။

လောလောဆယ်ကာလမှာ နေတယ်လ်ပြည်နယ်ဟာ လူသတ်ကွင်းဖြစ်လာနေတယ်။ လက်နက်တွေအကြီးအကျယ်ကိုင်ဆောင်ထားကြတဲ့ အင်ကာသာထောက်ခံသူတွေဟာ နေတယ်လ်ပြည်နယ် မြေလတ်ဒေသနဲ့ ပီယတာမာရစ်ဇ်ဘာ့ဂ်မြို့ဝန်းကျင်က အေအင်စီအမာခံ နယ်မြေတွေကို လက်တွေ့အားဖြင့် စစ်ကြေညာခဲ့တယ်။ ရွာလုံးကျွတ် မီးရှို့ခံရ၊ လူတွေ ဒါဇင်နဲ့ ချီပြီး အသတ်ခံရ၊ ရာနဲ့ချီပြီး ဒဏ်ရာရ၊ ထောင်နဲ့ချီပြီး ဒုက္ခသည်တွေဖြစ်ကုန်ကြတယ်။ ၁၉၉၀ ခု မတ်လတလထဲမှာတင် ဒီ အချင်းချင်းအကြမ်းဖက်မှုမှာ ပြည်သူ (၂၃၀) အသက်ဆုံးခဲ့ရတယ်။ နေတယ်လ်နယ်မှာ ဖူးလူးကဖူးလူးကို သတ်နေတယ်။ ဘာလို့လဲဆိုတော့ အင်ကာသာအဖွဲ့ဝင် တွေရော၊ အေအင်စီဘက်သားတွေပါ ဖူးလူးတွေဖြစ်လို့ပါပဲ။ ကျနော် ထောင်ကလွတ်လို့ နှစ်ပတ်အကြာ ဖေဖော်ဝါရီလထဲမှာ ဒါဘန်မြို့ကိုသွားပြီး ဘုရင့်ပန်းခြံမှာ အားလုံးနီးပါး ဖူးလူး တွေဖြစ်တဲ့ လူထုတသိန်းကျော်ကို မိန့်ခွန်းပြောခဲ့တယ်။ ကျနော်ကသူတို့ကို လက်နက်တွေ စွန့်လွှတ်ကြဖို့၊ တယောက်လက်ကို တယောက် ငြိမ်းချမ်းစွာဆုပ်ကိုင်ကြဖို့ တောင်းပန်ခဲ့တယ်။ **"ခင်ဗျားတို့ သေနတ်တွေ၊ ဓားတွေ၊ လှံတွေယူပြီး ပင်လယ်ထဲပစ်ချလိုက်ကြပါ။ မရဏစက်ရုံတွေ ပိတ်ပစ်လိုက်ကြပါ။ ဒီစစ်ပွဲကို အခု အဆုံးသတ်ကြပါ"** လို့ ပြောခဲ့တယ်။ ဒါပေမဲ့ ကျနော့် တောင်းဆိုမှုကို ဂရုမစိုက်ကြပါဘူး။ တိုက်ခိုက်မှုနဲ့ သေဆုံးမှုတွေ ဆက်ဖြစ်နေတာပါပဲ။

ကျနော်ဟာ အင်မတန့်ကိုစိုးရိမ်ပူပန်တဲ့အတွက် စော်ဘွားဘူသယ်လဇီနဲ့တွေ့ဆုံဖို့ ဘယ် လောက်ပဲကြိုးပမ်းရပါစေ၊ ကြိုးပမ်းဖို့ ဆန္ဒရှိနေခဲ့တယ်။ အထူးတလည် တုန်လှုပ်ခြောက်ခြားစရာ ကောင်းတဲ့ အကြမ်းဖက်မှုတကြော့ဖြစ်ပြီးနောက် မတ်လထဲမှာ ကျနော်ဟာ သူ့ကို ပီယတာ မာရစ်ဇ်ဘာ့ဂ်မြို့ပြင်က တောင်ပေါ်ရွာကလေးတရွာမှာ သွားတွေ့မယ်လို့ ကိုယ့်သဘောနဲ့ကိုယ် ကြေညာခဲ့တယ်။ ပုဂ္ဂိုလ်ရေးအဆင့်မှာ ကျနော်နဲ့စော်ဘွားကြီးဆက်ဆံရေးဟာ ရင်းနှီးပြီး အပြန်အလှန်လေးစားမှုရှိတယ်။ ကျနော်က အဲဒီအပေါ်မှာ အမြတ်ထုတ်နိုင်ဖို့ မျှော်လင့်ခဲ့တယ်။ ဒါပေမဲ့ အဲသလို တွေ့ဆုံဆွေးနွေးမှုမျိုးဟာ နေတယ်လ်နယ်က အေအင်စီခေါင်းဆောင်တွေ အတွက်တော့ လုံးဝလက်မခံနိုင်စရာဖြစ်နေတယ်ဆိုတာ ကျနော်တွေ့ရတယ်။ သူတို့က အဲဒါကို အန္တရာယ်ရှိတယ်လို့ယူဆပြီး ကျနော့်ရဲ့ တွေ့ဆုံရေးကိစ္စကို ဗီတိုအာဏာနဲ့ပယ်ချလိုက်တယ်။ ကျနော်ဟာ ပီယတာမာရစ်ဇ်ဘာ့ဂ်ကို အရောက်သွားခဲ့တယ်။ အဲဒီမှာ အေအင်စီထောက်ခံ သူတွေရဲ့ မီးလောင်ထားတဲ့အလောင်းတွေ တွေ့ခဲ့ရပြီး ဝမ်းနည်းပူဆွေးနေကြတဲ့ ကျန်ရစ်သူ မိသားစုတွေကို နှစ်သိမ့်အားပေးဖို့ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ စော်ဘွားဘူသယ်လဇီနဲ့တော့ မတွေ့ခဲ့ရပါ။

## ၁၀၄

ကျနော်နဲ့ဒီကလပ်တို့ မိမိတို့သက်ဆိုင်ရာပါတီတွေအသီးသီးအတွင်း အများကြီးဆွေးနွေး ပြောဆိုကြပြီးတဲ့နောက် မတ်လထဲမှာ ကျနော်တို့ဟာ မစ္စတာဒီကလပ်နဲ့ အစိုးရတို့ကို

မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးဖို့ စီစဉ်ခဲ့တယ်။ အဲဒါဟာ **'ဆွေးနွေးပွဲတွေလုပ်ဖို့ ဆွေးနွေးတာ'** (talks about talks) ဖြစ်လိမ့်မယ်။ ဧပြီလစောစောပိုင်းမှာ စဖို့ဖြစ်ပေမဲ့ မတ်လ (၂၆) ရက်က ဂျိုဟန်နစ္စဘာ့ဂ်မြို့ တောင်ဘက်မိုင် (၃၀) လောက်အကွာရှိတဲ့ ဆီဘိုကိန်းမြို့သစ်မှာ ပုလိပ်က အေအင်စီဆန္ဒပြသမား လူစုလူဝေးတခုကို ကြိုတင်သတိပေးမှုမရှိဘဲ သေနတ်နဲ့ပစ်တာ (၁၂) ယောက်သေပြီး ရာနဲ့ချီ ဒဏ်ရာရခဲ့တယ်။ အများစုဟာ ထွက်ပြေးနေတုန်း နောက်ကျောကနေ ပစ်ခံရတာဖြစ်တယ်။ ပုလိပ်တွေဟာ ဆန္ဒပြသမားတွေကို ဆက်ဆံကိုင်တွယ်ရာမှာ ကျည်ဆံ အစစ်သုံးခဲ့တာဟာ သည်းမခံနိုင်စရာဖြစ်ပါတယ်။ ပုလိပ်တွေက သူတို့အသက်အန္တရာယ် ခြိမ်းခြောက်ခံရလို့ ပစ်ရတာဆိုပေမဲ့ နောက်ကျောကနေအပစ်ခံရတဲ့ ဆန္ဒပြသမားအများ အပြားဟာ ဘာလက်နက်မှ ကိုင်မထားကြပါဘူး။ ကိုယ်နဲ့ဝေးရာကို ထွက်ပြေးနေတဲ့ လက်နက်မဲ့ လူတယောက်က ကိုယ့်ကို အန္တရာယ်မပြုနိုင်ပါဘူး။ ကျနော်တို့ရဲ့ တရားတဲ့တောင်းဆိုချက် တွေကိုထောက်ခံတဲ့ စုဝေးဆန္ဒပြခွင့်ဆိုတာ အစိုးရက စိတ်ထင်သလိုခွင့်ပြုမှရမယ့် အခွင့်ထူး မဟုတ်ပါဘူး။ ဒီလုပ်ရပ်မျိုးဟာ ကျနော့်ကို တအားဒေါသထွက်စေခဲ့ပြီး ကျနော်က တောင်အာဖရိ ကလူဖြူပုလိပ်တိုင်းဟာ လူမည်းတိုင်းကို စစ်ရေးပစ်မှတ်အဖြစ် သဘောထားတယ်လို့ စာနယ် ဇင်းတွေကို ပြောလိုက်တယ်။ အင်အီးစီနဲ့တိုင်ပင်ညှိနှိုင်းပြီးနောက် ကျနော်က ဆွေးနွေးပွဲတွေ ရွှေ့ဆိုင်းလိုက်တယ်လို့ ကြေညာပြီး မစ္စတာဒီကလပ်ကို **"တဖက်က ကျနော်တို့ပြည်သူတွေကို သတ်နေပြီး တဖက်က စေ့စပ်ဆွေးနွေးရေးအကြောင်းပြော"** လို့မရနိုင်ဘူးဆိုတဲ့အကြောင်း သတိ ပေးလိုက်တယ်။

ကျနော်တို့ရဲ့ တရားဝင်ဆွေးနွေးပွဲတွေ ရွှေ့ဆိုင်းလိုက်ပေမဲ့လည်း ခေါင်းဆောင်ပိုင်းရဲ့ သဘောတူညီမှုနဲ့ ကျနော်ဟာ မစ္စတာဒီကလပ်နဲ့ ကိပ်တောင်းမြို့မှာ သီးသန့်တွေ့ဆုံပြီး စေ့စပ် ဆွေးနွေးပွဲတွေရဲ့အရှိန်အဟုန်ကို ဆက်ထိန်းထားဖို့လုပ်ခဲ့တယ်။ ကျနော်တို့ဆွေးနွေးမှုတွေဟာ အဓိကအားဖြင့် [တွေ့ဆုံဆွေးနွေးဖို့] ရက်ချိန်းသစ်ချိန်းရေးကို ဗဟိုပြုခဲ့ပြီး မေလစောစောပိုင်းမှာ လုပ်ဖို့ သဘောတူခဲ့တယ်။ ကျနော်က ဆီဘိုကိန်းက တုန်လှုပ်ရှုံ့မုန်းစရာအပြုအမူနဲ့၊ လူမည်း တွေနဲ့ လူဖြူတွေအပေါ် ပုလိပ်ရဲ့ မညီမမျှဆက်ဆံမှုကိစ္စတွေ တင်ခဲ့တယ်။ ပုလိပ်တွေက လူမည်း ဆန္ဒပြသမားတွေအပေါ် တကယ့်ကျည်ဆံအစစ်တွေသုံးပြီး လူဖြူလက်ျာဂိုဏ်းဆန္ဒပြပွဲအပေါ် မှာတော့ တခါမှသေနတ်မသုံးခဲ့တဲ့ ဆက်ဆံမှုကိစ္စဖြစ်ပါတယ်။

အစိုးရဟာ စေ့စပ်ဆွေးနွေးပွဲတွေစဖို့ ဘာမှမြန်မြန်သွက်သွက် လုပ်ဆောင်တာမရှိပါ ဘူး။ သူတို့ဟာ ကျနော်လွတ်လာတာကို ကြိုဆိုကြတဲ့ ဝမ်းသာတက်ကြွစိတ်တွေ အရှိန်သေသွား ဖို့ကို မျှော်လင့်တွက်ဆနေတယ်။ သူတို့ဟာ ကျနော်ဂုဏ်းထိုးမှောက်ခုံဖြစ်ဖို့နဲ့ အဲဒီအခါကျမှ ကယ်တင်ရှင်အဖြစ် ချီးမြှောက်ခံရတဲ့ထောင်ထွက်ဟာ မျက်မှောက်အခြေအနေနဲ့ အဆက်ပြတ် သွားတဲ့၊ အင်မတန်ကိုအမှားတွေလုပ်တတ်သူဖြစ်ကြောင်း သက်သေပြဖို့ အချိန်ပေးထားချင်တယ်။

မစ္စတာဒီကလပ်မှာ တိုးတက်ပုံရတဲ့လုပ်ရပ်တွေရှိပေမဲ့လည်း လွတ်မြောက်ရေးဖော် ဆောင်သူကြီးတော့ ဘယ်လိုမှမဟုတ်ပါ။ သူဟာ ဖြေးဖြေးသက်သာသမား၊ ချင့်ချိန်မှုရှိတဲ့

လက်တွေ့ပဓာနဝါဒီတယောက်ဖြစ်တယ်။ သူက ပြုပြင်ပြောင်းလဲရေးတွေလုပ်ရာမှာ သူ့အာဏာလက်လွှတ်ရမယ့်ရည်ရွယ်ချက်နဲ့ တခါမှမလုပ်ခဲ့ပါ။ သူပြုပြင်ပြောင်းလဲရေးလုပ်တာဟာ အဲဒါရဲ့ ဆန့်ကျင်ဘက်အကြောင်းရင်း သက်သက်ကြောင့်သာ လုပ်တာဖြစ်တယ်။ စနစ်သစ်တရပ်မှာ အာဖရိကန်းနားလူမျိုးတွေအတွက် အာဏာအာမခံချက်ရှိစေဖို့ လုပ်တာဖြစ်တယ်။ သူဟာ လူဖြူအုပ်စိုးမှု အဆုံးသတ်ရေးအတွက် စေ့စပ်ဆွေးနွေးဖို့ အသင့်မရှိပါဘူး။

သူ့ရည်မှန်းချက်ကတော့ အုပ်စုအခွင့်အရေးတွေအပေါ်အခြေခံတဲ့ အာဏာခွဲဝေရေးစနစ်တခု ထူထောင်ဖို့ ဖြစ်တယ်။ အဲဒါဟာ တောင်အာဖရိကနိုင်ငံမှာ လူနည်းစုအာဏာကို အသွင်ပြောင်းပြီး ထိန်းသိမ်းသွားမှာဖြစ်တယ်။ သူဟာ လူများစုအုပ်ချုပ်ရေး ဒါမှမဟုတ် သူတခါတလေခေါ်တဲ့ **'ရိုးရိုးစင်းစင်း လူများစုဝါဒ'** ကို ခိုင်ခိုင်မာမာဆန့်ကျင်တယ်။ အကြောင်းကတော့ အဲဒါဟာ လူဖြူကြီးစိုးမှုကို တချက်ထဲနဲ့အဆုံးသတ်ပစ်မှာဖြစ်လို့ပါပဲ။ အစိုးရဟာ နိုင်သူအကုန်ယူဆိုတဲ့ **ဝက်စ်မင်စတာ ပါလီမန်စနစ်*** ကို အကျောက်အကန်ဆန့်ကျင်ပြီး အဲဒီအစားလူဖြူလူနည်းစုအတွက် အခိုင်အမာအဆောက်အအုံပိုင်းအရ အာမခံချက်တွေရှိတဲ့ အချိုးကျကိုယ်စားပြုစနစ်ကို ရပ်ခံတယ်ဆိုတာ ကျနော်တို့ စောစောကတည်းကသိခဲ့တယ်။ သူဟာလူမည်းလူများစုကိုမဲပေးခွင့်နဲ့ ဥပဒေပြုခွင့်တွေပေးဖို့ အသင့်ရှိပေမဲ့ လူနည်းစုဗီတိုအာဏာကိုင်ထားချင်တယ်။ ကျနော်ဟာ အစကတည်းက ဒီအစီအစဉ်ကို ငြင်းပယ်ခဲ့တယ်။ ကျနော်က မစ္စတာဒီကလပ်ကို ဒါဟာ အသားအရောင်ခွဲခြားရေးစနစ်ကို ရုပ်ဖျက်ဖုံးကွယ်ထားတာဖြစ်တယ်။ **'ရှုံးသူ အကုန်ယူ'** စနစ်ဖြစ်တယ်လို့ သရုပ်ဖော်ပြခဲ့တယ်။

အမျိုးသားပါတီသမားတွေရဲ့ရေရှည်မဟာဗျူဟာကတော့ အင်ကာသာလွတ်လပ်ရေးပါတီနဲ့သူတို့ အေအင်စီဆန့်ကျင်ရေးမဟာမိတ်ဖွဲ့ပြီး ကျနော်တို့အင်အားကို ကျော်လွှားနိုင်ဖို့နဲ့ ကိပ်ပြည်နယ်ထဲက အာဖရိကန်းစကားပြောကပြားမဲဆန္ဒရှင်တွေကို အမျိုးသားပါတီသစ်တခုထဲ ဆွဲဆောင်သိမ်းသွင်းဖို့ ဖြစ်တယ်။ ကျနော် ထောင်ကလွတ်တဲ့အချိန်ကစပြီး သူတို့ဟာ ဘူသယ်လဇီကိုရော၊ ကိပ်ပြည်နယ်က ကပြားမဲဆန္ဒရှင်တွေကိုရော စတင်စည်းရုံးခဲ့တယ်။ အေအင်စီဟာ ကပြားဆန့်ကျင်ရေးဖြစ်တယ်လို့ ကပြားပြည်သူတွေထင်အောင်ခြောက်လှန့်ဖို့ အစိုးရက ကြိုးပမ်းခဲ့တယ်။ သူတို့ဟာ စော်ဘွားဘူသယ်လဇီကို အုပ်စုအခွင့်အရေးနဲ့ဖက်ဒရယ်စနစ်တရားတွေဟောပြီး တောင်အာဖရိကနိုင်ငံသစ်မှာ ဇူးလူးအာဏာနဲ့ အမှတ်လက္ခဏာထိန်းထားဖို့စော်ဘွားကြီးဆန္ဒကို ထောက်ခံအားပေးခဲ့တယ်။

အစိုးရနဲ့ဆွေးနွေးပွဲ ပထမအကြော့ကို မေလစောစောပိုင်းမှာ (၃) ရက်ကျင်းပခဲ့တယ်။ ကျနော်တို့ ကိုယ်စားလှယ်အဖွဲ့မှာ ဝေါလ်တာစစ်စူးလူး၊ ဂျိုးစလိုဗို၊ အဲလ်ဖရက်အန်ဇို၊ သာဘိုအမ်ဘီကီ၊ အာမက်ကက်သရားဒါး၊ ဂျိုးမိုဒစ်စီ၊ ရှသ်မွမ်ပက်တီ၊ အာချီဂုမီဒီ၊ ဘုန်းတော်ကြီးဘေးယားစ်နော်ဒီ၊ ရှရင်းလ်ကယ်ရိုးလပ်စ်နဲ့ ကျနော်ပါဝင်တယ်။ နေရာကတော့ ဂရုရှုးလို့ခေါ်တဲ့

* ဗြိတိသျှပါလီမန်စနစ်

ကိပ်နယ်ဒတ်ချ်ပုံစံ တိုက်အိမ်ကြီးဖြစ်တယ်။ ဒီအိမ်ကြီးဟာ စီစင်လ်ရိုဒ်စ်အပါအဝင် တောင်အာဖရိကရဲ့ ပထမဆုံးကိုလိုနီဘုရင်ခံတွေ နေထိုင်သွားခဲ့ရာ တိုက်အိမ်ကြီးဖြစ်ပါတယ်။ ကျနော်တို့ဟာ ရန်သူ့နယ်မြေထဲ ခြိုခြံအတိုက်ခံရဖို့ မျှားခေါ်ကျုံးသွင်းခံနေရပြီလို့ ကျနော်တို့ကိုယ်စားလှယ်တချို့က နောက်ပြောင်ပြောကြတယ်။

ဒါပေမဲ့ မျှော်လင့်ထားတာနဲ့ဆန့်ကျင်စွာပဲ ဆွေးနွေးပွဲတွေကို လေးလေးနက်နက်နဲ့ ရှင်ရှင်လန်းလန်းဆောင်ရွက်ခဲ့ကြတယ်။ ရာစုနှစ်နှစ်ခုလောက် တဖက်နဲ့တဖက်တိုက်ခိုက်ကြခဲ့တဲ့ သမိုင်းဝင်ရန်သူတွေဟာ တွေ့ဆုံပြီး လက်ဆွဲနှုတ်ဆက်ကြတယ်။ တော်တော်များများက ဒီလိုဆွေးနွေးမှုမျိုးတွေ ဟိုးကတည်းက ဘာကြောင့်များ မဖြစ်ခဲ့တာလဲလို့တောင် ထုတ်ပြောခဲ့ကြတယ်။ အစိုးရက ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးဂျိုးစလိုဗိုနဲ့ အမ်ကေစစ်ဦးစီးတပ်မှူး ဂျိုးမိုဒစ်စီတို့ကို ယာယီပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးထားခဲ့လို့ သူတို့ကို သရဲသဘက်တွေအဖြစ် ဆယ်စုနှစ်များစွာသဘောထားခဲ့တဲ့ အမျိုးသားပါတီခေါင်းဆောင်တွေနဲ့ သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်နေတာ တွေ့မြင်ရတော့ အင်မတန့်ကို ထူးခြားလှပါတယ်။ နောက်ပိုင်းမှာ သာဘိုအမ်ဘီကီ သတင်းထောက်တွေကို ပြောခဲ့သလို တဖက်လူတွေမှာ ဂျိုမပါဘူးဆိုတာ နှစ်ဖက်လုံးကတွေ့ရှိခဲ့ကြတယ်။

ဆွေးနွေးပွဲတွေလုပ်တာကိုယ်၌က ကျနော်တို့တိုင်းပြည်သမိုင်းမှာ ထူးခြားလှတဲ့ မှတ်တိုင်တခုဖြစ်ပါတယ်။ ကျနော်ထောက်ပြခဲ့တာကတော့ ဒီဆွေးနွေးပွဲဟာ အေအင်စီက နှစ်ပေါင်းများစွာ တောင်းဆိုခဲ့တာကို ပြဆိုရုံတင်မကပဲ တောင်အာဖရိကနိုင်ငံက လူဖြူလူမည်းဆက်ဆံရေးအနေအထားကိုဖော်ဆောင်တဲ့ သခင်နဲ့ကျွန်ဆက်ဆံရေး အဆုံးသတ်မှုကိုလည်း ကိုယ်စားပြုနေတယ်။ ကျနော်တို့ဟာ ခယဝပ်တွားတောင်းခံသူတွေ (သို့မဟုတ်) အသနားခံသူတွေအဖြစ် အစည်းအဝေး လာတက်တာမဟုတ်ဘဲ စားပွဲဝိုင်းမှာ တန်းတူရည်တူနေရာနဲ့ထိုက်တန်တဲ့ တောင်အာဖရိကသားချင်းတွေအဖြစ် လာတက်တာဖြစ်တယ်။

ဆွေးနွေးပွဲပထမနေ့ကတော့ သမိုင်းသင်ခန်းစာသင်တန်းနဲ့ အနည်းနဲ့အများတူနေပါတယ်။ အေအင်စီဟာ ၁၉၁၂ ခုမှာ စပေါ်ပေါက်ကတည်းက အာဏာရအစိုးရနဲ့ စေ့စပ်ဆွေးနွေးပွဲတွေလုပ်ဖို့ အမြဲအားထုတ်ခဲ့တယ်လို့ ကျနော်က ဆွေးနွေးဖက်တွေကို ရှင်းပြခဲ့တယ်။ တဖက်မှာတော့၊ မစ္စတာဒီကလပ်က **သီးခြားစီဖွံ့ဖြိုးရေးစနစ်*** ဖော်ထုတ်ခဲ့တာဟာ စိတ်ရင်းစေတနာနဲ့ ယဉ်ကျေးသိမ်မွေ့တဲ့အယူအဆတခုအဖြစ် ဖော်ထုတ်ခဲ့တာဖြစ်ပေမဲ့ လက်တွေ့မှာ အလုပ်မဖြစ်ခဲ့ဘူးလို့ ထင်မြင်ကြောင်း တင်ပြလာတယ်။ အဲဒီအတွက် သူ့အနေနဲ့ ဝမ်းနည်းကြောင်းနဲ့ စေ့စပ်ဆွေးနွေးပွဲတွေက အမှားတွေကိုပြင်လိမ့်မယ်လို့ မျှော်လင့်ကြောင်းပြောတယ်။ ဒါဟာ အသားအရောင်ခွဲခြားရေးစနစ်အတွက် တောင်းပန်တာမဟုတ်ပေမဲ့ တခြား ဘယ်အမျိုးသားပါတီခေါင်းဆောင်ထက်မဆို ရှေ့သို့တိုးတက်ခဲ့တာဖြစ်ပါတယ်။

အခိကဆွေးနွေးတဲ့ကိစ္စကတော့ နိုင်ငံရေးအကျဉ်းသားနဲ့ နိုင်ငံရေးအဝေးရောက်တွေကို

---

***အသားအရောင်ခွဲခြားရေးစနစ်ရဲ့ တရားဝင်နာမည်**

အဓိပ္ပါယ်သတ်မှတ်ရေးဖြစ်ပါတယ်။ အစိုးရက အဓိပ္ပါယ်သတ်မှတ်ချက် ခပ်ကျဉ်းကျဉ်းထားဖို့ဘက်က ပြောတယ်။ ပြစ်ဒဏ်ကင်းလွတ်ခွင့် (Indemnity) အတွက်အကျုံးဝင်မယ့် ကျနော်တို့လူအရေ အတွက်ကို ကန့်သတ်ချင်နေတယ်။ ကျနော်တို့ကတော့ ဖြစ်နိုင်သမျှ အကျယ်ပြန့်ဆုံး အဓိပ္ပါယ် သတ်မှတ်ရေးကို ရပ်ခံပြောဆိုပြီး နိုင်ငံရေးအကြောင်းခံကြောင့် ကျူးလွန်တဲ့အမှုအတွက် ပြစ်ဒဏ်ချမှတ်ခံရသူတိုင်း ပြစ်ဒဏ်ကင်းလွတ်ခွင့်အတွက် အကျုံးဝင်သင့်တယ်လို့ ငြင်းခုံခဲ့တယ်။ ကျနော်တို့တတွေဟာ **'နိုင်ငံရေးအကြောင်းခံတဲ့'** ပြစ်မှုများ ဆိုတာကို နှစ်ဦးနှစ်ဖက် ကျေနပ် လောက်တဲ့ အဓိပ္ပါယ်သတ်မှတ်ချက်ရဖို့ သဘောတူညီမှုမရနိုင်ခဲ့ဘဲ အဲဒါဟာ နောင်လာမယ့် ကာလအတန်ကြာအထိ ကျနော်တို့ကို ပြဿနာတွေပွားနေစေခဲ့တဲ့ ကိစ္စရပ်တခုဖြစ်သွားတယ်။

သုံးရက်ကြာဆွေးနွေးပွဲအပြီးမှာ ကျနော်တို့ဟာ **'ဂရုရှူးအစည်းအဝေးမှတ်တမ်း'** လို့ သိကြတဲ့စာတမ်းအပေါ် သဘောတူညီမှုရခဲ့တယ်။ အဲဒီထဲမှာ နှစ်ဖက်လုံးက ငြိမ်းချမ်းတဲ့ စေ့စပ် ဆွေးနွေးပွဲဖြစ်စဉ်ကို အာမခံဖို့နဲ့ အစိုးရက အရေးပေါ်အခြေအနေရုပ်သိမ်းရေး တာဝန်ယူဖို့ပါ တယ်။ သိပ်မကြာခင်မှာပဲ အကြမ်းဖက်မှုတွေ ဒင်းကြမ်းဖြစ်နေတဲ့ နေတယ်လ်ပြည်နယ်ကလွဲရင် တနိုင်ငံလုံးမှာ အရေးပေါ်အခြေအနေရုပ်သိမ်းလိုက်တယ်။ ကျနော်တို့ဟာ ရှေ့လမ်းခရီးမှာ ဆက်လက်တည်ရှိနေဆဲအနှောင့်အယှက် အဟန့်အတားတွေကိုဖြေရှင်းမယ့် ပူးတွဲအလုပ်အဖွဲ့ တခု ထူထောင်ဖို့လည်း သဘောတူခဲ့ကြတယ်။

အခြေခံဥပဒေဆိုင်ရာကိစ္စတွေကို ရောက်လာတဲ့အခါ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ သစ်တခုရေးဆွဲဖို့ တိုင်းပြုပြည်ပြုလွှတ်တော်တရပ်ရွေးကောက်ရေးကို ကျနော်တို့တောင်းဆို တယ်လို့ အစိုးရကိုပြောလိုက်တယ်။ အခြေခံဥပဒေ ဖော်ထုတ်ဖန်တီးမယ့် အမျိုးသား၊ အမျိုး သမီးတွေကို ပြည်သူတွေကိုယ်တိုင်ရွေးချယ်ရမယ်လို့ ကျနော်တို့ယူဆတယ်။ ဒါပေမဲ့ လွှတ်တော်မရွေးကောက်ခင် ကြားဖြတ်အစိုးရတရပ် ရှိဖို့လိုတယ်။ ဒီကြားဖြတ်အစိုးရက အစိုးရသစ်ရွေးကောက်ပြီးတဲ့အထိ အသွင်ကူးပြောင်းရေးကို ကြီးကြပ်မှာဖြစ်တယ်။ အစိုးရဟာ လက်ရှိအချိန်မှာလို ဒိုင်လူကြီးလည်းသူ၊ ကစားသမားလည်းသူ လုပ်လို့မဖြစ်နိုင်ပါဘူး။ ကျနော်တို့က ကြားဖြတ်အစိုးရထူထောင်ဖို့နဲ့ တိုင်းပြုပြည်ပြုလွှတ်တော် လည်ပတ်ရေးအတွက် လမ်းညွှန်မူတွေချမှတ်မယ့် ပါတီပေါင်းစုံညီလာခံတခု ထူထောင်ခေါ်ယူဖို့ အဆိုပြုရပ်ခံခဲ့တယ်။

## ၁၀၅

ကျနော် ထောင်ကလွတ်လွတ်ချင်း ကူနူးကို သွားချင်ခဲ့ပေမဲ့ ဧပြီလရောက်မှပဲ ကျနော် ခရီးထွက်နိုင်ခဲ့တယ်။ ကျနော်ဟာ ကိုယ်ထသွားချင်တဲ့အချိန် ထမသွားနိုင်ပါဘူး။ လုံခြုံရေး စီစဉ်ရတယ်။ ဒေသခံအဖွဲ့အစည်းတွေမှာပြောဖို့ မိန့်ခွန်းတွေလည်း ပြင်ဆင်ရတယ်။ ဧပြီလမှာ တော့ အေအင်စီနဲ့၊ ထရန်စကေးပြည်နယ် စစ်ခေါင်းဆောင်လည်းဖြစ်၊ အေအင်စီဘက်သား လည်းဖြစ်တဲ့ ဗိုလ်ချုပ်ကြီးဘန်တူးဟိုလိုမီစာတို့က ခရီးစဉ်တခုစီစဉ်ပေးခဲ့တယ်။ ဒါပေမဲ့ ကျနော့်ဦးနှောက်ထဲမှာရော၊ နှလုံးသားထဲမှာရော အဓိကစိုးမိုးနေတာကတော့ ကျနော့်အမေ

သင်္ချိုင်း သွားကန်တော့ဖို့ ဖြစ်ပါတယ်။

ကျနော်ဟာ ပထမဆုံးကူနူးကိုသွားပြီး အမေမြှုပ်တဲ့နေရာကို သွားခဲ့တယ်။ သူ့မသင်္ချိုင်းဟာ ရိုးရိုးလေးပဲဖြစ်ပြီး အဆင်အယင်အမွမ်းအမံတွေမရှိပါဘူး။ ကျောက်ခဲနည်းနည်းပါးပါးနဲ့ အုတ်ခဲလွတ်တချို့ ဖုံးထားတယ်။ ကူနူးက တခြားသင်္ချိုင်းတွေနဲ့ မခြားနားပါဘူး။ ကျနော်ဟာ ကိုယ့်ခံစားမှုတွေ ဖော်ပြဖို့ကို မစွမ်းနိုင်တာတွေ့ရတယ်။ အမေဆုံးချိန်မှာ ကျနော်ကအမေနဲ့ အတူတူ ရှိမနေနိုင်ခဲ့တာ ဝမ်းနည်းမိတယ်။ အမေအသက်ရှင်နေစဉ်တလျှောက်လုံး အမေ့ကို ထိုက်သင့်စွာ မကြည့်ရှုနိုင်ခဲ့တာ နောင်တရမိတယ်။ အကယ်၍သာ ကျနော် ကိုယ့်ဘဝလမ်းကို တမျိုးတဖုံ ရွေးချယ်ခဲ့ရင် ဖြစ်လာနိုင်မယ့်ဟာကို တမ်းတမျှော်မှန်းမိတယ်။

နှစ်ပေါင်းများစွာကြာပြီးမှ ကျနော့်ရွာကို ပြန်တွေ့တဲ့အခါ ကျနော်ဟာ ပြောင်းလဲသွားတာတွေနဲ့ မပြောင်းလဲသွားတာတွေကြောင့် ကျနော့်အပေါ် ကြီးကြီးမားမားဂယက်ရိုက်ခတ်ခဲ့တယ်။ ကျနော်ငယ်ငယ်တုန်းကဆိုရင် ကူနူးကပြည်သူတွေဟာ နိုင်ငံရေးကို လုံးလုံးစိတ်မဝင်စားပါဘူး။ သူတို့ဟာ အာဖရိကတိုက်သားတို့ရဲ့ အခွင့်အရေးတိုက်ပွဲကိုမသိကြပါဘူး။ လူတွေဟာ ရှိနေတဲ့ဘဝကို ရှိနေတဲ့အတိုင်း လက်ခံထားကြပြီး အဲဒါကိုပြောင်းလဲပစ်ဖို့ စိတ်မကူးခဲ့ကြပါဘူး။ ဒါပေမဲ့ အခု ကျနော်ပြန်ရောက်လာတဲ့အခါမှာတော့ ကူနူးက ကျောင်းသားကလေးတွေဟာ အော်လီဗာတမ်ဘိုအကြောင်း၊ နိုင်ငံ့လုံခြုံတံတပ်ဖွဲ့အကြောင်း သီချင်းတွေဆိုနေတာကြားရတယ်။ တိုက်ပွဲအကြောင်း အသိတရားတွေဟာ ယခုအခါ အာဖရိကလူ့အဖွဲ့အစည်းရဲ့ ဒေါင့်တိုင်း နေရာတိုင်းရောက်အောင် ဘယ်လိုစိမ့်ဝင်သွားခဲ့ပုံကို အံ့သြအထင်ကြီးခဲ့မိတယ်။

မပြောင်းလဲဘဲ နဂိုအတိုင်းရှိတာကတော့ ရပ်ရွာအသိုင်းအဝိုင်းရဲ့ နွေးထွေးမှုနဲ့ ရိုးသားမှုပဲဖြစ်ပြီး ကျနော့်ငယ်စဉ်ကလေးဘဝကို ပြန်ပြောင်းသတိရစေခဲ့ပါတယ်။ ဒါပေမဲ့ ကျနော် စိတ်မကောင်းဖြစ်တာကတော့ ရွာသားတွေဟာ ဟိုတုန်းကထက် ပိုဆင်းရဲမသွားတောင်မှ ဆင်းရဲမြဲဆင်းရဲနေဆဲ ဖြစ်ပုံရတာပါပဲ။ အများစုဟာ မြေသားကြမ်းခင်းနဲ့ ရိုးရိုးသာမန်တဲကုတ်တွေမှာ နေရဆဲဖြစ်တယ်။ လျှပ်စစ်မီးမရှိ၊ ပိုက်သွယ်ရေမရှိပါ။ ကျနော် ငယ်ငယ်တုန်းကဆိုရင် ရွာဟာ သပ်သပ်ရပ်ရပ်ရှိပြီး ရေကာသန့်တယ်။ မြက်ခင်းပြင်ဟာ မျက်စိတဆုံးစိမ်းစိုလန်းဆန်းပြီး ညစ်နွမ်းမှု မရှိခဲ့ပါဘူး။ ခြံဝိုင်းတွေကို လှဲကျင်းသန့်ရှင်းထားပြီး မြေဆီလွှာကို ထိန်းသိမ်းကြတယ်။ လယ်ယာခြံမြေတွေကို သေသေသပ်သပ် စိတ်ပိုင်းခွဲဝေထားတယ်။ ဒါပေမဲ့ အခုတော့ ရွာကို လှဲကျင်းသန့်ရှင်းတာမရှိတော့ဘဲ ရေကလဲညစ်ညမ်းနေပါပြီ။ မြေပြင်တခွင်မှာ ကျွတ်ကျွတ်အိတ်တွေနဲ့ ပလပ်စတစ်စတွေ ပြန့်ကျဲနေတယ်။ ကျနော် ကလေးတုန်းက ပလပ်စတစ်ကို မသိခဲ့ပါဘူး။ ပလပ်စတစ်ဟာ နေထိုင်မှုဘဝကို တချို့နေရာတွေမှာ တကယ်ပဲ အဆင်ပြေကောင်းမွန်စေခဲ့ပေမဲ့ ကူနူးမှာ ပလပ်စတစ်ရှိနေတာကတော့ ကျနော့်အတွက် ရောဂါဆိုးတမျိုးလိုပါပဲ။ ကျေးရွာအသိုင်းအဝိုင်းရဲ့ဂုဏ်ဒြပ် ကွယ်ပျောက်သွားခဲ့ပုံရတယ်။

အဲဒီလထဲမှာပဲ ကျနော်ဟာ နောက်ထပ် အိမ်အလည်ပြန်တာတခု လုပ်ခဲ့သေးတယ်။

အဲဒါကတော့ ကျနော် ရော်ဘင်ကျွန်းပြန်သွားပြီး အမ်ကေနိုင်ငံရေးအကျဉ်းသား (၂၅) ယောက်ကို အစိုးရရဲ့ လွတ်ငြိမ်းချမ်းသာခွင့် (Amnesty) ကမ်းလှမ်းမှုလက်ခံပြီး ကျွန်းကနေ ထွက်ခွာအောင် နားချဖို့ ဖြစ်ပါတယ်။ ကျနော် ကျွန်းကထွက်ခဲ့တာ ရှစ်နှစ်ရှိခဲ့ပြီဖြစ်ပေမဲ့ မနေ့တနေ့ကလို မှတ်မိ နေဆဲဖြစ်ပြီး လွမ်းဆွတ်တသစိတ်တော့ နည်းနည်းမှမရှိပါဘူး။ နှစ်ပေါင်းများစွာ တခြားသူတွေက ကိုယ့်ကို ထောင်ဝင်စာလာတွေ့တာ ခံခဲ့ရပြီးနောက် ကိုယ်ကတလှည့် ရော်ဘင်ကျွန်းမှာ ထောင်ဝင်စာသွားတွေ့ရတာဟာ ထူးခြားတဲ့ခံစားမှု ဖြစ်စေပါတယ်။

ဒါပေမဲ့ အဲဒီနေ့က ကျနော့်မှာ ဟိုဟိုဒီဒီလျှောက်ကြည့်ဖို့ အခွင့်အလမ်းသိပ်မရခဲ့ပါဘူး။ အကြောင်းကတော့ အစိုးရရဲ့လွတ်ငြိမ်းချမ်းသာခွင့်ကမ်းလှမ်းချက်ကို ဆန့်ကျင်ကန့်ကွက်နေတဲ့ လူတွေနဲ့ ကျနော် ချက်ခြင်းပဲ တွေ့ဆုံခဲ့ရလို့ဖြစ်ပါတယ်။ သူတို့က စေ့စပ်ဆွေးနွေးရေးစားပွဲဝိုင်းမှာ မဟုတ်ဘဲ စစ်မြေပြင်မှာအောင်ပွဲရပြီးမှ တကျွန်းထောင်ကထွက်မယ်လို့ ရပ်ခံနေကြတယ်။ အထူးသဖြင့် သူတို့ဟာ လွတ်ငြိမ်းခွင့်မရမီ မိမိတို့ပြစ်မှုတွေကို တခုချင်းစာရင်းလုပ်ပေးရတဲ့ ဒီကမ်းလှမ်းချက်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်နေကြတယ်။ သူတို့က အေအင်စီဟာ ဟာရာရေ ကြေညာချက်မှာပါတဲ့ နိုင်ငံရေးအကျဉ်းသားတွေနဲ့ ပြည်ပရောက်တွေ အကုန်လုံးအကျုံးဝင်တဲ့ ခြွင်းချက်မရှိ လွတ်ငြိမ်းချမ်းသာခွင့်တောင်းဆိုချက်ကနေ နောက်ပြန်ဆုတ်တယ်လို့ စွပ်စွဲကြတယ်။ တယောက်က **"မာဒီဘာ၊ ကျနော်ဟာ အစိုးရကို တသက်လုံးတိုက်လာခဲ့တယ်၊ အခုတော့ သူတို့ဆီက လွတ်ငြိမ်းခွင့်ပေးဖို့ အသနားခံရတော့မယ်"** လို့ ပြောတယ်။

ကျနော်ဟာ သူတို့ငြင်းဆိုချက်တွေကို ကိုယ်ချင်းစာမိတယ်။ ဒါပေမဲ့ သူတို့ဟာ ပကတိ လက်တွေ့နဲ့ ကင်းလွတ်နေတယ်။ စစ်သားတိုင်းဟာ ကိုယ့်ရန်သူကို စစ်မြေပြင်မှာ အနိုင်တိုက်ချင်ကြတာချည်းပါပဲ။ ဒါပေမဲ့ အခုကိစ္စမှာတော့ အဲသလိုအောင်ပွဲမျိုးရဖို့ လက်လှမ်းမမှီပါဘူး။ တိုက်ပွဲဟာ အခုဆိုရင် စေ့စပ်ဆွေးနွေးရေးစားပွဲဝိုင်းမှာ ရောက်နေပါပြီ။ သူတို့ ထောင်ထဲ ဆက်နေခြင်းအားဖြင့် အရေးတော်ပုံအတွက် အကျိုးမရှိဘူးလို့ ကျနော် ချေပပြောဆိုခဲ့တယ်။ သူတို့ဟာ အထဲမှာထက် အပြင်မှာ ပိုပြီးကြီးကြီးမားမား အကျိုးပြုနိုင်မှာဖြစ်တယ်။ နောက်ဆုံးမှာတော့ သူတို့က အစိုးရကမ်းလှမ်းချက်ကို လက်ခံဖို့သဘောတူခဲ့တယ်။

ဇွန်လစောစောပိုင်းမှာ ကျနော်ဟာ ဥရောပနဲ့မြောက်အမေရိကကို ခြောက်ပတ်ကြာ ခရီးထွက်ဖို့ စီစဉ်ထားတယ်။ ခရီးမထွက်ခင်မှာ ကျနော် မစ္စတာဒီကလပ်နဲ့ သီးသန့်တွေ့ဆုံခဲ့တယ်။ သူက အရေးယူဒဏ်ခတ်မှုတွေကိစ္စ ဆွေးနွေးချင်တယ်။ တောင်အာဖရိကမှာ သူလုပ်ခဲ့တဲ့ ပြောင်းလဲမှုတွေအခြေခံပြီး သူကကျနော့်ကို နိုင်ငံတကာဒဏ်ခတ်အရေးယူမှုတွေ ဆက်လုပ်ရေး တောင်းဆိုချက်ပြင်ပေးဖို့ ပန်ကြားခဲ့တယ်။ မစ္စတာဒီကလပ်ရဲ့ လုပ်ဆောင်ချက်တွေကို ကျနော်တို့ အသိအမှတ်ပြုထားပေမဲ့ ကျနော်တို့အမြင်မှာ အရေးယူဒဏ်ခတ်မှုတွေဟာ သူ့ကို နောက်ထပ် [အပြောင်းအလဲတွေ] ထပ်လုပ်စေဖို့ အကောင်းဆုံးမောင်းတံ ဖြစ်နေဆဲပါပဲ။ ဥရောပသမဂ္ဂနဲ့ အမေရိကန်တို့ဟာ မစ္စတာဒီကလပ်ရဲ့ ပြုပြင်ပြောင်းလဲချက်တွေပေါ်အခြေခံပြီး

အရေးယူဒဏ်ခတ်မှုတွေ လျှော့ပေးချင်နေကြတာ ကျနော်သိတယ်။ ကျနော်က မစ္စတာဒီကလပ်ကို အသားအရောင်ခွဲခြားရေးစနစ် လုံးဝဖျက်သိမ်းပြီး ကြားဖြတ်အစိုးရတရပ် ဖြစ်မလာမချင်း ကျနော်တို့ထောက်ခံသူတွေကို ဒဏ်ခတ်မှုတွေလျှော့ပေးကြဖို့ မပြောပေးနိုင်ဘူးလို့ ရှင်းပြလိုက်တယ်။ ဒီကလပ်ဟာ ကျနော့်တုံ့ပြန်ချက်ကြောင့် စိတ်ပျက်သွားပေမဲ့ အံ့သြခြင်းတော့မရှိပါ။

ခရီးစဉ်ရဲ့ ပထမတထောက်မှာ ကျနော်နဲ့ဝင်နီဟာ ပဲရစ်မြို့ကိုရောက်သွားတယ်။ အဲဒီမှာ ကျနော်တို့ကို [သမတ] ဖရွန်ဆွာမီထရောင်းနဲ့ နှစ်လိုဖွယ်ကောင်းတဲ့သူ့ဇနီး ဒယ်နီယယ်တို့က အင်မတန့်ကို တခမ်းတနားဆက်ဆံကြတယ်။ ဒယ်နီယယ်ဟာ ကာလရှည်ကြာ အေအင်စီကို ထောက်ခံခဲ့သူတဦးလည်းဖြစ်တယ်။ ဒါဟာ ဥရောပတိုက်မကြီးကို ကျနော်ရဲ့ ပထမဆုံးခရီး မဟုတ်သော်လည်း ကျနော်ဟာ **ကမ္ဘာဟောင်း*** အလှအပတွေရဲ့ ဖမ်းစားမှုကို ခံနေရဆဲပါပဲ။ ကျနော့်အနေနဲ့ **လင်းလက်မြို့တော်**** ရဲ့အလှကို သေးသိမ်အောင်မလုပ်လိုပေမဲ့ ကျနော် ပြင်သစ်ပြည်မှာရှိနေတုန်း အရေးပါဆုံးဖြစ်ရပ်ကတော့ [တောင်အာဖရိက] အစိုးရက အရေးပေါ်အခြေအနေရုပ်သိမ်းကြောင်း ကြေညာလိုက်တာပဲဖြစ်ပါတယ်။ ကျနော်ဟာ ကျေနပ်ဝမ်းသာမိတယ်။ ဒါပေမဲ့ ကျနော် ဥရောပရောက်နေတုန်း သူတို့ဒီလိုလုပ်ခြင်းဟာ အရေးယူဒဏ်ခတ်မှုတွေ ဆက်လုပ်ဖို့ ကျနော့်တောင်းဆိုချက်ကို အခြေယိုင်အောင်လုပ်တာဖြစ်ကြောင်း ကျနော် ကောင်းကောင်းသိတယ်။

ကျနော်ဟာ ဆွစ်ဇာလန်၊ အီတလီနဲ့ နယ်သာလန်တို့ကိုဝင်ပြီးနောက် အင်္ဂလန်နိုင်ငံကို သွားခဲ့တယ်။ အဲဒီမှာ ကျနော်ဟာ အော်လီဗာနဲ့ အဒယ်လေ့ဒ်တို့လင်မယားဆီ နှစ်ရက်ကြာ သွားလည်ခဲ့တယ်။ နောက်ဝင်ရမယ့်နေရာက အမေရိကန်ပြည်ထောင်စုဖြစ်ပေမဲ့ တောင်အာဖရိကမှ အပြန်လမ်းမှာ အင်္ဂလန်နိုင်ငံကို ပြန်လာရဦးမှာဖြစ်ပြီး အဲဒီကျမှ [ဝန်ကြီးချုပ်] မစ္စစ်သက်ချာနဲ့တွေ့ဖို့ စီစဉ်ထားတယ်။ ဒါပေမဲ့လည်း ယဉ်ကျေးမှုအရ ကျနော် အမေရိကန် မသွားခင် သူမဆီ ဖုန်းနဲ့ နှုတ်ဆက်စကားပြောတဲ့အခါ သူမကကျနော့်ကို ခပ်မာမာနဲ့ ဆုံးမစကားပြောပါတော့တယ်။ သူမဟာ ကျနော့်ခရီးစဉ်တွေကို တောက်လျှောက်လေ့လာစောင့်ကြည့်နေပြီး ကျနော် တရက်ကို အခမ်းအနား ဘယ်နှစ်ခုတက်သလဲဆိုတာ မှတ်သားနေတယ်တဲ့။ သူမက **"မစ္စတာမင်ဒဲလား၊ ကျမတို့ ဘာကိစ္စကိုမှမဆွေးနွေးခင် ရှင့်ကိုကျမအနေနဲ့ သတိပေးရမှာကတော့ ရှင့်အစီအစဉ်က တအားများလွန်း၊ ကြပ်လွန်းနေတယ်။ အဲဒါကို ထက်ဝက်လောက် လျှော့ချပစ်ရမယ်။ ရှင့်ထက် အသက်တဝက်လောက်ငယ်တဲ့လူဆိုရင်တောင်မှ ရှင့်ကိုယ်ရှင်လုပ်ထားတဲ့ တောင်းဆိုမှုတွေ ပြည့်မှီအောင်လုပ်နိုင်ဖို့ ခက်လိမ့်မယ်။ ရှင် ဒီလိုပဲဆက်လုပ်နေရင်တော့ အမေရိကန်ပြည်ကနေ အသက်ရှင်ရက် ပြန်ထွက်လာနိုင်မှာမဟုတ်ဘူး။ ဒါ ကျမ ရှင့်ကိုအကြံပေးတာပါ"** လို့ပြောတယ်။

*****

* ဥရောပတိုက်

** ပါရီမြို့

ကျနော် လူငယ်ဘဝကတည်းက နယူးယောက်မြို့တော်အကြောင်း ဖတ်ခဲ့ဖူးတယ်။ အခုတော့ မြို့တော်ကြီးရဲ့ မှန်နဲ့ကွန်ကရစ်လျှို့မြောင်ကြီးတွေရဲ့အခြေကနေ မြို့ကိုကြည့်နေရင်း သန်းနဲ့ချီတဲ့ စက္ကူစတွေကြဲချလို့ ဝဲကျလာတာတွေ့ရတော့ အသက်ရှူဖို့တောင်မေ့သွားစေတဲ့ အတွေ့အကြုံတခုပါပဲ။ ကျနော်တို့ မြို့တော်ကြီးထဲလှည့်လည်တာကို လူတသန်းလောက်က ကြည့်ခဲ့တယ်လို့ သတင်းရပြီး အသားအရောင်ခွဲခြားရေးစနစ်ဆန့်ကျင်ရေးကို သူတို့အားပေး ထောက်ခံတာ၊ စိတ်အားထက်သန်ကြတာမြင်ရတော့ ကိုယ့်ဟာကိုယ်အားမရ တကယ်ပဲဖြစ်မိ ပါတယ်။ နယူးယောက်မြို့ဟာ နှလုံးသားမာကြောတဲ့နေရာလို့ စာအုပ်တွေထဲ ကျနော်အမြဲ ဖတ်ခဲ့ရပေမဲ့ မြို့တော်ကြီးက ကျနော့်ရဲ့ ပထမဆုံးတနေ့တာမှာတော့ အဲဒါနဲ့ လုံးဝဆန့်ကျင်ဘက် ကို ကျနော်ခံစားရပါတယ်။

နောက်တနေ့မှာတော့ ကျနော်ဟာ **ဟာလင်ရပ်ကွက်*** ကို သွားခဲ့တယ်။ ဒီနေရာဟာ ၁၉၅၀ ခုနှစ်များကတည်းက ကျနော့်စိတ်ကို ဒဏ္ဍာရီဆန်ဆန် အတိုင်းအတာတွေနဲ့ လွှမ်းမိုး ထားခဲ့တာဖြစ်တယ်။ အဲဒီတုန်းက ဆိုဖီတိုလူငယ်တွေဟာ ဟာလင်မော်ဒယ်တွေရဲ့ ထင်ရှား စူးရှတဲ့ဖက်ရှင်တွေကို အတုခိုးခဲ့ကြတယ်။ ကျနော်ဟာ ယန်ကီးအားကစားကွင်းထဲက ကြီးမားလှတဲ့ လူအုပ်ကြီးကို မိန့်ခွန်းပြောခဲ့ရာမှာ တောင်အာဖရိကလူမည်းတွေနဲ့ အမေရိကန်လူမည်းတွေ ဟာ အာဖရိကတိုက်ရဲ့သားသမီးတွေ အတူတူဖြစ်ခဲ့လို့ ဒီနှစ်ခုကြားမှာ မပြတ်တောက်နိုင်တဲ့ ချက်ကြိုးနဲ့ ဆက်သွယ်နေတယ်လို့ ပြောခဲ့တယ်။ ဒီနှစ်ခုကြားမှာ ဒဗလျူအီးဘီဒူဘွား၊ မားကပ်စ် ဂါဗေနဲ့ မာတင်လူသာကင်းတို့လို ကြီးမြတ်တဲ့အမေရိကန်တွေက အားပေးလှုံ့ဆော်ခဲ့တဲ့ ဆွေမျိုး သားချင်းတော်စပ်မှုရှိနေတယ်လို့ ကျနော်ပြောခဲ့တယ်။ ကျနော်ဟာ လူငယ်ဘဝမှာ **အညိုရောင် ဗုံးကြဲလေယာဉ်** လို့ နာမည်ကြီးခဲ့တဲ့ **ဂျိုးလူဝီ**** ကို ကိုးကွယ်ခဲ့ဘူးတယ်။ သူဟာ ကြိုးဝိုင်းထဲမှာ ပြိုင်ဖက်တွေကို ထိုးသတ်ရုံတင်မကဘဲ ကြိုးဝိုင်းအပြင်က လူမျိုးခွဲခြားရေးသမားတွေကိုလည်း ထိုးသတ်ခဲ့တယ်။ ကျနော် ထောင်ထဲမှာတုန်းက လူမျိုးခွဲခြားရေးဝါဒ၊ အဆင့်အတန်းခွဲခြားမှုနဲ့ စီးပွားရေးတန်းတူညီမျှမရှိမှုတွေကို ဆန့်ကျင်တဲ့ အမေရိကန်လူမည်းတွေရဲ့တိုက်ပွဲကို တောက် လျှောက်လေ့လာစောင့်ကြည့်ခဲ့တယ်။ ကျနော်တို့အတွက် ဟာလင်ဟာ ခုခံတွန်းလှန်မှုရဲ့ စွမ်းပကားနဲ့ လူမည်းဂုဏ်မာနရဲ့အလှတရားကို အထိမ်းအမှတ်ပြုနေတယ်။ အဲဒီအချက်ကို မနေ့က ကျနော်တွေ့ခဲ့တဲ့ လူငယ်တယောက်ဝတ်ထားတဲ့ တီရှပ်ပေါ်မှာ **'သဘာဝအရ အသား မည်းတယ်။ စိတ်ကြိုက်ရွေးချယ်မှုအရ ဂုဏ်ယူတယ်'** ဆိုတဲ့စာတမ်းက ကျနော့်ကိုညွှန်ပြနေတယ်။ ကျနော်တို့ဟာ သဘာဝအရဆက်စပ်နေကြပေမဲ့ စိတ်ကြိုက်ရွေးချယ်မှုအရ တယောက်အတွက် တယောက် ဂုဏ်ယူကြတယ်လို့ ကျနော်ပြောခဲ့တယ်။

ကျနော်ဟာ မင်းမ်ဖစ္စနဲ့ ဘော်စတွန်ကို ခရီးထွက်ခဲ့ပြီးနောက် ဝါရှင်တန်မြို့ကိုသွားပြီး ကွန်ဂရက်လွှတ်တော်နှစ်ရပ် ပူးတွဲအစည်းအဝေးကို မိန့်ခွန်းပြောခဲ့တယ်။ သမတဘွတ်ရှ်နဲ့

* **နယူးယောက်မြို့မှ လူမည်းရပ်ကွက်**

** **ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ**

သီးသန့် တွေ့ဆုံဆွေးနွေးခဲ့တယ်။ ကျနော်က အမေရိကန်ကွန်ဂရက်လွှတ်တော်ကို အသား အရောင်ခွဲခြားမှုစနစ် ဆန့်ကျင်ရေးဥပဒေ ထုတ်ပြန်ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်းပြောပြီး တောင်အာဖရိကနိုင်ငံသစ်ဟာ အခုကျနော်စကားပြောနေတဲ့ လွှတ်တော်နှစ်ရပ်ကို ဖန်တီးဖြစ် ပေါ်စေခဲ့တဲ့ တန်ဖိုးစံတွေနဲ့ ကိုက်ညီအောင်နေဖို့ မျှော်မှန်းထားကြောင်း ပြောခဲ့တယ်။ ကျနော် တို့ဟာ လွတ်လပ်ရေးတိုက်ပွဲဝင်သူတွေပီပီ ဂျော့ဝါရှင်တန်၊ အေဘရဟမ်လင်ကွန်းနဲ့ သောမတ် ဂျက်ဖာဆင်တို့လို လူစားတွေကို မသိဘဲမနေခဲ့ဘူး။ **"သူတို့လှုပ်ရှားခဲ့ရသလို မလွဲမသွေ မလှုပ်ရှားဘဲ နေလို့မရနိုင်ဘူး"** လို့ ကျနော်ပြောခဲ့တယ်။ ဒီ့အပြင် အရေးယူဒဏ်ခတ်ရေးနဲ့ ပတ်သက်လို့ ပြင်းထန်တဲ့သဘောထားကိုလည်း ပြောခဲ့တယ်။ အကြောင်းကတော့ ဘွတ်ရှ် အစိုးရဟာ ဒဏ်ခတ်မှုတွေလျှော့ပေးဖို့ အချိန်ရောက်ပြီလို့ ယူဆနေတာ ကျနော်သိထားတဲ့ အတွက်ကြောင့်ဖြစ်တယ်။ ကျနော်က ကွန်ဂရက်လွှတ်တော်ကို အဲသလိုမလျှော့ပေးဖို့ တိုက်တွန်း ခဲ့တယ်။

ကျနော်ဟာ ဂျော့ဘွတ်ရှ်နဲ့ မတွေ့ရခင်ကတည်းက သူ့အပေါ် အကောင်းဘက်က သဘောထားအမြင် ဖြစ်နေခဲ့တယ်။ ဘာလို့လဲဆိုတော့ သူဟာ ကျနော်ထောင်ကလွတ်တဲ့ အခါ ဝမ်းသာဂုဏ်ပြုကြောင်း တယ်လီဖုန်းဆက်ပြောတဲ့ ပထမဆုံးကမ္ဘာ့ခေါင်းဆောင်တယောက် ဖြစ်လို့ပါပဲ။ အဲဒီကစပြီး သမတဘွတ်ရှ်ဟာ အရေးကြီးကိစ္စရပ်တွေနဲ့ပတ်သက်ပြီး သူ့မိတ်ဆက် ရှင်းလင်းပြတဲ့ ကမ္ဘာ့ခေါင်းဆောင်အနည်းစုစာရင်းထဲ ကျနော့်ကိုထည့်ထားခဲ့တယ်။ ပုဂ္ဂိုလ်ရေး အားဖြင့် သူဟာ နွေးထွေးဖော်ရွေပြီး ချင့်ချင့်ချိန်ချိန်ရှိတယ်။ ဒါပေမဲ့ သူနဲ့ကျနော်ဟာ လက်နက် ကိုင်တိုက်ပွဲကိစ္စနဲ့ ပြစ်ဒဏ်ခတ်အရေးယူရေးကိစ္စတွေမှာ သိသိသာသာကြီး ကွဲလွဲကြတယ်။ ဒီလူဟာ ကိုယ်နဲ့ သဘောကွဲလွဲပေမဲ့ လက်ဆွဲနှုတ်ဆက်လို့ရနိုင်တဲ့လူ ဖြစ်တယ်။

အမေရိကန်နိုင်ငံကနေ ကျနော် ကနေဒါကိုဆက်သွားခဲ့တယ်။ အဲဒီမှာ ဝန်ကြီးချုပ် မူလ်ရွန်နီနဲ့ တွေ့ဆုံဆွေးနွေးခဲ့ရပြီး ပါလီမန်ကိုလည်း မိန့်ခွန်းပြောခဲ့တယ်။ ကျနော်တို့ရဲ့ နောက် ခရီးတထောက်က အိုင်ယာလန်ကိုသွားဖို့ဖြစ်ပြီး ကျနော်တို့စီးတဲ့ ဂျက်လေယာဉ်ငယ်လေးဟာ အတ္တလန္တိတ်သမုဒ္ဒရာကိုမဖြတ်ခင် အာတိတ်စက်ဝိုင်းမြောက်ဘက်က အလှမ်းဝေးတဲ့နေရာ တခုဖြစ်တဲ့ ဂူစ်ဘေးမှာ ဆီထပ်ဖြည့်ဖို့ရပ်နားခဲ့တယ်။ အဲဒီမှာ ကျနော်ဟာ အေးစက်လတ်ဆတ်တဲ့ လေရှူရင်း လမ်းလျှောက်ထွက်ချင်လို့ လေယာဉ်ကွင်းထဲလျှောက်နေတဲ့အခါ လေယာဉ်ကွင်းခြံ စည်းရိုးဘေးမှာ ရပ်နေတဲ့လူတချို့ကို သတိထားမိတယ်။ အဲဒီလူတွေက ဘယ်သူတွေလဲလို့ ကနေဒါအစိုးရအရာရှိတယောက်ကို ကျနော်မေးကြည့်တဲ့အခါ **"အက်စ်ကီးမိုးတွေ"** လို့ သူက ပြောတယ်။

ကျနော် လူ့ပြည်မှာနေနေတဲ့ သက်တမ်း (၇၂) နှစ်အတွင်း တခါမှ အင်းနူးဝစ်လူမျိုးတ ယောက်ကိုမတွေ့ဖူးပါ။ တွေ့လိမ့်မယ်လို့လည်း တခါမှမထင်မိခဲ့ပါ။ ကျနော် ခြံစည်းရိုးဆီလျှောက် သွားတော့ အသက် (၂၀) မပြည့်လောက်သေးတဲ့ လူငယ်တဒါဇင်ခန့်တွေ့ရတယ်။ သူတို့ဟာ ကျနော်တို့လေယာဉ် အဲဒီမှာဆင်းမယ်ကြားလို့ လေယာဉ်ကွင်းကို ထွက်လာကြတာဖြစ်တယ်။

ကျနော်ဟာ ခလေးဘဝကတည်းက အင်းနူးဝစ်လူမျိုး (**'အက်စ်ကီးမိုး' ဆိုတဲ့နာမည်က ကိုလိုနီနယ်ချဲ့သမားတွေ ပေးသွားတာဖြစ်တယ်**) တွေအကြောင်း စာအုပ်ထဲဖတ်ခဲ့ဘူးတယ်။ လူမျိုးခွဲခြားရေးသမား ကိုလိုနီဝါဒသမားတွေရဲ့စာအုပ်တွေ ဖတ်လို့ရတဲ့အမြင်ကတော့ ဒီလူတွေဟာ အင်မတန် ခေတ်နောက်ကျသူတွေလို့ သိခဲ့ရတယ်။

ဒါပေမဲ့ ဒီထက်မြက်တဲ့လူငယ်တွေနဲ့ စကားပြောကြည့်တဲ့အခါကျတော့ သူတို့ဟာ ကျနော် ထောင်ကလွတ်လာတာကို ရုပ်မြင်သံကြားမှာကြည့်ခဲ့ရပြီး တောင်အာဖရိကက အဖြစ်အပျက်တွေနဲ့ အကျွမ်းတဝင်ဖြစ်နေတာ ကျနော်သိရတယ်။ သူတို့ထဲကတယောက်က **"အေအင်စီ အဓွန့်ရှည်ပါစေ"** လို့ ကြွေးကြော်လိုက်တယ်။ အင်းနူးဝစ်တွေဟာ ငှာနေတိုင်းရင်းသားတွေဖြစ်ပြီး လူဖြူအခြေချနေထိုင်သူတွေက သမိုင်းတလျှောက် မတရားဖိနှိပ်ဆက်ဆံတာခံခဲ့ရတယ်။ တောင်အာဖရိကလူမည်းတွေနဲ့ အင်းနူးဝစ်လူမျိုးတွေရဲ့ ဝမ်းနည်းဖွယ်ရာ ဆင်းရဲဒုက္ခတွေကြားမှာ တူညီမှုတွေရှိနေတယ်။ ကျနော့်ကို အရှိန်အဟုန်ပြင်းပြင်းနဲ့ ရိုက်ခတ်သွားတဲ့အချက်ကတော့ ကျနော်ထောင်ထဲ ဆယ်စုနှစ်တွေချီပြီး နေနေရတဲ့ကာလအတွင်း ကမ္ဘာဂြိုလ်ကြီးဟာ အင်မတန်သေးကျုံ့သွားခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။ ကမ္ဘာ့ခေါင်မိုးမှာနေတဲ့ ဆယ်ကျော်သက် အင်းနူးဝစ်လူမျိုးတယောက်ဟာ အာဖရိကတိုက်ရဲ့တောင်ဖက်စွန်းက နိုင်ငံရေးအကျဉ်းသားတယောက် လွတ်တာလာတာကို ကြည့်နိုင်တယ်ဆိုတဲ့အချက်ဟာ ကျနော့်အတွက် မယုံနိုင်စရာဖြစ်နေတယ်။ ရုပ်မြင်သံကြားဟာ ကမ္ဘာကြီးကိုရှုံ့သွားစေခဲ့ပြီး ဒီလိုနဲ့ မသိနားမလည်မှုပပျောက်စေဖို့နဲ့ ဒီမိုကရေစီအားပေးအားမြှောက်ပြုဖို့ အားကောင်းတဲ့ လက်နက်တခုဖြစ်လာခဲ့တယ်။

ဒပ်ဘလင်မြို့ကိုဝင်ပြီးနောက် ကျနော် လန်ဒန်ကိုသွားခဲ့ပြီး မစ္စစ်သက်ချာနဲ့ သုံးနာရီကြာတွေ့ဆုံဆွေးနွေးခဲ့တယ်။ လေအေးထဲရပ်ပြီး အင်းနူးဝစ်လူငယ်တွေနဲ့ စကားပြောခဲ့ရာမှ ကျနော် အအေးမိသွားတယ်။ မစ္စစ်သက်ချာနဲ့တွေ့ရမယ့်ရက်မှာ ရာသီဥတုအေးပြီး မိုးရွာနေတယ်။ ကျနော်တို့ တည်းခိုရာကထွက်တဲ့အခါ ဝင်နီကကျနော့်ကို မိုးကာအင်္ကျီယူဖို့ ပြောတယ်။ အဲဒီအချိန်မှာ ကျနော်တို့ဟာ ဟော်တယ်ရဲ့ ဧည့်ကြိုခန်းမဆောင်ထဲ ရောက်နေပြီဖြစ်ပြီး မိုးကာအင်္ကျီ ပြန်တက်ယူရင် အချိန်နောက်ကျလိမ့်မယ်။ ကျနော်ဟာ အချိန်တိကျမှုကို အထူးအလေးထားသူဖြစ်ပါတယ်။ ဒါဟာ ကိုယ် တွေ့ရမယ့်လူကို လေးစားတဲ့လက္ခဏာဖြစ်တယ်လို့ ကျနော်ယူဆရုံမက အာဖရိကတိုက်သားတွေဟာ လေးလေးလံလံနှေးနှေးကွေးကွေးတွေဆိုတဲ့ နာမည်ပျက်နဲ့ အနောက်တိုင်းက ပုံသေကြည့်မြင်ထားမှုကို တိုက်ဖျက်ဖို့လည်းဖြစ်ပါတယ်။ ကျနော်က ဝင်နီ့ကို အချိန်မရှိဘူးလို့ ပြောလိုက်ပြီး၊ ဒါတင်မကသေးဘဲ မိုးရွာထဲရပ်ပြီး ကလေးတချို့အတွက် အော်တိုစာအုပ်တွေ လက်မှတ်ထိုးပေးခဲ့တယ်။ မစ္စစ်သက်ချာဆီ ကျနော်ရောက်သွားတဲ့အချိန်မှာတော့ ကျနော်ဟာ နေလို့ထိုင်လို့ အတော့်ကိုမကောင်းတော့ပါဘူး။ ဒါကို နောက်ပိုင်းမှာတော့ အဆုတ်အအေးမိရောဂါအပျော့စားအဖြစ် [ဆရာဝန်တွေက] ရောဂါစစ်ချက် ဖော်

ထုတ်ခဲ့တယ်။

ဒါပေမဲ့ ဒါဟာ ကျနော်တို့တွေ့ဆုံဆွေးနွေးမှုကို အနှောင့်အယှက်မဖြစ်စေခဲ့ပါဘူး။ သို့သော်လည်း သူမကတော့ ကျောင်းဆရာမအိုတယောက်လို သူမအကြံပေးတာ မလိုက်နာဘဲ အစီအစဉ်တွေ လျှော့မပစ်ရကောင်းလားလို့ အပြစ်ဆိုခဲ့တယ်။ ပြစ်ဒဏ်ခတ်အရေးယူရေး ကိစ္စလို ကိစ္စရပ်အတော်များများမှာ မစ္စစ်သက်ချာဟာ အေအင်စီရဲ့ဆန့်ကျင်ဘက်ကရပ်ပေမဲ့ သူမဟာ အမြဲတမ်း ပွင့်ပွင့်လင်းလင်းမကွေ့မဝိုက်ပြောတတ်ပြီး တဖက်သားကို အင်မတန် ဂရုစိုက်တဲ့ အမျိုးသမီးကြီးဖြစ်ပါတယ်။ အဲဒီနေ့က ကျနော်တို့တွေ့ဆုံဆွေးနွေးပွဲမှာတော့ ကျနော်ဟာ ပြစ်ဒဏ်ခတ်အရေးယူရေးပြဿနာနဲ့ ပတ်သက်ပြီး သူမနဲ့နည်းနည်းလေးတောင်မှ တိုးတက်မှုမရနိုင်ခဲ့ပါဘူး။

## ၁၀၆

ကျနော်ဟာ ယူဂန္ဒာ၊ ကင်ညာနဲ့ မိုဇမ်ဘစ်နိုင်ငံတွေ ခဏတဖြုတ်ဝင်လည်ပြီး ဇူလိုင်လမှာ တောင်အာဖရိကကို ပြန်ရောက်လာခဲ့တယ်။ ပြန်ရောက်တဲ့အခါ မစ္စတာဒီကလပ်နဲ့ တွေ့ဆုံဆွေးနွေးရဖို့ ပန်ကြားခဲ့တယ်။ တိုင်းပြည်ထဲမှာ အကြမ်းဖက်မှုတွေ ပိုဆိုးဝါးလာနေတယ်။ ၁၉၉၀ ခုနှစ်အတွင်း အသတ်ခံရသူအရေအတွက် (၁,၅၀၀) ကျော်နေပြီဖြစ်ပြီး ဒါဟာ ပြီးခဲ့တဲ့တနှစ်လုံး နိုင်ငံရေးအရ အသတ်ခံရသူအားလုံးထက် ပိုများတယ်။ ကျနော်ဟာ လုပ်ဖော်ကိုင်ဖက်တွေနဲ့ တိုင်ပင်ပြီးနောက် ပုံမှန်အခြေအနေပြန်ရောက်ရေးဖြစ်စဉ်ကို အရှိန်မြှင့်ဖို့လိုတယ်လို့ ယူဆမိတယ်။ ကျနော်တို့တိုင်းပြည်ဟာ သွေးထွက်လွန်ပြီး အသက်ဆုံးတော့မှာဖြစ်လို့ ကျနော်တို့ဟာ ပိုပြီးမြန်မြန်ထက်ထက် ရှေ့ကို ရွေ့ရှားရလိမ့်မယ်။

မစ္စတာဒီကလပ်က ဇွန်လထဲမှာ အရေးပေါ်အခြေအနေ ရုပ်သိမ်းလိုက်တာဟာ ဆွေးနွေးပွဲတွေပြန်စဖို့ အခင်းအကျင်းပြင်လိုက်ပုံရပေမဲ့ ဇူလိုင်လထဲမှာတော့ အစိုးရရဲ့လုံခြုံရေးတပ်ဖွဲ့တွေက အေအင်စီအဖွဲ့ဝင် (၄၀) လောက်ကို ဖမ်းခဲ့တယ်။ အဲဒီထဲမှာ မက်မဟာရာဇ၊ ပရာဗင်ဂေါ်ဒန်၊ ဆီဖီဝေါ်ဇာဒါးနဲ့ ဘီလီနဲ်ယားတို့ပါဝင်ပြီး သူတို့ဟာ အစိုးရကိုဖြုတ်ချဖို့ ဗူးလား စစ်ဆင်ရေးလို့ခေါ်တဲ့ ကွန်မြူနစ်ပါတီ အကြံအစည်တခုမှာ ပတ်သက်နေတယ်လို့ ဆိုတယ်။ ဒီကလပ်က ကျနော်နဲ့ အရေးတကြီးတွေ့ဆုံဆွေးနွေးဖို့ခေါ်ပြီး လူဖမ်းပွဲမှာ သိမ်းရခဲ့တယ်လို့ သူပြောတဲ့ စာရွက်စာတမ်းတွေ ဖတ်ပြတယ်။ ကျနော်ဟာ အဲဒီအကြောင်းဘာမှမသိတဲ့အတွက် အံ့သြတုန်လှုပ်သွားခဲ့တယ်။

ဆွေးနွေးပွဲပြီးတော့ ကျနော်ဟာ အဲဒါနဲ့ပတ်သက်တဲ့ ရှင်းလင်းချက်သိချင်လို့ ဂျိုးဆလိုဗိုကို မေးကြည့်တယ်။ ဂျိုးရှင်းပြတာက မစ္စတာဒီကလပ်ဖတ်ပြတဲ့စာပိုဒ်တွေဟာ လိုရာဆွဲထုတ်ထားတာဖြစ်ပြီး ဗူးလားဆိုတာ လုံးဝနီးပုံးချုပ်ပြီးဆုံးသွားပြီးဖြစ်တဲ့ စစ်ဆင်ရေးဖြစ်တယ်လို့ ပြောတယ်။ ဒါပေမဲ့ အစိုးရဟာ ဒီတွေ့ရှိချက်ကိုအသုံးချပြီး အေအင်စီကို အက်စ်အေစီပီကနေခွဲထုတ်ဖို့နဲ့ ဂျိုးဆလိုဗိုကို စေ့စပ်ဆွေးနွေးပွဲက ဖယ်ထုတ်ဖို့ကြိုးစားချင်နေတယ်။ ကျနော်က မစ္စတာဒီကလပ်ဆီ

ပြန်သွားပြီး သူဟာ သူ့ပုလိပ်အဖွဲ့ရဲ့ သတင်းများပေးခံရတာဖြစ်ကြောင်းနဲ့ ကျနော်တို့ဟာ အက်စ်အေစီပီနဲ့လမ်းခွဲဖို့ ဒါမှမဟုတ် ကျနော်တို့စေ့စပ်ဆွေးနွေးရေးအဖွဲ့ထဲကနေ ဂျိုးဆလိုဗိုကို ဖယ်ထားဖို့ လုံးဝရည်ရွယ်ချက်မရှိကြောင်း ပြောပြလိုက်တယ်။

ဇူလိုင်လလယ်လောက် နိုင်ငံလုံးဆိုင်ရာ အလုပ်အမှုဆောင်ကော်မတီရဲ့ သတ်မှတ်စီစဉ်ထားတဲ့ အစည်းအဝေးမလုပ်ခင်လေးမှာ ဂျိုးဆလိုဗိုဟာ အဆိုပြုချက်တခုနဲ့အတူ ကျနော့်ဆီ သီးသန့် လာရောက်ခဲ့တယ်။ သူ့အကြံပြုချက်ကတော့ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ် ရှေ့တက်လှမ်းဖို့ သင့်တော်တဲ့ ရာသီဥတုဖန်တီးနိုင်အောင် ကျနော်တို့က လက်နက်ကိုင်တိုက်ပွဲကို ကိုယ့်သဘောနဲ့ ကိုယ် ရပ်နားထားရေးဖြစ်တယ်။ မစ္စတာဒီကလပ်ဟာ သူ့ပေါ်လစီကြောင့် တိုင်းပြည်မှာ အကျိုးကျေးဇူးတွေရှိလာပြီဆိုတာ သူ့ထောက်ခံသူတွေကိုပြဖို့ လိုအပ်နေတယ်လို့ ဂျိုးကပြောတယ်။ ကျနော့်ရဲ့ ပထမဆုံးတုံ့ပြန်မှုကတော့ ငြင်းပယ်လိုက်တာပဲ ဖြစ်ပါတယ်။ အခြေအနေရင့်မှည့်ပြီလို့ ကျနော်မထင်ပါ။

ဒါပေမဲ့ ဒီအကြောင်းကို ကျနော် ထပ်ပြီးဆင်ခြင်စဉ်းစားလေ၊ ကျနော်တို့ဟာ ရှေ့ဆောင်ရှေ့ရွက်ထိုးထွင်းမှု ပြုဖို့လိုတယ်လို့ ပိုပြီးသဘောပေါက်လာလေဖြစ်တယ်။ ဒါဟာ အဲသလိုထိုးထွင်းမှုလုပ်ဖို့ အကောင်းဆုံးနည်းလမ်းဖြစ်တယ်လို့ သဘောပေါက်လာတယ်။ ဒါ့အပြင် အကုန်အစင် တော်လှန်ပြောင်းလဲရေးသမားတယောက်အဖြစ် ဘယ်သူမှမငြင်းနိုင်တဲ့ ဂုဏ်ပုဒ်တွေရှိတဲ့ဂျိုးဟာ ဒီအဆိုပြုချက်တင်ဖို့ တကယ့်ကို အသင့်တော်ဆုံးပုဂ္ဂိုလ်ဖြစ်တယ် ဆိုတာလည်း ကျနော် အသိအမှတ်ပြုမိတယ်။ သူ့ကိုတော့ အစိုးရရဲ့အလှည့်စားခံရသူ ဒါမှမဟုတ် ပျော့ကျသွားသူအဖြစ် စွပ်စွဲလို့မရနိုင်ပါဘူး။ နောက်တနေ့မှာတော့ ကျနော်က ဂျိုးကို တကယ်လို့ သူ့အယူအဆကို အင်အီးစီထဲတင်လာရင် ကျနော်ထောက်ခံမယ်လို့ ပြောလိုက်တယ်။

နောက်တနေ့ အင်အီးစီအစည်းအဝေးမှာ ဂျိုးက အဆိုပြုချက်တင်တဲ့အခါ တချို့က အပြင်းအထန်ကန့်ကွက်ကြတယ်။ သူတို့က ကျနော်တို့ဟာ ဒီကလပ်ထောက်ခံသူတွေကို ဆုချပေးနေပြီး ကိုယ့်ဘက်က ပြည်သူတွေကိုတော့ ဆုမချပေးဘူးလို့ ဆိုကြတယ်။ ဒါပေမဲ့ ကျနော်က အဆိုပြုချက်ကို ကာကွယ်ခဲ့တယ်။ လက်နက်ကိုင်တိုက်ပွဲရဲ့ရည်ရွယ်ချက်က အစိုးရကို စေ့စပ်ဆွေးနွေးရေးစားပွဲဝိုင်းဆီရောက်အောင်တွန်းဖို့ အမြဲရည်ရွယ်ခဲ့ပြီး အခု ကျနော်တို့က အဲသလိုလုပ်နိုင်ခဲ့ပြီလို့ ကျနော်ပြောခဲ့တယ်။ [လက်နက်ကိုင်တိုက်ပွဲ] ရပ်နားတယ်ဆိုတာ အချိန်မရွေးပယ်ဖျက်လို့ရနိုင်တယ်။ ဒါပေမဲ့ ကျနော်တို့ဘက်က စိတ်ကောင်းစေတနာကောင်း ပြဖို့လိုတယ်လို့ ကျနော်ကချေပခဲ့တယ်။ နာရီအတော်ကြာဆွေးနွေးပြီးတော့ ကျနော်တို့အမြင်ကို လက်ခံလိုက်ကြတယ်။

ဒါဟာ အေအင်စီထဲမှာ အချေအတင်ငြင်းခုံစရာ လုပ်ရပ်တခုဖြစ်ပါတယ်။ အမ်ကေဟာ သိပ်ကြီးလှုပ်ရှားနိုင်တာမဟုတ်ပေမဲ့ လက်နက်ကိုင်တော်လှန်ရေးဆိုတဲ့ အရှိန်အဝါဟာ ပြည်သူအမြောက်အမြားအတွက် ကြီးကျယ်မြင့်မားတဲ့ အဓိပ္ပါယ်ဆောင်နေတယ်။ လက်နက်ကိုင်တော်လှန်ရေးဆိုတာကို စကားတန်ဆာတခုအဖြစ်ညွှန်းရုံလောက်နဲ့ပဲ ကျနော်တို့ဟာ ရန်သူကို

တက်ကြွလှုပ်ရှားစွာတိုက်ခိုက်နေတယ်ဆိုတဲ့ နိမိတ်လက္ခဏာပြနေတယ်။ အဲဒါကြောင့် လက်နက်ကိုင်တော်လှန်ရေးဟာ တကယ့်လက်တွေ့စစ်မြေပြင်မှာ ပေါက်ရောက်အောင်မြင်ထားတာထက် အများကြီးပိုပြီး လူကြိုက်များမှု၊ ထောက်ခံမှုရခဲ့တယ်။

ဩဂုတ်လ (၆) ရက်နေ့မှာ ပရီတိုးရီးယားမြို့တော်မှာ အေအင်စီနဲ့အစိုးရဟာ **'ပရီတိုးရီးယား အစည်းအဝေးမှတ်တမ်း'** လို့ လူသိများသွားခဲ့တဲ့ သဘောတူချက်တခုကို လက်မှတ်ထိုးခဲ့ကြတယ်။ အဲဒီထဲမှာ ကျနော်တို့က လက်နက်ကိုင်တိုက်ပွဲ ရပ်နားဖို့သဘောတူထားတယ်။ ကျနော် နောက်လိုက်ငယ်သားတွေကို ထပ်ခါတလဲပြောခဲ့သလို ကျနော်တို့ဟာ လက်နက်ကိုင်လှုပ်ရှားမှုကို ရပ်နားလိုက်ပေမဲ့ အပြီးအပြတ်အဆုံးအသတ်လိုက်တာ မဟုတ်ပါဘူး။ သဘောတူညီချက်ထဲမှာ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့နဲ့ ပြစ်ဒဏ်ကင်းလွတ်ခွင့် အမျိုးအစားတချို့ပေးဖို့ နေ့ရက်တွေသတ်မှတ်တာလည်းပါတယ်။ ပြစ်ဒဏ်ကင်းလွတ်ခွင့်ဖြစ်စဉ်ကို ၁၉၉၁ ခု မေလမှာ အပြီးလုပ်ပေးဖို့ စီစဉ်သတ်မှတ်ထားပြီး အစိုးရက ပြည်တွင်းလုံခြုံရေးအက်ဥပဒေကို ပြန်လည်သုံးသပ်ဖို့လည်း သဘောတူခဲ့တယ်။


ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဟန့်တားနှောင့်ယှက်နေတဲ့ ကိစ္စရပ်အားလုံးထဲမှာ ထိခိုက်မှုအဖြစ်ဆေးဆုံးနဲ့ စိတ်အနှောင့်အယှက်အဖြစ်ရဆုံးကတော့ တိုင်းပြည်ထဲမှာ အကြမ်းဖက်မှုတွေ အရှိန်မြင့်နေတာ ဖြစ်ပါတယ်။ ဆွေးနွေးမှုတွေဖြစ်မြောက်လာတာနဲ့အမျှ အကြမ်းဖက်မှုလျော့ပါးသွားလိမ့်မယ်လို့ ကျနော်တို့အားလုံး မျှော်လင့်ခဲ့ကြတယ်။ ဒါပေမဲ့ လက်တွေ့မှာတော့ ဆန့်ကျင်ဖက်ဖြစ်လာခဲ့တယ်။ ပုလိပ်နဲ့ လုံခြုံရေးတပ်ဖွဲ့တွေဟာ အရေးယူမှု အင်မတန့်ကို နည်းနည်းလေးပဲ လုပ်နေတယ်။ ဒီအဖွဲ့တွေဟာ အကြမ်းဖက်မှုကို အားပေးအားမြှောက်လုပ်၊ ပံ့ပိုးနေတယ်လို့ မြို့သစ်ပြည်သူတွေက စွပ်စွဲကြတယ်။ လုံခြုံရေးတပ်ဖွဲ့တွေဟာ ကြံရာပါဖြစ်တယ်ဆိုတာ ကျနော့်အတွက် ပိုလို့ပိုလို့ ရှင်းလင်းလာတယ်။ ပုလိပ်တွေဟာ အကြမ်းဖက်မှုကို ဟန့်တားရမယ့်အစား လှုံ့ဆော်ထိုးဆွနေတယ်ဆိုတာ ဖြစ်ရပ်အများအပြားက ညွှန်ပြနေတယ်။

နောက်လအနည်းငယ်အတွင်းမှာ ကျနော်ဟာ ဂျိုဟန်နစ္စဘာဂ်မြို့တောင်ဘက်က အကြမ်းဖက်မှုဒဏ် ပြင်းပြင်းထန်ထန်ခံနေရတဲ့ ဗါးလ်တြိဂံဒေသတလွှား မြို့သစ်တွေကို သွားရောက်ခဲ့ပြီး ဒဏ်ရာရသူတွေနဲ့ ပူဆွေးနေတဲ့မိသားစုတွေကို နှစ်သိမ့်အားပေးခဲ့တယ်။ ဘယ်မှာပဲဖြစ်ဖြစ် ဒီဇာတ်လမ်းတပုဒ်ထဲပဲ ထပ်ခါထပ်ခါ ကြားနေရတယ်။ အဲဒါကတော့ ပုလိပ်တွေနဲ့ ကာကွယ်ရေးတပ်ဖွဲ့တွေဟာ နယ်မြေကိုမတည်မငြိမ်ဖြစ်အောင် လုပ်နေတယ်ဆိုတာပါပဲ။ ရဲတွေဟာ နေရာတနေရာက လက်နက်တွေကို ဒီကနေ့သိမ်းယူပြီးရင် နောက်တနေ့မှာ အင်ကာသာအင်အားစုတွေက ကျနော်တို့လူတွေကို ဒီခိုးထားတဲ့လက်နက်တွေနဲ့ တိုက်ခိုက်ကြတယ်လို့ ကျနော့်ကို ပြောပြတယ်။ အင်ကာသာအဖွဲ့ဝင်တွေ အစည်းအဝေးသွားတဲ့အခါနဲ့ တိုက်ခိုက်ဖို့သွားတဲ့အခါ ပုလိပ်တွေက အင်ကာသာအဖွဲ့ဝင်တွေကို လုံခြုံရေးလိုက်ပေးတဲ့ ဇာတ်လမ်းတွေ ကျနော်တို့ ကြားရတယ်။



၁၉၉၀ ခု၊ ဝေါလ်တာ၊ ဝင်နီတို့နှင့် အတူ။

ဂျိုဟန်နစ္စဘာ့ဂ်မြို့တွင် စီရင်းလ်ရာမာဖိုးစားနှင့် ဂျိုးဆလိုဗိုတို့ အခြေခံဥပဒေသစ်ရေးဆွဲရေး ပဏာမပြင်ဆင်မှု ဆွေးနွေးပွဲများအတွင်း။






ဆိုဝီတိုမြို့၊ အော်လန်ဒို အားကစားကွင်း၌ ခရစ္စဟာနီ အောက်မေ့ဖွယ် အခမ်းအနားတွင် တိုကျိုဆဲစဝါလီ၊ ချားလ်ဝီကူလီတို့နှင့် အတူ။

၁၉၉၃ မှာ ရော်ဘင်ကျွန်းကို အလည်ပြန်ရောက်ခဲ့။





ထောင်နန်းစံကာလ (၂၇) နှစ်မှာ (၁၈) နှစ်လုံးလုံးနေခဲ့ရသော အကျဉ်းတိုက်ခန်း



ရော်ဘင်ကျွန်းနဲ့ ကိတ်တောင်းမြို့ကို စားပွဲ ပင်လယ်အော်က ခြားထားသည်။ အဝေးတွင် စားပွဲတောင်ကို မြင်နိုင်သည်။



ဂိုဏ်းချုပ်ဘုန်းတော်ကြီး
တူးတူးနှင့်။



အက်ဖ်ဒဗလျူ ဒီကလပ်နှင့်။



တောင်အာဖရိက၏ ပထမဆုံး အထွေထွေရွေးကောက်ပွဲတွင် မဲပေးနေစဉ်။

သမတရာထူးလက်ခံပွဲ၌ သာဘိုအမ်ဘီကီ၊ သမီး ဇင်နာနီတို့နှင့်အတူ နိုင်ငံတော်သီချင်းသီဆိုနေစဉ်။





သမတရာထူး
လက်ခံပွဲအပြီး
ဘုန်းတော်ကြီး
တူးတူးက ဖက်
ယမ်းဂုဏ်ပြုစဉ်။

ကျနော့် သားသမီးများဖြစ်ကြသော ဇင်ဇီ၊ ဇင်နာနီ၊ မာကာဇီဝီ၊ မတ်က်ဂါသို တို့နှင့်အတူ။





၁၉၉၄ စက်တင်
ဘာ၌ ကျနော့်
မြစ်မနှင့် အတူ။

ကျနော့် မိသားစု။





ကျနော့်မြေး ဘမ်ဘာတာနှင့်အတူ။

အကြမ်းဖက်မှုရဲ့နောက်ကွယ်မှာ လျှို့ဝှက်လက်သည်ရှိနေတယ်လို့ ကျနော် စက်တင်ဘာလထဲမှာ မိန့်ခွန်းပြောခဲ့တယ်။ စေ့စပ်ဆွေးနွေးပွဲတွေ ပျက်စီးအောင်ကြိုးပမ်းနေတဲ့ သစ္စာဖောက် လုံခြုံရေးတပ်ဖွဲ့ဝင်တွေပါဝင်တဲ့၊ လျှို့ဝှက်ဆန်းကြယ်တဲ့ **'တတိယအင်အားစု'** ရှိနေနိုင်တယ်လို့ ကျနော်တင်ပြခဲ့တယ်။ တတိယအင်အားစုအဖွဲ့ဝင်တွေ ဘယ်သူဘယ်ဝါဆိုတာတော့ ကျနော် မပြောနိုင်ပါ။ ဘာလို့လဲဆိုတော့ ကျနော်ကိုယ်တိုင်မသိလို့ ဖြစ်ပါတယ်။ ဒါပေမဲ့ သေချာတာကတော့ သူတို့ဟာ တကယ်ရှိနေပြီး အေအင်စီနဲ့လွတ်မြောက်ရေးတိုက်ပွဲကို ထိထိရောက်ရောက် အဓိကဦးတည်သတ်ဖြတ်နေတယ်။

ကျနော်ဟာ အထူးသီးသန့်ဖြစ်ရပ်နှစ်ခုမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်ခဲ့ပြီးနောက် ဒီကောက်ချက်ဆွဲခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၀ ခု၊ ဇူလိုင်လထဲမှာ အင်ကာသာလွတ်လပ်ရေးပါတီဝင် ဘော်ဒါဆောင်နေသူတွေဟာ ဗါးလ်တြိဂံဒေသထဲက ဆီဘိုကိန်းမြို့သစ်မှာရှိတဲ့ အေအင်စီအဖွဲ့ဝင်တွေကို ဇူလိုင် (၂၂) ရက်နေ့မှာ အကြီးအကျယ်တိုက်ခိုက်ဖို့ စီစဉ်နေကြောင်း အေအင်စီက သတင်းရခဲ့တယ်။ ကျနော်တို့ရဲ့ ရှေ့နေတွေကတဆင့် တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်ဝပ်ပိပြားရေးဝန်ကြီး၊ ရဲမင်းကြီးနဲ့ ဒေသဆိုင်ရာရဲမှူးကြီးတို့ကို အကြောင်းကြားပြီး တိုက်ခိုက်မှုတွေလုပ်လာမယ့်အကြောင်း သတိပေးခဲ့တယ်။ သင့်တော်တဲ့ အရေးယူဆောင်ရွက်မှုလုပ်ဖို့လည်း တိုက်တွန်းခဲ့တယ်။ လက်နက်ကိုင်အင်ကာသာအဖွဲ့ဝင်တွေ မြို့သစ်ထဲဝင်လာပြီး အင်ကာသာလူထုစည်းဝေးပွဲတက်မှာကို တားမြစ်ပေးဖို့ ကျနော်တို့က ပုလိပ်တွေကို ပန်ကြားခဲ့တယ်။

ဇူလိုင် (၂၂) ရက်မှာတော့ လက်နက်ကိုင်အင်ကာသာအဖွဲ့ဝင်တွေဟာ ရဲကားအစောင့်အရှောက်လိုက်ပါပြီး ဆီဘိုကိန်းမြို့သစ်ထဲ နေ့ခင်းကြောင်တောင်ကြီး ဝင်ချလာတယ်။ လူထုစည်းဝေးပွဲတခုလုပ်ပြီးနောက် လက်နက်ကိုင်တွေဟာ လျှောက်ရမ်းကြရာမှာ ခန့်မှန်းခြေ လူ (၃၀) လောက်ကို ဆိုးဆိုးဝါးဝါး ရက်ရက်စက်စက်သတ်ဖြတ်တိုက်ခိုက်ခဲ့တယ်။ ကျနော် နောက်တနေ့မှာ အခင်းဖြစ်တဲ့နေရာ သွားကြည့်ခဲ့တဲ့အခါ ကျနော်အရင်က တခါမှမတွေ့ခဲ့ဖူးတဲ့၊ နောင်မှာဘယ်တော့မှ မတွေ့ချင်တဲ့မြင်ကွင်းတွေ တွေ့ခဲ့ရတယ်။ ရင်ခွဲရုံမှာ သေတဲ့ထိ ခုတ်ပိုင်းခံ ထားရတဲ့ အလောင်းတွေရှိနေတယ်။ မိန်းမတယောက်ဟာ သူ့ရင်သားနှစ်ခုလုံး ဓားနဲ့လှီးဖြတ်ခံရတယ်။ လူသတ်သမားတွေဟာ ဘယ်သူတွေမှန်းမသိပေမဲ့ တကယ့်ကို တိရိစ္ဆာန်တွေအတိုင်းပါပဲ။

ကျနော်က နောက်တနေ့မှာ မစ္စတာဒီကလပ်နဲ့ တွေ့ဆုံဆွေးနွေးရဖို့ မေတ္တာရပ်ခံခဲ့တယ်။ သူ့ကိုတွေ့တဲ့အခါ ကျနော်က ဒေါသတကြီးနဲ့ ဖြေရှင်းချက်တောင်းဆိုခဲ့တယ်။ **"ခင်ဗျားတို့ကို ကြိုတင်သတိပေးခဲ့သားပဲ။ ဒါပေမဲ့ဘာမှမလုပ်ကြဘူး။ ဘာဖြစ်တာလဲ။ ဘာဖြစ်လို့ ဖမ်းတာဆီးတာတွေ မလုပ်သလဲ။ ဘာဖြစ်လို့ ပုလိပ်တွေက ထိုင်ကြည့်နေတာလဲ"** လို့ ကျနော်မေးလိုက်တယ်။ တခြားတနိုင်ငံမှာ ဒီလောက်အတိုင်းအတာရှိတဲ့ ဝမ်းနည်းဖွယ်အဖြစ်ဆိုးဖြစ်ခဲ့လို့ရှိရင်၊ လူ (၃၀) ကျော် အသတ်ခံရရင်၊ နိုင်ငံ့အကြီးအကဲက ဝမ်းနည်းစကားတချို့ ပြောမှာဖြစ်ပေမဲ့ သူက ဘာတခွန်းမှမပြောခဲ့ဘူးလို့ ကျနော် သူ့ကိုပြောလိုက်တယ်။ ကျနော်ပြောတာတွေကို

သူ ဘာမှပြန်မဖြေပါ။ ကျနော့်ကို ရှင်းလင်းချက်ပေးဖို့ ဒီကလပ်ကိုတောင်းဆိုခဲ့တယ်။ သူ တခါမှ မပေးပါဘူး။

ဒုတိယအရေးအခင်းက နိုဝင်ဘာလထဲမှာ ဖြစ်ခဲ့တယ်။ အဲဒီမှာ အင်ကာသာအဖွဲ့ဝင် တစုက ဂျိုဟန်နစ္စဘာဂ်အရှေ့ဘက်က ဂျာမစ်စတန်မြို့ပြင်မှာရှိတဲ့ ဇွန်ကီဇီဇွေ (**ဖူးလူးဘာသာနဲ့ 'လူမျိုးအားလုံးကို ကြိုဆိုတဲ့နေရာ' အဓိပ္ပါယ်ရတယ်**) လို့ခေါ်တဲ့ ကျူးကျော်ရပ်ကွက်တခုထဲ ဝင်လာပြီး အေအင်စီလူတွေကို မောင်းထုတ်ပစ်ရာမှာ အတော်များများကို သတ်ပစ်ခဲ့တယ်။ ဒီနောက် အင်ကာသာအဖွဲ့ဝင်တွေဟာ လူတွေစွန့်ခွာသွားတဲ့ တဲအိမ်တွေကိုသိမ်းယူပြီး ပစ္စည်းတွေအားလုံးယူကြတယ်။ အင်ကာသာအဖွဲ့ဝင်တွေနဲ့အတူ ရဲတွေလိုက်ပါလာတယ်လို့ ဒေသခံတွေက ပြောတယ်။ အခုတခါလည်း ဒီဝမ်းနည်းဖွယ်အဖြစ်ဆိုးကြီးဖြစ်ပြီးနောက် ပုလိပ်နဲ့ အစိုးရက ဘာအရေးယူဆောင်ရွက်မှုမှ မလုပ်ခဲ့ပါဘူး။ တောင်အာဖရိကနိုင်ငံမှာ လူမည်း အသက်ဟာ တခါမှ ခုလောက်ဈေးမပေါခဲ့ပါဘူး။

ကျနော်ဟာ မစ္စတာဒီကလပ်နဲ့ သူ့ရဲ့ တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်ဝပ်ပိပြားရေးဝန်ကြီး အေဒရီယန်းဗလောက်တို့ကို ထပ်မံတွေ့ဆုံခဲ့ပြန်တယ်။ ဒီရာဇဝတ်မှုကြီးတွေဖြစ်ပြီးနောက် ဘာကြောင့် ပုလိပ်က အရေးယူကိုင်တွယ်တာ မလုပ်သလဲလို့ ကျနော် မစ္စတာဒီကလပ်ကို ထပ်မံမေးမြန်းခဲ့ပြန်တယ်။ တိုက်ခိုက်သူတွေဟာ သူတို့ သတ်ပစ်ခဲ့သူတွေရဲ့ တဲအိမ်တွေထဲ အခုဝင်ရောက်နေထိုင်နေကြတဲ့အတွက် အလွယ်တကူရှာတွေ့နိုင်တယ်လို့ ကျနော်ပြောခဲ့ တယ်။ မစ္စတာဒီကလပ်က မစ္စတာဗလောက်ကို ရှင်းလင်းချက်တောင်းတဲ့အခါ ဗလောက်က ကျနော့်ကို ခပ်ရိုင်းရိုင်းလေပေါက်နဲ့ ဒီတဲအိမ်တွေဟာ ဘယ်သူ့မြေပေါ်မှာရှိတာလဲလို့ မေးတယ်။ သူဆိုလိုတာက ဒီလူတွေ [အသတ်ခံရသူတွေ] ဟာ ကျူးကျော်တွေဖြစ်တယ်။ ဒါကြောင့် ဘာ အခွင့်အရေးမှမရှိဘူးလို့ သွယ်ဝိုက်ရည်ညွှန်းတာဖြစ်တယ်။ ကျနော်က သူ့ကို အဲဒီမြေဟာ လက်တွေ့အားဖြင့် ဒေသန္တရအာဏာပိုင်တွေက ဒီလူတွေကို ချပေးထားတာဖြစ်တယ်လို့ ပြောလိုက်တယ်။ ဗလောက်ရဲ့ သဘောထားကတော့ အာဖရိကန်းနားလူမျိုး အတော်များများ လိုပဲ ကပ္ပလီလူမည်းမျိုးတွေဟာ ကမ္ဘာဦးကတည်းက တမျိုးနွယ်နဲ့ တမျိုးနွယ်သတ်နေကြတာ လို့သာ ယုံကြည်ယူဆတဲ့ သဘောထားဖြစ်ပါတယ်။ မစ္စတာ ဒီကလပ်က ကျနော့်ကို သူ စုံစမ်း စစ်ဆေးပြီး တုန့်ပြန်ပါ့မယ်လို့ ထပ်ပြောပြန်တယ်။ ဒါပေမဲ့ ဘာတုန့်ပြန်မှုမှ မလာပါ။

ဒီကာလမှာပဲ အစိုးရက မီးလောင်ရာလေပင့်လုပ်ရပ် နောက်တခုလုပ်လိုက်တယ်။ သူတို့က နေတယ်လ်ပြည်နယ်နဲ့ တခြားဘယ်နေရာမှာမဆို ဖူးလူးလူမျိုးတွေ နိုင်ငံရေးလူထုစည်းဝေးပွဲ တွေနဲ့ ဆွေးနွေးပွဲတွေသွားတဲ့အခါ **'ရိုးရာလက်နက်တွေ'** ဆိုတာကို ယူသွားခွင့်ပေးတဲ့ စည်းမျဉ်း ဥပဒေထုတ်ခဲ့တယ်။ ဒီလက်နက်တွေကတော့ အက်ဆီဂေးလို့ခေါ်တဲ့လှံတွေနဲ့ နော့ဘ်ကယ်ရီ လို့ခေါ်တဲ့ သစ်သားတင်းပုတ်တွေဖြစ်ပြီး အင်ကာသာအဖွဲ့ဝင်တွေက အေအင်စီအဖွဲ့ဝင်တွေကို

သတ်ရာမှာသုံးတဲ့ တကယ့်လက်နက်အစစ်တွေဖြစ်တယ်။ ဒါဟာ ကျနော့်ကို မစ္စတာဒီကလပ်ရဲ့ ငြိမ်းချမ်းရေးရည်ရွယ်ချက်တွေအပေါ် သံသယအလေးအနက်ပွားစေခဲ့တယ်။

စေ့စပ်ဆွေးနွေးမှုဆန့်ကျင်သူတွေဟာ အကြမ်းဖက်မှုကနေ အမြတ်ထွက်ကြတယ်။ အကြမ်းဖက်မှုတွေဟာ အစိုးရနဲ့အေအင်စီတို့ သဘောတူညီချက်တခုရတော့မယ့်အချိန်မျိုးမှာ အမြဲပဲ ထထလာပုံရတယ်။ ဒီအင်အားစုတွေဟာ အေအင်စီနဲ့အင်ကာသာကြား စစ်ပွဲဖြစ်အောင် အတို့အထောင်လုပ်နေတယ်။ အင်ကာသာအဖွဲ့ဝင် အတော်များများကလည်း ကြံရာပါဝင်လုပ်နေကြတယ်လို့ ကျနော်ယူဆတယ်။ မစ္စတာဒီကလပ်အပါအဝင် အစိုးရထဲက အတော်များများက သူတို့ရှေ့တည့်တည့်မှာဖြစ်နေတာတွေကို သိရက်နဲ့ မျက်နှာလွှဲနေ (သို့မဟုတ်) လျစ်လျူရှုနေတယ်။ ပုလိပ်အဖွဲ့နဲ့ လုံခြုံရေးတပ်ဖွဲ့တွေရဲ့ အမြင့်ဆုံးအဆင့်ကလူတွေဟာ တတိယအင်အားစုကိုကူညီပံ့ပိုးနေကြောင်း ကျနော်တို့သံသယဖြစ်စရာမလိုအောင် သေချာနေပါတယ်။ နောက်ပိုင်းမှာ သတင်းစာတွေထဲ အင်ကာသာကို တောင်အာဖရိကပုလိပ်အဖွဲ့က လျှို့ဝှက်ရံပုံငွေပေးတဲ့သတင်းတွေ ဖွင့်ချလိုက်တာက ဒီမယုံသင်္ကာမှုတွေကို အတည်ပြုပေးလိုက်တယ်။

အကြမ်းဖက်မှုတွေ ဆက်လက်ပြီးအရှိန်မြင့်လာတာနဲ့အမျှ ကျနော်ဟာ လက်နက်ကိုင်တိုက်ပွဲရပ်နားတာနဲ့ ပတ်သက်ပြီး ပြန်လည်သုံးသပ်မှုတွေ စလုပ်မိလာတယ်။ အေအင်စီက လူအများအပြား လှုပ်လှုပ်ရွရွဖြစ်နေကြပြီး စက်တင်ဘာလအတွင်း သတင်းစာရှင်းလင်းပွဲတခုမှာ ကျနော်က အကြမ်းဖက်မှုတွေ ဆက်လက်ဖြစ်နေရင် နောက်ထပ်တခါ လက်နက်တွေပြန်ကိုင်စွဲဖို့ လိုအပ်တာ ဖြစ်လာနိုင်တယ်လို့ ပြောခဲ့တယ်။ အခြေအနေကတော့ အင်မတန်စိတ်ပျက်စရာမြင်နေရပြီး အစိုးရနဲ့ရရှိထားတဲ့နားလည်မှုအားလုံး ရေစုန်မျောသွားပုံရတယ်။

## ၁၀၇

၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလမှာ အော်လီဗာ တောင်အာဖရိကကိုပြန်လာခဲ့တယ်။ အမိမြေကနေ ဆယ်စုနှစ်သုံးခုလောက် အဝေးရောက်နေရာက ပြန်လာတာဖြစ်တယ်။ သူနဲ့ နီးနီးနားနားရှိရတာ အင်မတန်မှ ဝမ်းသာကျေနပ်စရာပါပဲ။ သူဟာ ဂျိုဟန်နစ္စဘာဂ်မှာ အတိုင်ပင်ခံကွန်ဖရင့်တခုတက်ဖို့ ပြန်လာတာဖြစ်ပြီး ဒီအစည်းအဝေးကို ပြည်တွင်းပြည်ပနယ်မြေဒေသ (၄၅) ခုက ကိုယ်စားလှယ် (၁,၅၀၀) ကျော် တက်ရောက်ခဲ့တယ်။

အစည်းအဝေးမှာ ကျနော်က အော်လီဗာဟာ အေအင်စီကို အမှောင်မိုက်ဆုံးကာလတွေမှာ ဦးဆောင်ခဲ့သူ၊ တိုက်ပွဲမီးတောက်ငြိမ်းမသွားအောင် လုပ်ခဲ့သူအဖြစ် ဂုဏ်ပြုစကားပြောခဲ့တယ်။ အခုဆိုရင် သူဟာ ကျနော်တို့ကို သာယာတောက်ပပြီး အလားအလာကောင်းတဲ့ အနာဂတ်ရဲ့နှုတ်ခမ်းစပ်ဆီ ခေါ်ဆောင်လာခဲ့ပြီဖြစ်တယ်။ ကျနော် ထောင်ထဲရောက်နေတဲ့ (၂၇) နှစ်အတွင်း အော်လီဗာကပဲ အေအင်စီကို ထိန်းသိမ်းကယ်တင်ခဲ့ပြီးနောက် ဩဇာအာဏာရှိတဲ့ နိုင်ငံတကာအဖွဲ့အစည်းတခုဖြစ်အောင် တည်ဆောက်ခဲ့တယ်။ ခေါင်းဆောင်အများစု ထောင်

ထဲ (သို့မဟုတ်) ပြည်ပရောက်နေချိန်မှာ သူက ဦးဆောင်မှုပေးခဲ့တယ်။ သူဟာ စစ်သားလည်းဖြစ်၊ သံတမာန်လည်းဖြစ်၊ နိုင်ငံ့ခေါင်းဆောင်လည်း ဖြစ်ပါတယ်။

တန်ပြန်တော်လှန်ရေးလုပ်ရပ်တွေ စနစ်တကျ စီစဉ်လှုပ်ရှားမှုကြောင့် အစိုးရကို ကျနော် ဝေဖန်ရှုတ်ချတဲ့မိန့်ခွန်းပေးခဲ့ပေမဲ့ ပွက်လောရိုက်သွားစေတာကတော့ အော်လီဗာရဲ့မိန့်ခွန်း ဖြစ်ပါတယ်။ သူက အငြင်းပွားစရာမိန့်ခွန်းတခုနဲ့ အစည်းအဝေးဖွင့်ခဲ့ရာမှာ ကျနော်တို့ရဲ့ [နိုင်ငံတကာ]ပြစ်ဒဏ်ခတ်အရေးယူရေးပေါ်လစီကို ပြန်လည်ဆန်းစစ်ဖို့နှိုးဆော်ခဲ့တယ်။ အေအင်စီဟာ ပြစ်ဒဏ်ခတ်အရေးယူရေးကို အရှိန်လျှော့ချဖို့ ရှေ့ဆောင်ရှေ့ရွက်မပြုလို့ရှိရင် **'နိုင်ငံတကာမှာ ဘေးရောက်'** သွားလိမ့်မယ်လို့ သူကပြောတယ်။ ဥရောပသမဂ္ဂဟာ အရေးယူမှု တွေကို စတင်လျှော့ချနေပြီ ဖြစ်တယ်။ အနောက်တိုင်းနိုင်ငံတွေ၊ အထူးသဖြင့် ဗြိတိန်နဲ့ အမေရိ ကန်က မစ္စတာဒီကလပ်ကို ပြုပြင်ပြောင်းလဲမှုတွေအတွက် ဆုပေးချင်နေတယ်။ ဒီလိုလုပ်ခြင်း အားဖြင့် ဒီကလပ်ကို ရှေ့ထပ်တိုးစေဖို့ အားပေးရာရောက်မယ်လို့ ယူဆနေတယ်။ ကျနော်တို့ ကတော့ ဒါဟာ မှားယွင်းတဲ့မဟာဗျူဟာလို့ ယူဆပေမဲ့ နိုင်ငံတကာပကတိအခြေအနေတွေ ကိုလည်း အသိအမှတ်မပြုလို့ မဖြစ်ပါဘူး။

အော်လီဗာရဲ့မိန့်ခွန်းကို အင်အီးစီက ကြိုတင်ဆွေးနွေးအတည်ပြုထားပြီးဖြစ်ပေမဲ့ အေအင်စီစစ်သွေးကြွတွေကတော့ မကျေမနပ်ဒေါသထွက်ကြတယ်။ သူတို့က ပြစ်ဒဏ်ခတ် အရေးယူမှုတွေ မပြောင်းမလဲဆက်ထားရှိဖို့ ရပ်ခံကြတယ်။ ဒါနဲ့ ကွန်ဖရင့်က ပြစ်ဒဏ်ခတ် အရေးယူရေးပေါ်လစီကို ဒီအတိုင်းဆက်ထားဖို့ ဆုံးဖြတ်လိုက်တယ်။

ကျနော့်ကိုယ်၌ကိုလည်း မကျေမနပ်အပြစ်ပြောတာခံရတယ်။ စေ့စပ်ဆွေးနွေးသူတွေဟာ အောက်ခြေထုတွေနဲ့ ကင်းကွာနေတယ်။ ကျနော်တို့ဟာ ကိုယ့်လူတွေထက် အမျိုးသားပါတီ ခေါင်းဆောင်တွေနဲ့ ပိုပြီး အချိန်ကြာကြာတွဲနေတယ်လို့ စွပ်စွဲခံရတယ်။ ဒ့ါအပြင် ကျနော့်ကို **'ပုဂ္ဂိုလ်ရေး သံတမန်နည်းပရိယာယ်'**ကျင့်သုံးတယ်။ အဖွဲ့အစည်းရဲ့ သာမန်အောက်ခြေ အဖွဲ့ဝင်တွေကို မပြတ်အသိပေးချပြတာ မလုပ်ဘူးလို့ ဝေဖန်ခံရတယ်။ လူထုအဖွဲ့အစည်းတခုရဲ့ ခေါင်းဆောင်တယောက်အနေနဲ့ ပြည်သူ့အသံကို နားထောင်ရမှာဖြစ်ပါတယ်။ ကျနော်တို့ဟာ အဖွဲ့အစည်းတခုလုံးကို စေ့စပ်ဆွေးနွေးပွဲရဲ့အနေအထားတွေ အမြဲတမ်းအသိပေးချပြဖို့ ပေါ့လျှော့ခဲ့တာကို ကျနော်သဘောတူလက်ခံမိတယ်။ ဒါပေမဲ့ ကျနော်တို့နဲ့အစိုးရ ဆွေးနွေး ပွဲတွေရဲ့ သိမ်မွေ့မှုကိုလည်း ကျနော်သဘောပေါက်တယ်။ ရလာတဲ့ သဘောတူညီချက် အားလုံး ဟာ တစိတ်တဒေသအားဖြင့် လျှို့ဝှက်နိုင်မှုအပေါ် မူတည်နေတယ်။ ကျနော်ဟာ ဝေဖန်ချက်ကို လက်ခံပေမဲ့ ဒီလမ်းကြောင်းအတိုင်းဆက်သွားဖို့ကလွဲပြီး တခြားမရှိဘူးလို့ယူဆတယ်။ ကျနော့် အနေနဲ့ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်စဉ်းစားလုပ်ကိုင်ဖို့၊ ကျနော်တို့ တိုးတက်မှုနဲ့ပတ်သက်ပြီး လူပို များများကိုချပြဖို့ လိုတယ်ဆိုတာ ကျနော်သိခဲ့လို့ ဒါကို ခေါင်းထဲထည့်ပြီး ဆက်လုပ်ခဲ့တယ်။

နေ့တိုင်း နေ့တိုင်း၊ ရက်သတ္တပတ်ကုန်တိုင်း ကုန်တိုင်း သတင်းစာတွေထဲမှာ ကျနော်တို့

ရပ်ရွာအသိုင်းအဝိုင်းတွေနဲ့ မြို့သစ်တွေက သွေးထွက်သံယိုအကြမ်းဖက်မှုသစ်တွေရဲ့ လောလောလတ်လတ်သတင်းတွေ ပြည့်နေတယ်။ အကြမ်းဖက်မှုဟာ တိုင်းပြည်ရဲ့ နံပါတ်တစ်အရေးကိစ္စကြီးဖြစ်နေတာ ထင်ရှားနေတယ်။ နေတယ်လ်ပြည်နယ်နဲ့ ဂျိုဟန်နစ္စဘာဂ်မြို့နားက ရိဖ်ဒေသမှာရှိတဲ့ ရပ်ရွာအတော်များများမှာ ရာဇဝတ်မှုတွေ၊ နိုင်ငံရေးပြိုင်ဆိုင်မှုတွေ၊ ပုလိပ်တို့ရဲ့ ရက်စက်ကြမ်းကြုတ်မှုနဲ့ လျှို့ဝှက်လူသတ်ပါးကွက်သားအဖွဲ့တွေ ရောပြွမ်းအန္တရာယ်ပေးမှုကြောင့် လူ့ဘဝဟာ ကြမ်းတမ်းရိုင်းပြလှပြီး တန်ဖိုးမရှိဖြစ်နေတယ်။ အကြမ်းဖက်မှုကို မကိုင်တွယ်နိုင်သရွေ့ စနစ်သစ်တခုတိုးတက်ဖြစ်ထွန်းမှုဟာ မညီမညာမရေမရာဆက်ဖြစ်နေမှာပါပဲ။

အကြမ်းဖက်မှုအရှိန်အဟုန်ကို ဟန့်တားဖို့ကြိုးစားတဲ့အနေနဲ့ ကျနော်ဟာ စော်ဘွားဘူသယ်လဇီကိုဆက်သွယ်ပြီး တွေ့ဆုံဆွေးနွေးဖို့စီစဉ်တယ်။ ကျနော်တို့ဟာ ဇန်နဝါရီလမှာ ဒါဘန်မြို့က တော်ဝင်ဟော်တယ်မှာ တွေ့ဆုံဆွေးနွေးကြတယ်။ စုဝေးရောက်ရှိနေတဲ့ ကိုယ်စားလှယ်တွေနဲ့ မီဒီယာတွေကို စော်ဘွားဘူသယ်လဇီက အရင်စကားပြောတယ်။ သူ့မိန့်ခွန်းဟာ အနာဟောင်းတွေ ကျက်အောင်မလုပ်ဘဲ ထပ်ဆွပေးတာပဲလုပ်ခဲ့တယ်။ သူ့အပေါ် အေအင်စီလုပ်ခဲ့တဲ့ နှုတ်နဲ့တိုက်ခိုက်မှုတွေကို သူကစာရင်းလုပ်ပြတယ်။ [အစိုးရနဲ့] စေ့စပ်ဆွေးနွေးပွဲထဲမှာ အေအင်စီရဲ့တောင်းဆိုချက်တွေကို ဝေဖန်ရှုတ်ချတယ်။ ကျနော့်စကားပြောအလှည့်ရောက်တော့ ကျနော်က သူ့မှတ်ချက်တွေ မတုံ့ပြန်ဘဲနေဖို့ ဆုံးဖြတ်ပြီး ကျနော်ထောင်ကလွတ်ဖို့ သူ နှစ်ပေါင်းများစွာကြိုးပမ်းအားထုတ်ခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောခဲ့တယ်။ ကျနော်တို့တတွေရဲ့ ကာလရှည်ကြာဆက်ဆံရေးကိုညွှန်းပြီး ကျနော်တို့နှစ်ဖွဲ့ကို ကွဲလွဲစေတဲ့ကိစ္စတွေထက် ညီညွတ်စေတဲ့ အကြောင်းကိစ္စအများအပြားကို အလေးပေးပြောခဲ့တယ်။

ကျနော်တို့ရဲ့ သီးသန့်ဆွေးနွေးပွဲတွေအတွင်း တိုးတက်မှုရခဲ့ပြီး ကျနော်တို့နှစ်ဖွဲ့ရဲ့ အပြုအမူတွေ၊ အကျုံးဝင်တဲ့ လုပ်ထုံးလုပ်နည်းစည်းမျဉ်းစည်းကမ်းဆိုင်ရာ သဘောတူညီချက်တခုကို စော်ဘွားဘူသယ်လဇီနဲ့ ကျနော်လက်မှတ်ထိုးခဲ့တယ်။ ဒါဟာ မျှမျှတတရှိတဲ့ သဘောတူညီချက်ဖြစ်ပြီး ဒါသာ အကောင်အထည်ပေါ်ခဲ့ရင် သွေးထွက်သံယိုမှုတွေ တကယ်ပဲ ရပ်သွားနိုင်မယ်လို့ ကျနော်ထင်မိတယ်။ ဒါပေမဲ့ ကျနော်သိသလောက်ကတော့ အင်ကာသာဟာ သဘောတူညီချက်ကို အကောင်အထည်ဖော်ဖို့ ဘာကြိုးပမ်းမှုမှ တခါမှမလုပ်ခဲ့ပါဘူး။ ကျနော်တို့ဘက်ကလည်း ချိုးဖောက်မှုတွေရှိခဲ့တယ်။

ကျနော်တို့နှစ်ဖွဲ့ကြားမှာ အကြမ်းဖက်မှုဆက်ဖြစ်နေတယ်။ တလ တလကို လူတွေရာချီပြီး သေကြတယ်။ မတ်လမှာ အင်ကာသာအဖွဲ့ဝင်တွေက ဂျိုဟန်နစ္စဘာ့ဂ်မြောက်ဘက်အလက်ဇန်းဒရားမြို့သစ်မှာ တိုက်ခိုက်ခဲ့တာ သုံးရက်ကြာတိုက်ခိုက်မှုအတွင်း (၄၅) ယောက်အသတ်ခံရတယ်။ ဒီတခါလည်း ဘယ်သူမှ အဖမ်းမခံရပါဘူး။

အကြမ်းဖက်မှုတွေဖြစ်နေတဲ့အခါ ကျနော် ငြိမ်ငြိမ်လေးထိုင်ကြည့်မနေနိုင်ပါဘူး။ ဒါကြောင့် စော်ဘွားဘူသယ်လဇီနဲ့ နောက်ထပ်တွေ့ဆုံဆွေးနွေးဖို့ ကြိုးစားခဲ့တယ်။ ဧပြီလမှာ ကျနော် ဒါဘန်မြို့သွားပြီး အပီအပြင်ကြေညာချက်တွေ တခါထပ်ထုတ်၊ သဘောတူညီချက်

နောက်တခု ထပ်လက်မှတ်ထိုးခဲ့တယ်။ ဒါပေမဲ့ ဒီတခါလည်း မှင်တောင်မခြောက်ခင် သွေးတွေ ရွှဲနစ်သွားပြန်တယ်။ အစိုးရဟာ အကြမ်းဖက်မှုအများစုနောက်ကွယ်မှာ ရှိနေတယ်။ အကြမ်းဖက်မှုတွေဟာ စေ့စပ်ဆွေးနွေးရေးကို နှောင့်ယှက်ဟန့်တားနေတယ်လို့ ကျနော် ခါတိုင်းထက် ပိုပြီးယုံကြည်လာခဲ့တယ်။ မစ္စတာဒီကလပ်က တုံ့ပြန်ဖို့ပျက်ကွက်တာဟာ ကျနော်တို့ချင်း ဆက်ဆံရေးကိုပါ ထိခိုက်စေခဲ့တယ်။

ဧပြီလမှာတော့ ကျနော်ဟာ အမျိုးသားအလုပ်အမှုဆောင်ကော်မတီ နှစ်ရက်ကြာ အစည်းအဝေးမှာ မစ္စတာဒီကလပ်အပေါ် ကျနော့်သံသယတွေ တင်ပြဆွေးနွေးခဲ့တယ်။ အစိုးရဟာ အကြမ်းဖက်မှုနောက်မှာရှိနေပြီး အကြမ်းဖက်မှုဟာ စေ့စပ်ဆွေးနွေးပွဲရာသီဥတုကို ကမောက်ကမဖြစ်နေစေတယ်လို့ အင်အီးစီကယူဆတယ်။ ကျနော်တို့ဟာ အစိုးရဆီ အိတ်ဖွင့်ပေးစာ တစောင်ပို့ပြီး ကာကွယ်ရေးဝန်ကြီးမက်ဂနပ်မာလန်နဲ့၊ တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်ဝပ်ပိပြားရေး ဝန်ကြီး အေဒရီယန်းဗလောက်တို့ကို ရာထူးကထုတ်ပယ်ဖို့၊ ရိုးရာလက်နက်တွေ အများပြည်သူ ကြားစွဲကိုင်သယ်ယူတာ ပိတ်ပင်ဖို့၊ ဂျိုဟန်နစ္စဘာဂ်ပတ်လည် မြို့သစ်တွေက အင်ကာသာ အဖွဲ့ဝင်တွေ အများကြီးနေထိုင်ကြတဲ့ ရွှေ့ပြောင်းအလုပ်သမားဘော်ဒါဆောင်တွေ တဖြည်းဖြည်းပိတ်ပစ်ဖို့၊ အစိုးရရဲ့ သောင်းကျန်းမှုနှိမ်နင်းရေး လျှို့ဝှက်တပ်ဖွဲ့တွေ ဖျက်သိမ်းဖို့နဲ့ လုံခြုံရေး တပ်ဖွဲ့တွေဘက်က မမှန်မကန်လုပ်ဆောင်မှု တိုင်တန်းချက်တွေ စုံစမ်းစစ်ဆေးမယ့် လွတ်လပ်တဲ့ ကော်မရှင်တခု ခန့်အပ်ဖို့တွေ တောင်းဆိုခဲ့တယ်။

ကျနော်တို့ဟာ အစိုးရကို တောင်းဆိုချက်တွေလိုက်လျောဖို့ မေလထိ အချိန်ပေးထားခဲ့တယ်။ မစ္စတာဒီကလပ်က အကြမ်းဖက်မှုနဲ့ပတ်သက်ပြီး ပါတီပေါင်းစုံ ညီလာခံတခု မေလမှာ ကျင်းပဖို့နှိုးဆော်ချက်နဲ့ တုန့်ပြန်ခဲ့ပေမဲ့ ဒါဟာ အဓိပ္ပါယ်မရှိဘူးလို့ ကျနော်ပြန်ကြားခဲ့တယ်။ အကြောင်းကတော့ အကြမ်းဖက်မှုအဆုံးသတ်ရေးအတွက် ဘာလုပ်ဖို့လိုတယ်ဆိုတာ အစိုးရက ကောင်းကောင်းကြီး သိထားလို့ဖြစ်တယ်။ မေလမှာတော့ ကျနော်တို့က အစိုးရနဲ့ ဆွေးနွေးပွဲတွေ ရပ်ဆိုင်းကြောင်း ကြေညာလိုက်တယ်။

၁၉၉၁ ခု၊ ဇူလိုင်လမှာ အေအင်စီက နှစ်ပေါင်း (၃၀) အတွင်း တောင်အာဖရိကနိုင်ငံတွင်း ပထမဆုံး နှစ်ပတ်လည်ညီလာခံ ကျင်းပခဲ့တယ်။ ညီလာခံကို မဲပေးခွင့်ရှိတဲ့ ကိုယ်စားလှယ် (၂၂၄၄) ယောက်တက်ရောက်ခဲ့ပြီး သူတို့ကို ပြည်တွင်းပြည်ပအေအင်စီဌာနခွဲတွေကနေ ဒီမိုကရေစီနည်းအရ ရွေးကောက်ခဲ့တာဖြစ်တယ်။ ညီလာခံမှာ ကျနော့်ကို အေအင်စီဥက္ကဋ္ဌအဖြစ် ပြိုင်ဘက်မရှိ ရွေးကောက်တင်မြှောက်ခဲ့တယ်။ စီရင်းလ်ရာမားဖိုးစားကို အတွင်းရေးမှူးချုပ်အဖြစ် ရွေးကောက်လိုက်တယ်။ အသက်အရွယ်အိုမင်းတဲ့ ခေါင်းဆောင်မှုမျိုးဆက်ဟောင်းကနေ ပိုငယ်ရွယ်တဲ့မျိုးဆက်ဆီကို တာဝန်လက်ဆင့်ကမ်းပေးတဲ့ လက္ခဏာဖြစ်တယ်။ ကျနော် ထောင်က လွတ်တော့မှ စသိကျွမ်းခဲ့ရတဲ့ စီရင်းလ်ဟာ ထူးခြားထင်ရှားခဲ့တဲ့ အေအင်စီခေါင်းဆောင်တွေရဲ့ အစဉ်အဆက်ကို ထိုက်ထိုက်တန်တန် အမွေဆက်ခံသူတယောက်ဖြစ်တယ်။ သူဟာ အေအင်စီ

အဖွဲ့သားတွေထဲမှာ အထူးချွန်အပြောင်မြောက်ဆုံး စေ့စပ်ဆွေးနွေးရေးသမား ဖြစ်ပါလိမ့်မယ်။ သူဟာ ဒီအရည်အချင်းကို နိုင်ငံလုံးဆိုင်ရာသတ္တုတွင်းအလုပ်သမားသမဂ္ဂရဲ့ အထွေထွေ အတွင်းရေးမှူးအဖြစ်နဲ့ လေ့ကျင့်မွေးမြူခဲ့တာ ဖြစ်တယ်။

ကျနော် မိန့်ခွန်းပြောရာမှာ ကျနော့်ကိုချီးမြှင့်ခဲ့တဲ့ ကြီးမားတဲ့ရာထူးဂုဏ်ပုဒ်အတွက် ကျေးဇူးတင်ရှိကြောင်းဖော်ပြပြီး ကျနော့်အရင် ဥက္ကဋ္ဌအော်လီဗာတမ်ဘိုရဲ့ ထူးခြားကြီးကျယ်တဲ့ ခြေရာ လိုက်နင်းနိုင်ဖို့ အင်မတန်ခက်ခဲမှာဖြစ်ကြောင်း ပြောခဲ့တယ်။ အဲဒီအချိန်မှာ ကျနော်တို့ဟာ အစိုးရနဲ့ အကြီးအကျယ်မပြေမလည်ဖြစ်နေပေမဲ့ စေ့စပ်ဆွေးနွေးပွဲတွေ လုပ်တာကိုယ်၌က အောင်ပွဲတခု ဖြစ်တယ်လို့ ကျနော်ပြောခဲ့တယ်။ အစိုးရဟာ စေ့စပ်ဆွေးနွေးပွဲတွေလုပ်နေရတယ် ဆိုတဲ့အချက်ကိုယ်၌က သူတို့ဟာ အသားအရောင်ခွဲခြားရေးစနစ်ကို ဆက်ထိန်းထားဖို့ အင်အားမရှိတော့ဘူးဆိုတဲ့ နိမိတ်လက္ခဏာပြနေတယ်။ အာဏာစွန့်ဖို့ စေ့စပ်ဆွေးနွေးမှု မလုပ်ချင်တဲ့ နိုင်ငံရေးသမားတွေနဲ့ ဆက်ဆံနေရတာဖြစ်လို့ [စေ့စပ်ဆွေးနွေးရေး] ဖြစ်စဉ်ဟာ ချောမွေ့လိမ့်မှာမဟုတ်ဘူးလို့ ကျနော်ထပ်လောင်းပြောခဲ့တယ်။ **“ရှင်းရှင်းလင်းလင်း နားလည်ထားရမယ့်အချက်ကတော့ တိုက်ပွဲမပြီးဆုံးသေးဘူးဆိုတာဖြစ်တယ်။ စေ့စပ်ဆွေးနွေးပွဲတွေကိုယ်၌က တိုက်ပွဲအမျိုးအစားတမျိုးဖြစ်ပြီး တခြားတိုက်ပွဲသဏ္ဍာန်တွေလိုပဲ အောင်မြင်မှုတွေနဲ့ နောက်ဆုတ်ရမှုတွေ ကြုံရလိမ့်မယ်။”**

ဒါပေမဲ့ စေ့စပ်ဆွေးနွေးပွဲတွေဟာ အချိန်ဆွဲလို့ မရနိုင်ပါဘူး။ အသားအရောင်ခွဲခြားရေးစနစ်ရဲ့ နာကြင်မှုတွေကို ဘယ်လိုအကြောင်းပြချက်နဲ့ဖြစ်ဖြစ် သက်ဆိုးရှည်စေဖို့ ကျနော်တို့ ဘယ်တုန်းကမှ မလိုလားခဲ့ပါဘူး။ အသွင်ကူးပြောင်းရေးအစိုးရတရပ် အမြန်ဆုံးတည်ထောင်ဖို့ လိုအပ်တယ်လို့ ကျနော်ပြောလိုက်တယ်။

ဉီလာခံကြီးက အေအင်စီရှေ့မှောက်က အရေးအကြီးဆုံးနဲ့ အခက်ခဲဆုံးလုပ်ငန်း တာဝန်တွေကို အထူးအလေးပေးခဲ့တယ်။ အဲဒါကတော့ ဥပဒေပ မြေအောက်လွတ်မြောက်ရေး လှုပ်ရှားမှုကို ဥပဒေတွင်း လူထုနိုင်ငံရေးပါတီတခုအဖြစ် အသွင်ပြောင်းဖို့ ဖြစ်တယ်။ အေအင်စီဟာ တောင်အာဖရိကနိုင်ငံထဲမှာ နှစ် (၃၀) လောက် လျှို့ဝှက်လှုပ်ရှားခဲ့တယ်။ အဲဒီအမူအကျင့်တွေနဲ့ နည်းနာတွေဟာ နက်နက်ရှိုင်းရှိုင်း အရိုးစွဲနေပြီဖြစ်တယ်။ ကျနော်တို့ဟာ အဖွဲ့အစည်းတခုလုံးကို ပြန်လည်တည်ဆောက်ရတယ်။ အငယ်ဆုံး ဒေသန္တရဌာနခွဲကစပြီး နိုင်ငံလုံးဆိုင်ရာ အမှုဆောင်အထိ ပြန်ဖွဲ့စည်းရတယ်။ ဒါ့အပြင် ကျနော်တို့ဟာ ဒီလုပ်ငန်းကို ထူးခြားတဲ့ အပြောင်းအလဲကာလကြီးထဲမှာ လပိုင်းအတွင်း ဖြစ်အောင် လုပ်ရမှာဖြစ်တယ်။

အေအင်စီနဲ့ ကွန်မြူနစ်ပါတီခေါင်းဆောင်ပိုင်းအများအပြားဟာ ပြည်ပမှာနေခဲ့ရတယ်။ သူတို့ထဲက အများစုဟာ ဉီလာခံတက်ဖို့ ဇူလိုင်လထဲမှာ ပြန်လာကြတယ်။ သူတို့တွေဟာ ဒီကနေ့ တောင်အာဖရိကနိုင်ငံနဲ့ စိမ်းနေတယ်။ သူတို့အတွက်ရော၊ ကျနော့်အတွက်ရော နယ်မြေသစ်တခုလို ဖြစ်နေတယ်။ ဒါပေမဲ့ ဒီမိုကရေစီညီညွတ်ရေးတပ်ပေါင်းစုနဲ့ ကိုဆာတူးတို့က

အများထက်ထူးခြားတဲ့ လူငယ်ခေါင်းဆောင်တသုတ်ကတော့ ပြည်တွင်းမှာ ကျန်နေခဲ့ပြီး ကျနော်တို့ မသိတဲ့ နိုင်ငံရေးအခြေအနေကို သိကြတယ်။ ဒီအဖွဲ့အစည်းတွေဟာ ၁၉၈၀ ခုနှစ်များတုန်းက တောင်အာဖရိကပြည်တွင်းမှာ အတိုင်းအတာတခုအထိ အေအင်စီရဲ့ကိုယ်စားပြုအဖွဲ့တွေ ဖြစ်ခဲ့တယ်။ အေအင်စီဟာ အဲဒီအဖွဲ့ဝင်အမျိုးသား၊ အမျိုးသမီးတွေကိုလည်း အဖွဲ့အစည်းထဲ ထည့်သွင်းပေါင်းစည်းရမှာ ဖြစ်တယ်။

ကျနော်တို့ဟာ လက်တွေ့စုဖွဲ့ရေး ပြဿနာတွေသာမက ဒဿနပြဿနာတွေလည်း ရင်ဆိုင်ရတယ်။ ဘုံရန်သူကို တိုက်နေတုန်းက လှုပ်ရှားမှုကိုစုစည်းရတာဟာ နှိုင်းယှဉ်ချက်အရ အတော်လွယ်ကူတဲ့ လုပ်ငန်းတခုဖြစ်တယ်။ ဒါပေမဲ့ အဲဒီရန်သူက စေ့စပ်ဆွေးနွေးရေးစားပွဲရဲ့ တဖက်မှာ ထိုင်နေချိန်ကျတော့ ပေါ်လစီမူဝါဒရေးဆွဲဖော်ထုတ်ရတာ လုံးဝကို ပြဿနာအသစ်တခုဖြစ်သွားပါပြီ။ အေအင်စီသစ်ထဲမှာ ကျနော်တို့ဟာ မတူတဲ့အုပ်စုအမျိုးမျိုးကို စုစည်းရရုံတင်မက မတူတဲ့သဘောထားအမြင်အမျိုးမျိုးကိုလည်း စုစည်းရတယ်။ ကျနော်တို့ဟာ အဖွဲ့အစည်းကို စေ့စပ်ဆွေးနွေးရေးသဘောထားပေါ်မှာ ညီညွတ်စေဖို့လိုတယ်။

အေအင်စီဟာ ဥပဒေတွင်းလှုပ်ရှားမှု ပထမ (၁၇) လအတွင်း အဖွဲ့ဝင်သစ် ခုနစ်သိန်း စည်းရုံးသိမ်းသွင်းခဲ့တယ်။ ဒါဟာ အထင်ကြီးလောက်စရာဖြစ်ပေမဲ့ ကျေနပ်ရောင့်ရဲနေလို့ မဖြစ်ပါဘူး။ ဒီအဖွဲ့ဝင်တွေထဲက အချိုးအစားအားဖြင့် အနည်းစုပဲ ကျေးလက်ဒေသတွေက ဖြစ်တယ်။ ဒီဒေသတွေဟာ သမိုင်းတလျှောက် အေအင်စီရဲ့ အားအနည်းဆုံးနယ်မြေတွေ ဖြစ်တယ်။ တချိန်တည်းမှာ အမျိုးသားပါတီဟာ လူဖြူမဟုတ်သူတွေကို စည်းရုံးလက်ကမ်းနေပြီး ကျနော်တို့အပေါ် အမြင်မရှင်းတဲ့ ကပြားတွေနဲ့ ကုလားတွေကို လက်ခံသိမ်းသွင်းရင်း အလုပ်ရှုပ်နေတယ်။

ကျနော် ထောင်ကလွတ်ကတည်းက နိုင်ငံတော်အစိုးရဟာ ကျနော့်ဇနီးကို သိက္ခာချဖို့ ဆက်လက်လှုပ်ရှားနေခဲ့တယ်။ ဒီယက်ပ်ကလုဖ်နေအိမ်မှာနေတဲ့ လူငယ်လေးယောက် ပြန်ပေးဆွဲခံရ၊ တယောက်အသတ်ခံရတယ်ဆိုတာ ဖြစ်ပြီးနောက် ဝင်နီကို တီးတိုးကောလဟာလ သတင်း ဖြန့်ပြီး နာမည်ဖျက်ခဲ့တယ်။ ဒီနောက်မှာတော့ ပြန်ပေးမှုလေးမှု၊ ကိုယ်ထိလက်ရောက်မှုတမှုနဲ့ တရားစွဲခဲ့တယ်။ သူမရဲ့ အကျင့်စာရိတ္တကို ဆက်လက်ပြီးအသရေဖျက်နေတာ ဆိုးဝါးလွန်းလှလို့ ကျနော်နဲ့ဝင်နီ နှစ်ယောက်စလုံးက တရားရုံးမြန်မြန်တက်ပြီး စွပ်စွဲချက်တွေ အပြစ်မရှိကြောင်း သက်သေပြဖို့ စိတ်အားသန်နေတယ်။

ကျနော့်ဇနီးအပေါ် တရားဝင်ရုံးတင် အမှုစစ်ဆေးခြင်းကို ဖေဖော်ဝါရီလထဲမှာ ဂျိုဟန်နစ္စဘာ့ဂ်မြို့က ရန်းဒ်တရားရုံးချုပ်မှာ စတင်ပြုလုပ်ခဲ့တယ်။ ကျနော်က ပထမဆုံးနေ့မှာ တရားရုံးကို သွားရောက်နားထောင်ခဲ့တယ်။ အေအင်စီထဲက ကြီးကြီးပိုင်းအတော်များများလည်း တရားရုံး လာတက်ကြတယ်။ ကျနော်ဟာ တတ်နိုင်သ၍ မကြာခဏ တရားရုံးသွားတက်ခဲ့ပြီး ကျနော့် ဇနီးကို အားပေးတဲ့အနေနဲ့ရော၊ သူမအပြစ်မရှိကြောင်း ကျနော့်ယုံကြည်မှုပြတဲ့အနေနဲ့ပါ

ရုံးတက်ခဲ့တာ ဖြစ်တယ်။ သူမဘက်က ဂျော့ချ်ဘီဇော့က ရှေ့နေအဖြစ် ထက်ထက်မြက်မြက်ခုခံလျှောက်လဲခဲ့တယ်။ သူက ဝင်နီဟာ ပြန်ပေးမှုတွေနဲ့ရော ရိုက်နှက်မှုတွေနဲ့ပါ ဘာမှမပတ်သက်ခဲ့ဘူးဆိုတာ သက်သေပြဖို့ ကြိုးစားခဲ့တယ်။

သုံးလခွဲကြာ အမှုစစ်ပြီးနောက် တရားရုံးက သူမကိုပြန်ပေးမှုတွေနဲ့ပတ်သက်လို့ အပြစ်ရှိကြောင်းနဲ့ ကိုယ်ထိလက်ရောက်မှုမှာ ကြံရာပါအဖြစ် အပြစ်ရှိကြောင်း စီရင်ဆုံးဖြတ်ခဲ့တယ်။ ဒါပေမဲ့ သူမကိုယ်တိုင်က ကိုယ်ထိလက်ရောက်မှုထဲ ဝင်ပါခဲ့တာမရှိဘူးလို့ တရားသူကြီးက အသိအမှတ်ပြုတယ်။ သူမကို ထောင်ဒဏ် (၆) နှစ်ချပြီး အယူခံကာလမှာ အာမခံနဲ့လွှတ်ထားတယ်။ ကျနော့်အတွက်ကတော့ စီရင်ချက်ချသည်ဖြစ်စေ၊ မချသည်ဖြစ်စေ သူမအပြစ်မရှိကြောင်း သံသယမရှိပါဘူး။

### ၁၀၈

ဆွေးနွေးပွဲတွေကိစ္စ ဆွေးနွေးခဲ့တာ တနှစ်ခွဲကျော်ကြာပြီဖြစ်တဲ့ ၁၉၉၁ ခု၊ ဒီဇင်ဘာ (၂၀) ရက်မှာ တကယ့်ဆွေးနွေးပွဲတွေ စတင်ခဲ့တယ်။ ဒီဆွေးနွေးပွဲကို ဒီမိုကရေစီတောင်အာဖရိကနိုင်ငံထူထောင်ရေးညီလာခံ (ဝါ) ကိုဒီဆာလို့ခေါ်ပြီး အစိုးရ၊ အေအင်စီနဲ့ တခြားတောင်အာဖရိကပါတီတွေကြား ပထမဆုံးတရားဝင်စေ့စပ်ဆွေးနွေးပွဲကြီးကို ဖော်ဆောင်လိုက်တယ်။ အရင်ကကျနော်တို့ နှစ်ပွင့်ဆိုင်ဆွေးနွေးပွဲအားလုံးဟာ ဒီဆွေးနွေးပွဲကြီးအတွက် အခြေခံပန္နက်တွေချနေခဲ့တာ ဖြစ်တယ်။ အခုညီလာခံကို ဂျိုဟန်နစ္စဘာ့ဂ်မြို့တော်ရဲ့ ယန်စမတ်စ်လေဆိပ်နားကခေတ်မှီပြခန်းဆောင်ဖြစ်တဲ့ ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနအဆောက်အဦးမှာ ကျင်းပခဲ့တယ်။ ကိုဒီဆာမှာ တောင်အာဖရိက နိုင်ငံရေးတခွင်တပြင်လုံးကို အကျုံးဝင်တဲ့ ကိုယ်စားလှယ် (၁၈) ဖွဲ့ပါဝင်ပြီး ကုလသမဂ္ဂ၊ ဓနသဟာယ၊ ဥရောပသမဂ္ဂနဲ့ အာဖရိကညီညွတ်ရေးအဖွဲ့တို့က လေ့လာသူတွေလည်း တက်ရောက်ကြတယ်။ ဒါဟာ တောင်အာဖရိကနိုင်ငံမှာ နိုင်ငံရေးအဖွဲ့တွေ တနေရာထဲ အများဆုံးကိုယ်စားပြု စုစည်းမိတာဖြစ်ပါတယ်။

ဒီလိုဆွေးနွေးပွဲကို ဖွင့်လှစ်လိုက်တာဟာ သမိုင်းတွင်မယ့်ဖြစ်ရပ်ကြီးပါပဲ။ ၁၉၀၉ ခုနှစ်တုန်းက ဗြိတိသျှကိုလိုနီတွေဖြစ်တဲ့ ကိပ်ပြည်နယ်နဲ့ နေတယ်လ်ပြည်နယ်တို့က ယခင် **ဘိုးဝါး***သမတနိုင်ငံတွေဖြစ်တဲ့ ထရန်စဗားလ်နယ်၊ အော်ရိန်းဂျ်ဖရီးစတိတ်နယ်တို့နဲ့ ပြည်ထောင်စုနိုင်ငံတခုထဲဖွဲ့စည်းဖို့ သဘောတူခဲ့တဲ့ညီလာခံနောက်ပိုင်း အရေးကြီးဆုံး အခြေခံဥပဒေဆိုင်ရာညီလာခံဖြစ်တာ အသေအချာပါပဲ။ အဲဒီ (၁၉၀၉) ညီလာခံကတော့ ဒီမိုကရေစီရဲ့ သြဇာဂယက်မရှိခဲ့ပဲ ဒီမိုကရေစီကို သစ္စာဖောက်တာသာဖြစ်ခဲ့တယ်။ ဘာလို့လဲဆိုတော့ အဲဒီတုန်းက ကိုယ်စားလှယ်တွေထဲ လူမည်းတယောက်မှ မပါလို့ဖြစ်ပါတယ်။ ၁၉၉၁ ခုမှာတော့ ကိုယ်စားလှယ်အများစုက လူမည်းတွေဖြစ်နေပါပြီ။

ကျနော်တို့ဘက်က [ညီလာခံ]အစီအစဉ်ရေးဆွဲရေးကိုယ်စားလှယ်အဖွဲ့မှာ စီရင်းလ်

*ဒတ်ချ်အနွယ်ဖွားလူမြူများ

ရာမားဖိုးစားခေါင်းဆောင်ပြီး ဂျိုးစလိုဗိုနဲ့ ဗာလီမူဆာတို့ ပါဝင်တယ်။ သူတို့ဟာ ရွေးကောက်ပွဲကိစ္စ၊ အခြေခံဥပဒေကိစ္စ၊ တိုင်းပြုပြည်ပြုလွှတ်တော်နဲ့ ကြားဖြတ်အစိုးရကိစ္စတွေကို အစိုးရနဲ့ အပတ်စဉ် ဆွေးနွေးပွဲတွေလုပ်နေခဲ့တယ်။ ဇာတိပြည်နယ်အစိုးရတွေအပါအဝင် အမျိုးမျိုးသော ပါတီပေါင်း (၂၀) လောက်က ကိုယ်စားလှယ်တွေဟာ ညီလာခံရဲ့ အခြေခံမူတွေအပေါ် သဘောတူညီချက်ရပြီးဖြစ်တယ်။

ဖျက်လိုဖျက်ဆီးလုပ်သူတချို့ကတောင် ဆွေးနွေးပွဲအဖွင့်မှာရှိနေကြတဲ့ အကောင်းမြင်စိတ်ဓာတ်ကို ထိခိုက်လျော့ပါးအောင် မလုပ်နိုင်ခဲ့ပါဘူး။ ပီအေစီက အေအင်စီနဲ့ အမျိုးသားပါတီတို့ဟာ လူမျိုးပေါင်းစုံပါတဲ့ [လူဖြူပါတဲ့] အစိုးရတခုထူထောင်ဖို့ လျှို့ဝှက်ပူးပေါင်းကြံစည်နေတယ်လို့စွပ်စွဲပြီး ဆွေးနွေးပွဲကို သပိတ်မှောက်ဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒါဟာ လွန်ခဲ့တဲ့ တလလောက်က အေအင်စီ၊ ပီအေစီနဲ့ အဇန်းနီးယားပြည်သူ့အဖွဲ့တို့က ဘုံရည်မှန်းချက်တွေ ထုတ်ပြန်ကြေညာပြီး ပြည်ချစ်တပ်ပေါင်းစုဆိုတဲ့ မဟာမိတ်အဖွဲ့တခုဖွဲ့စည်းခဲ့တဲ့ကြားထဲက ဖြစ်ခဲ့တာ ဖြစ်တယ်။ ပီအေစီဟာ ဒီမိုကရေစီကျတဲ့ ရွေးကောက်ပွဲတွေကိုကြောက်လန့်နေတယ်။ အကြောင်းကတော့ အဲသလိုမဲရွေးလိုက်ရင် သူတို့မှာ လူထုထောက်ခံမှုနည်းနည်းလေးပဲရှိတာ ပေါ်သွားမှာစိုးလို့ ဖြစ်တယ်။ စော်ဘွားဘူသယ်လဇီကလည်း အင်ကာသာအတွက်ရယ်၊ ကွာဇူးလူးအစိုးရအတွက်ရယ်၊ ဘုရင်ဇွယ်လစ်သင်နီအတွက်ရယ်ဆိုပြီး ကိုယ်စားလှယ်သုံးဖွဲ့ တက်ခွင့်မရလို့ဆိုတဲ့အကြောင်းပြချက်နဲ့ သပိတ်မှောက်ခဲ့တယ်။ ကျနော်တို့က ဘုရင်ဆိုတာ နိုင်ငံရေးရဲ့အထက်မှာ ကင်းကင်းရှင်းရှင်းပဲနေသင့်တယ်။ တကယ်လို့ သူ့ကို ညီလာခံမှာထည့်သွင်းမယ်ဆိုရင် တောင်အာဖရိကမှာရှိတဲ့ လူမျိုးစုတိုင်းရဲ့ ရာထူးအကြီးဆုံးစော်ဘွားတွေ၊ စော်ကဲတွေကို ညီလာခံတက်ခွင့်ပေးရလိမ့်မယ်လို့ တုံ့ပြန်ချေပခဲ့ရတယ်။

ဒီတုန်းက ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနမှာ သမိုင်းကို ဖန်တီးနေတဲ့ခံစားချက်ဖြစ်ပေါ်ရုံတင်မကပဲ ကိုယ့်အားကိုယ်ကိုးတဲ့ ခံစားချက်ကိုလည်း ဖြစ်ပေါ်စေခဲ့တယ်။ ဇင်ဘာဘွေနဲ့ အင်ဂိုလာတို့လို အာဖရိကနိုင်ငံတွေဟာ စနစ်သစ်တွေမချမှတ်ခင် စေ့စပ်ဆွေးနွေးပွဲတွေလုပ်ရာမှာ ပြည်ပက ကြားဝင်စေ့စပ်ပေးသူတွေ လိုအပ်ခဲ့တယ်။ သူတို့နဲ့မတူဘဲ ကျနော်တို့ တောင်အာဖရိကမှာတော့ ကျနော်တို့ အချင်းချင်းကွဲလွဲမှုတွေကို ကိုယ့်ဖာသာကိုယ် ဖြေရှင်းနေကြတယ်။ မစ္စတာဒီကလပ်က ဒီမိုကရေစီအခြေခံပေါ်ကနေ **'အာဏာခွဲဝေ'** တဲ့ ကြားဖြတ်အစိုးရတခု လိုအပ်မှုအကြောင်း ပြောသွားတယ်။ အမျိုးသားပါတီရဲ့ ညီလာခံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒါဝီဒီဗီးလီးယားက အသားအရောင်ခွဲခြားရေးစနစ် ကျင့်သုံးခဲ့မှုအတွက် တောင်းပန်စကား တောင်ပြောခဲ့တယ်။

ကျနော်ရဲ့ အဖွင့်မှာစကားမှာတော့ ကိုဒီဆာပေါ်ထွန်းမှုနဲ့အတူ တောင်အာဖရိကနိုင်ငံရဲ့ တိုးတက်မှုဟာ နောက်ဆုံးမှာတော့ နောက်ကြောင်းပြန်လှည့်မရတော့တဲ့ အခြေရောက်လာပြီလို့ ပြောခဲ့တယ်။ အစိုးရတွေဟာ သူတို့ရဲ့ အခွင့်အာဏာနဲ့တရားဝင်မှုကို အုပ်ချုပ်ခံတွေရဲ့ သဘောတူညီချက်ကနေ ရယူတာဖြစ်ပြီး ကျနော်တို့ဟာ အဲသလိုမျိုး တရားဝင်တဲ့

အာဏာပိုင်မှုကိုဖန်တီးဖို့ စုဝေးခဲ့ကြပြီလို့ ပြောလိုက်တယ်။ ကိုဒီဆာဟာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်တခုရေးဆွဲဖို့ ရွေးကောက်ခံတိုင်းပြုပြည်ပြုလွှတ်တော် ဖြစ်ပေါ်စေမယ့် လမ်းကြောင်းရဲ့ အစဖြစ်တယ်လို့ ကျနော်ပြောခဲ့တယ်။ ၁၉၉၂ ခုမှာ တိုင်းပြုပြည်ပြုလွှတ်တော် အတွက် ရွေးကောက်ပွဲမဖြစ်စရာအကြောင်း မမြင်ဘူးလို့ ပြောလိုက်တယ်။ ကျနော်က ဒီလို ရွေးကောက်ပွဲတွေကို ကြီးကြပ်ဖို့၊ နိုင်ငံတော်ရဲ့ သတင်းမီဒီယာတွေနဲ့ စစ်တပ်ကို ချုပ်ကိုင်ဖို့နဲ့ လူမျိုးမခွဲခြားတဲ့ ဒီမိုကရေစီတောင်အာဖရိက နိုင်ငံသစ်ဆီ ကူးပြောင်းမှုကို ယေဘုယျအားဖြင့် ကွပ်ကဲကြည့်ရှုဖို့ အမျိုးသားညီညွတ်ရေးကြားဖြတ်အစိုးရတဖွဲ့ ဖော်ထုတ်ဖွဲ့စည်းရန် အစိုးရကို တောင်းဆိုခဲ့တယ်။

ညီလာခံပထမနေ့မှာ အမျိုးသားပါတီနဲ့ အေအင်စီအပါအဝင် အဓိကပါဝင်တက်ရောက် နေတဲ့ ပါတီတွေက ကြံရွယ်ခြင်းဆိုင်ရာကြေညာချက်တခု အတည်ပြုချမှတ်ခဲ့တယ်။ အဲဒီထဲမှာ လွတ်လပ်တဲ့တရားစီရင်ရေးစနစ်က အာမခံထားတဲ့၊ အခြေခံဥပဒေက အချုပ်အခြာ တရား ဥပဒေဖြစ်မယ့်၊ ခွဲခြားမှုမရှိတဲ့ တောင်အာဖရိကနိုင်ငံကို ပါတီအားလုံးထောက်ခံအားပေးဖို့ တာဝန်ယူစေခဲ့တယ်။ တိုင်းပြည်ရဲ့တရားရေးစနစ်က ဥပဒေရှေ့မှောက်မှာ အားလုံးတန်းတူ ညီမျှရေးကို အာမခံမှာဖြစ်ပြီး ပြည်သူ့လွတ်လပ်ခွင့်တွေ ကာကွယ်ဖို့ လူ့အခွင့်အရေး ဥပဒေ ကြမ်းတခု ရေးဆွဲရမှာဖြစ်တယ်။ တိုတိုပြောရရင် မဲစာရင်းတခုထဲပေါ်မှာ အရွယ်ရောက်သူတိုင်း မဲပေးခွင့်ကိုအခြေခံတဲ့ ပါတီစုံဒီမိုကရေစီဖြစ်မယ်။ ကျနော်တို့အနေနဲ့ကတော့ ဒါဟာ တောင် အာဖရိကနိုင်ငံသစ်အတွက် အနိမ့်ဆုံးလက်ခံနိုင်စရာ အခြေခံဥပဒေကြမ်းခင်း ဖြစ်ပါတယ်။ အင်ကာသာကတော့ **'ခွဲခြားမှုမရှိတဲ့'** တောင်အာဖရိက ဆိုတဲ့ စကားဟာ ဖက်ဒရယ်စနစ်ကို ငြင်းပယ်ထားတဲ့ အဓိပ္ပါယ်ရောက်လို့ဆိုပြီး လက်မှတ်ထိုးဖို့ ငြင်းဆန်ခဲ့တယ်။

ညီလာခံက လုပ်ငန်းအဖွဲ့ (၅) ဖွဲ့ကို ဖွဲ့စည်းခဲ့တယ်။ ဒီအဖွဲ့တွေဟာ ၁၉၉၂ ခု အစောပိုင်းမှာ စည်းဝေးကြပြီး ၁၉၉၂ ခု မေလမှာကျင်းပဖို့စီစဉ်ထားတဲ့ ကိုဒီဆာ ဒုတိယအကြော့အတွက် ကြိုတင်ပြင်ဆင်ကြမှာဖြစ်တယ်။ ဒီအဖွဲ့တွေဟာ လွတ်လပ်တဲ့ နိုင်ငံရေးရာသီဥတု ထူထောင်ရေး ပြဿနာ၊ ဇာတိပြည်နယ်တွေရဲ့အနာဂတ်၊ တောင်အာဖရိကအသံလွှင့်ဌာန ပြန်လည်ဖွဲ့စည်း ရေး၊ ဖက်ဒရယ်စနစ်ကဲ့သို့ အခြေခံဥပဒေ မူဝါဒမျိုးစုံ လေ့လာဆန်းစစ်ရေးနဲ့၊ ကြားဖြတ်အစိုးရဖွဲ့ စည်းရေးနဲ့ အသက်ဝင်ရေးတို့ကို လေ့လာအဖြေရှာကြမှာဖြစ်တယ်။ ဆုံးဖြတ်ချက်တွေကို **'လုံလောက်တဲ့ အများဆန္ဒသဘောထား'** နဲ့ ချမှတ်မယ်လို့ ပါတီတွေကသဘောတူကြတယ်။ **'လုံလောက်တဲ့အများ'** ဆိုတာကို တခါမှအဓိပ္ပါယ် မသတ်မှတ်ခဲ့ပဲ လက်တွေ့အားဖြင့် အစိုးရ၊ အေအင်စီနဲ့ တခြားပါတီတွေရဲ့အများစုကြား သဘောတူညီချက်ကို ဆိုလိုတာဖြစ်ခဲ့တယ်။

ကိုဒီဆာ (၁) ရဲ့ ပထမနေ့ဟာ ပြီးခါနီးအထိ ထူးထူးခြားခြားမရှိခဲ့ပါဘူး။ ညီလာခံမစခင် ညက ကျနော်ဟာ မစ္စတာဒီကလပ်နဲ့ ည (၈) နာရီကျော်တဲ့အထိ ဖုန်းထဲကနေ ဆွေးနွေးနေခဲ့ တယ်။ မစ္စတာဒီကလပ်က နောက်တရက်မှာ သူ့ကို အပိတ်စကားပြောသူအဖြစ်ခွင့်ပြုဖို့ ကျနော်သဘောတူမတူ မေးတယ်။ ကျနော့်ကို နိဂုံးချုပ်စကားပြောဖို့လျာထားပေမဲ့ ကျနော်က

အခုကိစ္စကို အမျိုးသားအလုပ်အမှုဆောင်နဲ့ တိုင်ပင်ကြည့်မယ်လို့ ပြောလိုက်တယ်။ ကျနော် အဲဒီညမှာပဲ တိုင်ပင်ကြည့်ခဲ့ရာ သူတို့မှာ သံသယစိတ်တွေရှိနေတဲ့ကြားထဲက မစ္စတာဒီကလပ်ကို နောက်ပိတ်ဆုံးစကားပြောခွင့်ပေးဖို့ ကျနော် သူတို့ကိုနားချခဲ့တယ်။ ကျနော်ဟာ ဒီကိစ္စကို အဓိကကျတယ်လို့မမြင်ဘဲ မစ္စတာဒီကလပ်ကို ကူညီတဲ့အနေနဲ့ လိုက်လျောပေးဖို့ အသင့်ရှိနေခဲ့တယ်။

[နောက်တနေ့] အစည်းအဝေးအပြီးမှာ အားလုံးအဆင်ချောနေပုံပါပဲ။ ကျနော်က ဆွေးနွေးပွဲတွေရဲ့ အရေးပါမှုအကြောင်း ပြောပြီးနောက် မစ္စတာဒီကလပ်က ဆက်ပြောတယ်။ သူက လက်ရှိအချိန်အခါရဲ့ သမိုင်းဝင်ထူးခြားမှုကို အလေးပေးပြောပြီး အပြန်အလှန် မယုံကြည်မှုတွေကို ကျော်လွှားဖို့လိုကြောင်း ဆွေးနွေးတယ်။ ဒါပေမဲ့ အဲဒီနောက်မှာတော့ ထူးထူးဆန်းဆန်း ဖောက်လာတယ်။ သူက အေအင်စီဟာ အစိုးရနဲ့ရထားတဲ့ သဘောတူညီချက်တွေအတိုင်း မလိုက်နာဘူးဆိုပြီး တိုက်ခိုက်မှုစလုပ်လာတယ်။ သူဟာ ကျောင်းဆရာတယောက်က ကလေးဆိုးတယောက်ကို ဆူပူမာန်မဲတဲ့ပုံစံအတိုင်း ကျနော်တို့ကိုဆိုလာတယ်။ သူက အေအင်စီကို လက်နက်ခဲယမ်းသိုဝှက်ထားတဲ့နေရာတွေ ဖော်ထုတ်မပေးတဲ့အတွက် ဆဲဆိုကြိမ်းမောင်းပြီး ၁၉၉၁ ခု၊ စက်တင်ဘာလ အမျိုးသားငြိမ်းချမ်းရေးစာချုပ်ကို ဖောက်ဖျက်ပြီး **‘ကိုယ်ပိုင်တပ်’** အဖြစ် နိုင်ငံ့လုံခြုံရေးတပ်ဖွဲ့ ဆက်လက်ထားရှိတဲ့အတွက် ပြစ်တင်ရှုတ်ချတယ်။ အေအင်စီဟာ ကိုယ်လက်မှတ်ထိုးထားတဲ့ သဘောတူညီချက်အားလုံးကို လိုက်နာနိုင်လောက်အောင် စိတ်ဓာတ်ရေချိန်ရှိရဲ့လားလို့ မိုက်မိုက်ရိုင်းရိုင်း စကားအသုံးအနှုန်းတွေနဲ့ မေးလိုက်သေးတယ်။

ဒါဟာ ကျနော့်သည်းခံနိုင်စွမ်း ကုန်ခမ်းသွားစေခဲ့ပြီး မစ္စတာဒီကလပ် နောက်ဆုံးပြောသွားတာနဲ့ပဲ အခုအစည်းအဝေးပိတ်ခွင့်ပေးလိုက်ဖို့ ကျနော်လက်မခံနိုင်တော့ဘူး။ သူ စကားပြောပြီးတဲ့အခါ အစည်းအဝေးရုပ်သိမ်းဖို့ဖြစ်ပေမဲ့ တခန်းလုံးဟာ လုံးလုံးကြီးတိတ်ဆိတ်သွားတယ်။ ကျနော်က အစည်းအဝေးပြီးဆုံးခွင့်ပေးမယ့်အစား စကားပြောစင်မြင့်ဆီ လျှောက်သွားလိုက်တယ်။ သူ့စကားတွေကို ပြန်မချေပဘဲ လွှတ်မထားနိုင်ပါဘူး။ ကျနော်စကားပြောတဲ့အခါ ဒေါသသံပါနေပါတယ်။

*ဒီကနေ့ မစ္စတာဒီကလပ်ရဲ့ အပြုအမူနဲ့ပတ်သက်ပြီး ကျနော်အလွန်အမင်းစိုးရိမ်ပူပန်မိပါတယ်။ သူဟာ အေအင်စီကိုတိုက်ခိုက်ခဲ့ပြီး တိုက်ခိုက်ရာမှာလည်း ပွင့်လင်းရိုးသားမှု လုံးလုံးမရှိခဲ့ဘဲ အောက်တန်းကျခဲ့တယ်။ သူ့လို တရားမဝင်တဲ့၊ ဂုဏ်သိက္ခာမရှိတော့တဲ့ လူနည်းစုအာဏာရှင်အစိုးရခေါင်းဆောင်မှာတောင်မှ လိုက်နာကိုင်စွဲရမယ့် ယဉ်ကျေးမှုစံတွေရှိရပါတယ်။ သူဟာ အင်မတန်မှ နာမည်ပျက်နေတဲ့ အာဏာရှင်အစိုးရရဲ့ခေါင်းဆောင်ဖြစ်နေလို့ ယဉ်ကျေးမှုစံတွေမကိုင်စွဲဘူးလို့ ဆင်ခြေပေးမရပါဘူး။ အကယ်၍ ပုဂ္ဂိုလ်တဦးတယောက်ဟာ ဒီညီလာခံမျိုးလာတက်ပြီး သူလုပ်တဲ့ နိုင်ငံရေးပုံစံမျိုးလုပ်ရင် အဲသလိုလူစားမျိုးနဲ့ ဘယ်သူမှဆက်ဆံချင်မှာမဟုတ်ပါဘူး။*

*သူတို့ဘက်က အပိတ်စကားပြောခွင့်ရဖို့ အစိုးရအဖွဲ့ဝင်တွေက ကျနော်တို့ကို နားချခဲ့တယ်။ သူတို့ဟာ ဒီနေရာမှာ အပိတ်စကားပြောရဖို့ အင်မတန်စိတ်အားထက်သန်နေခဲ့တယ်။ ဒါ ဘာ့ကြောင့်*

*လဲဆိုတာ အခုရှင်းသွားပါပြီ။ သူဟာ သူ့နေရာအဆင့်အတန်းကို အလွဲသုံးစားလုပ်ခဲ့တယ်။ ကျနော် တုံ့ပြန်မှာမဟုတ်ဘူးဆိုပြီး သူမျှော်လင့်ခဲ့လို့ အဲသလိုလုပ်တာဖြစ်တယ်။ သူလုံးလုံးကြီး လွဲသွားပါပြီ။ ကျနော် အခု ပြန်တုံ့ပြန်လိုက်ပြီ။*

မစ္စတာဒီကလပ်က ကျနော်တို့ကို ဒီလိုစကားအသုံးအနှုန်းမျိုးနဲ့ပြောတာ လက်မခံနိုင်ဘူးလို့ ကျနော်ပြောလိုက်တယ်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကို ရှေ့ဆောင်ရှေ့ရွက်ပြုစတင်ခဲ့သူဟာ အစိုးရမဟုတ်၊ အေအင်စီဖြစ်ပြီး သဘောတူညီချက်တွေကို မလိုက်နာဘဲ ခဏခဏချိုးဖောက်နေတာကတော့ အေအင်စီမဟုတ်ဘဲ အစိုးရဘက်ကဖြစ်တယ်လို့ ထပ်လောင်းပြောခဲ့တယ်။ အေအင်စီကို လူသိရှင်ကြားတိုက်ခိုက်တာ ဘာမှအကျိုးမရှိဘူးလို့ ကျနော် မစ္စတာဒီကလပ်ကို အရင်ကပြောခဲ့ဖူးပြီ။ ဒါပေမဲ့ သူဆက်လုပ်နေခဲ့တယ်။ ကျနော်တို့ လက်နက်ကိုင်တိုက်ပွဲ ရပ်နားတာဟာ ငြိမ်းချမ်းရေးအတွက် ကျနော်တို့ ပိုင်းဖြတ်ချက်ကိုပြဖို့ဖြစ်တယ်။ ဒါပေမဲ့ အစိုးရကတော့ [အေအင်စီအပေါ်] စစ်ပွဲဆင်နွှဲနေသူတွေနဲ့ အခုထိ လျှို့ဝှက်လက်တွဲနေဆဲဖြစ်တယ်လို့ ကျနော် ထောက်ပြလိုက်တယ်။ ကျနော်တို့ လက်နက်တွေ အပ်မယ့်အချိန်က ကျနော်တို့ကိုယ်တိုင် အဲဒီလက်နက်တွေ လိုက်သိမ်းတဲ့အစိုးရရဲ့ အစိတ်အပိုင်းဖြစ်တဲ့အခါကျမှသာ ဖြစ်လိမ့်မယ်။ အဲသလိုမဖြစ်ခင် မအပ်နိုင်ဘူးလို့ ကျနော်တို့ သူ့ကို ပြောထားပြီးဖြစ်တယ်။

အစိုးရမှာ နှစ်ခွလုပ်ငန်းစဉ်ရှိနေတာ သိသာထင်ရှားလှတယ်လို့ ကျနော်ဖြည့်ပြောလိုက်တယ်။ သူတို့ဟာ ငြိမ်းချမ်းရေးရဖို့ စေ့စပ်ဆွေးနွေးပွဲလုပ်နေတာမဟုတ်ဘဲ သေးသိမ်လှတဲ့ သူတို့ကိုယ်ပိုင်နိုင်ငံရေးအကျိုးအမြတ်တွေရနိုင်ဖို့ အသုံးချနေတာသာဖြစ်တယ်။ သူတို့ဟာ တဖက်က စေ့စပ်ဆွေးနွေးပွဲလုပ်နေပြီး တဖက်မှာတော့ ကျနော်တို့အပေါ် အကြမ်းဖက်မှုကျူးလွန်နေတဲ့ တိတ်တိတ်ပုန်းအဖွဲ့အစည်းတွေကို လျှို့ဝှက်ငွေကြေးထောက်ပံ့နေတယ်။ မစ္စတာဒီကလပ်က သူမသိရပါဘူးလို့ပြောတဲ့၊ အင်ကာသာကို ရန်းငွေသန်းချီပြီး ငွေထိုးခဲ့မှု မကြာခင်လေးက ပွင့်ကျခဲ့တာတွေ ကျနော်ထောက်ပြလိုက်တယ်။ ကျနော်က အကယ်၍ သူ့လိုရာထူးအဆင့်ရှိတဲ့လူတယောက်က **“ဒီလိုအရာကိစ္စမျိုးတွေနဲ့ပတ်သက်ပြီး မသိဘူးဆိုလို့ရှိရင်တော့ သူဟာ အစိုးရအကြီးအကဲဖြစ်ဖို့ မသင့်တော့ဘူး”** လို့ ပြောလိုက်တယ်။

ကျနော်ပြောတာ ပြင်းထန်မှန်းသိပေမဲ့ ကျနော်ဟာ စေ့စပ်ဆွေးနွေးရေး သဘော်ာကြီး တစီးလုံးကိုတော့ မှောက်မသွားစေချင်ပါဘူး။ ကျနော့်စကားအဆုံးမှာတော့ ပိုပြီးသင့်မြတ်ရေး လေသံနဲ့ နိဂုံးချုပ်ခဲ့တယ်။

*သူ့ဖဲချပ်တွေ စားပွဲပေါ်မှာလှန်ပြထားဖို့ ကျနော် သူ့ကိုပန်ကြားပါတယ်။ ကျနော်တို့ ပွင့်ပွင့်လင်းလင်းနဲ့အတူတကွ အလုပ်လုပ်ကြပါစို့။ လျှို့ဝှက်လုပ်ငန်းအစီအစဉ်တွေ မရှိပါစေနဲ့။ ကျနော်တို့က တုံ့ပြန်မှာမဟုတ်ဘူးဆိုတဲ့ မျှော်လင့်ချက်နဲ့ အပိတ်စကားပြောသူအခွင့်အရေး အလွဲသုံးစားလုပ်ပြီး ကျနော်တို့ကိုတိုက်ခိုက်ဖို့ အပိတ်စကားပြောခွင့်ရအောင် ကျနော်တို့ကို သူနားမချပါစေနဲ့။ သူ့အမှားတွေ*

*ဘယ်လိုပဲရှိပါစေ သူနဲ့တွဲလုပ်ဖို့ ကျနော်အသင့်ရှိပါတယ်။*

ကိုဒီဆာဟာ နောက်တနေ့မှာ နောက်ဆုံးနေ့အဖြစ် စည်းဝေးခဲ့တယ်။ ကျနော်နဲ့ မစ္စတာဒီကလပ် နှစ်ယောက်စလုံးက ဘာမှဆိုးဆိုးဝါးဝါးမဖြစ်ခဲ့သလိုမျိုး ကြိုးစားပြီး သရုပ်ဆောင်ခဲ့ကြတယ်။ အစည်းအဝေးမှာ သူနဲ့ကျနော် လူမြင်ကွင်းမှာ လက်ဆွဲနှုတ်ဆက်ပြီး အတူတကွအလုပ်လုပ်ကြမယ်လို့ ပြောခဲ့ကြတယ်။ ဒါပေမဲ့ ယုံကြည်မှုကတော့ တော်တော့်ကိုပျက်ပြားသွားခဲ့ပြီဖြစ်ပြီး စေ့စပ်ဆွေးနွေးပွဲဟာ အခုဆိုရင် ဖရိုဖရဲအခြေအနေကိုရောက်နေပါပြီ။

ကိုဒီဆာ (၁) စတင်ပြီး ခြောက်ပတ်အကြာမှာ အမျိုးသားပါတီဟာ ပေါ့ချက်ဖ်စထရူးမ်မြို့မှာ အရေးကြီးတဲ့ကြားဖြတ်ရွေးကောက်ပွဲတခု ဝင်ပြိုင်ခဲ့တယ်။ အဲဒီမြို့လေးဟာ ထရန်စဗားလ်ပြည်နယ်က ရှေးရိုးစွဲ တက္ကသိုလ်မြို့လေးဖြစ်ပြီး အစဉ်အလာအားဖြင့် အမျိုးသားပါတီရဲ့ အမာခံနေရာဖြစ်တယ်။ အဲဒီမှာ အမျိုးသားပါတီသမားတွေဟာ လက်ျာကွန်ဆာဗေးတစ်ပါတီ အမတ်လောင်းကို အံ့အားသင့်စရာကောင်းလောက်အောင် ရှုံးနိမ့်သွားတယ်။ ကွန်ဆာဗေးတစ်တွေဟာ အစိုးရရဲ့ အေအင်စီနဲ့ စေ့စပ်ဆွေးနွေးရေးပေါ်လစီကို ပြတ်ပြတ်သားသားဆန့်ကျင်ကြပြီး မစ္စတာဒီကလပ်ဟာ ကိုယ့်ဆိုင်ထဲရှိသမျှကို အလကားပဲတင်း ပေးပစ်နေတယ်လို့ ယူဆကြတဲ့ အာဖရိကန်းနားလူမျိုးတွေနဲ့ အဓိကဖွဲ့စည်းထားတယ်။ ရွေးကောက်ပွဲရလဒ်က မစ္စတာဒီကလပ်ရဲ့ ပြုပြင်ပြောင်းလဲရေးနဲ့ စေ့စပ်ဆွေးနွေးရေးပေါ်လစီကို မရေမရာဖြစ်စေခဲ့ပုံရတယ်။ အမျိုးသားပါတီဟာ ထိတ်လန့်တကြားဖြစ်သွားတယ်။ သူတို့ပင်မနယ်မြေက သူတို့မဲဆန္ဒရှင်တွေကိုယ်တိုင် သူတို့ပေါ်လစီတွေကို ပယ်ချလိုက်တာ ဖြစ်နေတယ်။

မစ္စတာဒီကလပ်က စွန့်စားကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ သူက ပေါ့ချက်ဖ်စထရူးမ် ကြားဖြတ်ရွေးကောက်ပွဲရလဒ်ကြောင့် သူ့ရဲ့ ပြုပြင်ပြောင်းလဲရေးပေါ်လစီနဲ့၊ အေအင်စီနဲ့ စေ့စပ်ဆွေးနွေးရေးအပေါ် တနိုင်ငံလုံးကလူဖြူတွေရဲ့ ဆန္ဒခံယူပွဲကို မတ်လ (၁၇) ရက်နေ့မှာ ခေါ်ယူမယ်လို့ ကြေညာလိုက်တယ်။ အကယ်၍ ဆန္ဒခံယူပွဲမှာသူရှုံးရင် ရာထူးကနုတ်ထွက်မယ်လို့ ကြေညာတယ်။ ဆန္ဒခံယူပွဲက အသက် (၁၈) နှစ်ပြည့်ပြီးတဲ့ လူဖြူမဲဆန္ဒရှင်အားလုံးကို ရိုးရိုးရှင်းရှင်း မေးခွန်းလေးတခု တိုက်ရိုက်မေးထားတယ်။ **"စေ့စပ်ဆွေးနွေးခြင်းမှတဆင့် အခြေခံဥပဒေသစ်ပေါ်ထွန်းရေးရည်ရွယ်၍ ၁၉၉၀ ခု၊ ဖေဖော်ဝါရီလ (၂) ရက်နေ့တွင် နိုင်ငံတော်သမတ စတင်ခဲ့သော ပြုပြင်ပြောင်းလဲရေးဖြစ်စဉ် ဆက်လက်ဆောင်ရွက်ရေးကို သင်ထောက်ခံပါသလား"** တဲ့။

မဲပေးမှုဟာ လူဖြူမဟုတ်သူအားလုံးကိုချန်လှပ်ထားလို့ အေအင်စီက ဆန္ဒခံယူပွဲကို မူအားဖြင့် ဆန့်ကျင်ခဲ့တယ်။ တချိန်တည်းမှာ ကျနော်တို့ဟာ ပကတိအရှိတရားကိုလည်း အသိအမှတ်ပြုခဲ့တယ်။ ကျနော်တို့ဟာ စေ့စပ်ဆွေးနွေးပွဲတွေဆက်လုပ်ဖို့ မစ္စတာဒီကလပ်ရဲ့ ကြိုးပမ်းချက်တွေကို လူဖြူမဲဆန္ဒရှင်တွေပယ်ချတာ ဘယ်လိုမှ မလိုလားပါဘူး။ ကျနော်တို့ဟာ မဲပေးပွဲကို မူအားဖြင့် လက်မခံပေမဲ့ **'ထောက်ခံ'** မဲပေးကြဖို့ လူဖြူတွေကိုတိုက်တွန်းခဲ့တယ်။ အဲသလို

ထောက်ခံမဲပေးတာဟာ ဒီကလပ်ကို ထောက်ခံတာမဟုတ်ဘဲ စေ့စပ်ဆွေးနွေးရေးကို ထောက်ခံတဲ့လက္ခဏာအဖြစ် ကျနော်တို့ကမြင်တယ်။

ကျနော်တို့က မစ္စတာဒီကလပ်ရဲ့ မဲဆွယ်လှုပ်ရှားမှုကို စိတ်ဝင်စားစွာနဲ့၊ စိုးရိမ်စိတ်တချို့နဲ့ စောင့်ကြည့်ခဲ့တယ်။ သူနဲ့ အမျိုးသားပါတီဟာ ဆန်းပြားအဆင့်မြင့်ပြီး ငွေကုန်ကြေးကျများတဲ့ အမေရိကန်စတိုင် နိုင်ငံရေးမဲဆွယ်လှုပ်ရှားမှု လုပ်ခဲ့တယ်။ သတင်းစာနဲ့ ရုပ်မြင်သံကြားကြော်ငြာတွေ၊ ကားစတစ်ကာတွေနဲ့ စိတ်ဝင်စားစရာ လှုပ်လှုပ်ရှားရှားလူထုစည်းဝေးပွဲတွေ ကျယ်ကျယ်ပြန့်ပြန့် တွဲဖက်လုပ်ခဲ့တယ်။ ကျနော်တို့က ဒါကို နောင်မှာ ကျနော်တို့အပေါ် မစ္စတာဒီကလပ် ဆန့်ကျင်ဆင်နွှဲမယ့် မဲဆွယ်လှုပ်ရှားမှုရဲ့ ဝတ်စုံပြည့်အစမ်းလေ့ကျင့်မှုအဖြစ် မြင်ခဲ့တယ်။

အဆုံးမှာတော့ လူဖြူမဲဆန္ဒရှင်တွေရဲ့ (၆၉) ရာခိုင်နှုန်းက စေ့စပ်ဆွေးနွေးရေးကို ထောက်ခံလိုက်ပြီး ဒီကလပ်အတွက် ကြီးမားတဲ့အောင်ပွဲ ရစေခဲ့တယ်။ သူမှန်ကြောင်း အတည်ပြုခံရတယ်လို့ သူယူဆခဲ့တယ်။ မဲပြတ်ပြတ်နိုင်မှုက သူ့ဘဝင်ကိုတောင် နည်းနည်းကြွစေခဲ့တယ်လို့ ကျနော်ထင်တယ်။ သူ့အင်အားခိုင်မာတောင့်တင်းလာပြီး အဲဒီ့အကျိုးဆက်အနေနဲ့ အမျိုးသားပါတီသမားတွေဟာ သူတို့ရဲ့စေ့စပ်ဆွေးနွေးရေးအနေအထားတွေကို တင်းမာပစ်ခဲ့တယ်။ ဒါဟာ အန္တရာယ်ကြီးတဲ့ မဟာဗျူဟာဖြစ်ပါတယ်။

## ၁၀၉

၁၉၉၂ ခု၊ ဧပြီလ (၁၃) ရက်မှာ ကျနော်ဟာ ဂျိုဟန်နစ္စဘာဂ်မြို့က သတင်းစာရှင်းလင်းပွဲတခုမှာ ကျနော့်ရဲ့ ကာလအရှည်ကြာဆုံးသူငယ်ချင်းတွေလည်းဖြစ်၊ ရဲဘော်တွေလည်းဖြစ်တဲ့ ဝေါလ်တာနဲ့ အော်လီဗာတို့ခြံရံပြီး ကျနော့်ဇနီးနဲ့ ခွဲခွာကြောင်း ကြေညာခဲ့တယ်။ အခြေအနေက အင်မတန်ကို ခက်ခဲကြပ်တည်းလာတဲ့အတွက် အေအင်စီ၊ မိသားစုနဲ့ ဝင်နီတို့လို သက်ဆိုင်သူအားလုံးရဲ့ အကောင်းဆုံးအကျိုးအတွက် ကျနော်တို့လမ်းခွဲမှုဖြစ်မယ်လို့ ကျနော်ယူဆမိတယ်။ ကျနော်ဟာ ဒီကိစ္စကို အေအင်စီနဲ့ဆွေးနွေးခဲ့ပေမဲ့ ခွဲခွာမှုကိုယ်၌ကိုတော့ ပုဂ္ဂိုလ်ရေးအကြောင်းတွေကြောင့် ပြုလုပ်ခဲ့တာဖြစ်ပါတယ်။

ကျနော်က အောက်မှာဖော်ပြထားတဲ့ ထုတ်ပြန်ချက်ကိုဖတ်ပြခဲ့တယ်။

*ကျနော်နဲ့ ဇနီးသည် ရဲဘော်နွမ်ဇာမိုဝင်နီမင်ဒဲလားတို့ကြား ဆက်ဆံရေးဟာ သတင်းမီဒီယာတွေ ခန့်မှန်းပြောဆိုစရာကိစ္စ အများကြီးဖြစ်လာခဲ့ပါတယ်။ ကျနော် ဒီထုတ်ပြန်ချက်ကိုထုတ်ပြီး အခြေအနေရှင်းလင်းပါ့မယ်။ ဒါဟာ နောက်ထပ်မှန်းဆပြောဆိုချက်တွေကို အဆုံးသတ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။*

*ကျနော်နဲ့ ရဲဘော်နွမ်ဇာမိုဟာ ကျနော်တို့ တိုင်းပြည်လွတ်မြောက်ရေးတိုက်ပွဲအတွင်း အရေးကြီးတဲ့အချိန်အခါတခုမှာ နှစ်ဖက်သဘောတူ လက်ထပ်ခဲ့တယ်။ အေအင်စီအတွက် ကျနော်တို့နှစ်ယောက်စလုံး တာဝန်ယူပိုင်းဖြတ်ထားချက်ရဲ့ ဖိအားတွေကြောင့်ရော၊ အသားအရောင် ခွဲခြားမှုစနစ် အဆုံးသတ်ပစ်ရေးတိုက်ပွဲရဲ့ ဖိအားတွေကြောင့်ရော ကျနော်တို့ဟာ ပုံမှန်မိသားစုဘဝ မခံစားနိုင်ခဲ့ပါဘူး။ ဒီဖိအားတွေရှိတဲ့ကြားကပဲ ကျနော်တို့ရဲ့ တဦးပေါ်တဦးချစ်မေတ္တာနဲ့၊ လက်ထပ်*

*ထိမ်းမြားမှုအပေါ် အလေးအနက်ထားမှုဟာ ကြီးမားပြင်းပြလာခဲ့ပါတယ်။ ...*

*ကျနော် ရော်ဘင်ကျွန်းမှာနေခဲ့ရတဲ့ အနှစ် (၂၀) အတွင်း သူမဟာ ကျနော့်အတွက် ပုဂ္ဂိုလ်ရေးအရ ပစ်ပယ်လို့မရနိုင်တဲ့ ထောက်ခံမှုနဲ့ နှစ်သိမ့်အားပေးမှု ဒေါက်တိုင်ဖြစ်ခဲ့တယ်။ ... ရဲဘော်နှမ်ဇာမိုဟာ ကျနော်တို့ရဲ့သားသမီးတွေကို သူမတယောက်ထဲ မွေးမြူစောင့်ရှောက်ရတဲ့ ကြီးလေးတဲ့ တာဝန်ကြီးကို လက်ခံခဲ့တယ်။ ... သူမဟာ အစိုးရရဲ့နှိပ်ကွပ်မှုတွေကို စံနမူနာပြလောက်တဲ့သတ္တိနဲ့ ကြံ့ကြံ့ခံခဲ့ပြီး လွတ်လပ်ရေးတိုက်ပွဲအတွက် သူမရဲ့ပိုင်းဖြတ်ချက်ကနေ တခါမှ မယိမ်းယိုင်ခဲ့ပါဘူး။ သူမရဲ့ဇွဲလုံ့လဟာ ကျနော်ရဲ့ ပုဂ္ဂိုလ်ရေးအရလေးစားမှု၊ ချစ်မေတ္တာနဲ့ သံယောဇဉ်တို့ကို ပိုခိုင်မာအားကောင်းစေခဲ့ပါတယ်။ ဒ့ါအပြင် တကမ္ဘာလုံးရဲ့ ချစ်ခင်စာနာမှုကိုလည်း ဆွဲဆောင်ခဲ့ပါတယ်။ သူမအပေါ် ကျနော့်အချစ်ဟာ အခုလည်း လျော့ပါးသွားခြင်းမရှိပါဘူး။*

*ဒါပေမဲ့ မကြာသေးတဲ့လပိုင်းတွေအတွင်း ကိစ္စရပ်တချို့နဲ့ပတ်သက်ပြီး ကျနော်တို့ကြား ကွဲလွဲမှုတွေကြောင့် ပေါ်ပေါက်လာတဲ့တင်းမာမှုတွေအရ ကျနော်တို့အတွက် ခွဲခွာခြင်းဟာ အကောင်းဆုံးဖြစ်လိမ့်မယ်လို့ နှစ်ယောက်စလုံးသဘောတူကြတယ်။ ကျနော့်လုပ်ရပ်ဟာ လောလောဆယ် သတင်းမီဒီယာတွေထဲ သူမအပေါ်စွပ်စွဲချက်တွေ ထွက်နေတာက လှုံ့ဆော်လို့မဟုတ်ပါ။ ... သူမရဲ့ ဘဝမှာ ခုလို ခက်ခဲတဲ့အချိန်အခါတွေအတောအတွင်း ရဲဘော်နှမ်ဇာမိုဟာ ကျနော်ရဲ့ မလျော့တမ်း ထောက်ခံအားပေးမှုကို အားကိုးမှီခိုရမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးလည်း အားကိုးမှီခိုနိုင်ပါတယ်။*

*ကျနော်နဲ့ ရဲဘော်နှမ်ဇာမိုတို့ အတူတကွဝေမျှခံစားဖို့ ကြိုးပမ်းခဲ့ကြတဲ့ဘဝကို ကျနော်ဟာ ပုဂ္ဂိုလ်ရေးအရ ဘယ်တော့မှ နောင်တရဝမ်းနည်းနေမိမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျနော်တို့ ထိန်းချုပ်နိုင်စွမ်းမရှိတဲ့အခြေအနေတွေက အဲဒီဘဝကို နောက်တမျိုး ပြဋ္ဌာန်းလိုက်ပါတယ်။ ကျနော်ဟာ ဇနီးသည်နဲ့ ခွဲခွာရာမှာ ဘာဒေါသ၊ ဘာအာဃာတမှ မပါပါဘူး။ ကျနော် သူ့ကိုစတွေ့ချိန်ကစပြီး ထောင်တွင်းမှာရော၊ ထောင်ပြင်မှာပါ သူ့အပေါ်ပွားများခဲ့တဲ့ ချစ်မေတ္တာတွေ၊ သံယောဇဉ်တွေအကုန်လုံးနဲ့ သူ့ကို ထွေးပိုက်လိုက်ပါတယ်။ ဂုဏ်သရေရှိလူကြီးမင်းများနဲ့ အမျိုးသမီးများခင်ဗျား၊ ကျနော် ခံစားခဲ့ရတဲ့ နာကျင်မှုကို နားလည်အသိအမှတ်ပြုကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။*

ဇနီးသည်အတွက် လင်ယောကျ်ားတယောက်အဖြစ်၊ သားသမီးတွေအတွက် အဖေတယောက်အဖြစ် တာဝန်မကျေနိုင်ခဲ့လို့ ကျနော်ခံစားရတဲ့နာကျင်မှုဟာ တချို့အရာကိစ္စတွေကို ကျနော် မှန်မှန်ကန်ကန်မမြင်စေဘဲ ဖြစ်သွားနိုင်ပါတယ်။ ဒါပေမဲ့ ကျနော်ထောင်ကျနေစဉ် ကျနော့်ဇနီးဘဝဟာ ကျနော့်ဘဝထက်ပိုခက်ခဲတာ ကျနော်ယုံသလို ကျနော်ပြန်လွတ်လာတာ ဟာလည်း ကျနော့်အတွက်ထက် သူမအတွက် ပိုခက်ခဲစေခဲ့တယ်။ သူမဟာ ယောကျ်ား တယောက်ကို လက်ထပ်ပြီး မကြာမီစွန့်ခွာသွားခံရတယ်။ အဲဒီယောကျ်ားဟာ ဒဏ္ဍာရီတခု ဖြစ်လာခဲ့တယ်။ ဒီနောက် အဲဒီဒဏ္ဍာရီက အိမ်ပြန်ရောက်လာပြီး တကယ့်လက်တွေ့မှာ လူသား ယောကျ်ားတယောက်ပဲဖြစ်တာကို သက်သေပြခဲ့တယ်။

နောက်ပိုင်းမှာ ကျနော် သမီးဇင်ဇီရဲ့မင်္ဂလာဆောင်မှာပြောခဲ့သလို လွတ်လပ်ရေးတိုက်ပွဲ ဝင်သူတွေဟာ မတည်ငြိမ်တဲ့ပုဂ္ဂိုလ်ရေးဘဝတွေပိုင်ဆိုင်ဖို့ ကံကြမ္မာဖန်လာပုံရတယ်။ ကျနော့် ဘဝလိုမျိုး တဦးတယောက်ရဲ့ဘဝဟာ တိုက်ပွဲဝင်ဘဝပဲဖြစ်နေရင် မိသားစုအတွက် နေရာ သိပ်မကျန်တော့ပါ။ ဒါဟာ ကျနော့်ရဲ့အကြီးဆုံးနောင်တတရား အမြဲဖြစ်ခဲ့ပါတယ်။ ကျနော့်

ရွေးချယ်မှုရဲ့ အနာကျင်ဆုံးအပိုင်းဖြစ်ခဲ့တယ်။

**“ကျနော်တို့ဟာ ကိုယ့်လမ်းညွှန်ပဲ့ပြင်မှုမပါဘဲ ကိုယ့်သားသမီးတွေကြီးလာတာ ကြည့်ခဲ့ရတယ်။ ကျနော်တို့ [ထောင်က] တကယ်လွတ်လာတဲ့အခါ ကျနော့်ခလေးတွေက ပြောတယ်။ ‘ငါတို့ ထင်တာက ငါတို့မှာ အဖေရှိတယ်။ တနေ့ကျရင် ပြန်လာလိမ့်မယ်လို့။ ဒါပေမဲ့ ငါတို့အဖေ ပြန်လာပြီး ငါတို့ကိုပစ်ထားခဲ့လို့ ငါတို့ စိတ်ပျက်လက်ပျက်ဖြစ်ရတယ်။ ဘာလို့လဲဆိုတော့ သူဟာ အခု တနိုင်ငံလုံးရဲ့အဖေဖြစ်သွားလို့ပေါ့’ တဲ့။”** တနိုင်ငံလုံးရဲ့ အဖေဖြစ်ရတာ အကြီးအကျယ် ဂုဏ်ယူစရာပါပဲ။ ဒါပေမဲ့ မိသားစုတစုရဲ့အဖေဖြစ်ရတာက ပိုပြီးအကြီးအကျယ် ပျော်စရာဖြစ်ပါတယ်။ အဲဒီပျော်စရာကိုတော့ ကျနော့်မှာ အင်မတန်နည်းနည်းလေးပဲရခဲ့တယ်။

## ၁၁၀

ပါတီပေါင်းစုံညီလာခံဟာ လေးလကြာရပ်နားပြီးနောက် ၁၉၉၂ ခု၊ မေလမှာ ဒုတိယမြောက်စုံညီအစည်းအဝေးကို ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနမှာ ကျင်းပခဲ့တယ်။ ဒါကို ကိုဒီဆာ (၂) လို့ သိကြပြီး အေအင်စီနဲ့အစိုးရဘက်က စေ့စပ်ဆွေးနွေးရေးသမားတွေကြား လျှို့ဝှက်ဆွေးနွေးပွဲတွေ၊ အေအင်စီနဲ့တခြားပါတီတွေကြား ဆွေးနွေးပွဲတွေက ကိုဒီဆာ (၂) အတွက် ပြင်ဆင်ခဲ့တယ်။ ဒီဆွေးနွေးပွဲလေးတွေဟာ ကိုဒီဆာ (၂) မစမီနေ့က ကျနော်နဲ့ မစ္စတာဒီကလပ်တို့ အပြီးသတ်ဆွေးနွေးပွဲထိုင်တာမှာ အထွတ်အထိပ်ရောက်ခဲ့တယ်။ ကျနော်တို့နှစ်ယောက်ဟာ ကိုဒီဆာ (၁) ပြီးကတည်းက အခုမှ ပထမဆုံးအကြိမ် တွေ့ဆုံကြတာဖြစ်ပါတယ်။

ကိုဒီဆာ (၂) မစခင်ရက်ပိုင်းမှာ အစိုးရကို အရှုပ်တော်ပုံနှစ်ခုက ထိခိုက်စေခဲ့တယ်။ ပထမတခုက ဇာတိပြည်နယ်တွေရဲ့ လူမည်းဘဝမြှင့်တင်ရေးအတွက်တာဝန်ရှိတဲ့ ဖွံ့ဖြိုးရေးအကူအညီဌာနမှာ အကြီးအကျယ်ခြစားမှုနဲ့ အဂတိလိုက်စားမှုတွေ ပေါ်ထွက်လာတာဖြစ်ပြီး ဒုတိယတခုကတော့ ၁၉၈၅ ခုနှစ်က ယူဒီအက်ဖ်အဖွဲ့ဝင်လေးယောက်အသတ်ခံရမှုမှာ အစိုးရရဲ့ ရာထူးကြီးလုံခြုံရေးအရာရှိတွေ ပါဝင်ပတ်သက်ခဲ့မှုဖြစ်တယ်။ အဲဒီ လေးယောက်ထဲမှာ လူသိအများဆုံးကတော့ မက်သယူးဂိုနဝီဖြစ်တယ်။ ဒီပွင့်ကျမှုတွေဟာ နေတယ်လ်ပြည်နယ် လူသတ်မှုတွေမှာ ပုလိပ်တွေပါဝင်ပတ်သက်နေကြောင်း မကြာမီကရတဲ့အထောက်အထားတွေရယ်၊ စစ်ထောက်လှမ်းရေးဌာနဟာ အေအင်စီဆန့်ကျင်ရေး လျှို့ဝှက်စစ်ဆင်ရေးတွေ လုပ်နေတယ်ဆိုတဲ့ သံသယတွေရယ်နဲ့ ပေါင်းစပ်သွားတယ်။ ဒီအရှုပ်တော်ပုံနှစ်ခု တပြိုင်ထဲပေါ်လာတာဟာ အစိုးရသိက္ခာကို ယိုင်နဲ့သွားစေပြီး ကျနော်တို့အင်အားကို ပိုခိုင်မာတောင့်တင်းစေခဲ့တယ်။

ပြီးခဲ့တဲ့လများအတွင်း အစိုးရဟာ ဘာမှအလုပ်မဖြစ်တဲ့ အဆိုပြုချက်တော်တော်များများ လုပ်ခဲ့တယ်။ အဲဒါအများစုဟာ သူတို့အာဏာဆက်ထိန်းဖို့ ကြိုးပမ်းတာဖြစ်တယ်။ ဥပမာ၊ အလှည့်ကျသမတစနစ် ဆိုတဲ့အယူအဆမျိုး။ ဒါပေမဲ့ လွန်ခဲ့တဲ့လများအတွင်း စေ့စပ်ဆွေးနွေးမှုတွေကတဆင့် အေအင်စီနဲ့အစိုးရရဲ့ [စေ့စပ်ရေး] အဖွဲ့တွေဟာ ဒီမိုကရေစီအပြည့်အဝရှိတဲ့ တောင်အာဖရိကနိုင်ငံ ပေါ်ပေါက်ရေးအတွက် အဆင့်နှစ်ဆင့်ပါ ကြားကာလတခုနဲ့ပတ်သက်လို့

ယာယီအကြမ်းဖျင်းသဘောတူညီချက်တခု ရေးဆွဲခဲ့တယ်။ ပထမအဆင့်မှာ ကိုဒီဆာ ကိုယ်စားလှယ်အဖွဲ့တွေက ပါတီပေါင်းစုံပါဝင်တဲ့ **'ကြားဖြတ် အလုပ်အမှုဆောင်ကောင်စီ'** တခု ခန့်အပ်ဖို့ဖြစ်တယ်။ ဒီကောင်စီက ပါတီအားလုံးအတွက် 'ကစားကွင်းကိုမြေညှိ' ပေးဖို့နဲ့ ကြားဖြတ်အခြေခံဥပဒေတခု ဖန်တီးရေးဆွဲဖို့ ယာယီအစိုးရအဖြစ် ဆောင်ရွက်မှာဖြစ်တယ်။ ဒုတိယအဆင့်မှာ တိုင်းပြုပြည်ပြုလွှတ်တော်နဲ့ ဥပဒေပြုအဖွဲ့အတွက် အထွေထွေရွေးကောက်ပွဲတွေကျင်းပဖို့ဖြစ်ပြီး မဲဆန္ဒငါးရာခိုင်နှုန်းနဲ့ အထက်ရတဲ့ နိုင်ငံရေးပါတီအားလုံး အစိုးရအဖွဲ့ထဲ ပါဝင်ရမှာဖြစ်တယ်။ လွှတ်တော်ကိုယ်စားလှယ်တဝက်ကို နိုင်ငံလုံးဆိုင်ရာအခြေခံပေါ်က ရွေးကောက်ပြီး၊ တဝက်ကိုဒေသအလိုက်ရွေးကောက်မှာ ဖြစ်တယ်။ လွှတ်တော်ဟာ အခြေခံဥပဒေသစ် ရေးဆွဲဖို့ရော ဥပဒေပြုဖို့ပါ အာဏာရှိမှာဖြစ်တယ်။ လွှတ်လပ်တဲ့ကော်မရှင်တခုက ရွေးကောက်ပွဲကို ကြီးကြပ်မှာဖြစ်ပြီး ရွေးကောက်ပွဲဟာ လွတ်လပ်တရားမျှတဖို့ သေချာအောင်လုပ်ရမှာဖြစ်ပါတယ်။

ဒါပေမဲ့လည်း အေအင်စီနဲ့အစိုးရတို့ သဘောတူညီမှုမရနိုင်တဲ့ ကိစ္စရပ်အများအပြား ရှိသေးတယ်။ ဥပမာအားဖြင့်၊ အခြေခံဥပဒေရေးရာကိစ္စရပ်တွေဆုံးဖြတ်ဖို့နဲ့ လူ့အခွင့်အရေး ဥပဒေကြမ်းအတည်ပြုဖို့ လွှတ်တော်ထဲ လိုအပ်တဲ့မဲဆန္ဒအချိုးအစားလို ကိစ္စမျိုးဖြစ်တယ်။ ကိုဒီဆာ (၂) မစမီ ရက်ပိုင်းအလိုမှာပဲ အစိုးရက လူနည်းစုဗီတိုအာဏာ အာမခံချက်ရှိအောင် ဒေသအလိုက်ကိုယ်စားလှယ်တွေနဲ့ဖွဲ့စည်းတဲ့ ဒုတိယလွှတ်တော် (ဝါ) ဆီးနိတ်အထက်လွှတ်တော်ထူထောင်ဖို့ အဆိုပြုခဲ့တယ်။ ဒီမတိုင်ခင်ကတည်းက သူတို့ဟာ ကိုဒီဆာ (၂) အနေနဲ့ ကြားဖြတ်အခြေခံဥပဒေကို အရင်ဆွေးနွေးသဘောတူချက်ယူဖို့လည်း အဆိုပြုခဲ့တယ်။ အဲသလို ကြားဖြတ်အခြေခံဥပဒေရေးဆွဲဖို့ဆိုတာ လနဲ့ချီကြာမှာဖြစ်တယ်။

ဒီစျေးဆစ်ငြင်းခုံမှုတွေအားလုံးဟာ ကန့်လန့်ကာနောက်ကွယ်မှာ ဖြစ်ပျက်နေတာဖြစ်ပြီး ၁၉၉၂ ခု၊ မေလ (၁၅) ရက်နေ့ ကိုဒီဆာ (၂) ဖွင့်ချိန်မှာတော့ သဘောတူညီချက်ရဖို့ အလားအလာဟာ မှုန်မှိုင်းနေပါတယ်။ ကျနော်တို့တတွေ သဘောတူညီချက်မရနိုင်တဲ့ ကိစ္စတွေဟာ သဘောတူချက်ရထားပြီးသားအားလုံးကိုပါ ပျက်ပြားစေဖို့ ခြိမ်းခြောက်နေတယ်။ ကျနော်နဲ့ မစ္စတာဒီကလပ်ဟာ အရေးပါဆုံးကိစ္စအများစုနဲ့ပတ်သက်ပြီး သဘောတူညီမှုမရနိုင်ဘဲ ဖြစ်နေခဲ့တယ်။ အစိုးရကတော့ အချိန်အကန့်အသတ်မရှိစောင့်ဖို့ အသင့်ရှိပုံရတယ်။ သူတို့ စဉ်းစားချက်က ကျနော်တို့ [အေအင်စီ] ဘက်က ကြာကြာစောင့်ရလေ၊ ကျနော်တို့အပေါ် ထောက်ခံမှု ပိုပြီးဆုံးရှုံးလေဖြစ်မယ်လို့ စဉ်းစားကြတယ်။

ညီလာခံဟာ ပထမနေ့အကုန်မှာပဲ ညှိမရတဲ့အခြေ ဆိုက်သွားတော့တယ်။ အဲဒီအခါမှာ ဆွေးနွေးပွဲသဘာပတိလုပ်တဲ့ တရားသူကြီးနှစ်ယောက်က ကျနော်နဲ့ မစ္စတာဒီကလပ်တို့ အဲဒီညနေတွေ့ဆုံပြီး အလျှော့အတင်းလုပ် စေ့စပ်နိုင်အောင်ကြိုးပမ်းဖို့ ပြောခဲ့တယ်။ ကျနော်တို့ဟာ အဲဒီညမှာ ကော်ဖီသောက်ရင်း တွေ့ဆုံစကားပြောခဲ့ကြတယ်။ ကျနော်တို့ဟာ လိပ်ခဲတည်းလည်းအနေအထားကနေ ထွက်ပေါက်ရှာမရခဲ့ပေမဲ့ စေ့စပ်ဆွေးနွေးပွဲတွေ ပျက်သွားလို့

မဖြစ်ဘူးဆိုတာကိုတော့ သဘောတူညီမှုရခဲ့တယ်။ **"တောင်အာဖရိကတနိုင်ငံလုံးနဲ့ တကမ္ဘာလုံးက ကျနော်နဲ့ခင်ဗျားတို့ကို ကြည့်နေကြတယ်"** လို့ ကျနော် မစ္စတာဒီကလပ်ကို ပြောခဲ့တယ်။ **"ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကျနော်တို့ ကယ်တင်ကြရအောင်။ သဘောတူညီမှုတမျိုးမျိုးရဖို့ လုပ်ကြရအောင်။ အနိမ့်ဆုံးအားဖြင့် ဆွေးနွေးပွဲနောက်တကြော့အတွက် ရက်ချိန်းသတ်မှတ်ရအောင်"** လို့ ကျနော်ပြောခဲ့တယ်။ နောက်တနေ့ကျရင် ကျနော်တို့နှစ်ယောက်လုံး အပြုသဘော အပေးအယူလုပ်ရေးစိတ်ဓာတ်နဲ့ စကားပြောကြဖို့ ဆုံးဖြတ်ခဲ့တယ်။

နောက်ရက်နေ့ခင်းမှာ ကျနော်တို့ဟာ ကိုဒီဆာ (၁) တုန်းက သဘောတူခဲ့တဲ့ အစီအစဉ်ရဲ့ ပြောင်းပြန်ပုံစံအတိုင်း စကားပြောကြတယ်။ မစ္စတာဒီကလပ်က အရင်ပြောပြီး ကျနော်ကနောက်ဆုံး ပြောဖို့ဖြစ်တယ်။ မစ္စတာဒီကလပ်ရဲ့အမှာစကားမှာ အမျိုးသားပါတီဟာ **'လူနည်းစု ဗီတိုအာဏာ'** ကို မမျှော်မှန်းကြောင်း၊ ဒါပေမဲ့ လူများစုက **'အာဏာအလွဲသုံးစား'** မလုပ်နိုင်အောင် **'အထိန်းအချုပ်တွေ'** ရှိတဲ့စနစ်ကိုသာ လိုလားကြောင်း ပြောသွားတယ်။ အဲဒါဟာ လူများစုအုပ်ချုပ်ရေးအယူအဆကို အတိအလင်းဆန့်ကျင်တာ ဖြစ်တယ်လို့ ကျနော်ကောင်းကောင်းသဘောပေါက်လိုက်ပေမဲ့ မစ္စတာဒီကလပ်ပြောပြီးလို့ ကျနော်ပြောအလှည့်မှာ ကျနော်တို့ဟာ အပြုသဘောပုံစံနဲ့ အလုပ်လုပ်ကြဖို့လိုကြောင်းနဲ့ စေ့စပ်ဆွေးနွေးပွဲမှာ ပေါ်နေတဲ့တင်းမာမှုတွေ ပပျောက်အောင်လုပ်ဖို့လိုကြောင်းကိုသာ ကျနော်ပြောခဲ့တယ်။

ကျနော်တို့က အပြုသဘောမျက်နှာပြဖို့ကြိုးစားခဲ့ပေမဲ့ ညီလာခံဒုတိယနေ့ဟာ သောင်မတင်ရေမကျအခြေအနေနဲ့ ကုန်ဆုံးခဲ့တယ်။ ကျနော့်အမြင်မှာ ဒီအကျဉ်းအကျပ်ဟာ အမျိုးသားပါတီက သူတို့ကံကြမ္မာကို လူများစုဆန္ဒသဘောထားအပေါ် ပုံအပ်ဖို့ ဆက်လက်ပြီး တွန့်ဆုတ်နေတာကြောင့် ပေါ်ပေါက်ရတာဖြစ်တယ်။ သူတို့ဟာ အဲဒီအဟန့်အတားကို ဘယ်လိုမှ မကျော်နိုင် ဖြစ်နေတယ်။

နောက်ဆုံးမှာတော့ ကိုဒီဆာ (၂) ဟာ အခြေခံကျတဲ့ကိစ္စရပ်လေးခုအပေါ်မှာ သဘောတူညီမှုမရနိုင်ဘဲ ဆွေးနွေးပွဲပျက်သွားခဲ့တယ်။ ဒီလေးချက်ကတော့ အခြေခံဥပဒေအတည်ပြုဖို့ လွှတ်တော်ထဲမှာ မဲအရေအတွက် လက်မခံနိုင်လောက်အောင်အများကြီးရှိဖို့ အစိုးရက ဇွတ်တောင်းဆိုနေတဲ့ကိစ္စ **(အနှစ်သာရအားဖြင့် ဗီတိုအာဏာကို နောက်ဖေးပေါက်ကလှည့်သွင်းတာ)**၊ အမြစ်တွယ်ထားတဲ့ ဒေသန္တရအာဏာတွေကို အနာဂတ်အခြေခံဥပဒေက တရားဝင်အသိအမှတ်ပြုရေးကိစ္စ၊ ပင်မလွှတ်တော်ရဲ့ ဥပဒေပြုမှုအပေါ်ဗီတိုအာဏာရှိတဲ့၊ ဒီမိုကရေစီမကျတဲ့၊ ရွေးကောက်ခံမဟုတ်တဲ့ ဆီးနိတ်အထက်လွှတ်တော်ကိစ္စနဲ့ ညီလာခံမှာဆွေးနွေးချမှတ်တဲ့ ကြားဖြတ်အခြေခံဥပဒေကို အမြဲတမ်းအခြေခံဥပဒေဖြစ်အောင် ရည်ရွယ်တဲ့ကိစ္စတို့ ဖြစ်တယ်။

ဒါတွေအားလုံးဟာ ခက်ခဲတဲ့ကိစ္စရပ်တွေဖြစ်ပေမဲ့ ဖြေရှင်းမရနိုင်တာတွေ မဟုတ်ပါဘူး။ ကျနော်ဟာ ကိုဒီဆာ (၂) ရဲ့ ညှိမရတဲ့အကျဉ်းအကျပ်ကြောင့် စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်တခုလုံး ပျက်စီးမသွားစေဖို့ သံဓိဋ္ဌာန်ချထားတယ်။ အစိုးရနဲ့အေအင်စီဟာ ပြဿနာအဖြေရှာရေး အတွက် နှစ်ပွင့်ဆိုင်ဆွေးနွေးမှုတွေဆက်လုပ်ဖို့ သဘောတူခဲ့ကြတယ်။ ဒါပေမဲ့ ဒီအချိန်မှာပဲ

နှစ်ပွင့်ဆိုင်အဖြေရှာရေးမဖြစ်နိုင်တော့အောင် တခြားပြဿနာတွေ ဝင်ရောက်လာပါတယ်။

ဈေးစပ်ဆွေးနွေးပွဲတွေတန့်သွားတဲ့အခါ အေအင်စီနဲ့မဟာမိတ်တွေက **'လူထုတိုက်ပွဲလှိုင်းလုံး'** ပေါ်လစီချဖို့ သဘောတူခဲ့ကြတယ်။ ဒီလှုပ်ရှားမှုဟာ တိုင်းပြည်တဝှမ်းမှာ ကျနော်တို့အပေါ် ထောက်ခံမှုအတိုင်းအတာကို အစိုးရသိအောင်ပြပြီး တောင်အာဖရိကပြည်သူတွေဟာ သူတို့ရဲ့ လွတ်လပ်မှုအတွက် ကမ္ဘာ့ဆုံးတိုင်အောင်စောင့်ဖို့ သဘောထားမရှိဘူးဆိုတာပြဖို့ ဖြစ်တယ်။ လူထုတိုက်ပွဲမှာ သပိတ်တွေနဲ့ ဆန္ဒပြပွဲတွေပါဝင်မှာဖြစ်ပြီး စမယ့်ရက်သတ်မှတ်ထားတာက ၁၉၉၂ ခု၊ ဇွန်လ (၁၆) ရက်နေ့ ဖြစ်တယ်။ အဲဒီနေ့ဟာ ၁၉၇၆ ခု၊ ဆိုဝီတိုအုံကြွမှုနှစ်ပတ်လည်နေ့ ဖြစ်ပါတယ်။ လှုပ်ရှားမှုဟာ ဩဂုတ်လ (၃) ရက်နေ့နဲ့ (၄) ရက်နေ့မှာ နှစ်ရက်ကြာ ပြည်လုံးကျွတ် သပိတ်မှောက်ပြီး အထွတ်အထိပ်ရောက်ဖို့ ရည်မှန်းထားတယ်။

ဒါပေမဲ့ အဲဒါမဖြစ်ခင်ပေါ်လာတဲ့ နောက်ဖြစ်ရပ်တခုကြောင့် အေအင်စီနဲ့အစိုးရဟာ ပိုပြီးကင်းကွာစိမ်းကားသွားခဲ့တယ်။ ၁၉၉၂၊ ဇွန်လ (၁၇) ရက်နေ့ညမှာ လက်နက်တွေ အကြီးအကျယ်ကိုင်ဆောင်ထားတဲ့ အင်ကာသာအဖွဲ့ဝင်တွေဟာ ဗါးလ်ဒေသက ဘွိုင်ပါတုန်းမြို့သစ်ကို တိတ်တဆိတ်ဝင်ရောက်စီးနင်းပြီး လူ (၄၆) ယောက်ကို သတ်ပစ်ခဲ့တယ်။ အသတ်ခံရသူ အများစုဟာ မိန်းမနဲ့ကလေးတွေဖြစ်တယ်။ ဒါဟာ အဲဒီရက်သတ္တပတ်ထဲ အေအင်စီလူတွေကို လေးကြိမ်မြောက် အုပ်စုလိုက်သတ်ဖြတ်တာဖြစ်တယ်။ တပြည်လုံးက ပြည်သူတွေဟာ အကြမ်းဖက်မှုကို တုန်လှုပ်နာကြည်းကြပြီး အစိုးရကို ကြံရာပါအဖြစ် စွဲချက်တင်ကြတယ်။ ပုလိပ်တွေဟာ ရာဇဝတ်ကောင်တွေကို ဟန့်တားဖို့ ဘာမှမလုပ်ခဲ့ကြဘူး၊ ကျူးလွန်သူတွေကိုရှာဖွေဖို့လည်း ဘာမှမလုပ်ကြဘူး။ ဘယ်သူ့ကိုမှ မဖမ်း။ ဘာစုံစမ်းစစ်ဆေးမှုမှ မလုပ်ကြဘူး။ မစ္စတာဒီကလပ်ကလည်း ရေငုံနှုတ်ပိတ်နေတယ်။ ဒါကို အဆုံးစွန်စော်ကားမှုအဖြစ် ကျနော်မြင်ပြီး သည်းခံနိုင်စွမ်းကုန်ဆုံးသွားခဲ့တယ်။ အစိုးရဟာ ဈေးစပ်ဆွေးနွေးပွဲကို အဟန့်အတားလုပ်နေပြီး တချိန်တည်းမှာ ကျနော်တို့လူတွေအပေါ် တိတ်တိတ်ပုန်းစစ်ပွဲ ဆင်နွှဲနေတယ်။ ဒါဆိုရင် ဘာကြောင့် ကျနော်တို့က သူတို့နဲ့ စကားဆက်ပြောနေဦးမှာလဲ။

သတ်ဖြတ်မှုတွေဖြစ်အပြီး လေးရက်အကြာမှာ ကျနော်ဟာ ဒေါသထွက်နေတဲ့ အေအင်စီထောက်ခံသူနှစ်သောင်းရှိတဲ့ လူအုပ်ကိုမိန့်ခွန်းပြောခဲ့ရာမှာ အစိုးရနဲ့ တိုက်ရိုက်ဆက်ဆံမှုတွေ ရပ်ဆိုင်းလိုက်ဖို့ အေအင်စီအတွင်းရေးမှူးချုပ် စီရင်းလ်ရာမားဖိုးစားကို ကျနော်ညွှန်ကြားလိုက်ပြီလို့ လူထုကြီးကို ပြောပြလိုက်တယ်။ ဒ့ါအပြင် ကျနော်တို့ရွေးလမ်းတွေ စီစစ်သုံးသပ်ဖို့ နိုင်ငံလုံးဆိုင်ရာအလုပ်အမှုဆောင်ကော်မတီ အရေးပေါ်အစည်းအဝေးခေါ်တဲ့အကြောင်းလည်း ကြေညာခဲ့တယ်။ ကျနော်တို့ဟာ ရှာ့ပ်ဗီးလ်ကာလအမှောင်ခေတ်ကို ပြန်ရောက်သွားသလိုပါဘဲ။ ကျနော်က အမျိုးသားပါတီရဲ့အပြုအမူတွေကို ဂျာမဏီပြည်က နာဇီတွေနဲ့နှိုင်းလိုက်ပြီး အကယ်၍ ဒီကလပ်ဟာ ဆန္ဒပြပွဲတွေ ဒါမှမဟုတ် လွတ်လပ်စွာထုတ်ဖော်ခွင့်ကို ကန့်သတ်ချုပ်ချယ်တဲ့ ခြေလှမ်းသစ်တွေချ မှတ်ဖို့ကြိုးပမ်းလာရင် အေအင်စီဟာ ပြည်လုံးကျွတ် အာဏာဖီဆန်ရေး

လုပ်ရှားမှုဆင်နွှဲမယ်။ အဲဒီအတွက် ကျနော်ကိုယ်တိုင်ပထမဆုံးစာရင်းပေးမယ်လို့ ဒီကလပ်ကို လူသိရှင်ကြား သတိပေးလိုက်တယ်။

အဲဒီလူထုစည်းဝေးပွဲမှာ **"မင်ဒဲလား၊ ငါတို့ကို သေနတ်တွေထုတ်ပေး"** နဲ့ **"ဆွေးနွေးပွဲမလို၊ တိုက်ပွဲမှတဆင့် အောင်ပွဲဆီသို့"** လို့ ရေးထားတဲ့ နဖူးစည်းစာတမ်းတွေ ကိုင်ထားကြတာ ကျနော် တွေ့ခဲ့တယ်။ ဒီလိုခံစားချက်တွေကို ကျနော်နားလည်စာနာမိတယ်။ ပြည်သူလူထုဟာ ကြိတ်ခဲမရ ဖြစ်နေတယ်။ သူတို့ဟာ စေ့စပ်ဆွေးနွေးပွဲတွေကနေ ဘာတိုးတက်တဲ့ရလဒ်မှ မတွေ့ရဘူး။ အသားအရောင်ခွဲခြားရေးစနစ်ဖယ်ရှားပစ်ဖို့ တခုတည်းသောလမ်းကတော့ သေနတ်ပြောင်းက တဆင့်သာဖြစ်တယ်လို့ စဉ်းစားတွေးထင်စပြုနေပြီ။ ဘွိုင်ပါတုန်းအရေးအခင်းပြီးတော့ အင်အီးစီထဲက တချို့က **"ကျုပ်တို့ဘာကြောင့် လက်နက်ကိုင်တိုက်ပွဲကို စွန့်ပစ်ခဲ့ရတာလဲ။ အဲဒီအစား စေ့စပ်ဆွေးနွေးပွဲကိုပဲ စွန့်ပစ်သင့်တယ်။ ဒီကောင်တွေက ကျုပ်တို့ရည်မှန်းချက်ဆီ ဘယ်တော့မှ ပေးသွားမှာမဟုတ်ဘူး"** လို့ ပြောကြတာတွေရှိတယ်။ ကျနော်ဟာ အစပိုင်းမှာတော့ ဒီသဘောထားတင်းမာတဲ့အုပ်စုကို စာနာထောက်ခံခဲ့ပေမဲ့ [ဆွေးနွေးပွဲ] ဖြစ်စဉ်တခုလုံးအတွက် အစားထိုးရွေးချယ်စရာ တခြားလမ်းမရှိဘူးဆိုတာ တဖြေးဖြေးသဘောပေါက်သိမြင်လာတယ်။ ကျနော် နှစ်ပေါင်းများစွာ တိုက်တွန်းခဲ့တာဖြစ်တဲ့ စေ့စပ်ဆွေးနွေးပွဲတွေကို ကျနော် ကျောခိုင်း စွန့်ခွာသွားမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ အခုအချိန်ဟာ အခြေအနေတွေ ငြိမ်အေးသွားအောင် လုပ်ရမယ့်အချိန်ဖြစ်တယ်။ ဒီနေရာမှာ လူထုတိုက်ပွဲဟာ လက်နက်ကိုင်တော်လှန်ရေးနဲ့ စေ့စပ်ဆွေးနွေးရေးကြားက အလယ်လမ်းဖြစ်တယ်။ ပြည်သူတွေဟာ သူတို့ရဲ့ဒေါသတွေ၊ ကြိတ်မနိုင်ခဲမရဖြစ်တာတွေကို ထွက်ပေါက်ပေးမှုဖြစ်မယ်။ ဒီခံစားချက်တွေကို လမ်းဖွင့်ပေးဖို့ အကောင်းဆုံးနည်းလမ်းကတော့ လူထုတိုက်ပွဲလှုပ်ရှားမှုပဲဖြစ်တယ်။

ကျနော်တို့ဟာ ဆွေးနွေးပွဲတွေရပ်ဆိုင်းလိုက်ကြောင်း အစိုးရကို အကြောင်းကြားတဲ့ အခါမှာ ကျနော်တို့နှုတ်ထွက်ရတဲ့အကြောင်းရင်းတွေကို တချက်ချင်းဖော်ပြထားတဲ့ စာချွန်လွှာ တစောင် မစ္စတာဒီကလပ်ဆီပို့ခဲ့တယ်။ ကိုဒီဆာ (၂) ရဲ့ အခြေခံဥပဒေဆိုင်ရာ အကျဉ်းအကြပ်ကို ဖြေရှင်းရေးတင်မက အကြမ်းဖက်မှုအတွက် တာဝန်ရှိသူတွေကို ရှာဖွေဖော်ထုတ်ပြီး တရားဥပဒေ အရ အရေးယူရေးနဲ့၊ အကြမ်းဖက်မှုအများအပြားပေါက်ဖွားရာ ဘော်ဒါဆောင်တွေကို ကြီးကြပ်ထိန်းချုပ်ဖို့နဲ့ စောင့်ကြည့်ဖို့ နည်းလမ်းတမျိုးမျိုးရှာရေးတို့ကို ကျနော်တို့တောင်းဆိုခဲ့တယ်။ မစ္စတာဒီကလပ်က ကျနော်တို့ဆီ စာချွန်လွှာတစောင်ပြန်ပို့ပြီး ကျနော်နဲ့ မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးရဖို့ တောင်းဆိုခဲ့တာကို ကျနော်တို့က ပယ်ချလိုက်တယ်။ အဲသလို တွေ့ဆုံဆွေးနွေးလိုက်ရင်ကျနော်တို့မှာ ပြောစရာဆိုစရာတခုခုရှိနေတဲ့ အဓိပ္ပာယ်ရောက်သွားလိမ့်မယ်လို့ ကျနော်ယူဆမိတယ်။ အဲဒီအချိန်တုန်းက ကျနော်တို့မှာ ပြောစရာတခုမှမရှိပါ။

လူထုတိုက်ပွဲလှုပ်ရှားမှုကြီးဟာ ဩဂုတ်လ (၃) ရက်နေ့နဲ့ (၄) ရက်နေ့တွေမှာ အထွေထွေသပိတ်ကြီးဆင်နွှဲပြီး အထွတ်အထိပ်ကိုရောက်သွားခဲ့တယ်။ အထွေထွေသပိတ်ကြီးဟာ

အေအင်စီရဲ့ စေ့စပ်ဆွေးနွေးပွဲတောင်းဆိုချက်တွေကိုထောက်ခံပြီး နိုင်ငံတော်အစိုးရက အားပေးအားမြှောက်ပြုတဲ့ အကြမ်းဖက်မှုကို ဆန့်ကျင်ကန့်ကွက်တဲ့အနေနဲ့ ဆင်နွှဲတာဖြစ်တယ်။ ဒါဟာ တောင်အာဖရိကသမိုင်းမှာ အကြီးမားဆုံးနိုင်ငံရေးသပိတ်ဖြစ်ပြီး အလုပ်သမား လေးသန်းကျော်ဟာ အလုပ်မဆင်းဘဲ အိမ်မှာနေခဲ့ကြတယ်။ သပိတ်ကြီးရဲ့ အရေးအပါဆုံး ဖြစ်ရပ်ကတော့ ပရီတိုးရီးယားမြို့တော်က ပြည်ထောင်စုအဆောက်အဦးဆီ လူတသိန်း ချီတက်ပွဲဖြစ်တယ်။ ဒီအဆောက်အဦးဟာ တောင်အာဖရိကအစိုးရရုံးစိုက်ရာ ခမ်းနား ထယ်ဝါတဲ့နေရာဖြစ်ပြီး အဆောက်အဦးတွေရှေ့က မြက်ခင်းပြင်ကြီးမှာ ကျနော်တို့က ကြီးကျယ် လှတဲ့ လေဟာပြင်လူထုစည်းဝေးပွဲကြီးကျင်းပခဲ့တယ်။ ကျနော်တို့ဟာ တနေ့ကျရင် တောင်အာ ဖရိကနိုင်ငံရဲ့ ဒီမိုကရေစီနည်းအရ ပထမဆုံး ရွေးကောက်တင်မြှောက်ခံရတဲ့အစိုးရအဖြစ် ဒီအဆောက်အဦးတွေကို သိမ်းယူမှာဖြစ်တယ်လို့ ကျနော်ကလူထုကြီးကို ပြောခဲ့တယ်။

ဒီလူထုတိုက်ပွဲကြီးနဲ့ကြုံရတဲ့အခါ မစ္စတာဒီကလပ်က အကယ်၍ တိုင်းပြည်ကိုအုပ်ချုပ် မရနိုင်အောင် အေအင်စီကလုပ်ရင် အစိုးရဟာ မနှစ်မျို့စရာရွေးလမ်းတချို့ကို မလွဲမရှောင်သာ စဉ်းစားရနိုင်တယ်လို့ပြောတယ်။ ကျနော်က မစ္စတာဒီကလပ်ကို ဘယ်ဒီမိုကရေစီဆန့်ကျင်ရေး လုပ်ဆောင်ချက်ပဲဖြစ်ဖြစ် ဆိုးဝါးတဲ့ တုံ့ပြန်ရိုက်ခတ်ချက်တွေရှိလိမ့်မယ်လို့ သတိပေးခဲ့တယ်။ ဒီလိုအန္တရာယ်ခြိမ်းခြောက်မှုတွေကြောင့် ကြားဖြတ်အစိုးရထူထောင်ရေးဟာ လုံးဝအဓိကကျ နေတာဖြစ်တယ်လို့ ကျနော်ပြောလိုက်တယ်။

လူထုတိုက်ပွဲလှုပ်ရှားမှုကြီးရဲ့ အောင်မြင်မှုကြောင့် စိတ်တက်ကြွပြီး အေအင်စီတဖွဲ့က ကိပ်ပြည်နယ်အရှေ့ပိုင်းက စစ္စကေးဇာတိပြည်နယ်မြို့တော် ဘီရှိုးကိုချီတက်ပွဲလုပ်ဖို့ ဆုံးဖြတ်ခဲ့ ကြတယ်။ စစ္စကေးဇာတိပြည်နယ်ဟာ ဗိုလ်မှူးချုပ်အူပါဂျီကိုဇို ခေါင်းဆောင်တဲ့ **ဘန်တူးစတန်***
တခုဖြစ်ပြီး အေအင်စီကိုနှိပ်ကွပ်ခဲ့တဲ့ သမိုင်းကြောင်းရှိတယ်။ ၁၉၉၁ ခုမှာ ဗိုလ်မှူးချုပ်ဂျိုကိုဇိုက အေအင်စီ ကျောထောက်နောက်ခံလုပ်တဲ့ အကြမ်းဖက်ဝါဒ တိုက်ဖျက်ဟန့်တားဖို့ဆိုပြီး ဇာတိ ပြည်နယ်မှာ အရေးပေါ်အခြေအနေ ကြေညာခဲ့တယ်။ ၁၉၉၂ ခု၊ စက်တင်ဘာ (၇) ရက်နေ့ မနက်မှာ ဆန္ဒပြသမားခုနစ်သောင်းဟာ ဘီရှိုးမြို့ရဲ့ ပင်မအားကစားကွင်းဆီ ချီတက်ပွဲစလုပ်ကြတယ်။ ချီတက်သူတွေထဲကတဖွဲ့ဟာ ခြံစည်းရိုးပေါက်ကနေဖြတ်ပြီး မြို့ထဲကို တခြားတလမ်းကသွားဖို့ အားထုတ်ကြတဲ့အခါ လေ့ကျင့်မှုညံ့ဖျင်းလှတဲ့ ဇာတိပြည်နယ်စစ်တပ်တွေက ချီတက်ဆန္ဒပြ သမားတွေကို ပစ်ခတ်ကြလို့ လူ (၂၉) ယောက်သေပြီး (၂၀၀) ကျော်ဒဏ်ရာရခဲ့တယ်။ အခု အခါမှာတော့ ရက်စက်ကြမ်းကြုတ်မှုရဲ့ ပြယုဂ်အဖြစ် ဘီရှိုးဟာ ဘွိုင်ပါတုန်းနဲ့ တွဲမိသွားပါပြီ။

အမှောင်ဆုံးအချိန်ဟာ အရုဏ်မတက်ခင်အချိန်ဖြစ်တယ်ဆိုတဲ့ ရှေးစကားပုံတခုလိုပဲ ဘီရှိုးက ဝမ်းနည်းကြေကွဲဖွယ်အဖြစ်ဆိုးကြီးဟာ စေ့စပ်ဆွေးနွေးပွဲတွေအတွက် တံခါးပေါက် အသစ်တခု ပွင့်သွားစေဖို့ ဦးတည်သွားခဲ့တယ်။ ကျနော်က ဒီကလပ်နဲ့တွေ့ဆုံပြီး တူညီချက်

*ဟန်ပြ လူမည်းသမတနိုင်ငံ

အခြေခံရှာဖို့နဲ့ ဘီရှီးလို နောက်ထပ်အဖြစ်ဆိုး မပေါ်အောင်ရှောင်ရှားနိုင်ဖို့ ဆွေးနွေးခဲ့တယ်။ ကျနော်တို့ရဲ့ သက်ဆိုင်ရာစေ့စပ်ဆွေးနွေးရေးသမားတွေဟာ ပုံမှန်တွေ့ဆုံဆွေးနွေးတာ စလုပ်ခဲ့ကြတယ်။ နှစ်ဖက်စလုံးဟာ စေ့စပ်ဆွေးနွေးပွဲတွေ လမ်းကြောင်းမှန်ပေါ် ပြန်ရောက်ရေးအတွက် စေတနာမှန်နဲ့ကြိုးစားနေကြပြီး စက်တင်ဘာ (၂၆) ရက်နေ့မှာ ကျနော်နဲ့ ဒီကလပ်ဟာ တရားဝင် ထိပ်သီးအစည်းအဝေးလုပ်ခဲ့တယ်။

အဲဒီနေ့မှာ ကျနော်နဲ့သူ **'နားလည်မှုမှတ်တမ်း'** ဆိုတဲ့ သဘောတူချက်ကို လက်မှတ်ထိုးခဲ့တယ်။ ဒါဟာ နောင်လာမယ့် စေ့စပ်ဆွေးနွေးမှုအားလုံးအတွက် ပုံစံခွက်ချပေးလိုက်တာဖြစ်တယ်။ သဘောတူညီချက်ထဲမှာ ပုလိပ်လုပ်ဆောင်ချက်တွေကို လေ့လာသုံးသပ်မယ့် လွတ်လပ်တဲ့ဌာနတခု ထူထောင်ရေး၊ ဘော်ဒါဆောင်တွေကိုထိန်းချုပ်မယ့် ယန္တရားတခု တည်ဆောက်ရေးနဲ့ လူထုစည်းဝေးပွဲတွေမှာ **'ရိုးရာလက်နက်'** တွေ ထုတ်ကိုင်တာ ပိတ်ပင်ရေးတို့ပါဝင်တယ်။ ဒါပေမဲ့ နားလည်မှုမှတ်တမ်းရဲ့ တကယ့်အရေးပါမှုကတော့ ကိုဒီဆာ (၂) ရဲ့ အခြေခံဥပဒေဆိုင်ရာ လိပ်ခဲတည်းလည်းအခြေအနေကို ဖောက်ထွက်လိုက်တာပဲ ဖြစ်တယ်။ အစိုးရဟာ နောက်ဆုံးမှာတော့ တခုတည်းသော ရွေးကောက်ခံ တိုင်းပြုပြည်ပြုလွှတ်တော်ကို လက်ခံလိုက်တယ်။ ဒီလွှတ်တော်ဟာ အခြေခံဥပဒေသစ်တခုချမှတ်ပြီး အစိုးရသစ်အတွက် ကြားဖြတ်ဥပဒေပြုအဖွဲ့အဖြစ်လည်း ထမ်းဆောင်မှာဖြစ်တယ်။ နောက်ထပ် စေ့စပ်ဆွေးနွေးစရာကျန်တာကတော့ လွှတ်တော်ရွေးကောက်ပွဲရက်သတ်မှတ်ဖို့နဲ့ လွှတ်တော်ဆုံးဖြတ်ချက်တွေချဖို့ လိုအပ်မယ့် အများစုမဲရာခိုင်နှုန်းသတ်မှတ်ဖို့ပဲ ဖြစ်တယ်။ အခုဆိုရင် ကျနော်တို့ဟာ တိုင်းပြည်ကို ဒီမိုကရေစီအနာဂတ်ဆီခေါ်သွားမယ့် အခြေခံဘောင်ပေါ်မှာ တည့်တည့်ရပ်မိနေပြီဖြစ်တယ်။

နားလည်မှုမှတ်တမ်းကြောင့် အစိုးရနဲ့အေအင်စီတို့ပါဝင်တဲ့ စေ့စပ်ဆွေးနွေးပွဲတွေအားလုံးကနေ အင်ကာသာနုတ်ထွက်မယ်လို့ ကြေညာတာ ပေါ်ပေါက်စေခဲ့တယ်။ အဲဒီသဘောတူညီချက်ဟာ ဇော်ဘွားဘူသယ်လဇီကို ဒေါသထွက်စေခဲ့လို့ သူဟာအမျိုးသားပါတီနဲ့ ဆက်ဆံရေးဖြတ်တောက်ပစ်လိုက်ပြီး နာမည်ပျက်နေတဲ့ ဇာတိပြည်နယ်ခေါင်းဆောင်တစုရယ်၊ အာဖရိကန်းနားလူမျိုးတို့အတွက် ဇာတိပြည်နယ်ရဖို့သက်သက်ပဲ စိတ်ဝင်စားတဲ့ လူဖြူလက်ျာဂိုဏ်းပါတီတွေရယ်နဲ့ မဟာမိတ်ဖွဲ့လိုက်တယ်။ ဇော်ဘွားဘူသယ်လဇီက နားလည်မှုမှတ်တမ်းပယ်ဖျက်ရေး၊ ကိုဒီဆာဖျက်သိမ်းရေးနဲ့ နိုင်ငံ့လုံခြုံရေးတပ်ဖွဲ့ဖျက်သိမ်းရေးတို့ကို တောင်းဆိုခဲ့တယ်။

ဂျိုးဆလိုဗိုဟာ လက်နက်ကိုင်တိုက်ပွဲရပ်နားရေးနဲ့ပတ်သက်တဲ့ ရှေ့ဆောင်ရှေ့ရွက်ပြုမှုကို လုပ်ခဲ့သလိုပဲ အခုတခါလည်း နောက်ထပ်အငြင်းပွားဖွယ်အဆိုပြုချက်တခုကို ဦးဆောင်တင်သွင်းပြန်တယ်။ အဲဒါကတော့ အမျိုးသားညီညွတ်ရေးအစိုးရဆိုတာပါပဲ။ အောက်တိုဘာလထဲမှာ ဂျိုးက စာတမ်းတစောင်ရေးသားဖြန့်ဝေခဲ့ရာမှာ အစိုးရနဲ့စေ့စပ်ဆွေးနွေးပွဲတွေဟာ စစ်ရှုံးရန်သူကို ကြိုက်ရာတောင်းဆိုနိုင်တဲ့ စစ်ရပ်စဲရေးဆွေးနွေးပွဲတွေ မဟုတ်ကြောင်း ရေးထားတယ်။ ရွေးကောက်ပွဲနိုင်ပြီးရင်တောင်မှ အေအင်စီဟာ အစိုးရယန္တရားကို ချုပ်ကိုင်မောင်းနှင်နိုင်ဖို့

နှစ်နဲ့ချီ ကြာကောင်းကြာနိုင်တယ်။ အေအင်စီအစိုးရဟာ တိုင်းပြည်အုပ်ချုပ်ဖို့ လက်ရှိအရပ်ဘက်ဝန်ထမ်း အများကြီးလိုအပ်နေဦးမှာ ဖြစ်တယ်။ ဂျိုးက အမျိုးသားညီညွတ်ရေးအစိုးရအတွက် **'နေဝင်ဆည်းဆာအကူးအပြောင်းကာလ ပြဋ္ဌာန်းချက်'** လုပ်ပေးဖို့ အဆိုပြုခဲ့တယ်။ အဲဒီထဲမှာ အမျိုးသားပါတီနဲ့ သတ်မှတ်ကာလတခုအထိ အာဏာခွဲဝေဖို့၊ လုံခြုံရေးအရာရှိတွေကို လွှတ်ငြိမ်းချမ်းသာခွင့်ပေးဖို့နဲ့ အရပ်ဘက်အစိုးရ ဝန်ထမ်းတွေရဲ့ပင်စင်တွေကို လေးစားဖို့ တွေပါဝင်တယ်။ **'အာဏာခွဲဝေရေး'**ဆိုတာ အေအင်စီထဲမှာ အထင်သေးစရာ စကားလုံးဖြစ်နေပြီး အစိုးရက လူနည်းစုဗီတိုအာဏာရဖို့ ကြိုးပမ်းမှုရဲ့ တဖက်လှည့်ဝေါဟာရအဖြစ် ယူဆကြတယ်။ ဒါပေမဲ့ အခု ဂျိုးပြောတဲ့အဓိပ္ပါယ်အရတော့ အမျိုးသားပါတီဟာ မဲအလုံအလောက်ရလို့ရှိရင် အများဆန္ဒနဲ့အညီ ရွေးကောက်တင်မြှောက်တဲ့ ဘယ်အစိုးရမဆိုရဲ့ အစိတ်အပိုင်းဖြစ်လိမ့်မယ်လို့သာ ဆိုလိုပါတယ်။

အတော်ကြီးဆွေးနွေးကြပြီးနောက် ကျနော်က ဂျိုးရဲ့ အဆိုပြုချက်ကို ထောက်ခံခဲ့ပြီး နိုဝင်ဘာ (၁၈) ရက်မှာ နိုင်ငံလုံးဆိုင်ရာအလုပ်အမှုဆောင်က ထောက်ခံအတည်ပြုလိုက်တယ်။ လူနည်းစုပါတီတွေမှာ ဗီတိုအာဏာမရှိဘူးဆိုရင် အာဏာခွဲဝေရေးကို ထောက်ခံဖို့ အင်အီးစီက သဘောတူခဲ့တယ်။ ဒီဇင်ဘာလမှာ ကျနော်တို့ဟာ အစိုးရနဲ့ လျှို့ဝှက်နှစ်ပွင့်ဆိုင်ဆွေးနွေးပွဲနောက်အချီသစ် စခဲ့တယ်။ အဲဒါတွေကို တောတွင်းအမဲလိုက်အပန်းဖြေစခန်းတခုမှာ ငါးရက်ကြာကျင်းပခဲ့တယ်။ ဆွေးနွေးပွဲတွေဟာ နားလည်မှုမှတ်တမ်းထဲ ချမှတ်ထားတဲ့အုတ်မြစ်အပေါ်မှာ တည်ဆောက်တာဖြစ်လို့ အရေးကြီးလှပါတယ်။ အဲဒီ တောတွင်းအစည်းအဝေးမှာ ကျနော်တို့ဟာ ငါးနှစ်သက်တမ်းရှိတဲ့ အမျိုးသားညီညွတ်ရေးအစိုးရထူထောင်ဖို့ မူအားဖြင့် သဘောတူညီခဲ့ကြတယ်။ အထွေထွေရွေးကောက်ပွဲမှာ မဲအရေအတွက် ငါးရာခိုင်နှုန်းအထက်ရတဲ့ပါတီအားလုံး အဲဒီဝန်ကြီးအဖွဲ့ထဲ အချိုးကျကိုယ်စားပြု ပါဝင်ခွင့်ရမှာဖြစ်တယ်။ ငါးနှစ်ပြည့်ပြီးနောက်မှာတော့ အမျိုးသားညီညွတ်ရေးအစိုးရဟာ ရိုးရိုးလူများစုအုပ်ချုပ်ရေးအစိုးရ ဖြစ်လာလိမ့်မယ်။ ဖေဖော်ဝါရီလမှာ အေအင်စီနဲ့အစိုးရတို့က ငါးနှစ်သက်တမ်း အမျိုးသားညီညွတ်ရေးအစိုးရနဲ့ ပါတီပေါင်းစုံဝန်ကြီးအဖွဲ့ထားရှိရေး၊ ကြားဖြတ်အလုပ်အမှုဆောင်ကောင်စီ ဖွဲ့စည်းရေးတို့နဲ့ပတ်သက်ပြီး မူအားဖြင့် သဘောတူညီချက်ကို ကြေညာလိုက်တယ်။ ရွေးကောက်ပွဲတွေကို ၁၉၉၃ ခုနှစ် အကုန်လောက် အစောဆုံးထားပြီး ကျင်းပမှာဖြစ်တယ်။

### ၁၁၁

လူတယောက်ဟာ ကိုယ်မွေးဖွားခဲ့တဲ့အိမ်ကို လှမ်းမြင်နိုင်တဲ့နေရာမှာ နေအိမ်ရှိသင့်တယ်လို့ ကျနော်အမြဲယူဆခဲ့တယ်။ ကျနော် ထောင်ကလွတ်ပြီးတဲ့အခါ ကူနူးမှာ ကျနော့်အတွက် ယာတောအိမ်တလုံးဆောက်ဖို့ အစီအစဉ်လုပ်ခဲ့တယ်။ ၁၉၉၃ ခု၊ ဆောင်းဦးရာသီမှာ အိမ်ဆောက်ပြီးသွားခဲ့တယ်။ အဲဒီအိမ်ကို ဗစ်တာဗါစတာထောင်မှာ ကျနော်နေခဲ့တဲ့ အိမ်ပုံစံပေါ် အခြေခံထားတယ်။ လူတွေက ဒါနဲ့ပတ်သက်ပြီး ဝေဖန်ပြောဆိုကြတယ်။ ဒါပေမဲ့ ကျနော့်အဖြေ

က ရိုးရိုးပါပဲ။ ဗစ်တာဗါစတာအိမ်ဟာ ကျနော်နေထိုင်ခဲ့ဖူးသမျှထဲမှာ ပထမဆုံးအဖြစ် ကျယ်ကျယ်ဝန်းဝန်း သက်တောင့်သက်တာရှိတဲ့နေအိမ်ဖြစ်ပြီး ကျနော် အင်မတန် သဘောကျခဲ့တယ်။ ကျနော်ဟာ အဲဒီအိမ်ရဲ့အနေအထားတွေနဲ့ အကျွမ်းတဝင်ဖြစ်နေတဲ့အတွက် ကူနူးမှာ ကျနော်ဟာ ညဘက် မီးဗိုချောင်ထသွားတဲ့အခါ စမ်းတဝါးဝါးဖြစ်မှာ မဟုတ်တော့ပါဘူး။

ဧပြီလမှာ ကျနော်ဟာ ထရန်စကေးနယ်က အဲဒီကျနော့်အိမ်ကို ခဏတဖြုတ်အပန်းဖြေအားလပ်ရက်ယူပြီး ရောက်နေခဲ့တယ်။ ဧပြီလ (၁၀) ရက်နေ့မနက်မှာ ကျနော်ဟာ ထရန်စကေးရဲ့အဖွဲ့က ရပ်ဂ်ဘီဘောလုံးအသင်းဝင်တချို့ကို နှုတ်ဆက်ကြိုဆိုဖို့ အိမ်ပြင်ထွက်ကာစပဲ ရှိသေးချိန်မှာ ကျနော့်အိမ်ဖော်ပြေးထွက်လာပြီး ကျနော့်အတွက် အရေးတကြီး တယ်လီဖုန်းခေါ်နေတယ်လို့ အကြောင်းကြားတယ်။ သူမဟာ ငိုလည်းငိုနေတယ်။ ကျနော်ဟာ ဘောလုံးသမားလူငယ်တွေကို ခဏခွင့်ပန်ပြီး ဖုန်းကိုင်တဲ့အခါ လုပ်ဖော်ကိုင်ဖက်တယောက်ဆီကနေ ခရစ္စဟာနီသေနတ်နဲ့ပစ်သတ်ခံရတယ် ဆိုတဲ့သတင်း ကြားသိရတယ်။ ခရစ္စဟာနီဟာ တောင်အာဖရိက ကွန်မြူနစ်ပါတီရဲ့ အတွင်းရေးမှူးချုပ်နဲ့ အမ်ကေရဲ့စစ်ဦးစီးချုပ်ဟောင်းဖြစ်ပြီး အေအင်စီထဲမှာ လူကြိုက်အများဆုံး ပုဂ္ဂိုလ်တယောက်ဖြစ်တယ်။ သူ့ကို ဂျိုဟန်နစ္စဘာဂ်မြို့တော် ဘောက္စဘာ့ဂ်ရပ်ကွက်က နေအိမ်ရှေ့မှာ အနီးကပ်ပစ်သတ်သွားတာဖြစ်တယ်။ ဘောက္စဘာ့ဂ်ရပ်ကွက်ဟာ လူဖြူအများစုနေတဲ့ အလုပ်သမားလူတန်းစား ဆင်ခြေဖုံးရပ်ကွက်တခုဖြစ်ပြီး အဲဒါကို ခရစ္စက လူမျိုးစုံရောပေါင်းနေကြစေဖို့ ကြိုးပမ်းနေတာဖြစ်တယ်။

ခရစ္စသေဆုံးမှုဟာ ကျနော့်အတွက် ပုဂ္ဂိုလ်ရေးအရထိခိုက်မှုဖြစ်သလို လှုပ်ရှားမှုတခုလုံးအတွက်လည်း ထိခိုက်မှုဖြစ်ခဲ့တယ်။ သူဟာ စစ်သားတယောက်လည်းဖြစ်၊ မျိုးချစ်တယောက်လည်းဖြစ်ပြီး ဘယ်လုပ်ငန်းတာဝန်ကိုမှ အသေးအဖွဲ့ သဘောမထားသူဖြစ်တယ်။ သူဟာ တောင်အာဖရိကလူငယ်တွေကြားမှာ ကြီးကျယ်ထင်ရှားတဲ့သူရဲကောင်းတဦးဖြစ်ပြီး လူငယ်တွေရဲ့ဘာသာစကားကိုပြောသူ၊ လူငယ်တွေက အလေးထားနားထောင်တာခံရသူဖြစ်တယ်။ စေ့စပ်ဆွေးနွေးပြီးရထားတဲ့ ဖြေရှင်းချက်တခုကို အားပေးထောက်ခံဖို့ ကိုင်ရတွယ်ရခက်တဲ့ လူငယ်တွေကို စုစည်းနိုင်သူဟာ ခရစ္စပဲဖြစ်တယ်။ အခုအခါ တောင်အာဖရိကနိုင်ငံဟာ အထူးချွန်အထက်မြက်ဆုံး သားကောင်းတယောက် ဆုံးရှုံးလိုက်ရပါပြီ။ ဒီလူဟာ တိုင်းပြည်ကို နိုင်ငံသစ် တနိုင်ငံအဖြစ် အသွင်ပြောင်းရာမှာ တန်ဖိုးမဖြတ်နိုင်အောင် အသုံးဝင်မည့်သူဖြစ်တယ်။

တိုင်းပြည်အခြေအနေဟာ မရေမရာပြိုကွဲလုလုဖြစ်နေတယ်။ ခရစ္စသေတာ လူမျိုးရေးစစ်ပွဲကို ပေါက်ကွဲဖြစ်ပေါ်စေနိုင်တယ်လို့ စိုးရိမ်ပူပန်ကြတာတွေရှိတယ်။ အာဇာနည်ဖြစ်သွားတဲ့ သူတို့သူရဲကောင်းအတွက် လူငယ်တွေ အသက်စွန့်ဖို့ဆုံးဖြတ်ကြမှာကို စိုးရိမ်ကြတယ်။ ကျနော်ဟာ ထရန်စကေးနယ် ကော်ဖင်မ်ဗါဘားခရိုင်ထဲက စပယ်လီလီလို့ခေါ်တဲ့ ဖုန်ထူတဲ့ မြို့ငယ်လေးရှိ ခရစ္စရဲ့အသက် (၈၂) နှစ်ရွယ် အဖေအိုဆီ ရဟတ်ယာဉ်နဲ့ အရင်သွားရောက်ပြီး ဝမ်းနည်းစကားပြောခဲ့တယ်။ အဲဒီဒေသဟာ မာတန်ဇီမာမိသားစုရဲ့ ဌာနေအရပ်ဖြစ်လို့ ကျနော်

ကောင်းကောင်းသိကျွမ်းတဲ့အရပ် ဖြစ်ပါတယ်။ ပိုက်သွယ်ရေမရှိ၊ လျှပ်စစ်မီးမရှိတဲ့ ဒီရွာကို ကျနော်ရောက်သွားတဲ့အခါ ဒီလိုဆင်းရဲနုံချာတဲ့နေရာလေးကနေ ခရစ္စဟာနီလို တနိုင်ငံလုံးကို သူ့ရဲ့ စိတ်ဓာတ်စွမ်းအား၊ သူ့ရဲ့အရည်အချင်းတွေနဲ့ ဖမ်းစားလှုပ်ရှားစေခဲ့သူတယောက်ကို ဘယ်လိုမွေးထုတ်လိုက်ပါလိမ့်လို့ ကျနော်အံ့သြတွေးတောမိခဲ့တယ်။ ကျေးလက်က ဆင်းရဲသား တွေအပေါ် ခရစ္စရဲ့စိတ်ဝင်စားစာနာမှုဟာ သူ့ရဲ့စပယ်လီလီကလေးဘဝက ပေါက်ဖွားခဲ့တာဖြစ် တယ်။ ဘာလို့လဲဆိုတော့ သူ့ရဲ့ရေသောက်မြစ်တွေဟာ နက်ရှိုင်းစွာသွားပြီး ဘဝမှန်ခဲ့လို့ဖြစ် ပါတယ်။ ဒါတွေကို သူဘယ်တော့မှ မမေ့ခဲ့ပါဘူး။ ခရစ္စရဲ့အဖေဟာ သားတယောက်စွန့်လွှတ် လိုက်ရတဲ့ နာကျင်မှုဝေဒနာအကြောင်း ခံစားချက်အပြည့်နဲ့ ပြောသွားခဲ့တယ်။ ဒါပေမဲ့ သူ့သားဟာ တိုက်ပွဲတွင်းမှာ ကျဆုံးသွားခဲ့တာကိုတော့ ကျေနပ်ဂုဏ်ယူနေပါတယ်။

ကျနော် ဂျိုဟန်နစ္စဘာဂ်ပြန်ရောက်တဲ့အခါ ရဲတွေဟာ စစ်သွေးကြွလက်ျာဂိုဏ်း အာဖရိ ကန်းနားဝီးယာစတင်းစ်ဘီဝီဂင်း (အေဒဗလျူဘီ) အဖွဲ့ဝင်တယောက်ကို ဖမ်းမိထားပြီလို့ကြား သိရတယ်။ အဲဒီလူဟာ တောင်အာဖရိကသို့ ရွှေ့ပြောင်းအခြေချလာတဲ့ ပိုလန်လူမျိုးတယောက် ဖြစ်ပြီး သတ္တိရှိတဲ့ အာဖရိကန်းနားအမျိုးသမီးတယောက်က လူသတ်သမားရဲ့ ကားနံပါတ်ကို ရဲဆီဖုန်းဆက်သတင်းပေးလို့ ဖမ်းမိတာဖြစ်ပါတယ်။ လုပ်ကြံမှုဟာ အရူးအမူးကြံမိကြံရာ လုပ်ရပ် တခုဖြစ်ပြီး စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို လမ်းချော်ထွက်အောင်ကြိုးပမ်းချက်တရပ် ဖြစ်တယ်။ ကျနော့်ကို တောင်အာဖရိကအသံလွှင့်ဌာနက အဲဒီညမှာ တနိုင်ငံလုံးကိုမိန့်ခွန်းပြောဖို့ ပန်ကြား လာတယ်။ အခုအနေအထားမှာ ပြည်သူလူထုကို စိတ်ထိန်းကြဖို့ဖျောင်းဖျပေးသူက အစိုးရ မဟုတ်ပဲ အေအင်စီသာ ဖြစ်နေပါတော့တယ်။

ကျနော်က ငြိမ်းချမ်းရေးနဲ့စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ကို တားဆီးလို့မရနိုင်ဘူးလို့ ပြောခဲ့ တယ်။ ကျနော့်ဦးစီးကွပ်ကဲမှုအောက်မှာရှိတဲ့ အခွင့်အာဏာအားလုံးကိုသုံးပြီး **"ကျနော်တို့ ပြည်သူတွေအားလုံး အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ်နဲ့ ငြိမ်းချမ်းရေးအတွက် စည်းကမ်းရှိတဲ့ အင်အားစုဖြစ်အောင်နေရင်း ခရစ္စဟာနီကို သတိရဂုဏ်ပြုကြဖို့ ပန်ကြားပါတယ်"**လို့ ကျနော်ပြော ခဲ့တယ်။

*ဒီညမှာ ကျနော်ဟာ လူဖြူလူမည်းတောင်အာဖရိကနိုင်ငံသား လူတိုင်းလူတိုင်းကို ကျနော့်ရဲ့ အနက်ရှိုင်းဆုံးနှလုံးသားထဲကနေ စကားပြောနေတာဖြစ်ပါတယ်။ အာဃာတတွေ၊ အမုန်းတရား တွေပြည့်လျှမ်းနေတဲ့ လူဖြူတယောက်ဟာ ကျနော်တို့တိုင်းပြည်ကိုရောက်လာပြီး အင်မတန်ယုတ်ညံ့ ဆိုးမိုက်တဲ့လုပ်ရပ်တခု ကျူးလွန်လိုက်လို့ ကျနော်တို့တနိုင်ငံလုံးဟာ အခုဆိုရင် အန္တရာယ်ချောက်ကမ်းပါး နှုတ်ခမ်းမှာ ဂယိမ်းဂယိုင်ဖြစ်နေရပါတယ်။ အာဖရိကန်းနားနွယ် လူဖြူအမျိုးသမီးတယောက်ဟာ ဒီလူ သတ်သမားကို ကျနော်တို့ဖော်ထုတ်နိုင်ဖို့နဲ့ တရားဥပဒေရှေ့မှောက်ရောက်စေဖို့ သူ့အသက်အန္တရာယ် ကိုရင်းပြီး စွန့်စားခဲ့ရတယ်။ ... အခုချိန်ဟာဆိုရင် တောင်အာဖရိကနိုင်ငံ နိုင်ငံသားအားလုံး စုစည်း ညီညွတ်ပြီး ခရစ္စဟာနီ အသက်ပေးသွားခဲ့တဲ့၊ ကျနော်တို့အားလုံးအတွက် လွတ်လပ်မှုကို ဖျက်ဆီး လိုတဲ့ ဘယ်သူ့မဆို ရင်ဆိုင်ကြဖို့ အချိန်ဖြစ်နေပါပြီ။*

ခရစ္စကိုလုပ်ကြံသတ်ဖြတ်မှုဟာ ရှောင်လွှဲမရနိုင်တာကိုရှောင်လွှဲဖို့ လူဖြူလူမျိုးကြီးဝါဒီတွေရဲ့ ကြိုးပမ်းချက်ဖြစ်တယ်။ သူတို့ဟာ တိုင်းပြည်မှာ ငြိမ်းချမ်းတဲ့နည်းလမ်းတွေနဲ့ လူများစုအုပ်ချုပ်ရေးဖြစ်မယ့်အစား ပြည်တွင်းစစ်နွံထဲကျဆင်းသွားတာကို ပိုလိုလားကြတယ်။

ကျနော်တို့ဟာ အေအင်စီအတွင်းက ကိုယ့်ဘက်သားတွေကို ကိုင်တွယ်ဖို့ ဗျူဟာတခု ချခဲ့တယ်။ လက်စားချေအကြမ်းဖက်မှုတွေပေါက်ကွဲမှာကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက် ကျနော်တို့ဟာ တိုင်းပြည်တဝှမ်းမှာ လူထုစည်းဝေးပွဲတွေနဲ့ ဆန္ဒပြပွဲတွေတသီတတန်းကြီး တပတ်ကြာ စီစဉ်ဆောင်ရွက်ခဲ့တယ်။ ဒါဟာ ပြည်သူတွေအဖို့ အကြမ်းဖက်ရေးဘက်မလှည့်ဘဲ မိမိတို့ရဲ့မခံမရပ်နိုင်မှုကို ထွက်ပေါက်ပေးဖို့ နည်းလမ်းတခုရှိစေမှာ ဖြစ်ပါတယ်။ ကျနော်နဲ့ မစ္စတာဒီကလပ်တို့ သီးသန့်တွေ့ဆုံပြီး ဟာနီအသတ်ခံရမှုကြောင့် စေ့စပ်ဆွေးနွေးပွဲတွေ လမ်းချော်မထွက်စေဖို့ သဘောတူခဲ့တယ်။

ကွန်ဆာဗေးတစ်ပါတီဝင် ကလိုက်ဗ်ဒါဘီလူးဝစ်ဆိုသူကို လုပ်ကြံမှုနဲ့ပတ်သက်ပြီး ဖမ်းဆီးလိုက်ကြောင်း ရက်ပိုင်းအတွင်း ကျနော်တို့သိခဲ့ရတယ်။ ဒါဟာ တတိယအင်အားစုရှိကြောင်း ပိုပြီးခိုင်မာအောင် အတည်ပြုလိုက်တာဖြစ်ပါတယ်။ ခရစ္စကိုယ်တိုင်ကပဲ လေတပ်စခန်းတခုကနေ မကြာသေးခင်က လက်နက်တွေခိုးယူမှုကို ဝေဖန်ရှုတ်ချခဲ့သေးတယ်။ ပုလိပ်ရဲ့ ရှေ့ပြေးအစီရင်ခံစာတွေအရ သူ့ကိုလုပ်ကြံခဲ့တဲ့သေနတ်ဟာ အဲဒီအခိုးခံရတဲ့ အပုံထဲကလာတာဖြစ်တယ်လို့ ညွှန်းဆိုနေပါတယ်။

နောက် (၂) ပတ်တိတိကြာတဲ့အခါ နောက်ထပ် ထင်ရှားအရေးပါတဲ့ နာရေးတခုဖြစ်ခဲ့တယ်။ ဒီနာရေးကတော့ ခရစ္စနာရေးလို နိုင်ငံကိုတုန်ခါမသွားစေခဲ့ပေမဲ့ ကျနော့်ကိုတော့ တုန်ခါသွားစေခဲ့ပါတယ်။ အော်လီဗာတမ်ဘိုဟာ မမာမကျန်းဖြစ်နေတာ ကာလကြာရှည်ခဲ့ပါပြီ။ ဒါပေမဲ့ သူ့အသက်ကို တခါတည်းဆုံးပါးသွားစေတဲ့ လေဖြတ်မှုဟာ ကြိုတင်သတိပေးလက္ခဏာမပြဘဲ ရုတ်တရက်ချက်ချင်း ပေါ်လာတာဖြစ်တယ်။ သူ့ဇနီး အဒယ်လေ့ဒ်က ကျနော့်ကို မနက်စောစော ဖုန်းဆက်ပြောလို့ ကျနော် အော်လီဗာ့အိပ်ရာဘေး အပြေးသွားခဲ့တယ်။ ကျနော် သူ့ကို နှုတ်ဆက်စကားတောင် ကောင်းကောင်းပြောခွင့် မရလိုက်ပါဘူး။ ဘာလို့လဲဆိုတော့ ကျနော်ရောက်သွားချိန်မှာ သူမရှိတော့ပါဘူး။

ဒဿနဆရာကြီးပလေတိုးက လူတွေကို သတ္တုတွေနဲ့ နိမိတ်ပုံသင်္ကေတပြုရာမှာ ရွှေအုပ်စု၊ ငွေအုပ်စုနဲ့ ခဲအုပ်စုအဖြစ် အတန်းအစားခွဲထားတယ်။ အော်လီဗာဟာ ရွှေစစ်စစ်ဖြစ်ပါတယ်။ သူ့ရဲ့ ဉာဏ်ပညာထက်မြက်မှုမှာလည်း ရွှေရှိတယ်။ သူ့ရဲ့နွေးထွေးမှုနဲ့ လူသားဆန်မှုမှာလည်း ရွှေရှိတယ်။ သူ့ရဲ့စိတ်ရှည်သည်းခံနိုင်စွမ်းနဲ့ သဘောထားကြီးမြင့်မှုမှာလည်း ရွှေရှိတယ်။ သူ့ရဲ့ ခိုင်မြဲလှတဲ့သစ္စာရှိမှုနဲ့ ကိုယ်ကျိုးစွန့်မှုမှာလည်း ရွှေရှိတယ်။ ကျနော်ဟာ သူ့ကို ခေါင်းဆောင်တယောက်အဖြစ် လေးစားမိသလောက် လူသားတယောက်အဖြစ်နဲ့လည်း အင်မတန့်ကို ချစ်ခင်မိတယ်။

ကျနော် ထောင်ထဲရှိနေတဲ့ နှစ်ကာလတလျှောက်လုံး သူနဲ့ခွဲနေခဲ့ရပေမဲ့ သူဟာ ကျနော့်တွေးခေါ်စဉ်းစားမှုတွေနဲ့ ဘယ်တုန်းကမှ ဝေးကွာမနေခဲ့ပါဘူး။ ကျနော်တို့ဟာ ခွဲခွာနေရပေမဲ့ ကျနော့်ခေါင်းထဲမှာ သူနဲ့အစဉ်အမြဲပဲ နည်းအမျိုးမျိုးနဲ့ ဆွေးနွေးတိုင်ပင်နေခဲ့တာဖြစ်တယ်။ အဲဒါကြောင့် သူကွယ်လွန်သွားတဲ့အခါ ကျနော်ဟာ အင်မတန့်ကို အထီးကျန် အဖော်မဲ့ခံစားရတာ ဖြစ်ပါလိမ့်မယ်။ လုပ်ဖော်ကိုင်ဖက်တယောက်ကို ကျနော်ပြောခဲ့တဲ့အတိုင်း ကျနော်ဟာ ကမ္ဘာပေါ်မှာ အထီးကျန်ဆုံးလူလို ခံစားမိတယ်။ ကျနော်တို့ဟာ နောက်ဆုံးမှာ ပြန်လည်ပေါင်းစည်းမိခဲ့ပြီးစမှာပဲ သူ့ကို ကျနော့်ထံပါးကနေ ဆွဲထုတ်ယူသွားလိုက်သလို ဖြစ်နေတယ်။ ခေါင်းတလားထဲ လဲလျောင်းနေတဲ့ သူ့ကို ကျနော်ကြည့်လိုက်တဲ့အခါ ကျနော်ကိုယ်တိုင်ရဲ့ အစိတ်အပိုင်းတခုသေဆုံးသွားခဲ့သလိုပါပဲ။

ကျနော်တို့ဟာ အာဏာမရသေးပေမဲ့ ကျနော်က အော်လီဗာကို နိုင်ငံတော်ဈာပနနဲ့ သင်္ဂြိုလ်ချင်တယ်။ အဲဒီအတိုင်းပဲ အေအင်စီက သူ့အတွက်လုပ်ပေးခဲ့တယ်။ ဆိုဗီတို အားကစားကွင်းတခုအတွင်းလုပ်တဲ့ လူထုစည်းဝေးပွဲမှာ နိုင်ငံခြားအစိုးရတွေရဲ့ အဆင့်မြင့်ခေါင်းဆောင်ပိုင်းရာနဲ့ချီ တက်ရောက်စုဝေးကြပြီး အဝေးရောက်နှစ်ကာလတွေအတွင်း အေအင်စီကိုဆက်လက်ရှင်သန်အောင် စွမ်းဆောင်ခဲ့သူကို ဂါရဝပြုခဲ့ကြတယ်။ အမ်ကေတပ်ဖွဲ့တွေက သူ့ကိုဂုဏ်ပြုတဲ့အနေနဲ့ ချီတက်အလေးပြုပြီး သူ့သင်္ချိုင်းမှာ အမြောက် (၂၁) ချက် ပစ်ဖောက်အလေးပြုခဲ့တယ်။ အော်လီဗာဟာ အကျဉ်းသားတွေလွတ်လာတာနဲ့ ပြည်ပရောက်တွေ ပြည်တော်ပြန်လာတာတွေ့ရတဲ့အထိ အသက်ရှည်ခဲ့ပေမဲ့ လွတ်လပ်တဲ့ဒီမိုကရေစီတောင်အာဖရိကနိုင်ငံမှာ သူကိုယ်တိုင်မဲပေးရတဲ့အထိတော့ အသက်မရှည်ခဲ့ပါဘူး။ လုပ်ဆောင်အောင်မြင်ဖို့ ကျန်နေတာကတော့ အဲဒါပါပဲ။

## ၁၁၂

လူနည်းနည်းပါးပါးလောက်ကပဲ ၁၉၉၃ ခု၊ ဇွန်လ (၃) ရက်နေ့ကို မှတ်မိကြမှာဖြစ်ပေမဲ့ ဒီရက်ဟာ တောင်အာဖရိကသမိုင်းမှာ မှတ်တိုင်ကြီးတခုဖြစ်ပါတယ်။ အဲဒီနေ့မှာ ပါတီပေါင်းစုံအစည်းအဝေးက ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနမှာ လပေါင်းများစွာ စေ့စပ်ဆွေးနွေးပြီးနောက်၊ တိုင်းပြည်ရဲ့ပထမဆုံး နိုင်ငံလုံးဆိုင်ရာ၊ လူမျိုးမခွဲ၊ လူတကိုယ်တမဲရွေးကောက်ပွဲအတွက် ရက်သတ်မှတ်မှုကို မဲပေးဆုံးဖြတ်ခဲ့တယ်။ အဲဒီသတ်မှတ်ရက်ကတော့ ၁၉၉၄ ခု၊ ဧပြီလ (၂၇) ရက်နေ့ ဖြစ်ပါတယ်။ တောင်အာဖရိကသမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် အများစုဖြစ်တဲ့ လူမည်းတွေဟာ ကိုယ့်ခေါင်းဆောင်တွေ ရွေးကောက်တင်မြှောက်ဖို့ မဲပေးကြတော့မှာဖြစ်ပါတယ်။ သဘောတူညီချက်အရ မဲဆန္ဒရှင်တွေဟာ တိုင်းပြုပြည်ပြုလွှတ်တော်အတွက် ကိုယ်စားလှယ် (၄၀၀) ကို ရွေးကောက်ရမှာဖြစ်တယ်။ ဒီလွှတ်တော်ဟာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလည်းရေးဆွဲ၊ ဥပဒေပြုပါလီမန်အဖြစ်လည်း ဆောင်ရွက်မှာဖြစ်တယ်။ လွှတ်တော်အစည်းအဝေးစပြီးနောက် ပထမဆုံးအလုပ်ကတော့ သမတရွေးကောက်ဖို့ ဖြစ်ပါတယ်။

ဆွေးနွေးပွဲတွေကို [၁၉၉၃ ခု] ဧပြီလမှာ ပြန်ကျင်းပခဲ့တာဖြစ်တယ်။ ဒီတကြိမ်မှာ အင်ကာသာအဖွဲ့၊ အာဖရိကတိုက်လုံးဆိုင်ရာ ကွန်ဂရက် [ပီအေစီ] နဲ့ ကွန်ဆာဗေးတစ်ပါတီတို့ ပါဝင်လာကြတယ်။ ကျနော်တို့ဟာ အစိုးရကို ရက်ချိန်းသတ်မှတ်ဖို့ ဖိအားပေးနေတာ လနဲ့ချီကြာခဲ့ပြီး သူတို့က အချိန်ဆွဲနေခဲ့တယ်။ ဒါပေမဲ့ အခုတော့ ရက်ချိန်းကို ဘယ်လိုမှဖျက်မရနိုင်အောင် ကမ္ဘာသိ သတ်မှတ်လိုက်ပါပြီ။

တလအကြာဇူလိုင်လထဲမှာ ပါတီပေါင်းစုံညီလာခံက ကြားဖြတ်ဖွဲ့စည်းပုံအခြေခံဥပဒေပထမမူကြမ်းကို သဘောတူအတည်ပြုလိုက်တယ်။ အဲဒီဥပဒေအရ လွှတ်တော်နှစ်ရပ်ထားမှာဖြစ်ပြီး အမတ် (၄၀၀) ပါတဲ့ အမျိုးသားလွှတ်တော်ကို နိုင်ငံလုံးဆိုင်ရာနဲ့ ဒေသဆိုင်ရာပါတီစာရင်းထဲက အချိုးကျကိုယ်စားပြုစနစ်နဲ့ ရွေးကောက်မှာဖြစ်ပြီး ဆီးနိတ်အထက်လွှတ်တော်ကိုတော့ ဒေသန္တရဥပဒေပြုအဖွဲ့ [ပြည်နယ်လွှတ်တော်] တွေက သွယ်ဝိုက်ရွေးကောက်မှာဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတွေကို အမျိုးသားရွေးကောက်ပွဲတွေနဲ့ တချိန်တည်းကျင်းပမှာဖြစ်ပြီး ပြည်နယ်လွှတ်တော်တွေဟာ မိမိတို့ကိုယ်ပိုင်အခြေခံဥပဒေတွေကို နိုင်ငံလုံးဆိုင်ရာအခြေခံဥပဒေနဲ့ လိုက်လျောညီထွေဖြစ်အောင် ရေးဆွဲနိုင်မှာဖြစ်တယ်။

စော်ဘွားဘူသယ်လဇီက ရွေးကောက်ပွဲမတိုင်ခင် အခြေခံဥပဒေ အရင်ဆွဲပြီးစေချင်တယ်။ ဒါကြောင့် အခြေခံဥပဒေအတည်မရှိခင် ရွေးကောက်ပွဲရက်သတ်မှတ်တာကို ကန့်ကွက်တဲ့အနေနဲ့ သပိတ်မှောက်ထွက်ခွာသွားတယ်။ ဩဂုတ်လမှာ ဒုတိယမြောက် ကြားဖြတ်အခြေခံဥပဒေမူကြမ်းက ဒေသတွေကို အာဏာပိုပေးထားပေမဲ့ စော်ဘွားဘူသယ်လဇီနဲ့ ကွန်ဆာဗေးတစ်ပါတီတို့ကို မနှစ်သိမ့်စေနိုင်ခဲ့ပါဘူး။ ဆုံးဖြတ်ချက်တွေဟာ အာဖရိကန်းနားလူမျိုးတို့ရဲ့ အကျိုးစီးပွားကို ဆန့်ကျင်ထိခိုက်စေတယ်လို့ ကွန်ဆာဗေးတစ်ပါတီက ဖော်ပြခဲ့တယ်။ တောင်အာဖရိကကာကွယ်ရေးတပ်ဖွဲ့ရဲ့ တပ်မှူးဟောင်းတဦးဖြစ်တဲ့ ဗိုလ်ချုပ်ကြီးကွန်စတန်းဗီလ်ယွင်ခေါင်းဆောင်တဲ့ အာဖရိကန်းနားဖော့ကွဖရန့်ဆိုတဲ့ အဖွဲ့တဖွဲ့ဖွဲ့စည်းပြီး ရှေးရိုးစွဲ လူဖြူအဖွဲ့အစည်းတွေကို ဖော့ကွတတ် (ဝါ) လူဖြူဇာတိပြည်နယ် ဆိုတဲ့အယူအဆပတ်လည်မှာ စုစည်းဖို့လုပ်လာတယ်။

နိုဝင်ဘာ (၁၈) ရက် ညသန်းခေါင်ကျော်စအချိန်မှာတော့ ပါတီပေါင်းစုံညီလာခံအစည်းအဝေးက ကြားဖြတ်အခြေခံဥပဒေကို အတည်ပြုချမှတ်လိုက်တယ်။ အစိုးရနဲ့အေအင်စီက ကျန်ရှိနေတဲ့ အဟန့်အတားတွေအားလုံးကို ရှင်းလင်းပစ်ခဲ့တယ်။ အစိုးရဝန်ကြီးအဖွဲ့သစ်ကို မဲဆန္ဒ ငါးရာခိုင်နှုန်းထက်ပိုရတဲ့ ပါတီတွေနဲ့ဖွဲ့မှာဖြစ်ပြီး ဆုံးဖြတ်ချက်ချရာမှာ အစိုးရဘက်က အဆိုပြုတဲ့ သုံးပုံနှစ်ပုံ အများစုမဲနဲ့မဟုတ်ဘဲ အားလုံးသဘောတူညီချက်နဲ့ ချမှာဖြစ်တယ်။ အမျိုးသားရွေးကောက်ပွဲတွေကို ၁၉၉၉ မတိုင်ခင် ကျင်းပမှာမဟုတ်ဘဲ အမျိုးသားညီညွတ်ရေးအစိုးရဟာ ငါးနှစ်ကြာ တာဝန်ထမ်းဆောင်ရမှာဖြစ်တယ်။ အစိုးရက ကျနော်တို့ တောင်းဆိုချက်အတိုင်း အမျိုးသားလွှတ်တော်နဲ့ ပြည်နယ်လွှတ်တော်တွေအတွက် သီးခြားမဲစာရွက်တွေမထားတော့ဘဲ မဲစာရွက်တခုပဲထားဖို့ လိုက်လျောလိုက်တယ်။ မဲဆန္ဒရှင်အများစုကြီးဟာ မိမိတို့ဘဝမှာ

ပထမဆုံးအကြိမ်အဖြစ် မဲပေးတာဖြစ်လို့ မဲစာရွက်နှစ်ရွက်ထားခြင်းဖြင့် မဲပေးသူအများစုကို ရှုပ်ထွေးမှုသာ ဖြစ်စေလိမ့်မယ်။ ရွေးကောက်ပွဲမတိုင်မီကာလမှာ ပါတီတိုင်းက အဖွဲ့ဝင်တွေပါဝင်တဲ့ ကြားဖြတ်အလုပ်အမှုဆောင်ကောင်စီ (တီအီးစီ) က ရွေးကောက်ပွဲအတွက် ထိုက်သင့်တဲ့ ရာသီဥတုရှိရေး အာမခံမှာဖြစ်တယ်။ လက်တွေ့အားဖြင့် တီအီးစီဟာ ဒီဇင်ဘာ (၂၂) ရက်ကနေ ဧပြီလ (၂၇) ရက် ရွေးကောက်ပွဲနေ့အထိ အစိုးရဖြစ်လိမ့်မယ်။ ရွေးကောက်ပွဲကို စီမံအုပ်ချုပ်ဖို့ အာဏာကျယ်ကျယ်ပြန့်ပြန့်ရှိတဲ့၊ လွတ်လပ်တဲ့ ရွေးကောက်ပွဲကော်မရှင်က တာဝန်ယူရမှာဖြစ်တယ်။ ကျနော်တို့ဟာ ခေတ်သစ်တခုရဲ့ ဥပစာကို တကယ်ပဲ ရောက်ရှိနေပါပြီ။

ကျနော်ဟာ ပုဂ္ဂိုလ်ဆိုင်ရာဆုလာဘ်တွေကို ဘယ်တုန်းကမှ သိပ်ဂရုမစိုက်ခဲ့ပါဘူး။ လူတယောက်ဟာ ဆုတွေရဖို့မျှော်လင့်ချက်နဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်သူ ဖြစ်လာတာမဟုတ်ပါဘူး။ ဒါပေမဲ့ ကျနော်ဟာ ၁၉၉၃ ခု၊ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကို မစ္စတာဒီကလပ်နဲ့ ပူးတွဲရရှိတယ်လို့ အကြောင်းကြားခံရတဲ့အခါ အင်မတန်စိတ်လှုပ်ရှားမိခဲ့တယ်။ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုဟာ တောင်အာဖရိကသမိုင်းနဲ့ ဆက်နွှယ်ပတ်သက်နေတဲ့အတွက် ဒီဆုဟာ ကျနော့်အဖို့ ထူးခြားတဲ့အဓိပ္ပါယ် ဆောင်နေပါတယ်။

ကျနော်ဟာ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း နိုဘယ်လ်ဆုကော်မတီရဲ့ ချီးမြှင့်မြှောက်စားခံရတဲ့ တတိယမြောက် တောင်အာဖရိကနိုင်ငံသား ဖြစ်ပါတယ်။ ဇော်ဘွားအဲလ်ဘတ်လူသူလီဟာ ၁၉၆၀ ခုမှာ နိုဘယ်လ်ဆုချီးမြှင့်ခံရတယ်။ ဒုတိယမြောက်ရသူက ဂိုဏ်းချုပ်ဘုန်းတော်ကြီး ဒက်စ်မွန်တူးတူးဖြစ်ပြီး အသားအရောင်ခွဲခြားရေးစနစ်ရဲ့ အကြမ်းတမ်းဆုံးကာလတွေအတွင်း လူမျိုးခွဲခြားရေးဝါဒရဲ့ဆိုးယုတ်မှုတွေကို ကိုယ်ကျိုးမဖက်ဘဲ တိုက်ခိုက်ခဲ့လို့ ၁၉၈၄ ခုမှာ နိုဘယ်လ်ဆုရခဲ့တယ်။

ဒီဆုကြီးဟာ တောင်အာဖရိကပြည်သူပြည်သားအားလုံးကို ဂုဏ်ပြုလိုက်တာဖြစ်ပြီး၊ အထူးသဖြင့် တိုက်ပွဲမှာပါဝင်ဆင်နွှဲခဲ့သူတွေကို ဂုဏ်ပြုတာဖြစ်ပါတယ်။ ကျနော်ကတော့ သူတို့ကိုယ်စားလက်ခံယူရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ နိုဘယ်လ်ဆုကိုတော့ ကျနော်တခါမှ မစဉ်းစားမိခဲ့ပါဘူး။ ရော်ဘင်ကျွန်းမှာနေခဲ့ရတဲ့ အမှောင်မိုက်ဆုံးနှစ်ကာလတွေမှာတောင်မှ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ကျနော်တို့ဟာ လက်နက်ကိုင်တိုက်ပွဲလမ်းကြောင်းလိုက်ခဲ့တာကြောင့် ကျနော်တို့အတွက် လှုံ့ဆော်လှုပ်ရှားပေးတာ မလုပ်ခဲ့ပါဘူး။ အဲဒီအဖွဲ့ကြီးဟာ အကြမ်းဖက်မှု (Violence) ကို ကျင့်သုံးခဲ့တဲ့ ဘယ်သူ့ကိုမှ ကိုယ်စားမပြုပေးခဲ့ပါဘူး။ အဲဒီအကြောင်းကြောင့် နိုဘယ်လ်ဆုကော်မတီဟာ နိုင်ငံ့လုံ့တံတပ်ဖွဲ့ စတင်တည်ထောင်ခဲ့သူကို ငြိမ်းချမ်းရေးဆုပေးဖို့ ဘယ်တော့မှ စဉ်းစားမှာမဟုတ်ဘူးလို့ ကျနော်ယူဆခဲ့ပါတယ်။

ကျနော်ဟာ နော်ဝေးနိုင်ငံနဲ့ ဆွီဒင်နိုင်ငံတွေကို အထူးတလည် လေးစားခဲ့ပါတယ်။ ၁၉၅၀ ခုနှစ်တွေနဲ့ ၁၉၆၀ ခုနှစ်တွေတုန်းက အေအင်စီအတွက် အနောက်နိုင်ငံအစိုးရတွေဆီ ကျနော်တို့ အလှူခံထွက်တုန်းက အပြုတ်ခါလွှတ်တာတွေ ခံခဲ့ရတယ်။ ဒါပေမဲ့ နော်ဝေးနဲ့

ဆီွဒင်နိုင်ငံတွေမှာတော့ ကျနော်တို့ကို လှိုက်လှိုက်လှဲလှဲလက်ကမ်းကြိုဆိုပြီး အကူအညီတွေ၊ စကောလားရှစ်ပညာသင်ဆုတွေနဲ့ နိုင်ငံရေးအကျဉ်းသားတွေအတွက် ဥပဒေကြောင်းအရ ခုခံလျှောက်လဲဖို့ ငွေကြေးနဲ့ လူသားချင်းစာနာမှုအကူအညီငွေကြေးတွေ ပေးကမ်းခဲ့တယ်။

ကျနော်ဟာ နော်ဝေးနိုင်ငံမှာ [ဆုလက်ခံ] မိန့်ခွန်းပြောတဲ့အခါ နိုဘယ်လ်ဆုကော်မတီကို ကျေးဇူးတင်ကြောင်းပြောပြီး တရားမျှတတန်းတူရည်တူရှိတဲ့ အနာဂတ်တောင်အာဖရိကနိုင်ငံမြင်ကွင်းကို ပုံကြမ်းဆွဲပြခဲ့ရုံတင်မက ကျနော်နဲ့အတူ ဆုရတဲ့ မစ္စတာအက်ဖ်ဒဗလျူဒီကလပ်ကိုလည်း ဂုဏ်ပြုစကားပြောခဲ့တယ်။

*အသားအရောင်ခွဲခြားရေးစနစ်ကို ချုပ်ငြိမ်းအားဖြင့် ကျနော်တို့တိုင်းပြည်နဲ့ ပြည်သူလူထုပေါ် ဆိုးဆိုးဝါးဝါးအမှားကြီးတခု ကျူးလွန်ခဲ့မိပြီဆိုတာဝန်ခံဖို့ သူသတ္တိရှိခဲ့တယ်။ တောင်အာဖရိကပြည်သူတွေအားလုံး စေ့စပ်ဆွေးနွေးမှုတွေကတဆင့် တန်းတူဆွေးနွေးဘက်တွေအဖြစ်နဲ့ မိမိတို့အနာဂတ်ကို မိမိတို့ ဘယ်လိုလုပ်ချင်သလဲဆိုတာ အတူတကွဆုံးဖြတ်ပြဋ္ဌာန်းရေးကို နားလည်သဘောပေါက်တဲ့ အမြော်အမြင် သူ့မှာရှိတယ်။*

ကျနော် မစ္စတာဒီကလပ်ကို အင်မတန်ပြင်းပြင်းထန်ထန် ဝေဖန်တိုက်ခိုက်ခဲ့ပြီးနောက် ဘယ်လိုလုပ်ပြီးဆုကို သူနဲ့ပူးတွဲလက်ခံနိုင်ခဲ့သလဲလို့ ကျနော် မကြာခဏအမေးခံရတယ်။ ကျနော့်ရဲ့ ဝေဖန်တိုက်ခိုက်မှုတွေကို ကျနော် ပြန်မရုပ်သိမ်းနိုင်ပေမဲ့ သူဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ကို တကယ်စစ်မှန်ပြီး ပစ်ပယ်လို့မရနိုင်တဲ့ အကျိုးပြုမှုလုပ်ခဲ့တယ်လို့ ကျနော်ပြောနိုင်ပါတယ်။ ကျနော်ဟာ မစ္စတာဒီကလပ်ကို ဘယ်တုန်းကမှ အခြေမခိုင်ယိုင်နဲ့သွားအောင် မကြိုးစားခဲ့ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူအားနည်းလေ၊ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်အားနည်းလေဖြစ်မယ့် လက်တွေ့အကြောင်းတရားကြောင့်ပါပဲ။ ရန်သူနဲ့ ငြိမ်းချမ်းရေးလုပ်ဖို့အတွက် အဲဒီရန်သူနဲ့ အတူအလုပ်လုပ်ရမယ်။ အဲဒီရန်သူဟာ ကိုယ့်အဖော်ဖြစ်လာစေရမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်အတွက် တရားဝင်မဲဆွယ်လှုပ်ရှားမှုဟာ ၁၉၉၄ ခု၊ ဖေဖော်ဝါရီလ မတိုင်မီ မစဖို့ စီစဉ်ထားပေမဲ့ ကျနော်တို့ဟာ  အခြေခံဥပဒေသစ်အတည်ပြုပြီးတာနဲ့ မဲဆွယ်မှုကို အလေးအနက်စလုပ်ခဲ့တယ်။ အဲသလိုလုပ်လို့ ကျနော်တို့က ရှေ့က ခေါင်းတလုံးသာသွားတာတော့ မဖြစ်ခဲ့ပါဘူး။ အမျိုးသားပါတီဟာ ကျနော့်ကို ထောင်ကလွှတ်တဲ့နေ့ကစပြီး မဲဆွယ်ပွဲစခဲ့လို့ဖြစ်ပါတယ်။

သဘောထားကောက်ယူချက်စစ်တမ်းတွေအရ အေအင်စီဟာ ရှေ့ကို ကောင်းကောင်းကြီးရောက်နေတာပြပေမဲ့ ကျနော်တို့ဟာ အောင်ပွဲကို အေးအေးဆေးဆေးဘယ်တုန်းကမှ ထိုင်စောင့်မနေခဲ့ပါဘူး။ ကျနော်က လူတိုင်းကို အလွန်အကျွံအကောင်းမြင်ဝါဒမထားဖို့ အကြံပေးခဲ့တယ်။ အနိုင်ရဖို့ အခွင့်သာနေတဲ့ပါတီတွေက နောက်ပိုင်းကျတော့ ဒုတိယနေရာပဲ ချိတ်သွားတဲ့အဖြစ်အပျက်တွေ ဒါဇင်နဲ့ချီပြီး ကျနော်တို့အားလုံး ဖတ်ခဲ့ဖူးပါပြီ။ ကျနော်တို့ဟာ

အတွေ့အကြုံရင့်ကျက်ပြီး စည်းရုံးဖွဲ့စည်းမှုကောင်း၊ ဘဏ္ဍာထောက်ပံ့မှုကောင်းတဲ့ ပြိုင်ဖက်တဦးကို ရင်ဆိုင်နေရတာဖြစ်တယ်။

ကျနော်တို့မဲဆွယ်လှုပ်ရှားမှုကို လူထုစည်းရုံးစုစည်းရေးကျွမ်းကျင်တဲ့၊ ဝါရင့်ယူဒီအက်ဖ် လှုပ်ရှားတက်ကြွသူတွေဖြစ်တဲ့ ပိုပိုမိုလက်ဖီ၊ တယ်ရာလက်ကိုတာနဲ့ ကက်စိုဂေါ်ဒန်တို့က ပိုင်နိုင်စွာ ခေါင်းဆောင်ခဲ့တယ်။ လုပ်ငန်းတာဝန်ကတော့ အင်မတန့်ကို ခက်ခဲကြီးမားလှပါတယ်။ ကျနော်တို့ ခန့်မှန်းချက်အရ ပြည်သူသန်းပေါင်း (၂၀) ကျော်ဟာ မဲရုံတွေကိုသွားကြလိမ့်မယ်။ ဒီထဲကအများစုဟာ ပထမဆုံးအကြိမ်မဲပေးဖူးတာ ဖြစ်လိမ့်မယ်။ ကျနော်တို့ မဲဆန္ဒရှင်အများအပြားဟာ စာမတတ်ကြဘဲ မဲပေးမှုဆိုတဲ့အလုပ်ကြီးကို စိုးရွံ့နေဖို့အလားအလာရှိတယ်။ လွတ်လပ်တဲ့ရွေးကောက်ပွဲကော်မရှင်အဆိုအရ တိုင်းပြည်အနှံ့မှာ မဲရုံတသောင်းလောက်ရှိမှာဖြစ်တယ်။ ကျနော်တို့ဟာ မဲဆန္ဒရှင်ပညာပေးရေးကို ထောက်ကူနိုင်အောင် လူတသိန်းလောက် လေ့ကျင့်သင်တန်းပေးဖို့ ရည်ရွယ်ခဲ့တယ်။

ကျနော်တို့ရွေးကောက်ပွဲကြိုးပမ်းချက် ပထမဆင့်ကတော့ ပြည်သူ့ဟစ်တိုင် လို့ လူသိများတဲ့ အစည်းအဝေးတွေ ဖြစ်တယ်။ အေအင်စီအမတ်လောင်းတွေဟာ တနိုင်ငံလုံးကို ခရီးထွက်ပြီး ကျနော်တို့ပြည်သူတွေရဲ့ မျှော်လင့်ချက်တွေနဲ့စိုးရိမ်ချက်တွေ၊ စိတ်ကူးတွေနဲ့မကျေနပ်ချက်တွေကိုနားထောင်ဖို့ မြို့တွေရွာတွေမှာ အစည်းအဝေးလုပ်ကြမှာ ဖြစ်တယ်။ ပြည်သူ့ဟစ်တိုင်တွေဟာ အမေရိကန်ပြည်မှာ သမတလောင်း ဘီလ်ကလင်တန် သမတမဖြစ်ခင်လုပ်ခဲ့တဲ့ မြို့အစည်းအဝေးတွေနဲ့ ဆင်တူပါတယ်။ ဒီဟစ်တိုင်တွေဟာ ပြည်သူတွေရဲ့ပါလီမန်လွှတ်တော်တွေဖြစ်ပြီး ကျနော် ကလေးဘဝတုန်းက တွေ့မြင်ခဲ့ဖူးတဲ့၊ မဟာဌာနီဟော်နန်းက စော်ဘွားတွေရဲ့ အစည်းအဝေးနဲ့လည်းဆင်ပါတယ်။

ကျနော်ဟာ ပြည်သူ့ဟစ်တိုင်တွေလုပ်ရတာ အင်မတန်စိတ်ပါပျော်ရွှင်မိပါတယ်။ ကျနော် နိုဝင်ဘာလ နေတယ်လ်ပြည်နယ်မှာ စလုပ်ပြီးတော့ ပီဒဗလျူဗီနယ်မြေ၊ ထရန်စဗားလ်ပြည်နယ် မြောက်ပိုင်းနဲ့ အောရိန်းဂျ်ဖရီးစတိတ်ပြည်နယ်တွေကို သွားခဲ့တယ်။ ကျနော်ဟာ တရက်ကို ဟစ်တိုင် (၃–၄) ပွဲအထိ တက်ခဲ့တယ်။ ပြည်သူလူထုတွေကိုယ်၌ကလည်း အင်မတန် သဘောကျနှစ်ခြိုက်ကြတယ်။ ကိုယ့်တိုင်းပြည်မှာ ဘာတွေလုပ်သင့်တယ်၊ ဘာတွေဖြစ်သင့်တယ်ဆိုတဲ့ ကိုယ့်သဘောထားအမြင်ကို ဘယ်သူက ဘယ်တုန်းကမှ လာတောင်းခံတာ မရှိခဲ့ဖူးပါဘူး။

ဟစ်တိုင်တွေကအကြံပြုချက်တွေ လက်ခံရယူပြီးနောက် ကျနော်တို့ဟာ တိုင်းပြည်အနှံ့ ခရီးထွက်ပြီး ပြည်သူတွေကို ကျနော်တို့ရဲ့သတင်းစကားပါးခဲ့တယ်။ အေအင်စီထဲက တချို့က မဲဆွယ်ပွဲကို လွတ်မြောက်ရေးရွေးကောက်ပွဲ အတွက်ပဲ သီးသန့်လုပ်ချင်ကြပြီး ပြည်သူလူထုကို ငါတို့က မင်းတို့လွတ်လပ်ရေးရအောင်လုပ်ပေးတဲ့အတွက် ငါတို့ကိုမဲပေးကြလို့သာ ပြောချင်ကြတယ်။ ဒါပေမဲ့ ကျနော်တို့ကတော့ အဲဒီလိုလုပ်မယ့်အစား ကျနော်တို့ ဖန်တီးဖို့မျှော်မှန်းထားတဲ့ တောင်အာဖရိကရဲ့ပုံရိပ်ကို မိတ်ဆက်ပြတယ်။ ပြည်သူလူထုတွေ အေအင်စီအတွက် မဲပေးစေချင်တဲ့အကြောင်းက ကျနော်တို့ဟာ အသားအရောင်ခွဲခြားရေးစနစ်ကို နှစ်ပေါင်း (၈၀) ကြာ

တိုက်ခဲ့တာကြောင့်တင်မဟုတ်ဘဲ ပြည်သူလူထုနေချင်တဲ့ တောင်အာဖရိကနိုင်ငံအမျိုးအစားကို အကောင်အထည်ပေါ်စေဖို့အတွက် ကျနော်တို့ဟာ အရည်အချင်း အပြည့်မှီဆုံးဖြစ်လို့ပါပဲ။ ကျနော်တို့ရဲ့မဲဆွယ်မှုဟာ အတိတ်ကာလနဲ့မပတ်သက်ဘဲ အနာဂတ်ကာလနဲ့ ပတ်သက်သင့်တယ်လို့ ကျနော်ယူဆတယ်။

အေအင်စီက ပြန်လည်တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်လို့ခေါ်တဲ့ စာမျက်နှာ (၁၅၀) ပါစာတမ်း တစောင်ရေးဆွဲခဲ့တယ်။ အဲဒီထဲမှာ အများပြည်သူဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများအားဖြင့် အလုပ်အကိုင်တွေဖော်ထုတ်ဖို့၊ လျှပ်စစ်မီးနဲ့ ရေဆွဲအိမ်သာတွေပါဝင်တဲ့ အိုးအိမ်သစ် တသန်းဆောက်လုပ်ဖို့၊ တောင်အာဖရိကနိုင်ငံသားတိုင်းအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု တိုးချဲ့ပေးဖို့နဲ့ အခမဲ့ (၁၀) နှစ် ပညာရေးဆောင်ရွက်ပေးဖို့၊ မြေယာပိုင်မှုတရားရုံးကတဆင့် မြေယာပြန်လည်ဝေခြမ်းဖို့၊ အခြေခံစားကုန်တွေအပေါ် တန်ဖိုးဖြည့်အခွန်ကောက်တာရပ်စဲဖို့ ကျနော်တို့အစီအစဉ်တွေ ဖော်ပြထားတယ်။ ကျနော်တို့ဟာ ပုဂ္ဂလိကကဏ္ဍနဲ့ အများပြည်သူဆိုင်ရာကဏ္ဍနှစ်ခုလုံးမှာ ကျယ်ပြန့်တဲ့ လူမည်းဦးစားပေးရေးစီမံချက်တွေ ဆောင်ရွက်ဖို့လည်း ဆုံးဖြတ်ထားတယ်။ ဒီစာတမ်းကို **'လူတိုင်းအတွက် ပိုကောင်းတဲ့ဘဝ'** လို့ခေါ်တဲ့၊ ပိုရိုးရှင်းတဲ့ ကြေညာစာတမ်းတစောင်အဖြစ် ပြန်ရေးခဲ့တယ်။ အဲဒီ ကြေညာစာတမ်းခေါင်းစဉ်ဟာ အေအင်စီရဲ့ မဲဆွယ်ကြွေးကြော်သံ ဖြစ်လာခဲ့ပါတယ်။

ကျနော်တို့ဟာ ပြည်သူလူထုကို ကျနော်တို့ ဘာလုပ်မယ်ဆိုတာ ပြောပြသလို ကျနော်တို့ ဘာမလုပ်နိုင်ဘူးဆိုတာလည်း ပြောရမယ်လို့ ကျနော်ယူဆမိတယ်။ လူအတော်များများက လွတ်လပ်တဲ့ဒီမိုကရေစီရွေးကောက်ပွဲပြီးရင် နေ့ချင်းညချင်း ဘဝသစ်ပြောင်းသွားမယ်လို့ ထင်ကြတယ်။ ဒါပေမဲ့ အဲသလိုဖြစ်လာဖို့ ဝေးလှပါတယ်။ ကျနော်က လူထုတွေကို **"ရွေးကောက်ပွဲပြီးနောက်တနေ့မှာ မာစီးဒီးကားစီးရဖို့ ဒါမှမဟုတ် အိမ်နောက်ဖက်ဝင်းထဲမှာ ကိုယ်ပိုင်ရေကူးကန်နဲ့ ရေကူးရဖို့ မျှော်လင့်မထားပါနဲ့"** လို့ မကြာခဏပြောခဲ့တယ်။ ကျနော်တို့ ထောက်ခံသူတွေကို **"ဘဝအခြေအနေတွေ အကြီးအကျယ် ထင်ထင်ရှားရှားကြီး ပြောင်းလဲသွားမှာမဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားတို့ရဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ကိုးစားမှုဂုဏ်ရှိန်မြင့်တက်လာပြီး ကိုယ့်ရေမြေပေါ်မှာ သခင်ဖြစ်လာလိမ့်မယ်။ ခင်ဗျားတို့ စိတ်ရှည်မှုရမယ်။ အကျိုးရှိတဲ့ရလဒ်တွေတွေ့ဖို့ ငါးနှစ်လောက်စောင့်ရနိုင်တယ်"** လို့ပြောခဲ့တယ်။ ကျနော်က သူတို့ကို တောင်းဆိုမှုလုပ်ခဲ့တယ်။ ဆရာကြီးမလုပ်ခဲ့ပါ။ **"ခင်ဗျားတို့ ဝတ်စရာမရှိ၊ စားစရာမရှိနဲ့ ဆင်းဆင်းရဲရဲပဲ ဆက်နေချင်ရင်တော့ အရက်ပုန်းဆိုင် သွားသောက်နေချေ။ ဒါပေမဲ့ ခင်ဗျားတို့ ပိုကောင်းတာတွေရချင်ရင်တော့ အလုပ်ကြိုးစားမှုရမယ်။ ကျနော်တို့က ခင်ဗျားတို့အတွက် အစစအရာရာလုပ်မပေးနိုင်ဘူး။ ခင်ဗျားတို့ ဘာသာခင်ဗျားတို့လုပ်ရမယ်"** လို့ ကျနော် သူတို့ကိုပြောခဲ့တယ်။

ကျနော်က လူဖြူတွေကို ကျနော်တို့လိုအပ်တဲ့အကြောင်းနဲ့ တိုင်းပြည်က ထွက်မသွားစေချင်ကြောင်း လူဖြူပရိသတ်တွေကိုပြောခဲ့တယ်။ သူတို့ဟာ ကျနော်တို့လိုပဲ တောင်အာဖရိကပြည်သားတွေဖြစ်ပြီး ဒီမြေဟာ သူတို့မြေလည်းဖြစ်တယ်။ ကျနော်က အသားအရောင်ခွဲခြားရေးစနစ်ရဲ့ အနိဋ္ဌာရုံတွေကို ဒွဲဒိုးပဲပြောပေမဲ့ အတိတ်ကိုမေ့ပစ်ပြီး အားလုံးအတွက်

ပိုကောင်းတဲ့ အနာဂတ်တည်ဆောက်ရေး အာရုံစိုက်ကြဖို့ ထပ်ခါတလဲပြောခဲ့တယ်။

လူထုစည်းဝေးပွဲတိုင်းဟာ ပြည်သူလူထုကို မဲဘယ်လိုပေးရမယ်ဆိုတာ သင်ပြဖို့လည်း ရည်ရွယ်တာဖြစ်တယ်။ မဲစာရွက်ကတော့ ရှည်ရှည်သွယ်သွယ်စာရွက်ဖြစ်ပြီး ဘယ်ဘက်မှာ ပါတီတွေရဲ့နာမည်ကို အပေါ်အောက် စီရေးထားတယ်။ ညာဘက်မှာတော့ ပါတီရဲ့သင်္ကေတ အမှတ်အသားနဲ့ ပါတီခေါင်းဆောင်ရဲ့ဓာတ်ပုံတွေဖြစ်တယ်။ မဲဆန္ဒရှင်တွေဟာ ကိုယ်ကြိုက်တဲ့ ပါတီဘေးကကွက်လပ်ထဲ ကြက်ခြေခတ်ရမှာဖြစ်တယ်။ ကျနော်က ပရိသတ်တွေကို **“ရွေးကောက်ပွဲနေ့ကျရင်၊ ခင်ဗျားရဲ့ မဲစာရွက်ကိုငုံ့ကြည့်လို့ အသက်ငယ်ငယ်ရုပ်ချောချော လူတယောက်မျက်နှာတွေ့ရင် ကြက်ခြေခတ်မှတ်လိုက်”** လို့ ပြောလေ့ရှိတယ်။

## ၁၁၃

လွတ်လပ်မှုသို့ ခရီးလမ်းဟာ ဘယ်လိုမှမချောမွေ့ပါဘူး။ ကြားဖြတ်အလုပ်အမှုဆောင်ကောင်စီဟာ နှစ်သစ်မှာစလည်ပတ်ခဲ့ပေမဲ့ တချို့ပါတီတွေကမပါဘဲနေကြတယ်။ အင်ကာသာက ရွေးကောက်ပွဲမှာပါဝင်ရေးကိုပယ်ချပြီး ဆန့်ကျင်ကန့်လန့်တိုက် နိုင်ငံရေးဘက် လိုက်သွားခဲ့တယ်။ ဘုရင်ဇွယ်လစ်သင်နီက စော်ဘွားဘူသယ်လဇီရဲ့ထောက်ခံမှုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အချုပ်အခြာအာဏာပိုင်ကွာဇူးလူးပြည်ထူထောင်ရေးကိုဆော်သြပြီး သူ့ပြည်နယ်ထဲက လူအားလုံး မဲမပေးဖို့ဟန့်တားခဲ့တယ်။ လက်ျာလူဖြူတွေက ရွေးကောက်ပွဲတွေကို သစ္စာဖောက်မှုအဖြစ်သတ်မှတ်ပြီး **ဗော့ကစ္စတတ်**[*] ရရေးကို ကျယ်ကျယ်လောင်လောင် တောင်းဆိုကြတယ်။ ဒါပေမဲ့ အဲဒီပြည်နယ်ကို ဘယ်နေရာမှာဖော်မယ်၊ ဒါမှမဟုတ် ဘယ်လိုလည်ပတ်မယ်ဆိုတာတော့ ဘာမှ အဆိုမပြုနိုင်သေးဘူး။ တောင်အာဖရိကတနိုင်ငံလုံးမှာ လူဖြူတွေ လူများစုဖြစ်နေတဲ့ အာဏာပိုင်ခရိုင် တခုမှမရှိပါဘူး။

၁၉၉၄ ခု၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ဟာ ပါတီအားလုံးမှတ်ပုံတင်ဖို့ နောက်ဆုံးသတ်မှတ်ရက်ဖြစ်ပြီး အဲဒီနေ့မှာ အင်ကာသာအဖွဲ့၊ ကွန်ဆာဗေးတစ်ပါတီနဲ့ အာဖရိကန်းနားဗော့ကစ္စဖရန့်အဖွဲ့တို့က မှတ်ပုံတင်ဖို့ ပျက်ကွက်ခဲ့တယ်။ ဘော်ဖူသက္ကဝါနာ ဇာတိပြည်နယ်အစိုးရကလည်း စည်းလုံးညီညွတ်တဲ့ တောင်အာဖရိကနိုင်ငံထဲ ပါဝင်ဖို့ငြင်းဆန်ပြီး ထည့်သွင်းဖွဲ့စည်းမှာကို ဆန့်ကျင်ခဲ့တယ်။ ဒီအရေးပါတဲ့အဖွဲ့တွေက ပါဝင်ဆောင်ရွက်ခြင်းမပြုဖို့ ရွေးချယ်တာကို ကျနော်စိတ်အနှောင့်အယှက် ဖြစ်မိတယ်။ သူတို့ ပါလာနိုင်အောင်လို့ ကျနော်တို့က အရေးပါတဲ့ လိုက်လျောအလျှော့ပေးမှုတချို့ ကမ်းလှမ်းခဲ့တယ်။ ကျနော်တို့က ပြည်နယ်လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တွေအတွက် သီးခြားမဲစာရွက်နှစ်ခုသုံးဖို့ သဘောတူခဲ့တယ်။ ပြည်နယ်အာဏာတွေပိုပေးမယ်လို့ အာမခံရတယ်။ နေတယ်လ်ပြည်နယ်ကို ကွာဇူးလူး/နေတယ်လ်ပြည်နယ်လို့ နာမည်ပြောင်းပေးရတယ်။ တူညီတဲ့ယဉ်ကျေးမှုနဲ့ ဘာသာစကား အမွေအနှစ်ရှိတဲ့

[*] **လူဖြူပြည်နယ်**

အုပ်စုတွေအတွက် အခြေခံဥပဒေထဲမှာ **'ပြည်တွင်း'** ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးမူ ထည့်သွင်းပေးဖို့ အတည်ပြုထောက်ခံပေးရတယ်။

ကျနော်နဲ့စော်ဘွားဘူသယ်လဇီ ဒါဘန်မြို့မှာ မတ်လ (၁) ရက်နေ့ တွေ့ဆုံဖို့စီစဉ်ခဲ့တယ်။ ဒီတွေ့ဆုံဆွေးနွေးပွဲမတိုင်ခင်မှာ ကျနော်က **"ကျနော်တို့တိုင်းပြည်ကို သွေးချောင်းစီးမှုထဲ ဆွဲခေါ်သွားချင်သူတွေကို ကျနော်ဒူးထောက်ပြီး အသနားခံပါ့မယ်"** လို့ လူထုစည်းဝေးပွဲတခုမှာ ပြောခဲ့တယ်။ အခြေခံဥပဒေရေးရာကိစ္စတွေအပေါ် ကျနော်တို့ သဘောကွဲလွဲမှုတွေကို နိုင်ငံတကာ ကြားဝင်စေ့စပ်ပေးတာ ခံယူမယ်လို့ကတိပေးရင် စော်ဘွားဘူသယ်လဇီက ရွေးကောက်ပွဲမှာ ပြည်နယ်အဆင့်အတွက် မှတ်ပုံတင်ဖို့ သဘောတူမယ်လို့ ဆိုခဲ့တယ်။ ကျနော်ဟာ အဲဒါကို ဝမ်းမြောက်ဝမ်းသာ သဘောတူခဲ့တယ်။ နောက်ဆုံးမှတ်ပုံတင်ရေးသတ်မှတ်ရက် မရောက်ခင် ဗိုလ်ချုပ်ကြီးဝီလ်ယွင်ကလည်း လွတ်လပ်ရေးတပ်ဦးဆိုတဲ့ ပါတီသစ်နာမည်နဲ့ မှတ်ပုံတင်ခဲ့တယ်။

ဘော်ဖူသက္ကဝါနာသမတ လူးကပ်မင်ဂိုပီဟာ သူ့ဇာတိပြည်နယ်ကို ရွေးကောက်ပွဲမှာ မပါစေဖို့ ဆုံးဖြတ်ထားပေမဲ့ အဖြစ်အပျက်တွေက ဒီအခြေအနေကို မကြာခင်ပြောင်းလဲပစ်လိုက်တယ်။ သူ့ပြည်သူတွေကို ဆုံးဖြတ်ခွင့်ပေးဖို့ ကျနော် သူ့ကို အကြိမ်ကြိမ်တိုက်တွန်းခဲ့ပေမဲ့ သူနားမဝင်ပါ။ ရွေးကောက်ပွဲမှာ ပါဝင်ချင်သူတွေက လူထုဆန္ဒပြပွဲတွေနဲ့ သပိတ်တိုက်ပွဲတွေဆင်နွှဲကြရာမှာ မကြာခင်ပဲ ဘော်ဖူသက္ကဝါနာ အရပ်ဖက်အစိုးရဝန်ထမ်းတွေကိုပါ ကူးစက်သွားတယ်။ ရေဒီယိုနဲ့ ရုပ်မြင်သံကြားလွှင့်ထုတ်မှုတွေ ရပ်ဆိုင်းသွားတယ်။ မာဗီကိန်းမြို့ရဲ့ လမ်းတွေပေါ်မှာ ဇာတိပြည်နယ်ပုလိပ်တွေနဲ့ သပိတ်မှောက်အလုပ်သမားတွေ၊ ကျောင်းသားတွေ တိုက်ခိုက်ကြတယ်။ မင်ဂိုပီက သူ့ရဲ့လက်ျာဂိုဏ်း လူဖြူမဟာမိတ်တွေဆီ စစ်ရေးအကူအညီတောင်းခံခဲ့ရတယ်။ မကြာခင်မှာပဲ သူ့စစ်တပ်တွေကပါ သူ့ကိုစွန့်ခွာသွားကြပြီး မတ်လစောစောပိုင်းမှာ အာဏာသိမ်းဖြုတ်ချခံရတယ်။ နောက် ရက်သတ္တပတ်အနည်းငယ်အကြာမှာ စစ္စကေးဇာတိပြည်နယ်က ဗိုလ်မှူးချုပ်ဂျိုကိုဇို ကလည်း အလျှော့ပေးလိုက်ပြီး တောင်အာဖရိက အစိုးရကို သူ့ဇာတိပြည်နယ် သိမ်းယူဖို့ပန်ကြားခဲ့တယ်။

နေတယ်လ်ပြည်နယ်က အကြမ်းဖက်မှုကတော့ ပိုဆိုးလာခဲ့တယ်။ အင်ကာသာထောက်ခံသူတွေဟာ နေတယ်လ်မှာမဲဆွယ်ဖို့ ကျနော်တို့ကြိုးပမ်းချက်တွေကို ဟန့်တားနေကြတယ်။ အေအင်စီ ရွေးကောက်ပွဲလုပ်သား (၁၅) ယောက်ဟာ အေအင်စီပိုစတာတွေကပ်ပြီးနောက် သေနတ်နဲ့ပစ်၊ ဓါးနဲ့ခုတ်သတ်ခံရတယ်။ မတ်လမှာ တရားသူကြီးဂျိုဟန်းကရီးဂလားက ကျနော်နဲ့ မစ္စတာဒီကလပ်ကို ကွာဇူးလူးအစိုးရရဲ့ ပူးပေါင်းဆောင်ရွက်မှုမရလို့၊ အဲဒီနယ်မှာ နိုင်ငံရေးအရ တိုက်ရိုက်ဝင်ရောက်စွက်ဖက်မှုမလုပ်ဘဲ လွတ်လပ်တဲ့ရွေးကောက်ပွဲတွေ မကျင်းပနိုင်ဘူးလို့ အစီရင်ခံခဲ့တယ်။ နေတယ်လ်နယ်မှာ ကျနော်တို့အင်အားပြဖို့အတွက် အေအင်စီက ဒါဘန်မြို့လယ်ကိုဖြတ်ပြီး လူထုချီတက်ပွဲတခု ပြုလုပ်ခဲ့တယ်။ အဲဒီအခါ အင်ကာသာကလည်း ဂျိုဟန်နစ္စဘာဂ်မြို့မှာ အလားတူ ပြန်လုပ်ဖို့ ကြိုးစားခဲ့ရာမှာ ဆိုးဝါးတဲ့ရလဒ်တွေပေါ်ခဲ့တယ်။

မတ်လ (၂၈) ရက်မှာ လှံတွေနဲ့တင်းပုတ်တွေ ကိုင်ဆောင်ထားတဲ့၊ ထောင်နဲ့ချီတဲ့

အင်ကာသာအဖွဲ့ဝင်တွေ ဂျိုဟန်နစ္စဘာဂ်မြို့ထဲကဖြတ်ပြီး မြို့လယ်လူထုစည်းဝေးပွဲကို ချီတက်ကြတယ်။ တချိန်ထဲမှာ လက်နက်ကိုင်အင်ကာသာတဖွဲ့က အေအင်စီဌာနချုပ်ဖြစ်တဲ့ ရှဲလ်ဟောက်စ်ကိုဝင်စီးဖို့ ကြိုးစားခဲ့ရာမှာ လက်နက်ကိုင်အစောင့်တွေက တွန်းလှန်ပစ်ခဲ့တယ်။ မြို့လယ်မှာ ဘယ်သူဘယ်ဝါမှန်းမသိရတဲ့ သေနတ်သမားတွေကလည်းပစ်ခတ်ကြပြီး စုစုပေါင်း လူ (၅၃) ယောက်သေခဲ့တယ်။ ဒါဟာ စိတ်မချမ်းမြေ့စရာ ချောက်ချားစရာမြင်ကွင်းဖြစ်ပြီး တောင်အာဖရိကနိုင်ငံဟာ ပြည်တွင်းစစ်နှုတ်ခမ်းဝရောက်နေပြီလို့ ထင်ရစေတယ်။ အင်ကာသာဟာ ရွေးကောက်ပွဲရွှေ့ဆိုင်းပစ်ဖို့ အားထုတ်နေတာဖြစ်ပြီး ကျနော်ကရော၊ မစ္စတာဒီကလပ်ကပါ အလျှော့မပေးခဲ့ပါဘူး။ အဲဒီရွေးကောက်ပွဲရက်ကို အထိမခံနိုင်ပါ။

ကျနော်က နိုင်ငံတကာကြားဝင်စေ့စပ်ပေးရေးကို သဘောတူထားလို့ ဧပြီ (၁၃) ရက်မှာ ဗြိတိသျှနိုင်ငံခြားရေးအတွင်းဝန်ဟောင်း လော့ဒ်ကာရင်တန်နဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်းဂျားတို့ ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်တဖွဲ့ ဆိုက်ရောက်လာတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲရက်ကိစ္စဟာ စေ့စပ်ညှိနှိုင်းမယ့်အထဲမပါဘူးလို့ အင်ကာသာကို အကြောင်းကြားလိုက်တဲ့အခါ သူတို့က ကြားဝင်စေ့စပ်ပေးသူတွေကို အတွေ့မခံတော့ပါဘူး။ ဒါနဲ့ပဲ ကြားဝင်စေ့စပ်ပေးသူတွေဟာ ဘယ်သူနဲ့မှစကားမပြောလိုက်ရဘဲ ပြန်သွားခဲ့ရတယ်။ ရွေးကောက်ပွဲဟာ ဘာတွေ ဘယ်လိုပဲဖြစ်ဖြစ်၊ သူ့ရက်ချိန်းအတိုင်းလုပ်မှာ ဖြစ်တယ်ဆိုတာကို အခုတော့ စော်ဘွားဘူသယ်လဇီ သဘောပေါက်သွားပါပြီ။ ဧပြီ (၁၉) ရက်မှာတော့ သူဟာ ဇူးလူးဘုရင်စနစ်အတွက် အခြေခံဥပဒေဆိုင်ရာအခန်းကဏ္ဍတခုကို လက်ခံလိုက်ပြီး ပါဝင်ဆောင်ရွက်ဖို့ သဘောတူလိုက်တော့တယ်။

ရွေးကောက်ပွဲမတိုင်မီ (၁၀) ရက်အလိုမှာ ကျနော်နဲ့ မစ္စတာဒီကလပ်တို့ဟာ တခုတည်းသော ရုပ်မြင်သံကြားစကားစစ်ထိုးပွဲလုပ်ခဲ့တယ်။ ကျနော်ဟာ **ဖို့တ်ဟာရေ*** မှာတုန်းက စကားရည်လုပွဲတွေမှာ အတော်လေးနာမည်ရခဲ့တယ်။ အဖွဲ့အစည်းတွင်း စောစောပိုင်းကာလတွေတုန်းကလည်း ကျနော်ဟာ စင်မြင့်ပေါ်တက်ပြီး စိတ်အားထက်ထက်သန်သန်နဲ့ စကားအခြေအတင်ပြောပွဲ အတော်များများဆင်နွှဲခဲ့ဖူးတယ်။ ရော်ဘင်ကျွန်းမှာတုန်းကလည်း ကျနော်တို့ဟာကျောက်ထုရင်း ကျနော်တို့ရဲ့ စကားအခြေအတင်ပြောတဲ့စွမ်းရည်တွေ ထက်မြက်အောင် လေ့ကျင့်ခဲ့ကြတယ်။ ကျနော်ဟာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိတယ်။ ဒါပေမဲ့ ရုပ်မြင်သံကြားစကားစစ်ထိုးပွဲမတိုင်မီနေ့မှာ ကျနော်တို့ဟာ စကားစစ်ထိုးပွဲအတုတခုလုပ်ခဲ့တဲ့အခါ သတင်းစာဆရာအယ်လစ္စတာစပွဲက်စ်က မစ္စတာဒီကလပ်အဖြစ် ပိုင်နိုင်စွာသရုပ်ဆောင်ခဲ့တယ်။ ပိုင်နိုင်လွန်းလှတယ်လို့တောင် ကျနော့်မဲဆွယ်ပွဲအကြံပေးပုဂ္ဂိုလ်တွေက မြင်ကြတယ်။ ဒါကြောင့် သူတို့က ကျနော် တုံ့ပြန်စကားပြောရာမှာ နှေးလွန်းတာကြောင့်ရယ်၊ သိပ်ပြီးအားမပါတာကြောင့်ရယ် ပြစ်တင်ဝေဖန်ခဲ့ကြတယ်။

---

*တက္ကသိုလ်

ဒါပေမဲ့ တကယ့်စကားစစ်ထိုးပွဲ လုပ်တဲ့အချိန်မှာကျတော့ ကျနော်ဟာ အမျိုးသား ပါတီကို အတော်လေး ထိထိမိမိထိုးနှက်နိုင်ခဲ့တယ်။ အေအင်စီရဲ့ကြွေးကြော်သံက **'ကပြားကို သတ်၊ မြေရှင်ကိုသတ်'** ဖြစ်တယ်လို့ဆိုတဲ့ အတို့အထောင် ရုပ်ပြကာတွန်းစာအုပ်တအုပ်ကို အမျိုးသားပါတီက ထုတ်ဝေဖြန့်ချိခြင်းအားဖြင့် ကိပ်ပြည်နယ်မှာ ကပြားတွေနဲ့ လူမည်း အာဖရိကတိုက်သားတွေကြား အမုန်းပွားအောင် မီးထိုးပေးနေတယ်လို့ ကျနော်က အမျိုးသား ပါတီကို စွဲချက်တင်ခဲ့တယ်။ **"ဒီတိုင်းပြည်မှာ အမျိုးသားပါတီသစ်လောက် ခွဲခြမ်းခွဲခြမ်းလုပ်တဲ့ အဖွဲ့အစည်းတခုမှမရှိဘူး"** လို့ ကျနော်ပြောလိုက်တယ်။ အိုးအိမ်ဆောက်လုပ်ရေးနဲ့ လူမှုရေး အစီအစဉ်တွေအပေါ် ဒေါ်လာဘီလီယံနဲ့ချီပြီးသုံးစွဲမယ့် အေအင်စီရဲ့စီမံကိန်းကို မစ္စတာ ဒီကလပ်က ဝေဖန်ရှုတ်ချတဲ့အခါ ကျနော်သူ့ကို ကြိမ်းမောင်းဟိန်းဟောက်ပြီး ကျနော်တို့ လူမည်းတွေအတွက် အရင်းအမြစ်တွေ အများကြီးကျခံသုံးစွဲတာကို သူ စိုးရိမ်ထိတ်လန့် နေတယ်လို့ ပြောလိုက်တယ်။

ဒါပေမဲ့ စကားစစ်ထိုးပွဲပြီးခါနီးရောက်တော့ ကျနော်ဟာ နောင်မှာ အမျိုးသားညီညွတ် ရေးအစိုးရထဲ ကျနော့်လက်တွဲဖော်ဖြစ်မယ့်သူအပေါ် သိပ်ကြီးမညှာမတာပြုရာ ရောက်နေပြီလို့ ယူဆမိတယ်။ နိဂုံးချုပ်အနေနဲ့ **"ကျနော်နဲ့ မစ္စတာဒီကလပ်အကြား အခြေအတင် ငြင်းကြခုံကြ တာတွေက အရေးပါတဲ့အချက်တခုကို ဖုံးလွှမ်းမသွားစေသင့်ပါဘူး။ ကျနော်တို့ဟာ ကိုယ့်ရဲ့ တခု တည်းသော မိခင်တိုင်းပြည်အပေါ် တူညီတဲ့သစ္စာရှိမှု၊ တူညီတဲ့ချစ်ခင်မြတ်နိုးမှု ရှိကြတဲ့၊ မတူကွဲပြား လူမျိုးအုပ်စုတွေနဲ့ဖွဲ့စည်းထားတဲ့၊ ကမ္ဘာလောကတခုလုံးအတွက် ထွန်းလင်းတောက်ပတဲ့ စံနမူနာ တခုဖြစ်တယ်လို့ ကျနော်ထင်ပါတယ်"** လို့ ကျနော်ပြောခဲ့တယ်။ ဒီနောက် သူ့ကိုလှမ်းကြည့်လိုက် ပြီး ကျနော်က **"လူကြီးမင်းခင်ဗျား။ လူကြီးမင်းဟာ ကျနော်ယုံကြည်အားကိုးတဲ့ထဲက တယောက် ဖြစ်ပါတယ်။ ကျနော်တို့တတွေဟာ ဒီတိုင်းပြည်ရဲ့ပြဿနာကို အတူတကွရင်ဆိုင်ဖြေရှင်းကြမှာ ဖြစ်ပါတယ်"** လို့ ပြောလိုက်တယ်။ အဲသလိုပြောအပြီး သူ့ဘက်ကိုလှမ်း လက်ဆွဲနှုတ်ဆက်ဖို့ လက် ကမ်းလိုက်တယ်။ **"ကျနော်တို့ ရှေ့ဆက်သွားဖို့အတွက် ခင်ဗျားလက်ကို တွဲကိုင်ရတာ ကျနော် ဂုဏ်ယူ ပါတယ်"** လို့ ကျနော်ပြောလိုက်တယ်။ မစ္စတာဒီကလပ်ဟာ အံ့အားသင့်သွားပုံရပေမဲ့ ကျေနပ် သွားပုံလည်း ရတယ်။

## ၁၁၄

ကျနော်ဟာ လေးရက်ကြာရွေးကောက်ပွဲ ဒုတိယနေ့ဖြစ်တဲ့ ဧပြီ (၂၇) ရက်မှာ မဲပေးခဲ့တယ်။ (သက်ကြီးရွယ်အိုတွေ၊ မသန်မစွမ်းသူတွေနဲ့ နိုင်ငံခြားရောက်တောင်အာဖရိကနိုင်ငံသားတွေလို တချို့အတန်းအစားတွေဟာ ဧပြီ (၂၆) ရက်နေ့မှာ မဲပေးခွင့်ရတယ်။) ကျနော်ဟာ စိတ်ဝမ်းကွဲနေ တဲ့နေတယ်လ်ပြည်နယ်က ပြည်သူလူထုတွေကို မဲရုံသွားလို့ ဘာအန္တရာယ်မှမရှိဘူးဆိုတာ ပြတဲ့ အနေနဲ့ နေတယ်လ်နယ်မှာ မဲပေးဖို့ ဆုံးဖြတ်ခဲ့တယ်။ ကျနော်ဟာ ဒါဘန်မြို့မြောက်ဘက်နားက အင်နန္ဒာ ဆိုတဲ့ စိမ်းစိုပြီးတောင်ကုန်းလေးတွေထူတဲ့ မြို့သစ်က အိုလန်းဂီအထက်တန်းကျောင်းမှာ

မဲပေးခဲ့တယ်။ ဒီအင်နန္ဒာမြို့သစ်ဟာ အေအင်စီရဲ့ ပထမဆုံးဥက္ကဋ္ဌ ဂျွန်ဒူဘဲကို မြှုပ်နှံသင်္ဂြိုဟ်ရာ နေရာဖြစ်တယ်။ အဲဒီအာဖရိကတိုက်သားမျိုးချစ်ပုဂ္ဂိုလ်ဟာ ၁၉၁၂ ခုမှာ အဖွဲ့အစည်းကို စတင်ထူထောင်ခဲ့သူတဦးဖြစ်ပါတယ်။ သူ့သင်္ချိုင်းဂူနားမှာ ကျနော်မဲထည့်တာဟာ သမိုင်းဘီး တပတ် အပြည့်လည်သွားစေတာ ဖြစ်ပါတယ်။ အကြောင်းကတော့ လွန်ခဲ့တဲ့ (၈၂) နှစ်က သူစတင်ခဲ့တဲ့တာဝန်ကြီး ထမြောက်အောင်မြင်တော့မှာ ဖြစ်လို့ပါပဲ။

ကျနော်ဟာ ကျောင်းကလေးရဲ့အထက်ဘက် ကမူလေးပေါ်မှာရှိတဲ့ သူ့သင်္ချိုင်းဂူဘေး ရပ်နေရင်း မျက်မှောက်ကာလကိုမတွေးဘဲ အတိတ်သမိုင်းကို တွေးနေမိခဲ့တယ်။ ကျနော် မဲရုံဆီ လျှောက်သွားတဲ့အခါမှာ ကျနော့်အတွေးတွေက ဒီနေ့ဒီနေရာကို ကျနော်ရောက်နိုင်ဖို့အတွက် အသက်စွန့်ခဲ့တဲ့ သူရဲကောင်းတွေအကြောင်း၊ အခုနောက်ဆုံးအချိန်မှာ အောင်မြင်မှုလမ်းပေါ် ရောက်နေတဲ့၊ အရေးတော်ပုံအတွက် အဆုံးစွန်သောစွန့်လွှတ်မှုပြုခဲ့တဲ့ အမျိုးသား၊ အမျိုးသမီးတွေအကြောင်းပဲ တွေးနေမိတယ်။ ကျနော်ဟာ အော်လီဗာတမ်ဘို၊ ခရစ်ဟာနီ၊ စော်ဘွား လူသူလီနဲ့ ဘရမ်ဖစ်ရှားတို့အကြောင်း စဉ်းစားမိတယ်။ ဟောဒီနေ့ ဟောဒီရက်မှာ သန်းပေါင်း များစွာသော တောင်အာဖရိကပြည်သူတွေ မဲပေးနိုင်အောင် ကြီးမားတဲ့စွန့်လွှတ် စတေးမှုတွေ ပြုလုပ်ခဲ့တဲ့၊ ကျနော်တို့ရဲ့ကြီးမြတ်တဲ့ အာဖရိကသူရဲကောင်းတွေအကြောင်း စဉ်းစားမိတယ်။ ဂျိုရှာဂူမက်ဒီ၊ ဂျီအမ်နာအစ်ကာ၊ ဒေါက်တာအဗ္ဗူလာအဗ္ဗူရာမန်၊ လီကျန်ဒိုယီ၊ ဟယ်လင် ဂျိုးဇက်၊ ယူဆွတ်ဖ်ဒါဒူး၊ မောရှေကိုတာနီတို့အကြောင်း စဉ်းစားမိတယ်။ ကျနော်ဟာ ဧပြီ (၂၇) ရက်နေ့မှာ မဲရုံထဲ တကိုယ်တည်းဝင်သွားတာမဟုတ်ဘဲ သူတို့အားလုံးနဲ့အတူ ကျနော်မဲပေးနေတာ ဖြစ်ပါတယ်။

ကျနော်မဲရုံထဲမဝင်မီ သတင်းထောက်တွေထဲက ခပ်နောက်နောက် လူတယောက်က ကျနော့် လှမ်းခေါ်တယ်။ **"မစ္စတာမင်ဒဲလား၊ ခင်ဗျားဘယ်သူ့ကို မဲပေးမှာလဲ"** တဲ့။ ကျနော်က ရယ်ပြီး **"အေးဗျာ၊ ဒီတမနက်လုံး အဲဒါကိုစဉ်းစားရတာနဲ့ပဲ ဒုက္ခရောက်နေတယ်"** လို့ပြောလိုက်တယ်။ ကျနော်က အေအင်စီ လို့ရေးထားတဲ့စာလုံးဘေးက ကွက်လပ်ထဲ ကြက်ခြေခတ်လိုက်ပြီးတော့ ကျနော့်မဲစာရွက်ခေါက်ကလေးကို ရိုးရိုးသစ်သားပုံးတပုံးထဲ ထည့်လိုက်ပါတယ်။ ကျနော့်ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် မဲပေးလိုက်ပါပြီ။

အဲဒီနေ့က တောင်အာဖရိကပြည်သူတွေ မဲသွားထည့်ကြတဲ့ပုံရိပ်တွေဟာ ကျနော့်မှတ်ဉာဏ်မှာ စွဲထင်နေခဲ့ပါတယ်။ မြို့တွေ၊ ရွာတွေနဲ့ မြို့တော်ကြီးတွေရဲ့ မြေသားလမ်းတွေ၊ ကျောက်ခင်းလမ်းတွေတလျှောက် စိတ်ရှည်ရှည်နဲ့ စောင့်ဆိုင်းနေကြတဲ့ လူတန်းကြီးတွေ၊ ပထမဆုံးအကြိမ် မဲပေးရဖို့ ရာစုနှစ်တဝက်လောက်စောင့်ခဲ့ရတဲ့ အဖွားအိုတွေက သူတို့ဘဝမှာ ပထမဆုံးအကြိမ် အဖြစ် လူလိုသူလိုခံစားရတယ်လို့ ပြောတာတွေ၊ အဆုံးတနေ့မှာ လွတ်လပ်တဲ့တိုင်းပြည်ဖြစ်လာလို့ နေထိုင်ရတာ ဂုဏ်ယူကြောင်းပြောနေတဲ့ လူဖြူအမျိုးသား၊ အမျိုးသမီးတွေ စတဲ့ပုံရိပ်တွေ ဖြစ်ပါတယ်။ မဲထည့်တဲ့ရက်တွေအတွင်း နိုင်ငံရဲ့ခံစားချက်အာရုံဟာ ပျော်ရွှင်မြူးကြွနေ

တယ်။ အကြမ်းဖက်မှုတွေနဲ့ ဖိုးခွဲမှုတွေ ရပ်သွားတယ်။ ကျနော်တို့ဟာ နိုင်ငံတခုပြန်လည်မွေးဖွားလာသလိုပါပဲ။ မဲပေးမှုနဲ့ပတ်သက်ပြီး လက်တွေ့လုပ်ငန်းဆိုင်ရာအခက်အခဲတွေ၊ မဲထည့်မှားတာတွေ၊ တရားမဝင်မဲရုံတွေနဲ့ တချို့နေရာတွေမှာမဲခိုးတယ်ဆိုတဲ့ ကောလဟာလတွေကတောင် ဒီမိုကရေစီနဲ့တရားမျှတမှုရဲ့ ရောမအောင်ပွဲကြီးကို မှေးမှိန်အောင်မလုပ်နိုင်ခဲ့ပါဘူး။

မဲရေတွက်မှုရလဒ်တွေထွက်ဖို့ ရက်တချို့ကြာပါတယ်။ ကျနော်တို့ဟာ တပြည်လုံးမဲရဲ့ (၆၂.၆) ရာခိုင်နှုန်းရခဲ့တယ်။ တခြားပါတီတွေရဲ့ အထောက်အကူမပါဘဲ အပြီးသတ်ဖွဲ့စည်းပုံအခြေခံဥပဒေ ချချင်ရင်ချဖို့ လိုအပ်တဲ့သုံးပုံနှစ်ပုံအင်အားထက် နည်းနည်းလေးပဲလျော့တယ်။ အခုရတဲ့ရာခိုင်နှုန်းအရ ကျနော်တို့ဟာ အမျိုးသားလွှတ်တော်မှာ အမတ်နေရာ (၄၀၀) အနက် (၂၅၂) နေရာရမှာ ဖြစ်တယ်။ အေအင်စီဟာ ထရန်စဗားလ်ပြည်နယ်မြောက်ပိုင်းနဲ့ အရှေ့ပိုင်း၊ အနောက်မြောက်ဒေသ၊ ကိပ်ပြည်နယ်အရှေ့ပိုင်းနဲ့ ဖရီးစတိတ်ပြည်နယ်တို့မှာ လုံးလုံးလျားလျား လွှမ်းမိုးသွားခဲ့တယ်။ အမျိုးသားပါတီအနိုင်ရတဲ့ ကိပ်ပြည်နယ်အနောက်ပိုင်းမှာတော့ ကျနော်တို့က မဲ (၃၃) ရာခိုင်နှုန်းပဲရတယ်။ အမျိုးသားပါတီဟာ ကပြားမဲဆန္ဒရှင်တွေရဲ့ ထောက်ခံမှုကို ကောင်းကောင်းကြီးရခဲ့တယ်။ အင်ကာသာအဖွဲ့အနိုင်ရတဲ့ ကွာဇူးလူး/နေတယ်လ်ပြည်နယ်မှာ ကျနော်တို့က မဲ (၃၂) ရာခိုင်နှုန်းရခဲ့တယ်။ နေတယ်လ်နယ်မှာ အကြမ်းဖက်မှုကို စိုးရိမ်ကြောက်ရွံ့ကြတာနဲ့ ခြိမ်းခြောက်မှုတို့ကြောင့် ကျနော်တို့ကို မဲပေးမယ့်သူ အတော်များများ မဲသွားမပေးခဲ့ကြဘူး။ မဲခိုးတယ်၊ မဲလိမ်တယ်ဆိုတဲ့ စွပ်စွဲချက်တွေလည်း ရှိတယ်။ ဒါပေမဲ့နောက်ဆုံးမှာတော့ အဲဒါကအရေးမပါပါဘူး။ ကျနော်တို့ဟာ ကွာဇူးလူးနယ်မှာ အင်ကာသာရဲ့အင်အားကိုလျှော့တွက်ခဲ့မိပြီး သူတို့က ရွေးကောက်ပွဲနေ့မှာ အင်အားပြသွားခဲ့တာဖြစ်ပါတယ်။

အေအင်စီထဲကတချို့က ကျနော်တို့အနေနဲ့ သုံးပုံနှစ်ပုံစည်းကြောင်းကို မကျော်လို့ စိတ်ပျက်ကြပေမဲ့ ကျနော်တော့စိတ်ပျက်တဲ့ထဲ မပါခဲ့ပါ။ စိတ်မပျက်တဲ့အပြင် တကယ်တမ်းအားဖြင့် ကျနော်ဟာ စိတ်သက်သာရာတောင်ရသွားတယ်။ တကယ်လို့သာ ကျနော်တို့က မဲသုံးပုံနှစ်ပုံနိုင်ပြီး တခြားသူတွေပါဝင်မှုအားဖြင့်ကန့်သတ်နှောင်ဖွဲ့မခံရဘဲ အခြေခံဥပဒေတခုရေးဆွဲနိုင်ခဲ့ရင် လူတွေက ကျနော်တို့ဟာ တောင်အာဖရိကအခြေခံဥပဒေဖန်တီးတာမဟုတ်ဘဲ အေအင်စီအခြေခံဥပဒေဖန်တီးတာပဲဖြစ်တယ်လို့ အမနာပပြောကြလိမ့်မယ်။ ကျနော့်အနေနဲ့ တကယ်စစ်မှန်တဲ့ အမျိုးသားညီညွတ်ရေးအစိုးရတခုကိုပဲ လိုချင်ပါတယ်။

မေလ ၂ရက်နေ့ ညနေပိုင်းမှာ မစ္စတာဒီကလပ်က ရှုံးနိမ့်ကြောင်းဝန်ခံတဲ့မိန့်ခွန်းကို ယဉ်ယဉ်ကျေးကျေး အေးအေးဆေးဆေးပြောသွားတယ်။ ရာစုနှစ် သုံးခုကျော် စိုးမိုးအုပ်ချုပ်ခဲ့ပြီးနောက် လူဖြူလူနည်းစုဟာ အရှုံးကိုဝန်ခံပြီး လူမည်းလူများစုထံ အာဏာလွှဲပြောင်းနေပါပြီ။ အဲဒီညနေမှာ အေအင်စီက ဂျိုဟန်နစ္စဘာဂ်မြို့လယ်ဈေးပိုင်းက ကာလ်တန်ဟိုတယ် ကပွဲခမ်းမမှာ အောင်ပွဲခံအခမ်းအနားလုပ်ဖို့ စီစဉ်နေတယ်။ ကျနော်ဟာ တုပ်ကွေးဖျား အတော့်ကိုဖြစ်နေ

ပြီး ကျနော့်ဆရာဝန်တွေက အိမ်မှာပဲနေခိုင်းထားပါတယ်။ ဒါပေမဲ့ အဲဒီပါတီပွဲတက်ရဖို့ ကျနော့်ကို ဘယ်အရာကမှ မတားဆီးနိုင်ပါ။ ကျနော်ဟာ ည (၉) နာရီမှာ စတိတ်စင်ပေါ်တက်ပြီး ပြုံးပျော်ရွှင်မြူးနေတဲ့လူအုပ်ကြီးကို ဆုံတွေ့ခဲ့ပါတယ်။

ကျနော်ကလူထုကြီးကို အအေးမိနေလို့ အသံဝင်နေကြောင်းနဲ့ ကျနော့်သမားတော်က ပွဲမသွားဖို့ အကြံပေးထားကြောင်းပြောပြခဲ့တယ်။ **"သူ့ညွှန်ကြားချက်တွေ ကျနော် ချိုးဖောက်တာကို ခင်ဗျားတို့ သူ့ပြန်ပြောမပြဖို့ ကျနော်မျှော်လင့်ပါတယ်"** လို့ ပြောခဲ့တယ်။ ကျနော်က မစ္စတာဒီကလပ်ကို သဘောထားဖော်ပြချက် အားကောင်းလို့ ချီးကျူးဂုဏ်ပြုကြောင်းပြောတယ်၊ အချိန်တွေ အလွန်တရာကြာညောင်းစွာ အလုပ်တွေအင်မတန်ကြိုးစားခဲ့တဲ့ အေအင်စီနဲ့ ဒီမိုကရေစီလှုပ်ရှားမှုထဲက ပုဂ္ဂိုလ်တွေအားလုံးကို ကျေးဇူးတင်ကြောင်းပြောတယ်။ အဲဒီညတုန်းက ကြီးကျယ်ထင်ရှားလှတဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်သမား မာတင်လူသာကင်းဂျူနီယာရဲ့ဇနီး မစ္စစ်ကော်ရက်တာစကော့ကင်းဟာ စင်မြင့်ပေါ်မှာရှိနေပြီး ကျနော်က သူမခင်ပွန်းရဲ့ ထာဝရတည်နေမယ့်စကားတွေကို ရည်ညွှန်းပြောရင်း သူမဆီလှမ်းကြည့်ခဲ့တယ်။

*အခုချိန်ဟာ ကျနော်တို့တိုင်းပြည်ဘဝခရီးမှာ အရေးအပါဆုံးအချိန်အခါတခုဖြစ်ပါတယ်။ ကျနော်ဟာ နက်ရှိုင်းကြီးမားလှတဲ့ဂုဏ်ယူမှုနဲ့ ဝမ်းသာပျော်ရွှင်မှုတို့ပြည့်လျှမ်းပြီး ခင်ဗျားတို့ရှေ့မှောက်မှာ ရပ်နေပါတယ်။ ဂုဏ်ယူတယ်ဆိုတာကတော့ ဒီတိုင်းပြည်ရဲ့ သာမန်ရိုးရိုးကုတ်ကုတ် ပြည်သူတွေအတွက် ဂုဏ်ယူတာဖြစ်ပါတယ်။ ခင်ဗျားတို့ဟာ ဒီတိုင်းပြည်ကို ကိုယ့်တိုင်းပြည်အဖြစ် ပြန်ပိုင်ဆိုင်ရဖို့ အင်မတန်မှတည်တည်ငြိမ်ငြိမ် စိတ်ရှည်လက်ရှည်နဲ့ သံမဏိဥ္စာန်ချုပိုင်းဖြတ်ချက်ကို ပြခဲ့တယ်။ အခုတော့ ကျနော်တို့ဟာ အိမ်ခေါင်မိုးတွေပေါ်တက်ပြီး* ***'နောက်ဆုံးမတော့ လွတ်လပ်ပြီပေါ့၊ လွတ်လပ်ပြီ'*** *လို့ အကျယ်ကြီး ဝမ်းသာပျော်ရွှင်စွာ ဟစ်ကြွေးနိုင်ပါပြီ။ ခင်ဗျားတို့ရဲ့ သူရသတ္တိကို လေးစားအထင်ကြီးစွာနဲ့ ခင်ဗျားတို့ရှေ့မှာ ကျနော်ရပ်နေတာဖြစ်ပါတယ်။ ခင်ဗျားတို့အားလုံးကို ချစ်ခင်မှုအပြည့်အဝရှိတဲ့ နှလုံးသားနဲ့ ကျနော် ရပ်နေတာဖြစ်ပါတယ်။ ကျနော်တို့သမိုင်းရဲ့ ဒီအချိန်အခါသမယမှာ အေအင်စီကို ဦးဆောင်ရတာဟာ အမြင့်မားဆုံးဂုဏ်ယူစရာအဖြစ် ကျနော်မှတ်ယူပါတယ်။ ကျနော်ဟာ ခင်ဗျားတို့ရဲ့အစေအပါး ဖြစ်ပါတယ်။ … လူပုဂ္ဂိုလ်တဦးချင်းဟာ အရေးမပါပါဘူး။ လူပုဂ္ဂိုလ်တွေရဲ့အစုအပေါင်းကသာ အရေးပါတာဖြစ်တယ်။ … အခုအချိန်ဟာ အနာဟောင်းတွေကျက်အောင်လုပ်ပြီး တောင်အာဖရိကနိုင်ငံသစ်တည်ဖို့အချိန် ဖြစ်ပါတယ်။*

မဲရလဒ်တွေဝင်လာတော့ အေအင်စီကအစိုးရဖွဲ့ရဖို့ ထင်ရှားသိသာလာချိန်ကစပြီး ကျနော်ဟာ ပြန်လည်ရင်ကြားစေ့ရေးဟောပြောနားချဖို့၊ တိုင်းပြည်ရဲ့ဒဏ်ရာဒဏ်ချက်တွေကုစားဖို့၊ ယုံကြည်မှုဖြစ်ပေါ်လာကြစေဖို့တွေကို ကျနော့်တာဝန်ကြီးအဖြစ် တွေ့မြင်ခဲ့ပါတယ်။ လူအများအပြား၊ အထူးသဖြင့် လူနည်းစုတွေဖြစ်တဲ့လူဖြူတွေ၊ ကပြားတွေနဲ့ ကုလားတွေဟာ အနာဂတ်ကိုတွေး စိုးရိမ်နေကြတာ ကျနော်သိနေပြီး သူတို့ကို စိတ်အေးသွားစေချင်တယ်။

လွှတ်မြောက်ရေးတိုက်ပွဲဟာ လူတစု (သို့မဟုတ်) အသားအရောင်တခုကို ဆန့်ကျင်တဲ့စစ်ပွဲ မဟုတ်ဘဲ ဖိနှိပ်ချုပ်ချယ်တဲ့စနစ်ကို ဆန့်ကျင်တိုက်ခိုက်မှုသာဖြစ်တယ်ဆိုတာ ကျနော်က ပြည်သူတွေကို ထပ်ခါထပ်ခါ သတိပေးခဲ့တယ်။ အခုအခါ တောင်အာဖရိကပြည်သူအားလုံး စည်းလုံးညီညွတ်လက်တွဲပူးပေါင်းကြပြီး ငါတို့ဟာ တိုင်းပြည်တခုထဲ၊ အမျိုးသားတရပ်ထဲ၊ ပြည်သူတရပ်ထဲဖြစ်တယ်လို့ပြောရင်း အနာဂတ်ကို အတူချီတက်ကြရမယ်လို့ အခွင့်ရတိုင်း ကျနော်ပြောခဲ့တယ်။

## ၁၁၅

မေလ (၁၀) ရက်နေ့ဟာ ကြည်လင်သာယာစွာနဲ့ အရုဏ်တက်လာခဲ့တယ်။ ရာထူးလက်ခံပွဲမရောက်ခင် ရက်အနည်းငယ်အတွင်း ဂါရဝပြုဖို့၊ ချီးကျူးဂုဏ်ပြုဖို့ရောက်လာတဲ့ အစိုးရထိပ်တန်းအရာရှိကြီးတွေနဲ့ ကမ္ဘာ့ခေါင်းဆောင်တွေက ကျနော့်ကို ပျော်စရာကောင်းတဲ့ ဝိုင်းဝန်းပိတ်ဆို့မှုလုပ်တာခံရတယ်။ ရာထူးလက်ခံပွဲဟာ တောင်အာဖရိကမြေပေါ်မှာ နိုင်ငံတကာခေါင်းဆောင်တွေ အကြီးမားဆုံးစုဝေးမှု ဖြစ်လိမ့်မယ်။

အခမ်းအနားကို ပရီတိုးရီးယားမြို့တော်က ပြည်ထောင်စုအဆောက်အဦးတွေနဲ့ ပုံဖော်ထားတဲ့၊ လှပတဲ့လေဟာပြင် သဲကျောက်ဇာတ်ရုံကြီးမှာ လုပ်ခဲ့တယ်။ ဒီနေရာဟာ ဆယ်စုနှစ်ပေါင်းများစွာ လူဖြူကြီးစိုးမှုရဲ့ဌာနေဖြစ်ခဲ့တယ်။ အခုတော့ တောင်အာဖရိကရဲ့ပထမဆုံးသောလူမျိုးမခွဲခြားတဲ့ ဒီမိုကရေစီအစိုးရ အာဏာစယူဖို့၊ အသွေးအရောင်စုံစုံလင်လင်နဲ့ နိုင်ငံပေါင်းစုံက သက်တန့်ရောင်စုံလို စုဝေးကြတဲ့နေရာဖြစ်နေပြီ။

အဲဒီသာယာလှပတဲ့ ဆောင်းဦးရက်မှာ ကျနော့်ကို သမီးဇင်နာနီက အဖော်ပြုပေးခဲ့တယ်။ စင်မြင့်ပေါ်မှာ မစ္စတာဒီကလပ်က ဒုတိယလက်ထောက်သမတအဖြစ် အရင်ဆုံး ကျမ်းသစ္စာကျိန်ဆိုတယ်။ ဒီ့နောက် သာဘိုအမ်ဘီကီက ပထမလက်ထောက်သမတအဖြစ် ကျမ်းသစ္စာကျိန်ဆိုတယ်။ ကျနော့်အလှည့်ရောက်တော့ ကျနော်က အခြေခံဥပဒေကို လိုက်နာကိုင်စွဲမယ့်အကြောင်းနဲ့ သမတနိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ကောင်းကျိုးအတွက် မိမိကိုယ်ကိုမြှုပ်နှံမယ့်အကြောင်း ကတိသစ္စာပြုခဲ့တယ်။ စုဝေးရောက်ရှိနေတဲ့ ဧည့်သည်တော်တွေနဲ့ စောင့်ကြည့်နေမယ့် ကမ္ဘာကြီးကို ကျနော်က ...

*ဒီကနေ့ ကျနော်တို့အားလုံး ဒီမှာရောက်ရှိနေ ခြင်းအားဖြင့် ... မွေးဖွားဖြစ်ထွန်းစ လွတ်လပ်ရေးကို ဂုဏ်ကျက်သရေနဲ့ မျှော်လင့်ချက်တွေပေးအပ်လိုက်တယ်။ အလွန်အကျူးကြာညောင်းခဲ့တဲ့၊ ထူးကဲလှတဲ့ လူသားဘေးဒုက္ခကြီးတခုအတွေ့အကြုံကနေ လူသားမျိုးနွယ်တရပ်လုံး ဂုဏ်ယူရမယ့် လူ့ဘောင်တခု မွေးကိုမွေးဖွားလာရမှာဖြစ်ပါတယ်။ ...*

*သိပ်ပြီးမကြာသေးခင်တုန်းက ဝရမ်းပြေးတွေဖြစ်ခဲ့တဲ့ ကျနော်တို့ဟာ ဒီနေ့မှာတော့ ကမ္ဘာ့နိုင်ငံတွေကို ကျနော်တို့မြေပေါ်မှာပဲ ဧည့်ခံနိုင်တဲ့ ရှားပါးအခွင့်ထူးရခဲ့တယ်။ တရားမျှတရေး၊ ငြိမ်းချမ်းရေးနဲ့ လူ့ဂုဏ်သိက္ခာတွေအတွက်၊ တကယ်တမ်းအားဖြင့် အားလုံးနဲ့ဆိုင်တဲ့အောင်ပွဲတခုကို ကျနော်တို့*

*တိုင်းပြည်ရဲ့ ပြည်သူတွေနဲ့အတူ လာရောက်အောင်ပွဲခံတဲ့၊ လေးစားအပ်တဲ့ နိုင်ငံတကာမှ ဧည့်သည်တော်အားလုံးကို ကျေးဇူးတင်ပါတယ်။*

*ကျနော်တို့ဟာ နောက်ဆုံးမှာတော့ ကိုယ့်ရဲ့နိုင်ငံရေးအရ လွတ်မြောက်မှုကိုရရှိခဲ့ပါပြီ။ ကျနော်တို့ဟာ ကိုယ့်ပြည်သူအားလုံးကို ဆင်းရဲမွဲတေမှု၊ အခွင့်အရေးမဲ့မှု၊ လိင်အရခွဲခြားဆက်ဆံမှုနဲ့ တခြားခွဲခြားဆက်ဆံမှုစတဲ့ နှောင်ကြိုးဆက်လက်အတဲခံနေရတာကနေ လွတ်မြောက်အောင်လုပ်ဖို့ ကိုယ့်ဟာကိုယ်ကတိသစ္စာပြုပါတယ်။*

*ဒီသာယာလှပတဲ့တိုင်းပြည်ဟာ တယောက်အပေါ်တယောက်ဖိနှိပ်မှုကို ဘယ်တော့မှ၊ ဘယ်တော့မှ၊ ဘယ်အခါမှာမှ ထပ်ပြီးမကြုံစေရ။ ... အင်မတန်ဂုဏ်ကျက်သရေရှိတဲ့ လူသားတို့ရဲ့ စွမ်းဆောင်အောင်မြင်မှုပေါ်မှာ ဘယ်တော့မှ နေမဝင်စေရ။*

*လွတ်လပ်မှု စိုးမိုးပါစေသား။ အာဖရိကကို ဘုရားသခင် ကောင်းချီးပေးတော်မူပါစေသား ...။*

ခဏကြာတဲ့အခါ တောင်အာဖရိကဂျက်လေယာဉ်တွေ၊ ရဟတ်ယာဉ်တွေနဲ့ စစ်သားတင်လေယာဉ်တွေဟာ ပြည်ထောင်စုအဆောက်အဦးတွေပေါ်မှာ လှပသေသပ်စွာအုပ်ဖွဲ့ပြီး အဆန်းတကြယ် စုဝေးပျံသန်းပြတာကို ကျနော်တို့အားလုံး သဘောကျနှစ်သက်စွာနဲ့ မော့ကြည့်ခဲ့ကြတယ်။ ဒါဟာ စစ်အင်အားပြတာနဲ့ တဆံခြည်မလွဲ တိကျမှုစွမ်းရည်ပြတာ ဖြစ်ရုံမကဘဲ ဒီမိုကရေစီအပေါ် စစ်တပ်ရဲ့သစ္စာခံမှု၊ လွတ်လပ်တရားမျှတစွာ ရွေးကောက်ခံရတဲ့ အစိုးရသစ်အပေါ် စစ်တပ်ရဲ့သစ္စာခံမှုကိုလည်း ပြသတာဖြစ်ပါတယ်။ စောစောလေးကပဲ တောင်အာဖရိကကာကွယ်ရေးတပ်ဖွဲ့နဲ့ ပုလိပ်အဖွဲ့တို့ရဲ့ ရာထူးအမြင့်ဆုံး ဗိုလ်ချုပ်ကြီးတွေဟာ တချိန်တခါကရခဲ့တဲ့ဖဲပြားတွေ၊ ဘွဲ့တံဆိပ်တွေ ရင်ဘတ်မှာချိတ်ဆွဲဆင်ယင်ထားရင်း ကျနော့်ကို အလေးပြုပြီး ကတိသစ္စာပြုကြတယ်။ အရင် နှစ်တော်တော်ကြာကြာတုံးကဆို သူတို့ဟာ ကျနော့်ကို အလေးပြုမှာမဟုတ်ဘဲ ဖမ်းချုပ်မှာဖြစ်တယ်ဆိုတာ သတိမရဘဲမနေမိပါဘူး။ နောက်ဆုံးမှာတော့ မျှားပုံသဏ္ဍာန် အုပ်ဖွဲ့ပျံသန်းလာတဲ့ ဂျက်လေယာဉ်တွေက တောင်အာဖရိကအလံသစ်ရဲ့ အနက်၊ အနီ၊ အစိမ်း၊ အပြာနဲ့ ရွှေရောင်တွေပါဝင်တဲ့ မီးခိုးတန်းတွေ ထုတ်လွှတ်ပျံသန်းပြခဲ့တယ်။

ကျနော့်အတွက် ဒီနေ့ဒီရက်ကို သင်္ကေတပြုသွားတာကတော့ ကျနော်တို့ရဲ့ နိုင်ငံတော်သီချင်း (၂) ပုဒ်ကို သီဆိုတီးမှုတ်သွားတာနဲ့ လူဖြူတွေက **'အင်ကိုစီ စစ်ကဲလဲ'** သီချင်းဆိုပြီး လူမည်းတွေက သမတနိုင်ငံရဲ့သီချင်းဟောင်း **'ဒိုင်စတင်း'** ကို သီဆိုနေတဲ့ မြင်ကွင်းပဲဖြစ်ပါတယ်။ အဲဒီနေ့တုံးက ဘယ်အဖွဲ့ကမှ ကိုယ်တခါက ရွံရှာမုန်းတီးခဲ့တဲ့ အမျိုးသားသီချင်းတွေရဲ့ စာသားတွေကို မသိကြပေမဲ့ မကြာတော့တဲ့ကာလမှာတော့ စာသားတွေကို အလွတ်ရသွားကြပါလိမ့်မယ်။

ရာထူးလက်ခံပွဲရက်မှာ ကျနော်ဟာ သမိုင်းခံစားမှု အကြီးအကျယ်လွှမ်းမိုးခံခဲ့ရပါတယ်။ ခါးသီးပြင်းထန်လှတဲ့ အင်္ဂလိပ်–ဘိုးဝါးစစ်ပွဲပြီးလို့ နှစ်အနည်းငယ်အကြာ၊ ကျနော်မမွေးခင် နှစ်အနည်းငယ်အလိုဖြစ်တဲ့ (၂၀) ရာစု ပထမဆယ်စုနှစ်မှာ တောင်အာဖရိကနိုင်ငံက အသား

အရောင်ဖြူတဲ့လူမျိုးတွေဟာ အချင်းချင်းကွဲလွဲမှုတွေ သင်ပုန်းချေပြီး တနိုင်ငံထဲသားတွေဖြစ်တဲ့ အသားအရောင်မဲတဲ့ လူမျိုးတွေအပေါ် လူမျိုးရေးခွဲခြားကြီးစိုးလွှမ်းမိုးမှုစနစ် တည်ထောင်ခဲ့ကြတယ်။ သူတို့တတွေ ဖန်တီးခဲ့တဲ့အဆောက်အအုံစနစ်ဟာ ကမ္ဘာကသိသမျှထဲ အပြင်းထန်အကြမ်းကြုတ်ဆုံးနဲ့ အရက်စက်အကြမ်းတမ်းဆုံး လူ့ဘောင်တရပ်ရဲ့အခြေခံအုတ်မြစ်ကို ချပေးခဲ့တယ်။ အခု (၂၀) ရာစုရဲ့ နောက်ဆုံးဆယ်စုနှစ်၊ ကျနော့်လူ့သက်တမ်း အဋ္ဌမမြောက်ဆယ်စုနှစ်မှာတော့ အဲဒီစနစ်ကြီးဟာ အပြီးအပိုင်မှောက်လှန်ဖယ်ရှားခံလိုက်ရပြီး အသားအရောင်မရွေး လူမျိုးအားလုံးရဲ့အခွင့်အရေးနဲ့ လွတ်လပ်မှုတွေကို အသိအမှတ်ပြုတဲ့စနစ်နဲ့ အစားထိုးလိုက်ပြီဖြစ်ပါတယ်။

ဒီနေ့ရက်ကို ထောင်နဲ့ချီတဲ့ ကျနော်တို့ပြည်သူတွေရဲ့ မယုံနိုင်စရာစွန့်လွှတ်အနစ်နာခံမှုတွေကတဆင့် ရောက်လာတာဖြစ်ပါတယ်။ ဒီပြည်သူတွေရဲ့ ဒုက္ခဝေဒနာတွေနဲ့သတ္တိတွေကို ဘယ်တော့မှ တိုင်းတာလို့ရနိုင်မှာမဟုတ်သလို ပြန်လည်ပေးဆပ်လို့လည်း ရနိုင်မှာမဟုတ်ပါဘူး။ ကျနော်ဟာ ကိုယ့်ရှေ့ကလျှောက်သွားခဲ့တဲ့ အဲဒီအာဖရိကမျိုးချစ်တွေအားလုံးရဲ့ ပေါင်းလဒ်မျှသာဖြစ်တယ်လို့ တခြားတခြားသောနေ့ရက်များစွာမှာ ကျနော်ခံစားခဲ့မိသလိုပဲ ဒီနေ့မှာလည်း ခံစားမိတယ်။ အဲဒီ ရှည်လျားပြီး မြင့်မြတ်လှတဲ့လူတန်းကြီးဟာ ကျနော့်ဆီမှာ အဆုံးသတ်သွားပြီးတော့ အခုဆိုရင် ကျနော်ကနေ နောက်တကျော့ပြန်စနေပြီဖြစ်ပါတယ်။ ကျနော်ဟာ သူတို့ကို ကျေးဇူးတင်ကြောင်း မပြောနိုင်တဲ့အတွက်ကြောင့်ရော၊ သူတို့ စွန့်လွှတ်အနစ်နာခံမှုတွေကြောင့် ရလာတဲ့ဟာကို သူတို့မတွေ့မမြင်နိုင်တဲ့အတွက်ကြောင့်ပါ ကျနော့်စိတ်ထဲ နာကျင်မိတယ်။

အသားအရောင်ခွဲခြားရေးစနစ် ကျင့်သုံးတဲ့ပေါ်လစီဟာ ကျနော့်တိုင်းပြည်နဲ့ ပြည်သူတွေထဲမှာ နက်ရှိုင်းပြီးကာလရှည်စွဲမြဲတဲ့ ဒဏ်ရာဒဏ်ချက်ဖန်တီးခဲ့တယ်။ ကျနော်တို့အားလုံးဟာ အဲဒီ နက်ရှိုင်းလှတဲ့ထိခိုက်မှုကနေ နာလန်ထနိုင်ဖို့ မျိုးဆက်ပေါင်းများစွာမဟုတ်တောင်မှ နှစ်ပေါင်းများစွာ ကြာမြင့်ပါလိမ့်မယ်။ ဒါပေမဲ့ ဆယ်စုနှစ်တွေချီတဲ့ဖိနှိပ်မှုနဲ့ ရက်စက်ကြမ်းကြုတ်မှုဟာ မရည်ရွယ်ဘဲနဲ့ တခြားအကျိုးသက်ရောက်မှုတခုကိုပါ ဖြစ်ပေါ်စေခဲ့တယ်။ အဲဒါကတော့ အသားအရောင်ခွဲခြားရေးပေါ်လစီကြောင့် အော်လီဗာတမ်ဘိုတွေ၊ ဝေါလ်တာစစ်စုးလူးတွေ၊ စော်ဘွားလူသူလီတွေ၊ ယူစွတ်ဖ်ဒါဒူးတွေ၊ ဘရမ်ဖစ်ရှားတွေ၊ ရောဘတ်ဆိုဘူကွဲတွေကို ကျနော်တို့ခေတ်မှာ ပေါ်လာစေခဲ့တာဖြစ်တယ်။ သူတို့ဟာ အင်မတန်နဲ့ကို ကြီးမားထူးခြားတဲ့ သတ္တိ၊ ဉာဏ်ပညာနဲ့ သဘောထားမြင့်မြတ်မှုရှိသူတွေဖြစ်လို့ နောင်မှာ ဒီလူတွေလိုမျိုး ဘယ်တော့မှ ထပ်တွေ့ရနိုင်မှာ မဟုတ်ပါဘူး။ ဒါလောက်အထိအဆင့်မြင့်တဲ့ စရိုက်လက္ခဏာမျိုး ပေါ်ထွက်ဖို့အတွက် ဒါလောက်ထိ ပြင်းထန်နက်ရှိုင်းတဲ့ဖိနှိပ်မှုမျိုး လိုအပ်တာဖြစ်မယ်ထင်ပါတယ်။ ကျနော့်တိုင်းပြည်ဟာ မြေအောက်မှာ ဓာတ်သတ္တုတွေနဲ့ ကျောက်မျက်ရတနာတွေ ကြွယ်ဝပေမဲ့ အကြီးကျယ်ဆုံးနေ့ဥစ္စာကတော့ ပြည်သူတွေဖြစ်ပြီး အသန့်စင်ဆုံးစိန်တွေထက် ပိုစစ်မှန်အဆင့်မြင့်တယ်လို့ ကျနော်အမြဲပဲသိနားလည်ခဲ့တယ်။


ဒီတိုက်ပွဲဝင်ရဲဘော်တွေဆီကနေ ကျနော်ဟာ သတ္တိရဲ့အဓိပ္ပာယ်ကို သိမြင်ခဲ့တာဖြစ်

တယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေဟာ အယူအဆတခုအတွက် စွန့်စားကြတာ၊ အသက်ပေးလှူကြတာတွေ မကြာခဏကျနော်တွေ့ခဲ့ပါတယ်။ ထိုးနှက်မှုတွေနဲ့ နှိပ်စက်ညှဉ်းပန်းမှုတွေကို ဦးမကျိုးပဲ ကြံ့ကြံ့ခံခဲ့ကြတာတွေ၊ စိတ်ကူးနဲ့မှန်းဆမကြည့်နိုင်စွမ်းတဲ့ခွန်အားနဲ့ ခံနိုင်ရည်ပြခဲ့ကြတာတွေကို ကျနော်တွေ့ခဲ့ပါတယ်။ သတ္တိဆိုတာ ကြောက်ရွံ့မှုကင်းမဲ့ခြင်းမဟုတ်ဘဲ ကြောက်ရွံ့မှုကို အနိုင်ရခြင်းဖြစ်တယ်ဆိုတာ ကျနော်သိမြင်ခဲ့တယ်။ ကျနော်ဟာ မမှတ်မိနိုင်လောက်အောင် အကြိမ်ပေါင်းများစွာ ကြောက်ရွံ့မှုခံစားခဲ့ရပေမဲ့ အဲဒါကို ရဲဝံ့မှုမျက်နှာဖုံးနောက်မှာ ဖုံးကွယ်ခဲ့တယ်။ ရဲရင့်သူဆိုတာ မကြောက်တတ်သူမဟုတ်ဘဲ ကြောက်ရွံ့မှုကို အောင်နိုင်သူသာဖြစ်ပါတယ်။

ဒီကြီးကျယ်ထင်ရှားတဲ့အသွင်ပြောင်းလဲမှုကြီး ဖြစ်လာလိမ့်မယ်ဆိုတဲ့မျှော်လင့်ချက်ကို ကျနော်တခါမှလက်မလွှတ်ခဲ့ပါဘူး။ ကျနော် ခုနညွှန်းခဲ့တဲ့ မဟာသူရဲကောင်းတွေကြောင့် သာမကဘဲ ကျနော့်တိုင်းပြည်ရဲ့ သာမန်လူ အမျိုးသား၊ အမျိုးသမီးတွေရဲ့သတ္တိကြောင့်လည်း ဖြစ်ပါတယ်။ လူ့နှလုံးသားတိုင်းရဲ့ ဟိုးအတွင်းထဲမှာ ကြင်နာမှုနဲ့သဘောထားကြီးမှု ရှိတယ်ဆိုတာ ကျနော်အမြဲသိခဲ့တယ်။ လူတယောက်ရဲ့ အသားအရောင်ကြောင့်၊ ဒါမှမဟုတ် နောက်ကြောင်းကြောင့်၊ ဒါမှမဟုတ် ကိုးကွယ်တဲ့ဘာသာကြောင့် မွေးကတည်းက တယောက်ကိုတယောက်မုန်းနေတာ ဘယ်သူမှမရှိပါဘူး။ လူတွေဟာ မုန်းဖို့သင်ယူရတာဖြစ်တယ်။ မုန်းတာကို သင်ယူလို့ရနိုင်ရင် ချစ်တာကိုလည်း သင်ပေးလို့ရနိုင်တယ်။ ဘာလို့လဲဆိုတော့ ချစ်မေတ္တာဟာ အဲဒါရဲ့ဆန့်ကျင်ဖက်ထက်ပိုပြီး လူ့နှလုံးသားမှာ သဘာဝကျကျ ပေါ်လာတတ်လို့ဖြစ်တယ်။ ထောင်ထဲ အဆိုးဆုံးကာလတွေတုန်းက ကျနော်နဲ့ရဲဘော်တွေ ခံနိုင်ရည်အဆုံးစွန်ထိ ဖိနှိပ်ခံရချိန်မှာတောင် ကျနော်ဟာ ဝါဒါအစောင့်တယောက်ဆီမှာ လူသားဆံမှု အစွန်းအစလေးတခု မြင်လိုက်ရတယ်။ မြင်လိုက်တာဟာ တစက္ကန့်လောက်ပဲကြာရင်ကြာနိုင်ပေမဲ့အဲသလောက်နဲ့တင် ကျနော့်ကို စိတ်အေးလက်အေး ဖြစ်သွားစေနိုင်ပြီး ဆက်လက်ရပ်တည်နိုင်စေခဲ့တယ်။ လူသားရဲ့ ကောင်းမြတ်မှုဟာ ဖုံးကွယ်ရုံသာဖုံးကွယ်နိုင်ပြီး ဘယ်တော့မှ လုံးလုံးလျားလျား ငြိမ်းသတ်မရနိုင်တဲ့ မီးတောက်မီးလျှံတခုဖြစ်တယ်။

ကျနော်တို့ဟာ တိုက်ပွဲထဲဝင်လာရာမှာ အရှိတရားကိုတွေ့ဖို့ မျက်စိကျယ်ကျယ်ဖွင့်ထားပြီး ဝင်ခဲ့တာဖြစ်တယ်။ တိုက်ပွဲလမ်းဟာ လွယ်လိမ့်မယ်လို့ ထင်ယောင်မှားမှု လုံးဝမရှိခဲ့ပါဘူး။ ကျနော်ဟာ လူငယ်ဘဝမှာ အာဖရိကအမျိုးသားကွန်ဂရက်ထဲ ဝင်ခဲ့တုန်းက ကျနော့်ရဲဘော်တွေ သူတို့ယုံကြည်ချက်အတွက် ပေးဆပ်ရတဲ့တန်ဖိုးကို တွေ့ခဲ့ရတယ်။ ဒီတန်ဖိုးဟာ မြင့်မားလှတာကိုလည်း တွေ့ခဲ့တယ်။ ကျနော့်အနေနဲ့ကတော့ တိုက်ပွဲဝင်ဖို့ ခံယူပိုင်းဖြတ်ချက်ကို တခါမှ နောင်တမရခဲ့ပါဘူး။ ပုဂ္ဂိုလ်ရေးအရ ထိခိုက်စေမယ့် အခက်အခဲတွေရင်ဆိုင်ဖို့ အမြဲအသင့်ရှိခဲ့တယ်။ ဒါပေမဲ့ ကျနော့်မိသားစုကတော့ ကျနော့် ပိုင်းဖြတ်ချက်အတွက် တန်ဖိုးကြီးကြီးပေးခဲ့ရတယ်။ အလွန့်အလွန်ကြီးလေးတဲ့တန်ဖိုး ဖြစ်မယ် ထင်ပါတယ်။

လူတိုင်းဟာ ဘဝမှာ တာဝန်ဝတ္တရားနှစ်ခုရှိပါတယ်။ သူ့မိသားစု၊ သူ့မိဘ၊ သူ့ဇနီးသား




အမ်ကေစစ်ဦးစီးချုပ် တောင်အာဖရိကကွန်မြူနစ်ပါတီ အတွင်းရေးမှူး ခရစ္စဟာနီ

သမီးအပေါ်တာဝန်နဲ့ သူ့ပြည်သူ၊ သူ့အသိုင်းအဝိုင်း၊ သူ့တိုင်းပြည်အပေါ်တာဝန်တို့ဖြစ်ပါတယ်။ ယဉ်ကျေးညှာတာမှုရှိတဲ့လူ့အဖွဲ့အစည်းမှာဆိုရင် လူတိုင်းဟာ မိမိရဲ့စိတ်ဆန္ဒအားသန်မှုနဲ့ အရည်အချင်းအလိုက် အဲဒီတာဝန်တွေ ဖြည့်ဆည်းထမ်းဆောင်နိုင်စွမ်းရှိတယ်။ ဒါပေမဲ့ တောင်အာဖရိကလို နိုင်ငံတနိုင်ငံမှာတော့ ကျနော့်လိုအသက်အရွယ်နဲ့ အသားအရောင်ရှိသူ တယောက်အဖို့ အဲဒီတာဝန်နှစ်မျိုးစလုံးဖြည့်ဆည်းဖို့ မဖြစ်နိုင်သလောက်ပါပဲ။ တောင်အာဖရိကနိုင်ငံမှာ လူသားတယောက်အဖြစ် နေထိုင်ဖို့ကြိုးပမ်းတဲ့ အသားအရောင်ရှိသူတယောက်ဟာ အပြစ်ဒဏ်ပေးခံရပြီး အကြဉ်ခံခဲ့ရတယ်။ တောင်အာဖရိကနိုင်ငံမှာ ပြည်သူ့အပေါ်တာဝန်ကို ဖြည့်ဆီးဖို့ကြိုးစားသူဟာ သူ့မိသားစုသူ့အိုးအိမ်ကနေ မလွဲမသွေဆွဲထုတ်ခံရပြီး တသီးတခြားဘဝမှာ မဖြစ်မနေနေထိုင်ရတယ်။ မှောင်ရီပိုးတဝါးနဲ့ လျှို့ဝှက်သိုသိပ်တဲ့ သူပုန်ဘဝမှာနေရတယ်။ ကျနော်ဟာ အစကကျနော့်ပြည်သူကို ကျနော့်မိသားစုအထက်မှာထားဖို့ မရွေးချယ်ခဲ့ပါဘူး။ ဒါပေမဲ့ ကျနော့်ပြည်သူကို အလုပ်အကျွေးပြုဖို့ကြိုးပမ်းရင်းနဲ့ ကျနော်ဟာ သားတယောက်၊ အကိုတယောက်၊ အဖေတယောက်၊ လင်ယောကျ်ားတယောက်အဖြစ် တာဝန်ဝတ္တရားဖြည့်ဆည်းဖို့ကနေ တားဆီးခံရတာ တွေ့ခဲ့ရတယ်။

အဲဒီနည်းနဲ့ ကျနော့်ပြည်သူတွေအတွက်၊ ကျနော် ဘယ်တော့မှသိကျွမ်းမှာ (သို့မဟုတ်) တွေ့ဆုံမှာမဟုတ်တဲ့ တောင်အာဖရိကပြည်သူသန်းပေါင်းများစွာအတွက် ကျနော့်ခံယူပိုင်းဖြတ်ချက်ဟာ ကျနော်အရင်းနှီးဆုံးနဲ့ အချစ်ဆုံးလူတွေ ထိခိုက်ခံရဖို့ဖြစ်ခဲ့တယ်။ ဒါဟာ ကလေးမလေးတယောက်က သူမအဖေကို **"အဖေ၊ ဘာလို့သမီးတို့နဲ့ အတူမနေတာလဲဟင်"** လို့ မေးလိုက်တဲ့အခါမှာလိုပဲ အင်မတန့်ကိုရိုးစင်းသလောက် အင်မတန့်ကို နားမလည်နိုင်စရာလည်း ဖြစ်ပါတယ်။ အဲဒီအခါ အဖေဟာ ခက်ခဲလှတဲ့အဖြေကိုပေးရတော့တယ်။ **"သမီးလိုပဲ တခြားခလေးတွေရှိသေးတယ်။ အများကြီး ... အများကြီးပဲ ..."** ပြောရင်းနဲ့ အသံတိမ်ဝင်သွားတယ်။

ကျနော်ဟာ လွတ်လပ်မှုကိုငတ်မွတ်ပြီး မွေးဖွားလာတာမဟုတ်ပါ။ ကျနော်ဟာ လွတ်လပ်စွာ မွေးဖွားလာတာဖြစ်ပါတယ်။ လွတ်လပ်စွာဆိုတာ ကျနော်သိသမျှနည်းလမ်းအားလုံးအရ လွတ်လပ်တာကို ပြောတာဖြစ်တယ်။ ကျနော့်အမေရဲ့တဲနားက ကွင်းပြင်တွေထဲ လွတ်လွတ်လပ်လပ် ပြေးလွှားနိုင်တယ်။ ကျနော့်ရွာထဲက ဖြတ်စီးတဲ့ ကြည်လင်တဲ့စမ်းချောင်းထဲ လွတ်လွတ်လပ်လပ် ရေကူးနိုင်တယ်။ ကြယ်ရောင်အောက်မှာ ပြောင်းဖူးတွေ လွတ်လွတ်လပ်လပ်ဖုတ်စားနိုင်တယ်။ တအိအိသွားနေတဲ့ ကျွဲကြီးတွေရဲ့ ကျောပြင်ကျယ်ကြီးတွေပေါ် လွတ်လွတ်လပ်လပ် တက်စီးနိုင်တယ်။ ကျနော်ဟာ အဖေ့စကားနားထောင်ပြီး ကိုယ့်လူမျိုးစုဓလေ့ထုံးစံတွေ လိုက်နာနေသရွေ့ ကျနော့်ကို လူတွေရဲ့ဥပဒေ (ဒါမှမဟုတ်) ဘုရားသခင်ရဲ့ဥပဒေက ဘာမှဒုက္ခမပေးပါဘူး။

ကျနော့်ရဲ့ ကလေးဘဝလွတ်လပ်မှုဟာ ထင်ယောင်မှားမှုဖြစ်တယ်ဆိုတာ ကျနော်စတင်သိမြင်လာတဲ့အခါ၊ ကျနော့်လွတ်လပ်မှုဟာ ကိုယ့်ဆီကနေ လုယူခံထားရပြီဆိုတာကို

လူငယ်တယောက်အနေနဲ့ ကျနော်တွေ့ရှိလာတဲ့အခါမှာတော့ ကျနော်ဟာ လွတ်လပ်မှုကို စတင်ငတ်မွတ်လာခဲ့တယ်။ အစကတော့ ကျောင်းသားတယောက်အနေနဲ့ ကျနော်ဟာ ကိုယ့်အတွက်ပဲ လွတ်လပ်မှုလိုချင်ခဲ့တယ်။ ညဘက်အိမ်မပြန်ဘဲ လျှောက်လည်နိုင်တာ၊ ဖတ်ချင်တဲ့စာအုပ်ဖတ်နိုင်တာနဲ့ သွားချင်တဲ့နေရာသွားနိုင်တာစတဲ့ ခဏပန်းလွတ်လပ်မှုတွေ လိုချင်ခဲ့တယ်။ နောက်ပိုင်းမှာ လူငယ်တယောက်အဖြစ် ဂျိုဟန်နစ္စဘာဂ်မြို့ရောက်တော့ ကျနော်ဟာ ကိုယ့်အစွမ်းအစဖော်ထုတ်နိုင်ဖို့၊ ကိုယ့်စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းဖို့၊ လက်ထပ်ထိမ်းမြားပြီး အိမ်ထောင်တခုထူထောင်ဖို့ စတဲ့ အခြေခံကျပြီး သိက္ခာရှိတဲ့လွတ်လပ်မှုတွေကို တောင့်တခဲ့တယ်။

သို့သော်လည်း ဒီအခါမှာ ကျနော်တဖြေးဖြေးနဲ့တွေ့လာခဲ့တာက ကျနော်တင် မလွတ်လပ်တာမဟုတ်ဘဲ ကျနော့်ညီအကိုမောင်နှမတွေလည်း မလွတ်လပ်ကြဘူးဆိုတာ တွေ့လာတယ်။ ကျနော့်လွတ်လပ်မှုတင် ကန့်သတ်ဖြတ်တောက်ခံရတာမဟုတ်ဘဲ ကျနော်နဲ့အလားတူလူတိုင်းရဲ့ လွတ်လပ်မှုတွေလည်း ကန့်သတ်ချုပ်ချယ်ခံနေရတာ ကျနော်တွေ့ခဲ့ရတယ်။ အဲဒီအခါမှာ ကျနော်ဟာ အာဖရိကအမျိုးသားကွန်ဂရက်ထဲ ဝင်ခဲ့တယ်။ အဲဒီအခါမှာ ကျနော့်ရဲ့တဦးချင်းလွတ်လပ်ရေးမွတ်သိပ်မှုဟာ ကျနော့်ပြည်သူတွေရဲ့လွတ်လပ်ရေးအတွက် ပိုပြီးကြီးမားအားကောင်းတဲ့ မွတ်သိပ်မှုဖြစ်လာခဲ့တယ်။ ဒီ ကျနော့်ပြည်သူတွေရဲ့ဘဝတွေ ဂုဏ်သိက္ခာရှိရှိ၊ ဂုဏ်မာနရှိရှိနေထိုင်နိုင်မယ့်၊ လွတ်လပ်မှုအတွက်ဆန္ဒဟာ ကျနော့်ဘဝကိုလှုပ်ရှားသက်ဝင်စေခဲ့တယ်။ ကြောက်တတ်တဲ့လူငယ်တယောက်ကို ရဲရင့်သူတယောက်အဖြစ် အသွင်ပြောင်းစေခဲ့တယ်။ ဥပဒေလိုက်နာတဲ့ ရှေ့နေတယောက်ကို ရာဇဝတ်ကောင်တယောက်ဖြစ်အောင် တွန်းပို့ခဲ့တယ်။ မိသားစုကိုချစ်မြတ်နိုးတဲ့ ခင်ပွန်းယောကျ်ားတယောက်ကို အိမ်ခြေယာခြေမဲ့သူတယောက်ဖြစ်စေခဲ့တယ်။ ဘဝရှင်သန်မှု တွယ်တာသူတယောက်ကို ဘုန်းကြီးလို အတင်းအကြပ်နေထိုင်ခိုင်းခဲ့တယ်။ ကျနော်ဟာ တခြားတယောက်ယောက်ထက် ဘာမှပိုပြီး စိတ်ဓာတ်အတွေးအခေါ် မြင့်မားကောင်းမွန်တာလည်း မဟုတ်။ ပိုပြီးကိုယ်ကျိုးစွန့် အနစ်နာခံစိတ်ရှိတာလည်း မဟုတ်ပါ။ ဒါပေမဲ့ ကျနော့်ပြည်သူတွေ မလွတ်လပ်ကြတာကို သိနေတဲ့အခါမှာ ကျနော်ဟာ ကိုယ်ခံစားခွင့်ရထားတဲ့ အကန့်အသတ်နဲ့လွတ်လပ်မှုနည်းနည်းပါးပါးလေးကိုတောင်မှ မခံစားနိုင်တာ ကျနော်တွေ့ရတယ်။ လွတ်လပ်မှုဟာ ခွဲခြားလို့မရနိုင်ပါဘူး။ ကျနော့်ပြည်သူတယောက်ယောက်ကို ချုပ်နှောင်ထားတဲ့နှောင်ကြိုးတွေဟာ ပြည်သူအားလုံးကို တုပ်နှောင်ထားတဲ့နှောင်ကြိုးတွေဖြစ်ပြီး ကျနော့်ပြည်သူအားလုံးကို တည်းထားတဲ့ နှောင်ကြိုးတွေဟာ ကျနော့်ကိုတည်းတဲ့နှောင်ကြိုးတွေ ဖြစ်ပါတယ်။

အဲဒီ ကာလရှည်ကြာပြီး အထီးကျန်တဲ့နှစ်ကာလတွေအတွင်း ကျနော့်သားချင်းပြည်သူတွေရဲ့ လွတ်လပ်ရေးအတွက် ကျနော့်မွတ်သိပ်မှုဟာ လူဖြူလူမည်း ပြည်သူအားလုံးရဲ့လွတ်လပ်ရေးအတွက်မွတ်သိပ်မှု ဖြစ်လာခဲ့တယ်။ အဖိနှိပ်ခံတွေ သေချာပေါက်လွတ်မြောက်အောင် လုပ်ရမှာဖြစ်သလို ဖိနှိပ်သူတွေကိုလည်း လွတ်မြောက်အောင်လုပ်ရမယ်ဆိုတာ ကျနော်

ကောင်းကောင်းကြီးသိထားတယ်။ တခြားလူတယောက်ရဲ့လွတ်လပ်မှုကို လုယူသွားသူ တယောက်ဟာ အမုန်းတရားရဲ့အကျဉ်းသား ဖြစ်နေတယ်။ သူဟာ အာဃာတတရားနဲ့ အမြင်ကျဉ်းမြောင်းမှုအကျဉ်းထောင်ထဲ ချုပ်နှောင်ခံနေရတယ်။ ကျနော့်ရဲ့လွတ်လပ်မှု လုယူ ခံရတဲ့အခါ ကျနော် တကယ့်ကိုမလွတ်လပ်သလိုမျိုးပါပဲ။ အကယ်၍ ကျနော်က တခြား တယောက်ယောက်ရဲ့လွတ်လပ်မှုကို လုယူနေရင်လည်း ကျနော်ဟာ သေချာပေါက် မလွတ်လပ် ပါဘူး။ အဖိနှိပ်ခံရော၊ ဖိနှိပ်သူရော မိမိတို့ရဲ့ လူသားဘဝကို အတူတူပဲဆုံးရှုံးရတာဖြစ်ပါတယ်။

ကျနော် ထောင်ကထွက်လာတဲ့အခါ ကျနော့်တာဝန်က အဖိနှိပ်ခံရော၊ ဖိနှိပ်သူပါ နှစ်ဖက် လုံးလွတ်မြောက်အောင် လုပ်ဖို့ဖြစ်တယ်။ အဲဒါ အခုအောင်မြင်ထမြောက်ပြီလို့ တချို့ကပြော ကြတယ်။ ဒါပေမဲ့ အဲသလိုမဟုတ်တာကို ကျနော်သိတယ်။ တကယ့်အမှန်တရားကတော့ ကျနော်တို့ဟာ မလွတ်လပ်သေးပါဘူး။ ကျနော်တို့ဟာ လွတ်လပ်ဖို့အတွက် လွတ်လပ်ခွင့်ကိုပဲ ရခဲ့တာဖြစ်တယ်။ အဖိနှိပ် မခံရခွင့်ပဲ ရတာဖြစ်တယ်။ ကျနော်တို့ဟာ ခရီးလမ်းကြောင်းရဲ့ နောက်ဆုံးခြေလှမ်း လှမ်းလိုက်တာမဟုတ်ဘဲ ပိုရှည်လျားပြီး ပိုလို့တောင်ခက်ခဲကြမ်းတမ်းတဲ့ လမ်းရဲ့ ပထမဆုံးခြေလှမ်းကို လှမ်းလိုက်တာသာ ဖြစ်ပါတယ်။ အကြောင်းကတော့ လွတ်လပ် တယ်ဆိုတာဟာ ကိုယ့်နှောင်ကြိုးတွေကို ဖယ်ရှားပစ်တာသက်သက်မဟုတ်ဘဲ တခြားလူတွေရဲ့ လွတ်လပ်မှုကိုပါ လေးစားအားပေးတဲ့နည်းလမ်းနဲ့ နေထိုင်ဖို့လည်းဖြစ်ပါတယ်။ လွတ်လပ်မှု အပေါ် ကျနော်တို့တန်ဖိုးထားမြတ်နိုးမှုကို တကယ့်စမ်းသပ်မှုဟာ အခုမှစနေတာဖြစ်ပါတယ်။

ကျနော်ဟာ အဲဒီလွတ်လပ်မှုဆီသို့ ခရီးလမ်းအရှည်ကြီး လျှောက်လှမ်းခဲ့တယ်။ ကျနော်ဟာ ဒယီးဒယိုင်မဖြစ်အောင် ကြိုးစားခဲ့တယ်။ လမ်းတလျှောက်မှာ ခြေလှမ်းမှားတွေတော့ လှမ်းခဲ့ ဖူးတယ်။ ဒါပေမဲ့ တောင်ကုန်းကြီးတလုံးတက်ပြီးသွားတဲ့အခါ နောက်ထပ်တက်စရာ တောင်ကုန်းတွေ အများကြီးရှိတာကိုသာ တွေ့လိုက်ရတဲ့လျှို့ဝှက်ချက် ကျနော်တွေ့ရှိခဲ့တယ်။ ကျနော်ဟာ အခု တောင်ကုန်းပေါ်ခဏနားပြီး ဘေးပတ်လည်က ခမ်းနားလှပတဲ့ရှုခင်းကို အသာငေးမောကြည့်ရှုရင်း ကိုယ်လာခဲ့တဲ့ခရီးတာကို ပြန်ကြည့်နေတယ်။ ဒါပေမဲ့ ကျနော်ဟာ ခဏလောက်ပဲ နားနိုင်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လွတ်လပ်မှုနဲ့အတူ တာဝန် ယူမှုတွေလည်း တွဲပါလာလို့ဖြစ်ပါတယ်။ ကျနော့်ရဲ့ခရီးရှည်ဟာ မဆုံးသေးတဲ့အတွက် ကျနော် အချိန်ကြာကြာ ငေးမောနားမနေရဲပါ။

**ပြီးပါပြီ။**

**ဂါမဏိ ဘာသာပြန်ဆိုသည်။**